သတ္တမမြောက်

ကျော်အောင်စံထားဆရာတော်ကြီး


# အရှင်ဝါယာမာဘိဝံသ

၏

# ဗုဒ္ဓဂါယာ

ခရီးဘုရားဖူးမှတ်တမ်း

# အဓိဋ္ဌာန်ကျင့်စဉ်ကျမ်း



# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဋ္ဌာန် အဟံဝန္ဒာမိ သဗ္ဗဒါ

ကျွန်ုပ်သည် ကျိုက်ထီးရိုးမှ ရွှေတိဂုံတဓိဋ္ဌာန် (၉) ရက်ဝင်ပြီး၊ ၁၃၁၇ ခု၊ တန်ခူးလကွယ်နေ့ (၁၉၅၅၊ ဧပြီ ၂၀ ရက်)မှ ရွှေမန်းမေ တမြန်ရထားဖြင့်ပြန်လာ၊ ရထားခ ၂၀/ ၅၀ ပြား ပေးရ၏၊ ဝါကျွတ်သောအခါ ဗုဒ္ဓဂါယာသွားရန် ယခုကပြီး ဒီမှာတဓိဋ္ဌာန်ဝင်စရာရှိတာများ ဤဝါတွင်းပြီးအောင်လုပ်ထားရန် ပလ္လင်ချထား၏၊ နံပါတ် (၁) တနေ့ဖြင့် တောင် (၉) တောင်စိပ်ရန်၊ နံပါတ် (၂) တနေ့ဖြင့် ရွှေ(၉) ရွှေပြီးအောင်စိပ်ရန်၊ နံပါတ် (၃) တနေ့ဖြင့် ကြီး (၉) ကြီး စိပ်ရန်တို့ဖြစ်သည်၊

တောင် (၉) တောင်ဘုရားများမှာ –

| | | |
|---|---|---|
| (၁) | တောင်မြေလောကဘုရား | ( စစ်ကိုင်း ) |
| (၂) | တောင်မြင်မှန်ကင်းဘုရား | (အမရ- ကျော်အောင်စံထား) |
| (၃) | စေယျာသိဒ္ဓိဘုရား | (အမရ- ကျော်အောင်စံထား) |
| (၄) | တောင်မြင်းရှစ်ပါးဘုရား | (တောင်လေးလုံးတိုက်-အမရ) |
| (၅) | တောင်မျှော်သာဘုရား | (တောင်ကြီးရပ် - အမရ ) |
| (၆) | တောင်ပန်းဘုရား | (စေတီတိုက် - အမရ) |
| (၇) | တောင်မြေရွှေဘုံဘုရား | (စေတီတိုက် - အမရ) |
| (၈) | ရန်တောင်မာရ်အောင်ဘုရား | (အမရ - ကျော်အောင်စံထား) |
| (၉) | တောင်တော်မူဘုရား | (မန္တလေးအရှေ့ပြင်) |

နံပါတ် (၂) ရွှေ (၉) ရွှေဘုရားများမှာ –

| | | |
|---|---|---|
| (၁) | တောင်ရွှေရင်းရဲဘုရား | (အမရ တောင်ကြီးရပ်) |
| (၂) | မြောက်ရွှေရင်းရဲ | (ကပ်ကျော်နား - အမရ) |
| (၃) | ရွှေကွန်ချာဘုရား | (အမရမြို့၊ တနင်္ဂနွေထောင့်ဘုရား) |
| (၄) | ရွှေစကားဘုရား | (အမရမြို့၊ အင်္ဂါထောင့်ဘုရား) |
| (၅) | ရွှေလင်းပင်ဘုရား | (အမရမြို့၊ စနေထောင့်ဘုရား) |
| (၆) | ရွှေဂူဘုရား | (အမရမြို့၊ ရာဟုထောင့်ဘုရား) |
| (၇) | ရွှေစာရံဘုရား | (အမရမြို့) |
| (၈) | ရွှေရပ်တော်ဘုရား | (မန်း၊ အမရပူရမြို့) |
| (၉) | ရွှေစည်းခုံဘုရား | (ပင်းယမြို့၊ တံတားဦးမြို့နယ်) |

ကြီး (၉) ကြီးဘုရားများမှာ –

(၁) ငါးထပ်ကြီးဘုရား (စစ်ကိုင်းမြို့)
(၂) ကောင်းမှုတော်ကြီး (စစ်ကိုင်းမြို့)
(၃) တောင်မင်းကြီးဘုရား (အမရ ဦးပိန်တံတားအနီး)
(၄) ကျောက်တော်ကြီးဘုရား (အမရ ဦးပိန်တံတားအရှေ့)
(၅) ပုထိုးတော်ကြီးဘုရား (အမရပူရမြို့)
(၆) ရွှေဂူကြီးဘုရား (အမရပူရမြို့)
(၇) ကြေးဘုရားကြီး (အမရ ကျော်အောင်စံထား)
(၈) ဘုရားကြီး (မဟာမုနိ၊ မန္တလေး)
(၉) ကုသိုလ်တော်ကြီးဘုရား (မန္တလေး)

အထက်ပါ ဘုရား (၂၇) ဆူတို့ ပုတီးပါတ် (၉၇၂) ပါတ်ဖြင့် ပူဇော်ရန် အဓိဋ္ဌာန်ပြီး၊ ကဆုန်လပြည့် နေ့ကစတော့၏။ အဓိဋ္ဌာန်တစ်ရက်ပြီးတိုင်း၊ ပွားများအပ်သောဘာဝနာကုသိုလ်များ၊အဘိုးများကို မုံရွာ ကလေးဝ၊ကလေး၊တမူး၊ မိုးလေး၊အင်းဖါ၊ကာလကတ္တား၊ ဗုဒ္ဓဂါယာဘုရားသိတင်းသုံးတော်မူခဲ့သောနေရာများရှိ ဘုဒ္ဓမိုး၊ရှကွမိုး၊ အတာသနိုး၊ ဘုဒ္ဓိရဝေဓာတိတတို့ကို ကွန်ပ်သွားရာလမ်းကြောင်း၊ မြှာင့်၍ ဘေးရန်ကင်းရှင်းစေရန် အထူးအမျှဝေ၍ မေတ္တာပို့ပေး၏၊ ထိုနေရာများမှာနေထိုင်ကြသည့် ပုဂ္ဂိုလ်၊ သတ္တဝါတို့ကိုလည်းအထူးမေတ္တာပို့ အမျှဝေပေး၏။ အောင် (၉) အောင်၊ ရွှေ (၉) ရွှေ ကြီး (၉) ကြီး ဘုရားတန်ခိုးကြီးများ အဓိဋ္ဌာန်ဝင်တိုင်း (၅) ဦးဆိုင်သာသနာပွဲထိုး၍ ဝင်၏။ အဓိဋ္ဌာန်စသောနေ့ (၁) ပွဲ၊ ပြီးသောနေ့ (၁) ပွဲ၊ တစ်ဆူတစ်ဆူလျှင် ကန်တော့ပွဲ (၂) ပွဲ၊ (၂၇) ဆူဖြစ်၍ (၅၄) ပွဲထိုးလှူ၏။ (၅)ဦးဆိုင်ကန်တော့ပွဲ (၁)ပွဲ အစုံရှိကြ၏။

ကန်တော့ပွဲထိုးနည်းမှာ –

ငှက်ပျော (၅)ဖီး၊ အုန်း (၁) လုံး၊ ကွမ်း (၅)ယာ၊ ကွမ်းထဲတွင် ထုံး၊ ကွမ်းသီး၊ လေးညှင်း၊ စမုံစပါး၊ ရှားသီး စသည့် (၅) မျိုးထည့်ရသည်။ လက်ဖက် (၅) ထုပ်၊ လက်ဖက်ကို ဆီ-ဆားနှင့်နယ်ပြီး (၁) ခါစား အထုပ်ထုပ်ရသည်။ သစ်သီး (၅)လုံး၊ တံခွန် (၅) တိုင်၊ ကုက္ကား (၅) တိုင်၊ ဖယောင်း (၅) တိုင်၊ မီးချစ် (၅) လုံး ၊ ပန်း (၅) မျိုး၊ (၁) မျိုးကို (၉) ညွန့်စီ၊ ပန်းနှင့်သစ်သီးတို့မှာ ရရာဖြစ်ပါသည်။ သစ်သီး တလည်း ရရာတံခွန်၊ ကုက္ကားမှာလည်း မည်သည့်အရောင်ဖြစ်ဖြစ်၊ ပွဲအောက်တွင်ပိတ်ဖြူခင်း၍ဆံပန်း ပေါက်ပေါက်ကြဲ၊ ပွဲတင်လှူ။

ပွဲတင်လှူရန် ကန်တော့ချိုး

မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် (ဘုရားတပည့်တော်တို့သည်) ဘဝဘဝါ သံသရာမှ ယနေ့ယနေ့တိုင်အောင် ဘုရား၊တရား၊သံဃာ၊ဆရာ၊မိဘ၊ အနန္တောအနန္တငါးပါးတို့၏ အပေါ်၌ရင်း သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါ၊ နတ်ဒေဝီအပေါင်းတို့၏ အပေါ်၌ရင်း၊ အရှင်မြတ်တို့၏ အပေါ်၌ရင်း၊ ဘိုးတော်တို့၏ အပေါ်၌ရင်း၊ မယ်တော်တို့၏အပေါ်၌ရင်း၊ ကိုယ့်ထက်တစ်နေ့ တစ်ရက် တစ်မနက်ကြီးကြတုန်သော သူတော်စင်

အပေါင်းတို့၏ အပေါ်၌ရှင်း၊ ကာယကံမှုအပြစ်ကြီးငယ်၊ ဝစီကံမှုအပြစ်ကြီးငယ်၊ မနောကံမှုအပြစ်ကြီးငယ်တို့ကို ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့မှပျောက်ပါစေရန် အကျိုးငှာ၊ ဤ ဓာနန္တပွဲတော်ဖြတ်ဖြင့် မြတ်စွာဘုရား သခင်အားတင်လှူပူဇော်ပါ၏။ အရှင်ဘုရား၊ ဘုရားတပည့်တော်တင်လှူသကဲ့သို့ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါ၊ နတ်ဒေဝီ အပေါင်းတို့ကရင်း၊ အရှင်မြတ်တို့ကရင်း၊ ဘိုးတော်တို့ကရင်း၊ မယ်တော်တို့ကရင်း၊ ဆွေတော်စင်အပေါင်း တို့ကရင်း၊ ဤနေရာ ဤဌာနသို့ ကြွရောက်တော်မူကြ၍ အတွန်းပ်တို့နှင့်အတူတကွ ဤဓာနန္တပွဲတော်ကို မြတ်စွာ ဘုရားသခင်အား တင်လှူပူဇော်တော်မူကြပါ၊ ဤသို့တင်လှူပူဇော်ရသောအကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး (၅) ပါး၊ ဝိပတ္တိတရားလေးပါး၊ ဗြသနတရား (၅) ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ မဂ်ဉာဏ်၊ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို လျှင်မြန်စွာစွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

မှတ်ချက်။ ။ နည်းရအောင်လုပ်ထုံးလုပ်နည်းများကို ဖေါ်ပြလိုက်ပါသည်။ ဆွေတော်တောင်း အပေါင်းတို့ လိုက်နာဆောင်ရွက်ကြပါကုန်။

တောင်မြေလောကဆိုးတော်ဦးပိုင်းအိမ်တော်ရာ ပျောက်စေတီမှာ (၉) ရက်အဓိဋ္ဌာန် အတွင်း၊ ဘိုးဘိုး အောင်နှင့်တွေ့၍ ဗုဒ္ဓဂါယာသွားပြီး အဓိဋ္ဌာန်ဝင်တောင်မြေများယူရာတွင် အထူးလိုက် ဖြားဖောင့်ရှောက်ပေးမည့် အကြောင်းပြော၍ ကျွန်ုပ်မှာ အလွန်အားတက်မိပါသည်၊ ကျွန် တောင်ရှစ်တောင် ဘုရားများ၊ အဓိဋ္ဌာန်ဝင်စိပ်ရာ ထူးခြားမှုမတွေ့ရပေ၊ သို့သော်ဘုရားတိုင်း၊ ပုတီးစိပ် လို့ အလွန်ကောင်းပါသည်။

ရွှေ (၉) ရွှေအဓိဋ္ဌာန်စဝင်သော ဘုရားမှာ တံတားဦးမြို့နယ်၊ ဝင်းယရွှေစည်းခုံဘုရား ဖြစ်ပါသည်၊ ပဌမရက်အဓိဋ္ဌာန်ဝင်ပြီး ကျောင်းပြန်အိပ်သောအခါ အိပ်မက်မက်သည်မှာ -

(၁၀) စတုလောတ်နေရာကြီးမှာ မစင်များပြည့်နေ၏၊ မြေချစရာမရှိလောတ်အောင် ဖြစ်၏၊ ထိုမစင်တောကြီးမှ ကျော်ဖြတ်ပြီး တဖတ်သို့လွတ်မြောက်အောင်သွားနေရ၏၊ ဘယ်နေရာ ကြည့်ကြည့်လောတ် ကောင်နှင့်မစင်ထွေးနေကြ၏၊ မစင်ထုတလည်း တစ်နေရာတစ်နေရာတွင်မရှိဘူးဆိုလျှင် (၀) ပေထုလောက်ရှိမည် ထင်သည်၊ ထုအပါးဆုံးနေရာမှာ (၃) လက်မလောက်တော့ရှိမည် ထင်သည်၊ တချို့လောတ်ကောင်ကြီးများမှာ မုန့်တီအကြီးစားလောက်ရှိ၏၊ မစင်နှင့်လောက်ကောင် ထွေးလုံးရစ်ပါတ်ဖြစ်နေကြသည်မှာ တောင်ပူစာအကြီးစား လောက် (၀ါ) ၁၀ တောင်လောက်ရှိမည်ထင်၏၊ ထိုမစင်တောကြီးဖြတ်ပြီး ကိုယ်လဲမစင်များမလူးအောင်၊ မစင်များမနင်းမိအောင်သွားရသည်မှာ အလွန်ခက်ခဲလှ၏၊ ထိုအခက်အခဲကိုကျော်လွန်အောင်သွားရသည်မှာ ချွေးကြီးများကျ၊ နပန်းကြီးများကြီး ကြက်သီးများဖျန်းကနဲဖျန်းကနဲထထ ကြောက်ကြောက်လန့်လန့်နှင့်သွားရ၏၊ လက်ထဲတွင်လည်း ပုတီးကိုကိုင် စိတ်ကလည်း ဂုဏ်တော်ရွတ်၊ ပုတီး (၀) လုံးချင်းစိပ်ချလာပြီး လျှောက်လာလိုက် သည်မှာနောက်ဆုံး (၁၀) တောင်လောက် နက်သော မျိုင့်ကြီးနေရာရောက်လာသည်၊ သက်ပြင်းကြီးချပြီး ဘယ်လို လွတ်အောင်သွားရပါ့မလဲလို့ တစ်အောင့်လောက်စဉ်းစားနေ၏၊ ထိုအခိုက်မစင်တောလွတ်သော တဖတ် နေရာမှ ဘုန်းတော်ကြီးတစ်ပါးရပ်နေပြီး ညာဘက်တွင်းနှုတ်ခမ်းဘေးတွင် လူတစ်ယောက်သွားနိုင်သော နေရာလေး ရှိတယ်အဲဒီကလျှောက်လာခဲ့ဟု ခေါ်ပြောနေ၏၊ ထိုဘုန်းကြီးပြောသောနေရာဘက်မှ အလွန်ပင်ပင်ပန်းပန်း

လျှောက်လာခဲ့ရ၏၊ ကျမည် တိမ်းမည်ကိုစိုးရိမ်လှ၍ အသက်ပြင်းပြင်းပင်မရှူနိုင်ဘဲ လျှောက်လာရ၏။ ရောက်ခါနီး တစ်တောင်လောက်အလိုတွင် ဘုန်းကြီးကြီးက လှမ်းဆွဲသဖြင့် လက်မှား ပေးလိုက်ပြီး ခုန်ကျော်လိုက်၏။ ထိုတွင် အောင်ပြီ၊ အောင်ပြီ၊အောင်ပြီဟု ဘုန်းကြီးကြီးက အောင်သံပေး၍ ကျွန်ုပ်ကို ခေါ်သွား၏၊ တောင်ပူစာလေးပေါ် ရောက်သွား၏။ (၉) တောင်လောက်စေတီ တစ်ဆူနှင့် ညောင်ပင်ကြီးတစ်ပင်အနီးတွင် ဘုန်းကြီးကြီးကလည်း ထိုင်လိုက်ရာ ကျွန်ုပ်လည်းထိုင်၍ ဘုန်းကြီးကို ဝတ်ချကန်တော့ပြီး လက်ယာဒေါးကဗူးတုပ်ထိုင်နေလိုက်၏။

(ဘုန်း) - ဦးပဥ္စင်းလေးက ဒီလိုအရေးကြုံသောအခါ ဒီဂါထာ (၃) ပုဒ်ကို မပြတ်ရွတ်ပြီး ဝတ်စီးစိပ်သွား ရတယ်။

(၁) ဗုဒ္ဓေါစ မင်္ဂလော၊ လောကော၊ သမ္ဗုဒ္ဓေါ စာပိလောကဂ္ဂေါ။
ဗုဒ္ဓံသရဏာဂမနံ၊ သဗ္ဗဒုက္ခာပ မောစယေ။

(၂) ဓမ္မောစ မင်္ဂလောလောကော၊ ဂမ္ဘီရော၊ ပဏီတဗုဒ္ဓဘာသော။
ဓမ္မံသရဏာဂမနံ၊ သဗ္ဗဒုက္ခာပမောစယေ။

(၃) သံဃောစ မင်္ဂလောလောကော၊ ဒက္ခိဏေယျောဇမ္ဗူဒီပေ။
သံဃံသရဏာဂမနံ၊ သဗ္ဗဒုက္ခာပမောစယေ။
ဒီဂါထာသုံးပုဒ်ရရဲ့လား။

ဦးဇင်း - ရပါတယ်ဘုရား၊ ဘုရားတပည့်တော်အမှတ်မထင်ဖြစ်သွားလို့ပါဘုရား။

ဘုန်း - အေးအေး။ နောက်မမေ့နဲ့နော်၊ အရေးကြုံတိုင်းဒီဂါထာကိုသတိရပြီးအထူးအာရုံပြုပြီး ရွတ်ရတယ်။ဒီလိုဒုက္ခမျိုးတွေက မပင်မပန်းဘဲနဲ့လွတ်မြောက်သွားနိုင်တယ်။

ဦးဇင်း - မှန်လှပါဘုရား၊ နောင်မှတ်မှတ်ရရအထူးသတိရှိပြီး ရွတ်ပါမယ်ဘုရား။

ဘုန်း - သာဓု၊ သာဓု၊ သာဓု ရွှေနားရောက်သွားရင် မောင်ပဥ္စင်းလေးကျောင်းရောက် သိမ့်မယ်၊ သွား သွား။

ဆိုပြီး ကျွန်ုပ်ကိုနိုင်း၍ ကျွန်ုပ်လည်းဝတ်ချလိုက်၏။ ဘုန်းကြီးကြီးလည်းပျောက်သွား၏။ ကျွန်ုပ်လည်း ကျွန်ုပ်ရပြီးသားဖြစ်တဲ့ ထိုဂါထာ (၃) ပုဒ်ကို ရွတ်ဆိုပြီး ရွှေဆက်လျှောက်လာရာ ကျောင်း အဝါဆောင့်မှ မန်းကျည်းပင်လေးအနီးသို့ ရောက်လာ၏၊ ထိုအခါ နိုးလာ၍ ထိုဂါထာ (၃) ပုဒ်ကို ရေးမှတ် လိုက်သည်။ ထိုဂါထာ (၃) ပိုဒ်၏ အနက်မြန်မာပြန်ကား-

(၁) လောကော၊ လောကသုံးခွင်ဘုံသုံးပြင်၌ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား သိမြင်ဘုရားရှင်သည် မင်္ဂလော၊ ကောင်းသောကြောင့်မင်္ဂလာလည်းမည်၏၊ လောကေ လောကသုံးခွင် ဘုံသုံးပြင်၌ သမ္ဗုဒ္ဓေါ၊ သစ္စာလေးဝ ဟူသမျှကို လက်ရသိမြင် ဘုရားရှင်သည် လောကဂ္ဂေါပိ၊ သုံးဘုံပျော်ပါး လူအများတို့ထက်လည်း မြင့်မြတ်တော်မူပါပေ၏၊ ဗုဒ္ဓံ၊ လူသုံးပါး တို့ထက် ထူးခြားလွန်စွာဘုရားရတနာကိုသရဏံ ဘေးဒါက်ရန်ပေါင်း ကင်းလွတ်ကြောင်း ဟူ၍

အာဂမ္မ၊ စိတ်မှာမှတ်သွင်းဆည်းကပ်ခြင်းကြောင့် သဗ္ဗဒုက္ခာ၊ ဘေးရန်ခပင်းဆင်းရဲခြင်းမှ ပမောစယ၊ ရှင်းရှင်းကျွတ်ကာ ကင်းလွတ်ရာ၏။

(၂) လောကေ၊ လောကသုံးခွင် ဘုံအပြင်၌၊ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်ပိဋကတ်တရားမြတ်သည်၊ မင်္ဂလော၊ ကောင်းသောဩဘာမင်္ဂလာလည်းမည်၏၊ ဗုဒ္ဓသော၊ တွင်းပြင်၌ ခွဲပြင်နိုင်ခဲ့သည်၊ ဝန္ဒိတွာ၊ အဓိပ္ပါယ်ခက်ခဲ လွန်နက်နဲသည်၊ ဟောတိ၊ ဖြစ်၏၊ ဓမ္မံ၊ ဆယ်တန်ပိုင်းဖြတ် တရားမြတ်ကို သရဏံ၊ ဘေးခက်ရန်ပေါင်းကင်းလွတ်ကြောင်းဟူ၍ အာဂမ္မ၊ စိတ်မှာမှတ်သွင်းဆည်းကပ်ခြင်းကြောင့် သဗ္ဗဒုက္ခာ၊ ဘေးရန်ခပင်းဆင်းရဲခြင်းမှ ပမောစယ၊ ရှင်းရှင်းကျွတ်ကွာ ကင်းလွတ်ရာ၏။

(၃) လောကေ၊ လောကသုံးခွင်ဘုံအပြင်၌၊ သံဃော၊ မဂ္ဂဖလဌာန်ရှစ်တန်ထင်ပေါ် သံဃာတော်သည် မင်္ဂလော ၊ ကောင်းသောဩဘာမင်္ဂလာမည်၏၊ သဒါ၊ နေ့ရောညဉ့်ဝါ အခါ ခပ်သိမ်း ဇမ္ဗူဒီပေ၊ ဇမ္ဗူဒီပလက်ယာတောင်ကျွန်း၌ ပေါ်ထွန်းသည်၊ ဒက္ခိဏေယျော၊ သန့်ရှင်းစင်ဖြူ မြတ်သောအလှူကို ကြည်ဖြူနှစ်သျှိုက်ခံယူထိုက်သည်၊ ဟောတိ၊ ဖြစ်၏၊ သံဃံ၊ ရှစ်တန်ပိုင်းဖြတ် သံဃာတော်မြတ်ကို သရဏံ ဘေးခက်ရန်ပေါင်းကင်းလွတ်ကြောင်းဟူ၍ အာဂမ္မ၊ စိတ်မှာမှတ်သွင်းဆည်းကပ်ခြင်းကြောင့် သဗ္ဗဒုက္ခာ ဘေးရန်ခပင်းဆင်းရဲခြင်းမှ ပမောစယ၊ ရှင်းရှင်းကျွတ်ကွာ ကင်းလွတ်ရာ၏။

တောင် (၉) တောင်နှင့် မြွေ (၉) မြွေပြီးသွားပြီးလျှင် နယုန်လပြည့်မှ ကြီး (၉) ကြီးဝင်ရန်ဖြစ်၏၊ ကြားကာလ ဓါတ်ကြီးလေးပါးပုတီးဆက်စိပ်နေ၏၊ နယုန်လပြည့်ရန် (၀) ရက်မျှလိုသောအခါ ၊ နယုန်လပြည့်အာရုဏ်တက်အချိန်တောင်းတွင် ကျောင်းမှူးတော်ကြီးဘုရားတွင်အဓိဋ္ဌာန်ဝင်ရန်၊ အတိတ် နေ့ညနေကပြီး ကျောင်းမှူးတော်ကြီးသွား၍အိပ်ကာ၊ ကန်တော့ပွဲအဆင်သင့်လုပ်ထား၍ ည (၇)နာရီမှ (၁၀) နာရီတိုင်အောင် ဘုရားဂြိုလ်ခွင်လှည့်ပြီး ပုတီးစိပ်နေ၏၊ ည (၁၁) နာရီ ထိုးသောအခါ ဂြိုလ် (၈) ခွင် ပုတီးပါတ် (၁၀၈)ပြီးသွား၏၊ သုဂတောဂုဏ်တော်ဖြင့် ဂြိုလ်ခွင်လှည့်စိပ်၏၊ ပုတီးစိပ်ပြီး အရှေ့မုခ် အာရုဏ်ခံ တန်ဆောင်းတွင်အိပ်၏၊

၁၃၀၇ ခု၊ နယုန်လပြည့် နံနက် (၂) နာရီခွဲလောက်တွင် နိုးလာ၏၊ ကိုယ်လက်သန့်စင်ပြီး ကန်တော့ပွဲကပ်လှူပြီး သုဂတော (၅) ချက်ဂါထာ အဓိဋ္ဌာန်ပုတီးပါတ်စိပ်ရန် ပရိကံယူပြီး၊ စိပ်တော့၏။ ဂါထာ (၆) ပါတ်ရသောအခါ အရှေ့အနောက်ဘက်ဆီမှ တုံးကြီးခေါက်သံကြားရ၏၊ သုဂတော (၅)ချက် (၁၂)ပါတ်ပြီးသောအခါ အာရုဏ်တုံးခေါက်သံကြား၍ နာရီကြည့်လိုက်သည်၊ နံနက် (၄) နာရီခွဲရှိနေပြီ၊ ထိုင်အရိယာပုထ်မှထပြီး ကျောင်းမှူးတော်ကြီးဘုရား တနာရီပါတ်စိပ်ရန် အဓိဋ္ဌာန်ပြီးစိပ်တော့၏၊ အရှေ့မုခ်ကျောက်တိုင်များအတွင်းမှ အရှေ့ကနေ တောင်လှည့်ပါတ်စိပ်၏။ သုဂတော (၅) ချက် ဂါထာ ပုတီး (၁) ပါတ်ရလျှင် ကျောင်းမှူးတော်ကြီးဘုရား တစ်ပါတ်ပါတ်မိ၏၊ (၃) ပါတ်အရ မြောက်မုခ်နားရောက် သောအခါ ကျောက်တိုင်များအပြင်ဘက်တပ်ပြီး ကျွန်ုပ်ကို ရှိနှိုး၍ မိန်းကလေးတစ်ယောက် လျှောက်ထား သည်မှာ-

မ - တပည့်တော်မြို့ဝန်ခိုင်းစေချက်အရ ဆရာတော်တစ်ပါးကို ဖျက်ဆီးမှု လုပ်ခဲ့တဲ့အပြစ်

ကံကြောင့် သေတဲ့အခါ ဗိကောင်းမှုတော်ကြီးဘုရားမှာ အစောင့်အဖြစ် နေရပါတယ်ဘုရား။

ခွင်း - ဘယ်လိုအဝဖြစ်နေရတာလည်း တကာမကြီး။

မ - ဝေမာတိကအဝပါဘုရား။

ခွင်း - လူ့အဝတုံးကနာမည်က ဘယ်လိုခေါ်ပါသလဲ။

မ - ဘုရားတပည့်တော်မနာမည်က ခင်မိတ်ခေါ်ပါတယ်ဘုရား။

ခွင်း - ယခုအဝမှာတော့နာမည်ထူးရှိသေးသလား။

မ - မရှိပါဘုရား။ ခင်မိတ်ဘဲခေါ်ကြပါတယ်ဘုရား။

ခွင်း - ကောင်းမှုတော်ကြီးဘုရားမှာ ဘယ်နားနေပါသလဲ တကာမကြီး။

မ - သိကြားဂူနားမှာ နေပါတယ်ဘုရား။ တပည့်တော်မကို သနားသဖြင့် အရှင်ဘုရားပွဲများအားထုတ်သော အာဝနာကုသိုလ်အဖို့ကို အမျှဝေးဝေပါဘုရား။

ခွင်း - အမျှဝေးဝေပါ့မယ်။ သို့သော် တတိတစ်ခုတော့ခံယူဆောက်တည်ရလိမ့်မယ်။

မ - မိန့်တော်မူပါဘုရား။ တတိခံယူရန် အသင့်ပါဘုရား။

ခွင်း - ကဲဘုရားအာက်လှည့်ပြီး လက်အုပ်ချီ ဦးပဥ္ဇင်းချပေးတာလိုက်ဆိုရမယ်။

မ - ဆိုပါ့မယ်ဘုရား။ ချပေးတော်မူပါဘုရား။

ခွင်း - ယခုအဝမှစ၍ ဖြစ်လေရာအဝတိုင်း၌ ရှင်ရဟန်းမှအစ လူသူတော်စင်များပါမကျန် ဘယ်သူနိုင်းနိုင်းဥစ္စာဘယ်လောက်ရရ ဘုရားတပြည့်တော်မဖျက်တော့ပါဘုရား။ ဤကတိတည်ခဲ့ပါလျှင် ယခုအဝမှ တဆင့်မြင့်မြတ်သော အဝသို့ရောက်ရပါလို၏။ မတည်ခဲ့ပါလျှင် မကာအာဝီစိငရဲမှ မလွတ်တန်းခံရပါစေဘုရား။

ခွင်း - ဦးပဥ္ဇင်းတိုင်ပေးတဲ့အချက်အလက်များကို တစ်လုံးမကျန်လိုက်ဆိုတဲ့အတွက် တကာမကြီးအပေါ်ကျေနပ်ပါပြီ။ ထို့ကြောင့်ဦးပဥ္ဇင်းပြုလုပ်ငွားများရတဲ့အာဝနာ ကုသိုလ်များကို အမျှပေးဝေပါ၏။ အမျှ. . . အမျှ. . . အမျှ. . .

(မ) - သာဓု၊ သာဓု၊ သာဓု ပါဘုရား။ ခွင့်ပြုပါဘုရား။

ခကာမကြီးသွားပြီးနောက် ကျန်ပုတီးပါတ်များကို ဆက်စိပ်၏၊ နံနက် (၉) နာရီထိုးလျှင် အဓိဋ္ဌာန ပုတီးပါတ်များ ပြီး၍ ကျောင်းကို လိုင်းကားနှင့်ပြန်ခဲ့၏။ ကောင်းမှုတော်ကြီးမှ စစ်ကိုင်းကို တစ်မတ်ပေးရ၏။ စစ်ကိုင်းမှ တောင်မြို့သို့ ပြား (၅၀) ပေးရ၏။ ကျောင်းသို့ (၁၀)နာရီတွင်ရောက်၏၊ (၁၀) နာရီခွဲတွင် နေ့ဆွမ်းစားပြီးနောက် အဓိဋ္ဌာန်ပါတ်ကြီးလေးပါးပုတီးများဆက်စိပ်နေ၏။

နောက်နေ့များတွင် နံနက် (၅) နာရီခန့်တွင် လိုင်းကားဖြင့်လိုက်သွားပြီး အဓိဋ္ဌာန်ပုတီးစိပ်၏၊ ကောင်းမှုတော်ကြီးဘုရား (၅) ရက်မြောက်နေ့တွင် နံနက် (၆) နာရီခွဲခန့်တွင် အနောက်ဘက်ပတ်ပုတီး စိတ်နေရာ ခကာမ (၅) ယောက်ခန့် ငှက်ပျောဖီး၊ ဖရောင်းတိုင်၊ အမွှေးတိုင်များဖြင့် ကျောက်မီးတိုင်များ အတွင်း ကန်တော့

လျှပါန်းကြ၏။ ကျွန်ုပ်က ထိုစကာမ (၅)ယောက်တစ်စုကြီးရောက်လာ၍ အခြေအနေ ကိုကြည့်နေ၏။ ထိုအခိုက် အနိုင်အဖြေသိသော စကာမကြီးက တပည့်တော် မသိဘူးလားဘုရား။ ဩ သိပြီ သိပြီ။ တစနေ့ကလာတဲ့ ဒေါ်ခင်မိတ်မဟုတ်လား။

(မ) • မှန်လှပါဘုရား။ တပည့်တော်မခင်မိတ်ပါ၊ နောက်ကပါလာတဲ့ကလေးမလေး တွေက တပည့်တော်ရဲ့မြေးတော်တွေပါဘုရား။ ကျောင်းတော်ကြောင့် မစားရ မသောက်ရ၊ စိတ်တစ်လှည့်ပြတ်တလှည့်ဖြစ်နေတဲ့ ဝေမာတိကပြဿနာတဝဏ စားရသောက်ရဝတ်ရ ဘုံဗိမ္မာန်နှင့် နေရဟဲ့ ဘုမ္မစိုးဘဝတဆင့်သို့ ရောက်ပါ ပြီဘုရား။ အရှင်ဘုရား၏ ကျေးဇူးတော်ကြီးမားလှပါတယ်ဘုရား။ ဘုရားတပည့် တော်မတို့ လှူဖွယ်များကို သနားသဖြင့် အလှူခံတော်မူပါဘုရား။

ဟုလျှောက်၍ ကျွန်ုပ်အလှူခံပြီးအမျှပေးဝေလိုက်၏။ ခင်မိတ်တို့ အဖွဲ့လည်းပြန်သွားကြ၏။ ကျွန်ုပ်လည်း ပုတီးဆက်စိပ်၏။ နံနက် (၉)နာရီ (၃၀)တွင် ပုတီးပါတ်ပြီး၍ ကျောင်းသို့လိုင်းကားဖြင့် ပြန်လာခဲ့၏။ (၉)ကြိမ်မြောက် နယုန်လပြည့်ကျော် (၈) ရက်နေ့တွင် ညနေ (၄) နာရီခန့် လိုင်းကားစီးသွား၍ ဘုရားသို့ (၅) နာရီခန့်တွင် ရောက်၏။ ပွဲပြင်ပြီး ကပ်လှူရန် သုဝဏ္ဏ (၅)ချက် အဓိဋ္ဌာန်စစိပ်တော့၏။ ည (၈) နာရီ လောက်ရောက်လျှင် အားလုံးတိတ်ဆိတ်သွား၏။ ဥပါသကာအစောင့်များလည်း အသံမကြားရတော့။ ဘုရားမှာ လူမရှိတော့။ ထိုင်အနီယာပုတ်မှ လမ်းလျှောက်စိပ်ရန်ထပြီး ဘုရားကြီးကို ပါတ်ပြီးစိပ်နေ၏။ ည (၁၀) နာရီခွဲတွင် အဓိဋ္ဌာန်ပုတီးပါတ်ပြီးသဖြင့် ကန်တော့၍ ဓမ္မတ္တာပို့ အမျှဝေလိုက်သည်။ သာစုခေါ်သော အသံများသည် ပဲ့တင်ထပ်သွားသည်ဟုထင်ရသည်။ အရှေ့မုခ်အာရုံခံတွင် အိပ်လိုက်၏။ နံနက် (၂) နာရီတွင်နိုးလာ၍ ကိုယ်လက် သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်သည်။

၁၃၀၇ ခု၊ နယုန်လပြည့်ကျော် (၉) ရက် အင်္ဂါနေ့ (၁၉၅၅၊ ဇွန် ၁၄ ရက်)- နံနက် (၂) နာရီ (၃၀) တွင် ကောင်းမှုတော် ကြီးဘုရား အရှေ့ဖက်မုခ်မီးထွန်းသော ကျောက်တိုင်များအတွင်း၊ အဓိဋ္ဌာန်ပုတီးစစိပ်၏။ သုဝဏ္ဏ (၅) ချက် (၃)ပါတ်ပြီးသောအခါ ထိုင်စိပ်နေသော ဝဲဘက်ယာဘက်မှ မီးခိုးလိုအခိုးများထလာ၏။ ထိုအခိုးများကြောင့် ဝဲဘက်ယာဘက်မှ ကျောက်တိုင်များပင် မမြင်ရတော့ချေ။ ကျွန်ုပ်လည်း အထူးသတိရှိစွာဖြင့် ပုတီးစိတ်နေ၏။ မီးခိုးလုံးများက ကျွန်ုပ်၏ဝဲမှထသွားသည်မှာ ဘုရားကြီးပါတ်လည် မီးခိုးလုံးများဖြင့် လွှမ်းနေမည်ထင်၏။ ပုတီးပါတ် (၄) ပါတ်ရသောအခါ ကျွန်ုပ်ဝဲယာမှ ပြေးယောဂီဝတ်များနှင့် လူကြီးတွေဘုရားကို လက်စုပ်ချီပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟု သံပြိုင်ရွတ်ဆိုနေကြ၏။ ကျွန်ုပ်ပုတီးစိပ်မများတောင် အတော်အာရုံစိုက်ထားရ၏။ ပုတီးပြီးသွားသောအခါ ဆုံသံရပ်သွားပြီး ယောဂီဝတ်နှင့်လူများမရှိတော့ပဲ ဘုန်းကြီးများ ပုတီးထိုင်စိပ်နေကြ၏။ ဘုရားကြီးပါတ်ပါတ်လည် ဝိုင်းပြီး စိတ်နေကြသည်ဟု ထင်ရ၏။ ကျွန်ုပ် ပုတီး (၅) ပါတ်ရသောအခါ ကျွန်ုပ်လည်း ဝဲယာမှ ဘုန်းကြီးများက ဆောင့်ကြောင့်ထိုင် လက်စုပ်ချီကြပြီး (ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဗုဒ္ဓံ ပူဇေမိ၊ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဓမ္မံ ပူဇေမိ၊ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ) သံပြိုင်ဆိုပြီး ကန်တော့နေကြ၏။ ကန်တော့ပြီးလျှင် သာဓု၊ သာဓု၊ သာဓု (၃)

ကြိမ်ခေါ်ပြီးပျောက်သွား၏။ ကျွန်ုပ် သည်လည်းထိုအာရုံများမဝင်စေရန် အထူးသတိထား၍ စိပ်နေ၏ပုတီး (၁၂) ပါတ်ရသောအခါ ဘုရားပေါ်ပြီ၊ စိပ်၏။ပုတီး (၂၄) ပါတ်ရသော နာရီကို ကြည့်သောအခါ မိုးလင်းနေ၏။ နံနက် (၅) နာရီ ခွဲနေပြီဖြစ်သည်။ ဆက်၍ပုတီးစိပ်ပြန်၏။ ပုတီး (၉)ပါတ်လောက်ရသောအခါ ကျောင်းမှုတော်ကြီး မှန် ဈေးတန်းမှ ဈေးသည် (၁) ယောက်က ဆွမ်းစားလာပင့်၍ လိုက်သွား၏။ ဆွမ်းနှင့်ပဲပြုတ်ဆီဆမ်းပြီးကပ်၏။ အကြော်လည်းပါ၏။ ကြက်သွန်လုံးပြီး သား (၂) ခုလောက်ပါ၏။ မြှပ်သီးစိမ်း (၂)တောင့်လောက်လည်းပါ ၏။ ဆွမ်းစားပြီး ထလာ၏။ ကျန်ပုတီးများဆက်စိပ်၏။ နေ့ (၁၀)နာရီ (၃၀) လောက်မှ အဓိဋ္ဌာန် ပုတီးဝါတ် ပြီးသွား၏။ ထိုကုသိုလ်အ ဘို့ကို ဘုရားစောင့်မှစ၍ ၃၁ ဘုံသားတို့အား အမျှဝေ၊ ဗုဒ္ဓဂါယာမှ နတ်များအား အာရုံထားပြီးပြီး အမျှဝေ၍ ပြန်လာခဲ့၏။ ကျောင်းကို (၁၁)နာရီခွဲခန့်တွင် ပြန်ရောက်သည်။ သက်လွတ်နေ့ဆွမ်းစား၏။ ထို့နောက် (၅) ထပ်ကြီးဘုရား၊ တောင်မင်းကြီးဘုရား၊ ကျောက်တော်ကြီးဘုရား၊ ပုထိုးတော်ကြီးဘုရား၊ ရွှေဂူကြီးဘုရား၊ ကြေးဘုရားကြီး၊ ကုသိုလ်တော်ဘုရားကြီးတို့ကို အဓိဋ္ဌာန်ဝင်ပြီး နောက်ဆုံးအနေဖြင့် ဘုရားကြီးဝင်၏။ မဟာမြတ်မုနိဘုရားကြီးကိုဝင်သောအခါ ကျောင်းမှ အာရုံပြုပြီး ခြေလျှင်ကြွသွား၏။ နံနက် (၅) နာရီခန့်တွင်သွားလျှင် (၆)နာရီခန့်ရောက်၏။ ကြီး (၈) ကြီးအဓိဋ္ဌာန်များ ဝင်ပြီး၍ ကြီး (၉) ကြီးမြောက်ဘုရားကြီးသို့ဝင်ရန် ကျွန်ုပ်မွေးနေ့ ဗုဒ္ဓဟူးနေ့ကို စောင့်သည်။

၈၃၁၇ ခု တော်သလင်းလဆန်း (၅)ရက်(၁၉၅၅၊ စက်တင်ဘာ ၂၅ ရက်)- ဗုဒ္ဓဟူးနေ့နံနက် (၄) နာရီ (၄၅) မိနစ်ခန့်တွင် ကျောင်းမှ စတင်ထွက်၍ အမရပူရ ပိန်းတန်းတုတာမှ ခြေလျှင်လာ၏။ မန္တလေးရှမ်းစုဘုတာ အနောက်မှ ဆင်းပြီးဘုရားကြီး အရှေ့မုခ်ဘက်သွားသည်။ အသွားတွင်သုဂတော (၅) ချက် ပုတီးစိပ်ပြီးလာသည်။ (၇) ပါတ်ရသောအခါ ဘုရားကြီးအရှေ့မုခ်ရောက်လာသည်။ ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း တနင်္ဂနွေ ထောင့်တွင် ထိုင်၍ ပုတီးစိပ်၏။ ပရိက်ယူပြီးထိုင်စိပ်၏။ အဓိဋ္ဌာန်ပုတီးပြီးသောအခါနာရီကြည့်လိုက်၏။ နံနက် (၈) နာရီ (၃၀)မိနစ်ရှိနေပြီဖြစ်သည်။ ဘုရားကန်တော့ပြီး ပရိတ်များ ဂါထာမန္တာန်များရွတ်ပြီး မေတ္တာပို့အမျှပေး၏။ ပြီးလျှင်ဝတ်ချပြီး ဂန္ဓကုဋီတိုက် ဟတွင်းမှ ဘုရားကြီးအာရုံခံ ကျောင်းဆောင်ကြီးအတွင်း ထွက် လာခဲ့၏။ ရှုပ်ရည်သန့်သန့်နှင့်ဒကာ (၂)ယောက်က နေ့ဆွမ်းဘုရားတပည့်တော်တို့ကပ်လှူပါရစေ ဘုရားဟုလျှောက်၍ တကာများပင့်သွားရာ လိုက်သွား၏။ အရှေ့မုခ် အထွက် တရုတ်ဆိုင်တွင်ကပ်၏။ သက်လွတ်ဟင်းများဖြင့်ကပ်၏။ ဆွမ်းဘုန်းပေးပြီးသောအခါ ဒီဝတ္ထုက ယခု လမ်းစရိတ်ပါဘုရား ဟု (၁၀) ကျပ်လှူ၏။ ဒါကမဂ္ဂိမဒေသ ဗုဒ္ဓဂါယာကြွရန် ခရီးစရိတ်ပါဘုရား ဟု (၃၀၀) လှူ၏။ မတ်တပ် လက်အုပ်ချီပြီးခွင့်ပြုပါအုံး ဘုရားဟုလျှောက်ကာထွက်သွားကြ၏။ ကျွန်ုပ်လည်း ဘုရားကြီး အနောက်မုခ် တားဂိတ်သို့လာခဲ့၏။ တားစီးပြီး ကျောင်းပြန်ကားခ (၅၀) ပြားပေးရ၏။ ဒုတိယနေ့တတိယနေ့ များမှာလည်း ရှေးနည်းတူ ဘုရားကြီးသို့ အဓိဋ္ဌာန်ပုတီးစိပ်ရန်လာခဲ့၏။ ရှေးနည်းအတိုင်း တနင်္ဂနွေထောင့် ကထိုင်၍ ပရိက်ယူပြီးစိပ်၏။ ပုတီးတစ်ပါတ်မပြီးခင်ဝဲယာဘေးက ဝတ်ဖြူဝတ်ထားသော လူနှစ်ယောက် ကလာထိုင်စိပ်ကြ၏။ ကျွန်ုပ် သုဂတော (၅) ချက်ပုတီးပါတ် (၁၀) ပါတ်ရလျှင် ဝဲဘက်ကလူက တော်တော် စိပ်နိုင်သားပဲဟုပြော၏။ယာဘက်ကလူကလည်း တော်တော်ကျင့်သားရပြီးထားတဲ့ဥပ္ပါဇင်းနဲ့တူတယ်။ ဒို့အပြင်ဘက်ကမေတ္တာစောင့်ကြသေးတာပေါ့လို့ပြောပြီး

နှစ်ယောက်စလုံးအပြင်ထွက်သွားကြ၏။ ကျွန်ုပ်က ဆက်စိပ်နေ၏၊ ပုတီးပါတ် (၂၂) ပါတ်ရလျှင် အဓိဋ္ဌာန်ပုတီးပြီး၍ ပရိတ်ရွတ် မေတ္တာပို့အမျှဝေပြီး ဝတ်ချ၍ ဂန္ဓကုဋိတိုက်အတွင်းမှ ထလာခဲ့၏။ တောင်ဘက်မုခ်မှလှည့်၍ အနောက်စောင်းတန်း လျှောက်ကာ ကားဂိတ်သို့ လာခဲ့၏။ ကားဂိတ်အရောက်တွင် ကျွန်ုပ်အေးတွင် ထိုင်စိပ်ကြသော အဖြူဝတ်လူနှစ်ယောက် က ဖန်ကောက်လုံးခြည် ကြည်ပြာရောင်၊တိုက်ပုံအင်္ကျီအဖြူ မောင့်ကျက်သရေခေါင်းပေါင်းအဝါနုရောင် များ ဝတ်ထားလျက်တွေ့ရသည်။ သူတို့ ကျွန်ုပ်ကို မြင်လျှင်မြင်ခြင်း နှစ်ယောက်လုံးပြေးလာကြပြီး အနောက်မုခ်တစ္ဆုပ်ဆိုင်တွင် ပလာတာနှင့်ပဲ၊ လက်ဖက်ရည်အချိုနှင့် မုန့်မျိုးစုံနှင့်တပ်ကြ၏၊ ကျွန်ုပ်စားပြီးသူတို့ စားသည်။ ကျွန်ုပ်ကို ခေတ္တသိတင်းသုံးပါဦးဟု လျှောက်ထား၏၊ သူတို့စားပြီးသောအခါ ကားပေါ်လိုက်တင်ပေးပြီး ကားခကိုသူတို့ပေးကြ၏။ ကျွန်ုပ်ကို စာအိပ်လေးတစ်အိပ်ပိတ်ပြီးလှူသွား၏၊ ကျွန်ုပ်က ကားစီးရင်းပထမနေ့က ဆွမ်းတပ်၊ ယခုတတိယနေ့ မုန့် လက်ဖက်ရည်များကပ်ငွေလှူ စာအိပ်လှူ ထို အချက်များကျွန်ုပ်စဉ်းစားပြီး ကားစီးလာ၏၊ ဂိတ်တဲထောင့်မှ ကျောင်းသို့လာပြီး ကျောင်းရောက်လျှင် နေ့ (၀၀)နာရီ (၃၀) ရှိနေ၏။ ရေမိုးချိုးပြီး နေ့အဓိဋ္ဌာန်များ စိပ်၏။ ဓါတ်ကြီးလေးပါး တစ်နေ့တာ အဓိဋ္ဌာန် ည (၀၀) နာရီလောက်ပြီး၍ မေတ္တာပို့ အမျှဝေပြီးအိပ်၏၊ အိပ်မပျော်အဲဖြစ်နေ၏၊ မနက်ကလှူလိုက် သောစာအိပ်ကလေးသတိရ၍ လွယ်အိပ်ထဲမှ ယူပြီးဖေါက်ကြည့်၏၊ ရာတန်နှစ်ရွက်နှင့် စာတစ်စောင် တွေ့ရ၏၊ စာကိုဖတ်ကြည့်သော် အောက်ပါအတိုင်းတွေ့ရ၏၊

အရှင်ဘုရားအတွက် ဗုဒ္ဓဂါယာခရီးစရိတ်အတွက် (၂၀၀)လှူပါသည်ဘုရား။ ယနေ့မှစ၍ ဤဂါထာများကို ဘုရားရှိခိုးပြီးတိုင်းရွတ်ဆိုပါဘုရား။

(၁) သိရိသိရိ မမသိသေ ပတိဋ္ဌာတု၊ ( ၃) ခေါက်ဆို
(၂) ဗုဒ္ဓေါမေနာထော သတ္တုပါကာရော၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၃) ဓမ္မေါမေနာထော သတ္တုပါကာရော၊ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၄) သံဃောမေနာထော သတ္တုပါကာရော၊သံဃံ သရဏံ ဂစ္ဆာမိ။
(၅) ဦး ဗုဒ္ဓစကြာ့ကိုယ်လုံးခြုံ
(၆) ဦး ဓမ္မစကြာ့ကိုယ်လုံးခြုံ
(၇) ဦးသံဃစကြာ့ကိုယ်လုံးခြုံ
(၈) ဦး ဗုဒ္ဓံမယ်
(၉) ဦး ဓမ္မလွှဲ
(၁၀) ဦး သံဃရှုံ
(၁၁) ဦး ဗုဒ္ဓေါမယ့် သုခံဒေထ
(၁၂) ဦး ဓမ္မောမယ့် သုခံဒေထ
(၁၃) ဦး သံဃော မယ့် သုခံဒေထ
(၁၄) ဦး သိဒ္ဓိ သိဒ္ဓိ မမသိဓော ပတိဋ္ဌာတု (၃) ခေါက်

(၁၅) ဥုံ သိဒ္ဓိမမ ကာယေ ပတိဋ္ဌာတု (၃) ခေါက်

(၁၆) ဥုံ သိဒ္ဓိသိဒ္ဓိ မမကာယေ ပတိဋ္ဌာတု (၃) ခေါက်

(၁၇) ဥုံ ဝိသုဒ္ဓိသိဒ္ဓိ မမကာယေ ပတိဋ္ဌာတု (၃) ခေါက်

(၁၈) ဥုံ ဝိသုဒ္ဓိသိဒ္ဓိ မမဟဒယေ ပတိဋ္ဌာတု (၃) ခေါက်

(၁၉) ဥုံအနန္တ ဝိသုဒ္ဓိ သိဒ္ဓိ မမသီသေပတိဋ္ဌာတု (၃) ခေါက်

(၂၀) ဥုံအနန္တ ဝိသုဒ္ဓိ သိဒ္ဓိ မမကာယေပတိဋ္ဌာတု (၃) ခေါက်

(၂၀) ဥုံအနန္တ ဝိသုဒ္ဓိ သိဒ္ဓိ မမဟဒယေ ပတိဋ္ဌာတု (၃) ခေါက်

(၂၂) ဆုတောင်း

ဤဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အဆင်းအားဖြင့်၎င်း၊ အသံအားဖြင့်၎င်း၊ ဉာဏ် အားဖြင့်၎င်း၊ ပညာအားဖြင့်၎င်း၊ စည်းစိမ်ဥစ္စာအခြွေအရံအားဖြင့်၎င်း၊ ကျန်းမာခြင်းအားဖြင့်၎င်း၊ အသက်ရှည်ခြင်းအားဖြင့်၎င်း ပြည့်စုံရ၍ မည်သူမျှ တုနိုင် ယှဉ်နိုင် ပြိုင်နိုင် နှောက်ယှက်ဖျက်ဆီးနိုင်ခြင်း မရှိသည့်ကို ဖြစ်ရပါလို၏အရှင်ဘုရား။

ကျွန်ုပ်လည်း ဤစာရွက်ရသည့်နေ့မှစပြီး စာရွက်ပါအတိုင်း၊ ရွတ်ဆိုဆုတောင်း၏ နောက်တနေ့ နံနက် (၅)နာရီတထသွား (၆)နာရီ (၅)မိနစ်မှရောက်၏ တနင်္ဂနွေထောင့် ဂန္ဓကုဋိတိုက်အတွင်းမှထိုင်၍ ဝရိတ်ထု ပုတီးစိတ်တော့၏ သုဝဏ္ဏ (၅)ချက် (၇)ပတ်ရသောအခါ ဘုန်းကြီးတစ်ပါးက ကျွန်ုပ်ယာဘက်ဘေးမှ ထိုင်ပြီး အသံကျယ်ကျယ်ရွတ်ပြီး ဘုရားရှိခိုးနေ၏ ပုတီးပါတ်မမှားအောင် ဝရုစိုက် စိပ်နေရ၏၊ ကျွန်ုပ် ပုတီးပါတ် (၁၃)ပါတ်ရမှ ဘုန်းကြီး ရှိခိုးလို့ပြီးသွား၏ ဘုရားကြီးကဂန္ဓကုဋိတိုက်အတွင်းမှ ထသွား၏၊ ကျွန်ုပ်ပုတီးပါတ် (၁၅)ပါတ်ရတော့ ဘုန်းကြီး ရှိခိုးနေသောအသံကျွန်ုပ်ဘေးက ပေါ်လာ၏၊ကျွန်ုပ်က နောက်တစ်ပါး လာပြန်ပြီထင်ပြီး မျက်စိဖွင့်ကြည့်၏ ဘာမျှမရှိ၊ ငါထင်တာ နေမှာပါဆိုပြီး ဆက်စိပ်၏၊ အသံပေါ်လာပြန်၏ သူဟာသူပေါ်ပေါ်ဆိုပြီး ကိုယ့်ပုတီးကိုယ်သာဆက်စိပ်၏ အသံလာရာကို အာရုံမပြုတော့ပေ၊ ပုတီးပါတ် (၂၂)ပါတ်ရသဖြင့် နာရီကြည့်လိုက်၏၊ (၉)နာရီခွဲနေ၏ ဘုရားကန်တော့ပြီး ဂန္ဓကုဋိတိုက်အတွင်းမှ ထွက်လာ၏၊ တောင်ဘက်မုခ်ရောက်တော့ ဒကာတစ်ယောက်က "ရပ်တော် မူပါဦးဘုရား" ဟု လျှောက်သဖြင့်ရပ်နေ၏၊ ဒကာ-ဒကာမ နှစ်ယောက်နှင့် သမီး နှစ်ယောက်၊သားငယ်လေးတစ်ယောက်၊ ပေါင်း (၅)ယောက်တို့က ဆွမ်းဟင်းအပြည့်နှင့် ဆွမ်းသပိတ် (၁)လုံး၊ ဆတ်န်း (၁)စုံလှူ၏၊ အလှူခံ၍ အနုမောဒနာပြုပြီး ဘုရားကြီးထဲမှ ကားဂိတ်သို့ လာခဲ့၏၊ ကားဂိတ်ရောက်သျှင် မနေ့က ဒကာနှစ်ယောက် မနေ့က အဝတ်အစားနှင့် တွေ့ရပြန်၏၊

(ကြီး) "အရှင်ဘုရား တပည့်တော်တို့ကို မှတ်မိလားဘုရား"

(ဇင်း) "မှတ်မိပါတယ် ဒကာကြီး"

(ကြီး) "စာဖတ်ပြီးပြီလားဘုရား"

(ဇင်း) "ဖတ်ပြီးပါပြီ၊ ဆုတောင်းကရင့်သီးတယ် မှတ်ပါတယ်"

(ကြီး) "မရင့်သီးပါဘုရား၊ လာမည့်ဘေးများကို ကြိုတင်ကာကွယ်ထားတာပါ၊ ဂါထာများကိုလည်း နှစ်သက်ပါရဲ့လားဘုရား"

(ရွှင်း) "ကောင်းပါတယ်ဗကာကြီး၊ ဒီလမ်းလိုက်တဲ့သူဟာ ဒီဂါထာများကို တန်ဖိုးမဖြတ်နိုင်ပါဘူး။ ဗကာကြီးတို့ကို အထူးကျေးဇူးတင်ပါတယ်၊ ဦးပဥ္စင်းလည်း နေ့တိုင်းရွတ်ဆို ဆုတောင်းပါမယ်"

(ကြီး) "နောက်အလှည့်သင့်တဲ့အခါ ဒီလိုဂါထာမျိုးများဆက်တပ်ပါဦးမယ်ဘုရား။ ခွင့်ပြုပါဦးဘုရား"

(ရွှင်း) "ကောင်းပါပြီ၊ ကောင်းပါပြီ"

ကျွန်ုပ်လည်း ကားပေါ်တက်၍ ကားစီးပြီးပြန်လာခဲ့၏။ ကျောင်းရောက်လျှင် တပ်လှူလိုက်သော သပိတ်ထဲမှ ဆွမ်းများ ဘုန်းပေးပြီး ရေချိုးနေတုန်း မြွေကြီး (၁) ကောင်လာ၍ ကျွန်ုပ်ချိုးသော ရေများမှ ရေတွေကို သောက်နေ၏ သောက်ပြီးသူဟာသူ ပြန်သွား၏၊ သီလရှင်များနှင့် တကာနှစ်ယောက်သောက်က ကြည့်နေကြ၏၊ ကျွန်ုပ်လည်း ရေချိုးပြီး၍ ကိုယ်ကို ရေများသုတ်နေ၏ ထိုအခါတကာတယောက်က

(ကြီး)"အရှင်ဘုရားချိုးရေတွေကို လာသောက်တဲ့မြွေကြီးက ဘယ်တလာတာလဲဘုရား"

(ရွှင်း) "ဘယ်သိပါမလဲ တတာကြီးရာ"

(ကြီး) "ဒီလိုမြွေမျိုး တစ်ခါမှ မတွေ့ဘူးပါဘုရား၊ အရောင်ကလည်း အဖြူရောင်ကြီးဘုရား၊ လည်ပင်းတလည်း အဝါကြီးတွေပါတယ်ဘုရား၊ တယ်ဆန်းပါလား၊ ဘယ်လိုသဘောလည်းဘုရား"

(ရွှင်း) "ကျွန်ုပ်အဓိဋ္ဌာန်များအောင်မြင်တဲ့သဘောလို့ ကျွန်ုပ်ကတော့မှတ်တာပဲ"

ဆိုစကားကြောင့် ဒကာကြီး ပြုံးပြီး ထွက်သွား၏၊ ကျွန်ုပ်လည်း အနားယူရန် ကျွန်ုပ် နေရာလာခဲ့၏၊ နေ့ (၁) နာရီလောက်အိပ်ပြီး ခါတ်ကြီးလေးပါးအဓိဋ္ဌာန်ပုတီးများ စိတ်နေ၏ ညနေဝိုင်းအောင်မြေရှွေဘုံ ဘုရားပုထိုးတော်ကြီးဘုရား၊ ရွှေဘုကြီးဘုရားတို့သွား၍ ပုတီး (၂၇)ပါတ်စိတ်ပြီးခဲ့၏၊ ကျောင်းရောက်တော့ ည(၈)နာရီ ထိုးနေ၏ပရိတ်များရွတ်၊ ဂါထာမန္တာန်များရွတ်ပြီး နာရီကြည့်လိုက် ည (၁၀)နာရီထိုးနေ၏ မနက်အဓိဋ္ဌာန် သွားရမှာကြောင့် အိပ်လိုက်၏၊ နံနက် (၂)နာရီ (၃၀) နိုးလာ၏ မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး၊ ဘုရား တန်တော့၍ အဓိဋ္ဌာန်ပုတီးစိတ်ရန် မှတ်တမ်းရေးလိုက်၏၊

၁၃၁၇-ခု၊ တော်သလင်းလဆန်း (၉)ရက် တနင်္ဂနွေနေ့ (၁၉၅၅၊ စက်တင်ဘာ ၂၅ ရက်) ခါတ်လေးပါး ပုတီးအဓိဋ္ဌာန်စစိတ်၏၊ ပုတီး (၁၂)ပါတ်ရလျှင် (၅)နာရီသံချောင်းခေါက်သံကြား၍ ဘုရားဝတ်ချပြီး ကြီး (၉)ကြိုးစိတ်ရန် ဘုရားကြီးသို့ ခြေကျင် လျှောက်လာခဲ့၏၊ နံနက် (၆) နာရီ (၁၀)မိနစ်လောက် ရောက်၏၊ ဝန္ဒတုဒိအတွင်းတနင်္ဂနွေထောင့်က ထိုင်ပြီးအဓိဋ္ဌာန်ပုတီးစိတ်၏ သုဂတော (၅)ချက် (၂၂)ပါတ်ရတော့ အဓိဋ္ဌာန်ပုတီး ပါတ်ပြီး၍ ပရိတ်ရွတ် ဂါထာမန္တာန်ရွတ်ပြီး မေတ္တာပို့ အမျှဝေပြီးထပြန်လာခဲ့၏၊ အနောက် စောင်းတန်းထိပ်ရောက်လျှင် နာရီကြည့်လိုက်၏၊ နံနက် (၁၀) နာရီထိုးနေ၏၊ ကားစီးပြီးလာခဲ့၏၊ ဂါတ်ဓမ်ဆောင် ရောက်၏၊ ကားပေါ်မှဆင်းပြီး လမ်းလျှောက်လာ၏၊ တပည့်တစ်ယောက်တွေ့၍ ထိုတပည့်က ဆွမ်းကိစ္စမပြီးသေး လျှင်တပည့်တော်ကို ကုသိုလ်ပြုခွင့် ပေးပါဘုရားဟု လျှောက်၍ သူပင့်ရာ လိုက်သွား၏ ကိုရွှေ ခေါက်ဆွဲဆိုင်ထဲ ရောက်တော့ ခေါက်ဆွဲဆွမ်းကပ်၏ ဘုဉ်းပေးပြီး ကျောင်းပြန်လာ၏၊ ရေချိုးပြီးလျှင် ခေတ္တအနားယူမှေးလိုက်၏ အိပ်မက်ထဲလိုလို အဟုတ်လိုလို အောက်ပါမေးခွန်းများ မိန့်မြွက် ပြောကြားနေ၏၊

(၁) ဘုရား၊ တရား၊ သံဃာ မပါ ဘယ်ဂါထာမှ မရွတ်ရ၊

(၂) မန္တာန်၊ မန္တရားများ လည်းတို့အတူမှတ်။
(၃) ကြီးသူပြောတာ နားထောင်ရ၏။
(၄) အမှားပါလျှင် ဖြေးဖြေးမှပြင်လျှော့တ်။
(၅) ရန်သူတွေပြန် ရှောင်ရမှန်၏။
(၆) ရှောင်ရန်မဖြစ် မေတ္တာစစ်တိုက်။
(၇) မေတ္တာသို့ သဒ္ဓါအနန္တော ဘုရားဟော၏။
(၈) မေတ္တာဖြူလျှင် တိုယ်လုံပါ၏။

နိုးလာ၏၊ ဘုန်းကြီးပြောသော မိန့်ခွန်းများကို အထက်ပါအတိုင်း ရေးမှတ်လိုတ်၏။ ညနေ (၅) နာရီလောက်မှာ ပုထိုးတော်ကြီးဘုရား၊ ရွှေဂူကြီးဘုရား၊ တောင်မြေဘုရားများသွားပြီး ပုတီးစိတ်၏၊ (၀)ဆူ၊ (၂၇)ပါတ်စီစိတ်၏ ည(၉)နာရီမှာပြီး၍ အောင်မြေဘုရားက ပြန်လာ၏။ အရှေ့ဖက်မုခ်တံတိုင်းလမ်းအဆင်း မြေလှမ်း (၂၅)လှမ်းခန့် ရှောက်သွားဒိလျှင် မြွေကြီးက တန်လန့်ဆီးနေ၏၊ ရပ်၍ မြွေကြီးတို မေတ္တာပို့နေ၏၊ မေတ္တာနိုးနိုးပို့တာ မသွား၍ ခန္ဒာသုတ်ရွတ်ပြီး မေတ္တာပို့၏။ ထိုအခါကျမှ မြွေကြီးကသွားလေတော့၏၊ ကျွန်ုပ်လည်း လှည့်ကြည့်လှည့်ကြည့်နှင့် တံတိုင်းဦးရောက်တောင်လာခဲ့၏၊ မီးမပါသော်လည်း လသာနေ၍ ထင်ထင်ရှားရှား မြင်ရ၏၊ ကျောင်းတိုက်ရောက်မှ ဓါတ်မီးရောင်မြင်ရ၏၊ ဟူမောင်းကျောင်းတိုက်က ထွန်းသော ဓါတ်မီးဖြစ်၏။ ကျွန်ုပ်နေသော ခိုသံအတဲ ပြန်၍ လမ်းလျှောက်လျှက် ဂါထာ၊ မန္တာန်၊ ပရိတ်များ ရွတ်နေ၏ (၁၀)နာရီ (၂၀)လောက် တွင် ရွတ်ပြီး၍မေတ္တာပို့ အမျှဝေပြီးအိပ်၏၊ နောက်တနေ့ နံနက် (၂)နာရီ (၃၀)လောက် နိုး၍ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်း ရေးလိုက်၏၊

၁၃၁၇-ခု တော်သလင်းလဆန်း (၁၃)ရက်၊ တနင်္လာနေ့ (၁၉၅၅၊ စက်တင်ဘာ ၂၆) နံနက် (၃)နာရီအချိန် ပရိကံယူပြီး သုဝဏ္ဏ (၅)ချက်အဓိဋ္ဌာန်စိတ်၏ (၁၂)ပတ်ပြီးလျှင် (၅)နာရီ သံချောင်းခေါက်သံကြား၍ စက်ချပြီးဘုရားကြီးကို မြေကျင် လျှောက်သွား၏၊ နံနက် (၆)နာရီ (၅)မိနစ်လောက် ရောက်သွား၏။ ဂန္ဓကုဋိတိုက်ထဲဝင်၊ တနင်္ဂနွေထောင့်ကထိုင်၊ ဝတ်ချကန်တော့ ပရိကံယူပြီး အဓိဋ္ဌာန်ပုတီး စိတ်တော့၏၊ ပုတီးစိပ်လို့ ပုတီးပါတ်တစ်ဝက် ရသောအခါ ပုတီးကတင်းခံနေ၏၊ ဆွဲစိပ်လို့မရဖြစ်နေ၏၊ ပုတီးလုံး များကလည်း တင်းကြပ်ပြီးနေ၏၊ ဘယ်လိုလုပ်မှ စိတ်လို့မရသည့်အဆုံးနာရီကြည့်ပြီး စိတ်ထဲကအဆက်မပြတ် ရွတ်ဆိုနေ၏ (၁)နာရီ ပြည့်သောအခါ (၆)ပါတ်ဟု မှတ်ထားလိုက်၏၊ နှစ်နာရီကြာမျှ ခိတ်ထဲက ရွတ်ဆိုပြီးသောအခါ ပုတီးက ပကတိအတိုင်းဖြစ်ပြီး စိတ်လို့ရတော့၏ ပုတီးမခိပ်မီ တောက်ကို စမ်းသပ်ကြည့်သောအခါ ဘာမျှမတွေ့ ပုတီးစိပ်ရင်း သဘောတရားများကို လေ့လာနေ၏။ သို့နှင့် ပုတီး (၆)ပါတ်ထပ်ရပြန်၏ (၃)နာရီကြာသွား၏၊ မတ်တပ်ထပြီး (၃) ပါတ်စိပ်၏၊ ဂန္ဓာကုဋိတိုက်အတွင်း အင်္ဂါထောင့်ရွှေ့၍ (၃)ပါတ်စိပ်၏။ (၂၂) ပါတ်ပြီး၍ ထိုနေ့အဖို့ အဓိဋ္ဌာန်အောင်မြင်သွား၏။ ဘုရားကိုယ်တော်မြတ်ကြီးရှေ့ပလ္လင်တော်တွင် ချိပ်ဆွဲလှူဒါန်း ထားသော စပွါယ်ကုန်းများယူချင်သော စိတ်ပေါက်လာ၍ (၃) ကုန်းထယူလိုက်၏၊ ထိုစပွါယ်ကုန်းများ မှာ တောက်ကငါးမူး လောက်ရှိသော တောက်တက်ရုပ်ကလေးကိုတွေ့ရ၏။ ကြေးနီ၊ကြေးနက်နှင့် လုပ်ထားသော သဘောရှိတယ်လို့

ထင်ပြီးယူလာ၏၊ ဘုရားဝတ်ချပြီး ဂန္ဓကုဋိတိုက်အတွင်းမှ ထွက်လာ၏၊ တောင်ဘက်မုခ်မှ ထွက်လာ၍ အနောက်ဖက်မုခ်ရောက်လျှင် တောလတ်ထက်ရုပ်ကလေးကို အိပ်ကြီးအတွင်းမှ ခါတ်လုံးတဲ့သို့သော အိပ်ကလေးထဲသို့ပြောင်းထည့်လိုက်၏၊ ခေါင်းတန်း လျှောက်ပြီးကားဂိတ်လာခဲ့တော့ တလမ်းလုံး- တောက်တဲ့-တောက်တဲ့-တောက်တဲ့မြည်လာသော အသံတိုးတိုးလေးကြားနေရ၏ ကားဂိတ်ရောက်လျှင် ကားမရောက်သေး၍ စောင့်နေစဉ် ဘုန်းကြီးရှုးကြီး က "တောက်တဲ့ကို အိပ်ထဲထည့်လျှင် တောက်တဲ့ကိုက်တတ်သဗျ တဲ့ဒီ တောက်တဲ့အစွမ်းမှုစွမ်း ၁၁သားမစားဘူးဗျ အသီးအနှံများသာ စားသဗျ၊ အရေးကြီးရှိရင် သူနိုင်းလုပ်ပေးသဗျ၊ ဘာမဆိုနိုင်းလို့ရသဗျလို ညက်ရှိထိုင်းသုံးဗျ-ဟား-ဟား-ဟား" ဆိုပြီး ထွက်သွားတော့၏၊ ကျွန်ုပ်လည်းကားရောက်လာ၍ ကားစီးပြီးပြန်ခဲ့၏၊ ကျောင်းရောက်မှ သီလရှင်များကပ်သော ဆွမ်းစားပြီး ရေချိုးအနားယူကာ မှေးအိပ်၏၊ ဝ၄ (၁)ချက် (၃၀)မှနိုးလာ၏၊ အဓိဋ္ဌာန်ပုတီး ဆက်စိပ်၏၊ ညနေ (၅)နာရီလောက်ဘုရားဖူးပုတီးစိတ် ထွက်ခဲ့၏၊ ဟောင်ပင်ကြီးဘုရားရောက် ရွှေတော်တွင် ထိုင်စိတ်၏ (၂၇) ပါတ်ပြီးလျှင် ကျော့ဘုရားကြီးလာခဲ့၏၊ ရွှေတော်တွင် စိတ်၏ (၂၇)ပါတ် ထိုင်ပြီးတော့ မေတ္တာပို့ အမျှဝေပြီး ကျောင်းပြန်လာခဲ့၏၊ ကျောင်းရောက်လျှင်နာရီကြည့်တော့ ည (၈)နာရီ(၃၀) ရှိနေ၏၊ ပရိတ်များ၊ ဂါထာ၊ မန္တာန်များ ရွတ်မေတ္တာပို့အမျှဝေလိုက်၏၊ ကျွန်ုပ်အခန်းပါတ်လည်တတောတ်ခေါက်သံ များကြားရ၏၊ ကျွန်ုပ်က ဝဉ်းစား၏ ဘာကြောင့်ဒီလိုတောက်ခေါက်သံများ ကြားရတာလဲလို့ ထိုင်နေရာက ထပြီးလမ်းလျှောက်၍ (၂၇)ပါတ်စိတ်၏ ည (၁၂)နာရီသံချောင်းခေါက်သံကြားရတော့မှ အိပ်ရာဝင်လိုက်၏၊ နံနက် (၂) နာရီ (၃၀) နိုးလာ၏၊ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်၏၊

၁၃၁၇-ခု၊ တော်သလင်းလဆန်း-(၁၁) ရက်တနင်္ဂနွေ (၁၉၅၅၊ စက်တင်ဘာ ၂၈ ရက်) နံနက် (၃) နာရီသုဝတော (၅) ချက် အဓိဋ္ဌာန်ပုတီး ပရိက်ယူပြီးစိတ်၏၊ ပုတီး(၁၂) ပါတ်ရလျှင် ဘုရားကြီးကို လမ်းလျှောက်လာ၏၊ လမ်းလျှောက်ရင်း ပုတီးစိတ်လာရာ (၇)ပါတ်ရတော့ ဘုရားကြီးဂန္ဓကုဋိတိုက်အတွင်း တနင်္ဂနွေထောင့်ရောက်၍ ကန်တော့ဝတ်ချပရိက်ယူပြီး အဓိဋ္ဌာန်ပုတီး စိတ်တော့၏၊ ပုတီး(၃)ပါတ်ရလျှင် မထိုင်နိုင်အောင်ပူပြီးလာ၏၊ မပြီးဘက်ပြောင်းစိတ်နေရ၏၊ (၅)ပါတ်ရတော့ အပူပျောက်သွား၏၊ ယားလာပြန်၏ ယားတဲ့ဝေဒနာအပေါ်လိုက်၍ စိတ်နေရပြန်၏ (၈)ပါတ်ရတော့ ပျောက်သွား၏၊ (၁၂)ပါတ်ရတော့ အသံမျိုးစုံနားထဲကြားလာရပြန်၏၊ အသံများကို ဥပက္ခာထားပြီး စိတ်နေ၏ တပါတ် (၂၀)ရတော့ အသံများပျောက်သွား၏ ပုတီးစိတ်ကောင်းလာ၏ (၂၂) ပါတ်ရလျှင် အဓိဋ္ဌာန်ပြည့်၍ ဝတ်ချကန်တော့လိုက်၏၊ မေတ္တာပို့အမျှဝေ၏၊ ထလိုက်သောအခါ ဒကာ (၁)ယောက်လာ၍ ရွှေ(၁)ဆိုင်း ချပေးရန်လျှောက်၍ ဘုရား ပလ္လင်ပေါ်တက်ပြီး ဝမ်းတော်၊ ဒူးတော်၊ လက်တော်သို့ ချ၏၊ ပြီးသောအခါ ပလ္လင်ပေါ်မှ ဆင်းလာပြီး တောင်ဘက်မုခ်မှလှည့်၍ အနောက်စောင်းတန်းဘက်လာခဲ့၏၊ အနောက်စောင်းတန်းထိပ်ရောက်လျှင် သီလရှင်နှစ်ပါးက ဖက်ရွက်ဖြင့် ထုပ်ထားသည့် အထုပ်နှစ်ထုပ်ကို တစ်ယောက်တစ်ထုပ်စီကိုင်လှူကြ၏၊ သီလရှင်တစ်ပါးက တပည့်တော် အထုပ်ကဆွမ်းထုပ် ပါဘုရား၊ မမှုလှူသောအထုပ်က မုန့်ထုပ်ပါဘုရား၊ တပည့်တော်ကို သွားခွင့်ပြုပါ ဘုရား၊ ဆိုပြီးထွက်သွား ကြ၏၊ ကျွန်ုပ်လည်း အထုပ်(၂)ထုပ်ကို လွယ်အိပ်ထဲထည့်၍ ကားဂိတ်လာခဲ့၏၊ ကားအဆင်သင့်ဖြစ်၍ တက်စီးပြီး လာခဲ့၏၊ ကျောင်းရောက်တော့ နာရီကြည့်လိုက်၏(၁၁) နာရီခွဲနေ၍ ပါလာသော အထုပ်များဖွင့်ပြီး ဆွမ်းစား၏၊

ဆွမ်းပြီးတော့ မုန့်ကိုစား၏၊ မုန့်တီကို နယ်လိုက်လျှင် ရွှေကြီးလောက် ရွှေရောင်ဓာတ်လုံးတလုံးတွေ့ရ၏၊ အင်းဒါလဲ ဆန်းတာပဲဆိုပြီး ဓါတ်လုံးကို ရေဆေးပြီး သိမ်းထားလိုက်သည်။ ဆွမ်းဟင်းများ၊ မုန့်တီအပိုများကို သီလရှင်ကြီးအား ခွန့်လိုက်၏၊ ခဏကြာတော့ ရေချိုး၏၊ ယနေ့ နေ့မအိပ်တော့ဘဲ မဟာဝါဠိတော်၊ သတ္တဋ္ဌာနဆက်ဘတ်ပြီး- တိုယ်လိုသော နေရာများမှတ်ပြီး တုးထား၏၊ နေ့ (၃)နာရီလောက်မှ စာကြည့်ရပ်လိုက်၏ ပုတီးထွက်စိတ်၏၊ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရား (၂)ဆူ (၄၅)ပါတ်စိပ်ပြီး ပြန်လာခဲ့၏၊ ဆိပ်တမ်းသုဘာမှ(၆)နာရီ ရထားစီးပြီးပြန်ခဲ့၏၊ ကျောင်း (၇) နာရီရောက်၏၊ အမိဋ္ဌာန် ပုတီးအကျန်ဆက်စိတ် နေ၏၊ သီလရှင်ကြီး (၂)ဝါးက ဖျော်ရည်လာ တပ်ကြ၏၊ သောက်ပြီး ပုတီးဆက်စိတ်၏၊ ည (၁၀)နာရီလောက်မှ ပရိတ်-ဝါထာ- ဓန္တာန်များရွတ်ဘာပြီးသွား၏၊ သုဝဟော (၅) ချက်ဝါထာရွတ်လျှက်အိပ်လိုက်၏၊ နံနက် (၂)ချက်ခွဲနိုး လာ၏၊ တိုယ် လက်သန့်ရှင်းပြီး ဓုတ်တမ်းရေးလိုက်၏၊

၁၃၁၇- တော်သလင်းလဆန်း(၁၂)ရက်၊ ဗုဒ္ဓဟူးနေ့ (၁၉၅၅၊ စက်တင်ဘာ ၂၈ ရက် )နံနက် (၃) နာရီ (၁၅) ပရိတ်ယူအမိဋ္ဌာန်ပုတီးစိတ်၏၊ (၅) နာရီသံချောင်းသံကြားလျှင် ပုတီးစိတ်တာ ရပ်နားပြီး ဘုရားကြီးထွက်ခဲ့၏၊ မြို့ဟောင်းဘုတာအဝင် ရွှေကွန်ချာစုပ်ဘုရားအလွန်မှ မိန်းကလေး (၃)ယောက် ရွှေ့ဆတ်မကြွတို့ရာဇွတ်ပြောနေ၏၊ သူတို့၏လက်များဖြင့် လုကိုဘာထားကြ၏၊ ကျွန်ုပ်စိတ်ထဲတွင် နတ်ဖြန် အမိဋ္ဌာန်ဓေ့မည့်ရက်ဖြစ်တယ်ဒီနေ့ကစပြီး သူတို့ကဖျက်နေကြ၏၊ ငါ့အမိဋ္ဌာန် နှောတ်ယှက်တဲ့ဟာတွေလို့ ထင်မှတ်ပြီး အိတ်ထဲမှခါးပန်းကြိုးကို နှိုက်ယူ၍ သူတို့ကို ရိုက်ချလိုက်၏၊ အားလုံးထွက်ပြေးကြ၏၊ ကျွန်ုပ်လည်း ခါးပန်းကြိုးလက်ကကိုင်ပြီး လျှောက်လာ၏၊ ဘုရားကြီး ရောက်သည့်တိုင်အောင် ဘာမှမတွေ့ရတော့ချေ ဓန္တကုဋိ တိုက်ဘတွင်းတနစ်နေ့ထောင့်တထိုင်၏၊ ပုတီးအပါတ် (၂၀) ရတော့ နာရီထုတ်ကြည့်၏၊ (၉) နာရီခွဲနေ၏၊ ထျန် (၂) ပါတ်ဆက်စိတ်ပြီး ဝတ်ချ ကန်တော့အမှုဝေပြီး ထပြန်လာ၏၊ တောင်ဖက်မုခ်ရောက်လျှင် တုံရှိရှိနှင့် ဘုန်းကြီးအိုကြီးတပါးက

"မောဝ်ပဋ္ဌင်း ခဏနေဘုံး" လို့ပြောပြီး (၃၂)တွက် ဋ္ဌာသပုတီး လေးပေး၏၊ ပုတီးယူသွား အရေးရှိလျှင် ဆူ့တို တိုယ်ဖြစ်ချင်တာ အမိန့်ပေးပြီး ပေါက်ပစ်လိုက်လို့ပြောပြီး (၃၂) တွက် ဋ္ဌာသပုတီးလေးပေး၏၊ ပုတီးယူလိုက်ပြီး ဘုန်းကြီးကို လက်အုပ်ချီကန်တော့ပြီး အနောက်မုခ်ထွက်လာခဲ့၏။ အနောက်မုခ်ဦး ရောက်လျှင် တောင်ဖေ့ထောက် လာနေသော အဖိုးအိုကြီးက

"ကိုယ်တော်လေး ကိုယ်တော်လေး ၊ ခဏရပ်ပါအုံး"ဟု ပြော၍ ရပ်နေ၏၊ ကျွန်ုပ်အနားရောက် တော့ တင်းဝုတ်တလေးပေး၏၊

(ဘိုး) "အဘိုးပေးတာယူနော်- အရေးကြီးလျှင် ဒီတင်းပုပ်ကလေး အရာရောက်အောင် လုပ်နိုင်တယ်၊ ဗုဒ္ဓဂါယာ အထိအောင်ယူသွား အဘိုးနာမည်က ဘိုးတင်းပုပ်တဲ့ မှတ်ထားနော်"

(ရှင်၊) "တောင်းလှပါပြီအဘိုး၊ မှတ်ထားပါ့မယ်၊ အဘိုးကို ဦးပဋ္ဌင်း ဗုဒ္ဓဂါယာသွားမည့်အကြောင်း ဘယ်သူပြောလဲ"

(ဘိုး) "ပြောမှ သိရမှာလား လုပ်ငန်းကြည့်ရင်သိတာပဲ။ တာဝန်ကျေအောင်လုပ်ခဲ့နော်၊ ဘိုးတို့ကတော့ (၁၈) လတောင် နေခဲ့တာ။"

(ဥင်း) "သာဓုပါဘဘိုး။ သာဓုပါ၊ ဦးပဥ္စင်းလဲ (၅)လအနည်းဆုံးနေဖို့ ရည်မှန်းထားပါတယ်"

(ဘိုး) "ကောင်းလိုက်တာ မောင်ပဥ္စင်းရယ်၊ ကောင်းလိုက်တာ၊ သာဓု . . သာဓု . . သာဓု၊ ဘိုးသွားပြီနော်"

ဟုဆိုကာ ဘုရားကြီးစောင်းတန်းဘက်တက်သွား၏။ ကျွန်ုပ်လည်း ကားဂိတ်လာပြီး ကားစီး၍ ကျောင်းပြန်ခဲ့၏၊ ဆွမ်းစားပြီးရေချိုး၊ တမှေးအိပ်ကာ နေ့(၂)ချက်လောက်ထပြီး အဓိဋ္ဌာန်ပုတီးစိတ် ညနေ(၃)နာရီခွဲ ဘုရားဖူးထွက် ပုထိုးတော်ကြီး၊ ရွှေဂူကြီးအောင်မြေတို့ အဓိဋ္ဌာန်ပုတီးစိတ်တဆူ (၂၇)ပါတ် စိတ်၏။ ည (၈)နာရီ ထိုးတော့ အောင်မြေကပြန် ကျောင်းရောက်လျှင် ပရိတ်ရွတ် ဂါထာမန္တာန်များရွတ်၊ မေတ္တာပို့ အမျှဝေပြီးနာရီ ကြည့်လိုက်၏၊ (၁၀)နာရီခွဲနေ၏၊ ည(၁၀) နာရီခွဲဖြစ်နေ၍ သုဂတော (၅)ချက်၊ စိတ်ထဲမှ ရွတ်ပြီးအိပ်လိုက်တော့၏၊ နံနက်(၂)ချက်ခွဲတော့နိုးလာ၏။ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်း ရေးလိုက်၏။

၁၃၁၇-ခု၊ တော်သလင်းလဆန်း (၁၃)ရက် ကြာသပတေးနေ့ (၁၉၅၅၊ စက်တင်ဘာ ၂၉ ရက် ) နံနက် (၃)နာရီ ပရိတ်ယူအဓိဋ္ဌာန်ပုတီးစိတ်၏၊ ပုတီး (၁၂)ပါတ်ရလျှင် နံနက် (၅)နာရီ သံချောင်းသံကြား၍ ဝတ်ချပြီးဘုရားကြီးလာခဲ့၏၊ (၆) နာရီထိုးတော့ဘုရားကြီးရောက်၏၊ ဂန္ဓကုဋိတိုက်အတွင်း တနင်္ဂနွေထောင့်မှ ပရိတ်ယူပြီး ပုတီးအဓိဋ္ဌာန်စိတ်၏၊ သုဂတော (၅)ချက်ဂါထာ (၁)ပါတ်ရလျှင် စပါယ်ပန်းနံ့ မွှေးလာ၏။ ပုတီး (၃)ပါတ်တိုင်အောင် မွှေးနေ၏။ တခါတခါ ရေမွှေးနံ့လည်း ရလာ၏၊ ပုတီးလေးပါတ်အတွင်းမှာ ဘင်္ဂလားဆေးလိပ် အနံ့ရလာ၏။ တော်တော်ကို နှာခေါင်းအနံ့ မခံနိုင်လောက်အောင်ရလာ၍ အသက်အောင့်ထားသော်လည်း ကြာကြာမအောင့်နိုင်၍ အနံ့ကလာမြဲ လာနေ၏၊ ရေမွှေးနံ့လည်း ဝင်လာပြန်၏၊ ဆေးပြင်းလိပ်အနံ့နှင့် ရေမွှေးနံ့ ရောနေ၏။ ပုတီး (၅) ပါတ်လောက် ရတော့ ပျောက်သွား၏၊ ကွမ်းနံ့ နံလာပြန်၏။ တအောင့်လောက်ကြာတော့ ပျောက်သွား၏၊ ပုတီး (၆)ပါတ်လောက်ရ၏၊ နံ့သာဆီမရေမွှေးနံ့လေးခပ်သင်းသင်းမွှေးလာပြန်၏။ ထိုအမွှေးက ပုတီး (၂၂)ပါတ်တိုင်အောင် မွှေးနေ၏။ ပုတီး (၂၂) ပါတ်ရလျှင် တန်တော့ဝတ်ချပြီး ပရိတ်ဂါထာ မန္တာန်များ ရွတ်နေ၏။ ထိုအတွင်း တောင်ဖက်မုခ်က "အောင်ပြီ" "အောင်ပြီ" "အောင်ပြီ" ဟု အော်ပြီး ဇယမင်္ဂလာဂါထာ-ပါဠိတနက်ပါရွတ်နေ၏။ သူမရွတ်ပြီးကြေးစည်လည်းတီးရော ကျွန်ုပ်လည်းအမျှဝေပြီးဖြစ်၏၊ ကျွန်ုပ် ကြိုး(၉) ကြိုးအဓိဋ္ဌာန်အောင်မြင်ကြောင်း အထိမ်းအမှတ်ဟု ကောက်ယူပြီးဝတ်ချပြီးအထမှာ ဒကာတယောက်က ရွှေတဆိုင်း လက်တော်များချထားပေးဖို့ ဆက်ကပ်လာ၏၊ ထို့ကြောင့် ဘုရားပလ္လင်ပေါ်တက်၍ လက်တော်များကိုရွှေချပေး၏၊ ကျွန်ုပ်ပါးစပ်ကလည်း သုဂတော (၅)ချက်ဂါထာကို ချသည်မှပြီးသည့် တိုင်အောင်ရွတ်နေ၏၊ ရွှေချပြီးလျှင်နာရီ ကြည့်လိုက်၏ နံနက်(၁၀)နာရီ (၁၅)မိနစ် ရှိနေ၏။ ဘုရားကိုတန်တော့ပြီး ပလ္လင်တော်ပေါ်မှ ဆင်းလာ၏၊ ရွှေချပေးဘို့ ရွှေဆိုင်းလှူသောဒကာလည်း မတွေ့ရတော့၊ ကျွန်ုပ်လည်း ဂန္ဓကုဋိတိုက်အတွင်းမှတောင်ဘက်လှည့်ပြီး အနောက်ဖက်မုခ်ကားဂိတ် ဘက်ထွက်လာ၏။ အနောက်စောင်းတန်းဦးရောက်သောအခါ ရွှေဆိုင်းလှူသော ဒကာနှင့်တွေ့သည်၊ ဒကာကသူလက်ထဲပါလာသော ဆွမ်းချိုင့် (၅) ဆင့်ချိုင့်ကပ်လှူ၏၊ မန္တလေးချမ်းအေးသာစံ မှာနေကြောင်း လျှောက်ပြီးသွား၏၊ ကျွန်ုပ်လည်းချိုင့်ဆွဲပြီး ကားပေါ်တက်စီးလာ၏။ ဆင်းနေကျနေရာဆင်းပြီး

ကျောင်း ပြန်လာသည်၊ ကျောင်းရောက်လျှင်နာရီကြည့်လိုက်၏။ (၁၀) နာရီခွဲနေသည်။ ချိုင့်ကလေးများဖြုတ်ပြီး စားပွဲပေါ်တင်လက်ဆေး၍ ဆွမ်းစား၏။ ဆွမ်းစားပြီးတစ်ခဏကြာလျှင် ရေချိုး၏၊ ရေချိုးပြီး မနက်တာ အမြစ်အဖျက်များစဉ်းစားနေ၏။ ကုလားထိုင်ပေါ်ထိုင်ပြီးစဉ်းစားနေခိုက် ဘုန်းကြီးတစ်ပါး အပေါက်ဝလာရပ်သည်၊ ကျွန်ုပ်လည်း လက်အုပ်ချီပြီး ကုလားထိုင်ပေါ်တွင် သီတင်းသုံးရန် ပင့်လျှောက်၏။ ဘုန်းကြီး ကြီးကလက်ပြပြီး ကိုယ်တော်လေးမှတ်ထားတာဘဲဥစ္စာဘာမှ စဉ်းစားစရာမလိုဘူး၊ ကိုယ့်အလုပ်ကို သာဆက်လုပ်ပါ၊ သုဝဏ္ဏော (၉) ချက်ဂါထာကိုတစ်နေ့ (၁၀၀၀) ခုအောင်စိပ်၊ ထီးဖြူရှိလျှင် ထီးဖြူအောက် တစိပ်၊ ထီးဖြူမရှိလျှင် ရွှေထီး အောက်ကစိပ်၊ ထီးဖြူတို့ရွှေထီးတို့မရှိလျှင် ဘုရားတန်ခိုးကြီး စေတီအရပ်ကစိပ် စေတီအရပ်ဆိုပေမဲ့ ကိုယ့်စေတီ အရပ်တမစိပ်ရဘူး၊ ဘုရားတန်ခိုးကြီးစေတီအရပ်ကစိပ်၊ ဥပမာ- မဟာဝိဇယရုံသီဆိုလျှင် စနေထောင့်ဟာ စေတီအရပ်ကြတယ်၊ သတိပြုနော်။ ကဲ- သွားလိုက်တုံးမယ်၊ ဆိုပြီးထွက်သွား၏။ ကျွန်ုပ်ကားဘာမျှမမေးလိုက်ရချေ။ ဘုန်းကြီးပြီးမိန့်ချက်အတိုင်း ပုထိုးတော်ကြီး ဘုရားကို ချက်ချင်းသွားပြီး စနေထောင့်ကနေ ပရိတ်ယူပြီးစိပ်၏။ ပုထိုးတော်ကြီးကိုနေ့ (၂) ချက်လောက် ရောက်သွား၏။ ကန်တော့ပရိတ်ယူအဓိဋ္ဌာန်ပြုစိပ်၏။ သုဝဏ္ဏော (၉) ချက်ဂါထာမှာ -

(၁) သုဝဏ္ဏော နိဗ္ဗာန်ယာတိ

(၂) သုဝဏ္ဏောလောကေနာယတော

(၃) သုဝဏ္ဏော လောကသာမိကော

(၄) သုဝဏ္ဏော မာရဝိဇယော

(၅) သုဝဏ္ဏော

(၆) သုဝဏ္ဏ ဌာန်

(၇) သုဝဏ္ဏော သုန္ဒရံပိစ

(၈) သုဝဏ္ဏော နိဗ္ဗာန်ယာတိ

(၉) သုဝဏ္ဏောတေနမောနမာ

၎င်း သုဝဏ္ဏော ကိုးချက်လုံးဆုံးမှ ပုတီး(၁) လုံးချပြီး စိပ်၏။ (၁၁) ပါတ် (၂) နာရီခွဲကြာ၏။ ထိုနေ့ အဓိဋ္ဌာန်ကွင် ပုတီးစိပ်လို့ကောင်း၏။ ကျွန်ုပ်တင်ပလ္လင်ခွေထဲတွင် မိန်းကလေးများ ကပန်းများလှူသွား၏။ ဒကာ (၂)ယောက်ကလည်း ဝတ္ထုလှူသွားကြ၏၊ တစ်ယောက်ဘယ် လောက်လှူသည်မသိ။ ကျွန်ုပ်ရရှိ တာကတော့ (၂၁၀) နှစ်ရာတစ်ဆယ်တစ်ကျပ်ဖြစ်၏။ ညနေ (၄) နာရီခွဲလျှင် ပုတီးအဓိဋ္ဌာန်ပြီး၏၊ ဘုရား လက်ယာရစ်လှည့်ပြီး ပရိတ်ဂါထာ၊ မန္တာန်များ ရွတ်၍ ညနေ (၆) နာရီထိုးလျှင်ပြီး၏။ ဘုရားကန်တော့ပြီး ကျောင်းသို့ပြန်ခဲ့သည်၊ ကျွန်ုပ်၏အဓိဋ္ဌာန်ချက်များမှာ

(၁) ၎င်းပုထိုးတော်ကြီးဘုရားတွင် စေတီအရပ်မှ (၂၇) ရက်ပြည့်အောင် စိပ်ပါမည်ဘုရား။ သစ္စာအဓိဋ္ဌာန်ပြုပါ၏ ဘုရား။

(၂) သုဝဏော (၉)ချက် (၀)ခါထိုင်လျှင် လုံးရေ (၁၀၀၀) (ဝါ) ပုန်ရေ (၁၀၀၇) ပုတီး (၁၀) ပါတ် စိတ်ပါမည်ဘုရား၊ သစ္စာအဓိဋ္ဌာန်ပြုပါ၏။

(၃) မိုးရွာရွာ၊ နေပူပူ၊ ဘယ်ရန်သူနှင့်တွေ့တွေ့ ဘုရားတပည့်တော်၏ ထိုင်ခွင်ကို မဖျက်ပါဘုရား။ သစ္စာအဓိဋ္ဌာန်ပြုပါ၏။

(၄) နေ့/ည မသတ်မှတ်ပါ။ တစ်နေ့တစ်ကြိမ်လာရောက်စိပ်ပါမည်ဘုရား။ သစ္စာဓိဋ္ဌာန်ပြုပါ၏။

(၅) မထိန်းနိုင်၊ မသိမ်းနိုင်၊ ကျင်ကြီးကျင်ငယ်သွားချင်သော် ထသွားခွင့်ပြုပါဘုရား။

ဤအဓိဋ္ဌာန်ချက်များအတိုင်း မဖျက်မကွက်အောင်မြင်ခဲ့ပါလျှင် ဗုဒ္ဓဂါယာ ခရီးစဉ် ချောမော၍ ဘုရားတပည့်တော် အလိုဆန္ဒ ပြည့်စုံရပါလို၏ ဘုရား။ ကျောင်းရောက်လျှင် ဗုဒ္ဓဂါယာ ဘုရားဝါဆိုစဉ် နေရာများ ကြည့်ရှုလေ့လာနေ၏။ အချက်အချာနေရာများမှတ်တမ်း၊ လူများမှတ်တမ်းများ ကို ရှာဖွေစုဆောင်းပြီး လေ့လာမှတ်သား၏။ ဆရာတော်ဘုရားကြီးသွားစဉ်က ရန်ကုန်-မန္တလေးရထား ခန်း (၇) တွဲ၊ ရန်ကုန်ဘူတာကြီးမှ ရွှေတိဂုံဘုရားကို ဓါတ်ရထားစီးသွားရာ ဓါတ်ရထားကနှစ်ပြား၊ ရန်ကုန်သင်္ဘောဆိပ်အရောက် ပဋ္ဌမတန်းတလူ (၁) ယောက် (၅၀)ပေးရ၏။ ဟု မှတ်သား၏။ ဖတ်စရာရှိ တာဖတ်၊ မှတ်စရာရှိတာမှတ်နှင့် အချိန်တော် တော်ကုန်သွား၏။ နာရီကြည့်လိုက်သောအခါ ည (၁၀)နာရီ ခွဲနေ၏။ သို့ဖြစ်၍ အိပ်လိုက်တော့သည်။

နံနက် (၂)ချက်ခွဲလောက် နိုးလာ၏။ ကိုယ်လက်သန့်ရှင်းပြီး ဘုရားကန်တော့ ပရိတ်ယူ၍ အဓိဋ္ဌာန်ပုတီး စိတ်၍ နံနက် (၅)နာရီ ခွဲလောက် မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ တော်သလင်းလဆန်း (၁၄)ရက်၊ သောကြာနေ့ (၁၉၅၅၊ စက်တင်ဘာ ၃၀ ရက် ) နံနက် (၅) နာရီခွဲအချိန်ပုထိုးတော်ကြီးဘုရားသွားပြီးအထက်ပစ္စယာတက်၍၊ စနေထောင့် ထောဝမရုပ်မှ သုဝဏော (၉)ချက်ပုတီးအဓိဋ္ဌာန်စိတ်၏။ ပုတီး (၃)ပါတ်ရလျှင် မိုးလင်းလာ၏။ မိုးလေးဖွဲဖွဲကျလာ၏။ ပုတီးလေးပါတ် လောက်ရတော့ မိုးမကျတော့ပေ။ ကျွန်ုပ်ပုတီးစိတ်နေသော ညာဘက်က ရှဲရှဲ - ရှဲရှဲနှင့် အသံကြားနေရ၏။ မျက်စိမဖွင့်ဘဲ ပုတီးကိုသာ စိပ်နေ၏၊ ပုတီး(၅)ပါတ်ရသည့်တိုင်အောင် ကြားနေရ၏၊ ပုတီး(၆)ပါတ်အတွင်း ထို ရှဲရှဲ - ရှဲရှဲ အသံက ငြိမ်သွား၏။ ကျွန်ုပ်၏ ညာဘက်ပေါင်ကို အရာတစ်ခုကထိလာ၏၊နည်းနည်းနွေးနေ၏။ ပုတီး (၆)ပါတ်ပြီးလျှင် ကျွန်ုပ်၏ ထိုင်ခွင်အလယ်တွင် အရာဝတ္ထုတစ်ခုကျလာတာကို သိလိုက်၏။ မျက်စိမဖွင့်ဘဲ၊ ဆက်စိပ်နေ၏။ ပုတီး (၁၀)ပါတ်ရလျှင် ဝဲဘက်အောက အယုပ်ကြီး (၀)ထုပ်ပစ်ချလိုက်သော အသံကြားလိုက်ရ၏။ မျက်စိမဖွင့်ဘဲ ပုတီးဆက်စိပ် နေ၏၊ သို့နှင့်ပင် (၁၁) ပါတ်ရသဖြင့် အဓိဋ္ဌာန်ပြီးသွား၏။ ထိုင်ခွင်ပေါ် ကျလာသော အရာတလေးကို ယူကြည့်လိုက်၏။ ငွေကြုပ်ကလေးဖြစ်နေ၏။ ကြုပ်ကလေးက လက်သန်းလုံးလောက်ရှိ၏၊ အရှည်က (၂) လက်မ နီးနီးရှိ၏။ ကြုပ်အဖုံးလေးကို လှည့်ဖွင့်ကြည့်၏။ အဖုံးဖွင့်တော့ အမွှေးနံ့လေးရလာ၏၊ ဘာလဲဆိုပြီး လက်ဖဝါးပေါ် သွန်ကြည့်၏။ မုံညင်းစေ့လောက်အလုံးလေးများ ကျလာ၏။ အလုံးလေးများ ရေကြည့်တော့ (၃၇)လုံးရှိ၏။ ဒါတွေဟာ ဘုရားဓါတ်တော်များဖြစ်ရမည်လို့ မှတ်ယူပြီး ရိုသေလှစွာရှိခိုးပြီး ကြုပ်ထဲပြန်ထည့်၏။ ကျွန်ုပ်ရှေ့တွင်ထား၍ ပရိတ်များ၊ ဂါထာ၊ မန္တာန်များနှင့် ရှိခိုးပူဇော်ပြီးနောက် မေတ္တာပို့ အမျှဝေ ကြုပ်ကလေးကို တရိုတသေကိုင်တွယ်ပြီး လွယ်အိတ်တွင်ထည့်၍ ကျောင်းသို့ပင့်လာခဲ့၏။ ကျောင်းရောက်၍

နာရီကြည့်လျှင် (၁၀)နာရီခွဲနေ၏။ သီလရှင်ကြီးများကပ်သော ဆွမ်းကိုစားပြီး ခေတ္တနား နေခိုက် အသက် (၄၀)အရွယ်လောက် တကာတယောက် ရောက်လာ၏။ ကျွန်ုပ်ကိုရှိခိုးပြီး ထိုသူက ဓါတ်တော်များ ပူဇော်ကိုးကွယ် လိုကြောင်း ရှိလျှင်စွန့်ဘို့ လျှောက်ထား၏။ ကျွန်ုပ်က-

"ဒကာ ဦးပဥ္စင်းက ဘုရားတည်ဘို့ရည်ရွယ်ထားတော့ ဓါတ်တော်များသိပ်လိုချင်နေတာ၊ အနည်းဆုံး ဓါတ်တော် (၁၀၀၀) လောက်ရလျှင် ဦးပဥ္စင်းဖို့ ဘုရားတည်ဖြစ်လိမ့်မယ်ထင်တယ် အခုလဲ ရသမျှဓါတ်တော်တွေ စုနေတာ။ ဒကာဆီရှိလဲ ဦးပဥ္စင်းလှူစမ်းပါဦး" ဟုပြောရာ ဒကာက

"စာပည့်တော်ရလျှင်လဲ လှူပါ့မယ်ဘုရား" ဟုခိုကာ ဝတ်ချ၍ ထပြန်သွား၏

တခဏကြာသော် ရေချိုးပြီး ခဏလောမှေးအိပ်နေ၏၊

"အရှင်ဘုရား၊ အရှင်ဘုရား"ဟု နှစ်ခွန်းခေါ်၍ မျက်စိဖွင့်ကြည့်သော် ဓါတ်တော်တောင်းသော ဒကာပြန်ရောက်လာ၏။

"အရှင့်ဘုရားတဓါတ်တော်လိုချင်တယ်ဆို၍ အိမ်ပြန်ပြီး တပည့်တော်ကိုးကွယ် ထားသော ဓါတ်တော် (၉)ဆူကို အရှင်ဘုရားထံလာလှူတာပါဘုရား"

ဟုဆိုပြီး ဓါတ်တော်ပုလ္လင်ကိုပေးလှူ၏၊ ကျွန်ုပ်ကယူပြီး သေချာကြည့်၏။

"ဒကာ့ဓါတ်တော်က ကျောက်နီလေးများနှင့်တူတယ်နော်"

"မှန်ပါဘုရား အသွေးတော်မှဖြစ်သော ဓါတ်တော်များပါဘုရား"

"ကောင်းလှပါပြီတကာကြီး၊ သာဓုပါ. . သာဓုပါ"

"တပည့်တော်ကို သွားခွင့်ပြုပါအုံးဘုရား"

"ကောင်းပြီဒကာကြီးကောင်းပြီ၊ ကျန်းမာချမ်းသာ၍ အလိုဆန္ဒပြည့်စုံပါစေ" ဟု ကျွန်ုပ်ကဆုပေးလိုက်၏၊ ဒကာကြီးက ဦးညွတ်ပြီးထသွား၏။ ဓါတ်တော်ပုလင်းကိုယူပြီး ကျွန်ုပ် ရလာသော ဓာတ်တော်ပုလင်းနှင့်ယှဉ်ပြီး မှန်စားပွဲတိုက်ထဲ ထားလိုက်၏။ ပြန်အိပ်၏။ နေ့တချက်ခွဲလောက် နိုးလာ၍ ဓါတ်ကြီးလေးပါးအဓိဋ္ဌာန် ဆက်စိတ်နေ၏။ ညနေ (၄)နာရီလောက် ကျတော့ ကျောက်တော်ကြီး၊ တောင်မင်းကြီး အောင်မြေဘုရားသို့ သွားပြီး ပုတီးအဓိဋ္ဌာန် များ (၂၇)ပါတ်စိပ်၏။ ည (၇) နာရီခွဲ ပုတီးပြီးလျှင် ပြန်လာပြီး ကျောင်းရောက်သောအခါ ခေတ္တနား၊ စီးကရက်လေး တစ်လိပ်လောက်သောက်၍ ကျန်နေသေးသောဂါထာ မန္တာန်များရွတ် မေတ္တာပို့အမျှဝေ၏၊ အမျှဝေပြီးလျှင် နာရီကြည့်တော့ (၁၀)နာရီ (၁၅) မိနစ်ရှိနေ၍ အိပ်ချိန်ရောက်၍ အိပ်လိုက်၏၊ နံနက် (၂) ခွဲကထပြီး ကိုယ်လက်သန့်ရှင်းပြီးစီး၍ မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ တော်သလင်းလပြည့် ၈နေ့နေ့. (၁၉၅၅၊ အောက်တိုဘာ ၁ ရက်)ဓါတ်ကြီးလေးပါးအဓိဋ္ဌာန် သုဂတော (၅)ချက်စိပ်၏။ ပုတီး (၁၂)ပါတ်ရလျှင် (၅)နာရီသံချောင်း ခေါက်သံကြား၍ ကန်တော့ဝတ်ချပြီး ပုထိုးတော်ကြီးဘုရား သုဂတော (၉)ချတ် အဓိဋ္ဌာန် (၃) ရက်မြောက် ပုတီးစိတ်ရန်ထွက်လာ၏ ပုထိုးတော်ကြီး ဘုရားရောက်လျှင် အထက်ပစ္စယာ ၈နေထောင့်မှ ကန်တော့ဝတ်ချ ပရိက်ယူပြီး စိတ်တော့၏။ ပုတီးပါတ် (၅)ပါတ်ရလျှင် မိုးချိန်းပြီး မိုးကြီးသည်းထန်စွာရွာလာ၏၊ မိုးပြင်ထန်စွာရွာပေမဲ့ အဓိဋ္ဌာန်ဖျက်မှာစိုး၍ မထတဲ

စိတ်နေ၏။ ပုတီး (၉)ပါတ်ရတော့ မိုးတိတ်သွား၏။ လူလဲတကိုယ်လုံး ရွှဲစိုနေ၏၊ ပုတီး (၁၀) ပါတ်ရ၍ တစ်ဒွာန်ပြီးလျှင် မေတ္တာပို့အမျှဝေပြီး ပြန်လာခဲ့၏။ ကျောင်းရောက်တော့ နာရီကြည့်လိုက်၏။ နံနက် (၈)နာရီထိုးနေ၏၊ သင်္ကန်းများလဲပြီး ကျန်ပါတ်(၄)ပါး၊ တစ်ဒွာန်ပုတီး ဆက်စိတ်နေ၏။ နံနက် (၁၀)နာရီထိုးလျှင် ဆွမ်းစား၊ သံချောင်းခေါက်၍ ဆွမ်းစား၏။ ပြီးလျှင် ရေချိုးပြီး ရေ့တစ်ဒွာန်စိတ် ခဏလေးမှေးတိပ်၏။ နေ့(၂) ချက်ခွဲက (၃)နာရီလောက် ဘုရားဖူးထွက် ပုတီးစိတ်၏။ ကျောက်တော်ကြီး၊ တောင်မင်းကြီးကျေးဘုရားကြီးတို့ကို ပုတီး (၂၇)ပတ်စိတ်စိတ်၏။ စိတ်ပြီး ကျောင်းပြန်လာ၏။ ကျောင်းရောက်တော့ ည (၈)နာရီခွဲနေ၏။ ပရိတ်များ၊ ဂါထာ၊ မန္တာန်များ ရွတ်ပြီး မေတ္တာပို့နေ၏၊ မေတ္တာပို့အမျှဝေပြီး နာရီကြည့်လိုက်၏။ ည (၁၀) နာရီခွဲနေ၏၊ ထို့ကြောင့် အိပ်လိုက်တော့၏၊ အိပ်မက်မက်၏။ ပုကိုးတော်ကြီးရောက်သွား၏ ပုထိုးတော်ကြီးက ထုံးဖွေးဖွေးမဟုတ် စေတီတော် တစ်ဆူလုံး ရွှေအတိပြည့်နေ၏၊ ထီးတော်မှ အောက်ဖိနပ်တော် တစ်ဆူလုံး ရွှေအတိပြည့်နေ၏။ ထီးတော်မှ အောက်ဖိနပ်တော် စိန်တောင်များတိုင်အောင် ရွှေများချထား၏၊ ဘုရားပတ်လည်လည်းအာရုံခံပြသာဒ်၊ တန်ဆောင်းများရန်ထား၏။ အာရုံခံ ပြသာဒ်တန်ဆောင်းများ ကလည်း ရွှေချထား၍ ရွှေတန်ဆောင်း ပြသာဒ်များဖြစ်နေ၏။ ကြည့်လို့မငြီး၊ ဖူးလို့မဝဖြစ်နေ၏၊ ဘုရားလှည့်ပတ် ဖူးပြီး တောင်အရပ်က ရွှေပြသာဒ် ဆောင်ထဲထိုင်၍ ရှိုနိုးဝတ်ချ ပရိက်ယူနေခိုက် နဂါးကြီးတစ်ကောင် ကျွန်ုပ်၏ ညာဖက်ဘေးက ပါးပျင်းထောင်ပြူး ခွေနေ၏၊ တကိုယ်လုံးက မြသားရောင် အခံတွင်းကပဏ္ဍမြားနီရောင်တို့နှင့် အလွန်တင့်တယ် ပျည့်ဖွယ်ကောင်း လှပေ၏၊ ကျွန်ုပ်လည်းပရိက်ယူပြီး နဂါးဖက်လှည့်၍

(ဥင်း) "အသင်နဂါးမင်း ကျွန်ုပ်ထံလာခြင်းတိစ္စ ပြောပြပါ"

နဂါးကြီးက ဦးသုံးကြိမ်ညွှတ်ပြီး မင်းသားလေးအသွင်ဖြစ်သွား၏၊ မင်းသားလေးက ဒူးတုပ် လက်တုပ်ချီ၍ လျှောက်သည်မှာ -

(ဂါး) "အရှင်မြတ်ဘုရား၊ ဘုရားတည်ရန်အတွက်၊ အထက်ပစ္စယာပေါ်မှာ ငွေကြုပ်ကလေးထဲ ဓါတ်တော် (၇၇) ဆူထည့်ပြီး အရှင်မြတ်ထိုင်ခွင်ထဲထည့်ပြီးလှူခဲ့ပါတယ်၊ ရပါသလားဘုရား"

(ဥင်း) "ရပါတယ်၊ အဲဒီဓါတ်တော်များဟာ ဧကာတယ်လိုရလာတာလဲဆိုတာ၊ ဦးပဥ္စင်းကြည့်ညိုရအောင် ဝန်မလေးရင် ပြောပြပါလား"

(ဂါး) "ဝန်မလေးပါဘုရား၊ ပုဂံမင်းတည်သော ဂူပျက်ကြီးထဲမှ ရတာပါဘုရား၊ တပည့်တော်တို့ ကိုးကွယ် ထားတာ အနှစ် (၂၀၀) ကျော်ပါပြီဘုရား"

(ဥင်း) "ဒီလိုသိရတာ၊ ဝမ်းမြောက်ပါတယ်ဧကာ၊ သာဓုခေါ်ပါတယ်၊ လူနတ်ဗြဟ္မာသတ္တဝါများအတွက်၊ ကပ်လွတ်၊ ကပ်ကျော် ဘုရားကြီးတည်သောအခါ ဧကာရဲ့ ဓါတ်တော်က မပါမပြီးတဲ့ ပစ္စည်းမို့ အလွန် အရေးကြီးတဲ့ ကဏ္ဍကပါဝင်နေပါတယ်၊ ဘုရားတည်သောအခါ မပါမပြီးတဲ့ တန်ဖိုးရှိလှတဲ့ ပစ္စည်းများက (၃) မျိုး ရှိပါတယ်။

(၁) ပဌမ အမျိုးအစားက ဘုရားဓါတ်တော်ဖြစ်ပါတယ်။

(၂) ဒုတိယအမျိုးအစားက သတ္တဋ္ဌာနနှင့် ဗုဒ္ဓဝင်ကျမ်းများဖြစ်ပါတယ်၊

ဗုဒ္ဓဝင်ခဏ်းအကျဉ်းချုပ် မှတ်ထားရန်ကား မသိကြလျှင်တွေးဆဦး တဲ့ တကာရဲ့

(၃) ခဏ်းရှိတယ်၊ ထို (၇)ခဏ်းဟာလိုရင်းပါ။

(ဂါ) "တဲဒီ(၇)ခန်း အဓိပ္ပါယ်သိပါရစေဘုရား"

(ဋ္ဌင်း) "အဓိပ္ပါယ်က ဒီလိုပါ

မ - ကြာသပတေးနေ့မှာ သန္ဓေယူတယ်

သိ - သောကြာနေ့မှာ ဖွားတော်မူတယ်

ကြ - တနင်္လာနေ့မှာ တောထွက်တော်မူတယ်

လျှင် - ဗုဒ္ဓဟူးနေ့မှာ ဘုရားဖြစ်တော်မူတယ်

တွေး - စနေနေ့မှာ ဓမ္မစကြာတရား ဟောတော်မူတယ်

ဆ - အင်္ဂါနေ့မှာ အာယုသင်္ခါလွှတ်တော်မူတယ်

ဦး - တနင်္ဂနွေနေ့မှာ ထေဝအခါတ်လောင်တော်မူတယ်။

(၃) တတိယအမျိုးအစားက မြတ်စွာဘုရားသိတင်းသုံး ဝါဆိုတော်မူတဲ့ ဌာနများအခဏ်းဖြစ်ပါတယ်။ ဒီသုံးမျိုး ဘုရားတည်ရာမှာ မပါလို့မဖြစ်ပါဘူး ဝါတို ပါရပါတယ်။ မင်းတည်စိုးတည်ကြတော့ (၅၅၀)ဇာတ် တွေထည့်ပြီး ဌာပနာကြတယ်။ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ ကိုယ်အလေးချိန်အမျှ ဘုရားရုပ်ပွားတော်များနှင့် ရွှေဖြစ်စေ၊ ငွေနှင့်ဖြစ်စေ၊ ကြေးနှင့်ဖြစ်စေ၊ သုတ္တိုပုံများဖြစ်စေ၊ ပြုလုပ်ပြီး ဌာပနာကြတယ်"

(ဂါ) "ဘုရားတည်သောအခါ မပါမပြီးသော ပစ္စည်း (၃)မျိုးကို ဘုရားတပည့်တော် ယခုမှကြားသိရ ပါတယ် ဘုရား။ လေးလေးနက်နက်လည်း မှတ်သားထားပါမည်ဘုရား။ တပည့်တော် အမျိုးအနွယ်ကာဒတ္တရွှေ အမျိုးအနွယ်ပါ၊ တပည့်တော်အမည်ကတော့ သုဒတ္တလို့ခေါ်ပါတယ်ဘုရား။ အလိုရှိသောအခါမြေကြီးကိုကြည့်ပြီး ခေါ်လိုက်ပါဘုရား"

(ဋ္ဌင်း) တောင်းပါပြီသုဒတ္တ၊ ကျန်းမာချမ်းသာ၍ အလိုဆန္ဒများ ပြည့်စုံပါစေ"

ကျွန်ုပ်နိုးလာ၍ နာရီကြည့်လိုက်တော့ နံနက် (၃)နာရီ ထိုးနေ၏။ ထပြီးအိမ်မက်မှတ်တမ်း ရေးလိုက်၏။ တိုယ်လတ်သန့်ရှင်းပြီး နေ့စဉ်မှတ်တမ်း ရေးလိုက်၏။

၁၃၁၇-ခု၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ တနင်္ဂနွေနေ့ (၁၉၅၅၊ အောက်တိုဘာ ၂ ရက်) ဝတ်ချကန်တော့ ပရိတ်ယူခါတ်ကြီးလေးပါး အဓိဋ္ဌာန်စိတ်၏။ ပုတီး (၀၂) ပါတ်ရလျှင်၊ နံနက် (၅)နာရီ သံချောင်း ခေါက်သံကြား၍ ကန်တော့ဝတ်ချ၏။ ပုထိုးတော်ကြီးဘုရားကို အဓိဋ္ဌာန်စိတ်ရန်လာခဲ့၏။ ဘုရားရောက်လျှင် ရှိခိုးဝတ်ချ ပရိတ်ယူပြီး အဓိဋ္ဌာန်ပုတီး စိတ်တော့၏။ ပုတီး စစိတ်လျှင် ဂုဏ်တော်၊ ဂါထာများ ကျွန်ုပ်ဆိုသလို ဘေးကဆိုနေသော အသံကြားရ၏။ သေသေချာချာ နားထောင်လေ သေသေချာချာ ကြားရလေ ဖြစ်၏။ သုဂတော တိုးချက်ဂါထာကို မမှားအောင် အတော်ဂရုစိုက်၍ ဆိုရခြင်းအပြင်၊ အာရုံဂရုမစိုက်ဘဲ စိတ်ထဲကနေဆိုပြီး ပုတီးတိုသာ အသိစိတ်ကလေးနှင့် စိတ်နေ၏။ သမာဓိတော်တော်ရနေ၏၊ စိတ်လှိုလဲ အလွန်ကောင်းနေ၏၊ (၁၀)ပတ်လောက်ရလျှင် သစ်ပင်ကြီး တပင်လဲသံကဲ့သို့ ပြင်းထန်သော ပြည်ဟီးသံကြီး ကြားရ၏၊ ဘုရား တောင်ဘက်ဘေးက ကြားရ၏။ ပုတီး (၁၀) ပတ်ပြီးတော့ အသံမျှ မကြားရတော့ပေ။ နာရီကြည့်လိုက်လျှင်

နံနက် (၇)နာရီ (၃၀)ရှိသေး၏၊ ထို့ကြောင့် ရွှေဂူကြီးဘုရားဘက် သွားစိတ်၏၊ သုဂတော (၅)ချက် (၁၀)ပါတ်စိတ်ပြီးသွား၏။ နာရီကလည်း (၁၀)နာရီမတ်တင်းရှိနေ၏။ ထို့ကြောင့် ကျောင်းပြန်ခဲ့၏၊ နေ့ (၁၀)နာရီခွဲ ဆွမ်းစား၏ ထုံးစံအတိုင်း ရေချိုးပြီးတခမွးအိပ်၏။ နေ့လည် (၂)ချက်ထိုးလျှင်နိုး၏၊ (၂-၃-၄-၅-၆) ရက်နေ့များ၌ ဖြစ်ရပ်ဆန်းများ မတွေ့ရပေ၊ ၎င်းနှစ် တော်သလင်းလဆန်း (၇)ရက်နေ့ ပုထိုးတော်ကြီးဘုရား နံနက် (၅) နာရီ အဓိဋ္ဌာန်စိတ်သောအခါ ပုတီး (၃)ပါတ်ရလျှင် ဘုရားသပိတ်မှောက်မှ ဝန်းဆွဲဘီလူးကြီးများက မကြောက်မက်ဖွယ် ကောင်းသော ရယ်သံများ ကြားရ၏။ ထို့ပြင် လူ (၃)ပြန်လောက် အရပ်ရှိသော ဘီလူးကြီးက ကျွန်ုပ်ကို တင်းပုတ်နှင့် ထုရန် ရွယ်နေ၏၊ ကျွန်ုပ်က မျက်စိမှိတ်ပြီး ပုတီးဘဲ ဆက်စိတ်နေ၏။ ထိုဘီလူးကြီးကို အကြောင်းမခံပေ၊ ပုတီး (၅)ပတ်လောက်ရတော့ မျက်စိဖွင့်ပြီး အခြေအနေကို ကြည့်လိုက်၏၊ မိုးလင်းနေပြီဖြစ်၍ တင်းပုတ်ကိုင်ရပ်နေသော ဘီလူးကြီးကို တင်းပုတ်ကိုင်လျှက် ရပ်နေ သေးသည်ကို မြင်တွေ့ရသေး၏၊ မျက်စိမှိတ်ပြီး စိတ်နေပြန်၏၊ ပုတီးပါတ် (၉)ပါတ်ရတော့ အသံမှ မကြားရ မမြင်ရ တော့ပေ၊ ပုတီး (၁၁)ပတ်ရလျှင် အဓိဋ္ဌာန်ပြီး၏၊ ပရိတ်၊ ဂါထာ၊ မန္တာန်များရွတ်၊ မေတ္တာပို့ အမျှဝေ၏၊ထိုပုတီး (၃)ပါတ်ရတုံးက ရယ်နေကြသော ဘီလူးများက သာဓုခေါ်ကြပြန်၏၊ ကျွန်ုပ်လည်း စိတ်ထဲတွင် ရယ်ပြီးလှောင်ပြောင်ကြတော့လဲ သူတို့၊ အခုကောင်းမှီး ပေးပြီး သာဓုခေါ်တော့လည်း သူတို့ပဲ ဖြစ်နိုင်တယ်ဟု အောက်မေ့မိ၏၊ ပြောမိ၏။ တင်းပုတ်ကိုင်သောဘီလူးက တင်းပုတ်ကိုင်လျှက် ပေါ်လာပြန်၏။ တခဏခြင်း ဘီလူးအသွင်ပျောက်၍ လူအသွင်ပေါ်လာ၏၊ ကျွန်ုပ်ကို ထိုင်ပြီး ဝတ်ချကန်တော့၏၊ သူလျှောက်ထားသည်မှာ "တပည့်တော် ဖြစ်မှားမိတာ ဝန်ချတောင်းပန်ပါတယ်ဘုရား၊ ကြေအေးတော် မူပါဘုရား" (၎င်း)၊ "ကြေအေးခွင့်လွှတ်ပါတယ်ဒကာ" ဟု ပြောလိုက်သည်နှင့် တပြိုင်နက်ပျောက်ကွယ်သွား၏၊ ဘုံကြီးစရာပေ၊ ကျွန်ုပ်လည်း အမျှဝေပြီးကျောင်းပြန်လာ၏။ နာရီကြည့်လိုက်၏ (၉)နာရီခွဲနေ၏၊ အချိန်ရသေးတာနဲ့ မိနဲ့ဘောင်ကြာ ဘုရားထဲဝင်ပြီး ပုတီးစိတ်နေပြန်၏၊ သုဂတော (၅)ချက် (၂) ပတ်ရလျှင် တောက်ခေါက်သံမြင်းမြင်း ကြားရ၏၊ ပုတီးဆက် စိတ်နေ၏။ ပုတီး (၆) ပတ်ရတော့ ကန်တော့ဝတ်ချဆုတောင်း အမျှဝေပြီးပြန်လာ၏၊ ကျောင်းရောက်လျှင် ဆွမ်းပြင်ထား၍ အတပ်ခံပြီးဆွမ်းစား၏၊ တခဏကြာတော့ ရေချိုးတမှေးအိပ်၏၊ နေ့ (၁)ချက်ခွဲလောက် နိုးလာ၏၊ ဘုရားများ အဓိဋ္ဌာန် ပုတီးစိတ်ရန် သွား၏၊ သရက်နှစ်ပင်သချိုင်းနားက မြသိန်းတန် ဘုရားပုတီး (၂၇)ပတ်စိတ်၏ (၂၆) ပတ်ရလျှင် ဘုရားတပည့်တော်တို့ဆီ ကမိဋ္ဌာန်ဝင် ပြီး "ဝေမာတိကတွေကို ချွတ်ပေးပါအုံးဘုရား" ဟု ပြောသောအသံကြားရ၏ နောက်တကြိမ်ကြတော့ ထိုကဲ့သို့ ကျယ်ကျယ်အော်ပြော၏၊ ပုတီး (၂၇)ပါတ်ပြီးလျှင် မေတ္တာပို့ပြီး ဝေမာတိကတွေ အမျှပေးဝေ၏၊ အသင်တို့ထံ အမိဋ္ဌာန်လာဝင်မယ်ဟု ပြောခဲ့၏၊ ရွှေဘုံသာဘုရားဝင်း ပုတီး (၂၇)ပါတ်စိတ်၏ ဘာမှ မထူးခြားပေ၊ အောင်မြေရွှေဘုံဝင်ပုတီး (၂၇) ပတ်စိတ်ပြန်၏၊ ပြီးလျှင်မေတ္တာ ပို့ အမျှဝေ၏၊ ကျောင်းပြန်လာ၏၊ အချိန်ကျ၍ အိပ်လိုက်၏၊ နံနက် (၂) ချက်ခွဲ နိုးလာ၏၊ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်၏၊

၁၃၁၇-တော်သလင်းလဆုတ် (၈)ရက်၊ တနင်္ဂနွေနေ့ (၁၉၅၅၊ အောက်တိုဘာ ၉ ရက်) ဘုရားကန်တော့ ဝတ်ချရှိခိုး ပရိက်ယူ၍ ခါတ်ကြီးလေးပါး သုဂတော(၅)ချက် အဓိဋ္ဌာန်စိတ်၏၊ ပုတီး (၁၂)ပါတ်ရလျှင် သုဂတော (၉) ချက် အဓိဋ္ဌာန်စိတ်ရန် ပုထိုးတော်ကြီးသွား၏။ ပုထိုးတော်ကြီးဘုရား အနောက်လှေခါးမှ စေတီတော်ကြီး

ပေါ်တက်၍ ဘုရားတပတ်ပတ်ပြီး စနေထောင့်ကထိုင်ကန်တော့ ပရိတ်ရွတ်ဂါထာ၊ မန္တာများရွတ်၊ မေတ္တာပို့ အမျှဝေ၍ ကန်တော့ဝတ်ချပြီး ထလိုက်သည်နှင့် တပြိုင်နက် မိန်းကလေး (၅)ယောက် ပြေးလာပြီးဝတ်ချကြ၏၊ အကြီးဆုံးအလှဆုံး ကောမလေးလျှောက်သည်မှာ "တပည့်တော်မတို့ နေ့စဉ်ပုတီးစိတ် ပြီးတိုင်း မေတ္တာပို့ ပေးပါဘုရား၊ အမျှဝေပေးပါဘုရား၊ မြကေသီတို့ ညီမ အချွေအရံများ အမျှပေးဝေပါ၏ ဆိုပြီး အမျှဝေပေးပါဘုရား တပည့်တော်တို့က ဝိနားက မကျည်းတော သိုက်ကပါဘုရား။"

(ဦးဝင်း) "နေ့စဉ်နှင့်အမျှ ဝိမှာ အဓိဋ္ဌာန်မပြီးမချင်း မြကေသီတို့ကို မေတ္တာပို့ အမျှပေးဝေပါမယ် ယခု ပုတီးစိတ်ရသော ဘာဝနာ ကုသိုလ်အဖို့များကို မြကေသီတို့ ညီမတစု ရံရွေဖော်များ အမျှ..အမျှ..အမျှ"

(သီ) "သာဓု-သာဓု-သာဓု" ပါဘုရား၊ တပည့်တော်တို့ ဘယာကြောင်များကင်းလွှပါမယ်ဘုရား၊ လက်ခံတော်မူ ပါဘုရား"

ကျွန်ုပ်က လက်ခံသူလိုက်၏၊ မြကေသီတို့ကသွားခွင့်ပြုပါဘုရားဆိုပြီး ရှိခိုးဝန်ချ၍ ပြန်သွားကြ၏။ ကျွန်ုပ်လည်း ကျောင်းသို့ပြန်လာခဲ့၏။ ကျောင်းရောက်တော့ ဆွမ်းစားဖို့ပြင်ထားသဖြင့် ဆွမ်းစား၏၊ ဆွမ်းစားပြီး နာရီကြည့်တော့ (၁၁) နာရီခွဲနေ၏၊ ဓာနား၍ ရေချိုးတမှေးအိပ်လိုက်၏၊ (၂)ချက်နီးလာ၏၊ ရေလည်ကျောင်း မြသိန်းတန်ဘုရားသို့ သွား၍ ပုတီးအဓိဋ္ဌာန် (၂၇)ပတ်စိတ်၊ ရွှေဘုံသာ ဘုရားပုတီးစိတ်၊ အောင်မြေဘုရားပုတီးစိတ် ညနေ (၆)နာရီခွဲကျောင်းပြန်လာပြီး ကျန်အဓိဋ္ဌာန်များ စိတ်နေ၏။ ညနေ(၉)နာရီ ထိုးလျှင် ပရိတ်ရွတ်၊ ဂါထာ၊ မန္တာန်များရွတ် မေတ္တာပို့ အမျှဝေပြီးသောအခါ (၁၀)နာရီ (၂၀) မြစ်နေ၍ အိပ်လိုက်တော့၏။ ထိုနေ့မှစ၍ ပုထိုးတော်ကြီး အဓိဋ္ဌာန်မပြီးမခြင်း မြသိန်းတန်ဘုရား သွားစိတ်ပြီး မေတ္တာပို့ အမျှဝေရန် အဓိဋ္ဌာန်ထားလိုက်၏။ နံနက် (၂) ချက်ခွဲထ ကိုယ်လက်သန့်ရှင်းပြီး ကန်တော့ ဝန်ချ ပရိကံယူ သုဂတော(၅)ချက် အဓိဋ္ဌာန်စိတ် နံနက် (၅)နာရီထိုး လျှင် မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ တော်သလင်းလဆုပ် (၉)ရက်၊ တနင်္လာနေ့ (၁၉၅၅၊ အောက်တိုဘာ ၁၀ ရက်) ပုထိုးတော် ကြီးသွား ပုတီးအဓိဋ္ဌာန်စိတ်၏။ ပုတီးစိတ်လို့ကောင်းတာမှတပါး ဘာအတွေ့အကြုံမှ မရှိပေ- ထိုနည်းရင်း (၁၀-၁၁-၁၂-၀၃-၀၄) ရက်နေ့များ၌ ဘာမျှမတွေ့။

၁၃၁၇-ခု၊ တော်သလင်းလကွယ်နေ့၊ တနင်္ဂနွေ (၁၉၅၅၊ အောက်တိုဘာ ၁၆ ရက်) နေ့ဖြစ်၍ (၂)ချက်ထ ကိုယ်လက်သန့်ရှင်းပြီး အဓိဋ္ဌာန်ပုတီးစိတ်၏။ နံနက် (၅)နာရီထိုးလျှင် အဓိဋ္ဌာန်ပုတီးရပ်နား၍ ပုထိုးတော်ကြီးဘုရား သုဂတော (၉)ချက်အဓိဋ္ဌာန်စိတ်ရန်သွား၏။ လမ်းလျှောက်စိတ် သွားရာ သုဂတော(၅)ချက် (၁)ပါတ်ရ၏၊ ဘုရားရောက်လျှင် အနောက်မုခ်မှတက်၍ အထက်ပစ္စယာတွင် ကန်တော့ ပရိကံယူပြီးအဓိဋ္ဌာန်ပုတီး စိတ်တော့၏။ ပုတီး (၃)ပတ်ရလျှင် ကျွန်ုပ်ပုတီးစိတ်သောရှေ့မှာ ရှိုးငှက်အုပ်ကျလာကာ- တကူးကူးနှင့် (၂)ကောင်တတွဲ (၃)ကောင်တတွဲ သံပြိုင်ကူကြ၏။ အကောင် (၄၀) (၅၀) လောက်ရှိမည့်ထင်၏၊ ကျွန်ုပ်ပုတီးစိပ်သောနေရာနှင့် (၁၀)တောင် လောက်သာကွာမည်ထင်သည် ပုတီး(၃)ပါတ်ခွဲလောက်ရသော် ကူနေသော ချိုးများပျံသွားကြ၏။ ပုတီး (၅)ပတ်လောက်ရတော့ တညင်ကြက် (၉)ကောင်ကျလာပြန်၏၊ ချိုးများကျ သောနေရာတွင်ကျ၏၊ တွန်ကြပြန်၏။ အသံစူးလေးဖြင့် အောက်အီးအီးတွတ်ဟု (၁)ကောင် (၁)ကောင် (၃)ခါစီ တွန်၍ ပြန်သွားကြပြန်၏။

ကျွန်ုပ်ပုတီး (၁၀)ပါတ်ရ၍ အဓိဋ္ဌာန်ပြီးသဖြင့် မေတ္တာပို့အမျှဝေ တန်တော့ ဝတ်ချပြီးထ၍မျိုးများ၊ ကြက်များကျသောနေရာသို့ ဘာသတောလဲဟုသွားကြည့်စူးစမ်း၏ ကျောက်နီများ၊ ကျောက် စိမ်းများ၊ ဗုလဲများတွေ့ရ၍ ကောက်ယူခဲ့၏။ ကျောင်းရောက်၍ ရေတွက်ကြည့်သောအခါ တစ်မျိုး (၄၅)လုံးဖြစ်နေ၏၊ (၃)မျိုးဖြစ်၍ ကြင်းကျေ(၄၅)လုံးဖြစ်၍ နဝင်းကျေသောအထူးတောင်မြင်သောနေ့ဟု ကောက်ယူပြီး ဘုရားတည်သောအခါ ဌာပနာရန် သိမ်းထားလိုက်၏။ သီလရှင်ကြီး (၁)ပါးက (၁၀) နာရီ ခွဲပြီဘုရား၊ ဆွမ်းစားကြွပါဘုရားဟု လျှောက်၍ ဆွမ်းစားလိုက်၏။ ဆွမ်းစားပြီးလျှင် ခေတ္တအနားယူ၍ မနက်ခင်းက အတွေ့အကြုံများကို စဉ်းစားနေ၏၊ ထိုအခိုက်စဉ်းစားနေတာကိုယ့်လုပ်ငန်းမဟုတ်ဘူး ကိုယ့်ပုတီးစိပ်ရမည့်လုပ်ငန်းကိုသာဆက်လုပ်ပါ၊ နောက်ကျတော့ အမြေပေါ် လာလိမ့်မယ် ဟုပြောသံကြား၍ လှည့်ကြည့်လိုက်တော့မည့်သူမှ မတွေ့ရပေ။ ကျွန်ုပ်လည်း ရေချိုးသွားပြီး မြန်မြန်ပြန်လာခါ ကျန်သောအဓိဋ္ဌာန် ပုတီးကို ဆက်စိတ်နေ၏။ နေ့ (၁၂) နာရီ ခွဲလျှင်ခေတ္တမှေး အိပ်လိုက်သည်၊ နေ့ (၂) ချက်ထိုးတော့ နိုးလာ၏။ မြသိန်းတန် ဘုရားရွှေဘုံသာဘုရား၊ အောင်မြေဘုရားများသွားပြီး အဓိဋ္ဌာန်ပုတီးစိတ်၏။ ည(၈) နာရီထိုးတော့ အဓိဋ္ဌာန်ပုတီးများ ပြီး၍ ကျောင်းပြန်လာသည်၊ ကျောင်း ရောက်လျှင် ခေတ္တနားပြီး ပရိတ်များရွတ်၊ ဂါထာ၊ မန္တာန်များရွတ် မေတ္တာပို့၍ အိပ်ချိန်ရောက်၍ အိပ်လိုက် တော့၏။ နံက် (၂) ချက်ခွဲ ထကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်သည်။

၁၃၁၇-ခု၊ သီတင်းကျွတ်လဆန်း (၁) ရက်၊ တနင်္လာနေ့ (၁၉၅၅၊ အောက်တိုဘာ ၁၇ ရက်) ပုတီးအဓိဋ္ဌာန်ရက် ပုထိုးတော်ကြီးမှာ အဓိဋ္ဌာန်စိပ်တာ (၁၈) ရက်မြောက်နေ့ဖြစ်၏။ တန်တော့ဝန်ချ ပရိတ်ယူပြီး အဓိဋ္ဌာန်ပုတီးစိတ်၏။ ပုတီးပါတ် (၁၅)ပါတ်ရလျှင် (၅)နာရီ သံချောင်းခေါက်သဖြင့် ပုထိုးတော်ကြီး သုဝဏ္ဏ (၉)ချက် ပုတီးစိတ်ရန် ထွက်လာခဲ့၏၊ ဘုရားအရှေ့မုခ် လှေကားမှတက်၍ အထက်ပစ္စယာ ခနေထောင့် ကစိတ်၏။ ထုံးစံအတိုင်းထိဖြင်းသုံးပါးနှင့် ရှိခိုးပြီး ပရိတ်ယူ၍ စိပ်၏၊ ပုတီး (၁) ပါတ်ရလျှင် တကိုယ်လုံးကြွ တက်နေတယ်ထင်ရ၏။ ပုတီး (၅)ပတ်အထိ ဖြစ်နေ၏။ ပုတီး (၁၀) ပတ်ရတော့ တကိုယ်လုံးအလင်းရောင်များ ဖြာထွက်နေတယ်ဟု ထင်ရ၍မျက်စိဖွင့်ကြည့်၏၊ အလင်းရောင်များဖြာထွက်နေတာ မြင်ရ၏၊ ကမ္မဋ္ဌာန်းရဲ့ အန္တရာယ်၊ ဩဘာသိုတဲ့ ဥပက္ကိလေသာ (၁၀) ပါး (၁)ပါးအပါအဝင်ဖြစ်မှာပဲ ဆိုပြီး ဘာမျှအာရုံမပြုဲ ပုတီးသာ အာရုံစိုက်ပြီး ဆက်စိတ်နေ၏။ ပုတီး (၁၀) ပတ်ရလျှင် အဓိဋ္ဌာန်ပုတီးပတ်ပြီး၍ မေတ္တာပို့ အမျှဝေ၏၊ ပြီးလျှင် ကျောင်းပြန်ခဲ့၏၊ လမ်းတွင်ရိပ်သာလာသော ဂေါအသိတစ်ယောက်နှင့်တွေ့၍ လက်ဘက်ရည်ဆိုင်ထဲပင့်ပြီး လက်ဘက်ရည်များ မုန့်များကပ်၍ ဘုဉ်းပေးပြီး ပြန်လာခဲ့၏။ ကျောင်းရောက်လျှင် ဆွမ်းစားချိန်ကြ၍ ဆွမ်းစား၏၊ ပြီးလျှင် တဖောင့် တခဏနားပြီးရေချိုး၊ တမှေးအိပ်၊ နေ့ (၁၂)ရီခွဲထ မဟာဗုဒ္ဓဝင်ခန်းကြည့်မှတ်စရာ ရှိတာများ မှတ်နှင့် ညနေ (၃)နာရီ ထိုးသွား၏။ ပုတီးစိတ်သွား၏။ မြသိန်းတန်ဘုရားခွေးကျောင်းအမဘုရား (ရွှေတောင် တိုက်တွင်၊) ရွှေဘုံသာဘုရား၊ အောင်မြေဘုရားများ၊ (၂၇)ပါတ်စီစိပ်၏၊ အောင်မြေစိတ်ပြီးလျှင် ည (၈)နာရီထိုး၍ ကျောင်းပြန်လာ၏၊ ကျောင်းရောက်လျှင် ပရိတ်များရွတ်၊ ဂါထာမန္တာန်များရွတ် (၁၀) နာရီထိုးလောက် ပြီးသွား၏၊ အိပ်လိုက်၏။ အိပ်၍ မဖျော်တဖျော်တွင် ဘုန်းကြီး (၁)ပါးရောက်လာပြီး လက်မောင်းနှစ်ဖက်တွင် ဆေးနီများကို ထိုးပေး၏။ တစ်ဖက်တစ်ဖက် ဓဓဝဝ ဓမလေးလုံး ထိုးပေး၏။ "ကိုယ်ႏတော်လေး ဝီတရွှေရှောက် ဝက်သား၊အမဲသား

မစားမိစေရန် အထူးသတိပြုနော်" ဟု ပြောပြီး ထွက်သွားလေတော့၏။ နံနက် (၂) ချက်ထိုးလျှင် နိုးလာ၏၊ လတ်မောင်းများ စမရာဘဖုလေးများ တွေ့ရ၏။ ကိုယ်လက်သန့်ရှင်းပြီး ထိခြင်းငါးပါးနှင့် ကန်တော့ ပရိကံယူပြီ၊ အဓိဋ္ဌာန်ပုတီး စိတ်၏ ပုတီး (၁၇)ပါတ်ရလျှင် (၅)နာရီထိုး၍ ကန်တော့ ဝတ်ချပြီ၊ ပုထိုးတော်ကြီး အဓိဋ္ဌာန်စိပ်ရန် လာခါနီးမှတ်တမ်းရေး ရန် ကျန်နေ၍ မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ သီတင်းကျွတ်လဆန်း (၂) ရက်၊ အင်္ဂါနေ့၊ အဓိဋ္ဌာန် (၁၉) ရက် ပုတီးစစိပ် (၁၉၅၅၊ အောက်တိုဘာ ၁၈ ရက်) ပုတီးစိပ်ရန်လာခဲ့၏။ ပုထိုးတော်ကြီးတောင်ပေါက်က ဝင်ပြီးအရှေ့ဘက်လှေခါးက တက်၍ အထက်ပစ္စယာ ရောက်လျှင် စနေထောင့်ကထိုင်ပြီးကန်တော့ ဝတ်ချပရိကံယူပြီးစိတ်၏။ ပုတီးတစ်ပတ် ရသေးတယ် မြောက်ဘက်က - ကယ်တော်မူကြပါ - ကယ်တော်မူကြပါ သုံးခွန်း မိန်းကလေးအော်သံကြားရ၏၊ ထမလိုဟန်ပြင်သေး၏။ အဓိဋ္ဌာန် ပျက်လိမ့်မည်ဆိုပြီး ပြန်ထိုင်စိတ်နေ၏။ ပုတီးစိတ် (၃) ပတ်လောက်ရလျှင် စိတ်လို့အလွန်ကောင်းလာ၏၊ ထိုင်ကွင်းတွေ အားလုံးလွတ်လာသည်ဟု ထင်ရသည်။ ပုတီး (၁၀) ပတ်ရလျှင် ထိုင်းကွင်းတွေများ ပွနေသည်၊ နာကျင်နေ၏ ဇုတ္တ ဝေဒနာ နှင့် ဝေဒနာနက်ခု ဗီနေတော့ လက်တွေ ခံစားရတာပဲလို့ အောင်းမေ့ပြီး ပုတီးကိုသာ ဆက်စိတ်နေ၏။ (၁၅)ပတ်ပြီးသွား၏၊ အဓိဋ္ဌာန်ပြီး၍ ဆက်ပြီး ဝရိတ်ရွတ်၊ ဂါထာ၊ မန္တာန် များရွတ်နေ၏၊ နံနက် (၈) နာရီမှာအားလုံးပြီးသွား၍ မေတ္တာပို့ အမျှဝေပြီးလျှင် ကန်တော့ ဝတ်ချ၍ မြောက်ဘက်လှေကားမှ ဆင်းလာပြီး ဝုတီးတစ်ပတ် အတွင်းက ကယ်တော်မူကြပါလို့ အော်သည့်အသံလာရာ မြောက်ဖက်လှေကား ပတ်ဝန်းကျင်ဆက်ကြည့်၏၊ အိမ်မြောင် (၁) ကောင်နှင့် ပုတ်သင်ညို (၁) ကောင် အသေများတွေ့၏။ ကျွန်ုပ် စိတ်ထဲကွင် အင်းဒီသတ္တဝါတွေ သေနေပုံထောက်ရင် သူတို့နာနာဘာဝချင်း ရန်ဖြစ်ကြပြီး သေတဲ့သူသေ၊ ဖြစ်တာပဲလို့ ယူဆပြီး နောက်နေ့မှ မြကေသီတို့ မေတ္တာပို့၍ ခေါ်မေးရမှာဘဲဆိုပြီး အကောင်လေးများကောက်ယူပြီး ဘုရားဝိုင်းလွတ်တဲ့ အရှေ့မုခ်မြောက်ဖက် လွှတ်ပစ်လိုက်၏။ ထို့နောက် ကျောင်းပြန်လာခဲ့၏။ ကျောင်း-ရောက်လျှင် ကျန်ခါတ်ကြီးလေးပါးအဓိဋ္ဌာန်ပုတီး ဆက်စိတ်နေ၏ နေ့ (၁၀) နာရီခွဲ၍ ဆွမ်းစားလာပင့်သဖြင့် ပုတီးရပ်ပြီး လိုက်စား၏၊ ဆွမ်းစားပြီးထုံးစံအတိုင်း ရေချိုး၊ တမေးအိပ် နေ့(၁)ချက် နိုးလာ၍ ပြသိန်းတန့်ဘုရား၊ ရွှေဘုံသာဘုရား၊ အောင်မြေဘုရား၊ ကျောက်တာဘုရားတို့ ပုတီး (၂၇) ပတ်စိစိတ်ပြီး ကျောင်းပြန်၏၊ အချိန်ရှိနေသေး၍ သုဓမ္မဝတီ ဇုဒ္ဓဝင် စာအုပ်ဖတ်ကြည့် လေ့လာနေ၏။ ည (၁၀)နာရီ ထိုးလျှင် အိပ်လိုက်၏။ နံနက် (၂) ချက်ခွဲထ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ သီတင်းကျွတ်လဆန်း (၃) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၉၅၅၊ အောက်တိုဘာ ၁၉ ရက်) ပုထိုးတော်ကြီး အဓိဋ္ဌာန် (၂၀)ရက်ဖြစ်၏။ ဘုရားရောက်လျှင် အနောက်မုခ်မှ ဝင်ပြီး မြောက်ဖက် လှေကားထိပ်ရောက်တော့ မြကေသီတို့ဘက်လှည့်၍ - "မကျည်းတောသိုက်နန်းရှင် မြကေသီ၊ ဦးပဥ္စင်းသိလိုတာရှိ၍ ဦးပဥ္စင်း ပုတီးစိတ်သော နေရာလာခဲ့ပါ မြကေသီ၊ ဦးပဥ္စင်းပြုလုပ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ တို့ကိုလည်း အမျှပေးဝေပါ၏၊ အမျှ. . အမျှ. . အမျှ၊ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ အလိုဆန္ဒ ပြည့်စုံကြပါစေဟု အမျှဝေမေတ္တာပို့ပြီး လှေခါးပေါ်တက်၍ စနေထောင့်ရောက်လျှင် ကန်တော့ဝတ်ချ ပရိကံယူပြီး ပုတီး အဓိဋ္ဌာန်စိပ်တော့၏။ ပုတီးစိတ်လို့ ကိုးပါတ်လောက်ရတော့ အမွှေးနံ့များမွှေးလာ၍ မျက်စိ ဖွင့်ကြည့် လိုက်၏။

မြကေသီနှင့် အဖော်နှစ်ယောက်နှင့် တကွ ကျွန်ုပ်ကို ဝတ်ချနေကြ၏၊ ထူမတို့ကဝတ်ချ ပြီးလျှင်

"အရှင်ဘုရားခေါ်၍ တပည့်တော်တို့ လာခဲ့တာပါ။ ဘာကိစ္စအကြောင်းထူးပါသလဲဘုရား"

(ရွှင်း) "မနေ့က တယ်တော်မူပါ အသံကြား၍ ပုတီးစိပ်ပြီးလျှင် ဖော်ခဲသာနေရာသို့ သွားကြည့်ပါတယ်၊ အိမ်မြှောင်တစ်ကောင်၊ ပုတ်သင်ညိုတစ်ကောင် သေနေတာတွေ့ရ၍ ကောက်ယူပြီး ဘုရားဝိုင်း အပြင်ဘက် လွှင့်ပစ်ခဲ့တယ်၊ ထိုဖြစ်ရပ်ဟာ ဦးပဥ္စင်းထင်တာတော့ ဝေမာတိကများ အချင်းပွားကြတယ်လို့ ထင်တယ်၊ ဘယ်အတွက်ဖြစ်ကြတာလဲလို့ သိချင်လို့ပါ"

(သီ) "မှန်လှပါဘုရား၊ ဖင်းဝနယ်၊ ရွှေရန်ပြေဘုရားသိုက်နန်းက အစောင့် (၂)ယောက်နဲ့ သိုက်နန်းသူတာ များ ဘုရားဖူးကြရင်း၊ တပည့်တော်တို့ သိုက်နန်းကအစောင့်များနှင့် ပဋိပက္ခဖြစ်ကြလို့၊ တဖက်က မိန်းကလေး တစ်ယောက်နှင့် ယောကျ်ားလေး (၁)ယောက် သေသွားပါတယ်ဘုရား၊ မိန်းကလေး က အိမ်မြှောင်သေလေးဖြစ်ပါတယ်ဘုရား၊ ယောကျ်ားလေးက ပုတ်သင်ညိုအသေကောင် ဖြစ်ပါတယ် ဘုရား၊ ဝေမာတိကသေရင် ဒီလိုဘဲ ဖြစ်ကြပါတယ်ဘုရား၊ တယ်တော်မူပါဖော်တဲ့အသံဟာ မိန်းကလေး အသံပါဘုရား"

(ရွှင်း) "မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်တို့ အမေးအဖြေနဲ့တော့ ကိုက်ညီသားပဲတောမကြီး"

(သီ) "ထိုအကြောင်းကို တပည့်တော်မတို့တိုလည်း အမိန့်ရှိပါဦးဘုရား"

(ရွှင်း) "မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန် အမေးအဖြေကို မြကေသီတို့ မှတ်ရမှာဘဲ၊ သေသေချာချာနာလှ မှတ်ထားနော်၊ အရှင်ဘုရားနာဂသိန် ဤလောက၌ တစ္ဆေ၊ ဘုတ်၊ ပြိတ္တာဟု ခေါ်အပ်သော နတ်ဘီလူးတို့သည် ရှိပါသလားဟု မေးတယ်- ရှိပါတယ်မင်းကြီးဟု ပြန်ဖြေကြားတယ်- တဖန် မင်းကြီးကထပ်ပြီး အရှင်ဘုရားနာဂသိန် ထိုနတ်ဘီလူးတို့ကို အဘယ်ကြောင့် မမြင်ရပါသနည်းဟု မေးတယ်၊ ရှင်နာဂသိန်က ပြန်ဖြေကြားသည်မှာ- မင်းကြီးဆေး၏ အာနုဘော်ကြောင့် လည်းကောင်း၊ မိမိတို့ ကမ္မဇိဒ္ဓိကြောင့်လည်းကောင်း မမြင်ရပါ။ အကယ်၍ မြင်စေလိုက ပြနိုင်သည်သာ ဖြစ်ပါသည်၊ တဖန် မင်းကြီးမေးပြန်သည်မှာ - အရှင်ဘုရား ထိုနတ်ဘီလူးတို့သည်ထိုအဖြစ်မှ စုတေကြပါ သေးလားဘုရားဟု မေးလျှောက်တဲ့အခါ ရှင်နာဂသိန်မထေရ်မြတ်က မင်းကြီးစုတေကြပါတယ်ဟု ဖြေကြား ပါတယ်၊ တဖန်မင်းကြီးက မေးပြန်ပါတယ်၊ အရှင်ဘုရား ထိုနတ်ဘီလူးတို့ စုတေသောအခါ ဆေးကိုလည်း မဆောင်နိုင်ရာ ကိုယ်အကောင်အထည် အဘယ်ကြောင့် မထင်ပါသနည်း၊ ပုပ်သောအနံ့သည်လဲ အဘယ်ကြောင့်မနံ့ပါသနည်းဘုရားဟုမေးလျှင် မထေရ်မြတ်က မင်းကြီး နတ်ဘီလူးတို့ စုတေသောအခါ ကိုယ်အကောင်လည်းထင်၏။အပုပ်နံ့လည်းနံ၏၊ သို့ရာတွင် နတ်ဘီလူးတို့ စုတေသောအခါ ကျန်ရစ်သော ဆွေမျိုးတို့ကို မသိစိမ့်သောငှာ တစ်ခုသော မနောဓါတ်ဖြင့် သေကြပါတယ်။ ပိုးရွသဏ္ဍာန်ဖြင့်လည်းကောင်း၊ တင်းမြီးကောင်၊ ကင်းခြေများ၊ အိမ်မြှောင်၊ ပုတ်သင်၊ ပုရစ်၊ သမင်၊ ငှက်၊ သဏ္ဍာန်တို့ဖြင့် သေကောင် ထင်၏ဟု ဖြေကြားတော်မူပါတယ်၊ ထို့ကြောင့် ဦးပဥ္စင်းက မိလိန္ဒပဉှာကျမ်းနှင့် တိုက်ညီတယ်လို့ ပြောတာပါ"

(သိ) "တပည့်တော်မတို့ဖြင့် ဒီတခါအဲကြားနာဘူးပါတယ်ဘုရား။ သာဓုပါဘုရားသာဓုပါ၊ သွားခွင့်ပြုပါဦးဘုရား"ဟုဆိုပြီး ဝတ်ချကာ ပြန်သွား၏။ ကျွန်ုပ်လည်း ကျန်ပုတီးဆက်စိပ်နေ၏။ နာရီဝက်လောက်ကြာသောအခါ မှေ့ခိုးပြီး တမှေးအိပ်လိုက်၏။ နေ့ (၁)ချက်ခွဲ နိုးလာ၏။ ထပြီး ပုတီးသွားစိပ်၏။ မြသိန်းတန်ဘုရားရောက် ပုတီး (၂၇) ပတ်စိတ်ပြီး ဝေမာတိကများကို အထူးအမျှဝေခဲ့၏။ ရွှေဘုံသာဘုရား အောင်မြေသာဘုရားသို့ (၂၇)ပတ်စိစိပ်၏။ ပြီးလျှင် နာရီကြည့်လိုက်၏။ ည (၉)နာရီခွဲနေ၏။ ကျောင်းပြန်လာ၏။ ဂါထာ၊ မန္တာန်၊ ပရိတ်များရွတ်ပြီး မေတ္တာပို့ အမျှဝေ၏။ အမျှဝေနေစဉ် (၁၁) နာရီထိုးသံကြား၏။ အားလုံးပြီးလျှင် အိပ်တော့၏။ နံနက် (၃)နာရီ နိုးလာ၏။ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု သီတင်းကျွတ်လဆန်း (၃)ရက်၊ ဗုဒ္ဓဟူးနေ့ (၁၉၅၅၊ အောက်တိုဘာ ၁၉ ရက်) (အဓိဋ္ဌာန်ရက်-၂၀)ရက်၊ ကန်တော့ ဝတ်ချပြီး ပရိတ်ယူ ပုတီးအဓိဋ္ဌာန်စိတ်၏။ ပုတီး (၁၀) ပတ်ရတော့ (၅)နာရီသံချောင်းခေါက်သံကြား၍ ကန်တော့ ဝတ်ချပြီး အဓိဋ္ဌာန်၊ သုဝဏ္ဏ (၉) ချက် ပုတီးစိတ်ရန်ထွက်လာခဲ့၏။ ဘုရားရောက်လျှင် အနောက်မုခ်မှ မြောက်ဖက်မုခ်လှေခါးတက်ပြီး အထက်ပစ္စယာ ရောက်တော့ စနေထောင့်ထိုင်နေကြနေရာထိုင်ပြီး ပုတီးအဓိဋ္ဌာန် စိတ်တော့၏။ ပုတီး စိတ်လို့ကောင်း၏။ အဓိဋ္ဌာန်ပုတီးပါတ် (၁၀) ပါတ်ပြီးဆုံးသည့်တိုင်အောင် ထူးထူးခြားခြား မတွေ့ရပေ။ (၄-၅-၆-၇-၈-၉) ရက်နေ့များ၌ ဘာမျှ ထူးခြားကာ မတွေ့ရပေ။

သီတင်းကျွတ်လဆန်း (၁၀)ရက်၊ ဗုဒ္ဓဟူးနေ့ (၁၉၅၅၊ အောက်တိုဘာ ၂၆ ရက်) (၂၇ရက်မြောက်အဓိဋ္ဌာန်ပြီးမည့်နေ့) နံနက် (၂)ချက်ခွဲထ၊ကိုယ်လက်သန့်ရှင်းပြီး အဓိဋ္ဌာန်ပုတီးစိတ်၏။ သုဝဏ္ဏ (၅)ချက် ခေါက်ကြီးလေးပါး အဓိဋ္ဌာန်ပုတီးပတ် (၁၂)ပတ်ရလျှင် (၅)နာရီ သံချောင်း ခေါက်သံကြား၍ ပုတီးရပ်နားပြီး ပုထိုးတော်ကြီးဘုရား အဓိဋ္ဌာန်ပုတီးစိတ်ရန် ထွက်လာခဲ့၏။ ပုထိုးတော်ကြီး ဘုရားရောက်လျှင် အရှေ့ဘက်မုခ်မှ တက်ပြီးအထက်ပစ္စယာ စနေထောင့်ထိုင်နေကြနေရာမှ ကန်တော့ဝတ်ချပရိတ်ယူပြီး အဓိဋ္ဌာန် ပုတီးစိတ်၏။ ပုတီးနှစ်ပတ်ရ၏။ ဝတ်ဖြူစင်ကြယ်နှင့် လူတစ်ယောက် ကျွန်ုပ်ကို ဝတ်ချပြီး လက်ျာဘက်ကဒူးတုပ် ထိုင်နေ၏။ ပုတီးစိတ်တာရပ်ပြီး ကျွန်ုပ်ကထိုဝတ်ဖြူနှင့် ဒကာကြီးကို မေး၏။

"ဒကာကြီးဘာကိစ္စရှိလို့လဲ ဘာအကြောင်းနဲ့ ဦးပဥ္စင်းဆီလာတာလဲ" လို့ မေးတော့ -

"တပည့်တော်က ရာဟုထောင့် ပစ္စယာနာဂဆင်ဖြူတော်အတွက် အသိမ်းအမှတ်စိုက်ထားတဲ့ညောင်ပင်က ရုက္ခစိုးဖြစ်ပါတယ်ဘုရား၊ တပည့်တော် ဆင်ဖြူတော်ဘဝက စားသုံးခဲ့တဲ့ ရွှေလုံးရွှေအင်တုံတို့ မြှုပ်ထားတဲ့နေရာရှိပါတယ်ဘုရား၊ အရှင်ဘုရားအတွက်လည်း အလိုရှိရာသုံးတော်မူပါဘုရား၊ တပည့်တော်အတွက်လည်း ကောင်းမှုပြုပေးတော်မူပါဘုရား"

(ခွာ်း) ဒကာရုက္ခစိုးရဲ့ စေတနာကို ဦးပဥ္စင်း သာဓုခေါ်ပါတယ်၊ ဦးပဥ္စင်းကအဓိဋ္ဌာန်ဝင်ထားတဲ့ ပုတီးပတ်တွေတော်တော်စိတ်ရအုံးမှာ ပုတီးအဓိဋ္ဌာန်များပြီးတဲ့အခါ ဦးပဥ္စင်းက ပြောပါမယ်၊ ထိုအခါကြတော့ အသင်ရုက္ခစိုးကြီးအတွက်လည်း ကုသိုလ်လုပ်ပေးပါ့မယ်၊ ယခုဦးပဥ္စင်းပွားများအပ်တဲ့ ဘာဝနာကုသိုလ်များကို

အမျှပေးဝေပါတယ်၊ အသင်ရက္ခစိုးကြီး သာဓုခေါ်ပါ အမျှ..အမျှ..အမျှ "

(စိုး) "သာဓု.. သာဓု.. သာဓု ပါဘုရားအလွန်ဝမ်းမြောက်လှပါတယ်ဘုရား။ ဆင်အဖြစ်က ရက္ခစိုး ဖြစ်ရတာကလဲ တပည့်တော်အတွက် မင်းတရားကြီးက သပိတ်သွတ်ပြီး သတ်နှီး ပရိက္ခရာ ရှစ်ပါး အစုံများ ပေးလှူတဲ့အတွက်၊ ရက္ခစိုးတဝ ရောက်ရတာပါဘုရား။ တပည့်တော်ကို သွားခွင့်ပြုပါဘုရား၊ အရှင်ဘုရား ပုတီးစိတ် အနောက်အယှက်ဖြစ်မှာစိုးလို့ပါဘုရား၊ ခွင့်ပြုပါဘုရား" ဆိုပြီး သွားတော့၏။

ကျွန်ုပ်လည်း ပုတီးဆက်စိပ်၏။ ပုတီး (၁၁)ပါတ်ပြည့်သွား၏။ အမိဋ္ဌာန် (၂၇)ရက် အောင်မြင်သွား၏။ သုဂတော (၉)ချက် အမိဋ္ဌာန် စိပ်ရန် ညွှန်ကြားသွားတဲ့ ဘုန်းကြီးကြီးကို အထူးအာရုံပြုပြီး မေတ္တာပို့ အမျှဝေ၏၊ ပရိတ်များ၊ ဂါထာမန္တာန်များရွတ်၏၊ ပြီးဆုံးလျှင် (၃၀) တုံ့ သားတို့အားမေတ္တာပို့ အမျှဝေပြီး၍ စေတီတော်ကြီးကို လက်ယာရစ်သုံးပတ်ပတ်၏။ ထီးခြင်းငါးပါးနှင့် ရှိခိုးကန်တော့ပြီး ကျောင်းပြန်လာခဲ့၏။ ကျောင်းရောက်တော့ (၉)နာရီရှိသေး၍ လျောင်းတော်မူဘုရားကြီးထဲ သုဂတောငါးချက်၊ ဓါတ်ကြီး (၄)ပါး ကျန်ပုတီးအမိဋ္ဌာန်များ စိတ်နေ၏။ နေ့(၁၀)နာရီ ခွဲတော့ သီလရှင်ကြီး ဆွမ်းစားလာဖိတ်၍ လိုက်သွားပြီး ဆွမ်းစား၏၊ ဆွမ်းစားပြီးရေချိုး ရေချိုးပြီးလျှင် ကျောက်တော်ကြီး၊ တောင်မင်းကြီး၊ ရွှေဂူကြီး၊ ကြေးဘုရားကြီးသို့ သွားပြီး ပုတီး (၂၇) ပါတ်စိတ်၏။ နောက်ဆုံးအနေနှင့် မြသိန်းတန်ဘုရားပုတီး (၂၇) ပါတ် အမိဋ္ဌာန်စိတ်၏။ အချိန်ကား ညနေ (၅)နာရီ ခွဲခန့် ရှိနေ၏၊ ပုတီး (၉)ပါတ်ရတော့ ဘုရားအမိုးက ဝုန်းဝုန်း ဒိုင်းဒိုင်းနှင့် ဖြစ်နေ၏။ ပုတီးအပါတ် (၂၀) လောက်ရလျှင် ခြေသံများ ခပ်ပြင်းပြင်း ကြားနေရ၏၊ ပုတီး (၂၇)ပါတ်ပြီး၍ မေတ္တာအထူးပို့၊ ဝေမာတိကတို့ကို အမျှအထူးဝေ၏၊ ငိုသံ များလည်း ကြားရ၏၊ သာဓုခေါ်သံများလည်း ကြားရ၏၊ ကျွန်ုပ်က ဘုရားဝတ်ချပြီး သွားမလို့ထလိုက်တော့ ဒကာမငါးယောက်က ရှိခိုးဝတ်ချကြ၏၊ တကာ(၂၀) လောက်က ပုံဆိုးအနေအထိုင်ဆိုးများနှင့် ကိုယ်ယို့တားယား လုပ်ပြီး ဒကာမငါးယောက်နောက်က နေကြ၏၊ ကျွန်ုပ်က ဒကာမကြီးငါးယောက်ထဲမှ အလယ်က (၃၀)အရွယ် လောက်ရှိသော၊ လှလှပပရှိသောဒကာမကို မေး၏ -

(ဦးဝင်း) "ဒကာမကြီးက ဒီမှာနေတာ ဘယ်လောက်ကြာပြီလဲ"

(မ) "တပည့်တော်မက ဒီမှာနေတာ ၊အနှစ် (၁၀၀) ကျော်သွားပါပြီဘုရား"

(ဦးဝင်း) "ဘယ်မြို့ကလဲ၊ နာမည်ဘယ်လိုခေါ်ပါသလဲ"

(မ) "ဒီမြို့ကပါ၊ ဟိုတစ်ခါလာပြီး ပုတီးစိပ်တုံးက အရှင်ဘုရားကိုတွေ့ဘူးပါတယ်၊ တပည့်တော်မ နာမည်က မမြလေးပါ၊ ရွှေဘိုမင်းရဲ့ အနောက်မိဘုရားပါ"

(ဦးဝင်း) "ဦးပဥ္စင်းပေးဝေသော၊ အမျှမေတ္တာများ ရပါရဲ့လား"

(မ) "ရပါတယ်ဘုရား၊ အရှင်ဘုရားပေးဝေသော အမျှကုသိုလ်ရလို့ တပည့်တော်မတို့ မယ်ဘုရားနှင့်တကွ၊ ဘုမ္မစိုးအဆင့် ရောက်ရှိပါတယ်ဘုရား၊ အရှင်ဘုရားကျေးဇူးကြီးမားလှပါတယ်၊ ဘုရားတပည့်တော်မ၏ ပတ္တမြားလက်စွပ်ကို လှူပါရစေဘုရား၊ အလှူခံတော်မူပါဘုရား"

ဆိုပြီ! ကျွန်ုပ်၏ လက်ထဲကို အထုပ်ကလေး ထည့်လှူ၏ ကျွန်ုပ်ကလည်း ဆုပေးပြီး အမျှဝေလိုက်၏။ သာဓု..သာဓုခေါ်ကြပြီး ပျောက်ကွယ်သွားကြ၏။ ကျွန်ုပ်ပြန်လာခဲ့၏။ ကျောင်းရောက် တော့ နာရီကြည့်လိုက်၏။

ည (၈)နာရီခွဲနေ၏။ ပရိတ်များရွတ်၊ ဂါထာ၊ မန္တာန်၊ များရွတ်ပြီး မေတ္တာပို့ အမျှဝေ၍ ည (၁၀)နာရီထိုးသည်နှင့် အိပ်လိုက်တော့၏။ နံနက် (၂)ချက်ခွဲ နိုးလာ၏။ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ သီတင်းကျွတ်လဆန်း (၁၀) ရက်၊ ကြာသပတေးနေ့ (၁၉၅၅၊ အောက်တိုဘာ ၂၇ ရက်) ဘုရားကန်တော့၊ ဝတ်ချ ပရိက်ယူပြီး ပုတီးအဓိဋ္ဌာန်စိပ်၏။ ထေရောဓါတ်ပြီးရန် ပုတီးပါတ် (၂၀၀၀)လောက်လိုနေ၍ ယနေ့ကစပြီး ရက်သတ္တပတ်အတွင်း ပြီးအောင် ဘယ်မှမသွားပဲစိတ်၏။ တစ်နေ့တစ်နေ့ (၂၅၀)ပါတ်၊ (၃၀၀) ပါတ်ရ၏၊ ပျမ်းမျှအားဖြင့် တစ်နေ့ (၃၀၀) ပါတ်ရ၏။ (၇)ရက် (၂၁၀၀)ပါတ်အပိုရ၍ (၇)ရက်နှင့်ပြီးသွား၏။ ဓါတ်ကြီးလေးပါးပြီးသောနေ့မှာ ၁၃၁၇-ခု သီတင်းကျွတ် လပြည့်ကျော် (၂)ရက် ဗုဒ္ဓဟူးနေ့ ဖြစ်သည်။ ပွဲထိုးပြီး ဣ(၈)ချက်ဂါထာကို သိဒ္ဓိတစ်သိန်း။ (၅) ရက်နေ့ ရောက်အောင် အဓိဋ္ဌာန်ပြီး စိတ်၏။ လပြည့်ကျော် (၃) ရက် ဓါတ်ကြီးလေးပါးပြီး၏။

ဣ(၈)ချက်ဂါထာကား -

ဣတိပိသော၊ ဝိသေသေဣ၊ ဣသေသေပဋ္ဌနာမိဣ

ဣမိနာဘုမ္မိတံသောဣ၊ ဣသောတံဗုဒ္ဓံပိတိဣ

သိဒ္ဓိကေစာ၊ သိဒ္ဓိဝရာ၊ သိဒ္ဓိဇေယျာ၊

သိဒ္ဓိ တမ္ဓံ အတ္တုပူဇာ လာဘာဝရာ

သဗ္ဗေပိယံ အဝတုမံ ဤဂါထာကို တပုဒ်ဆုံး၊ တစ်လုံးချ ပြီး အပါတ်ပေါင်း (၁၀၈) ပါတ်ပိုနှင့် အတူ သိဒ္ဓိတစ်သိန်း ပြီးတော့၏။

၁၃၁၇- ခု၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်၊ (၁၉၅၅၊ နိုဝင်ဘာ ၈ ရက်) သိဒ္ဓိတစ်သိန်းစိပ်ပြီး၏။ ၎င်းနှစ် သီတင်းကျွတ် လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉)နာရီတိတိအချိန် သာသနာပွဲထိုးပြီး သာသနာ (၅၀၀၀) ငါးထောင် ရည်မှန်း၍ ပုတီးပါတ် (၈)လအတွင်း၊ သုဂတော (၅)ချက်ဂါထာကို ငါးထောင်ပြည့်အောင် စိတ်ရန် အဓိဋ္ဌာန်၏။

ဗုဒ္ဓဂါယာမသွားမီ၊ ကြီးကိုးကြီးဘုရားများ၊ သုဂတောငါးချက်ဂါထာဖြင့်၊ (၁၀၈)ပါတ်ပူဇော်ရန် နေ့ဆွမ်းစားပြီး ကောင်းမှုတော်ကြီး (စစ်ကိုင်း) ဘုရားသွား၍ (၁၀၈)ပါတ်ဖြင့် ပူဇော်၏။ ၎င်းနေ့ (၁၇) ခွဲရောက်လျှင် ကောင်းမှုတော်ကြီး အရှေ့ဘက်မုခ် အာရုဏ်ခံ တိုက်ထဲမှ စိပ်၏။ နေ့ (၂)ချက်ခွဲတွင် ပုတီး (၂၂) ပါတ်စိပ်ပြီး သမြင့် အပိုနှင့်တကွ (၁၀၈)ပါတ်ပြီးတော့၏။ ၎င်းမှ စစ်ကိုင်းငါးထပ်ကြီးဘုရား သွားစိပ်၏။ ညနေ (၃)နာရီ ဘုရားရောက်၏။ ရှေ့တော်မှ ကန်တော့ ပရိက်ယူပြီးစိတ်၏။ ညနေ (၆)နာရီခွဲ ပုတီး (၂၂) ပါတ် အောင်မြင်စွာ ပြီးသွား၏၊ မေတ္တာပို့အမျှဝေပြီးကျောင်းပြန်လာ၏။ ပုတီးပါတ် (၄၄)ပါတ် ရသေး၍ အပါတ်(၅၀)လောက်ရအောင် သုဂတော (၅)ချက် စိပ်နေ၏၊ ည(၉)နာရီတွင် အပါတ် (၅၀)ပြည့်၍ မေတ္တာပို့၊ ဂါထာ မန္တာန် ပရိတ်များရွတ်၊ အမျှဝေ၏။ ည (၁၀)နာရီ (၁၀)မိနစ်တွင် အားလုံးပြီးသွား၍ အိပ်လိုက်၏။

အိပ်မက်၏- ကျောင်းမှ ပုတီးစိပ်ရန် ထွက်လာခဲ့၏။ လမ်းလျှောက်ရင်း သုဂတော (၅)ချက် စိပ်သွား၏၊ သွားရင်းသွားရင်း၊ စေတီတစ်ဆူရောက်သွား၏၊ ၎င်းစေတီကလည်း ပုထိုးတော်ကြီးဘုရားနှင့် ပုံစံတူ၏၊

စေတီကြီးတစ်ဆူလုံးရွှေချထားပြီး အရှေ့မျက်နှာမှ စေတီကြီးနှင့် အတောင် (၅၀)လောက်အကွာ တွင် ရွှေပြသာဒ်ကြီး (၁၀)လုံးရှိ၏။ စေတီတော်ကြီး၏ တောင်မျက်နှာမှာ ပတ္တမြားပြသာဒ်ကြီး (၁၀)လုံး၊ ရှိ၏။ အနောက်မျက်နှာမှ မြပြသာဒ်ကြီး(၁၀)လုံး၊ မြောက်မျက်နှာမှ စိန်ပြသာဒ်ကြီး (၁၀)လုံး၊ တစ်လုံး တစ်လုံး၏ အကျယ်အဝန်းမှာ အတောင် (၅၀)ခန့်ရှိ၏၊ ပြသာဒ်များအတွင်းမှာ ပန်းဆွဲထိပ်က ဗုဒ္ဓဝင် ကားများ (၅၅၀) နိပါတ်တော်ကားများ ချိတ်ဆွဲထား၏။ စိန်ပြသာဒ်ကြီးအတွင်းမှာ မြတ်စွာဘုရားသခင် (၂) လှမ်း (၃)ဖဝါးဖြင့် တာဝတိံသာ ကြွသွားတော်မူခန်း၊ မယ်တော်မိနတ်သား တရားဟောခန်း တရားဟောနေစဉ် နေမိတရုပ်ပွား ထားခဲ့ပြီး မြောက်ကျွန်းဆွမ်းစားကြွခန်း၊ မြောက်ကျွန်းသူ ကျွန်းသားများ ဇာတ်ဇာပ် ကြွက်ကြွက်နှင့် ဆွမ်းလောင်းလှူခန်း၊ မြောက်ကျွန်းမှ ဆွမ်းခံ၍ စန္ဒကူးနံ့သာတောကြွပြီး၊ နေ့သန့်စင်ခန်း၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အလုပ်အကျွေးပြုခန်း၊ ရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီးက ဘုရားရှင်ကို ရေချိုးပေးနေတော်မူခန်းတို့ဖြင့် နှိပ်နယ်ပေးနေတော်မူခန်း၊ နတ်ပြည်မှ ဟောကြားပြီးခဲ့သော အဘိဓမ္မာတရားကို ပြန်လည်ဟောကြား တော်မူနေခန်း၊ စန္ဒကူးနံ့သာတောမှတာဝတိံသာ ပြန်ကြွတော်မူခန်း။ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက၊ လင်းနို့သားငါးရာမှ ဖြစ်လာသော သူတပည့်ရဟန်းငါးရာကို၊ အဘိဓမ္မာသင်ကြား ဟောကြားတော်မူနေခန်းများ ချိတ်ဆွဲထား၍ ကျွန်ုပ်လည်း စိတ်ဝင်စားစွာ ကြည့်နေမိ၏။ အထူးစိတ်ဝင်စားဆုံးကား မြတ်စွာဘုရား အဘိဓမ္မာတရားဟောကြားပြီး သိကြားကျွတ်လပြည့်နေ့မှာ လူ့ပြည်သို့ ပြန်ကြွသွားသောအခန်းဖြစ်သည်၊ ထိုအခန်းပြယ်မှန်းထားသည်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဘိဓမ္မာတရားတော်ဟောပြီး နိဂုံးချုပ်စေပြီးသော အခါတွင် နတ်ဗြဟ္မာများက ကောင်းချီးပေးပြီး၊ ဗင်လယ်ကသစ်ပင်ရင်း ဗန္ဓုတမ္ဘလာ မြကျောက်ဖျာထက်မှာ နတ်ဗြဟ္မာများ ခြံရံ၍ ထိုနတ်ဗြဟ္မာများက ကနက်ကထန် ထီးကြီးများ၊ ရောင်စုံ တံခွန်ကြီးများ၊ ရောင်စုံ ကုက္ကားကြီးများ၊ ရောင်စုံ ပန်းညောင်ရေအိုးကိုင်ထားကြသော နတ်သမီးများ၊ နတ်ဒေဝီများ ရောင်စုံမီးရှူးပန်း ကိုင်ထားကြသော နတ်သားများကို ခြံရံပြီး သိန်းမကသော နတ်ဗြဟ္မာ ထုကြီးက နတ်လမ်းများဖြင့် မြတ်စွာဘုရားသခင်ကို ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ လက်ဝဲလက်ယာ ခြံရံသော ပတ္တမြားစောင်းတန်းဦးဆီသို့ လိုက်ပို့ကြသော အခမ်းအနားကြီးသည် ကြည့်လို့မညီး၊ အထူးပီတိ ဖြစ်၍ နေပါတော့သည်၊ ထိုကားကြီးကို စိတ်ဝင်စားပြီးကြည့်နေခိုက် အမျိုးသမီးတစ်ယောက်ရောက်လာပြီး ကိုယ်တော်လေးဘုရား ဓမ္မစကြာဟော တော်မူသောအခန်းရှိပါသေးတယ်။ တပည့်တော်မလိုက်ပြပါ မယ်ဘုရား၊ ကြွတော်မူပါလို့လျှောက်၍ ကျွန်ုပ်လည်း လိုက်သွားသည်။ ဘုရားစေတီကြီးအရှေ့ဖက် ရွှေပြသာဒ်များကို ကျော်သွားပြီး အတောင် (၂၀) ခန့်သွားလျှင် ဓမ္မစကြာအဆောင်တော် ဟု ရေးသားထားသော အဆောင်ကြီးနားရောက်သွား၏၊ အထဲဝင်ကြည့်ရှုဖူးမျှော် တော်မူပါဘုရားဟု အမျိုးသမီးကလျှောက်၍ ဝင်ကြည့်လိုက်၏။ သက်တော်ထင်ရှား ဘုရားရှေ့တော်မှောက် ရောက်နေသကဲ့သို့ဖြစ်၍ ဘုရားရှင်ကိုဖူးပြီး လက်အုပ်ချီလျှက် မြတ်စွာဘုရားအသံတော်ဖြင့်ဟောကြားနေသော ဓမ္မစကြာတရားသံကို နာကြားလျှက် အလွန်ပီတိဖြစ်စွာ ရပ်နေမိ၏။ မြတ်စွာဘုရားကျောတော်နောက်က ရောင်ခြည်တော်များကလည်း ထူးထူးကဲကဲထွန်းတောက်ပနေ၏၊ ဓမ္မစကြာတရားဆုံးသောအခါ ထိုခြင်းဝါးပါးနှင့် ဦးသုံးကြိမ်ချပြီး သာဓု (၃) ကြိမ်ခေါ်လိုက်သည်၊ ထိုအခါ လိုက်ပို့သောအမျိုးသမီးက ဘုရားရှင်ပုံတော်ကိုကြည့်ပြီး

ဝီသုကမ္မနတ်သားက စန္ဒကူးနံ့သာသားနဲ့ထုထားတာပါဘုရား။ တလွန် အသက်ဝင်ပါတယ်ဘုရား။ ဓမ္မစကြာ အသံက ပဥ္စသိခ်နတ်သား အသံသွင်းထားတာပါဘုရား။

(ဦးဇင်း) "သက်တော်ထင်ရှားဘုရားဟောတော်မူနေသကဲ့သို့အသံကကြည်လင်ပြတ် သားပြီး တည်ငြိမ်အေးမြ လှ၏။ နာရသူမှာ နာ၍မဝဖြစ်ရပါတယ်။ ဒီဘုရားကြီး ကလည်း ဦးပဥ္စင်းတို့ဆီမှာ ရှိတဲ့ပုထိုးတော်ကြီး ဘုရား ပုံသဏ္ဌာန်နှင့်တူလှပါတယ်၊ ဘုရားဖူးသူ ဒကာ ဒကာမများကလည်း ဖူးပန်းစေတ်မှုအဲ - ဘာဘုရား လို့ခေါ်သလဲ"

(သမီး) "မြတ်စွာဘုရားဆံတော်များကို ရွှေသားအုပ်ချုပ်တို့ ဖြင့် တည်ပြီး တည်ထားတဲ့ မဟာစူဠာမုနိဘုရားပါ"

(ဦးဇင်း) "ဒီမဟာစူဠာမုနိဘုရားတော ကာဝတိံသာမှာ တည်ထားတယ်လို့ ကျမ်းဂန်များမှာ တွေ့ရပါတယ်။"

(သမီး) "ဒါတာဝတိံသာ နတ်ပြည်က စူဠာမုနိဘုရားပဲဘုရား၊ ကျွန်ုပ်စိတ်ထဲတွင်နတ်ပြည် သာဆိုတယ် လှုပ်ရှားသွားလာနေကြသူများကတော့ လူတွေလိုပဲ ဟု တောင့်မေ့၏။"

(ဦးဇင်း) "မဟာစူဠာမုနိဘုရားကြီး ပုတီးစိတ်ပါအုံးမယ်၊ ဒကာမကြီးလည်း အလိုရှိရာ သွားပေတော့။ အထူးကျေးဇူးတင်ပါတယ်။"

ဟု ပြောပြီး စူဠာမနိဘုရားကြီးဘက်လှည့်လာခဲ့၏၊ ဘုရား ရောက်လျှင် တရှေ့ဘက်ရွှေပြသာဒ် ကြီးထဲမှာ စိပ်၏၊ ကျွန်ုပ်နိုးလာ၏၊ နာရီကြည့်လိုက်တော့ (၃)နာရီထိုးနေ၏၊ ကိုယ်လက် သန့်ရှင်းပြီး မှတ်တမ်းရေး လိုက်သည်။

၁၃၁၇-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၀ံ၀)ရက်၊ ကြာသပတေးနေ့၊ (၁၉၅၅၊ နိုဝင်ဘာ ၁၀ ရက်) ဘုရားဝတ်ချပြီး ပရိတ်ယူ၍ သုဂတော (၅)ချက်၊ သာသနာ (၅၀၀၀) အဓိဋ္ဌာန်ဝင်၏။ ပုတီး (၁၂) ပတ်ရလျှင် (၅) နာရီသံချောင်းသံကြား၍ကန်တော့ ဝတ်ချပြီး ကျောက်တော်ကြီးဘုရားသွားစိတ်ရန် ထွက်ခဲ့၏။ ယမ်းလျှောက်ပြီးလဲစိတ်သွား၏။ ပုတီး (၃) ပတ်ရတော့ ကျောက်တော်ကြီးဘုရား ရောက်၏။ နံနက် (၅) နာရီခွဲနေ၏။ ဂါထာသော ဖယောင်းတိုင် (၉)တိုင် အမွှေးတိုင် (၉)တိုင်များပူဇော်၍ ကန်တော့ ပရိတ်ယူစိတ်တော့၏၊ သုဂတော (၅)ချက် (၂၂) ပတ်စိတ်ပြီးလျှင် မေတ္တာပို့ အမျှဝေ၍ ပြန်လာခဲ့၏၊ တောင်မင်းကြီးရောက်လျှင် (၉) နာရီထိုးနေ၏၊ ကန်တော့ပရိတ်ယူပြီး စိတ်၏ နေ့ (၁၁) နာရီခွဲလျှင် (၂၂) ပတ်ပြီး၏၊ မေတ္တာပို့ အမျှဝေ၍ ကန်တော့ပြီး ပြန်ခဲ့၏။ တောင်လေးလုံး တိုက်အုပ်ဆုန်းကြီး ဦးဇာဂရက -

"မွန်းတည့်တော့မယ်၊ လာလာ ၊ ဆွမ်းဘုန်းပေးကြွ"

ဟု ပင့်၍ ဝင်စား၏။ နေ့ (၁၂) မတ်တင်းလောက် စားသောက်ပြီး၊ ကြေးဘုရားကြီး ဝင်စိပ်၏၊ နေ့ (၃)နာရီထိုးလျှင် ပုတီး(၂)ပတ်စိတ်ပြီး၍ မေတ္တာပို့ အမျှဝေကန်တော့ပြီး လာခဲ့၏။ ယနေ့ အဖို့ရာ ကျောက်တော်ကြီး ဆောင်မင်းကြီး၊ ကြေးဘုရားကြီး ကြီး (၃)ကြိမ်ပြီး၏ အရင်နေ့က ကောင်းမှုဟော်ကြီး (၅)ထပ်ကြီးနှင့် ပေါင်းသော်ကြီး ငါးကြိမ်ပြီး၏ ကျောင်းရောက်လျှင် ရေချိုး၍ အနားယူ စာကြည့်နေ၏။ ညနေ (၆) နာရီထိုး၍ ယနေ့ ပုတီးပတ် (၆၆) ပတ်ရသဖြင့် အပတ် (၇၂)ရအောင် (၆) ပတ်စိပ်ရန် ကန်တော့ပရိတ်ယူပြီး စိပ်တော့၏၊ ည (၇) နာရီထိုးလျှင် (၆) ပတ်စိတ်ပြီး၏၊ ပရိတ်များ၊ ဂါထာ၊ မန္တာန်များ ရွတ်ပြီး ည (၁၀)နာရီထိုးတာနှင့် အိပ်လိုက်တော့၏။

နံနက် (၂) ချက်ခွဲ နိုးလာ၏ ကိုယ်လက်သန့်ရှင်းပြီး ကန်တော့ပရိက်ယူပြီး အဓိဋ္ဌာန်ပုတီး စိတ်တော့၏၊ ပုတီး (၁၂) ပတ်ပြီးတော့ (၅) နာရီသံချောင်း ခေါက်သံကြားရ၍ ပုတီးစိပ်ရပ်ပြီး မှတ်တမ်း ရေးလိုက်၏။

၁၃၁၇-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁၀) ရက် သောကြာနေ့ (၁၉၅၅၊ နိုဝင်ဘာ ၁၀ ရက်) ဟုရေးပြီး ကန်တော့ဝတ်ချ၍ဘုရားကြီးကို မြေလျှင်လျှောက်လာခဲ့၏၊ နံနက် (၆)နာရီထိုးတော့ ဘုရားကြီးရောက်၏၊ ဝန္ဒကုဋိတိုက်ဝင်ပြီး သီရိအရုပ်အင်္ဂါဆောင့်က ထိုင်၍ ထိခြင်းငါးပါးဖြင့် ကန်တော့ ပရိက်ယူ သာသနာ့ငါးဆောင် ရည်မှန်းပြီး သုဂတော (၅)ချက် အဓိဋ္ဌာန် (၁၀၈) ပါတ်စိတ်ပါမည်ဘုရားဟု လျှောက်၍ စိတ်၏၊ နံနက် (၈)နာရီ ခွဲလျှင် (၁၀၈) ပါတ်ပြီး၍ မေတ္တာပို့ အမျှဝေပြီး ဂန္ဓကုဋိတိုက်ထွက်လာ၏။ အရှေ့စောင်းတန်း မြောက်ဘက်မှတ်တိုင် ရပ်ပြီး လိုင်းကားစောင့်နေ၏၊ ဒကာတစ်ယောက် ရောက်လာပြီး

"ခေါက်ဆွဲထုပ် အလှူခံတော်မူပါဘုရား"

ဆို၍ အလှူခံလိုက်၏။ ထိုအခိုက် လိုင်းကားရောက်လာ၍တက်စီးသွား၏၊ ဈေးချိုမြောက်ဘက် မန်းတောင်ခြေသွားသော လိုင်းကားစီးပြီး ကုသိုလ်တော်ကြီးသွား၏ နံနက် (၉)နာရီမှာ ကုသိုလ်တော်ကြီး အနောက်ဖက်မုခ်မှဝင်၍ အရှေ့ဖက်အာရုံခံဝင်ပြီး ကန်တော့ ပရိက်ယူ အဓိဋ္ဌာန်ပုတီးစိတ်တော့၏၊ နေ့ (၁၀)နာရီ ခွဲမှပြီး၍ ခေါက်ဆွဲစားရန် ရေအိုးစင်မှာ လက်သွားဆေးပြီး ပြန်လာလျှင် အသက် (၇၀) အရွယ် လောက်ရှိသော ဘုန်းကြီးအိုကြီးက -

"တပည့်တော် သပိတ်ထဲက ဆွမ်းဟင်းများလဲ ဘုဉ်းပေးပါဘုရား၊ ကပည့်တော်လည်း ကုသိုလ်ရအောင်၊ တပည့်တော်နှင့်အရှင်ဘုရား အတူတူစားရအောင်ဆိုပြီး သူပါလာသော နေယာထိုင်ကြီးခင်း၍ ဆွမ်းပြင်ပြီး (၂)ပါး စားကြ၏၊ ဘုန်းကြီးသပိတ်ထဲပါသော ဟင်းခွက် (၉)ခွက်၊ ကြက်သားဟင်း (၁)ခွက်၊ ဝက်သားဟင်းလေး (၁)ခွက်၊ ဝက်သားအချိုချက် (၁)ခွက်၊ ဘဲဥဟင်း (၁)ခွက်၊ ငါးပိချက် (၁)ခွက်၊ ချဉ်ရေဟင်း၊ ပဲဟင်းတခွက်၊ ပဲကြော်တခွက်၊ ငါးချောက်ဖုတ် (၁)ခွက်၊ သပိတ်ထဲက ဆွမ်းများကို သပိတ်ဖုံးထဲထည့်ပေးပြီး ကျွန်ုပ်စားရန်ပေး၏၊ ကျွန်ုပ်ကလည်း ပါလာသော ခေါက်ဆွဲထုပ်ကိုနှလ်ပြီး ဘုန်းကြီးသပိတ်ထဲ (၃)ပုံ၊ (၂)ပုံ ထည့်ပေး၏၊ ကျွန်ုပ်က (၁)ပုံ သပိတ်ဖုံးထဲ ထည့်၏၊ ဂေါပကကြီးက ရေနွေးခရားနှင့် ပုဂံ (၂)လုံးလာတပ်၏၊ ကျွန်ုပ်တို့ဆွမ်းစားကြ၏၊ ကျွန်ုပ်နှင့် ဘုန်းကြီး လည်းစားပြီးပိုတဲ့ဟင်းများ ဆွမ်းများ ဂေါပကကြီးအားစွန့်လိုက်၏။ ဂေါပကကြီးက လက်သုတ်ပုဝါ၊ ရေတို့ကပ်၏။ အားလုံးဆေးကြောပေးပြီး၊ ဘုန်းကြီးကြီးကပ်၏၊ ကျွန်ုပ်က ဆွမ်းစားပြီးတော့ ဘုန်းကြီးကြီးကန်တော့ဝတ်ချပြီး ဘွဲ့တော်၊ ဝါတော်၊ သီတင်းသုံးသော နေရာတို့ကို မေးလျှောက်၏၊ ဘုန်းကြီးက -

"နောက်တော့သိပါလိမ့်မယ်၊ ဦးပဉ္စင်းလေး အလုပ်လုပ်စရာရှိတာသာ မပျက်အောင်လုပ်ပါ။ ဦးပဉ္စင်းလေး တို့ပွားများအားထုတ်နေသော ယောဂီများနှင့် တွေ့ရတာ၊ ဆုံရတာ၊ ဒါနပြုရတာ၊ ဘုန်းကြီးတို့အဖို့ မွန်မြတ်သော ကုသိုလ်ထူးကြီးရလို့ယနေ့အဖို့ မင်္ဂလာ၊ ကြက်သရေနှင့် ပြည့်စုံရတဲ့ နေ့လို့အထူးမှတ်သားရမှာဘဲ၊ ဘုန်းကြီးနေတာက မောက်အိုး၊ ဘွဲ့တော်က နေလ၊ အသင်္ခါကဝါနှင့်ပေါင်းလျှင် ဘုရားအသက်ထက် (၂၁) နှစ်ကြီးတယ်၊ ကဲကဲ ပဉ္စင်းလေး သွားလိုက်အုံးမယ်၊ ဆက်ကြိုးစား၊ ဆက်ကြိုးစား၊ ရည်ရွယ်ချက်ကြီးအောင်မြင်တော့မယ်၊ နိုးကပ်နေပါပြီ" ဆိုပြီး အရှေ့ထဲထွက်ကြွသွား၏။

ဘွဲ့တော်၊ သက်တော်တွေ တပည့်ဟော် နားမလည်ပါဘူးဘုရား။ တပည့်တော်အသက် (၆၅)နှစ် ရှိပါပြီ၊ ဒီလိုဘုန်းကြီးကြီးနဲ့ အရှင်ဘုရားလို ဦးပဥ္စင်း တစ်ခါမှ မတွေ့ဘူးပါဘူးဘုရား ဘုန်းကြီး မိန့်တာတွေ ထောက်ပြပါအုံး ဘုရား။ ဇကာကြီးသေသေချာချာ မှတ်ထားနော် -

"သူနေတာ မောက်အိုးဆိုတော့၊ မိုးဓောတ်မှာနေတယ်လို့ပြောတာ၊ ဘွဲ့က နေလဆိုတော၊ စန္ဒာ သူရိယ ကိုယ်တော်ကြီးပေါ့ အသက် နှင့်ဝါက ဘုရားထက် (၂၀) နှစ်ကြီးတယ်ဆိုတော့ ဘုရားသက်တော်က (၈၀)၊ ဝါတော်က (၄၅)၊ အဲဒီတော့ (၈၀)နှင့် (၂၀) နှစ်ပေါင်း ဘုန်းကြီးကြီးရဲ့ သက်တော်က (၁၀၀) နှစ်ရှိပြီလို့ ပြောတာဇကာကြီးရဲ့"

"ဒီလိုလား၊ လို့ ဖုံအားသင့်စွာနှင့် ပြောပြီး ကျွန်ုပ်ဝတ်ချ၏။ ကျွန်ုပ်ကလည်း ဘုရားဖတ်၍ပြန်လာခဲ့၏၊

မန္တလေးတောင်ခြေက ကျောက်တော်ကြီးဘုရား နေ့ (၁)နာရီ လောက်ဝင်ပြီး ပုတီးအဓိဋ္ဌာန် စိတ်၏၊ ညနေ (၄) နာရီမှ ညနေ (၅)နာရီခွဲ ဆောက်၏၊ ခေတ္တနားပြီး စာကြည့်နေ၏၊ ည (၇) နာရီခွဲလောက် ပရိတ်များ၊ ဂါထာ၊ မန္တာန်များ ရွတ်ပြီး ည (၉)နာရီခွဲမှာ အိပ်လိုက်တော့၏၊နံနက် (၃) နာရီ နိုးလာ၏၊ ကိုယ်လက်သန့်ရှင်းပြီး သုဝဏ္ဏ (၅)ချက် သာသနာ(၅၀၀၀) အဓိဋ္ဌာန်ပုတီးစိတ်၏၊ ပုတီးပါတ် (၁၃) ပါတ် ရလျှင် (၅) နာရီသံချောင်း ခေါက်၍ ကန်တော့ဝန်ချပြီး မှတ်တမ်း ရေးလိုက်၏၊

၁၃၁၇၊ သီတင်းကျွန်လပြည့်ကျော် (၁၃) ရက် တနင်္ဂနွေနေ့ (၁၉၅၅၊ နိုဝင်ဘာ ၁၃ ရက်) သုဝဏ္ဏ (၅)ချက်၊ သာသနာ (၅၀၀၀) အဓိဋ္ဌာန် ပုတီးစိပ်ရန် နောက်ဆုံး (၉)ကြိမ်မြောက် ပုထိုးတော်ကြီး ဘုရားအထက်ပစ္စယာ တနင်္ဂနွေထောင့် တက်ပြီး၊ ကန်တော့ ဝန်ချ ပရိကံယူပြီးစိတ်၏၊ ပုတီး (၇)ပတ်စိပ်နေစဉ် အရှေ့အရပ်မှ "အောင်ပြီ-အောင်ပြီ-အောင်ပြီ" ဟု အော်သံကြားလိုက်ရ၏၊ အော်သံများ ဆုံးသည်နှင့် တပြိုင်နက် အောင်မောင်းသံကြားရပြန်၏၊ ထိုအောင်သံသည် ပုတီး (၂၂) ပတ်ပြီးဆုံးသည့်တိုင်အောင် ကြားနေရ၏၊ ပုတီး (၂၂) ပတ်လည်း ပြီးရော ကြေးစည်သံ၊ ခေါင်းလောင်းသံ၊ မောင်းသံတို့ အောင်သံစုံအောင်ကြားရ၏၊ အလွန် ထူးဆန်းသောအတွေ့အကြုံများ ဖြစ်၏။ ပရိတ်တော်များ။ ဂါထာ၊ မန္တာန်များ ရွတ် မေတ္တာပို့ အမျှဝေပြီး လက်အုပ်ချီ စေတီတော်ကြီးကို (၃) ပါတ်ပတ်ပြီးလိုရာ ပဌနာပြု၍ ပြန်လာခဲ့၏။ ကျောင်းရောက်လျှင် (၁၀)နာရီထိုးနေ၏၊ ဆွမ်းစားချိန် နီးသဖြင့်ခေတ္တနား၍ စာကြည့်နေ၏။ နေ့ (၁၀) နာရီခွဲတော့ ဆွမ်းစားလာပင့်၍ ဆွမ်းသွားစား၏။ ပြီးလျှင် ရေချိုး ခေတ္တမှိန်း၏။ နေ့ (၁၂) နာရီခွဲထ ခရီးစဉ်မှတ်တမ်းစာအုပ်ကြည့် ရေးမှတ်နေ၏ အချိန်တုန် မှန်းမသိကုန်သွားပြီး ည (၈) နာရီခွဲတော့ ပရိတ်ဂါထာများ ရွတ်ဖတ်ပြီး မေတ္တာပို့ အမျှဝေပြီးလျှင် နာရီကြည့် လိုက်လျှင် ည (၉) နာရီခွဲနေ၏၊ အိပ်ရာပြင်၍ အိပ်လိုက်တော့၏၊ နံနက် (၂) ချက်ခွဲ ထကိုယ်လက် သန့်ရှင်းပြီး ရှိခိုး ဝတ်ချ ပရိကံယူ၊ သုဝဏ္ဏ (၅)ချက်၊ သာသနာ (၅၀၀၀) ငါးထောင် အဓိဋ္ဌာန်စိတ်၏၊ ပုတီး (၁၈) ပါတ်ရလျှင် နံနက် (၆)နာရီသံချောင်း ခေါက်သံကြား၍ ပုတီးရပ်ပြီး ကြီး(၅)ကြီးဘုရားများ ဗုဒ္ဓဂယာ ဘုရားဖူး သွားမည့်အကြောင်း လျှောက်ထားရန် ထွက်လာခဲ့၏၊ ကျောက်တော်ကြီး ဘုရားရောက်လျှင် မှတ်တမ်းရေးလိုက်၏၊

. ၁၃၁၇-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁၄)ရက်၊ လကွယ်နေ့၊ တနင်္လာနေ့၊ (၁၉၅၅၊ နိုဝင်ဘာ ၁၄ ရက်) တပည့်တော် ဗုဒ္ဓဂယာသွားရန်တန်ဆောင်မုန်းလဆန်း (၂) ရက် ဗုဒ္ဓဟူးနေ့ နံနက် (၄)နာရီခွဲအချိန်တစ်၌

ခရီးထွက်ပါမည်ဘုရား၊ သာသနာအကျိုး ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်အောင် ပစ ကြည့်ရှုတော်မူပါ အရှင်ဘုရားဟု လျှောက်ထားပြီး ကန်တော့ဝတ်ချ ပရိက်ယူ၍ ပုတီး (၉) ပါတ်စိတ်၏။ ကြေးဘုရားကြီးလာခဲ့၏၊ ရှေးနည်းအတိုင်း လျှောက်ထားကန်တော့ပြီး ကျောင်းပြန်လာ၊ ကျောင်းရောက်တော့ နာရီကြည့်လိုက်၏၊ (၁၀) နာရီ ထိုးနေ၏၊ ခေတ္တနား ဆွမ်းစားလာပင့်၍ လိုက်စား ပြီး ပစ္စည်းများသိမ်းစရာရှိတာသိမ်း၊ အိပ်စရာရှိတာ အိပ်နင့်ပြီးလျှင် နေ့လည်ပိုင်းမှ ပုတီးစိတ်ရတော့၏၊ ဓမ္မာရုံနားက ကျောင်းတော်မှုကြီးထံ သွားစိပ်၏၊ ညနေ (၆)နာရီထိုးလျှင် ပုတီး အပါတ် (၄၀) ရ၍ မေတ္တာပို့ အမျှဝေပြီး ကျောင်းပြန်လာ၏၊ ဆရာတော်ထံသွားပြီး ဗုဒ္ဓဂါယာ တန်ဆောင်မုန်း လဆန်း (၂) ရက် သွားမည့်အကြောင်း လျှောက်ထား၏။ ဆရာတော်က ဘယ်လိုဘယ်ပုံသွားမည့်အကြောင်း မေးမြန်း၍ ကုန်းလမ်းကသွားမည့်အကြောင်း၊ လျှောက်ထား၏၊ လမ်းစရိတ်အဖြစ် ဝတ္ထု (၂၀၀) ဒွန့်လိုက်၏၊ ဆရာတော် ဘုရားကြီးတို့ ထိုခြင်းငါးပါးဖြင့် ကန်တော့ဝတ်ချပြီးပြန်လာခဲ့သည်၊ ကျောင်းရောက်လျှင် ကျန်ပုတီး ဝတ်များဆက်စိပ်နေ၏၊ ပုတီးပတ် (၁၅) ပတ်ပြီးသော် (၉) နာရီသံချောင်းခေါက်သံကြား၍ ပုတီးစိပ်တာရပ်နားပြီး ဝရိတ်တော်များ၊ ဂါထာမန္တာန်များရွတ်၏၊ မေတ္တာပို့ အမျှဝေ၏၊ ပြီးလျှင် နာရီကြည့်သောအခါ (၁၀) နာရီ (၂၀) မိနစ်ရှိနေ၍အိပ်လိုက်တော့သည်၊ နံနက် (၃) နာရီနိုးလာ၏၊ ကိုယ်သက်သန့်ရှင်း ပြီးကန်တော့ဝတ်ချ ပရိတ်ယူပြီး အခဲ့ဌာန်ပုတီးစိတ်၏။ ပုတီး (၁၈) ပတ်ရလျှင် နံနက် (၆) နာရီ သံချောင်း ခေါက်သံကြား၍ ပုတီးရပ်နားပြီး ပုထိုးတော်ကြီးလာခဲ့၏၊ ပုထိုးတော်ကြီးဘုရား တနေ့စဉ်ထောင့်က သိမ်ထဲပုတီး (၉) ပတ်စိပ်ပြီးလျှင် ဗုဒ္ဓဂါယာ သွားမည့်အကြောင်း ရှေးနည်းအတူလျှောက်ထားပြီး မှတ်တမ်းရေးလိုက်၏။

၁၃၁၇ ခု၊ တန်ဆောင်မုန်းလဆန်း (၁) ရက်၊ အင်္ဂါနေ့ (၁၉၅၅၊ နိုဝင်ဘာ ၁၅ ရက်) ပုထိုးတော်ကြီး သိမ်ပုတီး (၉) ပတ်စိပ်ပြီး ရွှေဂူကြီးဘုရားလာခဲ့၏၊ ဘုရားရှေ့တော်မှာ ပုတီး (၉)ပတ်စိပ်၊ ထို့နောက် ရွှေဂူကြီးဘုရား ရာတုထောင့်ရှိန်းရှိန်း သိမ်ကြီးထဲ (၉) ပတ်စိပ်၏၊ ပြီးလျှင် မုံရွာကားဂိတ် မန္တလေးသွားပြီး လက်မှတ်ဖြတ်ခဲ့သည်၊ (၃) ကျပ်ပေးရ၏၊ အပြန် ဘုရားကြီးဝင် ပုတီး (၉)ပတ်စိပ်၏။ ပုတီးစိပ်ပြီး ဘုရားကြီးဝန္ဒကုဋိ တိုက်ထဲမှ ထွက်လာခဲ့၏၊ အနောက်ဖက်မုခ် ကားဂိတ်နားက ခေါက်ဆွဲဆိုင်ထဲက လူတစ်ယောက်ထွက်လာပြီး ခေါက်ဆွဲ ပင့်ပြီးကပ်၏၊ စားပြီးလျှင် ထိုဒကါက လိုင်း ကားပေါ်ထိတင်ပေးပြီး စရိတ်ပါ စပယ်ယာကိုပေးခဲ့သည်၊ အမရပူရ ညောင်ပင်ကြီးနားရောက်သော်ဆင်း၍ လျှောက်လာခဲ့၏၊ နေ့လည် (၁၂) နာရီအချိန်ကျောင်းရောက်၏၊ ရေသွားချိုးပြီး ကျောင်းပြန်ယူစရာများ လွယ်အိပ်ထဲသေသေချာချာထည့်ပြီး သတ္တလပ်ခြုံထည်၊ သပိတ်တစ်လုံး၊ သားရေနွယ်တို့ပါ အဆင်သင့်ပြင်ထား၏၊ ကျန်ပုတီးပတ်များဆက်စိပ်၏၊ ပုတီးပတ် (၃၆) ပတ်ရလျှင် ည (၉)နာရီခွဲ၍ ပရိတ်ရွတ်ဂါထာမန္တာန်များရွတ်၍ မေတ္တာပို့အမျှဝေသည်။ နာရီက ည (၁၀) နာရီခွဲနေ၍ အိပ်လိုက်တော့သည်။ ထိုအခါ အိမ်မက်၏ -

ကျောင်းတိုက်ကြီးတစ်တိုက်ထဲရောက်သွား၏၊ ကျောင်းကြီးက စုလစ်မွန်းချွန်များဖြင့် ပြုလုပ်ထား၍ အလွန်တင့်တယ်ပြီး ရှု၍မငြီးဖြစ်နေ၏၊ အပြင်ဘက်မှကြည့်လျှင် ကျောင်းကြီးအကာအား လုံးနှင့် အထက်မှ ပြာသာဒ်များကိုလည်း ရွှေအတိချထား၏၊ ရွှေကျောင်းတော်ကြီးဖြစ်၏၊ ထိုကျောင်းတော်ကြီး လှေခါးရင်းမှ တက်သွား၍ ကျောင်းကြီးပေါ်ရောက်သောအခါ ဦးပဥ္စင်းငါးပါးကဆီးကြိုပြီး အရှင်ဘုရား၊ ကြွပါကြွပါ၊

မြတ်စွာဘုရားကြွလာခါနီးပါပြီ။ ဤနေရာကားဘုရားနှင့်မနီးမဝေးနေရာဖြစ်တယ်၊ ထိုင်ပြီး စောင့်နေပါ။ ပေား . . ပြောရင်းဆိုရင်း ဘုရားကြွလာတော်မူပါပြီ ဟု ပြောသဖြင့် အားလုံး သံဃာထု လူထုများက ကျွန်ုပ်အပါအဝင် ဘုရားကြွလာရာဘက်လှည့်လိုက်ပြီး လက်အုပ်ချီ၍နေကြ၏၊ မြတ်စွာဘုရားသခင် ဓမ္မာသန ပလ္လင်တွင် သီတင်းသုံးနေတော်မူပြီးသောအခါ အားလုံးသောရဟန်းရှင်လူပရိတ်သတ်ကြီးက ထိခြင်းငါးပါးဖြင့် ရှိခိုးကြသည်။မြတ်စွာဘုရားသခင်က တရားဟောတော်မူ၏၊ ဟေတုပစ္စယောတိ၊ ဟေတုဟေတု။ သမ္ပယုတ္တကာနံ၊ ဓမ္မာနံ၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ ဟေတု ပစ္စယေနပစ္စယောမှ အဋ္ဌိဂတပစ္စည်းဆုံးအောင်ဟောတော်မူ၏။ ပစ္စယနိဒ္ဒေသ ပါဠိတော်ကို ကြည်လင် ပြတ်သားစွာ ချိုသာ နာပျော်ဘွယ်အသံတော်ဖြင့် ဟောကြားပြီးဆုံး သည့်နောက် ပရိတ်သတ်ကြီးက သာဓု (၃) ကြိမ်ခေါ်ပြီး ပြန်သွားကြ၏၊ ဘုရားရှင်လည်း ပလ္လင်တော်ပေါ်မှ ဆင်း၍ ကျွန်ုပ်ထံကြွလာ၍ ဝါယမ နောက်တော်တလိုက်ခဲ့ဟု မိန့်တော်မူ၍ လိုက်သွား၏၊ ကျောင်းကြီးတစ်ဆောင် ပေါ်ရောက်သွားကြ၏၊ ဆွမ်းပွဲများ ပြင်ထားသောနေရာတွင်ဘုရားထိုင်တော်မူ၏၊ မြတ်စွာဘုရားထိုင်တော်မူတယ် ဆိုရင် ဥပါသကာ (၂) ယောက် ရောက်လာကြပြီး ဆွမ်းကပ်ကြသည်၊ ဝါယမထိုင် အဲဒီဘက်ကနေစား ဟု မိန့်တော်မူ၍ ကြောက်ကြောက်ရွံ့ရွံ့ ဖြင့်ထိုင်၍စားရသည်။ ဘုရားရှင်က အရင်ဘုန်းပေးပြီးသွား၏။ ကျွန်ုပ်က နောက်မှစား၏၊ ဘုရားရှင်က သင်းပိုင်တစ်ထည်ယူလာပြီး ဒီသင်းပိုင်ယူသွား ငါကဲ့သို့ကိုးကွယ်ဟုမိန့်တော်မူလေ၏၊ ကျွန်ုပ်ကလှမ်းယူ လိုက်သည်၊ ဝါယမ သွားလိုရာသွားနိုင်ပြီ၊ အာဘာတ္တရာယ်မှ မထိခိုက်တော့ဘူးဟု မိန့်ပြီးဘုရားကြွတော်မူ၏၊ ကျွန်ုပ်လည်း ဘုရားရှင်ကို ရှိခိုးဝတ်ချပြီး ထွက်လာခဲ့၏။ ထိုတွင်နိုးလာ၏၊ နာရီကြည့်လိုက်သောအခါ မနက် (၂)နာရီခွဲနေပြီ၊ ထပြီးကိုယ်လက်သန့်ရှင်း၍ ရှိခိုးဝတ်ချ ပရိက်ယူပြီး ပုတီး(၉) ပတ်စိပ်၏၊ ပြီးလျှင် နာရီကြည့်သော် နံနက် (၄) နာရီထိုးနေ၏၊ (၄)နာရီသံချောင်းတလည်းခေါက်၊ ကျွန်ုပ်လည်း ယူစရာရှိတာယူ၍ ညောင်ပင်တွင်ကားစောင့်နေ၏၊ မနက် (၄) နာရီ (၄၀) ခန့်ကားရောက်လာ၍ တက်စီးကာ မုံရွာလိုက်သွား၏၊ ကားပေါ်တွင်မှတ်တမ်းရေးလိုက်၏၊

၁၃၁၇ ခုတန်ဆောင်မုန်းလဆန်း (၂) ရက်ဗုဒ္ဓဟူးနေ့ (၁၉၅၅၊ နိုဝင်ဘာ ၁၆ ရက်) ကားစီးသွားရင်း သုဂတော (၅) ချက် အမိဌာန်ပုတီးစိပ်သွား၏။ မြင်းမူတွင် (၁၀)မိနစ်ခန့် နား၍ ဆက်ထွက်၏၊ မုံရွာကို နံနက် (၇) နာရီခွဲရောက်၏။ ကားဂိတ်တွင် ကလေးဝသွားမည့်ကားစုံစမ်း၏၊ လက်ဖက်ရည်ဆိုင်ဝင်သောက်ပြီး စုံစမ်းသည့်အခါ လက်ဖက်ရည်ဆိုင်ရှင်က စစ်ကားတွေ ဟိုနားမှာ ရပ်နေ ကြတယ်၊ မနေ့ညကရောက်လာပြီး နားနေကြတယ်၊ ဒီကနေ့ထွက်မယ်လို့ကြားတယ်၊ ဗိုလ်မှူးကို သွားတွေ့ပြီး ပြောကြည့်ပါဘုရား။ ရမယ်လို့ ထင်ပါတယ်၊ ကျွန်ုပ်ကကောင်းပြီတကာကြီး၊ သွားမေးကြည့်မယ်ဆိုပြီး ဆိုင်ထဲမှ ထွက်လာပြီး ဗိုလ်မှူးရှိရာမေးပြီး ဗိုလ်မှူးကိုသွားတွေ့သည်၊ ဗိုလ်မှူးက ဦးပဥ္စင်းဘာကိစ္စ ရှိပါသလဲဟု မေးလျှင်၊ ကျွန်ုပ်က ကလေးဝကိုလိုက်ချင်လို့ပါ ဗိုလ်မှူး။

မှူး - ဘာကိစ္စနှင့်သွားမှာလည်းဘုရား။

ဦးဇင်း - ကလေးဝကနေ၊ ကလေးသွား။ ကလေးကနေမိုးလေးသွားပြီး၊ တိန္နိယဘက်ကူး၍ ဗုဒ္ဓဂါယာဘုရားဖူးအဓိဋ္ဌာန်ပုတီးစိပ်သွားမလို့ပါဗိုလ်မှူး။

မှူး လိုက်ခဲ့ပါဘုရား၊ မိုးလေးထိအောင်လိုက်ပို့မယ်၊ နောက်နာရီဝက်လောက်ဆိုရင်ခရီး စထွက်ပါမည်။ ဒီအနားလာသီတင်းသုံးနေပါဘုရား။

ကျွန်ုပ်လည်း ဗိုလ်မှူးနေရာချပေးသောနေရာမှ စောင့်နေ၏။ တအောင့်လောက် ကြာသော် အချက်ပေးခရာမှုတ်၏၊ စစ်သားများကိုယ့်ကားပေါ်ကိုယ်တက်ကြ၏။ ဗိုလ်မှူးက ကျွန်ုပ်ကို ရှေ့ဆုံးတကားခေါင်းထဲ တင်ပေးလိုက်၏၊ သူက နောက်ဆုံးကားကလိုက်၏။ မိုင် (၃၀) လောက်သွားမိလျှင် ရပ်ရန်အချက်ပြ၍ ကားများရပ်ကြ၏၊ ဗိုလ်မှူးက ကျွန်ုပ်အားလာပင့်သွားပြီး ဆိုင်လေးတစ်ဆိုင်၏ စားပွဲခုံလေးပေါ်တွင် ဆွမ်းကပ်ကြ၏။သူတို့အားလုံးလည်းမနက်စာစားကြ၏။ ကျွန်ုပ်စားပြီး တော့ကျွန်ုပ်စီးလာသော ကားပေါ်တက်နေ၏။ (၁၅) မိနစ်ကြာလျှင် ကားထွက်ရန်အချက်ပြ၍ထွက်ကြ၏၊ ကျွန်ုပ်လည်း တလမ်းလုံး ပုတီးစိပ်လိုက်၏၊ သို့နှင့်ပင်ကလေးဝသို့ ည (၉)နာရီခန့်ရောက်၏။ ဗိုလ်မှူး ရောက်လာပြီး "ဦးပဉ္စင်းဒီမှာစခန်း ချမယ်၊ မနက်မိုးလင်းမှ ကလေးကိုထွက်မယ်။ ကြွ၊ကြွ၊ မနက် တပည့်တော်လာခေါ်မယ်ဟု ပြောပြီးထွက်သွား၏။ ကျွန်ုပ်လည်း ဈေးဆိုင်ကလေးအတွင်းစနေဆောင့်ကကုတင် လေးအပေါ် သားရေနွယ်လေးခင်းပြီး သပိတ်ကလေး ခေါင်းရင်းတွင်ချ၍ မှတ်တမ်းရေး၏။ ကျောင်းမှမုံရွာထိ ပုတီး (၀၉) ပတ်ရ၏၊ မုံရွာမှ ကလေးအထိ ပုတီး (၄၀) ပတ်ရသည်၊ စုစုပေါင်း အပတ် (၆၀) ရ၏။ အားလုံးပေါင်းသာသနာ (၅၀၀၀) ပုတီးပတ် (၉)ရက်အတွင်း (၃၅၀) ရ၏။ ဤကဲ့သို့မှတ်ပြီး ပရိတ်တော်များ ဂါထာမန္တာန်များရွတ်ပြီး ည (၁၀) နာရီခွဲတွင် အိပ်လိုက် တော့သည်၊ နံနက် (၂)ချက်ခွဲ နိုးလာသည်၊ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေးလိုက်၏။

၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃) ရက်၊ ကြာသာပတေးနေ့ (၁၉၅၅၊ နိုဝင်ဘာ ၁၇ ရက်) ဘုရားကန်တော့ ပရိတ်ယူပြီး သုဂတော (၅)ချက်အမိဌာန်ပုတီးစိတ်၏။ ပုတီး (၁၂) ပတ်ရလျှင် ဗိုလ်မှူး ရောက်လာပြီး အရှင်ဘုရား၊ ကြွ၊ကြွ ကားထွက်တော့မယ်ဟု ပြော၍ ထားသွားပြီး ကားရှေ့ခန်းအတွင်း ထိုင်နေ၏။ (၅) မိနစ်လောက်ရှိလျှင်ကားထွက်၏။ နာရီကြည့်သော် နံနက် (၅) နာရီ (၁၅)မိနစ်ရှိနေ၏၊ ကားပေါ်ပုတီးစိပ် လိုက်သွား၏။ ပုတီး (၂၄) ပတ်ရလျှင် ကလေးမြို့သို့ရောက်၏၊ ရပ်နားကြပြီး ဗိုလ်မှူးက ဆွမ်းစားရန် ဆိုင်သို့ ဝင်သွားပြီးကပ်၏၊ စားပြီးလျှင် တမူးသွားမည့်ကားပေါ် ဗိုလ်မှူးကတင်ပေး၍ စီးပြီးလိုက်သွား၏။ ဗိုလ်မှူးတို့ကနေရစ်၏၊ လမ်းတနေရာလောက်ရပ်နား၏။ နာရီဝက်ကြာ၏၊ ဆက်ထွက်၏၊ ပုတီးပတ် (၃၂) ပတ်ရတော့ညနေ (၅)နာရီခွဲခန့်ရှိ၏၊ တမူးရောက်၏၊ အကောက်ခွန်အရာရှိက ကြိုပင့်သွား၏။ အကောက်ခွန် အရာရှိအိမ်တွင် တစ်ညအိပ်၏၊ တမူးက အကောက်ခွန်အဖွဲ့ကဝတ္ထုလှူကြ၏၊ (၂၀၀) လောက်ရ၏။ ကာလကတ္တားသွားရန် အစီအစဉ် လူတို့ဘဲလုပ်ပေးလိုက်ကြ၏။ ည (၁၀) နာရီခွဲလောက်ပုတီးပတ်အားလုံး (၆၀) လောက်ရ၏၊ ပရိတ်၊ ဂါထာ၊ မန္တာန်များလည်းရွတ်ပြီး၍ အိပ်လိုက်တော့၏။ နံနက် (၂) နာရီခွဲထ၍ ကိုယ်လက်သန့်ရှင်း မှတ်တမ်းရေးလိုက်၏။

၁၃၁၇ ခု၊ တန်ဆောင်မုန်းလဆန်း (၄) ရက်သောကြာနေ့ (၁၉၅၅၊ နိုဝင်ဘာ ၁၈ ရက်) ဘုရားကန်တော့ပရိတ်ယူပြီး အမိဌာန်ပုတီးစိတ်၏၊ ပုတီး (၁၈) ပတ်ရလျှင် ဆွမ်းစားပင့် ၍လိုက်သွားပြီး

ဆွမ်းစား၏။ ပြီးလျှင်အရာရှိက ကာလကတ္တားသွားမည့်ကား ယခုနေ့ (၈) နာရီမှာ ထွက်မှာဘုရား၊ လက်မှတ်လည်းဖြတ်ပြီးပါပြီဘုရား၊ တပည့်တော် တပည့်ကကားပေါ်ပို့ပေးပါလိမ့် မည်ဘုရား၊ ကြွတော်မူပါဘုရားဟု လျှောက်၍ ကျွန်ုပ်လည်း သူ့တပည့်နောက်လိုက်ကြွသွား၏၊ နယ်စပ် ဓာတူးတံတားမှာ (၂) တုန်းရှိ၏၊ မြန်မာဘက်ကတုန်းက အနက်ဖြစ်ပြီး၊ အိန္ဒိယဘက်တုန်းကအဖြူဖြစ်၏၊ ၎င်းတံတားဖြတ်ကျော်ပြီး ငါးမိနစ်လောက်သွားသော် ကားဂိတ်ရောက်၏။ သူ့တပည့်ကဒီကားကြီးဘဲ ဘုရား။ တက်ပါဘုရား၊ အဲဒီလက်မှတ်ထဲ ထိုင်ခုံနံပါတ်ပါပါတယ်ဘုရား၊ တပည့်တော်ကို သွားခွင့် ပြုပါဘုရားဆိုပြီး ထွက်သွား၏၊ ထိုင်ခုံနံပါတ်ကြည့်လိုက်တော့ (၉) ဖြစ်နေ၏၊ ကားစောင်းဘိုးကို ကြည့်လိုက်၏ (၁၈) ကျပ်ဖြစ်၏၊ အားလုံးနဝင်းကြေး၏၊ ကျွန်ုပ်က အလွန်သဘောကျ၏၊ စိတ်ထဲကတော့ ပရိကံယူပြီး အဓိဋ္ဌာန်ပုတီးစိပ်၏၊ ပုတီး (၂) ပတ်ရတော့ ကားစထွက်၏၊ ပုတီး (၁၈) ပတ်ရလျှင် နေ့လည် (၁၁) နာရီထိုးနေပြီ။ ကားခေတ္တနားသည်၊ လက်ဖက်ရည်ဆိုင်တကုလားလိုရေးထား၍ ကျွန်ုပ်နားမလည်ဖြစ်၏၊ မိနစ် (၂၀) ခန့်နားပြီးသော် ကားထွက်၏၊ တစ်နေ့လုံးတစ်ညလုံးမောင်းပြီး ည (၁၀) နာရီထိုးသော် ခေတ္တအိပ်၏၊ အိပ်ဖို့ရန် ခေါက်ခေါင်းအုံးလေးပေး၏၊ နေ့လက်ဖက်ရည်တစ်ခါတိုက်၏၊ ည (၉) နာရီလောက်ခရီးသည်များမုန့်နှင့်လက်ဖက်ရည်တိုက်၏၊ နောက်တနေ့နံနက် (၃) နာရီနိုးလာပြီး စိတ်ထဲကအာရုံပြုပြီး ကန်တော့ပရိကံယူပြီး ပုတီးစိပ်၏၊ မှတ်တမ်းရေးလိုက်၏၊

၁၃၁၇ ခု၊ တန်ဆောင်မုန်းလဆန်း (၅) ရက်စနေနေ့ (၁၉၅၅၊ နိုဝင်ဘာ ၁၉ ရက်) သုဝဏ္ဏတောင်ချောက်၊ သာသနာ(၅၀၀၀) ပုတီးစိပ်၏၊ ပုတီး (၁၈)ပတ်ရလျှင် ကားပေါ်မှခရီးသည်များ အပြုအစုလိုက်လာသော ကုလားမလေးက မျက်နှာသစ်ရန် ရေတစ်ခွက်လာပေး၏၊ နံနက် (၇) နာရီလောက် လက်ဖက်ရည်နှင့်မုန့်ခရီးသည်များကျွေး၏၊ နေ့လည် (၁၀) နာရီလောက် ထမင်းဆိုင်တွင်ရပ်ပေး၏၊ စားသောက်ပြီးပြီး နေ့လည် (၁၂) နာရီဆက်ထွက်၏၊ ညနေ (၆)နာရီမှ ကာလကတ္တားကားဂိတ်ရောက်၏၊ကျွန်ုပ်ပုတီးပတ် အားလုံး (၆၂)ပတ်ရ၏၊ မြင်းလှည်းမောင်းသောကုလားကို ဗရမာဓရမ်ရှလာဂျာ ရေကား ဟုပြောပြီး မြင်းလှည်းစီး၍ အီဒင်ဆေးရုံလမ်း၊ မြန်မာအသင်းပိုင် သုံးထပ်ဇရပ်ကြီး (BURMESE BUDDHIST REST HOUSE NO. 10, EDEN HOSPITAL ROAD CALACUTTA) သို့သွားရောက်တည်းသည်၊ မွေ့သာလာ တုပ်ချုပ် နေထိုင်ကြသော ဘုန်းကြီးဦးပညာသီရိ၊ ဦးဝိစာရထံသွားရောက်ကန်တော့ပြီး သွားမည့်ခရီးစဉ်၊ အဓိဋ္ဌာန်ဝင်မည့် နေရာများ လျှောက်ထားသောအခါ အိန္ဒိယပြည်မြေပုံထုတ်ပေး၏၊ သဘောတရားများ ကိုလည်း စိတ်ရှည်ရှည်ဖြင့် မိန့်ကြားတော်မူကြ၏၊ မှတ်စရာရှိသည်များမှတ်ထား၏။ည (၉)နာရီလောက်ရှိမှ ညွှန်ကြား ချက်သဘောတရားများ ပြီး၍ ဦးပဥ္စင်းလေး ဟိုနားမှာ အိပ်တော့၊ ဗုဒ္ဓဂါယာမသွားခင် ကာလကတ္တားမြို့တကြည့်စရာ ရှုစရာများကြည့်ရှုပြီး ခရီးဆက်တာပေါ့။ ယောင်ရာ ဘူတာမှ ဂါရာ သွားတဲ့ရထားက ည (၈) နာရီ ခွဲလောက်မှ ထွက်တယ်၊ မနက်ဖန် ကြည့်ဘို့အချိန်ရပါတယ်။ ကဲကဲ ကြိမ်းတော့၊ ကြိမ်းတော့ဟု ဘုန်းကြီး ဦးပညာသီရိကမိန့်၍ ကျွန်ုပ်လည်း သွားအိပ်တော့၏။ နံနက် (၃) နာရီထ ကိုယ်လက်သန့်ရှင်းပြီး ဘုရားခန်းကြီးရှေ့ကန်တော့ပရိကံယူပြီး အဓိဋ္ဌာန်ပုတီးစိတ်၏။ ပုတီး (၁၈) ပတ်ရလျှင် နံနက် (၆)နာရီထိုး၏၊ ပုတီးရပ်ပြီး မှတ်တမ်းရေးလိုက်၏၊

၁၃၁၇ ခု၊ တန်ဆောင်မုန်းလဆန်း (၆) ရက်၊တနင်္ဂနွေနေ့ (၁၉၅၅၊ နိုဝင်ဘာ ၂၀ ရက်) သုဂတော

(၅) ချက်အခိုင်ဒွန် နံနက်ခင်း (၁၈) ပတ်ပြီး၏ လက်ဖက်ရည်သောက်ကြ၏။ နံနက်(၇) နာရီခွဲလျှင် ပြတိုက်များ လိုက်ကြည့်၏။ ကုလားလေးတစ်ယောက်လိုက်ပို့၏။

မြို့ဇိယမ်ပြတိုက်

တည်းသည့်ကျောင်းမှ တစ်မိုင်သာသာရှိ သုံးထပ်တိုက်ကြီးရောက်၏၊ သောကြာနေ့ ဝင်ခပေးရ၏၊ ကျန်နေ့များမပေးရ၊ ပြတိုက်ကြီး၌ တိရိစ္ဆာန်အကြီးအသေးမျိုးစုံထား၏၊ ဓါတ်သတ္တုကျောက်များလည်း မျိုးစုံ၏ အသီးအနှံများ၊ ပန်းချီကားများ၊ ရှေးဟောင်းပစ္စည်းများ အမျိုးပေါင်းများစွာပြထား၏၊ (၂) ရက်လောက်ရှိမှနှံ့နှံ့ စပ်စပ် ရှုမည်ဖြစ်သည်၊

ဝိတိုရိယပြတိုက်

မြို့ဇိယမ်မှ မိုင်ဝက်ခန့်ဝေး၏၊ အတွင်းအပြင် အီတလီကျောက်ပြားများတပ်ထား၏၊သုံးထပ်တိုက်ကြီး ဖြစ်၍ ဝင်ကြေး (၄) ပဲပေးရ၏၊ တိုက်ကြီးအတွင်း ဘုရင်၊ ဘုရင်မစသည့် ကျောက်ရုပ် ကြေးရုပ်များ၊ ပန်းချီကားများ၊ ဓါတ်ပုံများ၊ အမြောက်သေနပ်၊လှံ၊ ဓါး၊ စသည့်လက်နက်မျိုးစုံ၊ အဝတ်တန် ဆာမျိုးစုံ၊ အသုံးအဆောင်မျိုးစုံ၊စာအုပ် စာတမ်းမျိုးစုံ ဥယျာဉ်ရေကန်၊ ပန်းမာလ ၊ ကြည့်ရှုချင်ဖွယ် ရှိပေ၏၊

တိရိစ္ဆာန်ရုံ

ဝိတိုရိယပြတိုက်မှ အနောက်တောင်ဘက်တစ်မိုင်ကျော်ခန့်တွင်ရှိ၍ ဆင်၊ခြင်္သေ့၊ကျား၊ ကျားသစ် တိရိစ္ဆာန် မျိုးစုံ ဝက်ဝံ၊လူဝံ၊ ကြက်၊ငှက်စသည်များ အမျိုးပေါင်းစုံလှ၏၊ ဝင်ကြေး ၃ပဲပေးရ၏၊

စာကြည့်တိုက်၊

တိရိစ္ဆာန်ရုံအနီး ခြံကြီးထဲတွင်ရှိ၏။ ဘာသာစုံစာအုပ်များရှိ၏၊ ပိဋကတ်သုံးပုံစာအုပ်များ လည်းရှိ၏။

နယူးမတ်ကပ်ဈေးကြီး

နေ့ရောညဉ့်ပါရောင်းချသောဈေးကြီးဖြစ်၏၊ ကြီးကျယ်ခန်းနားလှ၏၊ ဘုရားဖူးများ စေ့တတ်တန်း သွားရောက်ဝယ်ကြသော နေရာကြီးဖြစ်၏။ ရွှေဂါ်းရောင်းသောဆိုင်ဝင်ပြီးမေး၏၊ ငါးမူး ပြားတစ်ပြား ဘယ်လောတ်လဲ ဟုမေးလိုက်၏။ (၃၅)ကျပ်ဟုပြန်ပြော၏၊

မျှော်စင်ကြီး

မြို့ဇိယမ်ပြတိုက်ကြီးနားမှာရှိ၏၊ အလွန်မြင့်၏၊ အတွင်းမှာ ကြောင်လိမ်လှေခါးဖြင့် ထိပ်ရောက်အောင် တက်နိုင်၏၊ အနားမှာ ဓါတ်ရထားများလှည့်ပတ်သွားနိုင်ရန် အဝိုင်းကြီးလုပ်ထား၏၊

ဟောင်ရာတံတားကြီး

ဂင်္ဂါမြစ်၊ သုတို့အခေါ်ဟူဂလီမြစ်ကိုဖြတ်ထားသော ဓါတ်ရထား၊ ကား၊ လူတို့ကူးသွား ကြသော တံတားကြီး ဖြစ်၏၊ ကိုက် (၉၀၀) ကျော်လောက်ရှည်၍ (၄၅) ကိုက်လောက်ကျယ်၏၊ ဟိုဘက်၊ ဒီဘက် (၃)တိုင်စီအားဖြင့် တိုင်ပေါင်း (၆) တိုင်စီရှိသော ဂုံးတံတားကြီးဖြစ်၏၊ မြစ်ကွင်းမှာ ဟိုင်မရှိ တံတားပေါ်မှာ လုံးထောက်ဟိုင်(၃၉) လုံးစီရှိ၏၊ အလွန်ခန်းနားသော တံတားကြီးဖြစ်၏၊

ဗောကနီဂါးခင်း

မြို့မှ (၇)မိုင်ဝေးသည့် ဟူဂလီမြစ်တနောက်ဖက်ကမ်းပေါ်မှာ ရှိသည်၊ ကမ္ဘာပေါ်ရှိ သစ်ပင် မျိုးစုံစိုက်ပျိုးပြထားရာဖြစ်၍ နှစ်ရာပေါင်းများစွာ ကပေါက်နေသော ညောင်ပင်ကြီး (၁) ပင်ရှိ၏၊ ပိန္နဲညောင် မျိုးဖြစ်၏၊ ညောင်ပင်ကြီးမှာ အစကတစ်ပင်တည်းဖြစ်သော်လည်း အမြစ်၊ ထောက်သာရာ မှ အပင်ပွားများဖြစ်၍ ဖြစ်၍သွားသောကြောင့် အဝင်ပေါင်း (၇၀၀) ကျော်လောက်ရှိပြီး ပတ်လည်မြေလုမ်း (၄၅၀) အဝ မြေလုမ်း (၀၅၀) ရှိ၏၊ အံ့ဩစရာကောင်းလှ၏၊

ကြာလင်ပန်းရွက်ကြီးများ

ညောင်ပင်ကြီးနှင့်မနီးမဝေး ရေကန်ထဲမှာ ရှိ၍ တလံလောက်အရွက်ကြီးပြီး အရွက်အ နားမှ ထောင်တက်နေသော နှုံမှုံကြာမျိုးဖြစ်၍ ပဒုမ္မာကြာမျိုးမဟုတ်ပေ၊ ညောင်ပင်ကြီးသွားမည်ဆိုလျှင် မြို့မှ ဟောင်ရာဘူတာအရောက် (၃၅) နံပါတ် ဘတ်စ်ကားကိုစီး၍ ကားခ (၆) ပြားပေးစီးသွားရသည်၊ ဟောင်ရာဘူတာမှ (၅၅) နံပတ်ကားစီး၊ ကားခ (၁၀) ပြားပေးရ၏၊

ဂျိမ်းဘုရားကျောင်း

ကြီးကျယ်ခမ်းနားသော ဘုရားတိုက်ကျောင်းကြီးလေးကျောင်းရှိ၏၊ ဂေါ်တော်ရာ ပန်းခြံ ရေကန်များမြင့်ကြည်နူးဖွယ်ကောင်းလှ၏၊ ကျောင်းဆောင်ကြီးများအတွင်းတွင် ရုပ်ပွားတော်များ ရှိ၏၊ ရွှေငွေစိန်ကျောက်ရတနာတို့ဖြင့် စီချယ်ထား၍ အလွန်တင့်တယ်လှသည်၊ မတ်တော်မူရုပ်ပွားတော် (၂) ဆူရှိ၏၊မြန်မာပြည်က ရုပ်ပွားတော်များနှင့်တူ၏၊ စက်တော်ရာမှာ ပကတိလူခြေရာလောက် သာရှိ၏၊ ကျောက်မျက်ရတနာမျိုးစုံတို့ဖြင့် စီချယ်ထား၏၊ ဂျိမ်းဘုရားကျောင်းကို သွားလိုလျှင် ဘိုးဘဇားဈေးမှ နံပါတ် (၃) နံပါတ် (၁၁) လိုင်းကားများကို စီးရသည်၊ ကားခ (၅) ပြားပေးရ၏၊ ကာလကတ္တားမြို့ထဲ လျှောက်ကြည့်ပြီး ညနေ (၅) နာရီထိုးမှ ကျောင်းပြန်ရောက်သည်၊ ညနေ (၅) နာရီခွဲတွင် ကျောင်းမှ ထွက်လာ၏၊ ဟောင်ရာဘူတာကို ည (၇) နာရီရောက်၏၊ လက်မှတ်ဝယ်ပြီး ဂရာမြို့ထွက်မည့်ရထား ပေါ်တက်ထိုင်နေလိုက်၏။ လိုက်ပို့သောကုလားလေးအား ငွေတစ်ဆယ်ကျပ်ပေးလိုက်၏၊ ကုလားလေး ကထပ်ခါထပ်ခါဆလံပေးပြီး ဦးညွှတ်၍ထွက်သွားတော့သည်၊ ယနေ့ပုတီးပတ်အားလုံး (၄၅) ပတ်ရ၏။ ယနေ့မြို့တွင်းတွင် လှည့်ပတ်သွားလာစရိတ် စားစရိတ် (၇) ကျပ်ကုန်၏၊ ဂါယာသွားရန် ရထားခ (၇) ကျပ် (၅၀)ပြားကုန်၏၊ဟောင်ရာဘူတာမှ ဂါယာမြို့ထိ (၂၉၂) မိုင်ရှိ၏၊ ည (၈) နာရီ (၄၅) တွင် ကာလကတ္တားမြို့ ဟောင်ရာဘူတာကြီးမှ ရထားထွက်၏။ ပုတီးစိပ်ပြီး လိုက်သွားသည်၊ ပုတီး (၁၂) ပတ်ရလျှင် နာရီကြည့်လိုက်သည်၊ ည (၁၀) နာရီ (၄၀) မိနစ်ရှိပြီ၊ ထိုကြောင့်စကာမှေးလိုက်သည်၊ နံနက် (၀) နာရီတွင်နိုးလာသည်၊ တိုယ်လက်သန့်ရှင်းပြီးမှတ်တမ်းရေးလိုက်သည်၊

၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇) ရက်၊ တနင်္လာနေ့ (၁၉၅၅၊ နိုဝင်ဘာ ၂၈ ရက်) စိတ်ထဲမှာ အားရှိပြုကန်တော့ ဝရိကံယူပြီး ပုတီးအဓိဋ္ဌာန်စိပ်တော့၏။ ဂါယာမြို့ကရောက်ခါနီး၊ ကိုက် (၁) ထောင်လောက်ကျယ်သော နေရဉ္စနာ မြစ်ကြီးကို တံတားဖြင့်ကူးရသည်၊ ပုတီးပတ် (၃၀) ရလျှင် ဂါယာမြို့ ဘူတာရောက်၏၊ (၆) နာရီသံချောင်းခေါက်သံကြားရသည်၊ ရထားမှ ဆင်းပြီးဆိုက်ကားငှားသွား၏၊ နံနက် (၇) နာရီခွဲလျှင်

မဟာဗောဓိစေတီတော်အနီး ဘုန်းတော်ကြီးဦးဥတ္တမကျောင်းရောက်သည်၊ ဆိုက်ကားခ (၅/)ကျပ် ပေးရ၏၊ ဘုန်းတော်ကြီးလျှောက်ပြီးတည်းသည်၊ ဘုန်းတော်ကြီးက နံနက်ဆွမ်းကျွေး၏၊ ဆွမ်းစားပြီး လာရခြင်းအကြောင်းနှင့် အဓိဋ္ဌာန်ဝင်မည့်အကြောင်းလျှောက်ထား၏၊ ဘုန်းတော်ကြီးက နေ့ဆွမ်းစားချိန်ကြလျှင် ကျောင်းပြန်ဘုန်းပေးပါ၊ တပည့်တော်တို့လည်းတုသိုလ် အထုံပါစေတော့လို့ပါ၊ ပြန်စားနော်၊ ဦးပဥ္စင်းသည်း " တင်ပါ့ဘုရား၊ အဓိဋ္ဌာန်အချိန်ရလျှင်ရသလို ဘုရားတပည့်တော်ပြုလုပ်ပါ့မည်ဘုရား" ဟုလျှောက်ပြီး ဘုန်းတော်ကြီး ကို ဝတ်ချပြီး မဟာဗောဓိစေတီသို့လာခဲ့သည်၊ (၇) မိနစ်လောက်လျှောက်လျှင် စေတီတော်ကြီးရောက်၏၊ မဟာဗောဓိကျောင်းတော်အတွင်းမှ တင်ပလ္လင်ခွေကျောက်ဆင်းတု၊ ရုပ်ပွားတော်မြတ်ကြီးကို ထိခြင်းငါးပါးဖြင့် ရှိခိုးပြီး အဓိဋ္ဌာန်ဝင်မည့် အကြောင်းလျှောက်ထားပြီးကန်တော့ဝတ်ချ၍ မဟာဗောဓိစေတီတော်ကြီး ပတ်လည် နေရာများကိုလေ့လာမှတ်သား၏၊ မဟာဗောဓိစေတီတော်ကြီးမှာတည်းခိုသော ကျောင်းမှတောင်ဘက် (၃)မိုင်လုံ ဝေး၏၊ ဗုဒ္ဓမြတ်စွာစ၍ပွင့်ထွန်းတော်မူရာ မဟာဗောဓိပင်ရင်း၌ အပရာဇိတပလ္လင်တော်နေရာတွင် အာသောကမင်းတရားကြီးတည်ထားသော စေတီတော်ကြီးဖြစ်သည်၊ လေးထောင့်နှစ်ထပ်စေတီတော်ကြီးဖြစ်၏၊ ယခုမြင်ရသော စေတီတော်ကြီးမှာ မင်းတုံးမင်းလက်ထက်ပြန်ပြင်ထားသောစေတီတော်ကြီးဖြစ်၏၊ မဟာဗောဓိစေတီတော်အတွင်း ပလ္လင်တော်ပေါ် တည်နေတော်မူသော ရုပ်ပွားတော်ကြီးမှာ ဒူးတော် (၆) ပေ၊ လေးတောင်ခန့်ရှိ၏၊ ဖူးလို့မဝ အလွန်တင့်တယ်လှပေ၏၊ မဟာဗောဓိစေတီတော်ကြီးကလည်း ကုလားကျောင်းကလေးထောင့်တွင်ရှိပြီး ကုလားကျောင်း၊ အထက်တဖြည်းဖြည်းရှူးတက်သွားပြီး ထိပ်ဝပေါ်တွင် စေတီပုံသဏ္ဍာန်ပြုလုပ်ထား၏၊ တမူထူးခြားပြီး အလွန်တင့်တယ်ပေ၏၊ မဟာဗောဓိစေတီတော်ကြီး၏ လုံးပတ်မှာ ပတ်လည် (၂၁၄) တောင်၊ အမြင့် (၁၀၆) တောင် (၁) ပေရှိ၏၊ အရှေ့မျက်နှာမုခ်ဝလှည့်ထား၏၊ မဟာဗောဓိညောင်ပင်သည် စေတီတော်ကြီး၏ အနောက်ဖက် (၈)တောင်ခန့်အကွာ တွင်တည်ရှိသည်၊ လုံးပတ်ငါးတောင်ခန့်ရှိ၏၊ ထိုမဟာဗောဓိပင်ကို ဆရာတော် ဦးဥတ္တမက သီဟိုဠ်ကျွန်းမှ ပင့်၍စိုက်ထားသော လေးဆက်မြောက်ဗောဓိပင် ဖြစ်ကြောင်း အမိန့်ရှိ၏၊

အပရာဇိတ ပလ္လင်တော် နေရာတည်ထားသော မဟာဗောဓိစေတီတော်၊ အပရာဇိတပလ္လင်တော် အကြောင်းကို အကျဉ်းမျှ ဖော်ပြပေအံ့၊ ကဆုန်လပြည့်နေ့ အာရုဏ်ဦးအချိန်ကစပြီး သုဇာတာသူဌေးကတော်သည် နို့ဃနာဆွမ်းချက်ရန် နွားမ (၈) တောင်တို့၏ နို့ကိုညှစ်ဖို့ရန် ခွက်များဖြင့် အဆင်သင့်ပြုလုပ်ထား၏၊ ထိုအချိန်မှာပင် နွားမ၏ နို့တန်များမှ နို့အလိုလိုပန်းထွက်လာပြီး သူဌေးကတော်သည် လက်ခုတ်ဖြင့်ခံပြီး အိုးထဲထည့်သည်၊ တစ်ကောင်၏ နို့တန်များမှ နို့ကုန်သွားလျှင် နောက်တစ်ကောင်ကလည်းရှေးအတိုင်းပင်ဖြစ်၏၊ သုဇာတာသူဌေးကတော်ကလည်း ရှေးအတိုင်း ပင် လက်ခုပ်ဖြင့်ခံပြီး*အိုးကြီးထဲထည့်သည်၊ နွားမ (၈) ကောင်လုံးဤကဲ့သို့ ထူးဆန်းစွာဖြစ်၍ နွားနို့များယူပြီး ကိုယ်တိုင် မီးမိုပြင်၊ ကိုယ်တိုင်မီးမွှေး၍ နို့ဃနာဆွမ်း ချက်အပ်သည်ရှိသော် အမြှုပ်ကြီးများထပြီး လက်ယာရစ်လည်ကုန်၏၊ တစ်စက်တစ်ပေါက်မျှ အပြင်သို့မကျ၊ ခုံလောက်အထက်အနည်းငယ်မျှပင် မီးခိုးမတက်ပေ၊ ထိုအခါ လောကပါလနတ်မင်းကြီးလေးပါးက ခုံလောက်ကို သံလျက်ထမ်း၍ စောင့်လာကြကုန်၏၊ မဟာဗြဟ္မာမင်းသည် ဒိုဃနာအိုးပေါ် ထီးမိုးလာ၏၊ သိကြားမင်းယည် ထင်းမီးတိုးခြင်း ကိစ္စပြုလုပ်၏၊ နတ်တို့သည် ကျွန်းငယ်နှစ်ထောင် အရံရှိသော ကျွန်းကြီးလေးကျွန်းတို့၌

နတ်လူတို့သုံးဆောင်ကောင်းသော ဩဇာတို့ကို နတ်တို့၏တန်ခိုးဖြင့် ယူ၍ဂဏာတိုး ထဲသို့ထည့်ကြတုန်၏၊ ယနေ့ဘုရားဖြစ်မည့်နေ့ နေ့ခင်းပရိနိဗ္ဗာန်စံမည့်နေ့၊ ဤနှစ်နေ့မှာ ဤကဲ့သို့ ပြုကြကုန်၏၊ ဘုရားသခင်နေ့စဉ် ဆွမ်းဘုန်းပေးသော ဆွမ်းလုပ်တိုင်း ဩဇာထည့်ပေးကြကုန်၏၊ နို့ဂဏာဆွမ်းအဖြစ် ချက်နိုင်ရန် သုဇာတာ သူဌေးကတော်၏ ထူးသောဉာဏ်ဖြင့် နွားနို့ဩဇာရအောင် ဆောင်ရွက်ပုံကို ပြလိုက်ဦးအံ့၊ နို့စားနွားမ တစ်ထောင်ကို နွယ်ချိုတော၌ လွှတ်ပြီးကျောင်းစေ၏၊ ထိုနွားမတစ်ထောင်တို့မှ ထွက်သောနို့ရည်ကို အခြားနို့စား နွားငါးရာတို့အား တိုက်ကျွေးစေ၏၊ ထိုနွားမငါးရာတို့မှထွက်သော နို့ရည်ကို အခြားနို့စားနွားမနှစ်ရာ့ငါးဆယ် တို့အားတိုက်ကျွေးစေ၏၊ ထိုနွားမနှစ်ရာ့ငါးဆယ်တို့မှထွက်သော နို့ရည်ကို အခြားနို့စားနွားမ တစ်ရာ့နှစ်ဆယ့် ငါးကောင်တို့ အားတိုက်ကျွေးစေ၏၊ ထိုနွားမတစ်ရာနှစ်ဆယ့်ငါးကောင်တို့မှ ထွက်သောနို့ရည်ကို အခြားနို့စား နွားမ ခြောက်ဆယ့်လေးကောင်တို့အားတိုက်ကျွေး၏၊ ထိုနို့စားနွားမ ခြောက်ဆယ့်လေးကောင်တို့မှ ထွက်သော နို့ရည်ကို အခြားနို့စားနွားမ သုံးဆယ့် နှစ်ကောင်တို့အားတိုက်ကျွေး၏၊ ထိုသုံးဆယ့် နှစ်ကောင်တို့မှထွက်သောနို့ကို အခြားနို့စားနွားမ (၁၆) ကောင်တို့အားတိုက်စေ၏၊ ထိုနွားမ တစ်ဆယ့်ခြောက်ကောင်တို့ မှထွက်သော နို့ကို အခြားနို့စား နွားမ (၈) ကောင်တို့အားတိုက်ကျွေးစေ၏၊ သူဌေးကတော်၏ ရည်ရွယ်ချက်က နွားနို့အရည်ဖျစ်ရန် ချိုမိန်သော အရသာဩဇာရှိရန် ရည်ရွယ်ပြုလုပ်တာဖြစ်၏၊ နို့ယူပုံကလည်း ထူးဆန်းနို့ဂဏာဆွမ်းချက် သောအခါမြင်တွေ့ရပုံကလည်း ထူးဆန်းလှသောကြောင့် သူဌေးကတော်သုဇာတာသည် သူမ၏ ကျွန်မ ပုဏ္ဏားကို ခေါ်ပြီး အမိပုဏ္ဏား ယနေ့မြင်တွေ့ရပုံတွေက အလွန်ထူးဆန်း အံ့ဩစရာ တွေချည်းမြင်တွေ့ ရတယ်၊ ညောင်စောင့် နတ်မင်းကြီးအား နို့ဂဏာဆွမ်းကပ်မည့်နေရာကို ညောင်ပင်ခြေရင်း၌ သွားရှင်းပါ၊ ကောင်းပါပြီ အရှင်မဆိုပြီး သွားရှင်း၏၊ ညောင်ပင်ကြီးနားရောက်လျှင် ညောင်ပင်ခြေရင်း၌ အရှေ့လောကဓါတ်ကို မျက်နှာမူပြီး နေတော်မူသော အလောင်းတော်မြတ်ကိုရင်း၊ အလောင်းတော်မြတ် ၏ကိုယ်မှထွက်သော အလင်းရောင်တို့က ညောင်ပင်ကြီးလွှမ်းခြုံပြီး လင်းထိန်နေသည်ကိုရင်း မြင်တွေ့ရ၍ ပုဏ္ဏားသည် ထိတ်တနဲဝမ်းသာဖြစ်ပြီး ပြန်ပြေး၍ သူ့သခင်မကို ပြောပြလေသည်။

သုဇာတာ သူဌေးကတော်သည် အလွန်ဝမ်းမြောက်ပီတိဖြစ်သောကြောင့် ပုဏ္ဏား ယနေ့မှစ၍ သမီးကြီးအရာထားမယ်၊ သမီးကြီးနှင့်ထိုက်တန်သော အဝတ်အစားများရော ဝတ်ဟုပေးပြီး သူဌေးကတော်သည် ဘဏ္ဍာတိုက်မှ အဘိုးတစ်သိန်းထိုက်သောရွှေခွက်ကို ထုတ်ယူလာပြီး ကျက်ပြီးသောနို့ဂဏာအိုးကို လောင်းထည့် လိုက်သည်နှင့်တပြိုင်နက် နို့ဂဏာဆွမ်းအားလုံးတို့သည် ပဒုမ္မာကြာရွက်မှ လျှောကျသောရေပေါက်ကဲ့သို့တစ်စက်မျှ မကျန် ရွှေခွက်ထဲ၌ရောက်တည်လာ၏၊ အားလုံးသော နို့ဂဏာဆွမ်းသည် ရွှေခွက်ပြည့်ရုံသာရှိသည်၊ ဤဖြစ်အင်ကို သုဇာတာမြင်ရ၍ အလွန်အံ့ဩဖြစ်လေသည်၊ သုဇာတာသည်နို့ဆွမ်းထည့်သောရွှေခွက်ကို အခြားရွှေခွက်တစ်ခွက် ဖုံး၍ သန့်ရှင်းလတ်ဆတ်သော အဝတ်ဖြင့်ဖုံးအုပ်ပွဲ့ချည်ပြီးလျှင် မိမိကိုယ်ကို တန်ဆာဆင်၍ ရွှေခွက်ကို ကိုယ်တိုင်ရွက်ပြီး ခမ်းနားကြီးကျယ် စွာသောအဆောင်အယောင် အခမ်းအနားဖြင့် ညောင်ပင်ရင်းသို့ သွားလေ သည်၊ ဘုရားအလောင်းတော် သူမြတ်တို့မှာ ဘုရားဖြစ်မည့်နေ့ နို့ဂဏာဆွမ်းဘုန်းပေးသုံးဆောင်တော်မူခြင်းနှင့် အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို ခံယူရခြင်းသည် ဓမ္မတာဖြစ်၏၊ ယနေ့သည် ဘုရားအလောင်းတော်မြတ်

ဇုဋ္ဌရစရိယကျင့်၍ ခြောက်နှစ်ပြည့်မြောက် လဆုန်လပြည့်နေ့သို့ ရောက်သောနံနက်ခင်းအချိန်ဖြစ်၏။

သူဇာတသည် ညောင်ပင်အနီးသို့ ရောက်လတ်သော် အလောင်းတော်မြတ်ကိုမြင်တွေ့ရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ညောင်စောင့်နတ်ဟူသော အမှတ်ဖြင့် အလောင်းတော်ကိုမြင်ရာအရပ် မှ အထူးရှိသေကျိုးနွံစွာ ညွတ်ထွားလျှက်သွားရောက်ပြီးလျှင် ဦးခေါင်းမှ ရွှေခွက်ကိုချ၍ ဖွင့်ပြီးသော် ရွှေတယားဖြင့် နံ့သာပန်းမျိုးစုံထုံအပ်သောရေကို ထည့်ယူ၍ အလောင်းတော်အနီးသို့ ရပ်တည်နေ၏။

အလောင်းတော်သည်ခံယူရန် သပိတ်တော်ကိုကြည့်လိုက်သော် မတွေ့မြင်ရပေ၊ ယင်္ကာရ ဖြတ်ွာလျှ သည်မှာ ဇုဋ္ဌရစရိယာ (၆) နှစ်လုံးကျင့်နေသောအခါမှစ၍ ယနေ့တိုင်ရှိခဲ့၏၊ ယခုမှ ပျောက်ကွဲသွားသည်၊ သို့ဖြစ်၍ လက်ယာလက်တော်ဖြင့်ဖြန့်လှမ်း၍ သုဇာတာလှူသော နို့ယဏာဆွမ်းကို အလောင်းတော်၏လက်သို့ ဆက်တပ်လိုက်လေသည်၊ အလောင်းတော်က သုဇာတာကိုကြည့်လိုက်၏၊ သုဇာတာကသိလိုက်၍ ပြောသည်မှာ "တိုအရှင် ဤရွှေခွက်နှင့် တကွ နို့ဃဏာတိုလှူပါ၏၊ အလိုရှိရာ ကြွတော်မူပါ၊ အကျွန်ုပ်တို့၏ အလိုဆန္ဒအောင်မြင် ပြီးမြောက်သကဲ့သို့ အရှင်မြတ်၏အလိုဆန္ဒကိုလည်း ပြည့်ဝအောင်မြင်ပြီးမြောက်ပါစေသတည်း" ဟု ဆုမြွက်၍ ဓမ္မါသွားလေသည်။

ဘုရားအလောင်းတော်လည်း ထိုင်ရာမှ ထတော်မူ၍ ညောင်ပင်ကိုလက်ယာရစ်လှည့်ပြီးသော် နို့ယဏာရွှေခွက်ကို ယူဆောင်၍ နေရဉ္စရာ မြစ်ကမ်းသို့ ကြွတော်မူ၏၊ ထိုနေရဉ္စရာမြစ်၌ များစွာသော ဘုရားအလောင်းတော်တို့ဘုရားဖြစ်မည့်နေ့ ရေချိုးရာ သုပ္ပတိဋ္ဌိတဆိပ်ရှိလေသည်၊ ထိုရေချိုးဆိပ်၌ ရွှေခွက်ကို ချထား၍ ရေချိုးတော်မူပြီးလျှင် ကမ်းမှ တက်၍ အေးမြသောသစ်ပင်ရိပ်၌ အရှေ့မျက်နှာမူ ထိုင်နေတော်မူလျှက် လေးဆယ့်ကိုးလုပ် မယုတ်မပို နို့ယဏာဆွမ်းကို ဘုန်းပေးတော်မူ၏၊ ဘုဉ်းပေးအပ်သော နို့ယဏာဆွမ်းသည်ပင် ဘုရားဖြစ်ပြီးနောက်သတ္တဋ္ဌာန (၄၉) ရက်ပတ်လုံးဗောဓိပင်အနီး သီတင်းသုံးနေထိုင်တော်မူသော မြတ်စွာဘုရား အတွက် (၄၉) ရက်စာ အဟာရဖြစ်လေသည်၊ လေးဆယ့်ကိုးရက် အတွင်းရေချိုးခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း၊ အလျှင်းမရှိပေ၊ ဈာန်ချမ်းသာ ဖိုလ်ချမ်းသာတို့ဖြင့် အချိန်ကို ကုန်လွန်စေ၏။

ဘုရားအလောင်တော်သည်နို့ဃဏာ ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ရွှေခွက်ကိုကိုင်ယူတော် မူသောအခါ " ငါသည်ယနေ့ဘုရားစင်ဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ဆန်တတ်ပါစေသား" ဘုရားဖြစ်ခြင်းငှာ မစွမ်းနိုင်ပါမူ ရေစုံသို့မျှောပါစေသားဟု အဓိဋ္ဌာန်ပြုပြီး ထိုရွှေခွက်ကို နေရဉ္စာမြစ်ကျောသို့ မျှောလိုက်လေသည်၊ ထိုရွှေခွက်သည် ရေစီးရေယာဉ်ကိုဖြတ်လျှက် မြစ်လယ်သို့တည့်တည့် မတ်မတ်သွားပြီးလျှင် မြစ်၏အလယ်မှပင် မြင်းလျှင်ကိုစိုင်းသကဲ့သို့ အတောင်ရှစ်ဆယ်ခန့် ရေညာသို့ ဆန်တက်သွား၍ ဝဲဝလုပ်၌ နစ်မြုပ်ခါ နဂါးဘုံဗိမာန် ရောက်၍ ကောဏ္ဍသံ ၊ ဝေါဏာဂုံ၊ ကဿပ တည်းဟူသော ပွင့်တော်မူကြပြီးသော ဘုရားသုံးဆူတို့၏ ရွှေခွက်သုံးလုံးကို ထိခတ်ကာ "ကရစ်၊ကရစ်" ဟူသော အသံမြည်ပြီး ထိုရွှေခွက်သုံးလုံးတို့၏အောက်၌ တည်လေ၏၊ ကာဠနဂါးသည် ထိုအသံကိုကြား၍နိုးလာ ပြီး ယမန်နေ့ကပင် ဘုရားတစ်ဆူပွင့်သွားခဲ့ပြီ ယခုတစ်ဖန်ဘုရား တစ်ဆူပွင့်ပြန်ပြီ ဟုပြောဆိုကာ ပိုင်ပေါင်းများစွာသော ဂါထာတို့ဖြင့် ထောမနာမြွက်ဆို၍ ထလေ၏။

မှတ်ချက်။ ။ ကာဠနဂါးအဖို့မှာ ကဿပမြတ်စွာနှင့် ဂေါတမမြတ်စွာဘုရားနှစ်ဆူတို့အကြား ပမဟာပထဝီ

မြေကြီးတစ်ယူဇနာနှင့် သုံးဂါဝုတ်ခန့်မြင့်တက်လာသော ရှည်လျားသောအခါကာလကိုပင် ယမန်နေ့နှင့် ယနေ့တွင် ပြောဆိုရလောက်အောင် တိုတောင်းသကဲ့သို့ဖြစ်နေပေသည်။ ဤသို့ကြံစရာကောင်းလှပေသည်။ ထိုအခါဘုရားအလောင်းတော်သည်နေရဉ္စာမြစ်ကမ်းနားဝယ် အလွန်သာယာလှပသော အင်ကြင်းတော၌ နေ့သန့်စင်ခြင်းဖြင့် နေထိုင်တော်မူ၍ ဘာနာပါနကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်တော်မူ၍ လောကီဈာန်သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ရတော်မူပြီးလျှင် ညနေချမ်းအခါးဆာအချိန်၌ နတ်ပြဟ္မာတို့ တန်ဆာဆင်အပ်သော လမ်းခရီးဖြင့်ကြွမြန်းတော်မူ၍ နေရဉ္စာမြစ်အတွင်းသို့ရေချိုးပြီးလျှင် နတ်ဖန်ဆင်းသော လမ်းခရီးဖြင့်ပင်မဟာဗောဓိပင်သို့ ရှေ့ရှုကြွတော်မူ၏။ ထိုအခါသောတ္ထိမြက်ထမ်းသမားသည် မြက်ထမ်းလာသော် ဘုရားအလောင်းကိုမြင်၍ မြက်ရှစ်ဆုပ်ကိုလှူဒါန်း၏။ အလောင်းတော်သည် မြက်ရှစ်ဆုပ်ကိုယူ၍ မဟာဗောဓိပင်အရပ်သို့ ကပ်ရောက်တော်မူပြီးလျှင် တောင်အရပ်မှမြောက်အရပ်သို့ မျက်နှာမူရပ်တော်မူလေသည်။ ထိုခဏ၌ မြေကြီးသည် စောင်းထောက်သွား၏။ ထိုအချင်းအရာကို မြင်လျှင် ဤအရပ်ကား သဗ္ဗညုတဉာဏ်ရရန် အရပ်မဟုတ်ဟု ဆင်ခြင်တော်မူပြီးလျှင် မဟာဗောဓိပင်ကို လက်ျာ အတ်ကထားတော်မူ၍အနောက်အရပ်မျက်နှာသို့ ကြွ၍ အရှေ့အရပ်သို့မျက်နှာမူကာ ရပ်တော်မူ၏၊ ထိုအခါမြေကြီးသည် စောင်းထောင်သွားပြန်သည်၊ ထိုအချင်းအရာကို မြင်တော်မူ၍ အလောင်းတော်သည် ဤအရပ်ကား သဗ္ဗညုတဉာဏ်ရရန် အရပ်မဟုတ်ဟုဆင်ခြင်မိပြီး ဗောဓိပင်ကိုလက်ယာရစ်လှည့်တော်မူကာ အရှေ့အရပ်မျက်နှာသို့ကြွသွား၍ အနောက်အရပ်မျက်နှာသို့မျက်နှာမူရပ်တော်မူကာ မဟာဗောဓိ ပင်အရှေ့အရပ်ဝယ် အပရာဇိတပလ္လင်ပေါက်ရာဌာနသည် ခပ်သိမ်းသောဘုရားရှင်တို့၏ ပလ္လင်ခတော်ပေါက်ရာ အဝိဇဟိတဌာနဖြစ်သောကြောင့် မတုန်မလှုပ်ကြံ့ကြံ့ခံ၍ ရပ်တည်နေ၏၊ အလောင်းတော်သည် ဤအရပ်ကားခပ်သိမ်းသော ဘုရားရှင်တို့၏ ကိလေသာကို ဖြိုဖျက်ရာ အောင်မြေအရပ်မှန်ပေသည်" ဟု သိရှိတော်မူကာ ကိုင်ထားတော်မူသော မြက်ရှစ်ဆုတ်ကို အဖျားမှကိုင်ကာ လှုပ်ပြီး ကြဲဖြန့်တော်မူလေ၏။ ကြဲဖြန့်လိုက်သော ခဏဦးပင် ထိုမြက်ရှစ်ဆုပ်တို့သည် မြက်၏အသွင် ကွယ်ပျောက်၍ တစ်စုံတစ်ရာပါသော ပန်းချီဆရာ ပန်းပုဆရာတို့ ရေးခြင်းငှာမျှ မတတ်သာအောင် လှန်စွာ ဆန်းကြယ်သည့် တစ်ဆယ့် လေးတောင်ရှိသော၊ ရတနာပလ္လင်ကြီးဖြစ်လာကာ အလွန်တင့်တယ်ဖွယ်ကောင်းသော မုံပန်းသဏ္ဌာန်ဖြင့် တည်ရှိကြလေတုန်၏၊ ဘုရားအလောင်းတော်သည် မဟာဗောဓိပင်ကို ကျောထောက်နောက်ခံထား၍ အရှေ့အရပ်သို့ မျက်နှာပြုတော်မူလျှက် "အရေမျှကုန်လိုလျှင်ကုန်စေ၊ အကြောမျှကျန်လိုလျှင် ကျန်စေ၊ အရိုးမျှကျန်လိုလျှင်ကျန်စေ၊ ငါ၏တကိုယ်လုံး အသားအသွေးအားလုံးတို့ခန်းခြောက်သွား၍သွားလျှင် သွားပါစေ၊ ငါသည် ဘုရားမဖြစ်သမျှ ဤယခုဖွဲ့ခွေထားသော တင်ပလ္လင်ကို အဘယ်နည်းနှင့်မျှ ဖျက်လိမ့် မည်မဟုတ်ဟူ၍ အင်္ဂါလေးပါးရှိသောဝိရိယဖြင့် ဆောက်တည်တော်မူကာ တစ်ရာသောမိုးကြိုးစက်တို့ ပစ်ချခြင်းဖြင့်လည်း ပျက်စီးခြင်းသဘောမရှိသော အပရာဇိတပလ္လင် ၊ ရန်သူတို့ကို မရှုံးဘဲ ကိုယ်တော်ကသာ အောင်ပွဲယူမည့်တင်ပလ္လင် ဖွဲ့ခွေခြင်း၊ မျိုးကို ဖွဲ့ခွေတော်မူကာ ရတနာပလ္လင်တော်ပေါ်၌ ထိုင်နေတော်မူ၏။ အပရာဇိတပလ္လင် ဖြစ်ပုံကိုပြပြီး၍ မာရ်နတ်ကို အောင်မြင်တော်မူပြီးလျှင် ဘုရားဖြစ်တော်မူပုံ၊ ဗောဓိပင်ရင်း၊ အပရာဇိတ ရတနာ ပလ္လင်ပေါ်၌ (၇) ရက်ပတ်လုံး နေတော်မူပြီးလျှင် ပဋိစ္စသမုပ္ပါဒ် တရားများ ဆင်ခြင်ပုံတို့ကို အကျဉ်းချုံး၍ပြပြီးမှ ကျွန်ုပ်၏ အဓိဋ္ဌာန်ကို ပြပေအံ့၊ မြတ်စွာဘုရားအလောင်းတော်သည်

မဟာဗောဓိပင်ရင်း အပရာဇိတပလ္လင်တော်၌ သဗ္ဗညုတဉာဏ်ကိုရယူရန် ထိုင်နေတော် မူလတ်သည်ရှိသော် သကြားမင်းသည် အတောင် (၁၂၀) ရှိသော တကြိမ်မှုတ်လျှင် လေးလကြမှ အသံမစဲသော ဝိဇယုတ္တရခရုသင်းကို မှုတ်၍ ပူဇော်လာ၏၊ ပဥ္စသိခ်နတ်သားသည် ဗေလုဝစောင်းကိုတီးလျက် ပူဇော်လာ၏၊ သုယာမ နတ်မင်းသည် သားမီးယပ်ကို ခပ်လျက်သန္တုသိတ နတ်မင်းသည် ပတ္တမြား ရပ်ပန်းကို ခပ်လျက် သဟံပတိ ဗြဟ္မာမင်းသည် သုံးယူဇနာရှိသော ထီးဖြူကိုမိုးလျက် ပူဇော်လာ၏၊ ကာလနဂါးမင်းသည် နဂါးမ တခြေသည်ပေါင်း ရှစ်သောင်း ခြံရံလျက် သောမနာဂါထာရာပေါင်းများစွာ ရွတ်ဆိုလျက် အလောင်းတော်မြတ်ကို ရှိခိုးပူဇော်ရပ်တည်လာ၏၊ စကြာဝဠာတိုက်တစ်သောင်းရှိ နတ်ဗြဟ္မာအပေါင်းတို့သည် အလွန်မွှေးကြိုင်သော ဝန်းဆိုင်းနံ့သာ အမွှံအထုံ အဖိုးအမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ရပ်တည်လာကြကုန်၏။ ထိုအခါ မာရ်နတ်မင်းသည် ဝသဝတ္တီ နတ်ပြည်သို့ သွား၍ မိမိ၏ နတ်စစ်သည် ဗိုလ်ပါတို့ စည်းဝေးစေပြီးလျှင် အချင်းတို့ ကြောက်မက်ဖွယ်အဆင်းကို ပြုလုပ်ပြီးတစ်ဦး၊ လက်နက်တစ်မျိုးကိုင်ဆောင်ကြကာ သိဒ္ဓတ္ထမင်းသားရှိရာသို့ လျှင်လျှင်မြန်မြန် သွားကြကုန်ဟုစေခိုင်း အမိန့်ပေးပြီးလျှင် မိမိကိုယ်တိုင်က ယူဇနာ(၁၅၀)ရှိသော ဂိရိမေခလာဆင်ကိုစီး၍ လက်ရုံး (၁၀၀၀) တိုင်ဆောင်ကာ လိုက်ပါ ချီတက်ခဲ့လေသည်၊ အလောင်းတော်မြတ်ထံမှောက် ချီတက်လာသော မာရ်နတ်စစ်တပ်ကြီးက မာရ်နတ်ရှေ့မှာ (၁၂)ယူဇနာ၊ လက်ယာဘက်မှ (၁၂) ယူဇနာ၊ လက်ဝဲဘက်မှ (၁၂) ယူဇနာ၊ အထက် (၉) ယူဇနာ နောက်ကြော ဘက်က စကြာဝဠာတိုက်အဆုံးတိုင်အောင်များပြားလှ၏၊ ကြွေးကြော်ကြသော အသံမျိုးစုံတို့သည် ယူဇနာ (၁၀၀၀) လောက်ကကြားရ၏၊ ဤသို့ ကြောက်မက်ဖွယ်ကောင်းသော မာရ်နတ်စစ်တပ်ကြီး ဗောဓိမဏ္ဍိုင်သို့ ချီတက်လာသော အခါ စောစောက အလောင်းတော်ကို ပူဇော်နေကြသော နတ်ဗြဟ္မာများ ရပ်တည်မနေနိုင်တော့ဘဲ ဦးတည်ရာသို့ ပြေးကြလေ၏၊

မာရ်နတ်စစ်တပ်ကြီးသည် ညာသံပေး၍ အလောင်းတော်မြတ်ကို လေးဘက်လေးတန်မှာ ဝိုင်းနေကြ သော်လည်း ဗောဓိညောင်ပင် အဝန်းရပ်ပြင်ဘောက်မဝင်ဆန့်ကြချေ၊ ခပ်လှမ်းလှမ်းကသာ ညာသံပေး၍ ဝိုင်းနေကြ ခြင်းဖြစ်၏၊ မာရ်နတ်ကြီးကလည်း လက်ရုံးပေါင်းတထောင်၌ ကိုင်ဆောင်ထားသော လက်နက်ပေါင်း တစ်ထောင် တို့ဖြင့် ပစ်ခတ်၏၊ မာရ်နတ်စစ်သည်တို့ကလည်း အမျိုးမျိုးသောလက်နက်တို့ဖြင့် ပစ်ခတ်ကြ၏။ ဘုရားအလောင်း တော် ရှေ့တော်မှောက်ရောက်လျှင် ဆံပန်းပေါက်သဖွယ် ဖြစ်ကုန်ကြ၏၊ အလောင်းတော်မြတ်ကလည်း မာရ်နတ်နှင့်တကွ သူ၏ စစ်သည်များ ပစ်ခတ်ကြသော လက်နက်များကို မြင်၊ သစ်ရွက်လောက်မျှ မှတ်ယူတော်မမူပဲ ပါရမီ (၁၀)ပါးကို ဆင်ခြင်၍၊ မေတ္တာဓါတ်ဖြင့် နေတော်မူ၏ မာရ်နတ်သည် အထူးထူးသောလက်နက်တို့ဖြင့် ပစ်ခတ်သော်လည်း အလောင်း တော်မြတ်ကို ဘယ်လိုမှ ထိခိုက်မှု မရှိသည်ကို သိ၍ ဒေါသအမျက် ချောင်းချောင်းထွက်ကာ နောက်ဆုံးသူပိုင် လက်နက် ဆယ်မျိုးသုံး၍ တိုက်ခိုက်တော့၏၊ ထိုလက်နက်ကြီး (၁၀)မျိုးလဲ အလောင်းတော်မြတ်ကို ဘယ်လိုမှ ခြောက်ခြားခြင်းငှာ မတတ်နိုင်၍ လက်ရုံးရည် အားကိုးလို့ မဖြစ်မှန်း သိ၍ နှလုံးရည်ဖြင့် တိုက်ခိုက်ပြန်၏၊ မာရ်နတ်သားသည် ဂိရိ မေခလာဆင် ကျောကုန်း၌ ထိုင်နေကာ လက်တစ်ဖက်ဖြင့် မြားကို ဝင့်လျက် ဘုရားအလောင်းနားသို့ တပ်ရောက်ပြီးလျှင် "အို သိဒ္ဓတ္ထ မင်းသား ယခုပင်လျှင်ရတနာပလ္လင်မှ အမြန်ထသွားလော့ဟု ပြောဆိုပြီး မာရ်နတ်စစ်သည်များလည်း ကြောက်မက်ဖွယ်ရာများ ပြဆောင်ကြကုန်၏

ဘုရားအလောင်းတော်သည် မာရ်နတ်နှင့် မာရ်စစ်သည် တို့ ပြုလုပ်သမျှ ဖောက်ပြန်ဖြစ်မှုသမျှ အားလုံးကို မေတ္တာတစ္စမ်းဖြင့် ပယ်ရှားဟန့်တားတော်မူ၏။

မာန်နတ်ဖြစ်လွှတ်သော လက်နက်ကိုးပါး အောင်မြင်ခြင်းနှင့် စပ်၍ တောင်တွင်းဆရာတော် ခင်ကြီးဖျော် ရေးသားသည့် လက်နက် (၉)ပါးအောင် ဘုရားရှိခိုး ဂါထာကို ပြဦးအံ့ -

ဝါတံ ဝဿာ ပါသာဏံ အာဝုဓံ ဝါဠုကံ တထာ။

ကုက္ကုဠံ ကလလင်္ဂါရံ အန္ဓကာရန္တိ မေနဝ

သတ္တေမာရေန ဝိသဇ္ဇေ၊ ဝိဇယန္တံ့ဖိန် နမေ။

အာကမ္ပိတေနပုညေန၊ ဝိဇေယျံသဗ္ဗမာယုဓေ။

ဝါတံ - လောကတွင်ထားဒိ့ဘုရားလျှင် ငါးပါးမာန်ခြေ ပလ္လင်ဧွေ၌ စံနေဒိုက်ခါ၊ မာရ်နတ်လာလျှက်၊ စတ္တဝါတိုက်တောင်နှင့်၊ ရိုက်၍၊ ပန်းမှိုတ်ပြုစုဏ်၊ သေးဖွဲ့တုန်သို့၊ မွှန်မွှန်ညက်ကြေ၊ ဖျက်ပစေဟုစေတနာဆိုးပြု ဖန်ပျိုးပြုကာမိုးရပ်သိမ့်ဟည်။ မြေကြီးပဲ့တင်၊ သစ်ပင်ကျောက်တုံး၊ အိမ်တစ်လုံးကို၊ ချေမွှန်းဖြတ်ပိုင်။ ရှစ်ခယ်တိုင်း၍၊ အုံ့မှိုင်း လေဆိုး မုန်တိုင်းလက်နက်မျိုးကိုလည်းကောင်း၊ ဝဿာ - အဟုံစီးဒီး စီးကျသွယ်သွယ် ရေပြင်ကျယ်၌ မိုဖွယ်တင်းခည်း သေစိမ့်ရည်၍ တမည်ပြုစား ထန်းလုံးများနှင့် တောင်ဖျားမျှခေါင် အမြင့်ဆောင်သား ရှစ်တောင်ရပ်ခန်းပြည့်၊ မှောတ်လျှမ်းသည့် မိုးကြမ်း ရေဆိုးလက်နက်မျိုးလည်းကောင်း၊ အာဝုဓံ - အသွေးတခြား အသားတထွေ အရေတမျိုး အမိုးတဂိုဏ်း ယိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြုစီမံသား အလျံပြုဖြတ် မိုးလုံးလတ်တောင် တဖက်အသွားနှစ်ဖက်သွားဟု၊ လုံမါးဝသည် အမည်မည်လျှင် စုံစီဖန်ပျိုး လတ်နတ်မိုးကိုလည်းကောင်း၊ ဝါဠုကံတထာ - ထွက်လေဝင်လေ နှစ်ထွေမရှိ သဲနှင့်ပိ၍ မခိုသေအောင် ပြုဆောင်ဖန်ပျိုး သဲထုမိုးကို လည်းကောင်း၊ ကုက္ကုဠ - တစိမ့်စိမ့်ပု သေအောင်ဟူ၍၊ သူ့အကြံပျိုး၊ ပြာပူမိုးကိုလည်းကောင်း၊ ကလလံ - ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး၊ ရွှံ့ညွန်မိုးကိုလည်းကောင်း။ အင်္ဂါရံ - တခဏခြင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မီးကြီးမိုးကိုလည်းကောင်း၊ အန္ဓကာရံ - ကြည့်သော်မစွမ်း စမ်းသော်မထင် ကြောက်စိတ်ဝင်လျှင် သေရန်ပင် ပြုဆောင်တမိုက်မှောင် ကိုလည်းကောင်း၊ ဣတိ - ဤသို့ - မာရေန ဝိသဇ္ဇေ မာနတ်မိစ္ဆာ အယုတ်တမာလျှင် ကြိမ်ကာဆင့်ဆင့် ပစ်လွှတ်အပ်ကုန်သော၊ ဣမေနဝသတ္တေ - လေ၊မိုး၊ ကျောက်၊ သဲ၊ ညွန်၊ မီးခဲ နှင့် ပြာမွဲမိုးမှောင်၊ ပြောင်ပြောင်လက်နက်၊ ရောင် ပျိုးဖျက်ဟု တိုးချက် ရန်စွယ် လက်နက်မျိုး အန္တရာယ်တို့ကို၊ ဝိဇယန္တံ့ ဗိုလ်ပါအပေါင်း၊ သောင်းကုဋေအား ဆောင်နိုင်ညားလည်းရိုက်လား၊ ပုတ်လား၊ အဖအပါး ငယ်ဆိုးငယ်မာန် နူသားငယ်သို့ သိတဝှန်း ကြည်နူးလုံးဖြင့် မြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်တော်မူကြီး အောင်တော်မူထသော (ဝါ) အောင်တော်မူသောကြောင့်၊ ဇိနံ - ဇိနဟူသည် အမည်တံဆိပ်၊ ဘွဲ့၊ ပုံလိပ်ဖြင့် ခပ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို ၊ နမေနမာမိ - ကိုယ်နှုတ်နလုံး သုံးပါးဖျော့ပြောင်း မာန်ကို လျှော့၍ ကန်တော့ ရှိခိုးပါ၏ မြတ်စွာဘုရား။ အဟုမ္ပိ - စတုသမ္ဘုဒ္ဓံ ပြုလုပ်ဖန်သည့် ရုပ်နာမ်ပေါင်းချုပ်၊ အကျွန်ုပ်သည်လည်း တေနပုညေန၊ လက်နက်မိုးကို ဖျက်ချိုးနှိမ်ချ၊ ဂုဏ်ကျေးဇူးဖြင့် ချီးကျူး ဝန္ဒနာ စေတနာပဏာမမြတ်ပုညကြောင့်၊ သဗ္ဗမာယုဓေ - သေနတ်၊ လေး၊ မြား၊ လှံ့မါး၊ မီးပေါက်၊ အမြောက်စိတ်တုံး ချေမွှန်းခွင်းဖြတ် အကျည်းမှတ်သော လွှတ်အပ်

မလွတ်အပ် နှစ်ရှပ်လုံးခြုံအလုံးစုံသော လက်နက်မျိုးတို့ကို ဝိဇ္ဇေယျယနေ့ကစနိုင်ရန်ရသည့် ကာလတခွင် သံသရာဖြင် ဝယ် မမြင်ရ မကြားရ အဝေးကပင် ဆောင်ရ နိုင်ရ ဆောင်နိုင်ရသည်ကို ဖြစ်ရပါလို၏ မြတ်စွာဘုရား။

ကိုယ်ပိုင်လက်နက်(၁၀)မျိုးနှင့် တိုက်ခိုက်သော်လည်း အချိုးနိုး၊ ဖြစ်နေကြောင်း၊ မာန်နတ်ကြီး ကောင်းကောင်းသိ၍ နှလုံးရည်ဖြင့် တိုက်ပြန်၏၊ အို-သိဒ္ဓတ္ထမင်း၊ သင်သည် ငါ၏ ဥစ္စာဤအပရာ ဇိတပလ္လင် နေရာ၌ အဘယ်ကြောင့် နေထိုင်နေပါသနည်းဟု ပြောဆိုသောအခါ အလောင်းတော် သူမြတ်က ပလ္လင်တော်သည် သင်၏ ဥစ္စာဖြစ်ကြောင်း သက်သေကား အဘယ်မှာနည်း မေးတော်မူ၏။ မာန်နတ်က တပါးသူကိုသက်သေထား စရာမလို ဤသခုသင်၏ မျက်မှောက် ရောက်နေကြသော မာရ်စစ်သည် ဗိုလ်အပေါင်းတည်းဟု ပြောဆိုကာ လက်ကို ဆန့်တန်းလိုက်သောအခါ မာရ်နတ် ပရိတ်သတ်ကြီးက တပြိုင်နက်တည်းပင် ငါသည်သက်သေ၊ ငါသည် သက်သေဟူ၍ ကုဋေသိန်းပေါင်းများစွာတို့ အော်ဟစ်သက်သေခံကြ၏၊ ထိုမာန်နတ်ပရိသတ်ကို ဟန့်တားကာ ကိုယ်တော်မြတ်၏ သက်သေကို ဖော်ပြတော်မူလို၍ အောက်ပါဂါထာများဖြင့် မိန့်တော်မူ၏။

(က) တခါသော အသတိဝါစံ၊ သိဟနာဒံနဒိမုနိ
နဇာနာတိသယံမယ္ဟံ၊ ဒါသာဘာဝမွယံဓလော။ ။
(ခ) ယေနတေနစိကမ္မေန၊ ဇာတောဒေဝပုရေဝရေ
သတ်ဝတိ အဇာနန္တော၊ လောကဇေဋ္ဌောတိမညတိ

ထိုသို့ မာရ်နတ်စစ်သားကြီးချိတာ နောက်ယုက်လာသောအခါ၌ ဘုရာအလောင်း တော်သည် ရဲရဲတောက်စကားကို ဤကဲ့သို့မိန့်ကြားတော်မူလေသည်၊ "ဤယုတ်မာလှသော မာရ်နတ်ပြည့်၌ ဖြစ်လာပြီးလျှင် မိမိကိုယ်တိုင်က ငါ့ဘုရား၏ ကျွန်ဖြစ်နေသည်ကို အလျှင်းပင်မသိချေ၊ အနည်းငယ်မျှသော ကုသိုလ်ကံလေးကြောင့် ဝသဝတ္တီနတ်ပြည်၌ ဖြစ်လာပြီးလျှင်၊ မိမိ၏သက်တန်း၊ မိမိ၏ စုတေရမည့်အချိန်၊ စုတေပြီးနောက်လားရောက် ရမည့် အပါယ်ဒုဂ္ဂတိတုံကို စိုးစဉ်းမျှ မသိရှာ၍ ငါမြဲ၏ဟု ထင်မှတ်ကာ တလောကလုံး၌ ငါသာလျှင် အစိုးရသူဟူ၍ အောက်မေ့မှတ်ထင်နေ၏၊ မိမိကိုယ်တိုင်၊ သေလျှင် အပါယ်ကျရမည့် ဘေးကို မတွေးမိ မသိရှာချေ၊ ယင်းသို့ မသိသောကြောင့်ပင် ဤသို့ ပစ်မှားမှု ပြုဝံ့ဝေ၏။

(ခ) အနန္တလောကဓါတုမှိ၊ သတ္တာန် တိကတံသုသံ၊
မယေ့တပါရမိတာယာဝိ၊ ကလံနဂ္ဃတိသောဠိသိ"
(၁၂) တိရစ္ဆာနေသသောဟုတ္တာ၊ ဝိသ္ဘာယာစကာမဝတ်
ပစိတ္တာနသက်မံသံ၊ ပတိတောဂ္ဂိမှိဒါတဝေ။
(ဂ) စဝံအနန္တပုညေဟိ၊ သိဒ္ဓိဝေဟမိမံပန။
ယထာဘူထံအဇာနန္တော၊ မနုဿေတိ၊ ဟိ-မညတိ။
(၁၂) နာဟံ၊ မနုဿောန မနုဿော၊ နဗြဟ္မာနဒေဝတာ။
ဇရာမရဏံ လောကဿ၊ ဒဿေတုံပနိဓါဂတော။

(ဃ) အနုပလိတ္တော လောကေန၊ ဇာတောနန္တဝိနေ့ာအဟံ
ဝုဍ္ဎိပ္ပတောတိတ လေဟုထွာ၊ တာရေမိဇနတံ ပဟုံ။
(င) သမန္တာဓမ္မိနိဒိဿာယုစ္ဆံမာ ရုံသဝါဟန်
ယုဗ္ဗါယ ပစ္စုဂ္ဂစ္ဆာမိ၊ မာမံဌာနအစာဝယိ။
(င၂) ယံတေတနုပ္ပသဟတိသေနံလော ကောသဒေဝကော
တံတေပညာယဘေစ္ဆာမိ၊ အာမံပတ္တံ ဝအာသ္မနာ။
(စ) ကုဏ္ဍပန္တော့သာသသပေဝဠ္ဌော၊ စတ်မတ်ကုတောစ်တော
ကုဏ္ဍစုန္တော့လောတစါတုမှိ၊ အတ္တဘာဝေနဆာဒယိ။
(ဆ) ဓတေသမ္ဘော့ဂတေထွာန၊ စုဏ္ဏောတုံအဇ္ဈရာယပိ။
အတ္တိထာမဗလမယုံပါဏာယာ တောနရုစ္စတိ။
(ဇ) ကုသာပဏ္ဏျပါဒေသာ၊ အာဝုဓေနေဝလေနတိံ။
မယုံဟိတေနပါဓေန၊ သလ္လာပေါပိနရုစ္စတိ။
(ဈ) ဝလ္လောတိံမမဘာဝါယ၊ ကိမတ္တာစ္ဆေနသတ္တိနာ၊
ကိစ္စိတာမဗ္ဗိယာဒါနာ၊ သက္ကိပောတိအယံမတိ

ဘုရားအလောင်းတော်ဖြတ်သည့်ဤ (၁၃) ဂါထာတို့ဖြင့် မြသော့ခင်းကဲ့သို့ ပေါတော်မှုသောအခါ မာရ်နတ်နှင့် တကွ မာရ်စစ်သည် အပေါင်းတို့ ခေါင်းငိုက်စိုက်ကျပြီး ကြောက်လန့်ခြင်း ပြင်းစွာ ဖြစ်နေကြတုန်၏၊ ထိုဂါထာများကို မြန်မာပြန်ဆိုပြလိုက်ဦးကုံ၊ (ခ. ခ၂) အနန္တ များစွာ စကြာဝဠာလောကဓါတ်ကြီး၌ သတ္တဝါ အပေါင်းတို့ ပြုသမျှ ကောင်းမှုကုသိုလ်အစုများကို ဉာဏ်ပညာချိန်ခွင်တစ်ဖက်၌ထား၍ ငါဘုရား၏ ပါရမီကောင်းမှု ကုသိုလ်အစုကို ဉာဏ်ပညာချိန်ခွင် အခြားတစ်ဖက်၌ ထား၍ ချိန်စက်ကြည့်မည်ဆိုက သတ္တဝါတို့ ပြုသမျှ ကောင်းမှု ကုသိုလ်အစုတို့သည် ငါဘုရား၏ ပါရမီဆယ်ပါးကောင်းမှုများအနက် ပါရမီကောင်းမှု တစ်ခု၏နှစ်ရာ့ငါးဆယ် ခြောက်စိတ် စိတ်လျှင်တစိတ်တိုပင် လိုက်၍ မမှီနိုင်ချေ။ မှန်လှပေ၏၊ ငါတိရစ္ဆာန် ယုန်ငယ်ဘဝဖြစ်စဉ်မှာပင် အလှူခံပုဂ္ဂိုလ် ငါ့ထံမှောက်လာရောက်သည်ကို မြင်ရလျှင် အားရဝမ်းသာစွာ မိမိအသားကို ဖုတ်တင်ပေးလိုသည့် အတွက် မီးပုံထဲသို့ ရဲရဲကြီးခုန်ချခဲ့လေပြီ။

(ဂ. ဂ၂)ဤသို့ဖော်ပြရာပါ၊ အနန္တာကောင်းမှုကုသိုလ်တို့ကြောင့် ဖြစ်ပေါ်လာသော ဤဘဝငါ၏ ကိုယ်ကို မာရ်နတ်သားကား အမှန်အတိုင်းမသိရှာ၍ သာမန်လူတစ်ယောက်အနေ အောက်မေ့မှတ်ထင်ချေ၏၊ ငါကား သာမာန်ခုနစ်ရက်သား လူစားမဟုတ်ချေ။ ဘီလူးလဲမဟုတ်၊ ပြဟ္မာလဲမဟုတ်၊ နတ်လဲမဟုတ်ချေ။ ခုနှစ်ရက်သား လူသား သာမန်မဟုတ်ဘဲလျှက်လူမိန်းမ၏ ဝမ်းတိုက်၌အဘယ်ကြောင့် လာရောက် ဖြစ်ရသနည်းဟုမူ သတ္တဝါ အပေါင်းတား အို၊ နာ၊ သေ၊ ရေး သံသရာဒုက္ခဘေးကို ထင်ရှားပြောပြဘို့ရန် ဤလူ့ပြည်လောက လူမိန်းမ၏ ဝမ်းတိုက်၌ လာရောက်ဖြစ်ရလေသည်၊ (ယ) ဟယ်မာန်နတ်-ငါကလူ့ပြည်လောက၌ လာရောက်ဖြစ်သော်လည်း တစ်စုံ တစ်ခုသော သတ္တဝါသခါ်ရနှင့်မျှ လိမ်းကျံညီကပ်ခြင်း အလျဉ်းမရှိပဲသာ ဖြစ်ခဲ့လေပြီ၊ ငါသည်အနန္တသတ္တဝါသခါ်ရ

အနန္တ ကိလေသာတို့ကို အောင်နိုင်ခြင်းကြောင့်အနန္တဇိန အမည်တော်ရရှိကာ ယခုပင်ဤအပရာဇိတပလ္လင်၌ ထိုင်နေစဉ်ထိုင်နေရင်း ဖုတ်ကြည်းသင်းပြိုလ် ဖယ်ရှားပြီးလျှင် လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူကာ များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ သံသရာရေယာဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ရောက်အောင် ဆယ်တင်ပေတော့၊ သင်သည် ငါ့ကိုဘယ်နည်းနှင့်မျှ တားမြစ်ပိတ်ပင်ခြင်းငှာ မစွမ်းနိုင်ချေ။

(ဃ. ၄၂) ဟယ်မာရ်နတ် ငါသည် ထက်ဝန်းကျင်မှ အလံတလူလူလွင့်ထူ ချီတက်လာသည့် သင်၏ စစ်တပ်ကြီးကိုလည်းကောင်း၊ ဂီရိမေခလာဆင်နှင့်တကွ သင့်ကိုလည်းကောင်း မြင်ရသည့်အတွက် ခုံမင်ကြီး စစ်မက်တုံ့ သောငှာ ပညာဖြင့် ရှေ့ရှုသင့်ဘက်ကို မျက်နှာမူကာ ငါတားချီတက်ခဲ့ပေ၏။ (ကိုယ်ကထ၍ ချီတက်သည်မဟုတ် ပညာဖြင့် ချီတက်သည်ကို ဆိုလို၏။) သင်သည်ငါ့ကို ဤအပရာဇိတပလ္လင်တော်မှ ဘယ်နည်းနှင့်မျှ ထစေနိုင်၊ ရွေ့စေနိုင် တဆံချည်မျှရွေ့စေနိုင်မည်မဟုတ် မရွေ့စေနိုင်အောင်ပင် ငါကားပြုလုပ်မည်။ ဟယ် မာရ်နတ် အားကောင်းမောင်းသန်သော ယောက်ျားသည် အိုးထိမ်းသည် ပြုလုပ်သမျှဖုတ်ပြီး၊ မဖုတ်ရသေး၊ ကျက်ပြီး၊ မကျက်ရ သေးသော အိုးခွက်အလုံးစုံကိုကြီးစွာသော ကျောက်ခဲဖြင့် တစ်လုံးမကျန် ဖြိုဖျက်ထုခွဲသကဲ့သို့ ငါသည် လောကကြီး တစ်ခုလုံးကတုန်လှုပ်ပေးကာ အောင့်နှလုံးနာရသော သင်၏တာမရာဇ စစ်သည်ဆယ်ရပ် စစ်တပ်ကြီးတို့ ငါတကိုယ် တည်းဖြစ်လျှက် ယခုထိုင်သည့်နေရာကိုမျှ မပျက်စေဘဲနေရာမှငါမထဘဲ ပညာစွမ်းဖြင့် တစ်ဦးမကျန် တွန်းလှန်ဖြိုခွဲ ဝစ်ခါ တအုံးအပေါင်းတို့ ပြေးစေသည့်ပမာ ယခုမကြာမှီပင် ပြေးစေတော့။

(စ)ဟယ်မာရ်နတ်၊ ငါကအလိုရှိလျှင်၊ သေးငယ်လိုလျှင် မုံညင်းစေ့အတွင်း၌ လူးလာတုံ့ခေါက် ကြော်ဆွှောက်နိုင်၏။ အလိုရှိလျှင် လောကဓါတ်စကြာဝဠာတိုက်ကြီးတစ်ခုလုံးသော်လည်း မိမိ၏ အတ္တဘောဖြင့် ဖုံးအုပ်၍ ထားနိုင်၏။

(ဆ) ဟယ်မာရ်နတ်၊ သင်နှင့်တကွ သင့်စစ်သည်ဗိုလ်ပါအားလုံးတို့ကို ဖမ်းယူပြီးလျှင် လက်ဖြောက်မျှဖြင့် မှုန့်မှုန့်ညက်ညက်ပြုလုပ်နိုင်ရန်စွမ်းအား ငါ့အားရှိပေ၏၊ သို့ဖြစ်စေကာငါသည် ပါဏာတိပါတ - သူ့အသက်ကို သတ်ဖြတ်ခြင်း၊ ဒုစရိုက်မှ မကောင်းမှုကို အနုမြူမျှ မနှစ်သက်အပ်ပေ။ (ဇ) တီကောင်လောက် မျှပမာဏရှိသည့် ဤမာရ်နတ်အား ငါသည် လက်နက်သုံးသဖြင့်လည်းကောင်း ကိုယ်အင်အားကို သုံးသဖြင့်လည်းကောင်း၊ အဘယ် အကျိုးရှိတုံ့နည်းမှန်၏။ ယုတ်မာလှသော ဤမာရ်နတ်နှင့် ယခုလောက်ကြာအောင် စကားပြောဆိုနေရသည်ကိုပင် မနှစ်သက်အပ်ပေ။

(ဈ) ဟယ် မာန်နတ် - ငါသည် ဤ အပရာဇိတပလ္လင်ကိုလိုလားတောင့်တသဖြင့် ဘဝများစွာ ကမ္ဘာတို့၌ မလှူခဲ့ဘူးသော ဒါနဟူ၍မရှိ မစောင့်ထိန်းဘူးသော သီလဟူ၍မရှိ မကျင့်ခဲ့ဘူးသော ဂုဏ္ဍရအကျင့် ဟူ၍မရှိ ဟယ်မာရ်နတ် ဘဝများစွာ အတိတ်ကမ္ဘာက လှူဒါန်းခဲ့သည့် ဒါနပါရမီသည်ကိုထားလိုက်ဦး၊ ဝေသန္တရာ ဘဝတစ်ခုမှာပင် မဒ္ဒီမိဖုရားကို အတွင်ရှအထိပ်ရောက်ပြု၍ ခုနစ်ကြိမ်တိုင်တိုင် အလှူကြီးများကို ပေးအပ်ခဲ့ ၍ မဟာပထဝီ ဤမြေကြီးသည် ခုနစ်ကြိမ်တိုင်တိုင် တုန်လှုပ်ခဲ့လေပြီ ယခုအခါ ဤအပရာဇိတပလ္လင်၌ အလုံးစုံသော လောကကို အောင်နိုင်ရန် ငါထိုင်နေစဉ် သင်၏ မာန်စစ်တပ်ကြီးချီတက် စစ်ထိုးလာလတ်သော ဤမဟာပထဝီ မြေကြီးသည် အဘယ့်ကြောင့် မတုန်မလှုပ် ဆိတ်ဆိတ်ဖြစ်၍ နေဘိသနည်း။ ဟယ် မာရ်နတ်၊ သင့်အားသင့်

ဝရိတ်ကို မတရားသက်သေခံစေခဲ့လေပြီ၊ ဤမြေကြီးက သင့်အားလည်းကောင်း ငါ့အားလည်းကောင်း သမာသမတ် ညီမျှသော မြေကြီးဖြစ်ချေသည်။ စေတနာလည်းမရှိ တိုသို့ သင်နှင့်ငါတို့အဖို့ သမာသမတ် ညီ မျ ပုံးဝစေတနာ မရှိသော မဟာပထဝီမြေကြီးသည် ယခုပင်လျှင်ငါ၏ သက်သေဖြစ်ပေလတ့်ဟု မိန့်တော်မူကာ ဘုရားအလောင်းတော်သည် မိုးတိမ်ဝမှလျှပ်နွယ်အတုကြက်သရေရှိလှသော လက်ယာလက်တော်ကို သင်္ကန်းတွင်းမှ ထုတ်၍ မဟာပထဝီမြေကြီးသို့ ရှေးရှုညွှန်ပြတော်မူလေ၏၊ ထိုခဏ၌ပင် မဟာပထဝီမြေကြီးသည် တိုးထိန်းစက်ကဲ့သို့ သွတ်သွက်လည်ကာ သည်းထန်စွာမြည်ဟိန်းလေ၏၊ မြေကြီး၏အသံဖြင့် ကောင်းကင်တခွင်လုံးသည် မိုးချုန်းသကဲ့သို့ သည်းစွာသောအသံကို မြည်ဟီးစေ၏၊ မြင့်မိုရ်တောင်ကို ရပ်လျှက်တည်သော တောင်စဉ်ခုနစ်ထပ်နှင့်တကွ ဟိမဝန္တာတောင် အစရှိသည်တို့သည် သည်းထန်စွာ မြည်ဟီးကြကုန်၏၊ ကြော၀ဠာတိုက်အလုံးသည် မီးလောင်သော ဝါးတောပမာ တဖျောင်းဖျောင်း တဖျန်းဖျန်းကြောက်လန့်ဘနန်းကြမ်းတမ်းသော အသံကိုမြည်ဟီးလေ၏၊ ပူသော ဆိုးတင်းထဲ၌ ပေါက်ပေါက်ပေါက်စပါးတို့ တဖြောင်းဖြောင်းပေါက်၍နေကြသို့ ကောင်းကင်တစ်ခုလုံး၌ မိုးတိမ်မရှိဘဲ ကြောက်မက်ဖွယ် ထစ်ချုန်းနေသည့်အပြင် ရဲရဲတောက်သော မိုးမိးကြီးပမာ မိုးပေါက်မီးပွား တဖွားဖွားမြန့်လျှက် မိုးကြိုးတို့သည်လည်း တဖြုန်းဖြုန်းတဝုန်းဝုန်းကြလာကြကုန်၏။ ဘုန်းတုန်းဆူညံမည်ဟိန်းသံမစဲသည့် မြေကြီးနှင့် ကောင်းကင်တို့၏ အကြားသို့ ရောက်ရှိနေသော မာရ်နတ်သားသည် အားထားကိုးကွယ်ရာမရှိ အလွန်အမင်း ကြောက်လန့်ရကား စစ်တံခွန်စစ်အလံကြီးကို လှဲကာ ထိုနေရာမှပင် လက်နက်တစ်ထောင်ကို စွန့်ပစ်ခဲ့၍ ဂိရိမေခလာဆင်ကြီးကိုလည်း ပြန်စောင့်မျှမကြည့်နိုင်ဲ ဦးတည်ရာသို့ရှေ့ရှု တအားကုန် ပြေးလေတော့၏၊ မာန်နတ် စစ်တပ်ကြီးလည်း ဖယိုဖရဲ ပြိုကွဲပျက်စီးကာ လေမုန်တိုင်းတိုက်ခတ်အပ်သော ပြာပုံများကဲ့သို့ မျက်နှာ ရှေ့ရှုမှုရာ အရပ်မြင့်ပင်ပြေးလွှားကြ၍ ဝသဝတ္တီနတ်ပြည်သို့သာလျှင် ပြန်ပြေးလွှား၍သွားကြလေ၏၊ ဤသို့ဖြင့် မြတ်စွာဘုရား အလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နေမဝင်မီပင် ဒေဝပုတ္တမာန်ကို အောင်မြင် တော်မူ၍ သတ္တလောကတစ်ခုလုံးကို အောင်မြင်ခြင်းသို့ ရောက်တော်မူရကား အေးမရှိ ရန်မရှိသော နွံ့မှားခြင်း မရှိသော အဖြစ်သို့ရောက်တော် မူလေ၏။ ထိုခဏမှာပင် မာန်နတ်လာစဉ်က ပြေးသွားကြသော နတ်ဗြဟ္မာတို့ သည် အနိုင်ရသူ၊ အရှုံးဘဝရောက်သူ ဘယ်သူဖြစ်မလဲဟု ကြည့်ရှုနေကြရာမှ မာန်နတ်နှင့်တကွ စစ်သည်အပေါင်း တို့ ရှုံးခြင်းကြီး မကရှုံးသွားရခြင်းကို တွေ့မြင်ကြသဖြင့် တမြိုင်နက်တည်းပင် "ဇယောတိဗုဒ္ဓဿသိရိမတောအယံ" ဟုသည်ဖြင့် ထောပနာနတ်လေးဟစ်ကြွေး၍ ခေဆုံးဖြစ်ကြရလေသည်၊ မာန်နတ်သားတ ရှုံးလေပြီ၊ သိဒ္ဓတ္ထ မင်းသားအောင်လေပြီ။ အောင်ပွဲပူဇော်မှုကို ငါတို့ပြုကြကုန်အံ့ဟု နဝါးနဂါးချင်း၊ ဂဠုန်ဂဠုန်ခြင်း၊ နတ်နတ်ခြင်း၊ ဗြဟ္မာဗြဟ္မာခြင်း ကောင်းကင်ကြွေးကြော်ကာ နံ့သာပန်းစသည်တို့ကို လက်စွဲလျှက် မြတ်စွာဘုရားအလောင်း တော်စံနေရာ မဟာဗောဓိပင်သို့ တညီတညွတ်တည်း စည်းဝေးရောက်ကြကုန်၏၊ ဤသို့လျှင် မြတ်စွာဘုရား အလောင်းတော်သည် မဟာသက္ကရာဇ် - ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နေမဝင်မီ ဒေဝပုတ္တမာန်ကို အောင်မြင်တော်မူပြီးနောက် ထိုနေ့ညဉ့်ဦးယံ ဝယ်ပုဗ္ဗေနိဝါသနုဿတိဉာဏ်၊ သန်းခေါင်ယံဝယ် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံဝယ် အာသဝက္ခယ ဉာဏ်တည်းဟူသော ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်း ရတော်မူ၍ ဘုရားအဖြစ်သို့ ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် ရောက်ရှိတော်မူလေသည်၊ ဘုရားဖြစ်ပြီးလျှင် ကျွေးရင့်တော်မူကြမြဲ ဥဒါန်းနှစ်

ဂါထာကို ကျူးရင့်တော်မူလေ၏။

(၁) အနေကဇာတိသံသာရံ သန္ဓာဝိဿံအနိဗ္ဗိသံ။
ဂဟာကာရံဂဝေသံန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ။

(၂) ဂဟကာရဒိဋ္ဌောသိ၊ ပုနဂေဟံနကာဟသိ
သဗ္ဗာတေဖာသုကာဘဂ္ဂါ၊ ဂဟကူဋံဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံခယမဇ္ဈဂါ။

မြန်မာပြန် - ၁။ ဘဝသံသရာ ဖန်ခါခါလျှင် နှောင်ဝတ်ဇာတ် အဖြစ်မပြတ်နိုင်ဘဲ၊ ယောနိလေးတွေလည်ပတ် ဖွေလျှက် သန္ဓေစွဲမှီးတည်နေဖြစ်ပွားခြင်းသည် သန္ဓေဇာတိခန္ဓာရှိလျှင် ဇရာဗ်ာဓိမရဏာတို့မကွာ နှောင်ဘတ်ဝင် နှိပ်စက်သဖြင့် သက်သက်ချမ်းသာ မဟုတ်ပါပဲ၊ လွန်စွာ ညှိုးနွမ်း ပင်ပန်းဆင်းရဲလှဘိ၏၊ ထို့ကြောင့် ဘုရားအလျှာ သူမြတ်ငါသည် ဒုက္ခယုက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာယောက်ျား လက်သမားကို လက်သယ်စင်စစ် အယ်သူဖြစ်ဟု စီစစ်ထောက်လှမ်း၊ စူးစမ်းရှာဖွေလျှတ်(ငါ)စူးစမ်းရှာဖွေသော ဘုရားအလျှာသူမြတ်ငါသည် တဏှာယောက်ျား လက်သမားကို ပိုင်ခြား ထင်ဆင်လင်းလင်း မြင့်သည့်သဗ္ဗညုတဉာဏ်မဟာကို သမ္ဘာနုထွေး ငါမရသေးသည်ဖြစ်၍ (ငါ) ငါမရသေး သောကြောင့် ဘဝများစွာ သံသရာကာလပါတ်လုံး ခန္ဓါငါးချက်ဒုက္ခစက်ကို ကြောက်လျှက်ဝင်လျှင် ငါမခင်အဲ သံသရာဝင်္ဋမျှား ရဟတ်ချား၌ မရပ်မနား တဖားဖားလျှင် ပြေးသွားကျင်လည်ခဲ့ရလေပြီ။

၂။ ဒုက္ခယုက်လိမ် ခန္ဓာအိမ်တို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာအကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာယောက်ျား - လက်သမားကို သဗ္ဗညုတ ဉာဏ်တိုရသဖြင့် ဒိဋ္ဌထင်ထင် ငါမြင်အပ်သည် ဖြစ်ပေ၏၊ သင်တဏှာယောက်ျားလက်သမားသည် ဒုက္ခယုက်လိမ် ခန္ဓာအိမ်ကို အဖွဲ့ဆော တည်းဟူသောအိမ်ကို နင့်ခြေနင့်လက် နင့်အသက်ကို လေးမတ်လျှမ်းရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်ခုတ် အမြစ်ပြုတ်သည့် သစ်ငုတ်တို့နှင့်၊ ဖြစ်ပြီမှန်သောကြောင့် တဖန်ထုပ်လျှောက် နင်ဆောက်နိုင်တော့မည် မဟုတ်ချေ။ သင်တဏှာယောက်ျား လက်သမား၏ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော အမိုင်အမာ တည်ဆောက်၍ လာသောခန္ဓာအိမ်တည်းဟူသော ဘုံတွန်းဖျောက်၏၊ ထုတ်လျှောက်ဒိုင်းမျှား ကိလေသာတရားတို့ကို ဝါသနာအငွေ့ အသတ်နှင့်တကွ၊ အနုသယသတ္တိ ကျန်မရှိအောင် စီစီကြေညက် ငါချိုးဖျက်အပ် ကုန်ပြီသစ္စာလေးအင် နိဗ္ဗာန်လွှင်ကို မြင်ခွင့်မပေး ဝေးထက်ဝေးအောင် အရေးတနိုလန် တားဟန့်ပိတ်ကာ အဝိဇ္ဇာတည်းဟူသော အိမ်၏အထွဋ်ကို မှုံမှုံကြေမွ ငါဖျက်ချအပ်လေပြီ။ ကိလေသာမြူမှုန်အညစ်အကြေး၊ အင်းဝေးမြူလွင် ငါဘုရား၏ စိတ်အစဉ်သည် သင်္ခါရစက်တွင် ဒုက္ခခပင်းမှ လွှတ်ကင်းရာအမှန် နန်းနိဗ္ဗာန်သို့ အာရုံမှုတ်မှောက်၊ သန္တိဓါတ်သိဒ္ဓိပေါက်သဖြင့် ဆိုက်ရောက်သက်ဝင်မိလေပြီး သုံးလောကထွဋ်ထား ငါဘုရားသည် တဏှာတရား ရပ်ရှစ်ပါး၏ ဖျက်ပြားကုန်ခမ်းရာ အာသဝက္ခယ စတုတ္ထမဂ်ဖိုလ်သို့ စတ္တုဝါတိုက်တသောင်းမှ နတ်ပေါင်းဖြဟ္မာ ကောင်းအင်ညာလျှတ် ကြည်သာ ဝမ်းမြောက် ငါဆိုက်ရောက်လေပြီ။

ဤသို့လျှင် ဘုရားဖြစ်တော်မူပြီးနောက် ကဆုန်လပြည့်ကျော် (၁) ရက်နေ့သို့ ရောက်သောခါ တနေ့ပါတ်လုံး

ကုဋေအသိန်းမကများလှစွာသော စတုဿရာန် သမာပတ်တို့ကို ဝင်စား၍ အရဟတ္တဖိုလ် ချမ်းသာကို ခံစားသုံးဆောင်တော်မူလျှက် ထိုကဆုန်လပြည့်ကျော် (၁) ရက် ညဉ့်ဦးယံ ပဌမပိုင်းအချိန်၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ တည်းဟူသော ပဋိလောမအားဖြင့် လည်းကောင်း နှလုံးသွင်းဆင်ခြင်တော်မူလေသည်။ ပဋိစ္စ သမုပ္ပါဒ်အနုလုံ ပဋိလုံအားဖြင့် သုံးသပ်ဆင်ခြင်တော်မူသောအခါ၊ ပညာဉာဏ် ရွှေသွားရှိသော ပီတိကို အကြောင်းပြု၍ ပဌမဥဒါန်း ဂါထာကို ကျူးရင့်တော်မူလေသည် -

ယဒါဟဝေပါတုဘဝန္တိဓမ္မာ
အာတာပိနောဈာယတောဗြာဟ္မဏဿ
အထဿကင်္ခါဝပယန္တိသဗ္ဗာ
ယတောပဇာနာတိသဟေတုဓမ္မံ

မြန်မာပြန် - တဘောင်ငါးရာ ကိလေသာကို လွန်စွာနှိပ်စက် ပူပန်စေတတ်သည် သမ္မပ္ပဓါန်လုံ့ လဝီရိယ လည်းရှိပေထသော အာနာပါန သည်ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်ဂုဏ် ဓမ္မတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ခြင်းရာ လက္ခဏာတို့ အပဏာခိုတ်၊ ရှာနမ်တော်ဆိုက်အောင် စိုက်စိုက်စူးစူးအထူးမြိမြိ ရှုအားသံပေထသော၊ ဝါ၍အားသန် သောကြောင့်၊ မကောင်းမှုဟူသမျှကို အပပြုပြီးသော ရဟန္တာအရှင်မြတ်၏ သန္တာန်၌ အကြင်အခါ၌ ဗောဓိပက္ခိယတရား (၃၇) ပါးတို့သည် စင်စစ်ဥပါဒ်ထင်ရှား ဖြစ်ပွားကုန်၏၊ ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် အဝိဇ္ဇာအစရှိသော အကြောင်းတရားနှင့်တကွ သင်္ခါရအစရှိသော အကျိုးတရားထိုဒုက္ခအစုကို ပိုင်းခြားထင်ထင် သိမြင်လေ၏၊ ထိုသို့ ပဋိစ္စပါတ်သမ္ပုပါဒ်ကို အတတ်ထင်ထင် ထင်းလင်းမြင်သောအခါ၌ ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌ တစ်ခုမကြွင်းမပင်းဥဿုံ အလုံးစုံကုန်သော ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်းတို့ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို မသိမြင်ခြင်းကြောင့်ကာလသုံးပါးဝယ် ဖြစ်ပွားသည့် ရုပ်နာမ်တရားတို့၌ ယုံမှားခြင်းတရားတဆယ့်ခြောက်ပါးတို့သည် နေလျှံမှိုန် ကျောက်ဆီးနှင်းပေါက်သို့ တင်းပျောက် ချုပ်ငြိမ်းကြကုန်၏။

ထို့နောက် မဇ္ဈိမယံညဉ့်အလယ်ပိုင်းသို့ရောက်သောအခါ မြတ်စွာဘုရားသည် ထိုမဇ္ဈိမယံ ကာလပါတ်လုံး အကြောင်းအကျိုးတို့ ဆက်စပ်ဖြစ်ပွားသည့် ပဋိစ္စသမုပ္ပါဒ်တရားကိုပင် အနုလုံပဋိလုံအားဖြင့် အဖန်ဖန်သုံးသပ် ဆင်ခြင်တော်မူလေသည်၊ ထိုသို့ ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌အကြောင်း တရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်တရားကိုတိုး၍တိုး၍ ထင်လင်းလာသဖြင့် ပညာတရား၊ ပီတိတရားတို့ ရှေ့သွားဦးဆောင်သည့် မဟာကြိယာသောမနဿသဟဂုတ်ဉာဏ သမ္ပယုတ်စေ စိတ္တုပ္ပါဒ်အစဉ်တို့ တသွင်သွင် ဖြစ်ပွားပြီးလျှင် ထိုပီတိအဟုတ်ကိုင်၍ မထားနိုင်ဘဲ ဝမ်းတွင်း မဆန့်တပြင်သို့ ပြန့်၍ လျှံ၍ ထွက်လာသည့်ဝမာကို ပညာဉာဏ်ရွှေသွားရှိသော ပီတ်ကို အကြောင်းပြု၍ ဥဒါန်းဂါထာကို ကျူးရင့်တော်မူပြန်လေသည်။

ယဒါဟဝေပါတု ဘဝန္တိဓမ္မာ
အာတာပိနောဈာယတော ဗြာဟ္မဏဿ

အထဿကင်္ခါဝပယန္တိသဗ္ဗါ
ယတောခယံပစ္စယာနံအဝေဒိ ။ ။

တထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်စက် ပူပန်စေအပ်သည့် သမ္မပ္ပဓါန်လုံ့လဝီရိယလည်း ရှိပေထသော အာနာပါနသည် ဖုံဖုံသမထအာရုံနှင့် အလုံးစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခြင်းရာလက္ခဏာကို အပ္ပနာဒိုက်ရှာန်ဝင်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသံပေထသော(ဝါ)အားသံသောကြောင့် မတောင်းမှုဟူသမျှကို အပြုပြီး ရဟန္တာသခင်အရှင်မြတ်၏ သန္တာန်၌ အကြင်အခါ၌ ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါးတို့သည် စင်စစ် ဥပါဒ်ဖြစ်ပွားထင်ရှားကုန်၏၊ ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် အဝိဇ္ဇာအစရှိသောအကြောင်းတရား၏ ကုန်ခန်းရာအမှန်အသင်္ခတနိဗ္ဗာန်ကို ထိုးထွင်းထင်ထင် သိမြင်တော်မူလေပြီ၊ ထိုသို့ ပစ္စယက္ခယ အမည်ရသည်၊ အသင်္ခတမှန်နိဗ္ဗာန်ပရမတ်ကို အတပ်ထင်ထင်လင်းလင်း မြင်သောအခါ၌ ထိုရဟန္တာသခင်အရှင်မြတ်၏ သန္တာန်၌ တခုမကြွင်း ပေင်းဥသုံ အလုံးစုံကုန်သော နိဗ္ဗာန်ကိုထိုးထွင်းမသိခြင်းကြောင့် ကိုယ်တွင်း၌မှာ ဖြစ်ပေါ်လာမည့် သံသယုံမှား တရားအစုတို့သည် နေလျှံမှိုန်ကျောက် ဆီးနှင်းပေါက်သို့ ကင်းပျောက်ချုပ်ငြိမ်းကြကုန်၏၊ ထို့နောက် ပစ္ဆိမယာ ညဉ့်နောက်ပိုင်းသို့ ရောက်သောအခါ မြတ်စွာဘုရားသည် ထိုပစ္ဆိမယာမ်ကာလပတ်လုံးလည်း အကြောင်းအကျိုး ဆက်စပ်ဖြစ် ပွားသည့် ပဋိစ္စသမုပ္ပါဒ်တရားကိုပင် အနုလုံ ပဋိလုံအားဖြင့် အဖန်ဖန်သုံးသပ်ဆင်ခြင်တော်မူပြန်လေသည်၊ ထိုသို့ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ရဟတ်၏ မပြတ်လည်ပုံ ချုပ်ပြတ်ပုံတို့ကို လင်းလင်းသိမြင်သော အရိယာမဂ်တရားတို့ တိုး၍တိုး၍ ထင်လင်း သိသာသဖြင့် ဉာဏ်တရား ပီတိတရားတို့ ရှေ့သွားဦးဆောင်သည့် မဟာကြိယာသော မနသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိက ဇောစိတ္တုပ္ပါဒ်အစဉ်တို့ တသွင်သွင် ဖြစ်ပွားပြီးလျှင် ထိုပီတိဟုံကို ငုံ၍ မထားနိုင်ဘဲ ဝမ်းတွင် မဆန့်အပြင်သို့ ပြန်၍လျှံ၍ ထွက်လာသည့် ဖမာထိုဝဉာဏ်ကျရှေ့သွားရှိသောပီတိကို အကြောင်းပြု၍ သုံးကြိမ်မြောက် ဥဒါန်းဝါကျကို ကျူးရင့်တော်မူပြန်လေသည်၊

ယဒါဟဝေပါတုဘဝန္တိဓမ္မာ
အာတာပိနောဈာယတောဗြာဟ္မဏဿ
ဝိဓူပယံတိဋ္ဌတိမာရသေနံ
သူရိယောဝဩဘာသယမန္တလိက္ခံ ။ ။

တထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓါန်လုံ့လဝီရိယ လည်း ရှိပေထသော၊ အာနာပါနသည်ဖုံဖုံ သမထအာရုံနှင့် အစုံသောရုပ်နာမ် ဓမ္မတို့၏ အနိစ္စ ဒုက္ခ အနတ္တ ခြင်းရာအပ္ပနာဒိုက်ရှာန် ဝင်ဆိုက်အောင် စိုက်စိုက်စူးစူး မြဲမြဲရှုအားသံပေထသောဝါ ရှုအားသန်သောကြောင့် မတောင်းမှုဟူသမျှကို အပြုပြီးသော၊ ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌ အကြင်အခါ၌ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးတို့သည် စင်စစ်ဥပါဒ်ထင်ရှား ဖြစ်ပွားကုန်၏၊ ထိုအခါ ယုဂန္ဓိုရ် တောင်စွန်းမှပေါ် ထွန်းထွက်ပြူ ဦးတည်မူသော နေမင်းသည် အရှောပြင်မိုးတောင်းကင်ကို မီမီအရောင်ခြည်တစ်ဆောင်ဖြင့် မိုက်မှောင်ပယ်ရှင်း ထွန်းလင်းတောက်ပလျှက်

တည်သကဲ့သို့ ထိုရဟန္တာ အရှင်သုမြတ်ကို ဗောဓိပက္ခိယတရား (၃၇) ပါးတို့ဖြင့် ကာမရာဂစေ်သည် ဆယ်တပ်မာန်စစ်တပ်ကို မှုန့်မှုန့်ညက်ညက် တိုက်ဖျက်ပယ်ဖျောက်လျှင် ပညာတန်ဆောင်ဉာဏ်တော်ရောင်ဖြင့် ထွန်းပြောင်ထိန်လတ် ပြိုးပြိုးပျက်လျှင် နေစက်နှုန်းတူတည်တော်မူပေ၏၊ မြတ်စွာဘုရားသခင်သည် ကဆုန်လပြည့်ကျော် (၁) ရက်ညဉ့်သုံးယံပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံ ပဋိလုံဆင်ခြင် ဥဒါန်းတော်မှုား ကျူးရင့်ပြီးလျှင် ကဆုန်လပြည့်ကျော် (၂) ရက်၊ (၃)ရက်၊ (၄) ရက်၊ (၅) ရက်၊ (၆) ရက်၊ (၇) ရက်နေ့တို့၌လည်း ထိုအပရာဇိတပလ္လင်တော်မှာပင် သီတင်းသုံးစံနေတော်မူ၍ဝိမုတ္တိသုခကိုသာ ဝင်စားသုံးဆောင်တော်မူလေသည်၊ ဤကဲ့သို့ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူပုံကို အာရုံပြုပြီး ဘုရားရှင်ကိုယ်တော်မြတ်ကမာန်နတ်ကို ပယ်ပယ်နယ်နယ်ထိထိမိမိ သဘာဝအဖြစ်များကို မိန့်တော်မူသော ခြင်္သေ့မင်းကဲ့သို့ ဂဲဂဲရင့်ရင့် မိန့်တော်မူသော သီဟနာဒဂါထာ (၁၃) ပုဒ်၊ အနေကဇာတိဂါထာ (၂)ပုဒ်၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ(၁)ပုဒ်၊ အဝိဇ္ဇာယတွေဝအသေသ ဝိရာဂနိရောဓ၊ သင်္ခါရနိရောဓေါ (၁) ပုဒ်၊ ယဒါဟဝေ (၃) ပုဒ်၊ ဇယောတိ ဗုဒ္ဓဿသိရိမတောအယံဂါထာ (၄) ပိုဒ်တို့ကိုအားရစွာရှိခိုးပူဇော်ရွတ်ဖတ်ပြီး သုဝဏ္ဏ (၅) ချက် ဂါထာကို သနေ့ (၁၀၈) ပါတ်နှင့် (၇) ရက်တိုင် ဤအပရာဇိတပလ္လင်တော်နေရာမှာ မဖျက်မကွက် ထိုင်လျှက် စိပ်ပါမည်အရှင်ဘုရား၊ ဝရိတ်ဂါထာမန္တာန်များကို ငုတ်းစိပ်ပြီးမှ ရွတ်ဖတ်ပူဇော်ပါမည် အရှင်ဘုရားဟု ဆန္ဒာအဓိဋ္ဌာန်ပြုပြီး ယနေ့ (၉) နာရီခန့်ကပ်ပိုင်းမှစ၍ အဓိဋ္ဌာန်ဝင်တော့သည်၊ ပုတီး (၁၂) ပတ်ရတော့ကျောင်းတဆွမ်းစားရန်ကုလားလေးတစ်ယောက်ကို အခေါ်ခိုင်းလိုက်၍ လိုက်သွားပြီး ဆွမ်းစား၏၊ ပြီးလျှင် ယနေ့ (၉) နာရီမှ စ၍ တစ်နေ့ရာလျှင် ပုတီး (၁၀၈) ပတ်၊ ခုနစ်ဌာနပုတီးတပတ်ပေါင်း (၇၅၆) ပတ်အား အဓိဋ္ဌာန်ဝင် ပြီးကြောင်း ယခု (၉)နာရီမှ (၁၁) နာရီအထိ ပုတီး (၁၂)ပတ်သာပြီး သေးကြောင်းလျှောက်ထား၏၊ ပုတီးပတ် (၁၀၈) ပတ်တနေ့ကုန်လို့ မပြီးပါက ညထိအောင်ဆက်စိတ် ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မဟာဗောဓိစေတီကြီး၏ ထတ်ယာဘက်ကတိုက်တန်းလေးမှာ ဘုရားတံခါးပိတ်သွားလျှင် ဆက်စိတ်ရအောင် ဆရာတော်ဘုရားမှ ဆောင်ရွက်ပေးဖို့ လျှောက်ထားလိုက်သောအခါ ဆရာတော်ဦးဥတ္တမက ဦးပဥ္စင်းကြိုက်သလောက် အဓိဋ္ဌာန်ဝင် စိပ်ပါ၊ ညအိပ်ဖို့တိစ္စတွေလည်းဆောင် ရွက်ပေးထားပါမယ်၊ ကြိုက်သလောက် လွတ်လွတ်လပ်လပ် အဓိဋ္ဌာန်ဝင် စိပ်ပါ အားလုံးတာဝန်ယူပါတယ်၊ ရေချိုးပြီးမှ သွားနော်ဟု ဆရာတော်ဦးဥတ္တမ က မိန့်သဖြင့် ရေချိုးပြီးသွားစိပ်၏၊ ဆပ်တ်သရေနွယ် အခင်းများလဲယူသွား၏၊ နေ့လည် (၁၁) နာရီ (၄၅) မိနစ်မှာ မဟာဗောဓိစေတီတော် ရောက်သွား၏၊ ဘုရားရှေ့တော် တနင်္ဂနွေထောင့်လှိုက်အတွင်းမှာ နေရာယူပြီး သပိတ်ဖြင့်ရေတော်ကပ်၏၊ နံ့သာတိုင် အလင်းတိုင်တို့ကိုလည်း ထွန်းညှိလှူဒါန်းသည်၊ ပရိက်ယူပြီး ပုတီးစိပ်တော့၏၊ ဘုရားဖူးများရှင်းနေ၍ ဝုတီးစိပ်လို့ အယွန်ကောင်းသည်၊ ပုတီးပတ် (၃၀) ရလျှင် ဘုရားဖူးများရောက်လာကြ၏၊ နာရီကို ကြည့်လိုက်သည်၊ ညနေ (၅) နာရီ (၀၀) မိနစ်ရှိ၏၊ ဘုရားက (၉) နာရီပိတ်၍ အချိန်ရသေးသဖြင့် ဆက်စိပ်သည်၊ ပုတီးပတ် (၂၄) ပတ်ရလျှင် တံခါးပိတ်ရန်အချက်ပေးသံချောင်းခေါက်၏၊ ကျွန်ုပ်လည်းထပြီး ယာဘက်ကတိုက်တန်းလေး အတွင်းမှာ ဘုရားဘက်လှည့်ပြီး ထိုင်၍ပုတီးစိပ်နေ၏။ တဖြေးဖြေးနှင့် လူသံတိတ်ဆိတ်သွား၏၊ ပုတီး (၀၈) ပတ် ရလျှင် ည (၁၂) နာရီ သံချောင်းခေါက်သံကြားရသည်၊ ဆက်စိပ်၏၊ ပုတီး(၃)ပတ်ရလျှင် လှည်းဘီးလောက်ရှိသော မျက်နှာကြီးများပေါ်လာသည်။ ဘီလူးပုံ၊ မျောက်ပုံ၊ လူမိုက်းပုံ၊ နတ်ပုံ၊ ပုံအမျိုးမျိုး တပုံပြီးတပုံ

ဆက်တိုက် မြင်တွေ့နေရ၏။ သွားကြီးဖြဲဖြဲ၊ ရယ်ပြ၊ နှုတ်ခမ်းတွပြ အသံဆိုးကြီးမြင့်တော်ပြနှင့် တစ်နာရီလောက် ခြောက်လှန့်ပြနေ၏။ ကျွန်ုပ်တနားတော့ မချဉ်းကပ်နိုင်ကြ၊ ည (၁) နာရီထိုးတော့ ပုတီးပါတ် (၉၅) ပါတ်ရ၏။ ဆက်စိပ်၏။ နံနက်ပိုင်း (၃) နာရီပြီးလျှင် တစ်ဖိုင်သန်ပုတီး (၁၀၈) ပတ်ပြီးသွား၏။ ပရိတ်များ၊ ဂါထာ၊ မန္တာန်များ မဟာဗောဓိ စေတီတော်ကြီး လှည့်ပတ်ရွတ်နေ၏။ အာရုဏ်ဦး (၄) နာရီထိုးလျှင် ပြီး၍ မေတ္တာပို့ အမျှဝေ၏၊ ဘုရားတံခါးလာဖွင့်၏။ ကျွန်ုပ်လည်း မေတ္တာပို့ အမျှဝေပြီးသောအခါ မိုးသောက်ယံအချိန်ရောက်၍ အိပ်ချင်သော စိတ်လုံးဝမရှိသောကြောင့် မုစလိန္ဒာအိုင်မှ သပိတ်နှင့်ရေယူ မျက်နှာသစ် ဘုရားရေတော် ကပ်နိုင်ရန်ရေယူ ဘုရားအတွင်းဝင်ပြီး တနင်္ဂနွေထောင့်ကထိုင်၍ ရှိခိုးကန်တော့ ပရိတ်ပူပြီး မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ တန်ဆောင်မုန်းလဆန်း (၈)ရက်တနင်္ဂနွေ (၁၉၅၅၊ နိုဝင်ဘာ ၂၂ ရက်) မဟာဗောဓိဘုရား ရှေ့အပရာဇိတနေရာတွင် သုဂတော (၅)ချက် တစ်ဖိုင်သန် ဒုတိယနေ့ ပုတီး စတင်သည်။ ဘုရားဖူးများလာကြပြီး ရှိခိုးကြ၊ ပုတီးစိပ်ကြနှင့် နံနက်ခင်း တော်တော်စည်ကား၏။ နံနက် (၁၀)နာရီထိ အဆက်မပြတ်လာဖူးကြ၏။ ကျွန်ုပ်မိုးသောက်ယံမှ ညနေလယ် (၁၀) နာရီတိုင်အောင် ပုတီးစိပ်နေရာ၊ ညောင်းညာမှု မရှိ ပြင်ထိုင်ရခြင်းမရှိ အလွန်ထူးခြားနေ၏။ ပုတီးပါတ်လည်း (၃၆)ပါတ်ရနေ၏။ ဘုရားပလ္လင်ပေါ်တွင် သပိတ်နှင့်ရေတော်တစ်ထား၊ သပိတ်ဖုံးဖွင့်ထားသောနေရာ လှမ်းကြည့်လိုက်၏။ သပိတ်ဖုံး၌ ပစ္စည်းများ ပြည့်နေ၏။ နေ့ (၁၁) နာရီခွဲတော့ ကျောင်းတဆွမ်းစားရန် တုလားလေးလာပင့်၏။ ကျွန်ုပ်လည်း ထပြီးသပိတ်ယူလိုက်၏။ ချပါတီ၊ ဝဿာတား၊ စမူဆာနှင့်အကြော်တွေ့ ရှိနေ၏။ ထို့ကြောင့် ဆွမ်းစားမလိုက်တော့ပဲ တုလားလေးကို ပြန်လွှတ်လိုက်၏။ ရေသပိတ်ယူသည်၊ တိုက်တန်းလေးထဲဝင်စား၏။ ပြီးလျှင် ပိုနေတာများစွန့်ပြီး ဆေးကြော၍ မုစလိန္ဒာအိုင်မှ ရေခပ်ယူပြီး ဘုရားရေတော်တပ်၏။ မုစလိန္ဒာအိုင်က ရေပြည့်နေသဖြင့် ရေအတွက် စိတ်မပူရတော့ပေ။ အရှေ့တောင် တနင်္ဂနွေထောင့်ထိုင်ပြီး သုဂတော (၅)ချက် တစ်ဖိုင်သန် စိတ်တော့၏။ နာရီကြည့်တော့ နေ့လည် (၁၂)နာရီ (၁၀) မိနစ်ရှိနေ၏၊ ပုတီးပါတ် (၃၀) ရသော် ခေတ္တနား၊ တိုယ်လက်သန့်ရှင်းပြီး ဆက်စိပ်၏။ ပုတီး (၃၃) ပါတ်ရလျှင် လူခြေလည်း တိတ်သွား၏။ နာရီကြည့်လိုက်၏။ (၁၂)နာရီ (၁၅)မိနစ် ရှိနေ၏။ ပုတီးပါတ် အားလုံးပေါင်း (၉၉) ပါတ်ရ၏၊ တံခါးပိတ်ခါနီး တိုက်လေးထဲကနေစိပ်၏။ (၉)ပါတ်စိပ်လျှင် တစ်ရာ့ရှစ်ပါတ် ပြည့်တော့မယ်ဆိုပြီး ဆက်စိပ်၏။ တစ်ပါတ်တောင်မပြည့်သေးခင် နတ်ဆိုးကြီးများမှ၊ ကျွန်ုပ်ပါတ်ဝန်းကျင် တနေ အမျိုးမျိုး နှောင့်ယှက်နေကြ၏။ မြွေကြီးတွေလာ၊ ဆင်ကြီးတွေလာ၊ ကျားကြီးတွေလာနှင့် အမျိုးမျိုးလုပ်ပြီး နှောက်ယှက်နေကြ၏ အနှောက်ယှက်ခံ ကျင့်သားရနေ၍ သူတို့ နှောက်ယှက်တာကို ဥပေက္ခာပြုပြီး တိုယ့်ပုတီး တိုယ်သာ ဆက်စိပ်နေ၏။ သန်းခေါင်ယံနံနက် (၁) ချက်ခွဲတော့ ပုတီး (၉) ပါတ်ရ၍ တစ်ဖိုင်သန် (၁၀၈) ပါတ်ပြီးလျှင် ဂါထာမန္တာန် ပရိတ်များ၊ မဟာဗောဓိ စေတီတော်ကြီး၊ လှည့်ပါတ်မေတ္တာပို့ အမျှဝေ၏။ မနက် (၂) ချက်ခွဲလောက်ပြီး၍ တိုက်တန်းလေးထဲ မဟာဗောဓိ စေတီတော်ကြီး ခေါင်းပြုပြီး အိပ်လိုက်၏။ အိပ်မပျော်၏- နတ်ဆိုးကြီးများ၊ တင်းပုတ်တို့၊ ဆောက်ပုတ်တို့၊ ခရင်းခွ၊ မိုန်းတို့ ကိုင်လာကြပြီး ညာသံပေး၍ ကျွန်ုပ်ထိုင်နေသော မဟာဗောဓိရှေ့က တိုက်တန်းလေးနား ရောက်လာကြပြီး ကျွန်ုပ်ကိုထိုးကြ ရိုက်ကြမည်အသွင်ပြုလုပ်ကြ၏၊ ကျွန်ုပ်က မေတ္တာသုတ်ရွတ်ပြီး မေတ္တာစိတ်နှင့်နေ၏။ သူတို့ ဘယ်လိုမှ မလုပ်တဲ့ နောယ်ဆုတ်ကြပြီး တနည်းတဖုံ တိုက်နိုက်ရန်

ကြိုးစားနေကြ၏။ ကုလားဂန္ဓာရီဝိဇ္ဇာများ နတ်ဆိုးရေ့တွင် ရောက်လာကြပြီး နတ်ဆိုးများပြောပြနေ၏။ ဘာပြောတယ်လို့မသိ ပြောပြီးတော့ ဂန္ဓာရီဝိဇ္ဇာများနှင့် နတ်ဆိုးများ ပေါင်းပြီး ကျွန်ုပ်ထံလာကြ၏။ ခေါင်းဆောင်ဆာဒူးကြီးက ကျွန်ုပ်နှင့်ဆယ်တောင်အကွာလောက်ရပ်ပြီးဘိကျူ ကျွန်ုပ်တို့နှင့်ပြိုင်ရမယ် ဘန္တေကရှုံးရင် ဗိတာနယ်က ထွက်ခွာသွားရမယ်၊ ဘန္တေက နိုင်လျှင် ဗိတာနယ်ထဲကို ကြိုက်သလို နေနိုင်သွားနိုင်တယ်ဟု ပြော၏။ ကျွန်ုပ်က ထိုင်ပြီး ပုတီးစိပ်နေရာမှ ခေါင်းငြိမ့်ပြလိုက်၏။ ဘန္တေကတစ်ယောက်တည်း ကျွန်ုပ်တို့ကများတယ်။ ဘန္တေကရှေ့ဦးစွာတိုက်ပါ၊ ကျွန်ုပ်တို့ကခုခံကာကွယ်ပါမည်ဟုပြောသည်။ ကျွန်ုပ်က ပြန်ပြော၏။ အသင်တို့ကစတိုက်ပါ။ ကျွန်ုပ်ကခုခံကာကွယ်ပါ့မယ်၊ ဒီလိုဆိုကောင်းပြီ။ ဘန္တေ တိုက်မယ်နော်၊ ကာကွယ်နိုင်အောင်ကာကွယ်ပေတော့။ ကျွန်ုပ်လည်း အမိဋ္ဌာန်များ အကြိမ် (၄၀)မက ဝင်ခဲ့ဘာ အောင်မြင်ခဲ့တာမှန်လျှင် သူတို့တိုက်နိုက်သော အရာဝတ္ထု လက်နက်ပစ္စည်းများဘုရားတပည့်တော် အားမထိနိုက်ပါစေသတည်း၊ အားလုံးပျောက်ပျက်လွင့် ကြေပျက်စီးသွားပါစေသတည်းဟု မဟာဗောဓိ စေတီတော်ကြီးဘက်လှည့်ပြီးလက်အုပ်ချီ၍ သစ္စာဆိုလိုက်၏။ မေတ္တာစိတ်ဖြင့်နေလျှက် သုဂတော (၅) ချက်ပုတီးစိပ်နေ၏။ သူတို့ဘက်က ဆာဒူးကြီးက အချက်ပြလိုက်သည်နှင့်တပြိုင်နက် ကျွန်ုပ်ကို မြားများဖြင့် ပြစ်ကြ၏။ မြားတို့သည် ကျွန်ုပ်ကိုမမှန်ဘဲ သူတို့ဘက်ပြန်သွား၍သူတို့ပြားပြားဝပ်နေရ၏။တစ်ဖန်ခက်ရင်းများ လှံများဖြင့် ပစ်ကြပြန်၏။ လှံများခက်ရင်းများ ကျွန်ုပ်ဆီပစ်လိုက်သည်နှင့်တပြိုင်နက် မီးလောင်ကျွမ်းပြီး ပြာများဖြစ်ကုန်၏။ ထိုအချင်းအရာကိုမြင်လျှင် ဆာဒူးကြီးကသူ့လူများကို လက်ဝါးပြ၍ မတိုက်ရန်ပြောပြီး ဆာဒူးကြီးကိုယ်တိုင် ရှေ့တက်လာပြီး ကျွန်ုပ်နှင့် (၁၀) တောင်ကွာလောက်လာရပ်၏။ သူ့လက်ထဲတွင်လည်း တစ်လံလောက်တုတ်အရှည်ကြီး ပါလာ၏။ ကျွန်ုပ်က ဆာဒူးကြီး လှုပ်ရှားမည့်အခြေအနေကို စောင့်ကြည့်နေ၏။ ထိုခဏမှာပင်သူ့တုတ်ကြီးနှင့် ကျွန်ုပ်ကို ရိုက်မည်အပြု ဆာဒူးကြီးလဲကျသွားပြီး အားလားအားလားလားဟု ငယ်သံပါအောင်အော်နေ၏။ ကျွန်ုပ်လည်း ထိုင်ရာမှထပြီးဆာဒူးကြီး လဲနေရာသွားမည်ပြုလိုက်လျှင် သူ့နောက်ကနတ်ရဲများ ဆာဒူးကြီးနားသို့ ပြေးလွှားသွားကြကုန်၏။ ဆာဒူးကြီးလဲနေသောနေရာသွား၍ ပုတီးနှင့် ခေါင်းပွတ်ပေးလိုက်၏။ ဆာဒူးကြီး ပျောက်ကွယ် သွားတော့သည်။ ကျွန်ုပ်လည်း နိုးလာ၏။ နာရီကြည့်လိုက်တော့ (၄) နာရီထိုးပြီဖြစ်သည်။ မိုးသောက်ယံ ဘက်ရောက်လာ၍ထပြီး ကိုယ်သက်သန့်ရှင်း၍ မှတ်တမ်းရေးလိုက်၏။

၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉) ရက် တတိယအကြိမ်၊ ဗုဒ္ဓဟူးနေ့ (၁၉၅၅ နိုဝင်ဘာ ၂၃ ရက်) မဟာဗောဓိစေတီတော်အတွင်းဝင်ရောက်၍ဘုရားကန်တော့ဝတ်ချပရိတ်ယူပြီး သုဂတောငါးချက် အဓိဋ္ဌာန်စိပ်တော့၏။ ပုတီး (၃) ပတ်လောက်ရတော့ ပုဂ္ဂိုလ်တစ်ယောက်အသံကြားရ၏။ ဦးပဥ္စင်း အိပ်လို့ဒီလိုဖြစ်ဟာ နောင်မအိပ်နဲ့၊ နိသဇ္ဇင်္ဂတင်ဆောက်တည်ပြီး ပုတီးအဓိဋ္ဌာန်စိပ်ဟု ကျွန်ုပ်ညာဘက် ကပြောသံကြားရ၏။ မှတ်ထားပြီး ပုတီးဆက်စိပ်၏။ (၄၂) ပတ်ရလျှင်နာရီကြည့်လိုက်၏။ နေ့ (၀၂) နာရီ (၁၀)မိနစ်ရှိနေ၏။ ထိုအခိုက်ကုလားလေးရောက်လာပြီး စာမပေး၏၊ ဦးပါယမ နေ့လည် (၁၂) နာရီ ရဟန်းခံရှိ၍ ကိုယ်တော်ပါမှ ကံမြောက်မည်ဖြစ်၍ ကြွလာစေလိုပါသည်။ ဦးဥတ္တမဟု စာရေးထား၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဘုရားကို လျှောက်ထား၏။ အရှင်မြတ်စွာဘုရား၊ ဝိနည်းတော်အရလည်း မဆန့် ကျင်ရအောင် သိမ်ထဲဝင်နေရင်း သွားရမ်း လာရင်းလဲ အဓိဋ္ဌာန်ပုတီးစိတ်ခွင့်ပြုပါဘုရားဟု လျှောက်ပြီးပုတီး စိပ်ရာမှ ထလာကာ ဘုန်းတော်ကြီး ဦးဥတ္တ

ကျောင်းသို့လာခဲ့၏၊ ကျောင်းရောက်တော့ထွမ်းကပ်၏။ စားပြီးသိမ်ဝင်၏၊ ကျွန်ုပ်နှင့် (၁၀)ပါးဖြစ်၏၊ ကျွန်ုပ်က ဒုတိယကမ္မဝါစာဆရာအဖြစ်ဆောင်ရွက်၏။ ရဟန်း တစ်ပါးသာခံတော့ဖြစ်၍တော်သေးသည်၊ နေ့ (၁၂) နာရီခွဲတွင်ပြီး၏၊ သိမ်ထွက် ရှပ် (၁၀၀) စီကပ်လှူ၏။ ဆပ်ပြာမွှေး၊ ဓာတ်တာတက်တစ်ထည်ကိုလှူ၏။ တမ္ဗဝါ ဖတ်သောအချိန်သာပုတီးရပ်ထား၏၊ ကျန်အချိန် များစိပ်နေ၏၊ ရဟန်းခံပြီးလျှင် ဘုရားထံပြန်သွားပြီး ကျွန်ုပ်တမိဌာန်ထိုင်နေသောနေရာ၌ ထိုင်စိပ်၏။ ည (၁၀) နာရီထိုးလျှင် ပုတီး (၆၀) ပတ်ရ၏။ ပေါင်း (၁၂၀) ရ၏၊ ဓမ္မကုဋိကျောင်းတော်အတွင်းထွက် ၍တိုက်တန်းလေးထဲတွင် ပုတီးပတ် (၆) ပတ်စိပ်၏၊ ည (၁၀) နာရီ (၁၅) မိနစ်ရှိလျှင် အမိဌာန်ပုတီး (၁၀၈)ပတ်အောင်မြင်သွား၏၊ ဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီဘုရား တပည့်တော်သည် ယနေ့ မှစ၍ အမိဌာန်များ ပြီးဆုံးသည့်တိုင်အောင် နိသဇ္ဇိဓုတင်ဆောက်တည်ပြီး ပုတီးစိပ်ခြင်း၊ ဂါထာ မန္တာန် ပရိတ်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ခင်ကြီးဖျော်ရေးသားသော သုတဝဏ္ဏနာဘုရားရှိခိုးကြီးကို ဆယ်ပါးထဲ၌ သည့်အနက်က တစ်နေ့တစ်တွဲနှစ်တွဲစသည် တတ်နိုင်သလောက်ရှိခိုးပူဇော်ပုတီးစိပ်ပါမည်ဘုရားဟု အမိဌာန်ပြု လိုက်၏၊ ထိုနေ့မှစ၍ နိသဇ္ဇိဓုတင်ဆောင်၍ အမိဌာန်များ ပြုလုပ်တော့သည်၊ ပရိတ်ဂါထာ မန္တာန်များရွတ်ပြီး အမျှဝေ လိုက်၏၊ သာဓုခေါ်သံကြားရ၏၊ သုတဝဏ္ဏနာ နှစ်ပါးတွဲကို တစ်ပုဒ်ဆုံးတစ်လုံးချ ပုတီးတစ်ပတ်စိပ်၏၊ (၁၂) ပတ်စိပ်၏၊ ကျွန်ုပ်ပုတီးစိပ်သော မကာရလောပ တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်ရေးသောဂါထာ (၁၂) ပုဒ်တို ကြည်ညိုဖတ်ရှုရအောင်ဖေါ်ပြပေအံ့၊

အာသယ (၂)ပါး

(၁) အာသယောစ၊ ပယောဂေါတိ၊ သတ္တုပတာရ သမ္ပဒါ။ ဒုဝိဓါ ယဿသမ္ဗုဒ္ဓ ဿာသမ္မာမံပါတုသော ဇိနော အာသယောစ အာသယရှင်း ပယောဂေါစ၊ ပယောဂရှင်းဣတိဤသို့ ဒုဝိဓါ နှစ်ပါးအပြား ရှိသော သတ္တုပကာရ သမ္ပဒါ၊ သတ္တဝါတို့အား ကျေးဇူးပြုခြင်း၏ပြည့်စုံခြင်းသည် ယဿမိနသော အကြွင်းမဲ့မာရ်အောင်မြင် မြတ်စွာဘုရားသခင်အား သမ္ဗုဒ္ဓ ထက်ဝန်းမှ ပြည့်စုံတော်မူပါ ပေ၏၊ သောဇိနော ထိုးငါးမန်အောင်သခင်ဘုရားရှင်သည်၊ သမ္မာ ကောင်းစွာ၊ မံ အကျွန်ုပ်ကို ပါတု စောင့်ရှောက် မူတော်မူပါစေသတည်း။

ဗောဓိဉာဏ် ၂ ပါး

(၂) မဟာဗောဓိနာမံဉာဏံ၊ သဗ္ဗညုတာသဝက္ခယံ၊ ဒုဝိဓါယဿ သမ္ဗုဒ္ဓ၊ သောသံပါလေတုသော ဇိနော။သဗ္ဗညုတာ၊သဗ္ဗညုကဉာဏ်တော်လည်းကောင်း၊ အာသဝက္ခယံအာ သဝက္ခယဉာဏ်တော် လည်းကောင်း၊ ဣတိ ဤသို့ မဟာဗောဓိနာမံ- မဟာဗောဓိ အမည်တော်ရှိသော ဒုဝိဓါနှစ်ပါး အပြားရှိသောဉာဏံ၊ ဉာဏ်တော်သည်ယဿဇိနသော အကြွင်းမဲ့မာန် အောင်ရှင်သခင် မြတ်စွာ ဘုရားအား၊သမ္ဗုဒ္ဓ ထက်ဝန်းကျင်မှ ပြည့်စုံတော်မူပါပေ၏၊ သောဇိနော ထိုငါးမန်အောင်မြင် မြတ်စွာဘုရားသခင်သည် မံ၊ အကျွန်ုပ်ကို သံပါလေတု ကောင်းစွာ စောင့်ရှောက်ပါစေသတည်း။

လောကပါလာဝရား (၂) ပါး

(၃) ဟိရိဩတ္တပ္ပသင်္ခါတ၊ ဒုဝိဓါလောကပါလကာ၊

သဗ္ဗဒါယဿ သမ္ဗုဒ္ဓါ၊ သမ္မာဝံပါတုသောဇိနော။
ဟိရိစေဝ မကောင်းမှုမှ ရှက်ခြင်းဖြင့်လည်းကောင်း။
ဩတ္တပ္ပဉ္စ မကောင်းမှုမှထိတ်လန့်ခြင်းလည်းကောင်း၊
ဣတိ ဤသို့ ဒုဝိဓါ နှစ်ပါးအပြားရှိကုန်သော၊
လောကပါလကာ လောကကိုစောင့်ရှောက်ကြကုန်သော လောကပါလတရားတို့သည်
ယဿဇိနဿ အကြွင်းမဲ့မာန်အောင်စင်သခင်မြတ်စွာဘုရားအား၊ သဗ္ဗဒါ၊
အခါခပ်သိမ်း၊ သမ္ဗုဒ္ဓါ ကောင်းစွာပြည့်စုံတော်မူကုန်၏။ သောဇိနော ထိုငါးမာန်
အောင်စင် သခင်မြတ်စွာဘုရားအား၊ သဗ္ဗဒါ အခါခပ်သိမ်း၊ သမ္ဗုဒ္ဓါကောင်းစွာပြည့်စုံတော်
မူကုန်၏၊ သောဇိနော ထိုငါးမာန်အောင်သခင်အရှင် မြတ်စွာဘုရားသည် သမ္မာကောင်းစွာ၊
မံ အကျွန်ုပ်ကို ပါတု စောင့်မတော်မူပါစေသတည်း။

ဒေသနာ (၂) ပါး

(၄) သမုတိ ပရမတ္ထဉ္စ၊ ဒုဝိဓါဓမ္မဒေသနာ၊
အဝိတတ္ထာ သိယာယဿ၊ တဿပါဒေအဟံ နမေ။
သမုတိစ - သမုတိသစ္စာ ဒေသနာလည်းကောင်း
ပရမတ္ထာ ပရမတ္ထ သစ္စာ ဒေသနာလည်းကောင်း၊
ဣတိ ဤသို့၊ အဝိတတ္ထာ မဖောက်မပြန် မှန်ကန်ကုန်သော၊
ဒုဝိဓာ ၂ပါး အပြားရှိကုန်သော၊ ဓမ္မဒေသနာ တရားတော်တို့သည် ယဿဘဂဝတော
ထိုမြတ်စွာဘုရား၏ ပါဒေ ခြေတော်အစုံတို့ကို အဟံအကျွန်ုပ်သည်၊ သိရသာ ဦးခေါင်း
ရတနာ မြတ်အင်္ဂါဖြင့် နမေ နမာမိ ရှိသေမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ပုထုဇဉ် (၂) မျိုး

(၅) ကလျာဏောစေဝအန္ဓောတိ၊ ဒုဝေပုထုဇနာဇယော၊
အာဒိစ္စ ဗန္ဓုဒေသေတိ၊ တံဝန္ဒေပုရိသုတ္တမံ။
ကလျာဏောစေဝ ကလျာဏပုထုဇဉ်လည်းကောင်း၊
အန္ဓောစ - အန္ဓပုထုဇဉ်လည်းကောင်း။ ဣတိ ဤသို့ ဒုဝေ
(၂)ပါးအပြားရှိကုန်သော၊ ပုထုဇနာ ပုထုဇဉ် ပုဂ္ဂိုလ်တို့ (တည်း၊ ဒုဝေပုထုဇနာ
ပုထုဇဉ် (၂) မျိုးရှိကုန်၏။ ယော အာဒိစ္စဗန္ဓု၊ အကြွင်နေမင်း၏ အဆွေ ဖြစ်တော်မူသော
မြတ်စွာဘုရားသခင်သည်၊ ဒေသေတိ (တရား) ဟောကြားတော်မူပြီ။ ပုရိသုတ္တမံ
(ပုထုဇဉ်) ယောကျ်ားတကာတို့ထက်မြတ်သော ယောကျ်ားမြတ်ဖြစ်တော်မူသော
တံအာဒိစ္စဗန္ဓုံ ထိုနေမင်း၏ အဆွေကို အဟံအကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ၊ ရှိခိုးပါ၏ ဘုရား။

ဝဋ်အမြစ် (၂) ပါး

(၆) တဏှာစေဝအဝိဇ္ဇာတိ၊ ဒုဝိဓာဝဋ္ဋမူလကာ။

သဉ္ဆိန္နာ နုနယော နာထ၊ သောတွံပါလ - မနံမမ တဏှာစေဝ တဏှာလည်းကောင်း အဝိဇ္ဇာ အဝိဇ္ဇာလည်းကောင်း၊ဣတိ-ဤသို့၊ ဒုဝိဓာ - (၂)ပါးအပြားရှိကုန်သော ဝဋ္ဋမူလကာ၊ ဝဋ်ဆင်းရဲ၏ အမြစ်အရင်းဖြစ်ကုန်သောတရားတို့ကို၊ နာထ- လူသုံးဦးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား။ ယောတွံ-အကြင်အရှင် မြတ်စွာဘုရားသည်၊ နုန-စကန်စင်စစ်၊ သဉ္ဆိန္နာ - ကောင်းစွာဖြတ်တော်မူလေပြီ၊ နာထ အရှင်မြတ်စွာဘုရား၊ သောတွံ အရှင်ဘုရားသည်။ နာထအရှင်မြတ်ဘုရား၊ သောတွံ-ထိုအရှင်ဘုရားသည်၊ မမ-အကျွန်ုပ်၏၊ မနံ-နှလုံးကို ပါလ- စောင့်မတော်မူပါလော့။

ကျေးဇူး(၂)ပါး

(၇) နာမကာယောစရဝန္တိ၊ သခေ်ပါဒုဝိဓာဂုဏာ။

ဒွေအန္တာယသသဉ္ဆိန္နာ၊ သမ္မာမံပါတုသောဇိနော။

အတ္တကိလမထောစေဝ-ကိုယ်၏ပင်ပန်းခြင်းနှင့် ယှဉ်ခြင်းလည်းကောင်း၊ တထာ- ထိုမှတပါး၊ ကာမသုခလ္လိကောစ-ကာမချမ်းသာကို ခံစားခြင်း၌ လုံ့လပြုခြင်းနှင့်ယှဉ်ခြင်း၊ လည်းကောင်း။ ဣတိ-ဤသို့ ဒွေအန္တာ-အယုတ်တရား (၂)ပါးတို့ကို၊ ယဿယေန- အကြင်မြတ်စွာဘုရား သခင်သည်၊သဉ္ဆိန္နာ-ကောင်းစွာဖျက်ဆီးတော်မူဖပ်ကုန်ပြီ၊သောဇိနော-ထိုမြတ်စွာဘုရားသခင်သည်၊ သမ္မာ-ကောင်းစွာ၊ မံ-အကျွန်ုပ်ကို-ပါတု စောင့်ရှောက်တော်မူပါစေသတည်း။

အယုတ်တရား(၂)ပါး

(၈) အတ္တကိလမထောစေဝ၊ ကာမသုခလ္လိကောတထာ။

ဒွေ အန္တာယဿသဉ္ဆိန္နာ၊ သမ္မာမံပါတုသောဇိနော။

အတ္တကိလမထောစေဝ - ကိုယ်၏ပင်ပန်းခြင်းနှင့် ယှဉ်ခြင်းလည်းကောင်း။ တထာ - ထိုမှတပါး၊ ကာမသုခလ္လိကောစ - ကာမချမ်းသာကိုခံစားခြင်း၌ လုံ့လပြုခြင်း နှင့်ယှဉ်ခြင်းလည်းကောင်း၊ ဣတိ - ဤသို့ဒွေအန္တာ အယုတ်တရား (၂)ပါးတို့ကို၊ ယဿယေန - အကြင်မြတ်စွာဘုရား သခင်သည်၊ သဉ္ဆိန္နာ - ကောင်းစွာဖျက်ဆီးတော်မူ ဖပ်ကုန်ပြီသောဇိနော - ထိုမြတ်စွာဘုရား သခင်သည်၊ သမ္မာ- ကောင်းစွာ၊ မံ - အကျွန်ုပ်ကို၊ ပါတု - စောင့်မတော်မူပါစေသတည်း။

ဒက္ခိဏေယျပုဂ္ဂိုလ်(၂)ပါး

(၉) သေက္ခောစေဝ၊ အသေက္ခောတိ၊ ဒုဝိဓာဒက္ခိဏေယျကာ၊

ဒက္ခိဏေယျပဝံဒွိန္နံ၊ ဓမ္မရာဇံ နမာမဟံ။

သေက္ခောစေဝ၊ သေက္ခပုဂ္ဂိုလ်လည်းကောင်း။ အသေက္ခောစ ရဟန္တာလည်းကောင်း။ဣတိ- ဤသို့၊ ဒုဝိဓာ ၂-ပါးအပြားရှိကုန်သော၊ ဒက္ခိဏေယျကာ-ဒက္ခိဏေယျ ပုဂ္ဂိုလ်တို့သည် အတ္ထိသန္တိ

နှသည်ဖြစ်ကုန်၏၊ ဋ္ဌိနှ(၂)ပါး အပြားရှိကုန်သော၊ ဒိဋ္ဌိဓာတုယျသဒ္ဒါတို့ထက် အထူးသဖြင့် မြတ်သောအဂ္ဂဒိဋ္ဌိကောယျ ဖြစ်တော်မူသော၊ မေမှုရာဇ် - တရားမင်းဘုရားကို၊ အဟံ - အကျွန်ုပ်သည်၊ နမာမိ-သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

အံ့ဖွယ် (၂)ပါး

(၁၀) စက္ကဝတ္တိစ ဗုဒ္ဓေါတိဒွေအစ္ဆရိယမာနုသော။
ပါတုဘူတ္တစ် နေသွေတံ၊ နာမိလောကေဒွေတံ။

စက္ကဝတ္တိစ-စကြာဝတေးမင်းလည်းကောင်း၊ ဗုဒ္ဓေါစ၊ သဗ္ဗညုဘုရားလည်းကောင်း၊ ဣတိ-ဤသို့ ဒွေ-(၂)ယောက်ကုန်သော၊ အစ္ဆရိယမာနုသာ-အံ့ဖွယ်သရဲရှိသော သူတို့သည် ဣစ်-ဤလောက၌၊ ပါတုဗ္ဘာ- ထင်ရှားစွာ ဖြစ်ကုန်၏၊ တေသု-ထိုအံ့ဖွယ်သရဲရှိကုန်သော လူတို့တွင်လောကဇေဋ္ဌကံ လောကသုံးပါးထက် အထူးသဖြင့် ကြီးမြတ်တော်မူသော၊ စတံ ဗုဒ္ဓံ ထိုမြတ်စွာဘုရားကို အဟံ-ကျွန်ုပ်သည်၊ နမာမိ - ရှိခိုးပါ၏။

(၂)ပါးစုံတရား

(၁၁) ဓမ္မေစ ဝိနယောစာတိ၊ ဒွိစာပိတိဝိနေယတေ။
ပညတ္တော လိတ်ဝသ်၊ သုစိနေန္တဝိနံနမေ။

ဓမ္မေစ-ဓမ္မလည်းကောင်း၊ ဝိနယောစ ဝိနယလည်းကောင်း၊ ဣတိ-ဤသို့၊ ဒွိတော်တိ-၂ပါး အပြားရှိသောတရားဒေသနာတို့ဖြင့်၊ ဝိနေယတေ၊ ဆုံးမထိုက်သော သတ္တဝါတို့ကို၊ ပဥ္စတ္တောလိသ်ဝသ်-၄၅ဝါတို့ ကာလပတ်လုံး၊ သုစိနေန္တ ကောင်းစာဆုံးမတော်မူတတ်သော၊ ဇိနံ-ငါးမာန်အောင်မြင်မြတ်ဘုရားရှင်ကို (အဟံ-အကျွန်ုပ်သည်) နမေနမာမိ -သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

စိတ်တော် (၂)မျိုး

(၁၂) သန္တိန္နာ အသန္တိန္နာ၊ ဒုဝိဓာ ဇိနစိတ္တယော။
တတ္ထ တတ္တင္ဂိတာသမ္မာ၊ တာသံ ဝန္ဒာမိဒုရိတော။

သန္တိန္နာစ-သန္တိ န္တိန္န ဖြစ်သောစိတ်တော်၊ တို့လည်းကောင်း၊ အသန္တိန္နာစ- အသန္တိန္နဖြစ်သော စိတ်တော်တို့လည်းကောင်းဣတိ-ဤသို့၊ ဒုဝိဓာ ၂ပါးအပြားရှိကုန်သော၊ ဇိနစိတ္တယော- မြတ်စွာဘုရား၏ စိတ်တော်တို့သည်၊ တတ္ထတတ္ထ-ထိုထိုသို့သော- လူ့ရွာနတ်ပြည်တို့၌၊ သမ္မာ-ကောင်းစွာ၊ ဌိတာ-တည်တော်မူကြကုန်၏၊ တာစိတ္တယော- ထိုဘုရား၏ စိတ်တော်တို့ကို၊ ဒုရိတောဝ - အဝေးကပင်လျှင်၊ အဟံ - အကျွန်ုပ် သည်၊ ဝန္ဒာမိ-ရှိခိုးပူဇော်ပါ၏ဘုရား။

(ဗွါဒသသုတဝန္ဒနာဝါထာ ဒွေယုဂါနိဋ္ဌိတာ) ဒွေယုဂ (၂)ပါးတွဲဖြစ်သော၊ ဗွါဒသသုတဝန္ဒနာဝါထာ (၁၂) ပုဒ်ရှိသော သုတဝန္ဒနာဝါထာတို့သည်၊ နိဋ္ဌိတာ ပြီးဆုံးခြင်းသို့ရောက်ပြီ။

နံနတ် (၃) နာရီထိုးလျှင် အာသလ (၂)ပါးဝါထာ၊ ဧာမိဥာဏ် (၂)ပါးဝါထာ၊ လောကပါလ ဝါထာ၊

စေသနာ (၂)ပါးဂါထာ၊ ပုထုဇဉ် (၂) မျိုးဂါထာ၊ ဝဋ်အမြစ် (၂)ပါး ဒုက္ခိကောယျ ပုဗ္ဗိလ် (၂)ပါးဂါထာ၊ ဓါတ်တော် (၂) မျိုးဂါထာ၊ (၁၂)ပုဒ်တပိုဒ် (၁)လုံးချ (၁)ပါဒ်စိတ်၍ (၁၂)ပုဒ်လုံးစိတ်ပြီးသွား၏။ ထို့ကြောင့် ခေတ္တထိုင်လျှက် တိုင်မှီပြီး မှေးနေလိုက်၏၊ ဘုရားတံခါးဖွင့်သံကြား၍ ထပြီး မုန္တလိန္ဒာအိုင်သွား မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး ဘုရားဝန္ဒကုဋီတိုက်တွင်း ဝင်တန်တော့ဝတ်ချ ပရိုက်ယူပြီး အဓိဋ္ဌာန်စိတ်၊ ရေတော်လဲကာပ်၏ မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက် ကြာသပတေးနေ့ (၁၉၅၅၊ နိုဝင်ဘာ ၂၄ ရက်) စေတုစ္ဆအကြိမ် မဟာဗောဓိအပံရာဇိတပလ္လင် မြတ်စွာဘုရားရှေ့တော်တွင် နံနက်မိုးသောက်ယံ (၄)နာရီခွဲ အချိန် သုဝဏ္ဏဘောင်းချက် အဓိဋ္ဌာန်စိတ်၏၊ ပုတီး(၁၂)ပါတ်ရလျှင် ကုလားမဖြူလေးတစ်ယောက် နှုတ်ခမ်းနီလှုံ့ရှုံ့ ကျွန်ုပ်ခြေထောက်တို့ပြီး နှုတ်ခမ်းနီပြ၏၊ ကျွန်ုပ်က သပိတ်ဖုံးကို လက်ညှိုးထိုးပြလိုက်၏၊ ကုလားမ ဖြူလေးက သပိတ်ဖုံးထဲ နှုတ်ခမ်းနီထည့်သွား၏၊ ပုတီး (၁၇) ပါတ်ရတော့ ကုလားကြီးတစ်ယောက်က ဘုရား၊ ဘုရားလို့ နှစ်ခွန်းခေါ်သံကြင့် လှည့်ကြည့်လိုက်သော် အကြော်တွေနဲ့ ဇပါတီနှင့် ကျွန်ုပ်ကိုပြ၏၊ ကျွန်ုပ်က သပိတ်ဖုံးတို့ပဲ လက်ညှိုးထိုးပြလိုက်၊ ကုလားမကြီးက သပိတ်ဖုံးကြည့်တော့ နှုတ်ခမ်းနီရှိနေတာနဲ့ တွေ့လေးခင်းပြီး သပိတ်ဖုံးနား ချသွား၏၊ ကျွန်ုပ်တိုလည်း ဆလံပေးသွား၏၊ ပုတီးတပါတ် (၂၀)ရတော့ လေးဆယ်ကျော် ဘုန်းကြီး (၁)ပါး ကျွန်ုပ်နားထိုင်ပြီး ပုတီးစိတ်နေ၏၊ ပုတီး (၄၂) ပါတ်ရတော့ နာရီကြည့်လိုက်၊ နေ့ (၁၀) နာရီခွဲနေ၏၊ ထို့ကြောင့် ဆွမ်းတော်တင်ထားတာများ တောတ်ယူပြီး တိုက်တန်းခေ ၁၍ နေ့ဆွမ်းစား၏၊ ကျွန်ုပ်ဘေးနားထိုင်စိတ်နေသော ဘုန်းကြီးလည်း ရောက်လာ၏၊ ကျွန်ုပ်နှင့် မျက်နှာချင်း ဆိုင်ထိုင်နေ၏၊ ကျွန်ုပ်က နှုတ်ခမ်းနီ့ တို့၊ ဇပါတီတို့ကပ်၏၊ နည်းနည်းစားပြီး ကျွန်ုပ်ထဲ ပြန်ထည့်ပေး၏၊ ကျွန်ုပ်က စားရင်း ဘုန်းတော်ကြီးတိုမေး၏၊

"အရှင်ဘုရား၊ ဘယ်ကကြွလာပါသလဲ"

"ဦးပဥ္စင်းက တပည့်တော်ကို ဘယ်သိပါ့မလဲ၊ တပည့်တော်က မောင်ဝိုင်းလက်ထက်က အသေထွက်ခဲ့တာ၊ တောင်တွင်းငရာတော်ခင်ကြီးဖျော်ဆိုတာတပည့်တော်ပဲ၊ ပိုင်စစ်တို့၊ သုတ်စစ်တို့နည်းလေးဆယ်၊ သံဝဏ္ဏနာတို့ တပည့်တော်ရေးခဲ့တာပဲ၊ အများကတော့ တပည့်တော်ကို ပြာစားမျှားလို့ သေတယ်လို့ သိကြတယ်၊ ထွက်ချင်လို့ ထွက်ခဲ့တာပဲ၊ နေမယ်ဆိုလည်း နေနိုင်ပါတယ်။"

(ခွင်း) "အရှင်ဘုရားထွက်တော့ ဘယ်အရွယ်လောက်ရှိပြီလဲ"

(ကြီး) "(၄၂) နှစ်လောက်ပဲ ရှိသေးတယ်၊ အရှင်ဘုရားတို့ ပထမကျော်ဘောင်စံထားဆရာတော်၏ တပည့်ပါ၊ အရှင်ဘုရားက သတ္တမမြောက်ပေါ့"

(ရွှင်း) "မှန်လှပါဘုရားတပည့်တော်က သတ္တမမြောက်ပါ၊ ဒီတိုဘုရားတည်ဖို့ရန်အတွက် အဓိဋ္ဌာန်လာဝင် တာပါ ဘုရား"

(ကြီး) "ကောင်းလှပါတယ်ဘုရား၊ ကောင်းလှပါတယ်၊ အခက်အခဲရှိရင်တပည့်တော်ပင့် လိုက်လာခဲ့မယ်၊ တပည့်တော်လဲ ဒီမှာ အဓိဋ္ဌာန်လာဝင်တာ ဒီနေ့နှင့် နှစ်ရက်ရှိသေးတယ်၊ တိုယ့်ကိစ္စတို ကိုယ် အောင်မြင် အောင်လုပ်သွား၊ သွားလိုက်ဦးမယ်နော်"

(၃၄း) "တင်ပါဘုရား၊ တင်ပါ့၊ တင်ပါဆိုပြီး ကျွန်ုပ်က လက်အုပ်ချီလိုက်၏၊ ထိုဓာဏမဟာဗောဓိဝန္ဒကုဋိတိုက်ထဲ ဝင်သွား၏"

ကျွန်ုပ်နေ့စာစားပြီးလျှင် သပိတ်နှင့် ရေခပ်ပြီး ဘုရားကို သောက်တော်ရေကပ်၍ ရှိခိုးဝတ်ချကာ ပုတီးဆက်စိတ်တော့၏၊ ထိုပုဂ္ဂိုလ်လည်း ပုတီးစိတ်နေတာတွေ့ရ၏၊ ဒီတခါယူက တောင်အက်တစိတ်၍ ကျွန်ုပ် ပုတီးပါတ် (၃) ပါတ်ရသောအခါ သူ့အက်ကြည့်လိုက်၏၊ မရှိတော့တွေ့တော့၊ နာရီ ကြည့်လိုက်တော့ ညနေ (၅)နာရီခွဲနေ၏၊ မနတ်ပိုင်း (၄၂) ပါတ်နှင့်ပေါင်းလျှင် (၄၂) ပါတ်ရ၏၊ ပုတီးဆက်စိတ်၏၊ ည (၁၂)နာရီထိုးလျှင် (၃၆) ပတ်ပြီး၏ တနေ့ တစ်ဌာန် (၁၀၈)ပတ်အောင်မြင်စွာ ပြီးသွား၏၊ တိုက်တန်းလေးထဲမှ နံသင်္ခိုစုတင်ထိုင်ရင်း (၃) ပါးတွဲ သုတဝန္ဒနာဂါထာ (၁၂)ပိုဒ်ကို စိပ်၏၊ နံနက်(၂)ချက် (၁၅)တွင် ဂါထာ (၁၂) ပိုဒ်စိတ်ပြီး ခေတ္တမှေး နေလိုက်၏၊ ထိုင်လျှက်မှေးလိုက်၏၊ ထိုဂါထာ (၁၂) ပုဒ်ကို ဖော်ပြပါအံ့၊

(၃ပါးတွဲ) ရန်သူ ၃ ယောက်

(၁) လောဘာဒေါသာစမောဟာတိ
အန္တောပစ္စတ္ထိကေတယော
ဒုဇ္ဇယေသဗ္ဗဝေရိဟိ၊ သန္တိတာဝိ' သုဓိ' နမောဗ

လောဘောစ- လောဘလည်းကောင်း၊ ဒေါသောစ-ဒေါသလည်းကောင်း၊ မောဟောစ- မောဟလည်း ကောင်း၊ ဣတိ-ဤသို့သဗ္ဗ ဝေရိဟိ၊ ခပ်သိမ်းသော ရန်သူတို့ထက်၊ ဒုဇ္ဇယေ- အောင်နိုင်ခဲ ကုန်သော၊ တယော အန္တော-ပစ္စတ္ထိကေ-ကိုယ်တွင်းရန်သူသုံးယောက်တို့ကို၊ သန္တိတာဝိ- လွယ်ကူအောင်မြင် တော်မူပြီးသော၊ သုဓိ - မြတ်စွာဘုရားကို အဟံ- အကျွန်ုပ်သည်၊ နမေနမာမိ-သဥ္စိမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏၊ အရှင်ဘုရား၊

မဟာတ္တဂုဏ်-၃ပါး

(၂) ဇာတိပုညမဟတ္တာနိ၊ ဥဏမဟတ္တမုတ္တမံ၊
တိမဟတ္တေဟိသမ္ပန္နံ ဝန္ဒာမိ လောကနာယကံ၊

ဇာတိပုညမဟတ္တာနိ-အမျိုးမြင့်မြတ်တော်မူခြင်း ဘုန်းတော်ကြောင့် မြတ်တော်မူခြင်းလည်းကောင်း၊ ဥတ္တမံ-ထူးမြတ်သော ဂုဏမဟတ္တံ၊ ဂုဏ်တော်ဖြင့် မြတ်တော်မူခြင်းလည်းကောင်း၊ ဣတိ-ဤသို့၊ တိမဟတ္တေဟိ- သုံးပါးသော မဟတ္တဂုဏ်တို့နှင့် သမ္ပန္နံ - ပြည့်စုံတော်မူသောမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည် ဝန္ဒာမိ- သဥ္စိမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား၊

သမ္ပဒါဂုဏ်-၃ပါး

(၃) ဟေတုဖလ သမ္ပဒါယော၊ သတ္တုပကာရ သမ္ပဒါ၊
တိသမ္ပဒါတိ သမ္ပန္နံ ဝန္ဒာမိလောက နာယကံ၊

ဟေတုဖလ သမ္ပဒါယော - ဟေတု သမ္ပဒါ ဖလ သမ္ပဒါတို့လည်းကောင်း၊ သတ္တုပကာရသမ္ပဒါ၊ သတ္တုကာရသမ္ပဒါလည်းကောင်း၊ ဣတိ-ဤသို့၊ တိသမ္ပဒါဟိ- ၃ ပါးသောသမ္ပဒါဂုဏ်တို့နှင့်၊ သမ္ပန္နံ ပြည့်စုံတော်မူသော၊ လောကနာယကံ-လူသုံးဦးတို့၏၊ အမှူးဥတ္တမ အမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်

သည်၊ ဝန္ဒာမိ-သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဖွားဆဲခဏစကားပြောသော(၃)ဘဝ

(၄) မဟောသဓေ ဝေဿန္တရေ ပစ္ဆိမဘဝိကေတထာ။
တိဇာတိသု နမေဝါမိ၊ ဘာသန္တံ ဇာ လတ္တဏော။

မဟောသဓေစ-မဟော်သဓာဘုရားအလောင်းအဖြစ်၌လည်းကောင်း၊ဝေဿန္တရေစ-ဝေဿန္တရာဘုရားအလောင်းဘဝ၌ တထာ-ထိုမှတစ်ပါး၊ ပစ္ဆိမဘဝိကေ-အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌လည်းကောင်း။ ဣတိ-ဤသို့ တိဇာတိသု (၃)ပါးသောဘဝတို့၌၊ ဇာလလက္ခဏော၊ ဖွားဆဲဖြစ်သော ခဏ၌၊ ဝါစံစကားကို၊ ဘာသန္တံ-ဆိုတော်မူတတ်သော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို၊ အဟံ-အတွန်ုပ်သည်၊ နမေနမာမိ-သဒ္ဓါမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

မီး (၃)-ပါး

(၅) ရာဝေါ ဒေါသောစမောဟောတိ၊ အန္တောဒါဟတတ
ရေတယောအဂ္ဂယောတေ ဒုနိဗ္ဗုတော၊ သုနိဗ္ဗုတံ သုမိနမေ။

ရာဝေါစ-ရာဂလည်းကောင်း။ ဒေသောစ-ဒေါသလည်းကောင်း၊ မောဟောစ- မောဟ လည်းကောင်း။ ဣတိ- ဤသို့ဒုနိဗ္ဗုတော-အလွန်ငြိမ်းစေနိုင်ခဲတုန်သောအန္တောဒါဟတရေ- အတွင်း ပူးလောင်ခြင်းကို ပြုတတ်ကုန်သော တေတယော အဂ္ဂယော ထိုမီး (၃) ပါးတို့ကို ၊ သုနိဗ္ဗုတံ ကောင်းစွာငြိမ်းစေတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို နမေနမောမိ သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဝဋ် (၃)-ပါး

(၆) ကမ္မံကိ လေသ ဝဋ္ဋ၊ တထာဝိပါ ဝဋ္ဋတံ ။
ဆေတွာတိ ဍာနိ ၊ ဝန္ဒာမိလောက နာယတံ ။
ကမ္မံ -ကမ္မဝဋ်လည်းကောင်း၊ ကိလေသာ ဝဋ္ဋ တိလေ
သာဝဋ်လည်းကောင်း၊ တထာ ထို့ပြင်၊ ဝိပါကဝဋ္ဋံ
ဝိပါကဝဋ်လည်းကောင်း၊ ဣတိ ဤသို့ တိဝဋ္ဋာနိ
(၃) ပါးသောဝဋ်တို့ကို ဆေတွာ ဖြတ်တော်မူ၍
ဂတံ ကြွသွားသော်မူတတ်သော၊ လောကနာယကံ လူ (၃) ပါး
တို့၏ အမှူး ဥတ္တမ်မြတ်သော မြတ်စွာဘုရားကို အဟံ
အတွန်ုပ်သည် ဝန္ဒာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

ဘဝ (၃) ပါး

(၇) ကမာဘဝေါ တထာရူပေါ၊ အရူပေါ တယောဘဝေ
သုတိဏ္ဏံ ဂုတိဏ္ဏန္တေ၊ ဓမ္မရာဇာ အဟံ နမေ။

ကာမဘဝေါ၊ ကာမဘဝလည်းကောင်း။ တထာ ထို့ပြင်
ရူပေါစ ရူပဘဝလည်းကောင်း၊ အရူပေါစ အရူပဘဝလည်းကောင်း၊
ဣတိ ဤသို့ ဒုတိတ္ထရေ လွန်နိုင်ခဲကုန်သော
တယောဘဝေ ၃ပါးသောဘဝတို့ကို သုတိဏ္ဏံ ကောင်းစွာလွန်တော်မူပြီးသော
ဓမ္မရာဇံ တရားမင်းဘုရားကို အဟံ အကျွန်ုပ်သည် နမေနမာမိ
လက်ဆယ်ဖြာထိပ်မှာ မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

လောကသုံးပါး

(၈) သတ္တလောကော စ သင်္ခါရော ၊ ဩကာ သောတိတယောဣမေ။
သဗ္ဗထာဝ ပရိစ္ဆေဒ၊ ပရိဇာနံမုနိနာမေ ။
သတ္တလောကော စ သတ္တလောကလည်းကောင်း၊
သင်္ခါရော စ သင်္ခါရလောကလည်းကောင်း၊ ဩကာသော
ဩကာသလောကလည်းကောင်း။ ဣတိသို့ တယော ၃ပါးတုန်သော
ဣမေပရိစ္ဆေဒ ဤလောကအပိုင်းအခြားတို့ကို
သဗ္ဗထာဝ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပရိဇာနံ ပိုင်းခြား၍
သိတော်မူတတ်သော၊ မုနိံ မြတ်စွာဘုရားကို အဟံ အကျွန်ုပ်သည်
နမေနာမာမိ လက် ၁၀ ဖြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ခေတ် ၃ ပါး

(၉) ဇာတိခေတ္တံ အာဏာခေတ္တံ၊ ဝိသယခေတ္တဥ္စတထာ။
အဓိပစ္စန္တိခေတ္တေသု၊ ဓမ္မရာဇံနာမမဟံ။
ဇာတိခေတ္တဥ္စ ဇာတိခေတ်လည်းကောင်း၊ တထာ ထို့ပြင်
ဝိသယခေတ္တံ ဝိသယခေတ်လည်းကောင်း၊ ဣတိ ဤသို့
ခေတ္တသု ၃ပါး သော ခေတ်တို့ကို အဓိပစ္စံ ၊
အလွန်အစိုးရတော်မူသော ၊ ဓမ္မရာဇံ တရားမင်းဘုရားကို အဟံ
အကျွန်ုပ်သည် နမာမိ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးတန်တော့ပါ၏
အရှင်ဘုရား။

စရိယ ၃ ပါး

(၁၀) လောကတ္တစရိယစေဝ၊ ဉာဏတ္တစရိယံကထာ
ဗုဒ္ဓတ္တ စရိယဥ္စတိ၊ ပုရက္ခိစရိယံ နမေ ။
လောကတ္တ စရိယဥ္စ လောက ၃ပါး ၏ အကျိုးငှာ
ကျင့်တော်မူခြင်းလည်းကောင်း၊ ဉာတတ္တစရိယဥ္စ

ဆွေတော်မျိုးတော်တို့၏ အကျိုးငှာ ကျင့်တော်မူခြင်းလည်းကောင်း၊
ဗုဒ္ဓတ္ထစရိယ၌ ဘုရားဖြစ်တော်မူရန်အကျိုးငှာ ကျင့်တော်မူခြင်းလည်းကောင်း၊
ဤသို့ တိစရိယ ၃ ပါးသော စရိယာတရားကိုပူရဲ ဖြည့်ကျင့်တော်
မူတောင်မြတ်စွာဘုရားကို အဟံ အကျွန်ုပ်သည် နမေနမာမိ
လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

ထီးဖြူတော် (၃) စင်း

(၁၀) မနုသာ ပထမံဆတ္တံ၊ ဒုတိယံ ဒိဗ္ဗမေဝစ
ဝိမုတ္တိတတိယံ သေတံ၊ လစ္ဆန္တိဆတ္တကံနမေ ။ ။
ပထမံ ရှေးဦးစွာ၊ မနုဿ လူ၌ဖြစ်သော
ဆတ္တံ ထီးဖြူလည်းကောင်း၊ ဒုတိယံ ၂ ကြိမ်မြောက်ဖြစ်သော
ဒိဗ္ဗမေဝစ နတ်၌ဖြစ်သော ထီးဖြူတော်လည်းကောင်း၊
တတိယ (၃) ကြိမ်မြောက်သော ဝိမုတ္တိသေတံ
အရဟတ္တဖိုလ်ဟု ဆိုအပ်သော လောကုတ္တရာ
ထီးဖြူတော်လည်းကောင်း၊ ဤသို့ လစ္ဆန္တိသတ္တ
တံ ရအပ်ပြီးသော ထီးဖြူတော် ၃ စင်းရှိတော်မူသော
မြတ်စွာဘုရားကို အဟံအကျွန်ုပ်သည် နမေနမာမိ
လက်ဆယ်ဖြာထိပ်မှာ မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား၊

ခါတ်တော်အရွယ်အစား (၃) မျိုး

(၀၂) မဟန္တာ မုဂ္ဂမာသာဝ မဇ္ဈိမာဘိန္နတဏ္ဍုလာ၊
ခုဒ္ဒကာသာသပတိသော၊ ဓာတုမိဝိနမာတုယော၊
မဟန္တာ ကြီးသောခါတ်တော်သည်၊ မုဂ္ဂမာသာ
ပဲနောက်လုံးပမာဏရှိကုန်၏၊ မဇ္ဈိမာ အလတ်ဖြစ်သော
ခါတ်တော်တို့သည် ဘိန္နတဏ္ဍုလာ ဆန်ကျိုးပမာဏ
ရှိကုန်၏၊ ခုဒ္ဒကာ ငယ်သောခါတ်တော်တို့သည်
သာသပါ မုန်ညင်းစေ့ပမာဏ ရှိကုန်၏၊ ဤသို့
တိသော ပမာအားဖြင့် (၃) ပါးအပြားရှိကုန် သော
ဓာတ်နဓါနဓါတုသော ထိုမြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီး၏
ခါတ်တော်တို့ကို အဟံ အကျွန်ုပ်သည် သိရသာ - ဦးခေင်းရတနာ
မြတ်အင်္ဂါဖြင့် ဝန္ဒာမိ- သဥ္ဇါမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။
မိုးသောက်ယံဦးအချိန် (၄) နာရီနီးလာ၏၊ ဘုရားတံခါးလဲဖွင့်နေပြီဖြစ်သောကြောင့် မုဥ္စလိန္ဒာတိုင်မှာ

ချတ်နာသစ် တိုယ်လက်သန့်ရှင်းပြီး ဘုရားသောက်တော်ရေ သပိတ်ဖြင့် ခပ်လာ၏၊ ဘုရားဝန္ဒကုဋိ တိုက်ထဲဝင်၍ သောက်တော်ရေကပ်၏၊ မှတ်တမ်းလည်းရေးလိုက်သည်။

၁၃၁၇ ခု၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက်၊ သောကြာနေ့၊ (၁၉၅၅၊ နိုဝင်ဘာ ၂၅ ရက်) နံနက် ဦးသောက်ယံ (၄) နာရီမိနစ် (၅၀) အချိန် ရှိန်းပရိတ်ယူပြီး သုဂတော (၅) ချက် အဓိဋ္ဌာန်ပုတီး စိပ်တော့၏၊ ဘုရားဖူးများလဲ ရောက်လာကြပြီး ဆွမ်းတော်၊ ပန်းတော်၊ ရေတော်ကပ်လှူ ကန်တော့ကြသော အသံများလဲညံနေ၏၊ ပုတီးပတ် (၂၄) ပတ်လောက်ရသောအခါ နာရီကြည့်လိုက်၏၊ နံနက် (၉) နာရီ ထိုးနေ၏၊ မဟာဗောဓိ အတွင်းမှာလဲလူစဲသွား၏၊ နေရာပြင်ထိုင်ပြီး ဆက်ပုတီးစိပ်၏၊ နေ့ (၁၁) နာရီထိုးသောအခါ ပုတီး(၁၂) ပတ်ရသည်၊ပေါင်း (၃၆) ရ၏၊ ကုလားလေးရောက်လာပြီး စာပေးပြန်၏၊ ရဟန်းခံပင့်သောစာဖြစ်၍ လိုက်သွားရပြန် ၏၊ ဘုန်းတော်ကြီး ဦးဥတ္တမကျောင်းရောက်တော့ ဆွမ်းစားပြီးသိမ်ဝင်၏၊ ကျွန်ုပ်ကဒုတိယကမ္မဝါ ဆရာအဖြစ် ဖတ်ရပြန်၏၊ ကမ္မဝါမဖတ်သောအချိန်တွင် ပုတီးစိပ်ရပ်၍ ကျန်အချိန်များစိပ်နေ၏၊ ရဟန်းနှစ်ပါး ခံထားဖြစ်၍ နေ့ (၁၂) နာရီခွဲမှ ပြီး၏၊ သိမ်ထွက်ကဝတ္တု ၁၀ဝိ/ နှင့် စောင်၊ တဘက် ထည့်လှူ၏၊ ကျွန်ုပ်တို့ပြီးတော့ ဘုရားပြန်ပြီး အဓိဋ္ဌာန်ပုတီးစိပ်နေ၏၊ တနေ့လုံးလူရှင်းနေ၏၊ ညနေ (၅) နာရီမှ ဘုရားဖူးများလာကြပြန်၏၊ ည(၁၀) နာရီ ဘုရားတံခါးပိတ်မှ လူရှင်းသွား၏၊ ကျွန်ုပ်လည်းတိုက်တန်းလေး နေပြီး ပုတီးပါတ်မှတ်လိုက်၏၊ ည (၁၀) နာရီထိပုတီးပတ် (၆၀+၃၆) နှင့် ပေါင်းသော ၉၆ ပါတ်ရ၏၊ (၁၂) ပတ်ကြည့်စိပ်လိုက်ရင် (၁၀၈) ပတ်ရမည်ဖြစ်၍ ဆက်စိပ်နေ၏၊ ပုတီးပတ် (၃) ပတ်ရလျှင် မိန်းကလေး တစ်သောက် သီချင်းဆိုသံကြားရ၊ ကြားရသောသီချင်းသံကလည်း ဗမာမဆိုနေသော အသံမျိုးဖြစ်၏၊ သီးချင်းသံက နန်းကြာညိုချော ဖျောစံပါယ် သီချင်းကြီးဖြစ်နေ၏၊ ဒီနေရာမျိုး၊ ဒီအသံဟာ ဒီသီချင်းသား ဟာ ဖြစ်နိုင်စရာမရှိဘဲနှင့် ဘယ်လိုသဘောပါလိမ့်ဟုအောင့်မေ့၏၊ ထိုစိတ်တွေကိုဖျောက်ပြီးဆက်စိပ် နေ၏၊ ပုတီး (၁၀) ပတ်လောက်ရတော့ မာသိကကန်ဆာ ဝတ်ထားသော မိန်းကလေး (သို့) နတ်သမီးတင်ယောက် ထင်ထင်ရှားရှား သပြေပန်းစီးကိုင်ပြီး ကျွန်ုပ်ရှေ့ ဟည့်တည့်ရပ်နေ၏၊ မျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက် တထည်းကျော့ရှင်း၏၊ကျွန်ုပ်စိတ်ထဲတွင် ကုလားပြည်လာပြီး ဗမာနတ်သမီး ဘယ်လိုလုပ်ရောက်လာပါလိမ့်ဟု အောင့်မေ့မိ၏၊ ကြည့်နေသောခဏမှာပင် ကုလားမတဘွင် အဝတ်ဖြင့်ခေါင်းမှာ တောက်ပြောင်သော အဆောင်းအဖြစ်ပြောင်းလဲသွား၏၊ တင်းဝါဒီလိုဖြစ်ရမယ်ဟုတင်ပြီး ထိုစိတ်တွေဖျောက်၍ ဆက်စိပ်နေ၏၊ ကျွန်ုပ်စိတ်တဖျောက်ပေမဲ့သူမကတော့ ရပ်နေတုံးဖြစ်သည်၊ ကျွန်ုပ်ကပုတီး ဆက်စိပ်နေ၏၊ ပုတီး (၁၂) ပတ်ပြီး၍ အားလုံး (၁၀၈) ပတ်တစ်နေ့တာအဓိဋ္ဌာန်ပြီးသွား၏၊ ထို့ကြောင့် (၃)ပါးတွဲ သုတဝန္တနာကျန် ဂါထာများ ဆက်စိပ်နေ၏၊ နိဗ္ဗာန် (၃) မျိုးဂါထာ စိပ်နေစဉ်အတွင်းသူမပျောက် ကွယ်သွားသည်၊ သူမကိုင်ထားသော သပြေပန်းက တဲဖြန့်ထားပစ်ခဲ့၏၊ (၃) ပါးတွဲက (၈) ပုဒ်၊ (၄) ပါးတွဲက (၄) ပုဒ်၊ ပေါင်း (၁၂)ပုဒ်ပုတီး (၁၂) ပတ်ပြီးသောအခါ နာရီက (၂) ချက် (၂၀) ရှိနေ၍ မေတ္တာပို့ အမျှဝေပြီးထိုင်လျှက် ခေတ္တမှေးလိုက်၏၊ အိမ်မက် - တောင်တန်းကြီးနားရောက်နေ၏၊ ကျွန်ုပ် ရောက်နေသောနေရာမှာ တိုက် (၈၀၀) လောက်သာဝေးမည်ထင်၏၊ ကျွန်ုပ်လဲသစ်ပင်ကြီးရှိရာသျှောက် သွား၏၊ တနားရောက်သောအခါ တဖဲတပြဲ ဖြစ်မိ၏၊ ထို့နောက်သစ်ပင်လုံး

ပတ်လို တတောင်နှင့်တောင် ပြီး ပတ်တိုင်း၏၊ တတောင် ၂၀၀ တိတိရှိ၏၊ တဝယ်ဆုံးသစ်ပင်ကို ၀ှ ာ်ခြင်းဖြစ်သည်၊ အပေါ်ထဖြာထွက်နေသော သစ်ပင်ကိုင်းတစ်ကိုင်းကို တောက်ကနေ ခြေလှမ်းဖြင့် လျှောက်တိုင်း၏ ဆုံးအောင်မသွားနိုင်ချေ၊ ခြေလှမ်းပေါင်း (၁၅၀၀) ပြည့်တော့လှည့်လာ၏ သစ်ပင်ကြီးခြေရင်းပြန်ရောက်တော့ ကုလားအဘိုးကြီးတစ်ယောက်နှင့် တွေ့၍ သစ်ပင်ကြီးအကြောင်းကိုမေးတော့ ဒီသစ်ပင်ကြီးများမှာ နှစ်ပေါင်း (၁၀၀၀)ရှိကြောင်းပြော၏ ဝိဇ္ဇာဇော်ဂျီများနေသော နေရာဖြစ်ကြောင်းကိုပြော၏၊ တစ်ပင်မှတစ်ပင်ကို အကိုင်းခြင်း ယှိနေသော်လည်း ယခုရောက်နေသောနေရာမှ ရှေ့သစ်ပင်ကြီးကို ရောက်အောင် မသွားနိုင်ချေ၊ တနေကုန်လောက် သွားနိုင်မှ ရောက်မည်ထင်၏ သစ်ပင်ကြီးများ အောက်ဖြက်ပင်လေးများသာ ကျိုးတို့ကျဲထဲပေါက်နေကြ၏ ထို့ကြောင့် မြေပြင်ကြီးကဲ့သို့ ဖြစ်နေ၏ ဝိဇ္ဇာ၊ ဇော်ဂျီများနေသော နေရာဆိုတယ် ကျွန်ုပ်ကတော့ တယောက်မှ မတွေ့ရသေးပေ။ ကျွန်ုပ်ပြန်လှည့်လာပြီး တောင်တက်ဆက်လျှောက်ရာဂူများ တစ်ဂူနှင့်တစ်ဂူဆက်နေ၏၊ ဂူပေါက်ထောင်ချီပြီး ရှိမည်ထင်၏၊ ဂူများထဲတွင် ဝိဇ္ဇာလိုပုဂ္ဂိုလ်များ အယောက်တစ်ရာကျော်ထွက်လာ၏၊ ထိုအထဲတွင် ပုဂ္ဂိုလ်တစ်ယောက်က ကျွန်ုပ်ထံတန်းတန်း မတ်မတ်ရောက်လာပြီး ဦးပဥ္စင်းလေးပြန်သွားတဲ့၊ ဒီနေရာကို မလာနှင့်တဲ့၊ အချိန်မကျသေးဘူး၊ ကိုယ်အမိဌာန်ပြီးအောင်လုပ်အုံးဟု ပြောပြီးပြန်သွား၏ ကျွန်ုပ်လဲနီးလာ၏၊ ဘုရားတံခါးဖွင့်သံကြား၍ထပြီး မုစ္စလိန္ဒာတိုင်သွား မျက်နှာသစ်ကိုယ်လက်သန့်ရှင်း ဘုရားသောက်တော်ရေခပ်၊ မဟာဗောဓိစေတီအတွင်းပြန် ကျွန်ုပ်နေရာထိုင် ရေတော်တပ်လှူပြီး မှတ်တမ်းရေးလိုက်၏။

၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း(၁၂)ရက် ၊ ဂနေနေ့ (၁၉၅၅၊ နိုဝင်ဘာ ၂၆ရက်) သုဂတော ငါးရှတ် အမိဌာန်၊ နက်(၄)နာရီ ခွဲ ခိုးသောက်ယံ အချိန်တွင် ဆဌမနေ့ ဝရိက် ယူပြီးစိပ်၏ နေ့(၁၀) နာရီခွဲ လျှင်ပုတီး (၄၂) ပါတ် ပြီး၏၊ သပိတ် ဖုံးထဲ လှူထားကြသော၊ မုပတီ၊ ဟင်းကြော်၊ ပဲ၊ ငှက်ပျောသီးတို့ စားပြီး မုစ္စလိန္ဒာတိုင်မှ ရေချိုးပြီး ရေတော်ခပ်၍ မဟာဗောဓိဘုရားကို ရေတော်ကပ်၏၊ နေ့အမိဌာန်စိပ်၏၊ ည (၁၀) နာရီထိုးလျှင် ပုတီးပါက် (၆၀) ရ၏၊ (၄၂+၆၀)=၁၀၂ ပတ်ရ၍ (၆) ပတ်ဖြည့်စိတ်လျှင် (၁၀၈) ပါတ်ရမည် ဖြစ်၏၊ ဘုရားတံခါးပိတ်၍ တိုက်တန်းဆောင်ထဲ ကျွန်ုပ်နေရာသွားပြီး ကျန်ပုတီး (၆)ပတ် စိတ်၏၊ ထိုနောက် ဘုတ၀ဒ္ဓနာ (၃) ပါးတွဲ (၈) ပုဒ်နှင့် ၄ ပါးတွဲ (၄) ပုဒ်ပေါင်း (၁၂) ပုဒ် ဆက်စိပ်၏၊

ဂါထာတော်အဆင်းအရောင် ၃ မျိုး

မဟန္တာသုဝဏ္ဏာဝဏ္ဏာ၊ ပုဏ္ဏဝဏ္ဏာစ မဇ္ဈိမာ၊

ခုဒ္ဒကာသုမနာဝါတီသော၊ ဝဒေတော ဗီတဓါတုယော။

မဟန္တ-အကြီးဖြစ်သော ဓါတ်တော်တို့သည်၊ သုဝဏ္ဏဝဏ္ဏရွှေအဆင်း ရှိတော်မူကြကုန်၏၊ မဇ္ဈိမာ-အလတ်ဖြစ်သော ဓါတ်တော်တို့သည်၊ ပုဏ္ဏဝဏ္ဏာ-ပုလဲအဆင်းရှိတော်မူကြကုန်၏၊ ခုဒ္ဒကာ-ငယ်သောဓါတ်တော်တို့သည်၊ သုမနာ-မုလေးပွင့်အဆင်းရှိတော်မူကြကုန်၏၊ ဣတိ-ဤသို့ တိသော-အဆင်းတားဖြင့် (၃)ပါး အပြားရှိကုန်သော တာဝိနဓါတုယော-ထိုမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်၏ ဓါတ်တော်တို့ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ-သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဓါတ်တော် (၃)မျိုး ကွမ်းစားအားဖြင့်ဖွဲ့ဆိုခြင်း

(၁၄) မဟန္တာ ပဉ္စနာဠိယော၊ မဇ္ဈိမာနာဠိပဉ္စကာ။
နာဠိဆဒ္ဒွကာ တိယော၊ ဝန္ဒေတာဝိနဓါတုယော။

မဟန္တာ-ကြီးသောဓါတ်တော်တို့သည်၊ ပဉ္စနာဠိယော (၅) ကွမ်းစားရှိတော်မူကုန်၏၊ မဇ္ဈိမ- အလတ်ဖြစ်သော ဓါတ်တော်တို့သည်၊ နာဠိပဉ္စကာ (၅) ကွမ်းစားရှိတော်မူကုန်၏၊ ခုဒ္ဒကာ - အငယ်စားဖြစ်သော ဓာတ်တော်တို့သည် ဆနာဠိကာ - ခြောက်ကွမ်းစားရှိတော်မူကုန်၏၊ ဣတိ-ဤသို့ တိသော-ကွမ်းစားအားဖြင့် ၃ ပါးအပြားရှိကုန်၏၊ သော၊ တာဝိန ဓါတုယော ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏၊ ဓါတ်တော်တို့ကို၊ အထံ-အကျွန်ုပ်သည် သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

နိဗ္ဗာန် (၃) မျိုး

(၁၅) ကိလေသံ ခန္ဓကံ ယတ္ထ၊ ဓါတု အနာဂတောက္ကတိ။
တိယိ နိဗ္ဗာန်နဓါတုယိ၊ အဝ္ဝသုခံဘုဉ္စနမေ

ယတ္ထ-အကြင်ဗောဓိမဏ္ဍိုင်၌၊ ကိလေသံ-ကိလေသနိဗ္ဗာန်လည်းကောင်း၊ ယတ္ထ-အကြင် မြွေမင်း၏ အင်ကြင်းဥယာဉ်၌ခန္ဓကံ ခန္ဓနိဗ္ဗာန်လည်းကောင်း၊ ယတ္ထ-အကြင်ဗောဓိမဏ္ဍိုင်၌လျှင်၊ အနာဂတေ-နောင်အခါ၌၊ ဓါတု-ဓါတု နိဗ္ဗာန်လည်းကောင်း၊ ဣတိ-ဤသို့၊ တိယိနိဗ္ဗာနဓါတုယိ- ၃ပါးသော နိဗ္ဗာနဓါတ် တို့ဖြင့် အဝ္ဝသုခံ-မြတ်သော နိဗ္ဗာန ဓါတ်ချမ်းသာကို ဘုဉ္စိ-ခံစားသုံးဆောင်တော် မူပြီးသော မြတ်စွာဘုရားကို အထံ-အကျွန်ုပ်သည်၊ နမေနမာမိ-သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

နတ် (၃) ပါး

(၁၆) သမ္မုတိ ဥပပတ္တိဥ္စ၊ ဝိသုဒ္ဓိဒေဝ မုတ္တမံ။
အဂ္ဂပတ္တံတိဒေဝါနံ၊ ဝန္ဒေဝိသုဒ္ဓိ ပုဂ်ဝံ။

သမ္မုတိစ လူမင်း လူမိဖုရားဟု ဆိုအပ်သော သမ္မုတိနတ်လည်းကောင်း၊ ဝိပပတ္တဉ္စ တိုတ်ထင်ရှားဖြစ်သော ဥဝပါတ်နတ်တို့လည်းကောင်း၊ ဥတ္တမံ-ထူးမြတ်သော ဝိသုဒ္ဓိဒေဝံ ဘုရားရဟန္တာဟု ဆိုအပ်သော ဝိသုဒ္ဓိ နတ်လည်းကောင်း၊ ဣတိ ဤသို့၊ တိဒေဝါနံ - ၃ ပါးအပြားရှိသော နတ်တို့ထက်၊ အဂ္ဂပတ္တံ အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို၊ အဟံ -အကျွန်ုပ်သည် ဝန္ဒေ၊ ဝန္ဒာမိ- သဒ္ဓါမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား ။ ။

ပိဋကတ် (၃) ပုံ

(၁၇) ဝိနယောစေဝ သုတ္တန္တော၊ အဘိဓမ္မောတိတီယိ။
ပိဋကေတိ သုဘာသေန္တံ၊ ပဇ်ဝိနာယကံနမေ။

ဝိနယောစ-ဝိနည်းလည်းကောင်း၊ သုတ္တန္တောစ-သုတ္တန်လည်းကောင်း၊ အဘိဓမ္မောစ-အဘိဓမ္မာ လည်းကောင်း၊ ဣတိ- ဤသို့၊ တီဟိ ပိဋကေတိ- ၃ ပါးအပြားရှိသော ပိဋကတ်တို့ဖြင့်၊ ပဇ်လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၊ သုဘာသေန္တံ ကောင်းစွာဆုံးမတော်မူတတ်သော၊ ဝိနာယကံ- လူ (၃)ဦးတို့၏ အမှူးရှေ့သွား

မြစ်တော်မူသော မြတ်စွာဘုရားသခင် တိုယ်တော်မြတ်ကြီးကို အဟံ-အကျွန်ုပ်သည်၊ နမေ နမာမိ- လတ် (၁၀) ခြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

လက်နက် (၃) ပါး

(၁၈) သုတော ပဋိဝေဓကော စေဝ၊ ထိဝိစံပညာအာဝုဓေါ
ဤမာ ပရှိနိသေဝိတံ၊ ဝိဝိဓါဒေသကံနမေ။

သုတော-အကြားအမြင်လည်းကောင်း၊ ပဋိဝေဓကာစ-မကောင်းမှုမှ ဆိတ်ခြင်းလည်း ကောင်း၊ ပညာအာဝုဓေါစ- ပညာဟုဆိုအပ်သော လက်နက်လည်းကောင်း၊ ဣတိ-ဤသို့ ဤမပရှိ သေဝိတံ-ပရှုပ်နှံ့သံသရာမှိုနှိုရာဖြစ်သော တိဝိစံ- ၃ပါးအပြားအားဖြင့်၊ ဒေသကံ-ဟောမြွက်ဖော်ပြ မိန့်တော် မူတတ်သော မြတ်စွာဘုရားသခင် တိုယ်တော်မြတ်ကြီးကို၊ အဟံ-အကျွန်ုပ်သည်၊ နမေ နမာမိ သဒ္ဓါမြတ်နိုး လတ်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။ ။

ဘုရားလောင်း -မျိုး

(၁၉) ပညာဓိကော သဒ္ဓါဓိကော၊ ဝီရိယာတိကယော
ဤမေ၊ ဗောဓိသတ္တေ ဝိဘန္တိတွာ၊ ပကာသေန္တံ ဝိနံ နမေ။

ပညာဓိကော-ပညာဓိက ဘုရားလည်းကောင်း၊ သဒ္ဓါဝိကော၊ သဒ္ဓါဓိက ဘုရားလည်းကောင်း၊ ဝီရိယာစ - ဝီရိယာဓိက ဘုရားလည်းကောင်း၊ ဣတိ-ဤသို့ တယော (၃) ယောက်တုန်သော၊ ဤမေ ဗောဓိသတ္တေ- ဤဘုရားလောင်းတို့ကို၊ ဝိဘန္တိတွာ-ခွဲဝေ၍ ပကာသေန္တံ-ပြတော်မူတတ်သော၊ ဝိနံ- ငါးမာန်အောင်မြင်မြတ်စွာဘုရားသခင်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ- လတ် (၁၀)ခြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

လုမိုက် (၃)ယောက်

(၂၀) ဒုစိန္တိတ စိန္တိဒုဘာ၊ သိတ ဘာသိ တထာ ပရေ
ဒုဋ္ဌမ ကာရိယော စေတေ၊ တိတာလေ၊ ဘာသကံနမေ

ဒုစိန္တိတ စိန္တိ- မကောင်းသော အကြံကို ကြံလေ့ရှိသော သူလည်းကောင်း၊ ဒုဘာသိတဘာသီ- မကောင်းသောစကားကို ဆိုလေ့ရှိသော သူလည်းကောင်း၊တတာပရေ-ထိုမှတစ်ပါး၊ ဒုဋ္ဌမ-ကာရိယော၊ မကောင်းသော အမှုအရာကို ပြုလေ့ရှိသောသူလည်းကောင်း၊ ဣတိ-ဤသို့ တလလတွဏ ယုတ္တေ-သူမိုက်ဟုမှတ်ရခြင်း၏၊ အကြောင်းလက္ခဏာနှင့်ယှဉ်တုန်သော စေတေ ဝိတာလေ ထို (၃) ပါးသော သူမိုက်တို့ကို၊ ဘာသတံ ဟောမြွက်ဖော်ပြ မိန့်ထတော်မူတတ်သော မြတ်စွာဘုရားကို အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ-သဒ္ဓါမြတ်နိုး လတ်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဝီသာသုတဝန္ဒနာဝါထာ၊ တိယုဂါ နိဋ္ဌိတာ တိယုဂါ-၃ပါးတွဲဖြစ်သော၊ ဝီသာသုတဝန္ဒနာဝါထာ၊ ၂၀ သော ထုလ ဝန္ဒနာဝါထာတို့သည် နိဋ္ဌိတာ-ပြီးဆုံးခြင်းသို့ ရောက်တုန်ပြီ။

(၄) ပါးတွဲ

(၁) ဓမ္မတ္တ ဒေသနာဝေဓ၊ စတုက္ကိရ ဝုဒ္ဓသ၊
ဓမ္မ လောကသဒေသေန္တံ၊ ဓမ္မရာမံနမာမဟံ။

ဓမ္မတ္တ ဒေသနာ ဝေဓစတုဝဓ္ဓိရ ဝုဒ္ဓသ-ပါဠိ၏ နက်နဲခြင်း၊ အနက်၏ နက်နဲခြင်း၊ ဒေသနာ၏ နက်နဲခြင်း၊ အသိဉာဏ်၏ နက်နဲခြင်းဟု ဆိုအပ်သော (၄)ပါးသော အနက်ခြင်းတို့ဖြင့် ပြင်နိုင်ခဲလှသော၊ ဓမ္မတရားတော်ကို

လောကဿ ၊ လူအပေါင်းအား၊ ဒေသေန္တိ-ဟောတော်မူတတ်သော၊ ဓမ္မရာဇံ-တရားမင်းဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ နမာမိသဥ္ဇမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား၊

စေတီထိုက်သူ (၄)ပါး

(၂) ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါစ၊ အရဟာစက္ကဝတ္တိတိ။
ထူပဏ္ဍု ရဟံ ဝန္ဒေ၊ စတုထူပါရဟေသုတံ။

ဗုဒ္ဓေါစ-သဗ္ဗညုမြတ်စွာဘုရားလည်းကောင်း၊ ပစ္စေကဗုဒ္ဓေါစ၊ ပစ္စေကဗုဒ္ဓါလည်းကောင်း၊ အရဟာစ ရဟန္တာလည်းကောင်း၊ စက္ကဝတ္တိစ-စကြဝတေးမင်းလည်းကောင်း၊ ဣတိ-ဤသို့ စတုထူပါရဟာဟု- စေတီထိုက်သည် (၄)ပါးတို့တွင် ထူပထူပါရဟံ- စေတီ-ထိုက်တော်မူသော၊ တံဗုဒ္ဓံ - ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ- လက် (၁၀)ဖြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

တိပ်ခြင်း-(၄)ပါး

(၃) ပေတသေယောတာမဘောဂီ၊ သီဟသေယောတထာဂဟော
သယန္တံစတုသေယျသု၊ စတုတ္ထေန နမေမိနံ ၊

ပေတသေယျာစ၊ ပိတ္တာတို့၏ အိပ်ခြင်းလည်းကောင်း၊ ကာမဘောဂီစ-ကာမချမ်းသာကို ခံစားသောသူတို့၏ အိပ်ခြင်းလည်းကောင်း၊ တထာဂတောတထာဂတသေယျာစ-သဗ္ဗညုမြတ်စွာဘုရား သခင်ကိုယ်တော်မြတ်တို့၏ ကျိန်းစက်တော်မူခြင်းလည်းကောင်း၊ ဣတိ-ဤသို့ စတုသေယျသု-အိပ်ခြင်း၄ပါးတို့တွင်၊ စတုတ္ထေန (၄) ခုမြောက်သောဘုရား၏ ကျိန်းစက်တော်မူခြင်းဖြင့် သယန္တံ ၊ ကျိန်းစက်တော်မူတတ်သော၊ ဒိနံ ငါးမာန်အောင်မြင် မြတ်ဘုရားသခင်ကို၊ အဟံ ကျွန်ုပ်သည်၊ နမေနမာမိ- ရှိသေမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား

သန္ဒေ (၄)ပါး

(၄) အဏ္ဍာဇာဇလာဗုဇာစ၊ သံသေဒဇောပပါတိကာ
စတုယောနိ ဝရိစ္ဆေဒ၊ ဉာဏဝန္တံနမေ ဒိနံ၊

အဏ္ဍာဇာစ-အဥ၌ဖြစ်သော၊ ပဋိသန္ဓေလည်းကောင်း၊ ဇလာဗုဇာစ-ကာလသြေည်၌ဖြစ်သော ပဋိသန္ဓေလည်းကောင်း၊ သံသေဒဇာစ-အညို၌ဖြစ်သော ပဋိသန္ဓေလည်းကောင်း၊ ဩပပါတိကာစ-ကိုယ်ထင်ရှားဖြစ်သော ပဋိသန္ဓေလည်းကောင်း၊ ဣတိ-ဤသို့ စတုယောနိပရိစ္ဆေဒ ဉာဏဝန္တံ- ၄ ပါးသော ယောနိဟုကို ပိုင်းခြား၍ သိမြင်တော်မူတတ်သော ဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသခင်ကို အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ သဥ္ဇမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား ။ ။

နံနက် (၁) ချက်ခွဲလျှင် သုတဝန္ဒနာဂါထာ - ၃ပါးတွဲ ခါတ်တော်အရောင် (၃)မျိုးဂါထာ၊ ခါ-်တော် (၃)မျိုးဂါထာ၊ နိဗ္ဗာန် (၃) မျိုးဂါထာ၊ နတ် (၃) ပါးဂါထာ၊ ပိဋကတ် (၃) ပုံဂါထာ၊ လက်နက် (၃) ပါးဂါထာ၊ ဘုရားလောင်း (၃) မျိုးဂါထာ၊ လှမိုက် (၃)ယောက်ဂါထာ၊ ဝန္ဒိရတနား (၄) ပါးဂါထာ၊ သန္ဓေသုံးပါးဂါထာ ဤဂါထာ (၁၂)ပုဒ်စိတ်ပြီးသွား၏။ ထိုင်လျှက် ခေတ္တမှေး၍ အိပ်လိုက်၏၊ နံနက် (၃) နာရီထိုးလျှင် နိုးလာ၏။ မုဥ္စလိန္ဒါတိုင်ဆင်းပြီး မျက်နှာသစ်ကိုယ်လက်သန့်ရှင်းပြီး ကျွန်ုပ်နေရာ နေရာပြန်လာ၏။ ပရိတ်များ ဂါထာ မန္တာန်များ ရွတ်နေ၏၊ အာရုဏ်ဦး မိုးသောက်ယံ တချိန်တွင် (၄) နာရီထိုး၍ ဘုရားတံခါးဖွင့်လာ၏။ ထိုအခါ

ခပ်လာသော မျက်နှာသစ်တော်ရေ သပိတ်ကိုယူပြီး၊ မဟာဗောဓိဂန္ဓကုဋိတိုက်အတွင်း၊ ဘုရားရှေ့တော်မှာတင်ထားပြီး မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ တန်ဆောင်မုန်းလဆန်း၊ (၁၃) ရက်၊ တနင်္ဂနွေနေ့၊ (၁၉၅၅၊ နိုဝင်ဘာ ၂၇ ရက်) သတ္တမအကြိမ်ဘုရာကန်တော့ ပရိဂံယူသူဂတော ငါးချက် အဓိဋ္ဌာန်ပုတီးစိတ်တော့၏၊ မနက်ပိုင်း ပရိတ်သတ်မလာ၍ပုတီးစိပ်၍တောင်း၏။ (၄၂)ပတ်ရ၍ နာရီကြည့်လိုက်သော် နေ့(၁၁) နာရီခွဲနေ၏၊ သပိတ်ဖုံးထဲ ဘာမှလှူဒါန်းထားတာမရှိ၍ ဘုရားတင်ထားသော ရေတော်သောက်ပြီး တနေ့တာဆွမ်းကိစ္စပြီးလိုက်မယ်ဆိုပြီးရေဘော်သပိတ် ကောက်ယူ၍တိုက်တန်းလေးထဲ သရေခွယ်ခင်းတာထိုင်လိုက်၏၊ ထိုစဏ ကုလားကြီး (၂)ယောက်ရောက်လာပြီး ကျွန်ုပ်ကို ဦးညွှတ်ရှိခိုးပြီး လက်ထဲမှ အထုပ်ကိုလှူသွား၏၊ ထိုအထုပ်ဖြေလိုက် တော့ ပဲနှင့် ထပ်တရာ(၃)ယှက်ဖြစ်နေ၏၊ ထိုထပ်တရာများကို နေ့ဆွမ်းစားလိုက်၏၊ ကုလားကြီး (၂) ယောက်လဲ ကျွန်ုပ်တို့လှူပြီးဘုရားထဲဝင်သွားကြ၏၊ ကျွန်ုပ်စားပြီး သူတို့နှစ်ယောက် ကြည့်လိုက်တော့ မတွေ့ရတော့ပေ၊ ကျွန်ုပ်လည်း စားပြီး၍မုဠလိန္ဒာဟိုင်သွားပြီး ချိုးရေတော်ရောက်ရန် ရေခပ်လာပြီး ဘုရားကပ်လှူကာ ကန်တော့ရှိခိုး၍ အဓိဋ္ဌာန်ပုတီးစိပ်တော့၏၊ ပရိသတ်များတသဲသဲ တစွဲစွဲရောက်လာ၍ ရှိခိုးသံများ ပုတီးစိပ်သံများနှင့် ညံနေ၏၊ ကျွန်ုပ်ပုတီးစိပ်နေသောရှေ့မှာလည်း ငွေများလှူထား ခဲ့ကြ၏၊ ပုတီးပါတ် (၆၀) ရလျှင် တံခါးပိတ်သူများ ရောက်လာ၍ကျွန်ုပ်တိုက်တန်းလေးထဲသွားစိတ်၏၊ လှူကြသော ငွေများ (၂၀ဝိ/-) ကျော်ဖြစ်၏၊ ပုတီးပါတ် (၆) ပါတ်ရလျှင်(၁၀၂ + ၆ - ၁၀၈) ပြည့်ဖြစ်၍ ယနေ့အတွက် အဓိဋ္ဌာန်ပြီးသွား၏ နာရီကလည်း (၁၀) နာရီ (၁၅)မိနစ်ရှိသွား၏၊ ဆက်ပြီး သုတဝန္ဒနာ- ဂါထာများ စိတ်၏၊ (၁၈) ပါတ် (၁၈) ပုဒ်ပြီးသွား၏၊ နာရီက ည (၂) ချက်ခွဲသွား၏၊ ယုံ့ကြောင့် ထိုင်လျက်ခေတ္တ မှေးအိပ်လိုက်၏၊ အိပ်မက်မက်၏- ကျွန်ုပ်ကို ရဟန်းတပါးနှင့် အဘိုးကြီးတယောက်ခေါ်သွား၏၊ ကျွန်ုပ်လည်း သူတို့ခေါ်ရာ လိုက်ပါသွား၏၊ သွားရင်းသွားရင်းနှင့် ပင်လယ်ကမ်းခြေရောက်သွား၏၊

"ဦးပဥ္စင်းလေး ဘယ့်ဘယ်လိုခေါ်သလဲ" "ဝါယမလို့ခေါ်ပါတယ်" "ဦးဝါယမပေါ့ ဟုတ်လား" "တင်ပါ""တပည့်တော်ဘွဲ့ကလည်း ဝိနလို့ခေါ်ထယ်" "အခုသွားမှာက ကလာဝုမင်းတို့လက်ထက်က ရေမြုပ်သွားတဲ့ရေယာမြို့ပဲ၊ ရှောဒီအင်းလေးသောတ်၊ တပည့်တော်တို့နောက်လိုက်ခဲ့ ဘာမှ ကြောက်စရာမလိုဘူး" "တင်ပါ"ဆိုပြီးလိုက်သွား၏ ဦးဝိနတရှေ့က ကျွန်ုပ်ကနောက်က အဘိုးကြီးက ကျွန်ုပ်နောက်က တဖြည်းဖြည်း ရေထဲဆင်းသွား၏၊ လူတစ်ရပ်သာ ကျော်သွားတယ် ရေအတွေ့အထိလဲ မခံစားရ၊ ရေကြောင့် အာဥပါဒ်မှုမဖြစ်ပဲ သွားနိုင်၏၊(၅) မိနစ်လောက်သွားလိုက်တော့ မြို့ရိုးပေါက်ကြီးတွေ့၏၊ မြို့တွင်းထဲဝင်လိုက်တော့ တိုက်ကြီးတွေ အိမ်ကြီးတွေ၊လမ်းမကြီးတွေ၊ လမ်းကြားလေးတွေ တွေ့၏၊ တိုက်အကြီးကြီးထဲရောက်သွား၏၊ နောက်ကအဘိုးကြီးက

"အဲဒါ နန်းတော်ပဲ"အခန်း (၁၀) ခန်းလောက်ကျော်မိလျှင်၊ အခန်းတလတ်စားရောက်လာ၏၊ ရွှေသေတ္တာကြီးတွေ နံရံပါတ်လည်ထား၏၊ ဦးဝိနိက တစ်လုံးပြီးတစ်လုံးဖွင့်ကြည့်၏ (၅)လုံးမြောက်ကြတော့"လိုချင်တာရပြီကိုယ်တော်လေး" ဆိုပြီး ကျွန်ုပ်ကို လှမ်းပြော၏၊ ကျောက်သံပတ္တမြားတွေ သူ့လွယ်အိပ်ထဲ ထည့်ယူပြီး"လာသွားကြစို့"ဟုပြောကာ ကျွန်ုပ်တို့ထွက်လာကြ၏၊ မြို့ပြင်ရောက်လျှင် လာလမ်းအတိုင်း ပြန်၍ကမ်းခြေ

ရောက်လာ၏၊ "ဦးပဥ္စင်းလေး နေရာလိုက်ပို့ဦးမယ်"ဆိုပြီးပို့၏။ မကြာခင်ရောက်လာ၏ နှုတ်ဆက်ပြီး ပြန်သွားကြ၏၊ ထွန်းပ်နိုးလာ၏၊ ဘုရားထဲ၏ လာဖွင့်သံကြား၍ ကျွန်ုပ်မျက်နှာသစ်သွား၏၊ (၄) ပါးတွဲ ဂါထာများ ဖော်ပြပါတော့မယ်၊

ဗုဒ္ဓအမည်ရသူ (၄) ပါး

(၅) သုတဗုဒ္ဓေါ ပစ္စေကော ဝိန ဗုဒ္ဓေါတိ၊
စတုဗ္ဗိ စတုဗုဒ္ဓေသု၊ ဝန္ဒာမိ လောကနာယကံ။

သုတဗုဒ္ဓေါစ တရားကျမ်းဂံကြီးအမြင်များသော သုတ ဗုဒ္ဓလည်းကောင်း၊ အနုဗုဒ္ဓေါစ အရိယာဖြစ်သော ဗုဒ္ဓလည်းကောင်း၊ ပစ္စေကောစ ပစ္စေကဗုဒ္ဓလည်းကောင်း ဝိန ဗုဒ္ဓေါစ သဗ္ဗညု ဘုရား ထုဆိုအပ်သော ဗုဒ္ဓလည်းကောင်း ဤကဲ့သို့ စတုဗုဒ္ဓေသု ၄ ပါးသော ဗုဒ္ဓတို့တွင် စတုဗ္ဗိ (၄) ယောက်မြောက် ဖြစ်တော်မူသော လောကနာယက လူသုံးဦးတို့၏အမှူး ဥတ္တမ အမြတ်ဖြစ်တော်မူသော၊ မြတ်စွာဘုရားကို အယံ အတွန်ုပ်သည် ဝန္ဒာမိ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

အဋ္ဌပုဂ္ဂိုလ် (၄) ယောက်

(၆) ရာဟုတံ အတ္တဘာဝိန် ၊ မန္ဓာတာ ကာမတောဝိန် မာရော ဝိ ပဓာေယျာန်
ဗုဒ္ဓေါလောကေ သဒေဝကေ စတု အဂ္ဂ ပညတ္တိန် အဂ္ဂပတ္တံ နမေ ဝိန်။

အတ္တဘာဝိန် ကိုယ်ကြီးသောသူတို့တွင်၊ ရာဟု - ရာဟုအသုရိန်သည် အဂ္ဂ အဂ္ဂေါ ကဲလွန်၏၊ ကာမဘောဝိန် ကာမစည်းစိမ်ကို ခံစားသောသူတို့တွင် မန္ဓာတာ မန္ဓာတ်မင်းသည် အဂ္ဂအဂ္ဂေါ ကဲလွန်၏၊ အဓိပတေယျာန် အစိုးရသောသူတို့တွင် မာရော မာရ်မင်းသည် အဂ္ဂအဂ္ဂေါ ကဲလွန်၏၊ သဒေဝကေ နတ်နှင့်တကွသော လောကေ လူအပေါင်း၌ ဗုဒ္ဓေါ မြတ်စွာဘုရားသည် အဂ္ဂအဂ္ဂေါ ကဲလွန်တော်မူ၏၊ ဤကဲ့သို့ စတုအဂ္ဂပညတ္တိန် လေးပါးသော အဂ္ဂပညတ်တို့၏ အဂ္ဂပတ္တံ အထွတ်အထိပ်သို့ ရောက်တော်မူသော ဝိန် ဝါးမာန်အောင်မြင်ဘုရားရှင်ကို အဟံ အကျွန်ုပ်သည် နမေနမာမိ သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သင်္ဂဟတရား (၄) ပါး

(၇) ဒါန် ပိယ ဝါစာ အတ္ထ၊ စရိယာ သမာနတ္တတာ၊
စတုသင်္ဂဟ ဝတ္ထူဟိ၊ အသင်္ခယျေသု ဇာတိသု၊
လောကဿ သင်္ဂဟေ တာရံ ၊ ဝန္ဒာမိ လောကနာယကံ။

ဒါန် ပေးကမ်းခြင်းသည်လည်းကောင်း၊ ပိယဝါစာစ ချစ်ဖွယ်သောစကားဆိုခြင်းလည်းကောင်း၊ အတ္ထစရိယာ အကျိုးစီးပွားကို ကျင့်ခြင်းလည်းကောင်း၊ သမာနတ္တတာ ကိုယ်အတူပြုခြင်းလည်းကောင်း ဤကဲ့သို့ စတုသင်္ဂဟဝတ္ထူဟိ လေးပါးသော သင်္ဂဟ ဝတ္ထုတို့ဖြင့် အသင်္ခယျေသု၊ မရေတွက်နိုင်ကုန် သော၊ ဇာတိသု ဘဝတို့၌ လောကဿလူအပေါင်းအား သင်္ဂဟေတာရံ သင်္ဂြိုလ်ထောက်ပံ့တော်မူသော မြတ်စွာဘုရားကို အယံ ကျွန်ုပ်သည် ဝန္ဒာမိ သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဖလသမ္ပဒါ (၄) ပါး

(၈) ဉာဏ ပဟာန နုဘာဝါ၊ ရူပကာယ သမ္ပဒါ။

စတုဖလ သမ္ပဒါယတိ၊ သမ္ပန္နံတံ နမာမိဟံ။

ဉာဏ ဉာဏ သမ္ပဒါလည်းကောင်း၊ ပဟာနာစ ပဟာနသမ္ပဒါလည်းကောင်း၊ အာနုဘာဝါစ အာနုဘာဝသမ္ပဒါလည်းကောင်း၊ ရူပကာယသမ္ပဒါစ ရူပကာယ သမ္ပဒါလည်းကောင်း၊ ဣတိ ဤသို့ စတုဖလ သမ္ပဒါတိ (၄) ပါးသောဖလ သမ္ပဒါဂုဏ်တို့နှင့် သမ္ပန္နံပြည့်စုံတော်မူသော တံမိန်ကို ငါးမာန်စောင်ဖြင့် မြတ်စွာ ဘုရားသခင်ကို အဟံအကျွန်ုပ်သည် နမေနမာမိ၊ သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

လူ့အဖြစ်နှင့်နတ်ပြည်ရောက်သော (၄) ဘဝ

(၉) နေမိမ္ဗိ သာဓိနမေဓေဝ၊ မန္ဓာတရိစ ဂုတ္တိလေ။

စတုသု မနုဇာတေန၊ ဒေဝလောကံ ဂတံ နမေ။

နေမိမှိ၊ နေမိမင်းဇာတ်တော်၌လည်းကောင်း၊ သာဓိနေစေဝ သာဓိနတ်မင်း ဇာတ်တော်၌ လည်းကောင်း၊ မန္ဓာတရိစ မန္ဓာတု စကြာမင်း၏ ဇာတ်၌လည်းကောင်း၊ ဂုတ္တိလေစ ဂုတ္တိလမည်သော စောင်းသမား ဇာတ်၌လည်းကောင်း၊ စတုသု (၄) သွယ်သော ဇာတ်တို့၌ မနုဇာတေန လူမင်းအဖြစ်ဖြင့် ဒေဝလောကံ နတ်ပြည်သို့ ဂတံ ရောက်တော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီးကို အဟံ အကျွန်ုပ်သည် နမေနမာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သစ္စာ (၄) ပါး

(၁၀) ဒုက္ခံ သမုဒယဉ္စ၊ နိရောဓေါ မဂ္ဂ သစ္စကံ ။

စတုသစ္စ မဘိဇာနံ ၊ စတုကိစ္စေဟိတံ နမေ။

ဒုက္ခဉ္စ ဒုက္ခသစ္စာလည်းကောင်း၊ သမုဒယဉ္စ သမုဒယ သစ္စာလည်းကောင်း၊ နိရောဓေါစ နိရောဓ သစ္စာလည်းကောင်း၊ မဂ္ဂသစ္စကံ မဂ္ဂသစ္စာလည်းကောင်း၊ ဣတိ ဤသို့ စတုသစ္စံ သစ္စာ (၄) ပါးကို စတုကိစ္စေဟိ ကိစ္စ (၄) ပါးတို့ဖြင့် အဘိဇာန အလွန်သိတော်မူတတ်သော တံ ဗုဒ္ဓံ ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အဟံ အကျွန်ုပ်သည် နမေနမာမိ သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဒုက္ခသစ္စာအနက် (၄)ပါး

(၁၁) ပီဠနာ သင်္ခတဋ္ဌာစ၊ တာပေါ ဝိပရိဏာမနာ၊

ဒုက္ခ သစ္စံ စတုဋ္ဌေဟိ၊ ဝိဘာဇယံ မုနိံ နမေ။

ပီဠာနာ ပီဠနဋ္ဌာစ - နှိပ်စက်ခြင်းအနက်လည်းကောင်း၊ သင်္ခတဋ္ဌာစ - အကြောင်းတရားတို့ပြုပြင်အပ်သောအနက်လည်းကောင်း၊ တာပေါသန္တာ ပဋ္ဌာစ - ပူပန်ခြင်းအနက်လည်းကောင်း၊ ဝိပရိဏာမနာ - ဝိပရိဏာမဋ္ဌာစ - ဖောက်ပြန်ခြင်းအနက်လည်းကောင်း၊ ဣတိ - ဤသို့၊ စတုဋ္ဌေဟိ (၄)ပါးအတိုင်းအရှည်ရှိသောအနက်တို့ဖြင့်၊ ဒုက္ခသစ္စံ ဒုက္ခသစ္စာကို၊ ဝိဘာဇယိ - ဝေဖန်၍ဟောတော်မူတတ်သောမုနိံ - မုနိငါးပါးတို့ ထက်မြတ်သော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ - ကျွန်ုပ်သည်၊ နမေနမာမိ - သဒ္ဓါမြတ်နိုး

လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

သမုဒယသစ္စာအနက် (၄)ပါး

(၁၂) အာယူဟာနံ နဒါနဥ္စ၊ သံယောဂံ ပလိဗောဓနံ။
သမုဒယံ စတုဓတ္ထေ၊ ဝိဘဇ္ဇယံ မုနိံနမေ။

အာယူဟနဥ္စ - အားထုတ်ခြင်းအနက်လည်းကောင်းနိဒါနဥ္စဒုက္ခတ်အကြောင်းဖြစ်သော အနက်လည်းကောင်း။ သံယောဂေါစ - ဒုက္ခနှင့်ယှဥ်သော အနက်လည်းကောင်း။ ပလိပေါဓေန နှောက်ယှက် သော အနက်လည်းကောင်း။ ဣတိ - ဤသို့၊ စတုဓတ္ထေဟိ - ၄ပါးတိုင်း အရှည်ရှိကုန်သော၊ အနက်တို့ဖြင့်၊ သမုဒယံ - သမုဒယသစ္စာကို ဝိဘဇ္ဇေဟိ - ဝေဖန်၍ ဟောကြားတော်မူသော၊ မုနိ - မုနိတကာတို့ ထက်မြက်သော မုနိအရှင်ဖြစ်တော်မူသော် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အဟံ အကျွန်ုပ်သည် နမေနမာမိ - သစ္စါမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

နိရောဓသစ္စာအနက် (၄) ပါး

(၁၃) နိဿရဏဥ္စ ဝိဝေကော၊ အသင်္ခတာမတံတထာ။
နိရောဓဥ္စ စတုဓတ္ထေဟိ၊ ဝိဘဇ္ဇေဟိမုနိံ နမေ။

နိဿရဏဥ္စ ဆင်းရဲမှ ထွက်မြောက်သောအနက်လည်းကောင်း၊ ဝိဝေကောစ ကိလေသာတို့မှ ဆိတ်သော အနက်လည်းကောင်း၊ အသင်္ခတဥ္စ အကြောင်းတရားတို့သည် မပြုပြင်အပ်သော အနက်လည်း ကောင်း၊တကာ ထိုမှို၊ အမတံ သေခြင်းကင်းသော အနက်လည်းကောင်း။ ဣတိ ဤသို့ စတုဓတ္ထေဟိ လေးပါးအတိုင်း အရှည်ရှိသော အနက်တို့ဖြင့် နိရောဓဥ္စ နိရောဓသစ္စကို ဝိဘဇ္ဇေဟိ ဝေဖန်၍ဟောကြားတော်မူသော မုနိ မုနိသခင်အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို အဟံ အကျွန်ုပ်သည် နမေနမာမိ သစ္စါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

မဂ္ဂသစ္စာအနက် (၄) ချက်

(၁၄) နိယျာန ဟေတ္တာစ ဟေတွဋ္ဌော၊ ဒဿနာ ဓိပတေယျက်
မဂ္ဂသစ္စံ စတုဓတ္ထေဟိ ၊ ဝိဘဇ္ဇေဟိ မုနိံ နမေ။

နိယျာ နဋ္ဌောစ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော အနက်လည်းကောင်း၊ ဟေတွဋ္ဌောစ နိဗ္ဗာန်သို့ရောက်ကြောင်းဟူသော အနက်လည်းကောင်း၊ ဒဿနဥ္စ နိဗ္ဗာန်ကိုမြင်တတ်သော အနက် လည်းကောင်း။ အဓိပတေယျက် အစိုးရသော အနက်လည်းကောင်း၊ဣတိ ဤသို့ စတုဓတ္ထေဟိ (၄) ပါးအတိုင်း အရှည်ရှိကုန်သော အနက်တို့ဖြင့်၊ မဂ္ဂသစ္စံ မဂ္ဂသစ္စာကို ဝိဘဇ္ဇေဟိ - ဝေဖန်၍ ဟောကြားတော် မူအပ်သော၊ မုနိ-မြတ်စွာဘုရားကို၊ အဟံ-ကျွန်ုပ်သည်၊ နမေနမာမိ-သစ္စါမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သမ္မဒေသ တရား - (၄) ပါး

(၁၅) သံသာရောစ လေနယာ၊ ဉာဏော စတုသုဓွါ
တီသာဂရေ ဝိဘဇ္ဇေတွ၊ ဉာဏသာဂရိတံနမေ။

သံသာရောဃ - သံသာရသာဂရလည်းကောင်း။ ဝေလနယာ၊ စ-ဝေလာသာဂရ နယသာဂရ တို့လည်းကောင်း။ ဉာဏောဃ ဉာဏသာဂရ လည်းကောင်း၊ ဣတိ-ဤသို့၊ စတုသု ၄ ပါးသော သာဂရတို့တွင်၊ တိသာဂရေ- ရှေ့သာ ဂ၃ ပါးတို့ကို သဗ္ဗဒါ-အခြင်းခပ်သိမ်း၊ ဝိဘဇ္ဇန္တံ- ဝေဖန်တော်မူတတ်သော ဉာဏသာဂရမုတံ-သဗ္ဗညုတဉာဏ်တည်းဟူသော သာဂရနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီးကို အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ-သဗ္ဗါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သာဂရတရား(၄)ပါး

(၁၆) သံသာရောဃ ဝေလနယာ၊ ဉာဏောဃစတုသုသဗ္ဗဒါ
တိသာဂရေ ဝိဘဇ္ဇန္တံ၊ ဉာဏသာဂရမုတံနမေ။

သံသာရောဃ - သံသာရ သာဂရလည်းကောင်း၊ ဝေလနယာ၊ စ-ဝေလာသာဂရ နယသာဂရတို့ လည်းကောင်း။ ဉာဏောဃ ဉာဏသာဂရလည်းကောင်း။ ဣတိ - ဤသို့ ၊ စတုသု ၄ပါးသော သာဂရတို့တွင် တိသာဂရေ - ရှေ့သာဂရ ၃ပါးတို့ ကိုသဗ္ဗဒါ - အခြင်းခပ်သိမ်း။ ဝိဘဇ္ဇန္တံ - ဝေဖန်မဟာတော်မူတတ်သော ဉာဏသာဂမုတံ - သဗ္ဗညုတ ဉာဏ်တည်းဟူသော သာဂရနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အဟံ- အကျွန်ုပ်သည်၊ နမေနမာမိ - သဗ္ဗါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

သံယုတ္တ အစိန္တေယျ - ၄ ပါး

(၁၇) ရူပံ ဣဒ္ဓိ ဝါစာဉာဏံ၊ ဝိသာသဂ္ဂယုတ္တေတိတံ။
စတု စိန္တေယျ ဂုဏောပိ၊ သဗ္ဗါ ဗုဒ္ဓံ ဇိနံ နမေ။

ရူပံစ- ရူပအစိန္တေယျလည်းကောင်း။ ဣဒ္ဓိစ- ဣဒ္ဓိအစိန္တေယျလည်းကောင်း၊ ဝါစာစ ဝါစာအစိန္တေယျလည်းကောင်း၊ ဉာဏဥ္စ-ဉာဏအစိန္တေယျလည်းကောင်း၊ဣတိ-ဤသို့၊ ဝိသာသဂ္ဂယု တ္တေပိ- ထင်ထယ်လျောက်ပတ်၊ ကောင်းမြတ်ခြင်းနှင့် ယှဉ်ကုန်သော၊ စတုစိန္တေယျ ဂုဏောပိ၊ ၄ ပါးသော အစိန္တေယျ ကျေးဇူးဂုဏ်တို့နှင့်၊ သဗ္ဗါပုဗ္ဗံ - အခါခပ်သိမ်း၊ ပြည့်စုံတော်မူသော၊ ဇိနံ ငါးမာန်အောင်မြင်- မြတ်စွာဘုရားသခင်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ- လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဝိသယ အစိန္တေယျ (၄)ပါး

(၁၈) လောကောစ ကမ္မ ဝိသယော၊ ဈာနံ ဗုဒ္ဓအစိန္တေယျာ၊
စတုအစိန္တေယျာ နေတံ၊ အဗ္ဗပတ္တံ ဇိနံ နမေ ။

လောကောစ - လောက၏ အရာဖြစ်သော၊ အစိန္တေယျလည်းကောင်း။ ကမ္မဝိသယောစ-ကံ၏ အရာဖြစ်သောအစိန္တေယျလည်းကောင်း၊ ဗုဒ္ဓအစိန္တေယျာစ ဘုရားအရာဖြစ်သော အစိန္တေယျ လည်းကောင်း၊ဣတိ- ဤသို့ စတုအစိန္တေယျာနံ-မကြံအပ် မကြံစည်နိုင်သော လေးပါးသော အရာတို့၏၊ အဗ္ဗပတ္တံ-အယွတ် အထိပ်သို့ ရောက်တော်မူသော၊ ဇိနံ-ထိုငါးမာန်အောင်မြင် ဘုရားသခင်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ-သဗ္ဗါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(၁၉) အာကာသော စက္က ဝါဠေစ၊ သတ္တော ဉာဏော ကထာ ဣတိ။

အနန္တော စေတုရော ဝမ္မေ၊ ပဏ္ဍာသေန္တိ နိန္နမေ၊ အာကာသေသာစ- ကောင်းကင် လည်းကောင်း၊ အနန္တော- အနန္တပါလည်းကောင်း။ ဉာဏောစ-ဘုရား တွေ့ဝါခြင်း၊ ကြောဝင်ဥာတိုက်လည်းကောင်း။ ဉာဏ်တော်လည်းကောင်း။ ဣတိ-ဤသို့၊ အနန္တ-အဆုံးအပိုင်းအခြားမရှိကုန်သော စေတုရောဓမ္မ ၄ ပါးသော တရားတို့ကို၊ ပဏ္ဍာသေန္တိ ထင်ရှားပြတော်မူတတ်သော၊ နိန္နံ ငါးမာန်ဖောင်မြင်မြတ်ဘုရားသခင်ကို အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ လက်ဆယ်ဖြာထိပ်မှာမိုးလျှက်ရှိခိုးပါ၏ အရှင်ဘုရား။

ရဲရင့်ခြင်းတရား- ၄ ပါး

(၂၀) အန္တရာယေ နိယျာနေ၊ ဗုဒ္ဓေဓွေ့ အာသဝက္ခယေ၊
သမ္ပဒါ စတုဌာနေသု ပဏ္ဍိတ်သာရဒံနမေ ။

အန္တရာယေစ- အန္တရာယ်ကိုပြုတတ်သော တရားအရာ၌လည်းကောင်း။ နိယျာနေစ- ဝဋ်ဆင်းရဲမှ ထွက်တတ်သော တရားအရာ၌လည်းကောင်း။ ဗုဒ္ဓဓေ့စ- ခပ်သိမ်းသောတရားအရာတို့ကို ထိုးထွင်း၍ သိတတ်သော တရားအရာ၌လည်းကောင်း။ ဝါ-ခပ်သိမ်းသောတရားတို့ကို ထိုးထွင်း၍သိတော်မူတတ်သော အဖြစ်တို့၌ လည်းကောင်း၊ အာသဝက္ခယေ-အာသဝေါတရားတို့၏ ကုန်ရာလည်းကောင်း။ စတုဌာနေသု-၄ပါးသော အရာတို့၌ ဝိသာရဒံ ရဲရင့်ခြင်းသို့ ဝါ-နှံ့ရှာခြင်း၊ တင်းသည့်အဖြစ်သို့ သမ္ပဒါ-အခါခပ်သိမ်း၊ ပတ္တံ-ရောက်တော် မူတတ်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ-သဒ္ဓါမြတ်နိုး လက်ဆယ်ဖြာထိပ်မှ မိုးလျှက် ရှိခိုးပါ၏ အရှင်ဘုရား။

ထိ ၄ပါးထက်လွန်သောကပ်ဖြစ်တော်မူသော မြတ်စွာဘုရား

(၂၁) စိန္တာကပ်သုတော စေဝ၊ အဓွေ့ာစ ပဋိဘာဏာတံ၊
စတုကပ် ပယိတ္တန္တံ နမာမိ ကပ် နာယယံ၊

စိန္တာကပ်စ-စိန္တာကပ်လည်းကောင်း။ သုတောစ-သုတကပ်လည်းကောင်း။ အဓွေ့ာစ အဓွေ့ကပ်လည်းကောင်း။ ပဋိဘာဏာကဥ-ပဋိဘာဏာက ကပ်လည်းကောင်း။ ဣတိ-ဤသို့ စတုကပ်မတိက္ကန္တံ ၄ ပါးသော ကပ်အပေါင်းတို့ လွန်နိုင်သော၊ ကပ်နာယယံ-ကပ်တကာတို့ထက် အကြီး ဥက္ကဋ္ဌ နာယကဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ-ကျွန်ုပ်သည်၊ နမာမိ-သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

စကားအရာ - (ဂုဏ် ၄ ပါး)

(၂၂) သစ္စံ ဂါဝိသုဏာစေဝ၊ ပဏ္ဍာ ဓမ္မာတိ သမ္မဝါ၊
သုဘာသေန္တိ နိန္နမေ ။

သစ္စံ -မဖောက်မပြန် မှန်သော စကားလည်းကောင်း၊ ဂါဝိသုဏာစေဝ-ချောပစ်ခြင်းမှ ကင်းသည်ဖြစ်၍ ချစ်ချင်ဖွယ်ရှိသော စကားလည်းကောင်း၊ ပဏ္ဍာစ-ရှန့်ရင်းကြမ်းတမ်းခြင်းမှ ကင်းသည်ဖြစ်၍ သိမ်မွေ့သော စကားလည်းကောင်း ဓမ္မောစ ပေါ့သွပ်သွပ်းခြင်းမှကင်းသော တရားစကားလည်းကောင်း။ ဣတိဝိ-ဤသို့ စတုရစ်သမ္မာ ဝါစ- ၄ ပါးသော ဂုဏ်နှင့်ပြည့်စုံစွာသောစကားတော်တို့၊ သုဘာသေန္တိ-ကောင်းစွာ

ဆိုတော်တော်မူသော၊ ခိန်-ငါးမာန်စောင်ဖြင့် မြတ်ဘုရားသံခင်ကို၊ တယ်-တကျွန်ုပ်သည်၊ နမေနမာမိ-သဠါမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏။ အရှင်ဘုရား။

ကျွန်ုပ်စိပ်ခဲ့ပြီးသော လေးပါးတွဲဂါထာများမှာ- ဗုဒ္ဓအမည်ရ (၄)ပါးဂါထာ၊ တဂ္ဂတမြတ်ဆုံးပုဂ္ဂိုလ် လေးပါးဂါထာ၊ သစ္စာတရား လေးပါးဂါထာ၊ လေသမ္ဘဝ လေးပါးဂါထာ လူအဖြစ်နှင့် နတ်ပြည်ရောက်သော လေးတဝဂါထာ၊ သစ္စာလေးပါးဂါထာ၊ ဝုက္ခသစ္စာ အနက်လေးပါးဂါထာ၊ သမုဒယသစ္စာ အနက်လေးပါဂါထာ၊ နိရောဓသစ္စာ အနက်လေးပါးဂါထာ၊ မဂ္ဂသစ္စာ အနက်လေးပါးဂါထာ၊ သမ္မပ္ပဓာန်တရားလေးပါးဂါထာ၊ ဝိသယအစိန္တေယျလေးပါးဂါထာ၊ အနန္တတရားလေးပါးဂါထာမှ ရဲရင့်ခြင်း၊ လေးပါးဂါထာ၊ ကဝိလေးပါး ထက်လွန်သော ကဝိဂါထာ၊ ကောင်းအရာ အင်္ဂါလေးပါးဂါထာဖြစ်၏။ နံနက်မိုးသောက်ယံအချိန်မှ ဗုဒ္ဓလိစ္ဆာ တိုင်မှ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဘုရားလှူရန် သောက်တော်ရေခပ်လာ၏ ဂန္ဓကုဋိတိုက်အတွင်း၊ ဘုရား ရှေ့တော်တွင် တင်လှူထား၏၊ မှတ်တမ်းရေးလိုက်၏

၀၃၀၇- တန်ဆောင်မုန်းလဆန်း(၁၄)ရက်၊တနင်္လာနေ့ (၁၉၅၅၊ နိုဝင်ဘာ ၂၈ ရက်) တနင်္လာနေ့ အ႑မတကြိမ်-သုဝဏ္ဏငါးချက်၊ အဓိဋ္ဌာန်ပုတီးပဒိုက်ယူပြီးစိတ်၏။ ပုတီးပါတ်(၅)ပါတ် ရသောအခါ ရေတော်ကပ်ထားသော သပိတ်ထဲမှ ရေများသည် သပိတ်နှုတ်ခမ်းပေါ်တက်၍ ရေပန်းကဲ့သို့ ထောင်ပန်းနေကြပြီ၊ သပိတ်ထဲတွင်ပြန်ကျ၏။ ဘုရားဖူးလာကြသူများက တအံ့တသြကြည့်ရှုနေကြ၏။ ကျွန်ုပ်သပိတ်ဖုံးတွင် ငွေများလှူသွားကြ၏။ အနီးနားမှ လူသားများလဲ လာရောက်တိုးဝှေ့ကြည့်နေကြ၏။ သပိတ်ဖုံးထဲလည်း ငွေများနှင့်မုန့်များ ပြည့်နေ၏။ ပုတီးပတ် (၄၂) ပတ်ရလျှင် နာရီကြည့်လိုက်တော့ နေ့ (၁၁)နာရီ ခွဲနေ၏။ ယင်းကြောင့် သပိတ်နှင့် ရေတော်များ မုန့်နှင့်ရေများ ပြည့်နေသောသပိတ်ဖုံးကို ကောက်ယူ၍ တိုက်ခန်းလေးထဲသွား ၍ နေရာခင်းကာ နေ့ဆွမ်းစား၏။ နေ့ဆွမ်းစားပြီးလျှင် ပုတီးဆက်စိပ်၏၊ ရေတော်လဲသပိတ်နှင့် ကပ်ထား၏။ ပုတီး(၅)ပါတ်ရလျှင် သပိတ်ထဲရှိရေများသည် အမြုပ်ကလေးများထကာဆူနေကြ၏။ ဘုရားဖူးလာကြသော ပရိသတ်များက ကြည့်ကြည့်သွားပြီး သပိတ်ဖုံးထဲသို့ ငွေလှူသွားကြ၏။ ထိုနေ့က ပုတီးစိတ်၍ အလွန်ကောင်း၏။ ဘိုင်နေသော နေရာနှင့် အောက်အခင်းနှင့် မထိသလို ဖြစ်နေ၏၊ ပုတီးတပါတ် (၆၀) ရလျှင် ဘုရားတံခါးပိတ်ထု လာ၍ နေရာရှေ့ပြီး ကျွန်ုပ်တိုက်ခန်းလေးထဲသွားစိတ်၏၊ သပိတ်အဖုံးများ ယူသွား၏။ မနက်ပိုင်းက (၄၂)ပတ်၊ ညနေပိုင်းက (၆၀)ပတ် ပေါင်း (၁၀၂)ပတ်ရ၍၊ (၆)ပါတ်ပြည့် စိပ်လိုက်လျှင် ပုတီးပတ် (၁၀၈) ပါတ်ရမည်ဖြစ်သောကြောင့် ကျွန်ုပ်လည်း ဘုရားကန်တော့ပြီးဆက်စိပ်၏။ ပုတီးပါတ် (၁၀၈) ပါတ်ရသောအခါတွင် ည(၁၀)နာရီ (၁၅)မိနစ်ရှိပြီဖြစ်၏။ သို့ဖြစ်၍ ကျန်လေးပါးတွဲဂါထာများ (၁၈)ပုဒ် ဆက်စိပ်၏၊ ဂါထာ (၅)ပုဒ် (၅)ပါတ်စိပ်နေသော အတောအတွင်းမှာ ကျွန်ုပ်ထိုင်နေသော အောက်ကလှုပ်နေ၏၊ ပုခက်လွှဲသလို ခဏခဏ လှုပ်နေ၏။ ထို့ကြောင့် ကျွန်ုပ်က သေသေချာချာ ဖိပြီး သတိနှင့် ထိုင်၏၊ လှုပ်မြဲလှုပ်နေမြန်၏။ သူ့သဘောသူ ဆောင်တာပဲဆိုပြီး ကိုယ့်ပုတီးကိုယ်သာ ဆက်စိတ်နေ၏။ အသံဆိုးကြီးတွေနှင့် ငိုသံတွေ၊ ရယ်သံတွေလဲ ကြားရ၏၊ တောက်ခေါက်သံတွေလည်းကြားရ၏။ ထိုအသံတွေကို ဥပက္ခာပြုပြီး ပုတီးကိုသာ သတိနှင့် မလွတ်တမ်းစိတ်နေ၏။ ပုတီးအပါတ် (၁၈)ပတ်၊ ဂါထာ (၁၈)ပုဒ် ပြီးသောအခါ နာရီကြည့်လိုက်တော့ ညသန်းခေါင်ရဲ (၀)ချက်ခွဲနေ၏။

ထို့ကြောင့် ထိုင်လျှက် မေးပြီးတိပ်လိုက်၏။

တိပ်မှတ်မတ်၏ - ဦးဝိနနှင့်ကပ္ပိယတို့ ရောက်လာပြန်၏။ ဦးပဥ္စင်းလေး ဟိုတနေ့က ပင်လယ်ထဲကမြို့က သေတ္တာကြီးထဲက ယူခဲ့တဲ့ကျောက်သံပတ္တမြားတွေက ဒီဓါတ်လုံးတိုက် ကျွေးရတာ (၄၅) မီးထိုးပြီး ၁၈ တျပ်သား ကုန်အောင် ကျွေးရတယ်၊ ယခုဓါတ်လုံးပြီးခါနီး၊ သွားပြီးကြည့်စမ်းပါတုံးဟု ပြ၏။ ကျွန်ုပ်ကယူကြည့်၏၊ ဓာတ်လဲကောင်း၏ အဆင်းကလဲ ပတ္တမြားလုံးတဲ့သို့ ဖြစ်နေ၏။ ဒီတခါ ကျွေးလိုက်ရင်ပြီးသွားမယ်၊ ရေသယံသံလဲ ယူရမယ်၊ ပင်လယ်ထဲက မြို့ကြီးအတွင်းမှာ သံပုံတွေမြင်ခဲ့တယ်မဟုတ်လား - တင်ပါ့ဘုရား မြင်ခဲ့ပါတယ်၊ ထိုရေသယံသံများကိုလည်း အလုပ်ဖြစ်ရုံယူရမယ် -

(ဥင်း) - ရေသယံသံဆိုတာ ဘယ်လိုဟာမျိုး ခေါ်တာလဲဘုရား

(နု) - ရေသယံသံဆိုတာ(၂)မျိုးရှိတယ်၊တမျိုးက ရေထဲနေတဲ့သံဖြစ်တယ်၊ ကျောက်တွေ သံဖြစ်ဟာက တမျိုး၊တိုင်းပြည်တွေကိုမင်းကျင့်မကောင်းတော့၊ ရေလွှမ်းလိုက်တော့ မြို့တွေရေမြုပ်ပြီး တိုက်တွေ၊ တိမ်တွေ၊ပန်းဘဲဖိုတွေ၊ သံရောင်းဆိုင်တွေ ရေမြုပ်သွားတော့ နှစ်ပါင်း (၁၀၀) ကျော်ကြာလျှင် ၎င်းသံတွေဟာ ရေသယံသံဖြစ်ကုန်တာပဲ၊ ရေသယံသံဆိုတာ၊ သံနှင့်ပြဒါးထက်ဝက် ဖြစ်နေတာဦးပဥ္စင်းလေးရဲ့-- တင့်ပါ့ဘုရား။

(ဥင်း) - ရေထဲနေတဲ့--ရာကျော်--ကျောက်ခဲတို့ ကြေးတို့ကြတော့-ဘယ်လိုခေါ် သေးသလဲဘုရား ဘယ်လိုလဲအသုံးဝင်ပါသလဲဘုရား။

(နု) - ရာကျော်ကျောက်ဆိုလျှင် တကျပ်သားကို ပြဒါးတမူးသားဝင်တယ်၊ သံတလဲတမူးသားလောက် ဝင်လာတယ်၊ ကြေးတို့ဆိုရင်-ငွေရောလာဘယ်၊ ပြဒါးလဲဝင်လာတယ်၊ ဆီးချိုတို့ သွေးတိုးတို့ ရှိတဲ့သူများဟာ ရာကျော်ကျောက်ခဲကို မီးခဲဖြောင်ဖုတ် ရုံလာလျှင် သံဖုံးထဲရေထည့် မီးခဲနေသော ကျောက်ခဲထည့် ရေဆူလောက်အောင်ထည့် ၎င်းရေကိုသောက်လျှင် ဆီးချိုတို့ သွေးတိုးတို့ ပျောက်တယ်၊ ကျွန်ရောဂါတွေလဲ ပျောက်သေးတယ်၊ ယခုလိုနှစ်ထောင်ချီပြီးရှိနေတဲ့ သံတို့ ကျောက်တို့ဆိုလျှင် ဘယ်ပြောရောလိုမလဲ တကယ့်ဆေးဘက်ဝင် ဓါတ်ဘက်ဝင်တော့ တာရှုပါ ဒီနေ့လဲဘုန်းကြီးတို့နဲ့ လိုက်ခဲ့ပါတုံး ကျောက်တို့ သံတို့ သွားယူရအောင်-- တင်ပါ့ဘုရား

ဆိုပြီးကျွန်ုပ်လည်းဦးဝိနတို့နောက်လိုက်သွား၏ လမ်းရောက်လျှင် (၂)လက်မပတ်လည်လောက် အင်းလေး တစ်ချက်တိုက်ပြန်၏။ သို့နှင့်သမုဒ္ဒရာတမ်းခြေရောက်သွား၏။ ခြေမျက်စိလောက်တနေ့ တပြည်းပြည်း ရေထဲဆင်းသွား၏၊ လှိုင်းသံတွေသာ ကြားနေရ၏။ ရေတွေ့အထိကိုတော့ မခံစားရ ကုန်းပေါ်သွားနေရသတဲ့သို့ ဖြစ်နေ၏။ ကြယ်ရောင်လရောင်များတိုလည်း မြေပေါ်မှာကြည့်နေရသကဲ့သို့ မြင်နေရ၏။ လူ၏ပညာ စွမ်းရည်တန်ခိုးများ တယ်ထက်မြက်ပါသလားလို့အောင့်မေ့မိ၏၊ ငါလဲသူတို့လို ဖြစ်အောင်လုပ်မယ်၊ သေတော့မှ သေရော မဖြစ်မနေဒွဲနဲ့လုပ်မယ်ဆိုပြီးပိုင်းဖြတ်လိုက်၏။ ကျွန်ုပ်စိတ်ထဲ ဖြစ်နေသော အကြံကို ဦးဝိနသိ၍

"အဲဟုတ်တာပေါ့ကိုယ်တော်ရာ ဝိဇ္ဇာဇော်ဂျီ- တပသီတို့၊ ဖြဟ္မာနတ်တွေတို့ထက် သာလွန်တဲ့ တန်ခိုးတော်ရှင်၊ ဉာဏ်တော်ရှင်၊ သဗ္ဗညုမြတ်စွာဘုရားဟာ လုပ်ပဲမဟုတ်ဘူးလား၊ မလျှော့သော ယုံ့လ

ဝိနိယနှင့်ကျင့်လာတာ တပည့်တော်တို့၊ အရှင်ဘုရားတို့ အားကိုးအားထားပြုရတဲ့ သမ္ဗုဒ္ဓ ဂေါတမဘုရားရှင်လို့ ဖြစ်လာရတယ် မဟုတ်ပါလား၊ ဒွဲမလျှော့နဲ့ ကိုယ်တော် ဆက်သာကျင့်ပါ ရမှာ ရောက်မှာမသေချာပါတယ်၊ ပြောပြောဆိုဆိုနှင့်လာကြတော့ ကိုယ်တော်ရေ ပင်လယ်တောက် မြို့ကြီးဝင်လာကြပြီ"

"ဟောဒါက မြို့ရိုးဝေါက်ပဲ"ဟု ကပ္ပိယကြီးကပြော၏။

"ဒါကမြို့တွင်းက အိမ်တွေတိုက်တွေပဲ၊ ဒါကတာခရောင်းဆိုင် ဆိုင်းထုတ်တွေ၊ ဒီတိုက်ကြီးမှာ တပ်ထားတဲ့ဆိုင်းဘုတ်ကမြို့တော်အမည်ပဲ သဗ္ဗတ-တတ်လျှင် ဖတ်တတ်တယ်၊ ဒီဝေါင်ဆိုင်းဘုတ်တွေ နံပါတ်တွေက လမ်းအမည်နှင့် လမ်းနံပါတ်တွေဘဲ ရွှေကပ်ထားတဲ့ အတို၊ အရှည်၊ အကြီး အသေး အရောင်းတွေပုံထားတာက သံပုံတွေဘဲ၊ အဲဒါက သံတိရိယာများ ရောင်းတဲ့ဆိုင်တွေဘဲ" လို့ပြောပြ၏။ အပုံတွေနား ရောက်သွားလျှင် သံအချောင်း အတိုအရှည်များက သံချေးတွေ ထက်နေ၏၊ ဦးဇိနက ထိုအပုံထဲမှ သူလိုချင်သော သံတုံးလေးကို ကောက်ယူပြီး သူ့အိတ်ထဲထည့်လိုက်၏၊ ကပ္ပိယကြီးကလဲ သူလိုချင်သော သံတုံးလေးကောက်ပြီး သူ့အိတ်ထဲ ထည့်လိုက်၏၊ ရှေ့ဆက်သွားတော့ နန်းတော်တိုက်ထဲ ရောက်သွားကြ၏၊ တိုက်တိုကြီးအလယ်ဖြတ်ပြီး သေတ္တာကြီးတွေထားသော အခန်းထဲရောက်သွား၏ ဦးဇိနက ဝါးလုံးခြောက်သေတ္တာကြီးထဲမှ ပတ္တမြားလုံးကြီး (၁)လုံးနှင့် မြတျောက် (၁) လုံးယူခဲ့၏၊ ကျွန်ုပ်ကို ကြိုက်တာယူဖို့ပြော၏ အစိုးရှန်အတွင်းမို့ တာမျှ မယူချင်ကြောင်းပြော၏၊ ကပ္ပိယကြီးကလည်း ပတ္တမြားစိတ်ရှိုလက်တဆုပ်ယူလာ၏၊ ထိုကောဦးဇိနက -

"သတိထား ရှေ့အခန်းတွေထဲ လူရိုပ်တွေ၊ သံဃ္ဃဝါကောင်တွေအရိပ်တွေမြင်လိုက်တယ်၊ ကပ္ပိယကြီးက ဦးပဥ္စင်းလေးကို စရှုစိုက်နော်၊ ငါက ရန်သူကို တာကွယ်မယ်" ဟု ပြောလိုက်တော့ ကပ္ပိယကြီးက

"မှန်လှပါဘုရား ဦးပဥ္စင်းလေးအတွက် တာဝန်ယူပါတယ်ဘုရား၊ အရှင်ဘုရားကသာ ရှေ့ဆက်သွားပြီး ရန်ရှင်းတော်မူပါဘုရား" ဟု လျှောက်၏၊

"ကြားလမ်းကသွားမယ်နော်၊ ကပ္ပိယကြီး"ဟု ဦးဇိနက မိန့်ပြီး ကြားဖြတ်လမ်းကသွား၏၊ လူ(၃)ရပ်လောက်ရှိသော အမွှေးစုတ်ဖွားတွေနဲ့ လှံထမ်းကိုင်ပြီး ဘီလူးသရဲကြီး (၃)ကောင် ရှေ့တည့်တည့်ကနေ ကျွန်ုပ်တို့ဆီ လာနေ၏၊ ဦးဇိနက "တို့မှာလာနေတယ်နော်၊ သတိထား" ဟုသတိပေး၏၊ ကပ္ပိယကြီးက "အသင့်ရှိပါတယ်ဘုရား၊ ကြွတော်မူပါဘုရား" ဟု ပြော၏၊ ကျွန်ုပ်ကလည်း ပုတီးစိပ်ပြီး သတိနှင့်လိုက်သွား၏၊ ဘီလူးကြီးများက လှံတန်များ ဆုပ်ကိုင်၍ ထိုးတော့မည်ဟန်ဖြင့် ဦးဇိနရှေ့ တအားကုန်အပြေးဝင်လာ၏၊ ဦးဇိနက ခါတ်လုံးနှင့် ပစ်ပေါက်လိုက်၏၊ ဘီလူး (၃)ကောင် မီးလောင်ပြီး ပျောက်ကွယ်သွားကြ၏၊ နဝါးအကြီးအသေး များ အုပ်လိုက်တွေ့ပြန်၏ ဦးဇိနက -

"ဦးပဥ္စင်းလေးကို လက်ဆွဲသွား ကပ္ပိယကြီး သမုဒ္ဒရာကမ်းခြေကို အရောက်သွား ငါရန်တွေ ရှင်းခဲ့မယ်"

ဟု မိန့်သဖြင့် ကပ္ပိယကြီးက ကျွန်ုပ်လက်ကိုဆွဲပြီး ပင်လယ်ထဲမှ ကမ်းခြေကို တမဟုတ်ခြင်း ထွက်ခွာလာခဲ့၏၊ (၅)မိနစ်အတွင်းပင်လယ်ကမ်းခြေရောက်လာကြ၏၊ ကမ်းခြေမှ နေ၍ကပ္ပိယကြီးက

"ဦးပဥ္စင်းလေး ဟိုမှာကြည့်စမ်း ရေပေါ်မှာ မီးတွေ ထဟုန်းဟုန်းတောက်နေတယ်၊ ဦးဇိနတော့ တော်တော် ဟိုတ်ခိုတ်နေပုံရတယ်၊ ဟော. . ဟော. . ဟောင်းတင်မှာ ဦးဇိနပြန်တက်လာပြီ"ဟု လက်ညှိုးထိုးပြ၏ ကျွန်ုပ်တို့

ကြည့်နေသော အတွင်းမှာ ဦးဝိနတ ကျွန်ုပ်တို့ရှေ့ရောက်လာ၏။ ဦးဝိနက -"ရန်တွေတော့ ရှင်းပစ်ခဲ့ပြီ၊ လာသွားကြစို့" ဟုပြော၍ ကျွန်ုပ်တို့သုံးယောက် မဟာဗောဓိသို့ လာခဲ့ကြ၏။ တခဏလောက်ကြာတော့ မဟာဗောဓိ ရောက်လာကြ၏။ ကျွန်ုပ်သဲ အဟုတ်လိုလို၊ အိပ်မက်လိုလို ဖြစ်နေပြီး နိုးလာ၏။ ဘုရားတံခါးဖွင့်၍ မုနွလိန္နာတိုင် ဖျတ်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး သပိတ်နှင့်ရေတော်ခပ်၊ ဘုရားရှေ့သွားပြီး ရေတော်ကပ်ကာ တန်တော့ ပရိတ်ယူ၍ မှတ်တမ်းရေးလိုက်၏။

၁၃၁၇-ခု၊ တန်ဆောင်မုန်းလဆန်း (၁၅)ရက်၊ တန်ဆောင်မုန်းလပြည့်၊ အင်္ဂါနေ့၊ (၁၉၅၅၊ နိုဝင်ဘာ ၂၉ ရက်) နဝမတကြိမ် သုဝဏော (၅)ချက် အဓိဋ္ဌာန်စိတ်၏။ မဟာဗောဓိမှာ ယနေ့နောက်ဆုံးရက်ဖြစ်၍ အထူးဂရုစိုက်၍ စိတ်၏။ ပုတီး (၃) ပတ်ရတော့ ဘုရားဖူးများ ရောက်လာကြ၏။ ဆွမ်းတော်တပ်သံ၊ ပုတီးစိပ်သံ၊ ပရိတ်ရွတ်သံ၊ ပဋ္ဌာန်းရွတ်သံ ထွေညံနေ၏။ တရုပ်လို၊ ကုလားလို ရှိခိုးသော အသံများလည်း ကြားရ၏။ ပုတီးပါတ် (၃၀) ရလျှင် နေရာပြင်ထိုင်ပြီး ဘုရားတို လက်တုပ်ချီကာ ပုတီးစိပ်၏။ ရေတော်သပိတ်ဘတ် ကြည့်သောအခါ သပိတ်ထဲ ပဒုမ္မာကြာဝန်းငါးပွင့်ရောက်နေ၏။ ကြာနီပွင့်ကြီးများလည်း သပိတ်နှင့် အပြည့်ဖြစ်နေ၏။ မိုးတန်များက တောက်အပြင်ဘက်ခွေလျှော်ကျနေကြ၏။ သောက်တော်ရေထဲကို ဒီကြာဘယ်သူကလာထည့်သွားသလဲဟု စိတ်အာရုံ ဖြစ်မိ၏။ ထိုအာရုံများဖျောက်ပြီး ပုတီးဆက်စိပ်၏။ ပုတီး (၄၂) ပါတ်ရလျှင် ဆရာတော် ဦးဥတ္တမကျောင်းမှ ကုလားလေးလာပြန်၏။ ရဟန်းခံပင့်ခြင်းဖြစ်၏။ နာရီကြည့်တော့ နေ့ (၁၁) နာရီထိုးနေ၏။ ကုလားလေးနှင့်အတူ ထလိုက်သွား၏။ ကျောင်းရောက်လျှင် ဆွမ်းစားသိမ်ဝင် ကျွန်ုပ်ကပဋ္ဌမကမ္မဝါစာအတွဲတွင် ဝင်ဖတ်ရ၏။ (၁၂)နာရီခွဲလျှင် ရဟန်းခံကိစ္စပြီး၍ မဟာဗောဓိပြန်ပြီး ပုတီးစိတ်၏။ ဘုရားဖူးများ တနေကုန်လာနေကြ၏၊ ပုတီးပတ် (၆၀)ရတော့ ဘုရားတံခါးပိတ်ကာလာ၍ တိုက်တန်းလေးထဲကထွက်လာပြီး စိပ်နေ၏။ ပုတီး (၁၀၈) ပတ်ပြည့်လျှင် ကျန်လေးပါးတွဲ (၁၈)ပိုဒ် ဆက်စိတ်နေ၏။ ည (၂)ချက်ထိုးလျှင် ပြီးသွား၏။ ခေတ္တထိုင်လျှက် မှေးတိပ်လိုက်၏။ တိပ်မပျော်တပျော်တွင် "နောက်ဆုံးနေ့ မအိပ်ဘဲ၊ ခွဲနှင့်စိပ်ပါလား" အိပ်တာ မောဟ အားပေးတာဖြစ်တယ်" ဟု ပြောသံကြား၍ မျက်စိဖွင့်ကြည့်လိုက်လျှင် ကုလားလိုအဝတ်နှင့် လည်ပင်းတွင်လဲ ပုတီးဆွဲလျက် ရပ်နေတာမြင်ရ၏။ ကျွန်ုပ်က မဝမ် ဘာသာစကားဖြင့် "ကောတွံ" သင်ဘယ်သူလဲဟု မေးလိုက်၏၊ "ရှတ္တခေဝ" ရှတ္တစိုးနတ်ဟု ဖြေပြီး

"ဦးပဥ္စင်းလေး အခုင်က ဒီဗုဒ္ဓဂါယာ မဟာဗောဓိ စေတီနားမှာ တမ္ဗဋ္ဌာန်းကျောင်းလေးနှင့် နေခဲ့သော ဘုန်းကြီး ဦးသုမနဖြစ်တယ် အနှစ် (၄၀) တိတိ ဤမဟာဗောဓိစေတီတော်ကို စေတီယင်္ဂဏဝတ် ဗောဓိယင်္ဂဏဝတ် ဖြုလုပ်၍ နေခြင်းကြောင့် သေတော့ ဒီမဟာဗောဓိမှာပဲ ရှတ္တစိုးလာဖြစ်ပါတယ်၊ ဇာတိကတော့ အညာသား ပုဂံညောင်ဦးကဖြစ်ပါတယ်၊ ဦးပဥ္စင်းလေးပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်နေတာ တွေ့ရတော့ ကျေနပ်ပြီး ပီတိဖြစ်လွန်းလို့ အခုလိုလာပြီး သတိပေးရတာပါဟု ပြောပြီးပျောက်ကွယ်သွား၏။ ကျွန်ုပ်လည်း မအိပ်တော့ဘဲ ထပြီး မဟာဗောဓိစေတီတော်ကြီးကို လက်ယာရစ် ပါတ်၍ ကျန်(၄)ပါးတွဲ (၂)ပုဒ်နှင့် ငါးပါးတွဲ (၁၆)ပုဒ် စိပ်တော့၏၊ (၁၈)ပုဒ် ပြီးသွား၏။ ကျွန်ုပ်စိပ်ပြီး သွားသော ၂ ရပ်ပေါင်း ၃၂ ပါတ် ၃၂ ပုဒ်တို့မှာ အရိယာ ပုဂ္ဂိုလ် လေးပါးဂါထာ၊ ဒွယ်တော် လေးဆူဂါထာ၊ ညေယျဓမ်တရားငါးပါးဂါထာ၊ စွန့်ခြင်းငါးပါးဂါထာ၊ ခန္ဓာငါးပါးကို ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြားသိမြင်ခြင်း ဂါထာ၊ မာန်ငါးပါးဂါထာ၊ ဂတိငါးပါးဂါထာ၊ ပုဂ္ဂတိစ္စငါးပါးဂါထာ၊ ကာမဂုဏ်ငါးပါးဂါထာ၊ ခြောင့်ငါးစင်းဂါထာ၊ နီဝရဏ်ငါးပါးဂါထာ၊ စက္ခုငါးပါးဂါထာ၊ ပီတိငါးပါးဂါထာ၊ ဝိသီဟော်ငါးပါးဂါထာ၊

ယောက်ျားမြတ်ငါးပါးဂါထာ၊ သူတော်ကောင်းငါးပါးဂါထာ၊ သံဝရတရားငါးပါးဂါထာ၊ ဝိမုတ္တိတရား ငါးပါးဂါထာ၊ အရိယာဝံသတရား၄-ပါး၊ အင်္ဂပသာဒတရား၄-ပါး၊ မြတ်သောအရာဌာန ၄-ပါးဂါထာ၊ တောက်ပခြင်းလေးပါး၊ ကြီးပါးခြင်း-၄ပါး၊ ရွှေအိုးကြီး-၄လုံး၊ ၄ပါးသောတုံ့ဖွယ်သခဲ့ မစွန့်အပ်သော အရပ်-၄ပါး၊ ပရမတ္ထတရား-၄ပါး၊ ပဋိသမ္ဘိဒါ-၄ပါး၊ အာသဝ-၄ပါး၊ ပြယ-၄ပါး၊ ဟောခြင်းဌာခဲယင်းခြင်း-၄ပါး၊ ဥပမိ-ပါး၊ ဟိရိုတ္တပ္ပကပ်ရသော ဝုဋ္ဌိလ်-၄ပါး၊ ပေါင်း (၄၂) ပုဒ်ဖြစ်၏။

အရိယာဝံသတရား - ၄ပါး

(၂၃) စီဝရေပိဏ္ဍပါတေစ၊ အာသနေ အာဝနာရတေ။
နိယာဝံသ စတုတ္ထေသု၊ အင်္ဂပဋ္ဌ ဇိနံ နမေ။

ဝီဝရေစ- ရရတိုင်းသော သင်္ကန်းဖြင့် ရောင့်ရဲခြင်းလည်းကောင်း။ ပိဏ္ဍပါတေစ-ရရတိုင်း သောဆွမ်းဖြင့် ရောင့်ရဲခြင်းလည်းကောင်း။ အာသနေစ-ရရတိုင်းသော ကျောင်းတိုက်ရာ နေရာဖြင့် ရောင့်ရဲခြင်းလည်းကောင်း။ ဘာဝနာရတေစ- ဘာဝနာဖြင့်မွေ့လျော်စွာ နေခြင်းလည်းကောင်း၊ ဣတိ-ဤသို့ ရိယာဝံသစတုတ္ထေသု- ၄ပါးသော အရိယာဝံသတရားတို့၌၊ အင်္ဂပဋ္ဌံ- အထွတ်အထိပ်သို့ ရောက်တော်မူသော၊ ဇိနံ-ငါးမာန်အောင်မြင် မြတ်စွာဘုရားရှင်ကို အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ-သဥ္ဇါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

အင်္ဂပသာဒတရား-၄ပါး

(၂၄) ဗုဒ္ဓေါအဂ္ဂ ဓ်ိကာမဂ္ဂေါ၊ နိဗ္ဗာနရိယ သံယောတိ၊
စတုအင်္ဂ ပသာဒေတော၊ ဝိဘ-ဇေန္တံ ဇိနံ နမေ။

ဗုဒ္ဓေါစ-မြတ်စွာဘုရားလည်းကောင်း၊ အဋ္ဌင်္ဂိက မဂ္ဂေါစ-အဋ္ဌင်္ဂိကမဂ်လည်းကောင်း၊ နိဗ္ဗာနံ- နိဗ္ဗာန် လည်းကောင်း၊ အရိယသံယောစ-အရိယသံဃာလည်းကောင်း ဣတိ-ဤသို့၊ စတုအင်္ဂပသာဒေ-၄ပါးအပြားရှိသော အင်္ဂပသာဒဟု ဆိုအပ်ကုန်သော၊ တေဓမ္မေ-ထိုတရားတို့ကို ဝိဘဇေန္တံ-ဝေဖန်ခွဲခြား တော်မူတတ်သော၊ ဇိနံ- ငါးမာန်အောင်မြင် မြတ်ချစ်ရှင်ကို အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ- လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

မြတ်သောအရာဌာန - ၄ပါး

(၂၅) ဝိဇာယိ အဂဝါ ယတ္ထ၊ ပဋိဝိဇ္ဈိတ ဒေသယိ၊
ဓမ္မ စက္ကဥ္စ နိဗ္ဗာယိ၊ စတုဌာနေ ဝရေနမေ။

ဘဂဝါ- ဝါတို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ယတ္ထ-အကြင်လုမ္ဗိနီ အမည်ရှိသော အင်ကြင်းတော၌၊ ဝိဇာယိ- ဖွားမြင်တော်မူ၏။ ယတ္ထစ-အကြင်မဟာဗောဓိပလ္လင်ပင်၏ အရင်း၌လည်းကောင်း၊ ပဋိဝိဇ္ဈိ-ထိုးထွင်း၍လည်း၊ သဗ္ဗညုတဉာဏ်တော်ကို သိတော်မူ၏။ ယတ္ထ- အကြင် မိဂဒါဝုန်တော၌ ဓမ္မစက္ကံ- ဓမ္မစကြာ တရားဒေသနာတော်မြတ်ကို၊ ဒေသယိဟောကြားတော်မူပေ၏၊ယတ္ထ-အကြင်မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်၌၊ နိဗ္ဗာယိ-ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဣတိ-ဤသို့၊ စတုဌာနေဝရေ- သူတော်ကောင်းတို့ မမေ့အပ်သော အရပ်(၄)ပါး တို့ကို အဟံ-အကျွန်ုပ်သည်၊ နမေနမာမိ-သဒ္ဓါမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

### ထွန်းတောက်ပခြင်းတရား- ၄ပါး

(၂၆) စန္ဒောသူရိယ ပဇ္ဇောတော၊ အဂ္ဂိပညာစ သမ္ဘဝါ၊
စတုပဇ္ဇော တကေ သေဋ္ဌော၊ ပညာ ပဇ္ဇော တိကံ နမေ။

စန္ဒော-လ၏၊ ထွန်းတောက်ပခြင်းလည်းကောင်း၊ သူရိယပဇ္ဇောတော-နေ၏ထွန်းတောက်ပခြင်း လည်းကောင်း၊ အဂ္ဂိစ-မီး၏ထွန်းတောက်ပခြင်းလည်းကောင်း၊ ပညာစ-ပညာတည်းဟူသော ထွန်းတောက်ပခြင်း လည်းကောင်း၊ စတုပဇ္ဇောတကေသု- ၄ပါးသော ထွန်းတောက်ပခြင်းတို့တွင်-ပညာပဇ္ဇောတိကံ-ပညာဖြင့် ထွန်းတောက်ပခြင်းတို့ သမ္ဘဝါ၊ အစါခင်သိမ်း၊ ပြည့်စုံတော်မူသော၊ သေဋ္ဌံ- ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အဟံ-အကျွန်ုပ်သည် နမေနမာမိ-သဒ္ဓါမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

### ဘုရား၏ကြီးဝါးခြင်း - ၄ပါး

(၂၇) ဝိနယေ, နာမ ရူပေစ၊ ပဋိစ္စေ သမယန္တရေ၊
စတုဋ္ဌာနေသုဂမ္ဘီရံ၊ မဟာဉာဏံ ဇိနံ နမေ။

ဝိနယေ- ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူသော အရာ၌လည်းကောင်း၊ နာမရူပေစ-နာမ် ရုပ်ကိုပိုင်းခြား၍ ဟောတော်မူသော အရာ၌လည်းကောင်း၊ ပဋိစ္စေစ ပဋိစ္စသမုပ္ပါဒ်ကို ဒေသနာတော်မူရာ၌ လည်းကောင်း၊ သမယန္တရေ (၆၂)ပါးသော ဒိဋ္ဌိဝါဒ်ဟု ဆိုအပ်သောအယူအထုံးကို ဝေဖန်၍ ဟောတော် မူရာ၌လည်းကောင်း၊ ဣတိ- ဤသို့၊ စတုဋ္ဌာနေသု (၄)ပါးသော အရာဋ္ဌာနတို့၌၊ မဟာဉာဏံ-ကြီးစွာသော ဘုရား၏ကြီးဝါးခြင်းဖြင့်၊ ဂမ္ဘီရံ-ကြီးဝါးတော်မူတတ်သော၊ ဇိနံ-ငါးမာန်အောင်မြင် ဘုရားသခင်ကို၊ အဟံ ကျွန်ုပ်သည် နမေနမာမိ - သဒ္ဓါမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

### ရွှေအိုးကြီး- (၄)လုံး

(၂၈) သင်္ခေါစေဠော ဥပ္ပလောစ၊ ပုဏ္ဍရိကောတိ အင်္ဂိယေ၊
စတ္တာရောကုမ္ဘိကေဆဍ္ဍ၊ ခေလံဝနိဂ္ဂတံ နမေ။

သင်္ခေါစ-သင်္ခ ရွှေအိုးလည်းကောင်း၊ ဧဠောစ ဧဠ ရွှေအိုးလည်းကောင်း၊ ဥပ္ပလောစ-ဥပ္ပလရွှေအိုး လည်းကောင်း၊ ပုဏ္ဍရိကောစ၊ ပုဏ္ဍရိက ရွှေအိုးလည်းကောင်း၊ ဣတိ-ဤသို့၊ အင်္ဂိယေ- ယူဆောင်သုံးစွဲ၍ မကုန်နိုင်သော စတ္တာရော ကုမ္ဘိကေ- (၄)လုံးသော ရွှေအိုးတို့ကို၊ ခေလံဝ တံတွေးပေါက်ကဲ့သို့ ဆဍ္ဍ-စွန့်ပစ်တော်မူ၍ နိဂ္ဂတံတော ထွက်ကြွသွားတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးကို၊ အဟံ-ကျွန်ုပ်သည်၊ နမေနမာမိ- သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

### (၄)ပါးသော အနက်အပိုင်းအခြားတို့ဖြင့် တုံ့ဖွယ်သရဲဖြစ်တော်မူသောအကြောင်း။

(၂၉) အာသဠှေန တေကိစ္စံ၊ ဝိသာခါယတိကိစ္စတံ၊
ဓမ္မေ မာဃေန ကိစ္စတံ၊ အဿယုဇေန ကာရကံ၊
စတုနက္ခတ္တယန္တေဟိ၊ မဟာဗုဒ္ဓရသံ နမေ။

အာသဠှေန-အာသဠ္ဍီနက္ခတ်နှင့်ယှဉ်သဖြင့် စတုတ္ထိန္ဓ - ပဋိသန္ဓေနေတော်မူခြင်း၊ ဖွားတော်မူခြင်း ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်း၊ ယမိုက်ပြာဋိဟာကို ပြတော်မူခြင်းဟု ဆိုအပ်သောတိစ္စကို လည်းကောင်း၊ ဝိသာခါယ - ဝိသာခါနက္ခတ်နှင့် ယှဉ်သဖြင့်၊ တိကိစ္စ၊ တောထွက်တော်မူခြင်း၊ ဝိနည်း ပညတ်တော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်းဟုဆိုအပ်သော(၃)ပါးသော ကိစ္စကိုလည်းကောင်း၊ မာဃေန - မာဃနက္ခတ်နှင့် ယှဉ်သဖြင့်၊ ဒုဝေတိစ္စ - သာဝက အစည်းအဝေးကိုပြုတော်မူခြင်း၊ အာယုသင်္ခါရကို လွှတ်တော်မူခြင်းဟုဆိုအပ်သော - ၂ ပါးသောကိစ္စကို လည်းကောင်း၊ အာဿယုဇေ-မာယ်နက္ခတ်နှင့် ယှဉ်သဖြင့်၊ ကံကိစ္စ-နတ်ပြည်မှ ဆင်းသက်တော်မူခြင်းဟုဆိုအပ်သော - ၁ ခုသော ကိစ္စကို လည်းကောင်း၊ စတုနက္ခတ္တယန္တေဟိ - (၄) ပါးသော နက္ခတ်အပိုင်းအခြားတို့ဖြင့် မဟာစ္စရှသဝံ- ကြီးမားသော တံဖွယ်သရဲပွဲကြီးကို၊ ကာရုတ် - ပြုတော်မူထတ်သော မြတ်စွာဘုရားသခင်ကိုတော်မြတ်ကြီးကို အဟံ ကျွန်ုပ်သည် နမေနမာမိ - သဒ္ဒါမြတ်နိုး လတ်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

မစ္စန့်အပ်သော အရပ် (၄) ပါး

(၃၀) ဝလ္လှက် ဓမ္မစက္ကဥ္စ၊ ဧဝေါရောအဟံတထာ ။
ဇေတဝနသာ မဥ္စံ ၊ အဆစ္စ သဗ္ဗဗုဒ္ဓေဟိ ။
( ဣတိမေ သိရသာ မဟံ )၊ စတုဌာနံ ဝန္ဒာမေ ။

ဝလ္လက်- ဗောဓိမ္ဍေ ပလ္လင်လည်းကောင်း၊ ဓမ္မစက္ကဥ္စ - ဓမ္မစကြာတရားဟောရာ လည်းကောင်း၊ တထာ -ထိုမြို့၊ ဒေဝေါရောနသာ - ဇေတဝန်ကျောင်းတော်၏ မဥ္စံ - ညောင်းစောင်းတည်ရာ အရပ်ဌာန လည်းကောင်း၊ ဣတိ - ဤသို့ သဗ္ဗဗုဒ္ဓေဟိ ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ အဆစ္စမစ္စန့် အပ်သော စတုဌာနံဝန္ဒ-(၄) ပါးသော မြတ်သောအရပ်ကို ၊ အဟံကျွန်ုပ်သည်၊ သိရသာ- ဦးခေါင်းရတနာမြတ် အင်္ဂါဖြင့်၊ နမေနမာမိ - သဒ္ဒါမြတ်နိုးလက်စုံမိုး၍ ရှစ်ခိုးပါ၏ အရှင်ဘုရား။

ပရမတ္ထတရား (၄) ပါး

(၃၁) စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနန္တိ စတုဗ္ဗိခံ ။
ပရမတ္ထံ၊ ဝိစိတ္တေတိ၊ ဝိဘာဇေန္တံ ဇိနံနမေ။

စိတ္တံ - စိတ်လည်းကောင်း၊ စေတသိကံ - စေတသိတ်လည်းကောင်း၊ ရူပံ- ရုပ်လည်းကောင်း၊ နိဗ္ဗာနံ - နိဗ္ဗိန်လည်းကောင်း၊ ဣတိ-ဤသို့ စတုဗ္ဗိခံ - (၄)ပါးအပြားရှိသော ပရမတ္ထံ-ပရမတ္ထတရားကို ဝိစိတ္တေဟိ --အထူးထူး အပြားပြားဆန်းကြယ် အသွယ်သွယ်သော နည်းတို့ဖြင့် ဝိဘာဇေန္တံဝေဖန်၍ ဟောတော်မူတတ်သော၊ ဇိနံ-ငါးမာန်အောင်မြင် ဘုရားသခင်ကို၊ အဟံ ကျွန်ုပ်သည် နမေနမာမိ သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှစ်ခိုးပါ၏ အရှင်ဘုရား ။

ကျွန္ဒိပါဒ် - (၄) ပါး

(၃၂) ဆန္ဒော ဝိရိယိဒ္ဓိ ပါဒါ၊ စိတ္တော ဝိမံ သကောတထာ ။
စတုဣဒ္ဓိ၊ ပါဒါ နေတံ ဘာဝေန္တံ ရှစိရံ နမေ ။

ဆန္နော - ဆန္နိပါဒ် လည်းကောင်း။ ဝိရိယိဒ္ဓိ ပါဒေါ-ဝိရိယိဒ္ဓိပါဒ် လည်းကောင်း၊ စိတ္တော-စိတ္တိဒ္ဓိပါဒ် လည်းကောင်း၊ ဣဒ္ဓိ-ဤသို့ စတုဣဒ္ဓိပါဒေ-ဣဒ္ဓိပါဒ်တရား (၄) ပါတို့ကို၊ ရှုစ်ရဲ - အလိုတော်အတိုင်း ဘာဝနာ - ပွားများတော် မူနိုင်သော၊ စတ်ဝုဒ္ဓ- ထိုမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို အဖဲ ကျွန်ုပ်သည် မမေနမာမ်သဉ္စါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဝုဒ္ဓဂုဏ်ရည်တရား (၄) ပါး

(၃၃) ဥဿဟော ဥမဂေါ၊ အဝဋ္ဌာန် ဟိတစ္စရဲ ။
ဝုဒ္ဓဂုဏ် စတုဝဂ္ဂသူ၊ နိဋ္ဌပတ္တံ နမေ ဇိနံ ။

ဥဿာ ဟောစ - ပြင်းထန်စွာအား ထုတ်ခြင်းလည်းကောင်း။ ဥမဂေါ၊ - ပညာ လည်းကောင်း၊ အဝဋ္ဌာန် မြဲမြံသော အဓိဋ္ဌာန်လည်းကောင်း၊ ဟိတစ္စရဲ မေတ္တာတရားပွား များခြင်း လည်းကောင်း။ ဣတိ -ဤသို့ စတုဝဂ္ဂသု ဝုဒ္ဓဂုဏ်ရည်တရား(၄) ပါးတို့၌ နိဋ္ဌပတ္တံအပြီးအဆုံးသို့ ရောက်တော်မူသော ဇိနံ-ငါးမာန်အောင်မြင် ဘုရားသခင်ကို အဖဲ ကျွန်ုပ်သည် နမေနမာမိ သဉ္စါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

နမိတ်ကြီး (၄) ပါး

(၃၄) ဇိဏ္ဏ ရောဂေန အာတုရံ မရကံ သရကံ ဣတိ ။
ဒိသွား စတုနိမိတ္တာနိ၊ သံဝေဝ နိဂ္ဂတံ နမေ ။

ဇိဏ္ဏံ သူအို လည်းကောင်း။ ရောဂေန၊ အနာဖြင့် အာတုရံ ကျင်းနာနိပ်စက်သောသူနာ လည်းကောင်း၊ မရကံ သူသေလည်းကောင်း။ သရကံ ရဟန်းအသွင်လည်းကောင်း၊ ဣတိ - ဤသို့ စတုနိမိတ္တာနိ - နိမိတ်ကြီး (၄) ပါးတို့ကို၊ ဒိသွားမြင်တော်မူသောကြောင့် ၊ သံဝေဂံ ပြင်းစွာသော သံဝေဂကို ရသည်ဖြစ်၍ နိဂ္ဂံ တောသို့ကြွသွားတော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို အဖဲ ကျွန်ုပ်သည် နမေနမာမ် ထက်ဆယ်ပြာထိပ်မှာမိုးလျှက် ရှိခိုးပါ၏အရှင်ဘုရား။

ပဋိသမ္ဘိဒါတရား (၄) ပါး

(၃၅) အတ္ထဓမ္မ သမ္ဘိဒါ၊ နိရုတ္တ ပဋိဘာဏာတံ ။
စတုသမ္ဘိဒါ ဉာဏေသု၊ အဂ္ဂ ပတ္တံ ဇိနံ နမာ။

အတ္ထဓမ္မ သမ္ဘိဒါစ - အတ္ထသမ္ဘိဒါ ဓမ္မ ပဋိသမ္ဘိဒါတို့ လည်းကောင်း၊ နိရုတ္တိစ- နိရုတ္တပဋိသမ္ဘိဒါ လည်းကောင်း ပဋိဘာဏာတံ - ပဋိဘာဏ သမ္ဘိဒါ လည်းကောင်း၊ ဣတိ-ဤသို့ စတုသမ္ဘိဒါ ဉာဏေသု - ၄ ပါးသော သမ္ဘိဒါဉာဏ်တို့၌၊ အဂ္ဂပတ္တံ အထွတ်အမြက်သို့ရောက်သောမူ သော၊ ဇိနံ-ငါးမာန်အောင်မြင် ဘုရားရှင်ကို အဖဲ ကျွန်ုပ်သည် နမေနမာမိ သဉ္စါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

အသဒိတရား (၄) ပါး

(၃၆) ကာမသာဝေါ တဝါသဝေါ၊ ဒိဋ္ဌာသဝေါ အဝိဇ္ဇာတိ ။
စတု အာသဝ မုစ္စတ္တသု၊ အဂ္ဂပတ္တံ ဇိနံနမေ။

ကာမာသဝေါ-ကာမာသဝလည်းကောင်း၊ ဘဝါသဝေါ ဘဝါသဝ လည်းကောင်း၊ ဒိဋ္ဌာသဝေါ ဒိဋ္ဌာသဝလည်းကောင်း၊ အဝိဇ္ဇာ-အဝိဇ္ဇာသဝလည်းကောင်း၊ ဣတိ-ဤသို့၊ စတုအာသဝ မုတ္တေသု - အာသဝ(၄) ပါးတို့မှ လွတ်မြောက်သော တရားတို့၌၊ အဂ္ဂပတ္တံ အလွက်အထိပ်သို့ ရောက်တော်မူသော၊ ဝိနံ-ငါးမာန်အောင်မြင် ဘုရားရှင်ကို၊ အဟံ-ကျွန်ုပ်သည် နမာမိ သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

ဩဃ - (၄) ပါး

(၃၇) ကာမဩဃေ ဘဝေါဃေဝ၊ ဒိဋ္ဌောဃေဝ အဝိဇ္ဇာတိ ။

စတု ဩဃေဟိ မုတ္တာနံ၊ အဂ္ဂပတ္တံ မုနိံ နမေ ။

ကာမဩဃေဝ -ကာမဩဃလည်းကောင်း၊ ဘဝေါဃေဝ ဘဝေါဃလည်းကောင်း ဒိဋ္ဌောဃေဝ ဒိဋ္ဌောဃလည်းကောင်း၊ အဝိဇ္ဇောဃေဝ - အဝိဇ္ဇောဃလည်းကောင်း၊ ဣတိ-ဤသို့၊ စတုဩဃေဟိ - (၄)ပါးသော ဩဃတရားတို့မှ မုတ္တာနံ- လွတ်မြောက်ကုန်သော ပုဂ္ဂိုလ်တို့ထက်၊ အဂ္ဂပတ်ံ အထွက်အထိပ်သို့ ရောက်တော်မူသော မုနိံ- မုနိတို့၏ ,အရှင်သခင်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို အဟံ ကျွန်ုပ်သည် နမေနမာမိ လက်ဆယ်ဖြာထိပ်မှာမိုးလျှက် ရှိခိုးပါ၏အရှင်ဘုရား။

ဟောခြင်းငှာခဲယဉ်းသော တရား - (၄) ပါး

(၃၈) သစ္စံ သတ္တော ပဋိသန္ဓေ၊ ပစ္စယာကာရမေဝစ။

ဒုဒ္ဒ သေ စတုရော ဓမ္မေ၊ ဒေသေန္တာ ဒေသိတံနမေ။

သစ္စံစ - သစ္စာတရားလည်းကောင်း၊ သတ္တောစ သတ္တဝါလည်းကောင်း၊ ပဋိသန္ဓိစ ပဋိသန္ဓေလည်းကောင်း၊ ပစ္စယာကာရမေဝါစ-ပဋိစ္စသမုပ္ပါဒ်တရားလည်းကောင်း ဣတိ-ဤသို့ ဒုဒ္ဒသေ မြင်လည်းမြင် နိုင်ကုန်ထဲဝေသော၊ ဒုဒ္ဒသေ ဟောခြင်းငှာလည်း ခဲယဉ်းကုန်စွာထသော စတုရောဓမ္မေ(၄) ပါးသောတရားတို့ကို၊ ဒေသတံဟောမြွက် ဖော်ပြမိန့်ဟတော်မူတတ်သော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို အဟံ ကျွန်ုပ်သည် နမေနမာမိ လက်ဆယ်ဖြာထိပ်မှာမိုးလျှတ် ရှိခိုးပါ၏ အရှင်ဘုရား။

ဥပမိတရား - (၄) ပါး

(၃၉) ကာမော ခန္ဓာကိလေသာ သောစ ၊ သင်္ခါရော စတုရောက္ကမေ။

နိဗ္ဗာနမွိဟတွာ ၊ ပတ္တံ နိရုပစံ နမေ။

ကာမောစ - ကာမုပဓိလည်းကောင်း၊ ခန္ဓောစ ခန္ဓုပဓိလည်းကောင်း၊ ကိလေသာစ၊ ကိလေသုပဓိ လည်းကောင်း၊ သင်္ခါရောစ-သင်္ခါရုပဓိလည်းကောင်း၊ ဣတိ-ဤသို့ ဣမေသုစတုမိပတိယော - ဤသို့ဥပမိတရား (၄) ပါးတို့ကို ဟိတွာ-စွန့်တော်မူ၍ နိရုပတိ- ဥပမိကင်းသော နိဗ္ဗာနံ နိဗ္ဗာန်ရွှေမြို့တော်သို့ လည်းကောင်း၊ပတ္တံ ရောက်တော်မူပြီးသော ဝိနံ-ငါးမာန်အောင်မြင်ဘုရားရှင်ကို၊အဟံ-ကျွန်ုပ်သည် နမေနမာမိ သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

ဟိရီဩတ္တပ္ပရှိသော ပုဂ္ဂိုလ် - (၄) ပါး

(၄၀) ဓာတိ ဝယ်တတာသုမံ ဓာဟုသစ္စနှစ္စတ္တာရော။

ဓမ္မိတဗ္ဗံ ဟိရောတ္တပ္ပေ၊ ပကာသေန္တံ အဟံ ပနေ။

ဇာတိစ - အမျိုးမြတ်သောသူလည်းကောင်း၊ တထာ-ထိုမြို့၌ သူ၏ ရဲရွမ်းသတ္တိရှိသောသူလည်းကောင်း တပည့်ကျေးကျွန်များသောအကြွားအမြင်ရှိသောသူလည်းကောင်း၊ ဣတိမေစတ္တရော၌ (၄) ယောက်သော ပုဂ္ဂိုလ်တို့သည် ထိရောက္ခမေ့-ထိုမိုးပြတ္တပ္ပတရားတို့ကို စရိတခွဲ ကြီးစွာအားထုတ်၍ ကျင့်အပ်သော ပုဂ္ဂိုလ်တို့ ထို၌ ဝတ်သည့်- မြင်တော်မူအပ်သော မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီးကို၊ အဟံ တပ္ပန်ပ်သည် ဝန္ဒေ နွာမိ-ရှိခိုးပါ၏ အရှင်ဘုရား။

အရိယာပုဂ္ဂိုလ်မြတ် - (၄) ယောက်

(၄၁) သေဿနလိပ်အာစရော၊ ဝဋ္ဋိဝေဓောတထာစတု ။
အရိယ ပုဂ္ဂလာနေတာ၊ အဂ္ဂဝတ္တံနမေ ဇိနံ ။

သေဿန လိပ် အာစရော-သေနအရိယာ လိပ်အရိယာ၊ အာစရ အရိယာတို့လည်း ကောင်း၊ တထာ-ထိုမြို့ဝဋ္ဋိဝေဓော- ဝဋ္ဋိဝေဓရိယာလည်းကောင်း၊ ဣတိ-ဤသို့ စတုအရိယပုဂ္ဂလာနံ (၄) ယောက်သော အရိယာပုဂ္ဂိုလ်တို့၏၊ ဝါ ပုဂ္ဂိုလ်တို့ထက်၊ အဂ္ဂဝတ္တံ - အထွက်အမြတ်သို့ရောက်တော်မူသော၊ ဇေတံဇိနံ- ဝါမာန်အောင်မြင် ဘုရားရှင်ကို၊ အဟံ-တပ္ပန်ပ်သည် နမေနမာမိ သဗ္ဗါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား၊

စွယ်တော် - (၄) ဆူ

(၄၂) ဒတ္တိဝရိမာဒေဝေ၊ နာဝေဒတ္တိကာယေဋ္ဌိမာ။
ဓါမုဝရိသိဟာဒီဝေ၊ တလိစေ်ဝါဓ ယေဋ္ဌိမာ။

ဗုဒ္ဓဿ စတုရောဓာနေ၊ အဟံဝန္ဒာမိ ဒူရာတော၊ ဒတ္တိကာဝရိမာ- လက်ယာအထက်စွယ် တော်သည်၊ ဒေဝေ- တာဝတိံသာနတ်ပြည်၌ ၊ ဒတ္တိကာယေဋ္ဌိမာ- လက်ယာအောက် စွယ်တော်သည် နာဂေ နဂါးပြည်၌ ဝါမုဝရိလက်ဝဲအထက်စွယ်တော်သည်၊ သီဟဠဒီပေ-သီဟိုဠ်ကျွန်း၌ ဝါမယေဋ္ဌိမာ လက်ဝဲအောက် စွယ်တော်သည် တလိစေ-တလိပ်ရာဇ်ပြည်၌ဋ္ဌိတော - တည်တော်မူ၏၊ ဣတိ-ဤသို့ ဗုဒ္ဓဿ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီး၏ စတုရောဓာထေ - စွယ်တော်(၄) ဆူတို့ကို၊ ဒူရတော ဝေးဝေးတသာလျှင်၊ အဟံ အတ္တန်သည် ဝန္ဒာမိ-အယလာအ တုလာစာရမိစ္ဆာကြည်ရှောင်ဂုဏ်တော်ပေါင်းကို အောင်မေ့သဖြင့် အသင့် နှစ်လုံးဆို့ဝိတ်ချုံးလျှက်(၃) တန်စေတနာ၊ ၃- ဖြာဒွါရပဏာမဖြင့်၊ ကြည်စွာသဗ္ဗါရှိခိုးပါ၏ အရှင်ဘုရား။

ဒွါစတ္တာလီသ သုတဝန္ဒနာဝါထာစတုယုဂါနိဋ္ဌိတာ၊ စတုယုဂါ- လေးပါးတွဲဖြစ်သော - ဒွါစတ္တာလီသ သုတဝန္ဒနာဝါထာ- လေးဆယ်နှစ်ပုဒ်အတိုင်း အရှည်ရှိသော သုတဝန္ဒနာဝါထာတော်တို့သည် နိဋ္ဌိတာ ပြီးဆုံးခြင်းသို့ ရောက်တုန်ပြီ။

( ၅ - ပါးတွဲ ) ဥဒယျှမ် တရား ၅ - ပါး

(၁) သဓိရော ရွဝဝိတာ့ရော၊ လတ္တုဏံ ဝါဏနိဿတံ
နိဗ္ဗာနံ ဝညတ္တိ စေတော၊ ပဥ္စဥဒယျံတရံ နမေ။

သဓိရော၊ သဓိလည်းကောင်း၊ ရွပဝိတာ ရော၊ ရွပဝိတာရုပ်လည်းကောင်း၊ လတ္တဏံစ-လတ္တဏာမှတ် (၄) ခုလည်းကောင်း၊ ဝါဏနိဿတံ-တဏှာမှ ထွက်မြောက်ရာဖြစ်သော၊ နိဗ္ဗာနဥ္စ -နိဗ္ဗာန်လည်းကောင်း၊ ဝညတ္တိစ

ပညတ်တရားလည်းကောင်း။ ဣတိ - ဤသို့၊ ပဉ္စဥေယျတရဲ ဝါ၊ပါးသော ဥေယျဓမ္မတရားတို့၏၊ အဆုံးသို့ ရောက်တော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ-တပ္ပည့်သည်၊ နမေနမာမိ - ဦးခေါင်း ရတနာမြတ်အင်္ဂါဖြင့် ရှိသေစွာရှိခိုးပါ၏ အရှင်ဘုရား။

စွန့်ခြင်းကြီး (၅) ပါး

(၁) ဝုတ္တဒါရ ပရိစ္စာဂါ၊ ဝိဝဓာဂါမေ၊

ပဉ္စမဟာ ပရိစ္စာဂေ၊ ကရံ သုဗုဒ္ဓရေ နမေ၊

ပရိစ္စာဂါမ- သားကို စွန့်ခြင်း၊ မယားကိုစွန့်ခြင်းတို့လည်းကောင်း။ ရဇ္ဇင်္ဂ ဝိဝဓာဂါမ-ပြည်ကို စွန့်ခြင်း၊ ခြေလက်မျက်စိနား စသောအင်္ဂါကြီးငယ်ကို စွန့်ခြင်း၊ အသက်ကို စွန့်ခြင်းကို လည်း ကောင်း၊ ဣတိ- ဤသို့ သုဗုဒ္ဓရေအလွန်ပြုနိုင်ခဲစွာ ကုန်သော၊ ပဉ္စမဟာ ပရိစ္စာဂေငါးပါးသော စွန့်ခြင်း တို့ကို၊ ကာရံ- ပြုတော်မူအပ်သောမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ-တပ္ပည့်သည် နမေနမာမိ သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

စနွာ (၅) ပါးကို ပရိညာ(၃) ပါးတို့ ဖြင့်ပိုင်းခြား၍ သိမြင်တော်မူခြင်း

(၂) ရူပဥ္စ ဝေဒနာသည် သင်္ခါရာ ဝိညာဏန္တိမေ၊

ပဉ္စက္ခန္ဓေ ပရိညာယိ တံ နမေ၊

ရူပဥ္စ - ရူပက္ခန္ဓာလည်းကောင်း၊ ဝေဒနာစ-ဝေဒနက္ခန္ဓာလည်းကောင်း။ သညာစ - သညာ ကၡန္ဓာလည်းကောင်း၊ သင်္ခါရာစ- သင်္ခါရက္ခန္ဓာလည်းကောင်း။ ဝိညာဏံစ- ဝိညာဏ ကၡန္ဓာလည်းကောင်း၊ ဣတိ- ဤသို့ ဣမေပဉ္စက္ခန္ဓေ-ဤခန္ဓာငါးပါးတို့ကို ၊ တိပရိညာဟိ - ၃ ပါးသော ဉာတပရိညာ တီရဏ ပရိညာ ပဟာနပရိညာတို့ဖြင့်၊ ပရိဇာနံ- ပိုင်းခြား၍ သိတော်မူတက်သောတံဗုဒ္ဓံ-ထိုမြတ်စွာဘုရား သခင်ကိုယ်တော် မြတ်ကြီးကို၊ အဟံ-တပ္ပည့်သည် နမေနမာမိ သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

မာန် (၅) ပါး

(၃) ဒေဝပုတ္တာ ကိလေသာစ၊ အဘိသင်္ခါရာ ကာေ။

ခန္ဓာ မစ္စုတိ ပဉ္စေတေ၊ မာရေဝိဇိတာဝံနမေ၊

ဒေဝ ပုတ္တေစ- ဒေဝ ပုတ္တမာန် လည်းကောင်း၊ ကိလေသာစ- ကိလေသာမာန်လည်းကောင်း၊ အဘိသင်္ခါရမာရ ကောစ- အဘိသင်္ခါရလည်းကောင်း၊ ခန္ဓောစ-ခန္ဓမာန်လည်းကောင်း၊ မစ္စုစ-မစ္စုမာန် လည်းကောင်း၊ ဣတိ-ဤသို့ ဧတေပဉ္စမာရေ- ထိုမာန်ငါးပါးတို့ကို၊ ဝိဇိတာဝံ - လွှတ်ကာအောင်တော် မူပြီးသော မြတ်စွာဘုရား၊ သခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ-တပ္ပည့်သည် နမေနမာမိ သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

ဂတိ (၅) ပါး

(၅) မနုဿ ဒေဝ ဂတိယော၊ ပေတောစနိရိယောတထာ၊

တိရစ္ဆာ နောတိ ပဉ္စေတာ၊ ဆိန္ဒန္တံ ဂတိယော နမေ၊

မနုဿ ဒေဝဝတ်ယောစ- မနုဿဘတ်ဒေဝဘတ်တို့ လည်းကောင်း၊ မေတ္တာစ- မေတ္တာဝတ်လည်းကောင်း၊ တိရစ္ဆာနောစ-တိရစ္ဆာန်ဝတ်လည်းကောင်း၊ဣတိ-ဤသို့ တထာ တို့အတူ၊ နိရယောစ- နိရယဂတိလည်းကောင်း၊ တိရစ္ဆာနေ့စ-တိရစ္ဆာန်ဝတ်လည်းကောင်း၊ဣတိ-ဤသို့ တထာ ထို့အတူ၊ နိရိယောစ- နိရိယဂတိလည်းကောင်း၊ ဆိုင်းပါးသောဂတိတို့ကို၊ ဆိန္နံ-ဖြတ် တော်မူပြီးသောမြတ်စွာ ဘုရား၊ရှင် ကိုယ်တော်မြတ်ကြီးကို၊ ဓာတုပဥ္စဂတိယော- ထိုင်းပါးသောဂတိတို့ကို၊ ဆိန္နံ-ဖြတ် တော်မူပြီးသောမြတ်စွာ ဘုရား ရှင် ကိုယ်တော်မြတ်ကြီးကို၊ တနည်းတားဆိန္နံ-ပိုင်းခြား သိမြင်တော်မူပြီးသော မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ-တပ္ပည့်သည် နမေ နမာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

ဝုဋ္ဌကိစ္စ - (၅) ပါး

(၆) ပုရေ ဘတ္တံ ပစ္ဆာဘတ္တံ၊ ပုရိမဒ္ဒေစ မဇ္ဈိမံ ။
ပစ္ဆိမဒ္ဒံ သဒါ ပဉ္စ၊ ဝုဋ္ဌကိစ္စံ တရံနမေ ။

ပုရေဘတ္တဉ္စ- ဆွမ်းမစားမီ ကိစ္စလည်းကောင်း၊ ပစ္ဆာ ဘတ္တဉ္စ - ဆွမ်းစားပြီးကိစ္စ လည် ကောင်း၊ ပုရိမဒ္ဒေဝ ညဦးယံ ကိစ္စ လည်းကောင်း၊ မဇ္ဈိမဉ္စ- သန်းကောင်ယံ ကိစ္စလည်းကောင်း၊ ဣတိ - ဤသို့ ပဉ္စဝုဋ္ဌကိစ္စံ - ဘုရားတို့၏ ကိစ္စငါးပါးတို့ကို သဒါ- မပြတ်မလပ်၊ ကရံ- ပြုတော်မူတတ်သော မြတ်စွာဘုရား သခင်ကိုယ်တော် မြတ်ကြီးကို၊ အဟံ-တပ္ပည့်သည် နမေ နမာမိ သဒ္ဓါမြတ်နိုး ဦးညွှတ်ကျိုး လျှက် ရှိခိုးပါ၏ အရှင်မြတ်ကြီးဘုရား၊

ကာမဂုဏ် - (၅) ပါး

(၇) ရူပသဒ္ဒ ဂန္ဓရသာ ၊ ဖောဋ္ဌဗ္ဗာစ မနောရမ္မာ ။
ပဉ္စကာမ ဂုဏေ ဟိတွာ ခေဠံဝ နိဂ္ဂတံ နမေ၊

ရူပါစ- အဆင်းဟူသော ရူပါရုံတို့ လည်းကောင်း၊ သဒ္ဒါစ အသံဟူသော သဒ္ဒါရုံတို့ လည်းကောင်း၊ ဂန္ဓာစ- အနံ့ဟူသော ဂန္ဓာရုံတို့ လည်းကောင်း၊ ရသာစ- အရသာဟူသော ရသာရုံ တို့ လည်းကောင်း၊ ဖောဋ္ဌဗ္ဗာစ - အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံတို့ လည်းကောင်း၊ ဣတိ- ဤသို့ ပဉ္စကာမဂုဏေ ကာမဂုဏ် တရား (၅) ပါးတို့ကို ခေဠံဝ- တံထွေးပေါက်တဲ့သို့ ဟိတွာ-စွန့်တော်မူ ၍ နိဂ္ဂတံ- တောထွက်တော်မူတတ်သော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အဟံ တပ္ပည့်သည် နမေနမာမိ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ခြောင့် - (၅) စင်း

(၈) ရာဂသလ္လံ ဒေါသသလံ မောဟောမာနောစဒိဋ္ဌိတိ ဝနေ့ ဝိဗ္ဗာတိ ဝိဇ္ဈိတ္တံ၊ ပဉ္စသလ္လ ပဗ္ဗူဒံ ။

ရာဂသလ္လဉ္စ- ရာဂဟူသောခြောင့် လည်းကောင်း၊ ဒေါသသလ္လဉ္စ- ဒေါသဟူသောခြောင့် လည်းကောင်း၊ မောဟောစ- မောဟဟူသောခြောင့် လည်းကောင်း၊ မာနောစ - မာနဟူသော ခြောင့်လည်းကောင်း၊ ဒိဋ္ဌိစ- ဒိဋ္ဌိဟူခြောင့်လည်းကောင်း၊ ဣတိ- ဤသို့ ၊ ပဉ္စသလ္လ ပဗ္ဗူဒံ- ခြောင့်ငါးစင်းကို အကြွင်းမဲ့နှုတ်တော်မူသော၊ ဝိဇ္ဇာတဝိဇ္ဈိတ္တံ- သံမားတကာတို့ထက်လွန်မြတ်သော သမားတကာတို့ကို အစိုးရတော်မူပြီးသော၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ- ရှိခိုးပါ၏ အရှင်ဘုရား။

နီကာယ် (၅) ပါး

(၉) ဒီဃော မဇ္ဈိမ သံယုတ္တော၊ အင်္ဂုတ္တရောစခုဒ္ဒကော ။
ဣတိ ပဉ္စနိကာ ယေဟိ၊ သုဝိနေတွံ ပဗံ နမေ ။

ဝိနယာစ - ဝိနယနိကာယ် လည်းကောင်း၊ မဇ္ဈိမ သံယုတ္တေ၊ မဇ္ဈိမနိကာယ် သံယုတ္တနိကာယ်လည်းကောင်း၊ အင်္ဂုတ္တရေစ အင်္ဂုတ္တရနိကာယ်လည်းကောင်း၊ ခုဒ္ဒကေစ - ခုဒ္ဒကနိကာယ် လည်းကောင်း ဣတိ - ဤသို့၊ ပဉ္စနိကာယေဟိ နိကာယ်ငါးပါးတို့ဖြင့်၊ ပဋ်-လှနက်ဖြာသတ္တဝါတပေါင်းတို့ သုစိရေနှ -ကောင်းစွာ ဆုံးမတော်မူတက်သော မြတ်စွာဘုရား၊ သခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ-ကျွန်ုပ်သည် နမေ နမာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှစ်ခိုးပါ၏ အရှင်ဘုရား ။

စကျု- (၅) ပါး

(၁၀) ဝုဒ္ဓစက္ခု သမန္တာစ၊ ဉာဏ်ယံ ဒိဗ္ဗစက္ခုစ ။

မံသေဟိ ပဉ္စစက္ခုဟိ၊ ပဿာဝိမါရဇိ နမေ။

ဗုဒ္ဓ စက္ခုစ ဗုဒ္ဓစက္ခုလည်းကောင်း၊ သမန္တာစ-သမန္တစက္ခုလည်းကောင်း၊ ဉာဏစ-ဉာဏ စက္ခုလည်းကောင်း၊ ယံဒိဗ္ဗစက္ခု-အကြင်ဒိဗ္ဗစက္ခုလည်းကောင်း၊ မံသာစ-မံသစက္ခုလည်းကောင်း၊ ဣတိ-ဤသို့၊ ပဉ္စစက္ခုဟိ စက္ခုငါးပါးတို့ဖြင့် ပဿာဝိလောကကို ကြည့်လေ့ရှိတော်မူသော၊ မာရဇိ-ငါးမာန်အောင်မြင်မြတ်ဘုရား သခင်ကိုယ်တော် မြတ်ကြီးကို၊ အဟံ-ကျွန်ုပ်သည် နမေနမာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဝသီတော် - (၅) ပါး

(၁၂) အာဝဇ္ဇနာ သမာ ပဇ္ဇံ၊ အဓိဋ္ဌာနဥ္စဝုဋ္ဌာနံ၊

ပစ္စဝေက္ခံ ပဉ္စဝေတာဟိ၊ ရှုစိ ဝသိကာရံ နမေ ။

အာဝဇ္ဇနာစ- အာဝဇ္ဇနဝသီလည်းကောင်း၊ သမာပဇ္ဇဥ္စ- သမာပဇ္ဇနဝသီ လည်းကောင်း၊ အဓိဋ္ဌာနဥ္စ- အဓိဋ္ဌာနဝသီ လည်းကောင်း၊ ဝုဋ္ဌာနဥ္စ-ဝုဋ္ဌာနဝသီတော်လည်းကောင်း၊ ဝုပစ္စဝေက္ခဥ္စ၊ ပစ္စဝေက္ခဏာ ဝသီတော်လည်းကောင်း၊ ဣတိ-ဤသို့၊ ပဉ္စဝေတာဟိ- ထိုငါးပါးသောဝသီတော်တို့ဖြင့် ရှုစိရံ- အလိုတော်ရှိတိုင်း ဝသီတရဲ လေ့လာခြင်းကိုပြုတော်မူတက်ပေသောမြတ်စွာဘုရား၊ သခင်ကိုယ်တော် မြတ်ကြီးကို၊ အဟံ-ကျွန်ုပ်သည် နမေ နမာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှစ်ခိုးပါ၏ အရှင်ဘုရား ။

ယောက်ျားမြတ် အား - (၅) ပါး

(၁၃) ဗာဟုသော ဇာတိဘောဂဥ္စ၊ အမစ္စဥ္စ ပညာဗလံ ။

ဣတိ ပဉ္စမဟာဗလံ၊ အဂ္ဂံ သိရံ နမော။

ဗာဟုသောစ- လက်ရုံးအားလည်းကောင်း၊ ဇာတိစ အမျိုးအနွယ်အားလည်းကောင်း၊ ဘောဂဥ္စ- စည်းစိမ်အားလည်းကောင်း၊ အမစ္စ- မှူးမတ်အား လည်းကောင်း၊ ပညာဗလံ ပညာတည်းဟူသော အားလည်းကောင်း၊ ဣတိ-ဤသို့၊ ပဉ္စမဟာဗလံ - ငါးပါးသော ယောက်ျားမြတ်တို့အားနှင့်ပြည့်စုံတော်မူသော ပုဂ္ဂိုလ်တို့ထက်၊ အဂ္ဂပတ္တံ အထွတ်အမြတ်သို့ရောက်တော်မူသောဇိနံ-ငါးမာန်အောင်မြင် မြတ်ဘုရား၊ သခင်ကို၊ အဟံ-အကျွန်ုပ်သည် နမေနမာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သုတော်ကောင်း အား - (၅) ပါး

(၁၄) သဒ္ဓါဝီရိယံ သတိဗလံ၊ သမာဓိဉာဏဗလံ ဣတိ ။

ပဉ္စ သမ္ပန္နိသော၊ ဟေတာ၊ သဒ္ဓါ ပုဏ္ဏံ ဇိနံ နမေ ။

သဒ္ဓါစ-သဒ္ဓါဗလ လည်းကောင်း၊ သတိဗလာဥ္စ သတိဗလ လည်းကောင်း၊ သမာဓိစ- သမာဓိဗလ လည်းကောင်း၊ ဥာဏဗလဥ္စ- ဥာဏဗလ လည်းကောင်း၊ ဣတိ-ဤသို့ ပဥ္စသာမ္ဘရိ သေဟိ ဘုတော်ကောင်းတရား ငါးပါးတို့နှင့် သဒါ- အခါခတ်သိမ်း၊ ဗုဒ္ဓံ - ပြည့်စုံတော်မူပြီးဖြစ်သော၊ စေတိမံ- မြတ်စွာဘုရား သခင်ကိုယ်တော် မြတ်ကြီးကို၊ အဟံ-အကျွန်ုပ်သည် နမေနမာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သံဝေဂတရား - (၅) ပါး

(၀၅) သီလသတိ ဥာဏံ၊ ခန္တိ၊ တဿ ဝိရိယ သံဝေဂေ ။
ပဥ္စသံဝရ သမ္ပုဏ္ဏာ၊ နမာမိ လောက. နာယက ။

သီလ- သီလသံဝရ လည်းကောင်း၊ သတိ- သတိသံဝရ လည်းကောင်း၊ ဥာဏံ-ဥာဏ သံဝရ လည်းကောင်း၊ ခန္တီ-ခန္တိသံဝရလည်းကောင်း၊ တဿ-တို့နှင့် အငြ ၊ ဝိရိယသံဝေရာ ဝိရိယ သံဝရ လည်းကောင်း၊ ဣတိ- ဤသို့ ပဥ္စသံဝေရ သမ္ပုဏ္ဏံ ငါးပါးသော သံဝရ တရားကျေးဇူးများနှင့် ပြည့် စုံတော်မူသော လောကနာယက -လူသုံးဦးတို့၏ ,အမှူးဥတ္တမ အမြတ်ဖြစ်တော်မူသောမြတ်စွာဘုရား၊ သခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ- အကျွန်ုပ်သည် နမေနမာမိ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

ဝိမုတ္တိတရား - (၅) ပါး

(၀၆) တဒင်္ဂ ဝိက္ခမ္ဘနဥ္စ ၊ သမုစ္ဆေဒ နိဿရဏံ ။
ပဋိ ပဿမ္ဘာနံ၊ ဝိမုတ္တိတံ သဒါနမေ ။

တဒင်္ဂဥ္စ - တဒင် ဝိမုတ္တိလည်းကောင်း၊ ဝိက္ခမ္ဘာ-ဝိက္ခမ္ဘန ဝိမုတ္တိ လည်းကောင်း၊ သမုစ္ဆေ ဝိမုတ္တိစ၊ သမုစ္ဆေဒဝိမုတ္တိလည်းကောင်း၊ နိဿရဏဥ္စ- နိဿရဏ ဝိမုတ္တိလည်းကောင်း၊ ပဋိပဿမ္ဘာနဥ္စ ပဋိပဿမ္ဘာန ဝိမုတ္တိလည်းကောင်း၊ ဣတိ - ဤသို့ ၊ သဒါ အခါခပ်သိမ်း၊ ပဥ္စမုတ္တိ ကံငါးပါးသော ဝိမုတ္တိကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ - အကျွန်ုပ်သည်၊ နမေနမာမိ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

မိုးသောက်ယံအချိန် လွန်မြောက်၍ နံက်ခင်း (၉) နာရီရောက်သော အခါမဟာဗောဓိ ဘုရား တော်တွင် (၉) ရက်တိတိ အဓိဋ္ဌာန် စိတ်ပွားခဲ့တာအောင်မြင်သည့် အထိမ်းအမှတ်ဟုဖြစ် ပရိတ်တော်များ ဂါထာ မန္တာန်များရွတ်ပြီး မေတ္တာပို့အမျှဝေ၍ ဆုမြတ်များ တောင်းဆိုပြီးလျှင် ငါးပါးမြင် ကနမဟာ့ရှိခိုးလိုက်၏ သတ်ဝါးဖြန့်ပြီးရှိခိုးသော အောက်ကခုံးပြီး မိုမောက်၍ ခံနေသော အရာဝတ္ထုကို ယူလိုက်၏ အဝ ၂ လက်မ၊ အမြင့် ၂ လက်မလောက်ရှိသော ကြေးကြုပ်ကလေးဖြစ်နေ၏။ ဖွင့်ကြည့်လိုက်တော့ရုပ်ပွားတော် မြတ်ကလေးနှင့် ဓါတ်တော် (၃)ဆူ ငွေရောင်အဆင်းရှိသောသဲနှင့် ရောနေသောအောင်မြေတို့ကိုရ၍ ဂါထာရကျိုးနပ်ပြီ၊ အဓိဋ္ဌာန်လည်း အောင်မြင်ပြီဟု ပီတိဖြစ်ခါ အနိမိသဌာနသို့ အဓိဋ္ဌာန် (၉) ရက်ဝင်ရန်လာခဲ့သည်။ ဤနေရာတွင် အနိမိသ သတ္တာဟအကြောင်းကို အကျဉ်းပေါ်ပြအံ့။ မျက်လုံးတော်ကိုမမှိတ်ဘဲ ဗောဓိပင်နှင့် အပရာဇိတပလ္လင်တို ရှုးရှုးစိုက်စိုက်ကြည့်၍ နေတော်မူသောခုနစ်ရက်ကို အနိမိသသတ္တာဟဟုခေါ်သည်၊ ထိုသို့မြတ်စွာဘုရား သခင်သည်ဘုရား ဖြစ်ပြီးနောက် ခုနစ်ရက်ပတ်လုံး၊ အပရာဇိတပလ္လင်တော်၌ တင်လျှင်နေမှုကို မြင်အဲ

တထိုင်တည်းဖြင့် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူ၍ ခုနစ်ရက်ပြည့်မြောက်သောအခါ ရှေးဘုရားတို့ လက်ထက်ကမင်ဖိုလ်ရခဲ့သဖြင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးထေ့ကို တစိတ်တဒေသသိရှိတော်မူကြသော အနိယာနတ်ဗြဟ္မာတို့မှတပါး အချို့သောပုထုဇဉ် နတ် ဗြဟ္မာတို့၏ သဗ္ဗညုမြတ်စွာဘုရားသည် ယခုထက်တိုင်ပင် ပလ္လင်တော်ထက်မှ ထတော်မမူသေးပေ၊ ယခုရရှိသော ဂုဏ်ကျေးဇူးတော်မှတပါး အခြားသောဘုရားဖြစ် စေနိုင်သည့် ဂုဏ်ကျေးဇူးတော်တို့ ရှိများရှိသေးသလားဟုယုံမှားမှု ဖြစ်ပေါ်လာလေသည်၊ ထိုအခါ မြတ်စွာဘုရားသည် ရှစ်ရက်မြောက်သောကဆုန်လပြည့်ကျော် ရှစ်ရက်နေ့၌ အရဟတ္တဖိုလ်သမာပတ်မှ ထတော်မူ၍ နတ် ဗြဟ္မာတို့၏ ယုံမှားမှုကိုသိရှိတော်မူကာ ယုံမှားမှုကိုပယ်ရှားတော် မူတဲ့သောငှာ ကောင်းကင်သို့ ပျံတက်၍ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်၊ မြတ်စွာဘုရားသည် ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူ၍ နတ်ဗြဟ္မာတို့၏ ယုံမှားမှုကို ပယ်ရှားတော်မူပြီးလျှင် ကောင်းကင်မှ ဆင်းသက်တော်မူ၍ အပရာဇိတ ပလ္လင်တော်မှ အရှေ့မြောက်ထောင့် တနေ့ခံနေ့ဆောင့် အရပ်၌ မတ်မတ်ကြွနိုင် ရွှေတုဂုဏ်တိုင်ကဲ့သို့ရပ်တော်မူပြီးလျှင် "ငါသည် ဤအပရာဇိတ ပလ္လင်တော်၌ သဗ္ဗညုတ ရွှေညဏ်တော်ကို ရအပ်လေပြီတကားဟု" စဉ်းစားတော်မူကာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ဆည်းပူးတော်မူခဲ့သော ပါရမီတော်တို့၏ အကျိုးဖြစ်သည်၊ အရဟတ္တ မဂ်ညဏ် သဗ္ဗညုဟုဉာဏ်ကိုရတော်မူရာ အပရာဇိတပလ္လင်တော်နှင့် မဟာဗောဓိပင်ကို မျက်လုံးတော် မမှိတ်ပဲကြည့် ရှုလျက် ခုနှစ်ရက်ကို လွန်စေတော်မူသည်၊ ဤနေရာကို အနိမိသစေတီဟူ၍ အမည်တွင်လေသည်၊ ဤ အနိမိသဌာနတွင် ခံနက် (၇) နာရီထိုးအချိန် ရေတော်၊ ပန်းတော်၊ နံ့သာတိုင်များ၊ မုန့်၊ ဆွမ်းများ ကပ်လှူပြီး မှတ်တမ်းရေးလိုက်သည်၊

၁၃၁၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်တရက်၊ ဗုဒ္ဓဟူးနေ့၊ (၁၉၅၅၊ နိုဝင်ဘာ ၃၀ ရက်) နံက်(၇) နာရီမှ သုဂတော (၅) ချက်၊ တနေ့ (၁၁၈) ပါတ် ၊ အမိဋ္ဌာန် စစိပ်၏၊ပုတီး (၂၄) ပတ်ရလျှင်နာရီကြည့်လိုက်သည်၊ နေ့ (၁၀) နာရီနှင့် (၁၀) မိနစ်ရှိနေ၏၊ ထို့ကြောင့် အနိမိသစေတီတော်ကို ကျွန်ုပ်ကပ်လှူထားသောရေတော်များ ဖျပါတီနှင့် ပဲနံပြားတို့ ကောက်ပြီး နေ့ဆွမ်းအလို့ငှာ စားနေစဉ် ကုလားမလေး တစ်ယောက်လာပြီးငှက်ပျောသီး (၀) ဖီးလာလှူ၏၊ ဖီးကြမ်း ငှက်ပျော်သီးအမှည့်ဖြစ်၏၊ အဖီးလိုက် အနိမိသစေတီကို တင်လှူထားလိုက်သည်၊ စားပြီးလျှင် ပုတီးစိတ်နေသည်၊ ညနေခင်း အနိမိသစေတီကို လာဖူးသည်၊ သူများတကျွန်ုပ် ပုတီးစိတ်နေသော နေရာအနီးတွင် ဝတ္တုများ လှူသွားကြ၏ ၊ အားလုံးပေါင်း ရူပီ (၁၀၅) ရှိ၏၊ ပုတီးအပတ် ( ၆၀ ) ရလျှင် နာရီ ကြည့်လိုက်သည်၊ ည (၁၀) နာရီ(၅)မိနစ်ရှိနေ၏၊ပုတီးပတ် (၈၄) ပတ်ရ၏ အနိမိသမှာပုတီးစိတ်ရသည်မှာ လွတ်လပ်၏ လူအလာနည်း၏၊ ဘုရားတံခါးပိတ်တာလည်းမရှိ၍ ဆက်စိတ်သည်၊ ည(၂) နာရီထိုးလျှင် (၂၄) ပတ်ရ၏ အမိဋ္ဌာန် (၁၀၈) ပတ်ပြီး၏၊ သုတဝန္ဒနာ ဂါထာ ငါးပါးတွဲ ခြောက်ပါးတွဲ ဆက်စိတ်သည်၊ မိုးသောက်ယံပိုင်း (၄) နာရီ(၁၀) မိနစ်မှာ (၁၈) ပိုဒ်ပြီး၍ အနိမိသစေတီတနေ့ခံနေ့ဆောင် အိနပ်တော်ဗိုဇ် ထိုင်ရင်း မေးတိပ်လိုက်၏ နံနက် (၆)နာရီမှနိုး၍ မုန္တလိနွာတိုင် မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး၊ ရေတော်ဝတ် အနိမိသကပ်ပြီးဘုရား ကန်တော့ ပရိတ်ယူ၍ အမိဋ္ဌာန်ပုတီးစိပ်၏၊

မှတ်ချက်- ထူးခြားသော အတွေ့အကြုံရှိလျှင် ရေးမှတ်သွားပါမည်၊ သုတဝန္ဒနာ ဂါထာများကို တရက်စိပ်ပြီး

အပိုင်များတို့ ၎င်းရက်တွင် မပေါ်ပြတော့ပဲ နောက်ဆုံးမှ ပြတော့မည်။ မှတ်တမ်းကို ဆက်လက် ဖတ်စေလိုသော ဆန္ဒကြောင့်ဖြစ်သည်။

(၆) နံနက်ပိုင် (၂၄) မှစ်ပြီး၏ ညနေပိုင်းညပိုင်း (၈၄) မှစ်၊ ပေါင်း (၁၀၈) ပတ်ပြီး၏ (၆) ဝါးတွဲဝါထာ(၉) ပုဒ်(၉) ပါတ်ဆက်စိပ်- နက် (၃)နာရီမှ ပြီး၏ ၁၃၁၇ တန်ဆောင်မုန်းလဆွပ် (၂) ရက်၊ ကြာသာပတေးနေ့ ဒုတိယအကြိမ် ၊ တန်ဆောင်မုန်းလဆွပ် (၃) ရက် သောကြာနေ့ တတိယအကြိမ်၊ ၎င်း (၄) ရက်နေ့ စနေနေ့ စတုတ္ထအကြိမ်၊ ၎င်း (၅)ရက် တနင်္ဂနွေနေ့ ပဥ္စမအကြိမ်၊ ၎င်း(၆)ရက် တနင်္လာနေ့ ဆဋ္ဌမအကြိမ် ၎င်း(၇)ရက် အင်္ဂါနေ့ သတ္တမအကြိမ်၊ ၎င်း (၈)ရက်၊ ဗုဒ္ဓဟူးနေ့ အဋ္ဌမအကြိမ် အာရုံဦးမိုးသောက်ယံ အချိန်တွင် မှန်သီရှာ တိုင်မျက်နှာသစ်ဘုရားအတွက်ရေတော်ခပ်ပြီးပြန်လာရာ (၁၅) တောင်လောက်ရှည်ရှည် နက်နက်ကြီး လမ်းရှေ့က ဆီးနေ၏၊ ထိုအရာဘာလဲဟု သေသေချာချာကြည့်တော့ မြွေကြီးဖြစ်နေသည်၊ ထို့ကြောင့် ကျွန်ုပ်က မေတ္တာဖြင့် အသင်မြွေမင်း ကျွန်ုပ်နှင့် အသင်တို့သည် ဘဝများစွာ သံသရာက ဆွေမျိုးများတော်ကြပါသည်၊ ဓောင်နှစ်မ သားချင်းတရင်း များသာဖြစ်ပါသည်၊ အသင်လည်း အသင့်လမ်းကို သွားပါလေ ဖယ်ရှား၍ပေးပါလေဟု ပြောလိုက်လျှင် မီးဒိုးလုံးကြီးထပြီးပျောက်သွားတော့သည်၊ ကျွန်ုပ်လည်း အနိမိဿသို့ဆက်လာခဲ့၏ ဘုရားသို့ရောက် လျှင်ရေတော်တပ်ပြီးမှတ်တမ်းရေး ပရိတ်ယူ၍ ပုတီးတမိဋ္ဌာန်စိပ်တော့သည်၊ သုဝဏ္ဏ(၅)ချက် ပုတီး(၁၈) ပါတ်ရလျှင် လက်များတင်းကြပ်နေ၍ ပုတီးမစိပ်နိုင်ဖြစ်နေသည်၊ စိတ်ထဲက ငါ့ကိုတော့ နှောက်ယှက်ပြန်ပြီ သူတို့နှောက်ယှက်တာ ရုပ်သာနှောက်ယှက်နိုင်မည်၊ နမ်ကိုတော့ ဘယ်လိုနည်းနှင့် မှမနှောက်ယှက် နိုင်အောင် သတိကို မြဲစွာထားပြီး သုဝဏ္ဏ(၅) ချက် ဂါထာကိုအဆက်မပြတ် စိတ်ထဲကနေရွတ်နေ၏၊ ဘုရားကို အထူး သာရုံပြုပြီး ရွတ်နေ၏၊ ထိုသို့ရွက်ပွားနေတာ (၁၅) မိနစ်ခန့်ကြာတော့ တုံးတုံးဆိုသော အသံကြီးများကြားပြီး ကျွန်ုပ် ကိုယ်လက်တို့ ဝတတိအတိုင်းကောင်းလာ၍ ပုတီးစိပ်နိုင်လာသည်၊ ကျွန်ုပ်ပုတီး (၃၂) ပတ်ရတော့ အနိမိဿစေတီကိုပတ်ပြီး စိတ်ရန်ထလာသည်၊ စေတီ၏ ရာဟုထောင့်ရောက်လျှင် (၂)ပေလောက်ရှိသော မြွေသေကောင်၊ ကင်းလိပ်သေကောင်၊ တောက်တတ်သေကောင်၊ ပုတ်သင်ညိုသေကောင်(၃)ကောင် တို့တွေ့ ရလေ၏၊ ငါ့နှောက်ယှက်ကြသော နာနာဘာဝတွေ ရုပ်ပြောင်း၍ သေနေကြပြီလို့ အောက်မေ့ပြီး ဘုရားဝတ် ပုတီးစိတ်နေ၍ (၁၀) ပတ်စိပ်ပြီးတော့ နာရီကြည့်လိုက်သည်၊ နေ့လည် (၁၁)နာရီ ထိုးနေ၏၊ ထို့ကြောင့် အစိတ်စုံးထဲတွင်ရှိနေသော ချပါတီနံပြား အကြော်များကို နေ့ဆွမ်းစားလိုက်သည်၊ ပြီးလျှင် ဦးဥတ္တမ ကျောင်းသွားရေချိုး၍ ပြန်လာပြီး အနိမိဿစေတီမှ မဟာဗောဓိဘက်လှည့်၍ ပုတီးစိတ်နေ၏၊ မိုးလေ ကတုံ့နေ၍ ပုတီးပတ် (၃၀) ပတ်ရတော့ နာရီကြည့်၏ ညနေ(၄) နာရီထိုးနေ၏ အနိမိဿစေတီကို ပတ်၍စိတ်နေပြန်၏၊ (၄) ပါတ်လောက်ရတော့ စနေထောင့်မှ ကင်းခြေများ တွန့်တွန့်နှင့်ပွား၍ကျွန်ုပ် ဆီလာနေ၏၊ ကင်ခြေများကြီး၏ အရှည် (၆) ပေလောက်ရှိ၍ အလုံးလက်ကောက်ဝတ်လောက်ရှိ၏၊ ကျွန်ုပ်စိတ်ထဲတွင် သူကိစ္စသူလုပ်တာပဲ ငါလဲ ငါ့ပုတီး ငါမဖျက်စေရာင်စိတ်ဖို့ဘဲဆိုပြီး စိပ်နေ၏၊ အနိမိဿစေတီအင်္ဂါထောင့် ကျွန်ုပ်ရောက်သွားလျှင် ကင်းခြေများကြီးလည်း အင်္ဂါထောင့်ရောက်နေ၏၊ ကျွန်ုပ်ဂရုမစိုက်ဘဲ ပုတီးစိပ်နေ၏ ဘုရားကို (၃) ပတ်လောက် ပတ်စိပ်ပြီးသော်လဲ ကင်းခြေများက အင်္ဂါထောင့်ရှိနေတုံးဖြစ်၏၊ မှောင်နီပျိုးလာ၍ ဗောဓောဓိစေတီတော်ဘက်မှ

ခ်ီးလင်းနေ၏၊ လူသွားလမ်း တွေလည်း မီးလင်းနေ၏ အနိမိသစေတီတော်ကို အလင်းရောင်များရ၏ အနိမိသစေတီကို (၂၇) ပတ် ပတ်ပြီး အနောက်မျက်နှာမှ နေ၍မဟာဗောဓိစေတီကို မျက်နှာမူပြီးထိုင်လျှက် ပုတီးစိပ်နေ၏၊ ပုတီးပတ် (၁၀၀) ရတော့ ည (၁၀) နာရီခွဲနေ၏၊ ပိဋကတနစ်ချုပ်သုတဝန္နာနာဂါထာ များဆက်စိပ်နေ၏၊ ည (၂) ချက်ထိုးလျှင် ဂါထာ(၃)ပိုဒ် (၉) ပုဒ် ပြီးသွား၏၊ အနိမိသစေတီ တနင်္ဂနွေဓိနပ်မှာမှီပြီး ထိုင်လျှက်မှေး အိပ်လိုက်၏ အိပ်လို့မပျော် တမျော်ရှိသေး-အနှစ် (၁၀၀) ကျော်လောက်က ယခုဆရာတော် ဦးဥတ္တမကျောင်း နေရာနှင့် မလှမ်းမကမ်းမှာနေသောဘိုးသုမန ရှကွန့်ိုးကြီးက "ဦးပဥ္စင်းလေး ဦးပဥ္စင်းလေး ဟင်မအိပ်နှင့် နိုးသောက်လျှင် ကိုးရက်မြောက်ဖြစ်၍ ဒီနေရာက အဓိဌာန်အောင်ပြီ ဒီသတ္တမဌာနမှာ ဒုတိယသတ္တာဟ ဤအဓိဌာန်ရယ်၊ ဆဌမသတ္တာဟမုစ္စလိန္ဒာရယ်အဆိုးဆုံးပဲ ဦးပဥ္စင်းလေး၊ ဝရလောကသားတွေ မနှောက်ယှက် နိုင်အောင်- နှောက်ယှက်လို မရအောင် ဒီဂါထာများ လည်းတပါတ်စီ စိပ်၊ ရော့ရော့ ဟုဆိုကာ စေကာရွက်တချပ် ပေးသွား၏၊ ၎င်းဂါထာများက အောက်ပါအတိုင်း ဖြစ်၏ -

(၁) ဣစ္ဆဿ ဗုဒ္ဓဿ နိဗ္ဗုတဗုဒ္ဓဿ
မဟာပညော အာနန္ဒာဝေါ၊
သဟဿ သီဝေ သဟဿကာယေ။
ဝိဇ္ဇာဓာရာ မေ ဓာယန္တိ

ဘုရားငါးဆူစျာန်ဝင်းပါး ဂါထာ

(၂) ဣစ္ဆဿ ဗုဒ္ဓဿ နိမိတ္တံ၊ ဝေမာဏာဗုဒ္ဓော။
မဟာ ပညောအာနန္ဒာဝေါ၊ သဟဿ ။
သီဟဿကာယေ၊ သဟဿ။
ဟတ္ထော၊ သဟဿပါဒေ၊ သုဝဏ္ဏဝဏ္ဏော ။
ဝိဇ္ဇာဓာရာမေ ဓာယန္တိ ။

(၁) သိန္ဓိဘဝဝါ အရဟံ ဗုဒ္ဓေါမေ သတ္တပါကာရံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ။
(၂) သိန္ဓိဘဝဝါ အရဟံ ဓမ္မေါမေသတ္တပါကာရံ ဓမ္မံသရဏံ ဂစ္ဆာမိ ။
(၃) သိန္ဓိဘဝဝါ အရဟံ သံဃောမေ သတ္တပါကာရံ သံဃံသရဏံ ဂစ္ဆာမိ ။

တနင်္ဂနွေသားဘုရားများ

(၁) မေဓင်္ကရောသောဘိတော၊ ပိယဒဿီသိခိဝိနော၊
ရုဗိဝါဒေရာဘိဓာတာ ၊တေနမသာမိသာဒရံ ။

တနင်္လာသားဘုရားများ

(၂) သရဏင်္ကရော နောမာဝ၊ အတ္ထဒဿီစ ဝေဿဘူ ။
ဓမ္မဝါဒေ အတိဓာတာ ၊ တေနမသာမိသာဒရံ ။

အင်္ဂါသားဘုရားများ

(၃) ဝိပက်ရောပဒုမောစ၊ ဓမ္မဒဿီ နရုတ္တမော ။
ကကုသန္ဓော အဘိဇာတာ ၊ တေနမဿာမိသာဒရံ ။

ဗုဒ္ဓဟူးသားဘုရားများ

(၄) ကောဏ္ဍညောနာရဒရေဝတော၊ သိဒ္ဓတ္ထောကဿပေါ ဝမနော၊
ဗုဒ္ဓဝါရေအဘိဇာတာ ၊ တေနမဿာမိသာဒရံ ။

ကြာသပတေးသားဘုရားများ

(၅) မင်္ဂလောပဒုမုတ္တရော ၊ တိဿောနာဂေါကောဏာဂမော ။
ဂုရုဝါရေ အဘိဇာတာ၊ တေနမိသာဒရံ ။

သောကြာသားဘုရားများ

(၆) သုမေဓောသုမနော ဝိပဿီ၊ ဝိသဘူနောစဂေါတမော ။
သုက္ကဝါရေအဘိဇာတာ၊ တေနမဿာမိသာဒရံ ။

စနေသားဘုရားများ

(၇) တဏှင်္ကရော ရေဝတောစ ၊ သုဇာတော စပိပဿီတော ။
သောရီဝါ ရေ အဘိဇာတာ ၊ တေနမဿာမိသာဒရံ ။

အားလုံးနေ့သား ဘုရားရှင်တို့နောက်က ဆုတောင်းထည့်ရန်ဂါထာ

နဝေနာဝနန ကမ္မေန၊ ဝေါရုဏာတ်
ဝိနဿတု၊ ဓတ္တုဗုဒ္ဓတေဇေန ၊ သခါသုခိဘဝတုမေ ။

ဘုရားရှင်ဂါထာအနက်ကလွယ်၏ ဆုတောင်းဂါထာ အနက်ကိုသာရေးလိုက်မည်။နဝေ နာဝနန ကမ္မေန - ထိုသို့ ရှိခိုးရသော စေတနာကံကြောင့် ဝေါရုဏာ - ရှေးကဖြစ်ခဲ့ဖူးခဲ့ဘူးသော၊ အကုသိုလ် ဟူသမျှ တံခြင်းကံ စသည် ဝိနဿတု - မီးမှာ ကျရောက်မိရှုစေ့ မပေါက်နိုင်သလို ခန်းခြောက်၍သော ဖျက်စီးပပျောက်နိုင်စေ သတည်း၊ ဓတ္တုဗုဒ္ဓတေဇေန ထိုလေးဆူကုန်သော (တနင်္ဂနွေနေ့ဘွား၊ တနင်္လာနေ့ဘွား၊ အင်္ဂါနေ့ဘွား၊ ဗုဒ္ဓဟူးနေ့ဘွား၊ ကြာသပတေးနေ့ဘွား၊ သောကြာနေ့ဘွား စနေ နေ့ဘွား ) ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ တန်းခိုးတေဇော် အာနုဘော်ကြောင့် မေ တပည့်တော်အား၊ သခါ- အရာခပ်သိမ်း၊ သုခိအေးချမ်းခြင်း သို့ရောက်သည်။ ဘဝတု ဖြစ်ပါစေသတည်း ရုတ္တစိုးကြီးပေးသွားသော ဂါထာများကို တပါတ်စိတ်၏(၁၂)ပုဒ်ရှိ၏၊ (၁၂) ပါတ်ပြီးသွား၏။ နာရီက အာရုံဦး (၄) နာရီထိုး၍ သစိတ်ယူပြီး ပုဥ္ဇလိနှာသွား၊ မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး သောက်တော်ရေ သစိတ်ယူ အနိမိဿစေတီတော်ကပ်လျှ မှတ်တမ်းရေးလိုက်၏။

၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်းလဆွပ် (၉)ရက် ကြာသပတေးနေ့ (၁၉၅၅၊ ဒီဇင်ဘာ ၈ ရက်) သုဂတော ဝါးချက်နဂမတကြိမ် တစ်ဌာနစိပ်ခြင်း မဟာဗောဓိစေတီကို မျက်နှာမူ၍ အနိမိဿစေတီဘိနပ်တော် တောင်ဘက်တနေ စိတ်နေ၏၊ ပုတီး(၁၀)ပါတ် ရသောအခါကျောကို မီးနှင့်ထိုးသလို ပူ၍စေတီတော်နှင့် ကျောနှင့်ခွာပြီး နောက်ကို တစ်ထောင်လောက်ဆုတ်ကာ တောင်မျက်နှာမူစိပ်နေ၏ (၁၈)ပါတ်လောက်ရသောအခါ

ဝိုးလိုဝူသော အနိမိသစေတီ စနေထောင့်က ဝင်းကနဲ ဝင်းကနဲ ဖြစ်ပြီးသဲများ တဖွားဖွားနှင့် ကျလာတာတွေ့ရ၏၊ လတ်နှစ်ဆုပ်စာလောက်ရှိမည်ထင်၏ မနက်(၇) နာရီ ရှိနေ၏၊ ထို့ကြောင့် သဲသဲကွဲကွဲမြင်နေရ၏၊ ကြည့်ရင်း ပုတီးစိပ်နေ၏ ပုတီးပါတ် (၄၀)ပတ်ရလျှင် နေ (၁၁)နာရီထိုး၍ နားပြီး သဲပုံလေးကို သေသေချာချာကြည့်၏၊ ပုလဲအဆင်းရှိသော ဓါတ်တော် (၃)ဆူ တွေ့ရ၏၊ထို့ကြောင့် ယခင်မဟာဗောဓိမှ ရရှိခဲ့သော ကြုပ်ထဲမှာဓါတ်တော်ကို ထည့်ထားလိုက်သည်၊ သဲများကို သေသေချာချာကြည့်တော့ ရွှေရောင်အဆင်းရှိသော မြေနှင့်ရောလျှက်တွေ့ရသည်၊ အောင်မြေစစ် မစစ် အဓိဋ္ဌာန်ကြည့်လျှင် စစ်ကြောင်းသိရ၏။ ထို့ကြောင့် လတ်ကိုင်ပဝါနှင့်ထုပ်ပြီး သေချာစွာအိတ်ထဲထည့်ထား၏၊ နေ့ဆွမ်းစားပြီး ပုတီးစိပ်၏၊ ထိုင်စိပ်လိုက် ထစိပ်လိုက်နှင့် ည(၁၂) နာရီထိုးလျှင် အပတ်(၆၀)ရသည်၊ နံနက်စိပ်သော(၄၀)ပါတ်နှင့် ပေါင်းလျှင် ပုတီးပါတ် (၁၀၀) ရ၏၊ ည (၁)နာရီ (၂၀)မိနစ်မှာ (၈) ပါတ်ရ၍ တနေ့တာပုတီးပါတ် (၁၀၈) ပါတ်အောင်မြင်သွား၏၊ သုတဝန္တနာဂါထာ (၉) ဝုစ်နှင့် (၉) ပါတ်စိပ်၏ ည (၂) ချက်တီး (၃)နာရီမှာ ပြီးသွား၍ ရက္ခစိုးကြီးပေးသွားသောဂါထာ (၁၂)ဝုစ်စိတ်၏၊ ည (၃)နာရီ မိနစ် (၄၀)မှာပြီး၍ခေတ္တမှေးပြီး အနားယူနေ၏၊ ထိုအခါ အာရုံထဲတွင် ရောင်ခြည်တော် (၆) သွယ်လွှတ်ပြီး ရပ်တော်မူနေသော ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ထင်ရှားစွာဖူးနေရ၏၊ ထိုအာရုံကို မပျောက်အောင် စူးစိုက်ကြည့်ရှုဖူးမျှော်နေ၏ ဖူးလို့ဝဝဖြစ်နေ၏ မဟာဗောဓိမှ ရွက်ဖက်သံများ ထွက်ပေါ်လာတော့မှ ပျောက်သွား၏ ကျွန်ုပ်လည်း မျက်နှာသစ် ကိုယ်လတ်သန့်ရှင်းပြီး မိုးသောက်ယံနက်(၄) နာရီ (၅၀)မိနစ် ရှိပြီဖြစ်၍ ရတနာ စင်္ကြံသို့ အဓိဋ္ဌာန်ဝင်ရန်လာခဲ့၏၊ မဟာဗောဓိပင်နှင့် အနိမိသစေတီ အရှေ့မြောက်(၆၅)တောင်ကွာဝေး၏ မဟာဗောဓိစေတီတော်မြတ်ကြီးမှ မြောက်ဘက် (၂) တောင်ခန့် အကွာတွင် အရှေ့အနောက်အလျား (၄၀) တောင်ခန့် အကွာတွင် တောင်/မြောက် အနံ (၃)တောင် ခန့် အမြင့် (၂) တောင်ခန့်ရှိ၊ တတိယသတ္တာဟဖြစ်သော ရတနာစင်္ကြံဝင်းလွှင်တော်ကို အနောက်ဘက်မှထိုင်ပြီး အရှေ့ဘက်မျက်နှာမူ၍ စင်္ကြံတော်ပေါ် သောက်တော်ရေ သပိတ်တင်ပြီး သောက်တော်ရေကပ်၏၊ အဓိဋ္ဌာန်ဝင်၏၊ ထိခြင်းငါးပါးဖြင့် မှီမိုး ထန်တော့အဓိဋ္ဌာန်ပြုပရိတ် ယူပြီးပုတီးစိတ်ရန် နေရာပြင်မှတ်တမ်းရေးလိုက်၏၊

၁၃၁၇ ခုတန်ဆောင်မုန်းလဆုတ် ၁၀ရက် သောကြာနေ့ (၁၉၅၅၊ ဒီဇင်ဘာ ၉ ရက်) ဖွဲ့မအကြိမ်-သုဝတောအဓိဋ္ဌာန်ငါးချက် ပုတီးစိပ်၏၊ ရတနာစင်္ကြံမှာ စိပ်၏ ရတနာစင်္ကြံမှာလည်း အသစ်/အဟောင်း နှစ်မျိုးရှိ၏အသစ် မှာ အတောင် (၄၀) လောက်ရှည်၏ အထက်ပေါ်၌ ကြာပွင့် (၁၉)ပွင့်ရှိသည်၊ တပွင့် နှင့်တပွင့် တစ်တောင်လောက်ခြားသည်၊ အဟောင်း၌ကြာပွင့် (၁၀)ပွင့်ရှိသည်၊ တပွင့်နှင့်တပွင့် (၄) တောင်လောက် ခြားသည်၊ စင်္ကြံတစ်ခုနှင့်တစ်ခု ကပ်လျှပ်ရှိ၏၊ အဟောင်းကအောက်သောကမင်းကောင်းမှု၊ အသစ်က နောက်ပုဂ္ဂိုလ်များကုသိုလ်ဖြစ်ကြောင်းကို ရက္ခစိုးကြီးဘိုးသုမနပုဂံသားပြော၏၊ ကျွန်ုပ်ပုတီးစိပ် (၆) ပါတ်လောက် ရတော့ ရတနာစင်္ကြံအဟောင်းက အရောင်တွေ တဖြတ်ဖြတ်ထွက်နေ၏၊ ပုတီး (၈) ပါတ်လောက်ရပြန်တော့ ရတနာစင်္ကြံဝင်းလွှင်အသစ်က အရောင်တဖြတ်ဖြတ်ထွက်ပြန်၏၊ ထို့ကြောင့် နှစ်ခုလုံးစေတီထိုက်ကြောင်းသိရ၏၊ ပုတီးအပါတ်ပေါင်း(၄၀)ရလျှင် နာရီကြည့်လိုက်၏၊ နေ့လည် (၁၀)နာရီ (၁၅)မိနစ်ရှိနေ၏ ထို့ကြောင့် ရေတော်ကပ်ထားသော သပိတ်ကိုယူ မုန့်ခဲဖွယ်များ ထည့်လှူထားသောသပိတ်ဖုံးကို ယူပြီး မဟာဗောဓိရှေ့ တိုက်တန်းလေးထဲ

နေ့တွင်းစေ၏၊ သုဓောင်စင်အဝတ်နှင့် ရှုတ္တစိုးကြီးရောက်လာပြီးလျှင် အသီးမှည့်စုံလာလျှက်၊ အနိမိသထိုးပေ ပွင့်ပျောသီးလှူနေသာ ကုလားမလေးတလဲ ပွင့်ပျောသီးတစ်ဖီးလာလျှက်၊ နေ့ဆွမ်းစားပြီးလျှင်အောင်၍ ခန်းတော့ဘဲ အဝိတ်ခုံများ သန့်ရှင်းပြီး သီးနှံများပွင့်ပျောဖီးများထည့်၍ ရတနာစေတီမစေတီကို တပ်လှူထား၏၊ နေ့အဓိဋ္ဌာန် ပုတီးဆက်စိပ်၏၊ ကြြန်သွားစိပ်လိုက် ထိုင်ပြီးစိပ်လိုက်နှင့်အပါတ် (၆၀) ရလျှင် နာရီကြည့်လိုက်၏ (၁၁) နာရီထိုး၍ လူသံများ ထိပ်ဆိတ်နေတာကို သိရလျှင် ညသန်းခေါင်ယံအချိန်ဝင်လာပြီး ပုတီးအဝတ်လည်း (၁၀၀) ရသွား၍ (၈)ပါတ်သာလိုတော့တယ်ဟု အောင်မေ့ပြီး ဆက်စိပ်၏ ရှုတ္တစိုးကြီးရောက်လာ၏ ဦးဝင်းလေး ဆာဒူးကြီးတွေက ဦးဝင်းကို ထုတ်ရက်ဖို့စည်းဖွဲ့ နေကြတယ်၊ သတိရှိရှိနေပါဘုရား ဟုပြောပြီးသွား၏ ကျွန်ုပ်လည်း မိဋ္ဌာန်ရတော့၏၊ ထောတောမိစေတီတော် အတ်လှည့်အောင့်ညော့ထိုင်သတ်တုပ်ချိ၍ ဤစေတာဘောမိအပရာဇိတပလ္လင်၌ တနေ့ (၁၀၈)ပါတ် သုတဝေနာနာဂါထာများနှင့် (၉)ရက် တိတိ အဓိဋ္ဌာန်စိတ်ခြင်း၊ အနိမိသစေတီတော် မှာလည်းတနေ့ (၁၀၈) ပါတ်၊ သုတဝနနာ ဂါထာများနှင့် (၉) ရက်တိုင်တိုင် အဓိဋ္ဌာန်တျင့်သုံးခဲ့တာမှန်ခဲ့ပါလျှင် အောင်မြင်တာ မှန်ခဲ့ပါလျှင် ဆာဒူးကြီးတွေ ရန်တွင်စေတ အခြားခြားသောဘေးရန်များလည်း ဘုရားတပည့်တော်အား ဗွေညည်းလှစ်ခြောက်များအောင်မှု မတတ်နိုင်ပဲ ရန်များပြိုပျက်သွားပါစေသတည်း၊ ဤသစ္စဋ္ဌာန အဓိဋ္ဌာန်ရုတ်များ အတွင်း မဇ္ဈိမဒေသခရီးသွားလာရာ မပြီးမချင်း ဘယ်ရန်မျိုးမှ မနှောက်ယှက်နိုင်ပါစေသတည်းဟု အနှာ အဓိဋ္ဌာန်ပြုလိုက်၏ ထိုသို့ အဓိဋ္ဌာန်ပြုပြီးသည်နှင့် တပြိုင်နက်ဘဲ ရတနာစေတီမပလ္လင်ကြီး လှုပ်လာ၏၊ ထို့ကြောင့် ကျွန်ုပ်အဓိဋ္ဌာန်အောင်မြင်ပြီးဖြစ်ကြောင်း သိရှိ၍စိတ်ချလက်ချ ပုတီးစိပ်နေတော့၏၊ည(၁၂) နာရီ (၄၀)မိနစ်တွင် ပုတီးဝတ် (၁၀၈) ပါတ်ပြီးစီးအောင်မြင်၍ သုတဝနနာဂါထာ(၉)ပုဒ်(၉)ပါတ်စိပ်ပြန်၏ ကျွန်ုပ်၏ ဘေးလေးလှစ်မတင်းတွင် ခေါက်ခေါက်ဒုတ်ဒုတ်အသံများကြားရ၏၊ မိနစ် (၂၀)လောက်ဆက်တိုက် ကြားနေရ၏၊ ကျွန်ုပ်က ဘာမှဂရုမပြုဘဲ ပုတီးကိုသာစိပ်နေ၏ သုတဝနနာဂါထာ (၉)ပုဒ်(၉)ပါတ်ပြည့်သွားလျှင် ထိုအသံများ အားလုံးပျောက်ကွယ်သွားကြသည်၊ ရှုတ္တစိုးကြီးပေးသော(၁၂)ဂါထာ ဆက်စိပ်၏ ည(၃)နာရီခွဲလျှင် အားလုံးစိပ်ပြီးသွား၍ ရတနာစေတီမပလ္လင်ကို မှီပြီး ထိုင်လျှက်ခေတ္တမှေးလိုက်၏၊ တအောင့်လောက် ကြာလျှင် ဘုရားတခါးဖွင့်သံကြား၍ ထပြီးလျှင် မုစလိန္ဒာဘိုင်သွား မျက်နှာသစ်တော်ရေခပ်လာပြီး ရတနာစေတီမ စေတီတော်အား ရေတော်တပ်လှူခါနီးပရိတ်ယူပြီး ပုတီးအဓိဋ္ဌာန်မစိပ်သေးဘဲ မှတ်ထမ်းရေးလိုက်သည်၊

၁၃၀၇ ခုနှစ်၊ တန်ဆောင်းမုန်း လဆုပ် - ၁၁ရက် စနေနေ့ (၁၉၅၅၊ ဒီဇင်ဘာ ၁၀ ရက်) ဒုတိယ အကြိမ်ပုတီးအဓိဋ္ဌာန်စိပ်ခြင်း၊ ပုတီး (၃) ပါတ်ရသောအခါ ရှုတ္တစိုးကြီးရောက်လာပြီး ပျောက်သည်မှာ ဦးဝင်းလေးကို ဆာဒူးများရော နတ်ဆိုးကြီးများပါ ဝိုင်းပြီး အမြှတ်တိုက်ကြတာ ။ ဦးဝင်းလေး ခံမှခံနိုင်ပါ့မလားဟု စောင့်ကြည့်နေ၍ မခံနိုင်လျှင် တပည့်တော်က ကူဖို့ရန်စောင့်ကြည့်နေပါတယ်၊ စောင့်ကြည့်ပြီး အခြေအနေကို အကဲခတ်နေတုံး နတ်ဆိုးကြီးများ တုံးတနဲ တုံးတနဲ သူဖာသာသူလဲလဲကျသွားတာတွေ့ရပါတယ်၊ ဆာဒူးကြီးတွေကလည်း သူတို့လက်နက်နှင့် ထိုးခုတ်မှိုက်ပုတ်ဖို့ရွေ့တိုးလာကြသော်လည်း ဦးဝင်းလေး၊ အနားရောက်က အနက်လုံးကြီးများထွက်လာပြီး ဆာဒူးကြီးများကို ပြစ်ပြစ်မှိုက်တာ ဆာဒူးကြီးတွေတဒုတ်ဒုတ်နှင့် မြည်ပြီး အင့်တနဲ အင့်တနဲ မြည်ပြီး လွင့်စင်ပျောက်ကွယ်သွားတာမြင်ရတော့မှ တပည့်တော်စိတ်အေးသွားတယ် ဦးဝင်းအစောင့်တွေ

ထကလိကောင်းထားပဲ တပည့်တော် ရှကွနိုး အသထ်နှစ် (၁၀၀) ကျော်ပြီ ဒီလိုအဓိဋ္ဌာန် ရထ်ရှည်ဝင်ပြီးတျင့်တဲ့ ပုဂ္ဂိုလ်ယာ ဦးပဥ္စင်းတစ်ပါးပဲ ရှိသေးတယ်၊ ဘယ်လို အစောင့်အရှောက် အထောအထူယ်တွေ ပြုလုပ်ထားပါသလဲ ဘုရား -

(ဦးပဥ္စင်း) ဦးပဥ္စင်းက ကိုယ်တိုင်ကျင့်ကြံတာကို အားကိုးအားထားပြုပြီး သစ္စာအဓိဋ္ဌာန်ထားတာပါ ။

(မိုး) သာဓုပါဘုရား သာဓုပါ၊ ဒီသတ္တဝါနှ အဓိဋ္ဌာန်မပြီးသမျှ အဟာရအတွက် တပည့်တော်မှ တာဝန်ယူပါတယ် ဘုရား။

(ဦးပဥ္စင်း) ကောင်းလှပါပြီး ရှကွနိုးကြီး ကောင်းလှပါတယ် သာဓုပါ သာဓုပါ ။

ရှကွနိုးကြီးလည်း လက်အုပ်ချီပြီး ပျောက်ကွယ်သွားတော့၏ ကျွန်ုပ်ဆက်အဓိဋ္ဌာန် ဝုတ်းစိပ်၏ ထိုနေ့မှ စ၍အနှောက်အယှက်များ ရတနာစက်မ မှာမတွေ့ရတော့ပေ၊

တန်ဆောင်မုန်းလဆုတ် (၁၂) ရက်၊ ၁ နေ့နေ့ တတိယအကြိမ်၊ တန်ဆောင်မုန်းလဆုတ်(၁၃) ရက်၊ ၂ တနင်္လာနေ့ စတုတ္ထအကြိမ်၊ တန်ဆောင်မုန်းလဆုတ် (၁၄) ရက်၊ အင်္ဂါနေ့၊ ပဥ္စမအကြိမ်၊ တန်ဆောင်မုန်းလဆုတ် (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့၊ ဆဋ္ဌမအကြိမ်၊ နတ်တော်လဆန်း (၁) ရက် ကြာသာပတေးနေ့ သတ္တမအကြိမ်၊ နတ်တော်လဆန်း (၂) ရက် သောကြာနေ့ အဋ္ဌမအကြိမ်၊ နတ်တော်လဆန်း (၃) ရက် စနေနေ့၊ နဝမအကြိမ်၊ ရတနာစက်မှာ (၉) ရက် အဓိဋ္ဌာန်အောင်မြင်သွား၍ မိုးသောက်ယံအချိန်တွင် မုဥ္စလိန္ဒာသွားမျက်နှာသစ် ကိုယ်သုတ် သန့်ရှင်းပြီး သောက်တော်ရေခပ် ရတနာဃရမတီတော်မှာ တပ်ပြီး မှတ်တမ်းရေးလိုက်သည်။

၁၃၁၇ ခု၊ နတ်တော်လဆန်း(၄) ရက် ၊ တနင်္ဂနွေနေ့ (၁၉၅၅ ဒီဇင်ဘာ ၁၈ ရက်) ဒသမအကြိမ် ရတနာဃရမှာ သုဝဏ္ဏ ဝါးချက် အဓိဋ္ဌာန်စခိပ်၏၊ ရတနာဃရ၏အကြောင်းကိုအကျဉ်းမျှ ရေးပြပါဦးမည်၊ ပဌမအဓမရာဇိတ 'ပလ္လင်တော်၊ ဒုတိယမျက်လုံးတော်ကိုမမှိတ်ပဲ မဟာဗောဓိပင်နှင့် အဝရာဇိတပလ္လင်တော်ကို စူးစူးစိုက်စိုက် ကြည့်နေတော်မူသော အနိမိသ၊ တတိယ အပရာဇိတပလ္လင်တော် နှင့်အနိမိသစေတီတို့အကြား အရှေ့၊အနောက်အလျားရှိသော နတ်ပြဟ္မာတို့ ဖန်ဆင်းအပ်သည့် ရတနာစင်္ကြံ၌ စင်္ကြံမောပတ် ကို ဝင်စားတာဖြင့် လူးလားတုံ့ခေါက်စင်္ကြံလျှောက်လျှတ် ခုနှစ်ရက်ကို လွန်စေတော်မူသော ရတနာစင်္ကြံစေတီ၊ စတုတ္ထ မဟာဗောဓိပင်မှ အနောက်မြောက်ရာဟုထောင့်အရပ်နတ်ပြဟ္မာတို့ ဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်၌ထက်ဝယ် ဖွဲ့ခွေနေတော်မူကာ အဘိဓမ္မာတရားတော်မြတ် ကိုသုံးသပ်ဆင်ခြင်တော်မူသော စတုတ္ထသတ္တာဟ ။ ။

ဆရာတစ်ပါးက - ရတနာဃရ ရွှေအိမ်၌တရားတော်ကို ဆင်ခြင်ရာတွင် ကျွတ်ထိုက်သောနတ် ပြဟ္မာ သတ္တဝါတို့သည် သီလ၌တည်၍ သမာဓိဖြင့် စိတ်ကိုတည်ကြည်အောင်ပြုပြီးပညာဖြင့် ဝိပဿနာအားထုတ်ကျင့်ကြံ၍ မဂ်ဖိုလ်နိဗ္ဗာန် သို့ ရောက်ကြောင်းသီလ၊ သမာဓိ၊ ပညာတည်းဟူသောလမ်းကြောင်းကို သိတော်မူသဖြင့် ရှေ့ဦးစွာသီလကိုပြဆိုရာ ဝိနည်းပိဋကတ်ကို သုံးသပ်ဆင်ခြင်တော်မူလေသည်။ ထိုနောက် သမာဓိကိုပြဆိုရာ သုတ္တန်ပိဋကတ် ကိုဆင်ခြင် တော်မူလေသည်၊ ထိုနောက် ပညာကိုပြဆိုရာ အဘိဓမ္မာကို သုံးသပ်ဆင်ခြင်တော်မူလေသည်၊ အဘိဓမ္မာကို သုံးသပ်ဆင်ခြင်တော်မူသောအခါ တောက်ပြောက်တွန့်ကကျဉ်းနေ၍ ဘုရားညာဏ်တော်က ကျယ်ဝန်းရွှေညာဏ်တော်

တွေ့ရှိမြင်လောက်ပေ၊ စုနစ်ဆင့်မြောက်ဖြစ်သော အနန္တယသမန္တပဋ္ဌာန်းကျမ်းကို သုံးသပ်ဆင်ခြင်တော် မူသောအခါ မဟာသမုဒ္ဒရာတွင်း၌မြူးကွန့်ခွင့်ကိုရသောယုဇနာ တထောင်ရှိသည့် မိဂ်လငါးကြီးပမာ သဗ္ဗညုတ ဉာဏ်တော်သည်မြူးကွန့်ခွင့်ကို ရတော်မူလေသည်၊

အနန္တယသမန္တပဋ္ဌာန်းကျမ်းကြီး၌ အလွန်သိမ်မွေ့နက်နဲသော တရားတချက်တလက်တို့ကို သုံးသပ်ဆင်ခြင်ဖော်မူလတ်သောအခါ မြတ်စွာဘုရား၏သန္တာန်၌ အလွန်နှစ်သက်ဝမ်းမြောက်ခြင်း၊ ပီတိတရား ဖြစ်ပွားလာရလေတာ ပီတိဖြစ်သောကြောင့် သွေးတော်ကြည်လင်ခြင်းကြောင့် ကိုယ်တော်ရွှေပိုင်းက အိမ်လုံးလောတ်၊ တောင်လုံးခန့်ပမာဏရောင်ခြည်တော်တို့သည် ထွက်ပေါ်ကွန့်မြူးကြ၍ တောင်ကင်းပျံသန်းသွားသော ဆဒ္ဒါန်ဆင်မင်းပမာ - အရှေ့အရပ်မျက်နှာအနန္တစကြာဝဠာတိုင်အောင် မြူးကွန့်ပြေးသွားကြကုန်၏။ ကိုယ်တော်၏ နောက်ပိုင်းမှာလည်း ထိုအတူအနောက်အရပ်မျက်နှာသို့ရောင်ခြည်တော်များ ကွန့်မြူးပြေးသွားကြကုန်၏၊ လက်ယာနံပါးတော်မှလည်းအတူ တောင်အရပ်မျက်နှာ လက်ဝဲနံပါးတော်အပြင်တို့မှလည်း ထိုအတူ မြောက်အရပ်မျက်နှာ ခြေဖဝါးတော်အပြင်တို့ မှလည်း အောက်အရပ်ဦးခေါင်းတော်မှလည်း နတ်ပြည်မြောက်ထပ် ဗြဟ္မာပြည်(၂၀) တို့ကို ကျော်တက်၍ အထက်အဇဋာကာသကောင်းကင်သို့ ရောင်ခြည်တော်မြောက်ပါးတို့သည် ပျံတက်ကွန့်မြူးကြလေသည်၊ ထိုအချိန်မှစ၍ အနန္တစကြာဝဠာ၌ ရှိကြသည့် အနန္တသတ္တဝါအားလုံးတို့သည် ရွှေရောင်အဆင်းဝါဝင်းတောက်ပ၍နေကြကုန်၏ ။

အထူးအားဖြင့် ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်သုံးသပ်သည့် ထိုနေ့မှစ၍ မြတ်စွာဘုရား သခင်ကိုယ်တော် မြတ်မှ ထွက်ပေါ်ကွန့်မြူးကြသော ရောင်ခြည်တော်တို့သည် ယနေ့တိုင်အောင်ပင် အနန္တစကြာဝဠာ လောကဓါတ်တို့ကို ဥတုရှေ့အဆက်ဆက်အနေအားဖြင့် သွားလျှက်ရှိကြကုန်၏၊

ပဋ္ဌာန်းတရားတော်သည် ကောင်းကင်ကဲ့သို့ နည်းပေါင်းအနန္တနှင့် ပြည့်စုံ၏၊ မြေအထုပမာ ကျယ်ပြန့်လှစွာ၏၊ သမုဒ္ဒရာရေထုပမာနက်နဲလှစွာ၏၊ ထိုသို့ပင်ဖြစ်သော်လည်း သဗ္ဗညုတဉာဏ်တော်၏အလား ကြီးမားလှစွာသောကြောင့် ခုနစ်ရက်ပတ်လုံးသုံးသပ်ဆင်ခြင်၍ ခုနစ်ရက်ပတ်လုံးနေတော် မူရာအရပ်သည် ရတနာဃရ စေတီဟူ၍ မည်တွင်လေသည်၊ ရတနာဃရနေရာမှာ ယခုလက်ရှိအခြေအနေမဟာဗောဓိစေတီတော်မှ အနောက်မြောက်ယွန်း ရာဟုထောင့် ၁၂၄ တောင်ကွာတွင် ရှစ်တောင်ပတ်လည် ဂုပ်တိုက်ကလေး နေရာဖြစ်၏၊ ထိုရတနာဃရစေတီတော်ကို သောက်တော်ရေကပ်ပြီး ပရိက်ယူ၍ အဓိဋ္ဌာန်သစ္စာယူပြီး ပုတီးနှစ်ပါတ်ရလျှင် ရှစ်တောင်ပတ်လည်ဂုပ်တိုက်ကလေးလှူပ်နေ၏၊ တိုက်ကလေးအနောက်ဘက်ကနေ အရှေ့ဘက်မျက်နှာ မူထိုင်ပြီး ပုတီးစိပ်နေ၏ ကျွန်ုပ်ပုတီးစိပ်နေစဉ် ဘုရား·ဖူးမြန်မာနှစ်ယောက် ယောကျာ်းများရောက်လာပြီး၊ သပိတ်ဖုံးထဲ မုန့်များနှင့်လျှုငွေ ၀၀ိ လည်းထည့်သွားသည်၊ ကျွန်ုပ်ပုတီးစိပ်လို့ (၇) ပါတ်ရလျှင် နေ့(၁၀)နာရီထိုး၍ ရတနာဃရ နေရာတွင်လူရှင်း၍ နေ့ဆွမ်းစား၏၊ ထိုအတွင်းမှာပင် ရှပ်ပုံများဗိုးတိုးဝါးတားနှင့် ဓာဓာတွေ့ရ၏၊ နတ်ဖန်ဆင်းသောနေရာမို့ နတ်တွေတွေ့ရတာလို့အောက်မေ့မိ၏၊ နေ့ ပုတီး (၃၆) ပါတ် ရလျှင် မှောင်စပျိုးလာ၏၊ တပါတ် (၄၀) ရတော့ရောင်ခြည်တော်များ ဖြတ်ကနဲဖြတ်ကနဲ ကွန့်မြူးလာ၏၊ ပုတီး (၁၀၈) ပါတ် ပြည့်လျှင် ည(၁၀) နာရီ ထိုး၍ ပဋ္ဌာဝါရပဋ္ဌာန်းရွတ်၏၊ ပဋ္ဌာဝါရ ၈၈ တဆုံး တစ်နာရီနှင့် မိနစ် (၃၀) လောက်ကြာ၏၊

ရွတ်ပြီးလျှင် ရက္ခစိုးကြီးရောက်လာပြီး ဒီပညာဝါရပဋ္ဌာန်းဒေသနာကို အရှင်ဘုရားလာမှ ကြားရတာ သာဓုပါဘုရား သာဓုပါဘုရား နေ့စဉ်ရွတ်ဖတ်တော်မူပါဘုရား ဟုလျှောက်တင်ပြီးဝင်သွားတော့သည်။ ကျွန်ုပ်လည်း သုတ္တဝန္ဒနာ ထပ်စိပ်၏။ ပုတီး (၉) ပါတ်ပြီးတော့ ဈာန်ငါးပါးဂါထာ၊ နှစ်ကိုယ်ရှစ်ဆူဂါထာ (၁၂) ပုဒ်စိပ်၏။ ပြီးလျှင် နာရီကြည့် လိုက်တော့ ည(၁၂) ချက်ခွဲနေ၏။ ခေတ္တတိုက်ကလေးထဲလိုင်လျှက်မှိမှေးလိုက်၏။ မှေးနေစဉ် ခေါင်းသံများ မာဂဓ သီချင်းသံများ ပီပီပြင်ပြင်ကြားနေရ၏ ထိုကဲ့သို့ကြားနေရစဉ် ပန်းနံ့၊ စွယ်ပန်းနံ့၊နှင်းဆီပန်းနံ့၊ ဒေါနဝန်းနံ့များ နှာခေါင်းထဲသို့ဝင်လာကြ၏။ အိပ်လို့မရအောင် ပန်းရနံ့များက သင်းပျံ့ကြိုင်လှိုင်နေ၏။ ထို့ကြောင့် ထိုင်လျှက် မျက်စိမှိတ်နေတာမဖွင့်ပဲမေတ္တာသုတ်- ကိုးခေါက်ရွတ်နေ၏။ အာဋာနာဋိယသုတ်၊ ပုဗ္ဗာနသုတ်လည်းရွတ်သည်။ ဓမ္မစကြာလဲရွတ်၏။ ဓမ္မာစကြာလဲဆုံးရော အိပ်ချင်သလို ဖြစ်လာ၍ ထိုင်ရင်းဘဲအိပ်လိုက်၏။ ဘုရားတခါးဖွင့်သံ နှိုးသံများကြားရလျှင်နိုးလာ၏။ မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျွန်ုပ်ပါတ်ဝန်းကျင်တွင် ပန်းမျိုးစုံ မွေ့ယာခင်းထားသကဲ့သို့တွေ့ရ၏။ မယောင်းတိုင်ထုပ် အမွှေးတိုင်ထုပ်များ ရာချီပြီးရှိနေ၏။ ထိုပစ္စည်းများ ကျွန်ုပ်အသာထား ပန်းမွေ့ယာထဲ လမ်းသွားသာအောင်လမ်းလေးလုပ်ပြီး မုစ္စလိန္ဒာရေကိုင်သွား မျက်နှာသစ် ကိုယ်လက်သန့်ရှင်း သောက်တော်ရေခပ်ပြီး ရတနာဃရစေတီမှာကပ် ပန်းများလဲဆေးကြောပြီးတင်၍ ကန်တော့ ပရိက်ယူသုဂတော ငါးချက်အဓိဋ္ဌာန်ပုတီးစိပ်ရန်ပြင်ပြီး မှတ်တမ်းရေးလိုက်သည်။

၁၃၁၇ ခု၊ နတ္တော်လဆန်း (၅) ရက် တနင်္လာနေ့ (၁၉၅၅၊ ဒီဇင်ဘာ ၁၉ ရက်) သုဂတောငါးချက်၊ ပုတီးလ အကြိမ် အဓိဋ္ဌာန်စိပ်၏ မိုးသောက်ယံ (၄) နာရီ မိနစ် (၄၀)က စစိပ်၏။ မယောင်းတိုင်များ အမွှေးတိုင်များ (၁၀၈) တိုင်လှူပြီးစိပ်၏။ ပုတီးပါတ်(၃၀) ရလျှင်ဘုန်းကြီး တစ်ပါးရောက်လာပြီးအရှင်ဘုရား သပိတ်မှုံးထဲလှူခဲ့မယ် ဟင်းက ငါးဟင်း၊ ပဲဟင်း၊ ချဉ်သီးကြော်တို့ ဖြစ်တယ်။ တပည့်တော်သွားခွင့်ပြုပါတုံး ဘုရားဆိုပြီး လက်အုပ်ချီ ဦးညွတ်ပြီးထွက်သွား၏။ ကျွန်ုပ်လည်း ပုတီးဆက်စိပ်၏။ ပုတီးပါတ် (၄၀)ရတော့နေ့(၁၀) နာရီထိုး၍ နေ့ဆွမ်းစားရန်သပိတ်မှုံးနှင့် ရေတော်သယ်ယူပြီးရတနာဃရမှာစား၏။ ငါးဟင်း ငြုပ်သီးတို့ဖက်များဖြင့် ထုတ်ထား၏။ ဆွမ်းတလည်းဖက်ခွက်ကြီးနှင့် ထည့်ထား၏။ ဒီနေ့လှူတဲ့ဆွမ်းကထူးဆန်းတယ် ကိုယ့်ပြည်က ဆွမ်းဟင်းမျိုးဒီနေရာမှာ ဒီတစ်ခါပဲစားရတယ်၊ လတနည်းဝယ်မှပြီ ဒီဟာမျိုးမစားရတာ လို့အောင်မေ့ပြီး ပိဏ္ဍပါတ် ပစ္စဝေက္ခဏာဒေသနာ (၃) ခေါက်ဆင်ခြင်ပြီးစား၏။ စားပြီးတော့ ပိုတဲ့ဆွမ်း ဟင်းများ မဟာဗောဓိစေတီတော်၏ အနောက်ဘက်လူလွတ်ရာ ငှက်စာကျွေးထား၏။ ရတနာဃရ ပြန်ပြီး ပုတီးဆက်စိပ်၏ နေ့ပိုင်း ပုတီး(၄၀)ရလျှင် ညနေ(၅)နာရီထိုး၍ နေဝင်လုလု အချိန်ဖြစ်၏၊ရတနာဃရပါတ်ဝန်းကျင်တွင် လူရှင်းသလောက်ဖြစ်နေ၏။ ဆွမ်းလှူသွားသော ဘုန်းကြီးပြန်ရောက်လာပြန်၏။ ကျွန်ုပ်ကို လက်အုပ်ချီ၍ ကျွန်ုပ်ပုတီးစိပ်နေ၏၊ ကျွန်ုပ်လည်း သူ့အခြေအနေကို စောင့်ကြည့်နေ၏ မြစိမ်းရောင်အဆင်းရှိသော နတ်ဝတ်တန်ဆာများနှင့်ဖြစ်သွား၏ ထို့ကြောင့် မနက်ကဆွမ်းလာကပ်သော်ဘုန်းကြီးမှာ နတ်ဖြစ်နေကြောင်းသိရ၏။ သူဘာပြောမလဲဆိုပြီး စောင့်ဆိုင်း၍ ပုတီးကိုပဲစိပ်နေ၏။ တပည့်တော် ဗိဿုကြွနတ်မင်းဖြစ်ပါတယ်ဘုရား သာသနာစောင့် နတ်မင်းကြီးလေးပါးထဲမှ တစ်ပါးအပါအဝင်ဖြစ်ပါတယ်ဘုရား၊ အရှင်ဘုရား အခက်အခဲတွေ ကြုံပါလျှင် တပည့်တော်ကို မိန့်လိုက်ပါဘုရား။ မကြာခြင်းရောက်အောင်လာခဲ့ပါမည်ဘုရား။ ဆိုပြီးသွားတော့၏။ ထိုမှနောက်ဘာမှ မတွေ့ရတော့ပါ။ ရတနာဃရ

-အဝါနေ့လွှန်း (၆)ရက်၊ ထထိယအကြိမ် ရတနာယရ ဗုဒ္ဓဟူးနေ့လွှန်း (၇)ရက် စတုတ္ထအကြိမ်၊ ရတနာယရ ကြာသပတေးနေ့ (၈) ရက်ဥမအကြိမ်၊ရတနာယရ သောကြာနေ့ (၉) ရက် ဆဋ္ဌမအကြိမ်၊ ရတနာယရလွှန်း (၁၀) ရက်စနေနေ့ သတ္တမအကြိမ် ရတနာယရ -နတ္တော်လွှန်း (၁၁)ရက်တနင်္ဂနွေနေ့ အဋ္ဌမ အကြိမ် အမိဋ္ဌာန်များ အောင်မြင်ခဲ့ပြီး နောက် ၁၃၁၇ ခု နတ္တော်လွှန်း (၁၂)ရက်၊ တနင်္လာနေ့ နဝမအကြိမ် မိုးသောက်ယံတွင် အဓိဋ္ဌာန် ဗုတီး စိတ်သောအခါ လူတစ်ယောက်က နောက်ကျောမှီနေသလို ဖြစ်နေ၏ ထိုအထိအတွေ့ကို အာရုံမပြုပဲ ဗုတီးကိုသာအာရုံပြုပြီး ဆက်စိပ်နေ၏၊ ပုတီး (၉) ပတ်ရလျှင် ကျွန်ုပ်ကျောမှစွာ၍ လမ်းလျှောက်စိပ်နေ၏၊ ထိုအခါမှ ဘိုးဘိုးအောင်နှင့် တွေ့နေရ၏၊ကျွန်ုပ်ပုတီးကို သာဆက်စိပ်နေ၏ သူနှင့် စကားမပြောနိုင်သေး ပုတီး (၁၈) ပါတ်ရလျှင် သူမရှိတော့ချေ၊ နေ့ (၁၁) နာရီနှင့် (၁၅) မိနစ်ရှိနေ၏၊ ထို့ကြောင့် ရေတော်သပိတ်တော်ဗုန်များ ထည့်လှူထားသော ကျွန်ုပ်သပိတ်ကိုယူ၍ ရတနာယရစေတီအနောက် မျက်နှာမှာပဲနေ့ဆွမ်းစား၏၊ ဆွမ်းစားနေတုန်း ငှတ်ပျောသီးလှူသော တုလားမလေးရောက်လာပြီး ကြေးကြုပ်ကလေးတစ်ခုလာလှူ၏၊ လှူပြီး ကုလားမလေး ပြန်သွား၏၊ ကြုပ်ကလေးကို ယူပြီးလွယ်အိတ် ထဲတည့်ထားလိုက်၏ မုဋ္ဌလိန္ဓာတိုင်တွင် သပိတ်များဆေးနေတော်ခပ် - ရတနာယရစေတီမှာ ထပ်လှူပြီးကြေးကြုပ်ကလေးကို ဖွင့်ကြည့်၏၊ငွေရောင်သဲမှုန့်များဖြစ်နေ၏၊ ငွေပြားလေးတွင် စာရေးထားတာတွေ့ရ၍ ဖတ်ကြည့်လိုက်၏၊ သတ္တဋ္ဌာနအောင်မြေများဟု မြန်မာလိုရေးထား၏၊ ဟုတ်မဟုတ် အဓိဋ္ဌာန်ကြည့်၏၊ ဤသဲများနှင့် မြေများတို့သည် ဤသတ္တဋ္ဌာနအောင်မြေများမှန်ခဲ့ပါလျှင် ကျွန်ုပ်၏ လက်ထဲထည့်လိုက်သည်နှင့် တဖြိုင်နက်ထဲ ပူနွေးသောအချင်းအရာ ဖြစ်ပေါ်လာ၍ အသက်ဝိဉာဏ်ရှိသတဲ့သို့ လှုပ်ရှားပြေးစေသား ဟုလက်ဝဲပေါ်တင်ထားလိုက်၏၊ ပူနွေးလာပြီး သဲမှုန်မြေများက လှုပ်ရှားခုန်ကြွ၍နေတုန်း၏ ထို့ကြောင့် ကျွန်ုပ်လည်း ဦးညွှတ်လက်အုပ်ချီ ရိုသေစွာကြုပ်ထဲပြန်ထည့်၍ ကျွန်ုပ်အိတ်ထဲ ပြန်ထည့်ထားလိုက်၏ ဤမဟာဗောဓိနေရာပင် ဂေါဝါဠသဲစုမက ဘုရားများစွာ ပွင့်တော်မူသောနေရာမြတ်ဖြစ်၏၊ ပွင့်တော်မူသော ဘုရားများမှာ သတ္တဋ္ဌာနမှာပင်သတ္တဋ္ဌာနအဖြစ် စံပါယ်တော်မူကြ၍ဖလသမာပတ်ဝင်စားတော်မူခါ (၇) ရက်၊ ခုနစ်လီ (၄၉)ရက်စံပယ်တော်မူကြသောနေရာမြတ်ဖြစ်၏၊ နောက်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားပင်လျှင် ဤမဟာဗောဓိမှာပင် ဗောဓိကံကော်ပင်နှင့်အပရာဇိတပလ္လင်ပေါ်ကြပြီး ဘုရားအဖြစ်သို့ရောက်တော်မူမည်ဖြစ်၏ ဘယ်ကမ္ဘာမှာ ဘုရားပွင့်ပွင့်ဤနေရာမှာသာ ပွင့်ရကြမြဲဓမ္မတာဖြစ်၏၊ ကျောင်းတော်ရာမှာ ယခုပွင့်တော်မူသော ဂေါတမမြတ်စွာဘုရား၏ ဇေတဝန်ကျောင်းတော်ရာမှာသာကျောင်းဖြစ်မည်ဖြစ်၏။ အရင်ကပွင့်တော်မူသော ဘုရားများ နောက်ပွင့်မည့် ဘုရားများလည်း ဤဇေတဝန်ကျောင်းတော်မှာသာလျှင်ကျောင်းတော်ဖြစ်မည်ဖြစ်၏ ထို့ကြောင့် အဝိဇဟိတဋ္ဌာန လေးဋ္ဌာနတို့မှာ မဟာဗောဓိတစ်ဋ္ဌာန၊ ဇေတဝန်ကျောင်းတော်ရာ တစ်ဋ္ဌာန မိဂဒါဝုန်ဓမ္မစကြာဟောသောနေရာကတစ်ဋ္ဌာန ကုသိနာရုံပရိနိဗ္ဗာန်ပြုသောနေရာ တစ်ဋ္ဌာနပေါင်း လေး ဋ္ဌာန ဤလေးဋ္ဌာနတို့မှာ ဘုရားတို့မပွန့်အပ်သောဋ္ဌာနများဖြစ်၏၊ ရတနယရစေတီမှာ နေ့အဓိဋ္ဌာန်ပုတီးဆက်စိပ်၏၊ ပုတီး (၃)ပါတ်လောက်ရလျှင် ဘုန်းကြီးတစ်ပါးကြွလာပြီး ပါးစပ်ဟတုပြော၍ ဟပေးလိုက်၏၊ ပုတီး (၉) ပါတ်ရတော့ ရတနာယရ စေတီကိုပါတ်ပြီး ခေါက်တုံ့ခေါက်ပြန် ပုတီးစိတ်နေ၏၊ကျွန်ုပ်နောက်ကလည်း ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ပါး လိုက်စိတ်နေ၏ ရှစ်ပါတ်လမ်းလျှောက်စိပ်၏၊ ခြေဖဝါးများပင် မြေကြီးနှင့် ထိမှန်းမသိဖြစ်နေ၏၊

ထိုင်စိပ်ငြိမ်၏၊ပုတီးပါတ် (၆၀)လောက်ရတာတောင် ထိုင်ခွင်မငြိမ်ရပါ၊ စိတ်နိုင်၏၊ တနေ့တော့ အဓိဋ္ဌာန် (၁၀၈) ပါတ်ပြီး၍ နာရီကြည့်လိုက်လျှင် ည (၁၁)· နာရီထိုးနေ၏၊ထုတဝန္ဒနာဝါထာများ စိပ်နေ၏၊(၉) ပါတ်ပြီးသွား၍ ဈာန်ငါးပါးနှင့်ဂုဏ်တော်သရဏဂုံနှစ်ကျိပ်ရှစ်ဆူ ဘုရားများ ဂါထာ (၁၂) ပုဒ်ဆက်စိပ်၏၊ည(၂) ချက်ခွဲလောက်ပြီး သွား၍ခေတ္တမှေးလိုက်၏၊ ထိုင်လျှက်မှေးအိပ်သော်လည်း အိပ်ချင်စိတ်မရှိ၍ မဟာဗောဓိစေတီကြီးထွားပြီး ပရိတ်များ ဂါထာများရွတ်နေ၏ ပြီးလျှင် ရတနာယရ စေတီပြန်၍ ပညာဝါရ ပဋ္ဌာန်းရွတ်နေစဉ် အာရုံကဝင်နည်း မဆုံးခင် ဘုရားပုံတော်ပေါ်လာပြီး သက်တော်ထင်ရှားရှိသတဲ့သို့ထင်ရ၏၊ ရောင်ခြည်တော်ခြောက်ပါး တစ်ကိုယ်လုံးမှ ဖြာထွက်နေ၏ အလွန်ပီတိဖြစ်ပြီး ပညာဝါရဆုံးအောင် ရွတ်၏ ပညာဝါရဆုံးသွားသော်လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးပုံပျောက်မသွားပေ၊ ထို့ကြောင့် မေတ္တာစကြာဆက်ရွတ်၏၊ မေတ္တာစကြာဆုံးသော် ဘုရား ပုံတော်ပျောက်သွား၏၊ ဘုရားတံခါးဖွင့်သံလည်းကြားရ၏၊ သို့ဖြစ်၍ မုစလိန္ဒာတိုင်းသွားမျက်နှာသစ် ကိုယ်လက် သန့်ရှင်း၍ ရတနာယရပြန်လာပြီး (၉)ရက် အဓိဋ္ဌာန်ပြီးကြောင်း လျှောက်ထား၊မေတ္တာပို့၊ အမျှဝေပြီး မိုးသောက်ယံအချိန် အဇပါလသို့သွား၍ ရေတော်ကပ်ပြီး မှတ်တမ်းရေး လိုက်သည်၊

၁၃၁၇ ခု၊ နတ်တော်လဆန်း (၁၃)ရက်၊ အင်္ဂါနေ့ ၁၉၅၅၊ ဒီဇင်ဘာ ၂၇ ရက် ပဋ္ဌမအကြိမ် အဇပါလ စေတီမှာ အဓိဋ္ဌာန်ဝင်၏ အဇပါလ အကြောင်း သိကောင်းစရာကို ရေးပြပါအုံးမည်၊ အဇပါလ နေရာတောင်းသည် မဟာဗောဓိစေတီ၏ အရှေ့ဘက်အတောင် (၁၀၀)ကွာ မဟာဗောဓိအဝင် ဘုတ်လေ့တားအဆင်းနားရှိသော လေးထောင့်ကျောက်တိုင်ကြီးနေရာဖြစ်၏ ကျောက်တိုင်ကြီးမှာ (၆)တောင် ခန့်မြင့်၏၊ လေ့တားအရှေ့ဘက် နားမှာရှိသော စေတီနေရာလို့လည်း ပြောကြ၏၊ထိုကျောက်တိုင်နေရာ ပတ်ဝန်းကျင်ဖြစ်၏၊ မဟာဗောဓိပင်အနီး၌ ပင်လေးသတ္တာဟ (၂၈)ရက် ကုန်လွန်ပြီးနောက် ပဥ္စမသတ္တာဟသို့ မဟာဗောဓိပင်မှ အရှေ့အရပ်သို့ တည်ရှိသော အဇပါလညောင်ပင်ရင်းသို့ ကြွရောက်တော်မူပြီးလျှင် (၇)ရက်လုံး တရားကို ဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားခါဖြင့်အဇပါလညောင်ပင်ရင်းသို့ သီတင်းသုံးနေထိုင်တော်မူသည်၊ ထိုညောင်ပင်ရိပ်သို့ ဆိတ်ကျောင်းသား များလာရောက် နေထိုင်မှုများသောကြောင့် အဇပါလညောင်ပင်ဟု တွင်လေသည်၊ ထိုအခါအမျိုး အမည် ထင်ရှားသည့် တဟုန်းဟုန်းမာန်မူခြင်းရှိသော ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီး လျှင် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဖွယ်တစ်သက်ပတ်လုံး အောက်မေ့ဖွယ်သော စကားများ၊ကိုပြောကြား ပြီးနောက် သင့်တင့်လျောက်ပတ်သော အရပ်၌နေ၍ ထိုဟုံဟုံကပုဏ္ဏားသည် မြတ်စွာဘုရားကို အရှင်ဂေါတမ လောက၌ အဘယ်မျှသောတရားဖြင့် ဗြဟ္မာခေါ်သူမြတ်စင်စစ်ဖြစ်နိုင်ပါသနည်း၊သူမြတ်ဖြစ်အောင်ပြုထိုတ်သော တရားများတဘယ်အရာများ ဖြစ်သနည်းဟုလျှောက်ထား မေးမြန်းလေ၏၊မြတ်စွာဘုရားသည် ဟုံဟုံကပုဏ္ဏားကို တရားနာခံ တရားဟောတော်မမူပဲ ဤ ဥဒါန်း ဂါထာကို ကျူးရင့်တော်မူလေသည် ၊

ယောဗြာဟ္မဏော ဗာဟိတပါပဓမ္မော
နိဟုံဟုံကော နိက္ကသာဝေါယတတ္တော ၊
ဝေဒန္တဂူဝုသိတဗြဟ္မစရိယော
ဓမ္မေနသော ဗြဟ္မစရိယော၊

ဧဗ္ဗနသောပြတ္တဝါဒံ ဝဒေယျ ၊

သသုသာဒါ နတ္ထိတုပတိ ဋ္ဌိလောတေ။

၁ - မတောင်းမှု့တို့ အပပြုပြီးခြင်း။

၂ - တို့ကြောင့် ထတုန်းဟုန်းမာန်မူခြင်းမှ တင်းစင်ခြင်း။

၃ - ထိလေသာထပ်စွန်းမှု့တင်းစင်ခြင်း။

၄ - သီလသုံ့ချောင့် စိတ်နလုံးကို စောင့်သုံးထိန်းချုပ်ပြီးဖြစ်ခြင်း။

၅ - နိဗ္ဗာန်သို့ ရောက်ပြီးဖြစ်ခြင်း။

၆ - ထို့ကြောင့် မစ်တည်းဟူသောဖြတ်သော တကျင်ကို ထိန်းချုပ်ပြီးဖြစ်ခြင်း။

၇ - ထိုကြောင့် ဥဿဝေါင်းမျိုးတရားဆိုးတို့ဖြစ်ပွားမှု့မရှိခြင်း၊ဤတရားခုနစ်ပါးနှင့် ပြည့်စုံသူကို ဗြာဟ္မဏ ခေါ်ဆိုသည်ဟု ဟောတော်မူလိုရင်းဖြစ်၏၊

### မာန်နတ်တမြင်မှန်ရ၍ လက်လျှော့တမ်းပေးခြင်း

အဇပါလ ညောင်ဝင်းရင်း၌ မြတ်စွာဘုရားနေတော်မူသော တခါမာန်နတ်သည် ခုနှစ်နှစ်ကြာတမြစ် တင်ရန်ရှာလျှက် မြတ်စွာဘုရားနောက်သို့ တကောက်ကောက်လိုက်ခဲ့ပါသော်လည်း၊ တပြစ်တင်ရန် တမှု့အပေါင်းကို အထူးမြှူလောက်မျှပင် မရရှိခဲ့ရတားဟုဘုရားထံမှောက်သွားရောက်ပြီးလျှင် တေားနာထိုးပြန်လေ၏၊

"အို - ရဟန်းဝေါတမ ဘောတတရား လွှမ်းမိုးနိုင်၍ တောတရပ်ဝယ်မှိုင်နေတီသလော ထင်သည့် အရာ အထောင်သော ဥစ္စာတို့ ရှုံးခဲ့သလောသို့မဟုတ် တရာတထောင်ဥစ္စာကို တောင်းတကြံစည်၍ နေတီသလေ - သို့မဟုတ် အတုသိုလ်မှုကြီးများပြုခဲ့မိသဖြင့် မြို့ရွာကတွင်းတွင် မနေဝံ့တော့ပဲ သူတပါးတို့၏ မျက်နှာကို မကြည့်ဝံ့ဘဲ ဤတော၌သာရောတ်ခါကြံမှိုင်နေတီသလော တဘယ်ကြောင့် လူများနှင့်မိတ်ဆွေဖွဲ့မှုကိုမပြုပဲ နေဘိသနည်း။ သင့်မှာ တစ်စုံတယောက်နှင့်မျှ မေတ္တာနီးရင်းမိတ်ဖွဲ့ခြင်းတလျှင်းမရှိပါကလား" ဟု မြတ်စွာဘုရားကို ဓါတာမြင့် ပြောကြားလေသည်၊

ထိုအခါ မြတ်စွာဘုရားက "တို -မာန်နတ် ငါဘုရားသည် လောက၏တကြောင်းရင်းတရားမှန် သချာကို ထုတ်ဖြိုရှာတ် ဆီးမြီးလျှင် အကုသိုလ်ဟူ၍မြှူမျှမရှိပဲ ငိုးရိပ်ခြင်းတလျှင်းကင်းမဲ့လျှက်ရှာန်နှစ်ပါးကို ဝင်စားလျှတ်သာ ငါနေ၏ ငါဘုရားသည် ဘဝတဏှာကို တကြွင်းမဲ့ဖြတ်တောက်ပြီးလျှင် တွယ်တာတပ်မက်ခြင်း အလျှင်းမရှိပဲ ဈာန်နှစ်ပါးတို့ ဝင်စားဘျှတ် သာချမ်းသာစွာနေ၏၊ သင်ထင်သည့်တတိုင်းဥစ္စာရှုံးသဖြင့် သောကရောက်ခါ ဥစ္စာကို လိုချင်သဖြင့် ဿသာတက်တာ ငါကြံမှိုင်နေသည်မဟုတ် " ဟမြေကြားသောအခါမာန်နတ် ကတဖန်ထပ်၍

"ဆို ရဟန်းဝေါတမ လောက၌ အကြင်လူ အကြင်ရဟန်းတို့သည် ရွှေငွေစသော ဖသုံးအဆောင် သတ်န်းစသော ပစ္စည်းလေးရပ်တို့၌ ငါ့ဥစ္စာဟု စွဲလမ်းပြောဆိုကြကုန်၏ ထိုလူတို့ ရဟန်းတို့ ရွှေ ငွေ စသည် ထိုဘတ်နီးစသည် သင်၏ စိတ် ငြိကပ်တွယ်တာ နေလျှင်သင်သည် ငါ၏ နယ်ပယ် တဝသုံးသွယ်မှ တယ်နည်းနှင့်မှ လွှတ်နိုင်မည်မဟုတ်" ဟုပြောဆိုပြန်သည်၊ ထိုတခါ မြတ်စွာဘုရားက -

"ထိုမာန်နတ် ငါဘုရားမှာ ရွှေငွေ စသောအသုံးအဆောင် သက်နီ၊ စသောပစ္စည်းလောရင် တို့၌ ဂါဠ္ဂာဟ တွယ်တာကပ်လျှက်တက်မက်ခြင်းမရှိ ငါဘုရားကား အခြားသူများကဲ့သို့ ဂါဠ္ဂာဟ ပြောဆိုသူမဟုတ်ချေ၊ ထို မာန်နတ်ငါဘုရားကို သင့်သည် ဤသို့ထားရှုန်ပုဂ္ဂိုလ်မြတ်ဟူ၍ မှတ်ယူတိလော့ တစဝသုံးပါးကို ငါဘုရားစွန့်ပယ်ပြီး ဖြစ်ရကာသင်၏ နယ်ပယ်ဖြစ်သည့် တင်သေုံးပါး၊ ယောဂလေးပါး၊ ကာမိငါးပါး၊ ဗိညာဏဋ္ဌိတိခုနစ်ပါး၊သတ္တဝါသ ကိုးပါးတို့၌ ငါဘုရား၏ သွားရာလမ်းကြောင်းကို သင်မြင်လိမ့်မည်မဟုတ်" ဟုမိန့်တော်မူသောအခါ မာန်နတ်သည် တဖန်ထပ်၍ -

"တို ရဟန်းဂေါတမ အကယ်၍သင်သည် နိဗ္ဗာန်သို့ ရောက်ကြောင်းတေးကဗျ၊ ရာလမ်းကြောင်း ကိုထိသည် ဖြစ်တဲ့သင်တစ်ဦးတည်းသာသွားပါတော့လော့ အတယ့်ကြောင့် လူတစ်ပါးကို အဖော်ခေါ်ချေ့ရွက်လို့ ရသေး သနည်း" ဟု ပြောဆို အပြစ်တင်ပြန်၏ ထိုအခါမြတ်စွာဘုရားက -

"တို မာန်နတ်သင်သည် မည်သို့ ပင်ဟန့်တားစေကာမူ - ငါဘုရား သည် တဝတစ်တက်ကမ်၊ နိဗ္ဗာန်နန်း သို့ ကူးသန်းလိုကြသူ နတ်ဖြဟ္မာ သတ္တဝါတို့၏ သေမြင်းမှ ကင်းလွတ်ရာနိဗ္ဗာန်ရောက် ကြောင်းတရားလမ်းကြောင်း ကိုပြကြား ဟောပြတပ်သည်သာဖြစ်၏"

ဟုမိန့်တော်မူရာ မာန်နတ်သည် ရှာသူရှာသားတို့ ရိုက်ချိုးသဖြင့် လက်မကျိုးသောပုဆွန် ပမာကြရာမရ ဖြစ်ပြီးလျှင် လက်ပျှော့ညှိုးမျိုးအမှုမပေးသော နစ်ငါထာကို ရွတ်ဆို လေသည်၊ မာန်နတ်ရွတ်ဆိုသော ပြောကြားသော လိုရင်းကား -

ဂေါတမမြတ်စွာဘုရား ဥပမာ - တိတိရွှဲရွဲ သားဆီခဲကြီး၌ မွမွရွရွနူးညံ့လှသော ဆိန်အဆီအသားဆီကို ရကုန်တဲ့လည်းမသိ - ကျောခြင်းစိမ့်စိန့်ကိုယ်လုံးတိမ့်မှု - ရှိဆိမ့်လှစွာ အရသာဖြင့် သာယာ မူးမေ့ လျှာအတွေ့သည် ဖြစ်ခြင်းတဲ့လည်းမသိ - ဤသို့အကြဖြင့် ကျီးမိုက်သည် အဆီခဲတဆွေးတဆစ်ရှိသည်သာလျှင် ဖြစ်သော ကျောက်လုံးကြီးကို ရှစ်မျက်နှာ၌ ချာချာလည်ပတ်ဝန်းဝိုင်း၍ဝတ်ကျီးဟ ဆိတ်စွာထိုးလေ၏၊ ထိုကျီးမိုက်ကို ထိုကျောက်တုံးကြီး၌ သာယာကောင်းမြေလျှာအတွေ့ကို မရသည် ဖြစ်၍ ထိုကျောက်တုံးကြီးမှ ရှောင်စွာရာတ်ခဲ လွှဲရလေ၏၊ ထိုကျီးမိုက်သည် အဆီအခဲလို ရွှန်းရွှန်းစိုသောထိုးဆိတ်ထိပါး၍ အငွေ့မြူစေမှ မတွေ့ရလေပဲ၊ အပန်းသဲ၍ ဖယ်လွှဲရလေဘိသကဲ့သို့ အကျွန်ုပ်သည် ဘုရားရှင်ကိုနှောက်ယှက်ထိပါး စော်ကားချော်ရှယ် အလိုပါမူဘာတစ်ခုမျှ မပြုနိုင်ထဲ နှလုံးကွဲမျှ နာကျင်ပူညှိုးမျိုးစိတ်ကုန်ဆုံးလျှက် ဝုန်းဝုန်းရှုပါကုန်တော့၏။

ထိုနောက်မာန်နတ်သည် အလွန်ပင်စိတ်နလုံးမသာမယာဘဲ မြတ်စွာဘုရားနှင့် မနီးမဝေးသော လမ်းမကြီး၌ ကြံတွေးငေးမှိုင်တစ်ယောက်တည်းဆောင့်ကြောင့်ထိုင်ပြီး ၁၆ ပါးသော အကြောင်းများကို အမန်းမန် စိတ်ကူးပြီး မြေကြီးမှာ ၁၆ ကြောင်းသောအရေးတို့ကို ရေးခြစ်နေ၏။(၁၆) ကြောင်းသော အရေးတို့ကား -

ငါသည် ဤသိဒ္ဓတ္ထထမင်းသားကဲ့သို့ ရှေ့ဘဝတို့က -

(၁) ဒါနပါရမီကို မဖြည့်ကျင့် မဆည်းပူးခဲ့ချေ ။

(၂) သီလပါရမီကို လည်း မဖြည့်ကျင့် မဆည်းပူးခဲ့ချေ ။

(၃) နေက္ခမ္မပါရမီကို လည်း မဖြည့်ကျင့် မဆည်းပူးခဲ့ချေ ။

(၄) ပညာပါရမီ ကိုလည်း မဖြည့်ကျင့် မဆည်းပူးခဲ့ရေ ။

(၆) ဝီရိယ ပါရမီ ကိုလည်းမဖြည့်ကျင့် မဆည်းပူးခဲ့ရေ ။

(၇) သစ္စာပါရမီ ကိုလည်း မဖြည့်ကျင့် မဆည်းပူးခဲ့ရေ ။

(၈) အဓိဋ္ဌာန် ပါရမီ ကိုလည်း မဖြည့်ကျင့် မဆည်းပူးခဲ့ရေ ။

(၉) မေတ္တာ ပါရမီ ကိုလည်း မဖြည့်ကျင့် မဆည်းပူးခဲ့ရေ ။

(၁၀) ဥပေက္ခာ ပါရမီ ကိုလည်း မဖြည့်ကျင့် မဆည်းပူးခဲ့ရေ ။

(၁၁) သူတပါးတို့နှင့် မဆက်ဆံသော ဣန္ဒြိယာပရောပရိ ယတ္တိဉာဏ်

(၁၂) အာသယာ နုသယဉာဏ်

(၁၃) မဟာကရုဏာ သမာပတ္တိဉာဏ်

(၁၄) ယမကပါ ဋိဟာရိဉာဏ်

(၁၅) အနာဝရဏဉာဏ်

(၁၆) သဗ္ဗညုတဉာဏ် များကို ရရန်ကောင်းမှု ဆယ်လီပါရမီတို့ကို မဖြည့်ကျင့် မဆည်းပူးမိခဲ့ရေ။ ထို့ကြောင့် ဝင်၍ အလောင်းမင်းသားနှင့် တူတန်ညီမျှသူ ငါမဖြစ်နိုင်ဟု စိတ်တူးလျှတ်တဆယ့်ခြောက်ခုခြောက် အကြောင်း အရာကို ရေခြစ်ဆွဲငင်လေ၏ ။

## မာန်နတ် သမီးတို့ဖြားယောင်းလာခြင်း

ထိုအခါ တဏှာ၊ အရတိ၊ ရဂါ အမည်ရှိကြသော မာန်နတ်သမီးသုံးယောက်တို့သည် ဖခင်မျောက်ဆုံး၍ လိုက်ရှာကြသော အခါသစ်ပင်ကြီးရင်း၌ မြေကြီးကိုဇုတ်နှင့် ခြစ်နေသော သူတို့ဖခင် မာန်နတ်ကြီးကို တွေ့မြင်ကြ၍ ဖခင်ထံသွားကြပြီး

"ဖခင်ဘာကြောင့် ကြံမှိုင်၍ နေပါသလဲ" ဟုမေးသော အခါ မာန်နတ်ကြီးက ငါဖခင်သည် "ဤရဟန်းကြီး ဝေါတမက ငါ့တို့နိုင်ငံဆုံသုံးတန်မှတော်လုန်လွတ်မြောက်သွားခဲ့လေပြီ၊ ခုနစ်နှစ်ကြာ အပြစ်အပေါက်ကို တကောက်ကောက်လိုက်လံကြည့်ရှုပါသော်လည်း ထိုရဟန်းကြီးဝေါတမ၏ အမှုယွင်းဖောက် အပြစ်ထင်ရန် အခွင့်အပေါက်ကို အကုသိုလ်လောက်မှရှာကြမတွေ့ရချေ။ ထို့ကြောင့် ဖခင်ဝါနှလုံးမသာမယာကြံမှိုင်စွာ ညှိုးငယ်စွာ နေရပါသည်" ဟုပြော သောအခါ

"ဖခင်ဒါကြောင့် မပူပါနှင့် ကျွန်မညီမသုံးယောက်သွားပြီး ဖြားရောင်းသွေးဆောင်ပါမည်" ဟု ပြောသောအခါ "ချစ်သမီးတို့ ရဟန်းကြီးဝေါတမကို လောက၌ မည်သူတစ်ဦး၊ တစ်ယောက်မှ ဝိဝိတလို တကြိုက်သို့ ရောက်အောင် ဖြားရောင်းသွေးဆောင်ခြင်းငှာ တတ်နိုင်မည်မဟုတ်ချေ။ ဤရဟန်းဝေါတမသည် မတုန်မလှုပ် မြဲမြဲနိုင်ခန့်သော အစလေသခ္ခါ၌ တည်သူဖြစ်သည်ဟု ပြောသော်လည်း သမီးသုံးယောက် တို့က ဖခင်၏ စကားကို နားမထောင်ဘဲ ကျွန်ုပ်တို့သည် မိန်းမချောများ ဖြစ်ကြပါသည်။ ယခုပင်လျှင် ရဟန်းကြီး ဝေါတမကို ကျောကွင်း မာယာ အလီလီသွင်းခြင်းဖြင့် တုတ်နှောင်ဖွဲ့ချည်၍ အမြန်ဖခင်ထံခေါ်ဆောင်ခဲ့ကြပါကုန်တဲ့ သို့အတွက် စိတ်မျက် ပူပန်မနေပါနှင့်" ဟု ပြောကြပြီးနောက် နတ်သမီးသုံးယောက် ဘုရားထံမှောက်ရောက်သွားကြလျှင် အရှင်ရဟန်း

အရှင်မြတ်၏ ခြေရင်း၌ဝင်စင်းတုပ်တွ နေထိုင်ကြပြီးလျှင် လိုအဖျာအာရုံကို ပေး၍ လုပ်ကျွေး[ပြု]ကြပါရစေဟု မိန်းမပာယာဖြင့် မြူဆွယ်ကာပြောဆိုကြကုန်၏ မြတ်စွာဘုရားသည် ထိုနတ်သမီးသုံးယောက်တို့ပတားတို နှလုံးသွင်းဖြစ်၊မပြုသည့်အပြင် မျက်စိတော်ကို ဖွင့်၍မကြည့်ဘဲ ဖလာသမာပတ်ကို ဝင်စားတော်မူကာ နိဗ္ဗာန်ချမ်းသာကိုခံစားပြီး နေတော်မူသည်။ တဖန်မာန်နတ်သမီးသုံးယောက်တို့သည် တနေရာသွား၍ တိုင်ပင်ကြသည်မှာ ယောက်ျားဆိုတာမျိုးဟာ အလိုဆန္ဒများကယ်၊ အာရုံများတယ် ဖို့ကြောင့် (၁၃) နှစ် အရွယ်၊ (၂၀)နှစ်အရွယ်၊ (၃၀) နှစ်အရွယ်၊ (၄၀)နှစ်အရွယ်၊ (၅၀) နှစ်အရွယ်၊ (၆၀) နှစ်အရွယ် သုံးယောက် တစ်ယောက်လျှင် လှပကျော့ရှင်းသော ရုပ်အသွင်အမျိုးမျိုး အဝတ်အပြင် အမျိုးမျိုးနှင့် တော့တော်ကဲကားလုပ်ကြ၍ ဖလာကျင်းပြီး အမျိုးသမီး (၁၀၀) စီ (၁၀၀) စီ လုပ်ပြလျှင် ဒီရှင်ရဟန်းကြီးဂေါတမ အာမို့ခံနိုင်ရမှာလည်းသွားကြည့် ကြတုံးနို့ ပြောဆိုတိုင်ပင်လျှက် ဘုရားရှေ့တော်မှောက်သွားရောက်၍ သူတို့တိုင်ပင်ထားသကဲ့သို့ လုပ်ပြကြကုန်၏။ ဖျော်နည်းတုလည်းပြောဆိုကုန်၏ ထိုမာန်နတ်သမီးသုံးယောက်တို့ပြောဆိုကုန်သော စကားကိုနှလုံး သွင်းမှုအလျှင်း မပြုသည့် အပြင့်မျက်စိကို ဖွင့်၍မကြည့်ဲ ဖလာသမာပတ်ဝင်စား လျှက်နေတော်မူသည်၊

"နတ်သမီးသုံးယောက်တို့ ဖယ်သွားကြကုန်လော့ သင်တို့သည် အဘယ်ကြောင့် ဖြားယောင်းသွေးဆောင်မှုကို ပြုလုပ်ကြကုန်ဘိသနည်း၊ ဤအမှုမျိုးကို ရာဂ ဒေါသ - မောဟမကင်းကြသော သူတို့မျက်မှောက်၌ သာပြုလုပ်ခြင်း သာလျှောက်ပတ်သည်၊ ငါဘုရားသည်ကား ရာဂ ဒေါသ၊ မောဟတရားများ အကြွင်းမဲ့ပယ်ပြီးပြီ"ဟု မိန့်ဆို တော်မူပြီးလျှင် ကိလေသာတရားပယ်ပြီးပုံကိုအာရုံပြု၍ -

ယဿဇိတံန ဝဇ်ယတိ ဇိတမဿ နောယာတိကောစိလောကေ ။
တံဗုဒ္ဓ မနန္တ ဂေါစရံ အပဒံ ကေနပဒေန နေဿထ၊
ယဿဇာလိနီ ဝိသတ္တိကာ၊ တဏှာ နတ္ထိကုဟိဉ္စနေတဝေ၊
တံဗုဒ္ဓမနန္တ ဂေါစရံ အပဒံ ကေနပဒေန နေဿထ ။

အဓိပ္ပါယ် - အကြင်မြတ်စွာဘုရားသည် အောင်အပ်ပြီးသောကိလေသာကို တဖန်အောင်ဖွယ်မရှိပြီး လောကကြီး၌ ထိုမြတ်စွာဘုရားအား အောင်အပ်ပြီးသားသည် တစုံတခုမျှ အစဉ်မလိုက်ပေ ထို့သိုဖြစ်လျှင် သဗ္ဗညုတညာဏ်အစွမ်းဖြင့် အဆုံးမရှိသော ကျက်စားရာအာရုံရှိတော်မူထသော ရာဂစသောကြောင့်မရှိထသော ထိုဘုရားရှင်ကို အဘယ်ကြောင်းအားဖြင့် ဆောင်ကုန်တုံနည်း။ အကြင်မြတ်စွာဘုရားအား 'တစုံတခုသော လောကတို့ကဆောင်ခြင်းငှာ ရစ်ပတ်မေးယှက် ကွန်ရက်နှင့်တူစွာထသော အဆိပ်လျှင်သောသဘောရှိသော အထူးသဖြင့် ကပ်ငြိတတ်ထသော တဏှာသည်မရှိထိုသို့ ဖြစ်လျှက် သဗ္ဗညုတဉာဏ်အစွမ်းဖြင့် အဆုံးမရှိသော ကျက်စားရာ အာရုံရှိတော်မူထသောရာဂစသော အကြောင်းမရှိထသော ထိုဘုရားရှင်ကို အဘယ်အကြောင်းဖြင့် ဆောင်ကုန်တုံနည်း၊ ဤနှစ်ဂါထာဖြင့် မြွက်ဆိုမိန့်ကြားတော်မူလိုက်လျှင် ထိုနတ်သမီး သုံးယောက်တို့သည် "ငါတို့ဖခင်သည် အမှန်အတိုင်းပင် ပြောဆိုပေ၏၊ ဤရဟန်းကြီး ဂေါတမသည် အရဟံဂုဏ်ရှင် သုဂတ ဂုဏ်ရှင် ဖြစ်တော်မူရကားလောက၌ ရာဂနှင့် ဖြားယောင်းသွေးဆောင်ရန် လွယ်ကူသူမဟုတ်၊ ဤသို့ပြောကြားပြီး ဖခင်မာန်နတ်ထံ ပြန်ပြေးသွားကြလေ၏။

ဤနေရာတွင် - မာန်လည်ဆရာတော် ရေးသားသော မဃဒေဝလင်္ကာကို ဖော်ပြပါဦးမည်။

တာခြေပွါရှေ့ရပ်သာတွင် အဝပါလနိဗြောဓ၌ အလှတုမှဲ၊ စံမဟဲ့သား၊ တစ်ဆဲ့နှစ်နှစ်၊ ဆယ့်သုံးနှစ်က၊ ဖို့စစ်ရွယ်ဝင်ယကင်စုလည်း ကြက်တောင်စည်းလျက်၊ မျက်မည်းနတွား၊ လျှလျှမ်းဖြင့် ဘာသာမပြင် တသားမြင်တို့ မွှေးရပ်ညှိစိ၊ နှစ်သားမိနှင့် ယဉ်တိရှပ်ရည်၊ တည်ကြည်ငြိမ်မြတ်၊ ရွယ်လတ်ရွယ်ကြီး၊ ဓာန်နတ်သမီးတို့ ခြောက်သီးခြောက်ပုံ၊ လိုတော်တုန်အောင်၊ အာရုံတော်မှီး၊ နတ်တန်ခိုးဖြင့် ကြိုး၍အားသွန် ကြိမ်ဘမ်ဘမ်လျှင် သဏ္ဍာန်ရုပ်ပြောင်။ ရာစီလောင်းလျှက်ဖြားယောင်း လှဲ့လပြုသမျှကို ယသာစိတ၊ နာဝဝိယတိ၊ တစရှိသာ၊ ပါဠိဝေသနာ၊ ဝါထာသုံးပိုဒ် မိန့်တော်ရှိတ်၍ ဖိုလ်၊ မြိုက်သုစ၊ စံချမ်းမြလျှက် သတ္တရင်းရက်ပေါင်း ထွတ်ဖွဲ့လွန်ခဲ့ပြီ ခဲ့ရှင် ။ ။

ထိုအဇပါလနေရာမှ မဟာဗောဓိ စေတီတက်အာရုံပြု ရေတော်ကပ် ပရိက်ယူပြီး မိုးသောက်ယံ တွင် အမိဋ္ဌာန်ပုတီးစိပ်၏ ပုတီးစိပ်ရေ၌ ပုတီးပါတ် (၃၀) ရသည့်တိုင်အောင် နံနက် (၉) နာရီ (၃၀) ထိ အမွှေးနံ့ ရနေ၏။ ထိုအမွှေးနံ့ကို အာရုံမပြုပဲ ပုတီးကိုသာအာရုံပြု၍ စိတ်နေသော်လည်း တချက်ချက် မွှေးရနံ့အာရုံ ဝင်လာ၏။ (၃၆) ပါတ်ရသောအခါ ဇွက်ပျော့သီးလှူသော ကုလားမလေး ရောက်လာပြီး ပန်းများပဲနှင့် ထင်တရာမုံ့များလှူပြီး ထိုကုလားမလေးက ပြောသည်မှာ တပည့်တော်က ဘုမ္မစိုးနတ်သမီးပါ နှစ်ဂါဝုတ်လောက် ဝေးတဲ့ ဂယာရာမှ ဘုရားဆွမ်းခံကြွစဉ်ကဆွမ်းဟင်းလောင်းလှူ ဖူးသော ကုသိုလ်ကြောင့် စုတိဖြတ်ကြွေ သေလွန်သောအခါ ဤမဟာဗောဓိကုန်းမှာ ဘုမ္မစိုးနတ်သမီး ဖြစ်လာရပါတယ်ဘုရား ။ ။

ဤမဟာဗောဓိသတ္တဌာနမှာ ကျင့်ကြံအားထုတ်လာကြသော ရဟန်းသံဃာတော်မြတ်များဝတ်ပြု၍ ခဲ့ဘွယ် ဘောဇဉ်များ လှူဒါန်းပါတယ်ဘုရား၊ အရှင်ဘုရားကို ကန်တော့ပါထယ် အရှင်ဘုရားလိုအပ်သော တောင်ခြေများပါ ရတနာသရမှာ တုံးတလှူဒါန်းခဲ့ပါတယ်ဘုရား ဤမဟာဗောဓိ သီတင်းသုံးနေထိုင်စဉ်တပည့်တော်မကို အလိုရှိတာ မိန့်တော်မူပါဘုရား။

(မြင်း) - "ယခု ဦးပဥ္စင်းပုတီးစိပ်သော နေရာက အဇပါလ နေရာဟုတ်ရဲ့လား"

(မိုး) - "ဟုတ်ပါတယ်ဘုရား ဒီနေရာဟာ နှစ်ခါသီတင်းသုံးနေတော် မူပါတယ်၊ ဒီအဇပါလမှာ ခုနှစ်ရက်ပြီးလျှင် မုစ္စလိန္ဒာ (၇) ရက်ကျည်းပင်ရင်းဖြစ်ပါတယ်။ ရာဇာယတန လင်းလွန်းပင် ခုနှစ်ရက်ပါဘုရား၊ ထိုကမှပြန်ပြီး အဇပါလ ညောင်ပင်မှာ သီတင်းသုံးပါတယ်ဘုရား ဤအဇပါလ ညောင်ပင်မှာ ဗြဟ္မာကြီးတတရားဟောရန် တောင်းပန်ပါတယ်ဘုရား"

(ခွင်း) - "ဒီလိုသိရတာ အလွန်ဝမ်းမြောက်လှပါတယ်၊ သာဓုလည်းခေါ်ပါတယ်၊ သာဓုပါ၊ သာဓုပါ၊ တပည့်တော်မ သွားလိုက်ပါဦးမည်ဘုရား"

ဟု လျှောက်ပြီးသွားတော့၏ ကျွန်ုပ်လည်း ပုတီးဆက်စိပ်၏။ အပါတ် (၄၀) ရတော့ နေ့ (၁၀) နာရီခွဲနေ၍ ဆွမ်းစား၏၊ ဆွမ်းစားပြီးလျှင် ဆက်စိပ်၏၊ ည (၁၀) နာရီထိုးလျှင် ပုတီးပါတ် (၆၀) ရ၍ မနက်ပိုင်း ပုတီးပါတ်နှင့် ပေါင်းသျှင် (၁၀၀) ရ၏၊ တနေ့ အဓိဋ္ဌာန်ပြည့်မှာ ရှစ်ပါတ်သာလိုတော့၍ ဆက်စိတ်၏။ဘုရားပေါက်နှင့် တည့်တည့်လမ်းလဲကြ၍ မီးအလင်းရောင်ရတော့ ဗောဓိဘုရားမှာလဲ နေ့စဉ် မိုးသောက်ယံတိုင်း မယောင်းတိုးတိုင်

နံ့သာကိုးတိုင်လှူ၏၊ ပုတီး(၈)ပါတ်ရလျှင် ည (၁၁) နာရီ ခွဲနေ၏၊ သုတဝန္နာ ဂါထာများ ရှာနင်းဝါးဂါထာ နှစ်တိုင်ရှစ်ဆူဂါထာများ ဆက်စိပ်၏၊ ည (၂)ချက် (၁၀) မိနစ်ပြီး၍ ခေတ္တထိုင်လျက်မှေးအိပ်လိုက်၏၊

အိပ်မက်၏ ညောင်ပင်ကြီးတစ်ပင်အောက် ကျွန်ုပ်ပုတီးစိပ်နေ၏၊ ဘုရားကြွလာတော်မူ၏၊ အဝေးကမြင်ရ၍ ကျွန်ုပ်က "ဘယ်ကြွတော်မူမှာလဲ" ဆိုပြီး အငြေအနေ စောင့်ကြည့်နေ၏၊ ထိုသို့ ကြည့်နေစဉ် ကျွန်ုပ်အနား ရောက်လာ၏၊ သရေ့ရွှယ် ခင်းပေးပြီး "တရှင်မြတ်စွာဘုရား သီတင်းသုံးတော်မူပါဘုရား" ဟု လျှောက်ပိုက်လျှင် သရေ့ရွှယ်မှာသီတင်းသုံးတော်မူ၏၊ ကျွန်ုပ်က ထိခြင်း ငါးပါး ဖြင့် ရှိခိုးပြီး ဘုရားက ဘာများ မိန့်တော်မူမှာတုံးဆိုပြီး ဦးတုပ်လျက် ပုတီးစိပ်နေ၏၊ "ဒါကာမ -ဒီအဝပါနိပြောတေပြီးလျှင် မုဉ္စလိန္ဒာတမိဋ္ဌာန် ဝင်မှာမဟုတ်လား။"

(ဦး) - မှန်လှပါဘုရား။ မုဉ္စလိန္ဒာမှာ ဝင်ရမှာပါဘုရား။

(ဘုရား) - မုဉ္စလိန္ဒာဝင်သောခါ ခုနှဆုတ်ကို ကိုးကြိမ်တနေ့တစ်ခါရွတ်ပြီးဝင်

(ဦး) - မှန်လှပါဘုရား။ မိန့်တော်မူတဲ့အတိုင်း ပြုလုပ်ဆောင်ရွက်ပါမည်ဘုရား။

(ဘုရား) - ဖေးဖေးဝါမှာချင်လို့ကြွခဲ့လာခဲ့တာ ဟုမိန့်တော်မူပြီး ကြွသွား၏၊

ကျွန်ုပ်သည်း နိုးလာ၏၊ ကျွန်ုပ်စိတ်ထဲတွင် အဟုတ်လိုလို အိမ်မက်လိုလိုဖြစ်ပြီး ဝမ်းမြောက်သော ဖြစ်၍ ထပြီး ခုနှတ်(၁၁) သုတ်ဓမ္မစကြာပညာဝါရမပဋ္ဌာန်းတို့ရွတ်ဘတ်ပြီး နေ၏၊ ပညာဝါရဆုံးလျှင် ဘုရားငံခါးဖွင့်သံ ကြား၍ ထပြီး မုဉ္စလိန္ဒာသွားမှတ်နာသစ် တိုယ်လက်သန့်ရှင်းပြီး ဆောက်တော်ရေခပ် ၍အဓပါလမှာ ဘုရား ရှည်မှန်းပြီးကပ်၏၊ မိုးသောက်ယံရောက်၍ မှတ်တမ်းရေးလိုက်၏၊

၁၃၁၇ ခု နယုန်လဆန်း (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့ (၁၉၅၅၊ ဇွန်လ ၂၈ ရက်) အဓပါလစေတီတွင် ဝုတ်ယအကြိမ် တမိဋ္ဌာန်ဝင် သုဝတောင်းချက်စိပ်၏၊ ရင်းနယုန်လဆန်း (၁၅) ရက်လပြည့် ၅တေးညနေ တသိယအကြိမ်ညဦးသံမှ စ၍ မိုးလင်းသည်အထိ စာရွတ်သံများကြားနေရ၏၊ ရင်းနယုန်လဆုတ် ၁ ရက်၊ ၆ကြာနေ့ စတုတ္ထအကြိမ်ရင်းနယုန်လဆုတ် ၂ရက်၊ စနေနေ့ ပဉ္စမအကြိမ်၊ ရင်းနယုန်လဆုတ် ၃ ရက်၊ ၁နွေနေ့ ဆဋ္ဌမအကြိမ်၊ ရင်းနယုန်လဆုတ် ၄ ရက်၊ ၂လာနေ့ သတ္တမအကြိမ်၊ရင်းနယုန်လဆုတ် ၅ ရက်၊အင်္ဂါနေ့ အဋ္ဌမအကြိမ်၊ ရင်းနယုန်လဆုတ် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ နဝမအကြိမ် မိုးသောက်ယံမှထပြီး မုဉ္စလိန္ဒာတိုင်တွင် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ရေတော်ခပ်၊ အဓပါလစေတီမှာ ရေတော်ကပ် ပရိတ်ယူပြီး အမိဋ္ဌာန်ပုတီး စိပ်၏၊ ပုတီး (၂) ပတ်ရလျှင် ကုလားကြီးနှင့် ကုလားမလေးတို့လာပြီး နံပြားနှင့် ပဲကျွန်ုပ်ရှေ့ချပြီး လက်အုပ်ချီ၍ သပိတ်မုံးထဲထည့်သွားကြ၏၊ ပုတီး (၅) ပတ်ရလျှင် အလင်းရောင်သဲကွဲလာ၍ထိုအချိန်တွင် မြန်မာအမျိုးသမီး တစ်ယောက် အသတ် (၂၀) ပတ်ဝန်းကျင် လောက်ရှိသော၊ ရုပ်ရည်သန့်ပြန့်သော မိန်းကလေးသည် ကျွန်ုပ်နှင့် မနီးမဝေးတွင်ရပ်ပြီးနေ၏၊ ဝတ်ထားသော ထမီကအစိမ်းနုရောင်၊ အင်္ကျီကလည်းအစိမ်းနုရောင် လက်တောတ် ဆွဲကြိုးများကလည်း အစိမ်းရောင်၊ မြလက်ဝတ်လက်စားများ ဝတ်ထား၏၊ ကျွန်ုပ်စိတ်ထဲတွင်ဒီအချိန် ဒီမိန်းကလေးဟာ ဘာကြောင့်ငါ့ရှေ့ ယာရပ်နေတာပါလိမ့် အကြောင်းတစ်ခုခုတော့ရှိမှာဘဲ ထာအကြောင်းလဲ ဆိုတာ စောင့်ကြည့်ရတုံးမယ်ဟု စိတ်ထဲကအောင့်မေ့ပြီး ပုတီးကိုသာ စိပ်နေ၏၊ ပုတီး (၆) ပတ်ရတော့ ခြေထောက်

ထနေစဉ်မြွေဖြစ်သွား၏၊ မြွေကကျွန်ုပ်လက်မောင်းလောက်ရှိ၏၊ ထိုမြွေသည် ကျွန်ုပ်၏ရှေ့တွင်ခွေနေပြီး မုဒ္ဒလိန္ဒာ ဆိုင်ဘက်ထွက်လာ၏၊ ကျွန်ုပ်တရင်သတ်၍မောဖြင့်ကြည့်နေ၏၊ စိတ်ထဲတွင် လောကကြီးတယ်ဆန်းပါကလား အောင့်မေ့ပြီး ပုတီးကိုပါ စိပ်နေတော့သည်၊ ဘုရားဖူးများက ကျွန်ုပ်ကိုကြည့်ကြည့်ပြီး ကျွန်ုပ်ဘေးကဖြတ်၍ စေတီတော်ကိုသွားကြ၏၊ တပြန်တွင် ကျွန်ုပ်သပိတ်ဖုံးထဲ မုန့်များ ပိုက်ဆံ များထည့်သွားကြ၏၊ ပုတီးတပတ် (၄၀)ရလျှင် နေ့လည် (၁၁) နာရီခွဲနေ၏၊ ထို့ကြောင့်ဆွမ်းစား၏၊ ကျွန်ုပ်ဆွမ်းစားနေစဉ် ကြောင်လေးတစ်ကောင် ရောက်လာ၍တညောင်ညောင်နှင့်တောင်းနေ၏၊ မုန့်ပစ်ကျွေးလိုက်၏၊ နမ်းပြီးမစားဘဲကြော်ကျွေးလိုက်ပြန်၏၊ နမ်းပြီးလျှာနှင့်ရက်ယုံသာရက်၍ မစားဘဲနှင့်ကျွန်ုပ်ဒူးကို ခေါင်းနှင့်ပွတ်ပြီး ထွက်သွား၏၊ ကြောင်ကလည်း အဆန်းဘဲမြွေတလည်း အဆန်းဘဲလို့အောင့်မေ့ပြီး ဆွမ်းစားပြီး၍ မုဒ္ဒလိန္ဒာတိုင်ဘက်သွား သပိတ်ဖုံးများ ဆေးကြော၍ ရေအော်ခပ်ပြန်လာပြီး အသပါလစေတီတွင် ရေတော်ကပ် ပုတီးဆက်စိပ်နေ၏၊ ပုတီးစိပ်လို့ (၅) ပတ်လောက်ရတော့ ဆွမ်းစားတုန်းက ကြောင်ညိုပြန်ရောက်လာ၏၊ ကျွန်ုပ်ဒူးကိုပွတ်ပြန်၏၊ ကျွန်ုပ်က ပုတီးနှင့် ခေါင်းရောကိုယ်ရောပွတ်ပေး လိုက်၏၊ ကျွန်ုပ်ရှေ့တည့်တည့်မြေကြီးတွင် လူးလှိမ့်နေပြီးပျောက်သွား၏၊ အင်း ဒါလည်းတစ်မျိုးဘဲထု အောင့်မေ့၍ ပုတီးဆက်စိပ်နေ၏၊ နာရီကြည့်လျှင် နေ့ (၁)နာရီထိုးနေ၏၊ပုတီးဆက်စိပ် နေပြန်၏၊ ပုတီး (၇) ပတ်လောက်ရတော့ အသက် (၃၀) အရွယ်လောက် တုလားမလေးတစ်ယောက် ရောက်လာပြီး သူ့ကိုယ်ရုံထဲမှ နှိုက်၍ အရာဝတ္ထုတစ်ခုကိုထုတ်လိုက်၏၊ သူမ၏လက်ထဲမှ အဝတ်ထုတ်ကလေး တစ်ထုတ်ကျွန်ုပ်ရှေ့တွင်ချ၍ အရှင်ဘုရားကို ကျေးဇူးဆပ်သည့်အနေဖြင့် ဒီလက်စွပ်ကလေးလာလှူတာပါဘုရား၊ ကြောင်ညိုဟာတပည့်တော်ပဲပါ၊ အရှင်ဘုရားပုတီးနှင့်ပွတ်ပေးလိုက်၍ အညိုကွက်ကြီးတွေ ဘုကြီးတွေပျောက် ထင်းသွားပါတယ်ဘုရား၊ ကျေးဇူးကြီးမားလှပါတယ်ဘုရား၊ တပည့်တော်မက ဒီတောမိပင်အနောက်က ဘုရားသိုက်တို စောင့်နေရတဲ့သိုက်နန်းရှင်ပါဘုရား၊ နာမည် က ဒေဝစ္ဆရာစွပါလို့ခေါ်ပါတယ်ဘုရား၊ ဒီနေရာမှာ နေရတာ အနှစ် (၂၄၀၀) လောက်ရှိပါပြီဘုရား၊ တပည့်တော်မ၏၊ ရောဂါများပျောက်ကင်းသွားအောင် လာမာကြီးများ၊ ဆာဒူးကြီးများ ဒီရောက်ရောက် လာကြတဲ့အခါ ဆေးတောင်းပါတယ် ဘယ်လိုမှ ပျောက်ကင်း အောင်လုပ်မပေးနိုင်ကြပါဘုရား၊ ယခု အရှင်ဘုရားက ပုတီးနှင့်ပွတ်ပေးလိုက်တော့မှ ပျောက်ကင်းချမ်း သာရပါတယ်၊ အရှင်ဘုရားအလိုရှိတဲ့အခါ တပည့်တော်နာမည်ခေါ်လိုက်ရင် ရောက်အောင်လာခဲ့ပါမယ်ဘုရား၊ ခွင့်ပြုပါဘုရား ဆိုပြီးတော့သွား၏၊ အင်းဒါလဲတစ်မျိုးပဲဆိုပြီး ပုတီးဆက်စိပ်၏၊ နေ့ (၃) နာရီကျော်လောက်ဖြစ်၍ သုရားဖူးများ တဖွဲ့ဖွဲ့ရောက်လာကြ၏၊ ည (၉) နာရီကျော်ကျော်မှာတော့ ဘုရားဖူးများမလာကြတော့ပေ၊ ည (၁၁) နာရီ ထိုးလျှင် ပုတီး (၂) ရပ်ပေါင်း (၁၀၈) ပတ်ရ၍ ယနေ့အဖို့အသပါလစေတီမှတိုးရက် နဝမအကြိမ် အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်သွား၏၊ သုတဝန္ဓနာနှင့် ဗျာန်ဂါထာနှစ်ကိုပ်ရွှစ်ဆူ ဂါထာများစိပ်ရန်သာ ကျန်တော့သည်၊ ထို့ကြောင့် ဆက်စိပ်၏၊ ည (၂) ချက်ခွဲပြီးသွား၍ ခဏထိုင်လျှက် မှေးအိပ်လိုက်သည်၊ ဝိစ်ရှတွစိုးဘိုးသုမနနှင့် မိန်းကလေးတစ်ယောက်ရောက်လာ၏၊ သူနှိုး၍ကျွန်ုပ်နိုးလာသည်၊ ရှတွစိုးကြီးက ပြောသည်မှာ ဒီမိန်းကလေးက အရှင်ဘုရားသိမှာပါ၊ မိန်းကလေးကနေ မြွေဖြစ်သွားတဲ့မုဒ္ဒလိန္ဒာကန်စောင့် နာဝစန္ဒီလေးပါဘုရား၊ သူ့အခက်အခဲကို အရှင်ဘုရားမဖြေရှင်းတတ်လို့ တပည့်တော်ပြောလို့ တပည့်တော်က ဖျောက်ပေးရတာပါဘုရား၊

(ဦး) - ဖျောက်ပါရှတွစိုးကြီး ကူညီနိုင်တယ်ဟုညီပါ့မယ်၊

(စိုး) - နာဝစန္ဒီလေးတာ နှစ်ပေါင်းထောင်ချီပြီး ကြာနေပါပြီဘုရား၊ ဆနားစရာလေး

ပါ၊ အစားအစာလဲရှားပါးလှပါတယ်ဘုရား၊ အနေအထိုင်လည်းကြပ်တည်းကျဉ်းမြောင်းလှပါတယ်ဘုရား၊ အရှင်ဘုရားကိုလှူချင်လို့မှ ဘာမှ မလှူနိုင်တဲ့အပါဘုရား၊ အဲဒါကြောင့်ထပ်မလေးဂတော်မူပါဘုရား။

(ဋ္ဌင်း) - တောမနေ့ ဦးပဥ္စင်းပြောထာလုပ်နိုင်ပါ့မလား။

(ဒီ) - မိန့်တော်မူပါဘုရား၊

(ဋ္ဌင်း) - ဒီမဟာဗောဓိစေတီတော်မှာ ထိုယ့်မွေးနေ့တစပြီး သုဝဏ္ဏဒေါင်းချက်ဂါထာကို တစ်နေ့ ငါးပတ်နှင့် ရက်သတ္တပတ် အဓိဋ္ဌာန်စိပ်ပါ။ နောက်တနေ့တနေ့ (၁၀) ပတ်နှင့် ရက်နှစ်ပတ် အဓိဋ္ဌာန်စိပ်ပါ။ နောက်တနေ့ (၁၅) ပတ်နှင့် (၄၅) ရက်စိပ်ပါ။ ဤသို့ကြိမ်စိတ်လိုက်လျှင် အစတ်အခဲအမျိုးမျိုးမှ လွတ်မြောက်သွားမှာပါ။

(စိုး) - ဦးပဥ္စင်းပြောတဲ့အတိုင်း စိပ်နိုင်ပါရဲ့လားမျိုး၊

(ဒီ) - စိပ်နိုင်ပါတယ်ဘိုးဘိုး ဂါထာတိုသာ အမိန့်ရှိပါ။

(ဋ္ဌင်း) - သုဝဏ္ဏော၊ သုဝဏ္ဏဌာနံ၊ သု့ဝဏ္ဏော သုန္ဒရံမိ
သုဝဏ္ဏော နိဗ္ဗာန်ယာတိ၊ သုဝဏ္ဏော ထေနမော နမော၊

ဟုကျွန်ုပ်ကပြောလိုက်လျှင် ရှုတွစိုးကြီးတရသွား၏၊ထို့နောက်ရှုတွစိုးကြီးက ထပည့်တော်ရအောင် သင်ပေးလိုက်ပါ့မယ်၊ အရှင်ဘုရားပုတီးပါရင် သူ့ကိုချီးမြှင့်လိုက်ပါဘုရား၊ ဟုလျှောက်သဖြင့် ကျွန်ုပ်လည်းပုတီးအပိုတစ်ကုံးကို ချီးအားပေးလိုက်၏၊ သူတို့ပြန်သွားကြ၏၊ ကျွန်ုပ်လည်း မအိပ်တော့ဘဲ ပရိတ်များ၊ ဂါထာမန္တာန်များ ရွတ်နေတော့၏၊ အားလုံးပြီးဆုံးသွားလျှင် ဘုရားတံခါးဖွင့်သံကြားရ၍ ထပြီး မုချလီန္ဒာသွားပြီး မျက်နှာသစ်ရေတော်ခပ်ပြီးပြန်လာ အစပါလစေတီမှာ တိုးရက်ဖြည့်၍ ဆောင်မြင်ပြီး မြောက်ကြောင်းလျှောက်ထား ခမဏ္ဍာပ့်အမှုဝေဆုတောင်း၍ မုချလိန္ဒာမှာ အဓိဋ္ဌာန်ဝင်ရန် မိုးသောက်ယံအချိန်မှာ လာခဲ့၏၊မုချလိန္ဒာအိုင်မှာ မဟာဗောဓိစေတီတော်၏ အရှေ့တောင်ဘက် (နှစ်ရာ့နှစ်ဆယ့်ငါးတောင်ခန့်) အကွာမှာရှိ၏၊ ကျည်းဝင်လည်း မရှိတော့၊ ရေကန်ကြီးသာရှိတော့၏၊ ရေကန်ကြီးအထောင် (၆၀)ခန့်ယောက်တ မျက်နှာတစ်မျက်နှာ ရှိမည်ဟု ခန့်မှန်းရ၏၊ ထိုရေတန်ကြီး၏ မြောက်ဖက်ထိပ်ကန်နဖူးပေါ်မှာ ပြုလုပ်ထားသော မုချလိန္ဒာအိုင်ကြည့်လာကြသော ဘုရားဖူးများအတွက် ပြုလုပ်ထားသော (ငါး)ခန်းလောက်ကျယ်သော အတာမရှိသော ဇုတ်တိုတ်အတွင်း တနစ်မွှေထောင့်မှာ ကျွန်ုပ်တ အဓိဋ္ဌာန်ဝင်ရန် နေရာယူ၊ သားရေဖွယ်လေးခင်း၊ ကျည်းပင်ရင်း၌သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားတို ရည်မှန်းပြီး ရေတော်ကပ်ပရိတ်ယူ သစ္စာအဓိဋ္ဌာန်ပြုပြီးမှတ်တမ်းရေးလိုက်၏၊

၁၃၁၇ ခု၊ နတ်တော်လဆုပ် (၇)ရက်ကြာသာပတေးနေ့ (၁၉၅၆၊ ဇန်နဝါရီလ ၅ ရက်) ဝဌမအကြိမ် မုချလိန္ဒာတိုင်မှာ မိုးသောက်ယံ သုဝဏ္ဏဒေါင်းချက်အဓိဋ္ဌာန်ပုတီးစိပ်၏၊ ဤနေရာ၌ မုချလိန္ဒာတိုင်အကြောင်းကို အကျဉ်းမျှရေးသားပေါ်ပြပါအံ့မည်၊ မြတ်စွာဘုရား သည် ထိုအဇပါလဆိတ်ကျောင်းညောင်ပင်ရင်း၌ သီတင်းသုံးတော်မူကာတရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူလျှက် ခုနစ်ရက်ကိုလွန်မြောက်ပြီး၍ ထိုအဇပါလ

ညောင်ပင်ရင်းမှ မယ်နွာခဲ့ပြီးလျှင် မဟာဗောဓိပင်မှ အရှေ့တောင် မုစလိန္ဒာတိုင်တန်း၊ ကျည်းပင်ရင်းသို့ ကြွသွားတော်မူပြီးလျှင် ထိုကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို စံစားတော်မူ၍ ခုနစ်ရက်ပတ်လုံး အစုတည်းသောထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေတော်မူ၏၊ ထိုအခါ အခါမဲ့မိုးကြီး ခုနစ်ရက်ပတ်လုံး ရွာသွန်းစွေနေလေသည်၊ ဤမိုးမျိုးကား ကြောမင်းပေါ် ထွန်းသောအခါ မြတ်စွာဘုရားပွင့် ထွန်းတော်မူသောအခါ ဤအခါနှစ်ပါး၌သာ ရွာသွန်းလေသည်။ ထိုမိုးကြီးရွာသွန်းလတ်သော် မုစလိန္ဒာတိုင်အောက်၌ရှိသော နဂါးတို့ဗိမ္ဗာန်ကို အစိုးရသည့် အလွန်တန်ခိုးအာနုဘော်ကြီးသော မုစလိန္ဒာနဂါးမင်းသည် "ဤအခါမဲ့မိုးကြီးသည် ငါ၏ဗိမ္ဗာန်အတွင်းသို့ မြတ်စွာဘုရားသခင်ဝင်လျှင်ဝင်ခြင်းပင်ရွာသွန်းခဲ့လေပြီ၊ မြတ်စွာဘုရားသခင်အတွက် နေထိုင်ရန်ကျောင်းတော်ကို ရရှိမှသင့်ပေမည်ဟု ကြံစည်စဉ်းစားကာ မုစလိန္ဒာနဂါးမင်းသည် မိမိကိုယ်တိုင်က ရတနာခုနစ်ပါးဖြင့်ပြီးသော ပြာသာဒ်တော်ကြီးကိုဖန်ဆင်းနိုင်သောတန်ခိုးအာနုဘော်နှင့် ပြည့်စုံသူဖြစ်စေကာမူ ဤသို့တန်ခိုးဖြင့် ရတနာပြာသာဒ်တော်ကြီးကို ဖန်ဆင်းလှူ ခဲ့သော်ငါ့မှာ အကျိုးကြီးလိမ့်မည်မဟုတ်၊ ငါသည် မြတ်စွာဘုရားအားကိုယ်ဖြင့်ဝေယျာဝစ္စကောင်းမှုပြုပေအံ့ဟု ကြံစည်ပြီးလျှင် ကြီးမားလှစွာသော ခန္ဓာကိုယ်အတ္တဘောကို ဖန်ဆင်း၍ မြတ်စွာဘုရားကိုအချမ်းအပူ ခြင်ယင်စသည်တို့မထိပါး မနှိပ်စက်နိုင်စေရန် အခွေခုနစ်ထပ်ရစ်ပတ်ကာယ်လျှက် ဦးခေါင်းတော်ထက်၌ ပါးပြင်းဖြင့်ဖြန့်ကျက် အုပ်မိုးဆောင်းမိုး၍ထားလေ၏၊ အခွေ၏အတွင်း လောဟပါသာဒပြာသာဒ်အောက်ထပ်မျှကျယ်ပြန့်၏၊ ဘုရားရှင်သည် လျှောင်းထိုင်ရပ်သွား ဣရိယာပုထ်လေးပါးဖြင့် နေထိုင်တော်မူပါစေဟု နဂါးမင်းရည်ရွယ်ချက်ဖြစ်၏၊ ထို့ကြောင့် ဤမျှကျယ်ဝန်းသောအရပ်ကိုအခွေ တို့ဖြင့်ရစ်ပတ်ခြင်းဖြစ်လေသည်၊ မြတ်စွာဘုရားသည်ကား ထိုင်ခြင်းဣရိယာပုထ်ဖြင့် ခုနစ်ရက်ကို လွန်တော်မူသည်၊ အခွေ၏အလယ်ရတနာပလ္လင်ကို ခင်းထားအပ်၏၊ အထက်၌ရွှေကြယ်တို့ဖြင့်ဆန်း ကြယ်သော နံ့သာပန်းဆိုင်းများတွဲလျားကျသော မျက်နှာကြက်ကိုကြက်အပ်၏၊ လေးထောင့်တို့၌ နံ့သာဆီမီးတိုင်တို့ကို ထွန်းညှိအပ်ပေ၏၊ အရပ်လေးမျက်နှာတို့၌ နွှာကူးနံ့သာကြုပ် တို့ကိုဖွင့်၍လှစ်၍ထားအပ်ကုန်၏၊ အခွေ၏အလယ်ရတနာပလ္လင်၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူ၍ ဖလသမာပတ်ချမ်းသာကို ဝင်စားခံစားသုံးဆောင်တော်မူလေသည်၊

ဤသို့လျှင် မြတ်စွာဘုရားသည် မကျဉ်းမြောင်းသော ဂန္ဓကုဋိတိုက်အတွင်း၌ သီတင်းသုံးရသကဲ့သို့ မုစလိန္ဒနဂါးမင်း၏ အခွေခုနစ်ထပ်အတွင်းမှာ ခုနစ်ရက်တို့ ကုန်လွန်စေတော်မူပြီးသောအခါ နဂါးမင်းသည် မိုးသားတိမ်ရိပ်ကင်းစင်သည့် ကောင်းကင်ပြင်ကို ကြည့်ရှု၍သိမြင်သဖြင့် မြတ်စွာဘုရားကို မိမိအခွေတို့ဖြင့် မိုးအုပ်ထားရန် မလိုတော့ရကား နဂါးအသွင်ကိုပယ်ဖျောက်ပြီးလျှင် ရှုချင်စဖွယ် လုလင်ငယ်အသွင် ဖန်ဆင်း၍ မြတ်စွာဘုရား၏ ရှေ့တော်၌ လက်အုပ်ချီမိုးရှိခိုးလျက်သာ ရပ်တည်ကာနေလေ၏၊

ထိုအခါ မြတ်စွာဘုရားသည် ဖလသမာပတ်ဖြင့် နိဗ္ဗာန်ချမ်းသာကိုခံစား၍ နေသောသူအား နေလေရာရာ အရပ်တိုင်းမှာပင် ချမ်းသာသူဖြစ်၏ ဟူသောအကြောင်းကို ကောင်းစွာသိမြင်ဝမ်းမြောက်တော်မူရကား ပီတိ အဟုန်ကိုငုံ၍ မထားနိုင်ပဲ

သုခေါဝိဝေကော၊ တုဋ္ဌဿ၊သုတဓမ္မဿပဿတော၊ အဗျာပဇ္ဇံသုခံလောကေ၊

ပါဏဘူတေသုသံယမော။ သုခါဝိရာဂတာလောကေကာ မာနံသမတိက္ကမော။

အသ္မိမာနဿယောဝိနယော၊ ဧတံဝေပရမံသုခံ။

အဓိပ္ပါယ် - ဥပစ်လေတန်ဆိတ်ရာ မှန်သည့် နိဗ္ဗာန်တရားသည် အလွန်တရာချမ်းသာလှပေ၏။ လေးပါးသော မဂ်ဉာဏ်ဖြင့် ရည်သံချက်ပြည့်ဝအားရရောင်ရဲသော ဉာဏ်ပညာ စက္ခုအတွင်း ထင်းလင်းပြီးသောတရားရှိသော ဝါထင်လင်းပြီးသောတရား ရှိသောကြောင့် ပညာမျက်စိဖြင့် ဥပစိလေးတန်ဆိတ်ရာမှန်သည့် နိဗ္ဗာန်တရား ထိုမှ တစ်ပါး သိသင့်သမျှတရားတို့ကို ကြည့်ရှုဆင်ခြင် အကြွင်းမဲ့သိမြင်သောပုဂ္ဂိုလ်၏ လူနတ်သတ္တဝါတို့၌ အမျက် မပွားမေမြှောက်ဘားခြင်းသည် လောက၌ချမ်းသာလှပေ၏။ လူနတ်ဖြဟ္မာသတ္တဝါတို့၌ မညှင်းပန်းမနှိပ်စက်လို ဖြတ္တနိုရတရကာတရားပွားများခြင်းသည် ချမ်းသာလှပေ၏။ လောက၌ဝတ္ထုအာရုံကာမဂုဏ်တို့ကို သမုစ္ဆေဒ ပဟာန်ဖြင့် ပါယ်လှန်လွန်မြောက်ရာ ဖြစ်သောရာဂကင်းသူဟူ၍ အသိဉာဏ်သစ္စါတို့ ဖြစ်ကြောင်း တောင်းမြတ်သော အနာဂါမိမဂ်သည်ချမ်းသာလှပေ၏။ ငါတလူလူမာန်မူထောင်လွှားမှုကို အပြီးအငြိမ်း ဝယ်ချောက်ရာ ,အကြင်အရဟတ္တဖိုလ်သည်ရှိ၏။ ဤအရဟတ္တဖိုလ်သည် စင်စစ်သခံရတရားအားလုံးတွင် အမြတ်ဆုံးသော ချမ်းသာပေတည်း။ ဤဥဒါန်းကေးနှစ်ဂါထာတို့ကို မြွက်ဆိုကျူးရင့်တော်မူ၏။

အတ္တနိုပ်သည် သုဝဏ္ဏောင်းချက် အဓိဋ္ဌာန်မိုးသောက်ယံစ၍စိပ်၏။ ပုတီး (၆) ပတ်ရသောအခါ မိုးထိန်ထိန်လင်းနေ၏။ တုလားမလိုဝတ်ထားကြသော မိန်းကလေး (၅) ယောက်လာ၏။ ကျွန်ုပ်အထင်က မုဋ္ဌလိန္ဒာတိုင်ကိုလာကြည့်တာထင်နေ၏။ ဇိုင်ဘက်ကို မိုးတိုးမတ်တပ်လုပ်နေကြပြီး ကျွန်ုပ်ရှိရာလာကြ၍ ကျွန်ုပ်ကို ဝတ်ချပြီးထိုင်လျှက် ဒူးတုပ်လက်တုပ်ချီတာ အကြီးမိန်းကလေးကလျှောက်၏။ တပည့်တော်မ သုဝဏ္ဏောင်းချက် ဂါထာကို အရှင်ဘုရားပေးသည့်အတိုင်း အဓိဋ္ဌာန်နှင့်စိပ်ပါသည်ဘုရား။ ပဌမအဓိဋ္ဌာန်စိပ်နေစဉ် မုဋ္ဌလိန္ဒာ နဝါးမင်း ကြီးကခေါ်၍ ဇက်သားအဖြစ်မှလွှတ်၍ အပိုင်စားနှင့် အခွေအရံများပေးလိုက်ပါတယ်။ စားဝတ်နေရေး အတွက် အားလုံးပြေလည်သွားပါပြီ အရှင်ဘုရား၊ အရှင်ဘုရားကျေးဇူးကြီးမားလှပါတယ်။ ဤမုဋ္ဌလိန္ဒာ တိုင်အဓိဋ္ဌာန်အတွင်းဆွမ်းဝတ်တာဝန်ယူပါရစေပါဘုရား၊ ဟုလျှောက်ပြီးသူ့နောက်မှမိန်းကလေး တစ်ယောက်ထံမှ အထုပ်တလေးကို လှမ်းယူပြီးကျွန်ုပ်သပိတ်ဖုံးထဲ ချပါတီနှင့် နံပြား အကြော်များ ထည့်သွားပြီး ဝတ်ချပြန်သွားကြ၏။ ကျွန်ုပ်သည်း ပုတီးအဆက်မပြတ်စိပ်နေ၏။ ပုတီးပတ်(၂၇)ပတ်ရလျှင် ဝတ်ဖြူစင်ကြယ်ဝတ်သော လူကြီး တစ်ယောက်လာပြန်၏။ ကျွန်ုပ်ပုတီးစိပ်နေရာတွင်ထိုင် ဝတ်ချပြီး လျှောက်ထားသည်မှာ နာဂစန္ဒီတို့ အရှင်ဘုရား ထံလာသွားကြပြီလားဘုရား။

(ခွင်း) - လာသွားကြပါပြီဒကာကြီး၊ သူ့တိုဇက်အဖြစ်မှ လွတ်မြောက်သွားကြောင်းအပိုင်စား ပေး၍အခွေအရံများလည်းပေးကြောင်း လျှောက်ထားပါတယ်။ နောက်ပြီးတော့လည်း ဒီမုဋ္ဌလိန္ဒာတိုင်မှာ အဓိဋ္ဌာန်ဝင်နေသမျှ သူက ဆွမ်း အတွက်လှူဒါန်းပါရစေလို့ လျှောက်ပြီး သပိတ်ဖုံးထဲမှာ စားစရာများလှူဒါန်း သွားပါတယ်။

(နိုး) - နာဂစန္ဒီကို သုဝဏ္ဏောင်းချက်ဂါထာသင်ပေးလိုက်တော့ အခေါက်သုံးဆယ် နဲ့ရသွားဟယ်ဘုရား၊ ဉာဏ်တောင်းပါတယ်၊ ရသွားလျှင် ရတ်မဆိုင်းတော့ဘဲ

အဓိဋ္ဌာန်ဝင်တော့ဝါပါပဲဘုရား။ အဓိဋ္ဌာန်ပုတီးပါတ် ပြီးသွားသော်လဲသွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်းလဲ စိပ်နေတော့ဝါပါဘဲဘုရား။ ဝါကြောင့် မို့လည်း ချက်ချင်းအကျိုးပေးသွားတာပဲဘုရား၊ တပည့်တော်လည်း သုဂတော ငါးချက်ကိုပဲ တစ်နေ့တုံ့ရားဝါတော်အရ (၄၅) ပတ် ရအောင် စိတ်ပါတယ်ဘုရား၊ သုဂတဂုဏ်က တကယ်တန်ခိုးကြီးတာကိုဘုရား တပည့်တော်လည်း ယခုရက်ပိုင်းအတွင်း အမြင် အကြားတွေပိုလာပါတယ် ဘုရား၊ ကိုယ်ရောင်အဆင်းတွေလည်း ငိုကြည်လင်လာပါ တယ်ဘုရား၊အရှင်ဘုရားကျေးဇူးကြီးမားလှပါတယ်ဘုရား၊ တပည့်တော်ဒီသစ်သီးများ လှူဒါန်းပါရစေဘုရားဟုဆိုပြီး သင်္ဘောသီး၊ ဩဇာသီး၊ ငှက်ပျောသီးများလှူဒါန်း သွား၏။

ကျွန်ုပ်လည်းပုတီးအပါတ်(၄၀)ရတော့နေ့ (၁၀) နာရီခွဲနေ၍ နေ့ဆွမ်းစား၏၊ မုဥ္စလိန္ဒာတိုင် မှာရေတ ကန်နှုတ်ခမ်းနှင့်ပြည့်နေ၍ ရေခပ်ရတာလွယ်ကူ၏၊ စားပြီးလျှင် သပိတ်၊ သပိတ်ဖုံးများဆေးပြီးမှာ သောက်တော် ရေခပ်၍ ကျွန်ုပ်ပုတီးစိပ်သောနေရာမှ မုဥ္စလိန္ဒာတိုင်တွင် သီတင်းသုံးတော်မူသော မြတ်စွာဘုရားအား ရည်စူးကပ်၏၊ ပြီးတော့ ပုတီးဆက်စိပ်၏၊ ယနေ့အဖို့ မုဥ္စလိန္ဒာတိုင်မှာ လူလာနည်းလို့ ပုတီးစိပ်လို့ကောင်း၏၊ ည (၁၀) နာရီထိုးလျှင် ပုတီးပတ် (၆၀) ရ၏၊ နံနက်ပိုင်းပုတီးပတ် နှင့်ပေါင်းလျှင် ပုတီးပတ် (၁၀၀) ရ၏၊ (၈) ပတ်သာလိုတော့၍ ဆက်စိပ်၏၊ ည (၁၁) နာရီ (၄၀) လောက်မှ ပြီး၏၊ လထွက်တာတော်တော်မြင့်နေ၍ လရောင်ကလေးကလင်းနေသဖြင့် ကန်ပတ်စိပ်၏၊သုတဝန္တနာဂါထာများကန်ပတ်စိတ်သောအခါ ကန်ထဲကငါးများ မြူးနေကြသည်၊ အရှေ့ဖက်နာမှ တောင်ဖက်နာ ပတ်လိုက်သောအခါ မြွေအကြီးအသေးများလမ်းမသွားနိုင်အောင် တန်းစီပြီးနေကြ၏၊ ထို့ကြောင့်ကျွန်ုပ်က နာဂစန္ဒီရေဦးပဥ္စင်းလမ်းသွားဖြစ်အောင်မြွေများရှင်းပေးပါဒုံးဟု ပြောလိုက်တော့ မြွေတွေပျောက်သွားကြ၏၊ တောင်ဖက်နာမှ အနောက်ဖက်နာပတ်လိုက်ပြန်တော့ ခွေးကလေးများ (၃) လသားလောက်ရှိသောဝက်ကလေးများ လမ်းသွားမဖြစ်နိုင်လောက်အောင် ပြည့်ကြပ်နေ၏၊ တဖန် နာဂစန္ဒီကို ရှင်းပေးကြို့ပြောရသည်၊ ဝက်ကလေးတွေပျောက်သွားပြီး မြက်ခင်းပြင်ဖြစ်နေ၏၊ ထိုမြက်ခင်းပြင်ပေါ် လျှောက်လာခဲ့၏၊ ကျွန်ုပ်နေရာရောက်လျှင်ထပ်မလျှောက်တော့ပဲ ပုတီးကိုသာထိုင်စိပ်နေတော့သည်။ သုတဝန္တနာ ဂါထာကိုးပါတ်ရလျှင် ဈာန်ဂါထာ နှစ်ကျိပ်ရှစ်ဆူဂါထာများဆက်စိပ်၏၊ ခြေသံကြား၍ မျက်စိဖွင့်လိုက်၏၊ ဝတ်မြူစင်ကြယ်နှင့် ရှက္ခစိုးကြီးဖြစ်နေ၏၊ ရုက္ခစိုးကြီးကဆိုင်လျှက် ဝပ်ချပြီး အရှင်ဘုရား အရိယာမျှတော်မူပါ တပည့်တော်စောင့်ရှောက်နေပါ့မယ်ဘုရား၊ ဟုလျှောက်၍ ကျွန်ုပ်နေသော တမ်းနဖူးမှအရှေ့ အနောက်လမ်း လျှောက်နေ၏၊ ဗိုးသောက်ယံနံနက် (၅) နာရီမှ နိုးလာ၍ ထပြီးမျက်နှာသစ်၊ ကိုယ်လက်သန့်ရှင်းပြီး ကန်တော့ပရိက်ယူ အဓိဋ္ဌာန်စိပ်တော့၏၊ (၆)ပါတ်ရလျှင် မိုးလင်း၍ မှတ်တမ်းရေးလိုက်၏၊

၁၃၁၇ ခု၊ နတ်တော်လဆုပ် (၈) ရက်သောကြာနေ့ (၁၉၅၆၊ ဇန်နဝါရီ ၆ ရက်) ဒုတိယ အကြိမ်သုဂတောငါးချက် အဓိဋ္ဌာန်ပုတီး စိပ်၏၊ ပုတီးပတ် (၃) ပတ်ရလျှင် နာဂစန္ဒီတို့အဖွဲ့ (၅) ယောက် ရောက်လာပြီး ချပါတီပလာတာတို့ ၊ ပဲပြုတ်တို့ သပိတ်ဖုံးတွင်ထည့်ပြီးလှူဒါန်း၍ သွားကြ၏၊ ကျွန်ုပ်ကပုတီး

ဥပ်မြို့တိုင်းစိဝ်၏၊ ဗုတိယမှနဝမ တိုင်အောင်မထူးခြားပေ၊ ငင်းနတ်တော်လဆုတ် (၉) ရက်၊ ဝါတိယအကြိမ်၊
ဝနေနေ့၊ ငင်းနတ်တော်လဆုတ် (၁၀) ရက် ၊ စတုတ္ထအကြိမ်၊ တနင်္ဂနွေနေ့၊ ငင်းနတ်တော်လဆုတ် (၁၁) ရက်
ပဉ္စမအကြိမ်၊ တနင်္လာနေ့၊ငင်းနတ်တော်လဆုတ် (၁၂) ရက် ၊ ဆဋ္ဌမအကြိမ်၊ အင်္ဂါနေ့၊ ငင်းနတ်တော်လဆုတ်
(၁၃) ရက် ၊ သတ္တမအကြိမ်၊ ဗုဒ္ဓဟူးနေ့၊ ငင်းနတ်တော်လဆုတ် (၁၄) ရက် ၊ အဋ္ဌမအကြိမ်၊ ကြာသာပတေးနေ့၊
ငင်းပြာသိုလဆန်း၊ (၁) ရက် ၊ နဝမအကြိမ်၊ သောကြာနေ့၊ ၁၃၁၇ ခု ပြာသိုလဆန်း (၂) ရက်၊စနေနေ့ (၁၉၅၅၊
ဇန်နဝါရီ ၁၄ ရက်) မိုးသောက်ယံအချိန်တွင် ရာဇရတနာလင်းလွန်းပင်စေတီမှာ ဝဋ္ဌမရက် အဓိဋ္ဌာန်စတင်ပြီး
စိဝ်၏၊ ရာဇရတနသတ္တဟ အကြောင်းသိကောင်းစရာများကို ဖေါ်ပြပါဦးမည်၊

မြတ်စွာဘုရားသည် ဤကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျှက် ခုနှစ်ရက်လွန်မြောက်သော် သတ္တမသတ္တာဟသို့ရောက်သောအခါ ကျည်းပင်ရင်းမှ ဖယ်ခွါပြီးလျှင် မဟာဗောဓိပင်၏ တောင်မျက်နှာ ရာဇရတနာလင်းလွန်းပင်ရင်းသို့ကြွသွားဖိုင်နေတော်မူ၍ ထိုလင်းလွန်းပင်ရင်း ၌ အရဟတ္တဖိုလ်ချမ်းသာကိုပင် ခံစားတော်မူခါ ခုနှစ်ရက်ပတ်လုံးသီတင်းသုံးနေထိုင်တော်မူ၏၊ ဤမျှဖြင့် ခုနှစ်ရက်၊ ခုနှစ်သီ သတ္တသတ္တာဟ လေးဆယ့်ကိုးရက်ပြည့်ခဲ့လေပြီ၊ ဤ (၄၉) ရက်အတွင်း၌ မြတ်စွာ ဘုရားမှာခံတွင်းတော်ဆေးခြင်း၊ မျက်နှာတော်သစ်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ ရေချိုးတော်မူခြင်း၊ ဆွမ်းဘုဉ်းပေးတော်မူခြင်း၊ ရေသုံးဆောင်တော်မူခြင်း၊ လျှောင်းစက်တော်မူခြင်း၊ ကိစ္စများအလျှင်းမရှိပေ၊ ဖိုလ်ချမ်းသာဖြင့်သာ အချိန်ကိုကုန်စေ၏၊ ထိုအခါ လေးဆယ့်ကိုးရက်သတ္တသတ္တာဟ ပြည့်မြောက်သော ဝါဆိုလဆန်း (၅) ရက်၊ ဗုဒ္ဓဟူးနေ့ တွင် ထိုလင်းလွန်းပင်ရင်း၌ နေထိုင်တော်မူသော မြတ်စွာဘုရားအား မျက်နှာသစ်လိုသောစိတ်အကြံဖြစ်သည်ကို သိ၍ သိကြားမင်းသည် ဆေးကြစုသီးကို ဆက်ကပ်လေ၏၊ ထိုကြစုသီးကို မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူလေသည်၊ ဘုဉ်းပေးပြီးလျှင် ပြီးခြင်းမြတ်စွာဘုရားအား သရီရဝလဉ္စနကိစ္စ ကျင်ကြီးကျင်ငယ်စွန့်ခြင်းတိစ္စဖြစ်လေသည်၊ ထိုနောက် မြတ်စွာဘုရားအား သိကြားမင်းသည် နဂါးပြည်မှဖြစ်သော ကွမ်းမှိုးဒန်ပူကိုရင်း၊ မျက်နှာသစ်ရန် အနော်တတ်အိုင်ရေ ကိုလည်းကောင်းဆက်ကပ်လှူဒါန်းလာသည်၊ ဒန်ပူကို ဝါးတော်မူခြင်း၊ အနော်တတ်အိုင်ရေ ဖြင့်ခံတွင်းဆေးခြင်း၊ မျက်နှာတော်သစ်ခြင်းအမှုကိုပြု၍ ထိုလင်းလွန်းပင်ရင်း၌နေထိုင်တော်မူ၏၊

ထိုအခါ တဖုဿနောင်တော်နှင့် ဘလ္လိကညီတော်ကုန်သည် နှစ်ယောက်တို့သည် လှည်းအစီး ငါးရာတို့ဖြင့် ဥက္ကလာပဇနပုဒ်မှ မဇ္ဈိမဒေသသို့ ရောင်းဝယ်ရန်သွားကြကုန်သည်ရှိသော် မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူရာ လင်းလွန်းပင်အနီးခရီးသွားကြကုန်၏၊ ထိုအခါ ရွံ့ညွန်ရေမရှိဘဲ ညီညွတ်သောမြေအပြင်၌ ပင်ထိုကုန်သည်ညီနောင်တို့၏ကုန်တင်လှည်းများသည် ရွံ့ညွန်၌ကျွံ၍ နေသည့်ပမာ တန့်ရပ်တာတည်နေကြကုန်၏၊ "အကြောင်းဘယ်သို့ရှိသနည်း" ဟု ကုန်သည်ညီနောင် တို့တိုင်ပင်၍နေကြစဉ်ပင် ထိုကုန်သည်ညီနောင်တို့၏ ရှေးအဝက ဆွေမျိုးရင်းတော်စပ်ခဲ့ဘူးသော နတ်သားသည် သစ်ပင်ခွထက်၌ ကိုယ်ထင်ပြလျှက် "အမောင်တို့မြတ်စွာဘုရားသည် ဘုရားဖြစ်၍ ကြာသေးမီ သတ္တသတ္တာဟ (၄၉) ရက်ကာလပတ်လုံး ဆွမ်းအစာအဟာရသုံးဆောင်တော်မမူဘဲအရဟတ္တဖိုလ်ချမ်းသာကိုခံစားတော်မူလျှက်ယခုအခါလင်းလွန်းပင်ရင်း၌ နေထိုင်သီတင်းသုံးတော်မူဆဲ ရှိနေသည်၊ အမောင်တို့သည် မြတ်စွာဘုရားကို ဆွမ်းအစာအဟာရဖြင့် မြတ်နိုးတော်ရော်

ပူဇော်ခြင်းသည် "အမောင်တို့အဖို့မှာ နေ့ရှည်ရက်လျားစီးပွားချမ်းသာဖြစ်ပေလိမ့်မည်" ဟု ပြောဆိုလေ၏။

ထိုစကားသံကို ကြား၍ တုန်သည်ညီနောင်တို့သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ ဆွမ်းချက်နေလျှင် အချိန်ကြာလိမ့်မည်ဟုအောင့်မေ့ဆင်ခြင်ပြီးလျှင် မိမိတို့အသင့်ပါလာသောမုံ့ကြွတ်ကျစ်နှင့် ပျားမုံ့ဆုပ်တို့ကို ယူဆောင်ကြကာ မြတ်စွာဘုရားထံတော်သို့သွားရောက်ချဉ်းကပ်၍ ရှိသေမြတ်နိုးစွာရှိခိုးပြီးလျှင် သင့်တင်လျောက်ပတ်ရာအရပ်၌ ရပ်တည်ကြ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် အကျွန်ုပ်တို့၏ မုန့်ကြွတ်ကျစ်နှင့်ပျားမုံ့ဆုပ်တို့ကို ခံယူတော်မူပါ။ ယင်းသို့ခံယူတော်မူခြင်းသည် အကျွန်ုပ်တို့အဖို့နေ့ရှည်ရက်လျား စီးပွားချမ်းသာဖြစ်ပါလိမ့်မည်ဟု ရှိသေစွာလျှောက်ထားကြတုန်၏။ ထိုအခါမြတ်စွာဘုရားသည် သုဇာတာ၏ ယနေ့နို့ဆွမ်းခံယူသောနေ့တဝင်ယင်ကိုကာရဖြဟွာကြီးတပ်လှူသောမြေသပိတ်ကွယ်ပျောက်ခဲ့လေသောကြောင့် ရှေးရှေးနောင်တော်မြတ်စွာဘုရားတို့သည် လက်တော်တို့ဖြင့်အဟာရကို အလှူမခံကြတုန်၊ ထို့ကြောင့် ငါသည် ယခုတုန်သည်ညီနောင်တို့လှူဒါန်းအပ်သော မုံ့ကြွတ်ကျစ်နှင့် ပျားဆုပ်မုံ့တို့ကို အဘယ်အရာဖြင့် အလှူခံရပါမည်နည်းဟု ကြံစည်တော်မူ၏၊ ထိုအခါမြတ်စွာဘုရားစိတ်အကြံကိုသိကြ၍ အရပ်လေးမျက်နှာတို့မှ ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော စတုမဟာရာဇ်နတ်မင်းကြီး (၄) ယောက်တို့သည် ဖွက်နီလာကျောက်ညိုသပိတ်လေးလုံးတို့ကို လှူဒါန်းကြလေသည်။ ထိုသပိတ် (၄) လုံးတို့ကို အလှူမခံပဲ ပယ်တော်မူ၏၊ ထပ်မံနတ်မင်းကြီးလေးယောက်တို့သည်ပဲနောက်အဆင်းရှိသော ပတ္တမြားကျောက်ညို သပိတ်လေးလုံးတို့ကို ဆတ်တပ်လှူဒါန်းကြပြန်တုန်၏၊ မြတ်စွာဘုရားသည် ထိုပတ္တမြားကျောက်ညို သပိတ်လေးလုံးတို့ကို အလှူခံတော်မူပြီးလျှင် နတ်မင်းလေးယောက်တို့ကို သနားချီးမြှောက်သော အားဖြင့် ထိုကျောက်ညိုသပိတ်တို့ကိုထပ်လျက် "သပိတ်တစ်လုံးတည်းဖြစ်စေသတည်း"ဟု အဓိဋ္ဌာန် ပြုတော်မူလိုက်လျှင် သပိတ်လေးလုံးတို့သည် အနားလေးရစ်ရှိသောသပိတ်တစ်လုံးတည်းအဖြစ်သို့ ရောက်လေ၏၊ မြတ်စွာဘုရားသည် ထိုသပိတ်ဖြင့်တုန်သည်ညီနောင်တို့လှူဒါန်းသော မုံ့ကြွတ်ကျစ်နှင့်ပျားမုံ့ဆုပ်တို့ကို အလှူခံတော်မူ၍ ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် တုန်သည်ညီနောင်တို့နှင့် သင့်တင့်လျောက်ပတ်သော အနုမောဒနာတရားကို ဟောကြားတော်မူလေသည်၊

ထိုအခါတုန်သည်ညီနောက်နှစ်ယောက်တို့သည် "ထိုအချိန်၌ သံဃာရတနာမပေါ်ထွန်းသေး သောကြောင့် "မြတ်စွာဘုရားကိုသော်လည်းကောင်း၊ တရားတော်ကိုသော်လည်းကောင်း၊ ကိုးကွယ်လဲလျောင်းပုံး အောင်းရာဟူ၍ ဆည်းကပ်ကြကုန်လျက် "ဧတေမယံဘန္တေ ဘဂဝန္တံသရဏံဂစ္ဆာမဓမ္မဉ္စ" ဟု ဘုရားနှင့်တရားတော် ကိုသာရည်မှန်း၍ နှစ်ခွန်းသာဆိုရသော ဒွေဝါစိကသရဏဂုံတည် ဥပါသကာ များဖြစ်ကြလေကုန်၏၊ ထိုသူနှစ်ဦး တို့သည်ဝင်လောက၌ ပဌမဆုံးဒွေးဝါစိကသရဏဂုံတည်သူ ဥပါသကာများဖြစ်ကြပေသည်၊ ထိုအခါ ဘုန်းတော် ကြီးသော မြတ်ဘုရား အကျွန်ုပ်တို့အား အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ပူဇော်ဖို့ရန် ပူဇော်ဘွယ်ဝတ္ထုတစ်ခုကို ဝရုဏာရှေ့ထားပေးသနားတော်မူပါဘုရားဟု တုန်သည်ညီနောင်တို့ လျှောက်ထားကြသဖြင့် မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ကိုယ်တော်မြတ်၏ ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ဓါတ်တော်တို့ကို ကုန်သည်ညီ နောင်တို့အား ချီးမြှင့်ပေးသနားတော်မူလေ၏၊ တုန်သည်ညီနောင်တို့သည် ဆံတော်ဓါတ်တော်တို့ကိုရရှိ၍ အမြတ်

ရည်ဖြင့် သွန်းလောင်းအပ်သည့် ဗမာလွန်စွာ ဝမ်းမြောက်ကြ၍ ရောင်းဝယ်ဖောက်ကားမှုပြုကြပြီးနောက် မိမိနေရာ ဥတ္တလာပဓနပုဒ်ပေါက္ခရဝတီမြို့သို့ ပြန်လည်ဆိုက်ရောက်ကြလေလျှင် ဆံတော်ဓါတ်တော်တို့ကို ရွှေကြုပ်အတွင်း ထည့်သွင်းကြ၍ စေတီတော်တည်ထားကိုးကွယ်ကြလေကုန်၏။

ရာဇရတနာလင်းလွန်းပင်နေရာသည် မဟာဗောဓိစေတီတော်၏တောင်ဘက် အတောင် မြောက်ဆယ်ခန့် အကွာတိုက်ငယ်ခုံလေးနေရာဖြစ်သည်။ ရှေ့ကတော့ သတ္တဋ္ဌာနနေရာတိုင်းမှာ အာသောကမင်းကြီးက စေတီများ တည်ထားခဲ့သည်ဟု သမိုင်းမှာရှိလေသည်။ ရာဇရတနာစေတီမှာ မိုးသောက်ယံတွင် ရေတော်ကပ်ဝရိတ် ယူပြီးစိပ်၏။ ပုတီး (၆) ပတ်ရလျှင် မိုးထိန်ထိန်လင်းနေ၏။ နာဂစန္ဒီ တို့ငါးယောက်လာပြီး စားဖွယ်များ လှူဒါန်းကြ၏။ လှူပြီးလျှင် ကွန်ုပ်ကိုဝတ်ချပြီး ပြန်သွားကြသည်။ ပုတီးပတ် (၁၂) ပတ်လောက်ရသောအခါ နံနက်(၇) နာရီကျော်ကျော်လောက်ဖြစ်၍ လူသံမကြားရသေးပေ။ ထူးထူးဆန်းဆန်း မြန်မာဝတ်စုံဝတ်ထားသော မိန်းကလေးတစ်ယောက် (၃၀) ရွယ်လောက် အထုတ်ကလေးကိုင်လာပြီး ကွန်ုပ်ရှေ့ချ၍ ရှိုးပြီး "တပည့်တော်မ ဗေးစိဝင်နောက်နားကသိုက်ကပါ ဘုရား။ အရှင်ဘုရားကစိပ်ပုတီးဖြင့်ပွတ်ပေးလို့ တပည့်တော်မ ရောဂါများ ပျောက်တင်းသွားပါတယ်ဘုရား။တပည့်တော်မ အကြောင်းကို လျှောက်ခွင့်ပြုပါဘုရား။

လျှောက်ပါဒါကာမကြီး ၊လျှောက်ပါ။ တပည့်တော်မလူနာမည်က မထားထားမေလို့ခေါ်ပါတယ်ဘုရား။ ရန်တုန် တပါဘုရား။ ဘာဘူနှင့်အကြောင်းပါပြီး ရန်ကုန်မှာ (၅) နှစ်လောက်နေပြီးဘုံဘေမြို့ကို ဘာဘူနဲ့ လိုက်လာပြီး နေပါတယ်ဘုရား။ဘာဘူကဘုံဘေရောက်တော့ သူတို့လူမျိုးဟိန္ဒူမလေး (၂၀) အရွယ်လောက်ကို ယူပါတယ်ဘုရား။ အဲဒီတော့တပည့်တော်မက (၄၀) လောက်ရှိပြီဘုရား။ နောက်တော့တပည့်တော်မကို ပစ်ထားပါတယ်။ တပည့်တော်မကစိတ် နာနာနဲ့ အားကိုးရာမှာတော့ဒီမှာ အားကိုးစရာမရှိဖြစ်နေပါတယ်။ နောက်တော့ ဗုဒ္ဓဂါယာမဟာဗောဓိကိုသတိရပြီး မဟာဗောဓိကိုရောက်လာပါတယ်ဘုရား။ မဟာဗောဓိနားက ဘုန်းကြီးကျောင်းကိုကပ်နေပြီး ကျောင်းဝေယျာဝစ္စပြုလုပ်နေတော့တာပါဘဲဘုရား။ အဲဒီတော့အသက်က (၅၀) လောက်ရပါပြီဘုရား။ ဘုန်းကြီးကျောင်းမှာနေရင်း မဟာဗောဓိစေတီတော်မြတ် တံမြက်စည်းလှည်းခြင်းရေတော်တင်၊ ပန်းတော်တင်နှင့်နေလာလိုက်တာ အသက် (၆၀)ရတော့ ဘုန်းကြီးကျောင်းမှာဘဲ အနိစ္စရောက်ပါတယ်ဘုရား။ အနိစ္စရောက်ခါနီး မဟာဗောဓိနောက်က သိုက်နန်းရှင်ကလာခေါ်ပြီး သူနှင့်လဲသွားတာပါပဲဘုရား။ တပည့်မ၏ သိုက်နန်းရှင်အမည်က သီရိစန္ဒာလို့ခေါ်ပါတယ်ဘုရား။ တပည့်တော်မနာမည်ခေါ်ပြီးမေတ္တာပို့ အမျှပေးတော်မူပါဘုရား။ ကောင်းပါပြီ သီရိစန္ဒာ၊ ယခုဒီမဟာဗောဓိသတ္တဋ္ဌာနမှာ ပွားများအားထုတ်ရတဲ့ကုသိုလ်အဘို့များကို အမျှပေးပေပါ၏။ အမျှ-အမျှ-အမျှ။ သာဓု-သာဓု-သာဓု ပါဘုရား။

တထိုင်တည်းနှင့် သီရိစန္ဒာအဝတ်အစားများ ပြောင်းလက်ပြီး ရွှေရောင်တောက်ပသော အဝတ်အစားများ နှင့်တွေ့မြင်ရတော့၏၊ သီရိစန္ဒာလည်း ကျေးဇူးကြီးလှပါတယ်အရှင်ဘုရား။ သွားခွင့်ပြုတော်မူပါဘုရား ဟုလျှောက်ပြီး သွားတော့သည်။ ကွန်ုပ်လည်းပုတီးဆက်စိပ်၏။ ပုတီးပတ်တစ်မနက်စိပ်တာအပတ် (၃၀) ရလျှင် နေ့ဆွမ်းစား၏။ပြီးလျှင်သပိတ်ဖုံးများဆေး၊ သောက်တော်ရေခပ်၍ ရာဇရတနာစေတီမှာတင်။ ရာသီဥတု အေးသည်နှင့် ရေမချိုးဘဲ ပုတီးဆက်စိပ်၏။ ည (၁၀) နာရီထိုးတော့ ပုတီးပတ် (၁၀၀) ရ၏။ ဆက်စိပ်၏။ (၁၀)

နာရီခွဲလျှင် တစ်နေ့တာအတို့ အဓိဋ္ဌာန်ပုတီးပတ် (၀၀၈) ပတ်ပြီးသွား၏၊ သုတဝန္တနာ ည (၂) ချက်ခွဲလျှင် အားလုံးပြီးသွား၏၊ ရှကွနိုးကြီးရောက်လာ၏၊ ကိုယ်တော်လေး အရိယာပုဗ်မှုတပါတော့။ တပည့်တော် စောင့်နေပါ့မည်ဆိုပြီး လမ်းလျှောက်နေ၏၊ ကျွန်ုပ်ကထိုင်လျှက်မေးတိပ်လိုက်၏၊ နံနက်မိုးသောက်ယံ (၅) နာရီလောက်နိုးလာ၏၊ မုဠလိန္တာဒိုင်သွားမျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး သောက်တော်ရေခပ်၊ ရာဇရတနာစေတီမှာကပ်၊ တန်တော့ ပရိကံယူပြီး မှတ်တမ်းရေးလိုက်၏၊

၁၃၁၇ ခု၊ ပြာသိုလဆန်း (၃) ရက်၊ တနင်္ဂနွေနေ့ (၁၉၅၆၊ ဇန်နဝါရီ ၁၅ ရက်) ဒုတိယအကြိမ် ရာဇရတနာစေတီမှာ သုဂတောဝါးချက် အဓိဋ္ဌာန်ပုတီးစိပ်၏၊ ပုတီး(၆)ပတ်ရလျှင် မိုးလင်းလာ၏၊ နာဝန္နီတို့အဖွဲ့ခဲဘွယ်ဘောခဲ့တို့ လာလှူကြ၏၊ သူတို့ပြန်သွားပြီးနောက် ဘုမ္မစိုးနတ်သမီးကြီးလည်းရောက်လာပြီ ငှက်ပျောသီးတစ်ဖီး၊ သဘော်သီးတစ်လုံး အမှည့်များလာလှူ၏၊ ကျွန်ုပ်လည်းသူတို့သွားပြီးနောက် ပုတီး ဆက်စိတ်နေ၏၊ ယနေ့မှ နဝမအကြိမ်ထိ ဘာမှထူးခြားချက်မရှိပေ၊ ပုတီးစိတ်လို့သာ တစ်ရက်ထက်တစ်ရက် ပိုတောင်းလာ၏၊ ၎င်းနှစ်ပြာသိုလဆန်း (၄) ရက်၊ တနင်္လာနေ့တတိယအကြိမ်၎င်းနှစ်ပြာသိုလဆန်း (၅) ရက်၊ အင်္ဂါနေ့၊ စတုတ္ထအကြိမ်၊ ၎င်းနှစ်ပြာသိုလဆန်း (၆) ရက်၊ ဗုဒ္ဓဟူးနေ့၊ ပဉ္စမအကြိမ်၎င်းနှစ်၊ ပြာသို လဆန်း၊ (၇) ရက်၊ ကြာသပတေးနေ့ ဆဋ္ဌမအကြိမ်၊ ၎င်းနှစ်ပြာလိုလဆန်း (၈)ရက်၊ သောကြာနေ့၊ သတ္တမအကြိမ် ၎င်းနှစ်ပြာသိုလဆန်း (၉)ရက် စနေနေ့ - အဋ္ဌမအကြိမ် ၎င်းနှစ်ပြာသိုလဆန်း (၁၀)ရက်၊ တနင်္ဂနွေနေ့ နဝမအကြိမ် ၁၃၁၇ ခု၊ ပြာသိုလဆန်း (၁၁) ရက်၊ တနင်္လာနေ့ မိုးသောက်ယံအချိန်တွင် (၆၃)ရက်၊ (၉) ရက်၊ ခုနှစ်ဌာနပြည့်အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်ကြောင်း ရာဇရတနာစေတီမှာလျှောက်ထား မဟာဗောဓိ စေတီဝန္ဒာကုဋိတိုက်အတွင်း ရုပ်ရှင်တော်မြတ်ကြီးကိုလျှောက်ထား ထိုကုသိုလ်အဖို့များမြန်မာပြည်သူ၊ ပြည်သား၊ ကမ္ဘာသူကမ္ဘာသားများ မေတ္တာပို့အမျှဝေလိုက်၏၊ နံနက်ခင်းမိုးသောက်ယံအချိန် သာဓုခေါ်သံ သိမ့်သိမ့်တုန် မြဲ့တင်ထပ်သွား၏၊ ကျွန်ုပ်လဲဝမ်းမြောက်ပြီးပီတိတွေလျှံနေ၍ ထိုနေ့အဖို့အစားအသောက်ကိုသတိမရပေ၊ မဟာဗောဓိရုပ်ရှင်တော်မြတ်ရှေ့ဘွင် သုဂတောင်းချက်ဝါထာလေးဆယ့်ငါးပတ်၊ ဘုရားဝါတော်အရ နိုင်းအပတ်အနေနှင့် နံနက်(၁၀)နာရီပြီး၍ ဆရာတော်ဦးဥတ္တမကျောင်းသွားပြီး တစ်နေရာ တစ်နေရာ(၉) ရက်စီနှင့် ခုနှစ်ဌာန (၆၃) ရက်ပြီးမြောက်အောင်မြင်သွားကြောင်းလျှောက်၏၊ ဆရာတော်ကဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးဒီကနေ့ဒီမှာတစ်ညအိပ်ပြီး နတ်ဖြန်နံနက်မှ နို့ယနာဆွမ်းကပ်သောနေရာ၊ မြက်ရှစ်ဆုပ် လှူမသာနေရာ၊ ဗုဒ္ဓရုံတောင်တို့ကိုသွားရန်မိန့်၍ဆရာတော် ဦးဥတ္တမကျောင်းတစ်ညအိပ်ရန် အာမခံ လိုက်ပြီးညနေစောင်း မဟာဗောဓိကိုသွားဖူးပြီး ပုတီးစိပ်ပြန်၏၊ ည (၉) နာရီမှပြီး၏၊ သတ္တဋ္ဌာန နေရာများလည်းပတ်ပြီး ရှိုးအမျှဝေ၏၊ ရာဇရတနာစေတီမှာ ရှကွစိုးကြီးဘိုးသုမန ၊ ဂါယာသူတုမ္မစိုးနတ်သမီး နာဝန္နီနှင့်အဖွဲ့သိရိစန္ဒာသိုတ်နန်းရှင်တို့လာရောက်ဖူးမျှော်ကြပြီး ဝမ်းနည်းစကားပြောကြ၏၊ သူတို့ကိုလည်း ရောက်ရာနေရာမှ အမျှမေတ္တာပို့ဝေပေးဖို့လျှောက်ထားကြ၏၊ ကျွန်ုပ်ကလည်း သူတို့အားလုံးကို ပုတီးစိပ်ရန အထပ်ထပ်မှာကြားပြီးဘုန်းကြီး ဦးဥတ္တမကျောင်းပြန်လာ၍အိပ်၏။

၁၃၁၇ - ခု၊ ပြာသိုလဆန်း - ၁၂ ၊ အင်္ဂါနေ့ဆရာတော်ဦးဥတ္တမ ကျောင်းမှအာရုံဆွမ်းစားပြီး နေ့ဆွမ်းအတွက်ပယာတာနှစ်ခုထည့်၍ သပိတ်ကိုလွယ် သက်နံကြီးပခုံးပေါ်တင်၍သားရေနွယ် - ကိုင်ပြီးလျှင်

နံနက် ၆ နာရီခွဲတွင်ဗုဒ္ဓဝင်စခန်းများသို့လေ့လာရန်ခရီးထွက်ခဲ့၏၊ ဆရာတော်ဦးဥတ္တမကျောင်း၊ အရှေ့ဘက်ကားလမ်းနှင့် ဥယျာဉ်တစ်ခုသာခြားနားနေသော အတောင် ၁၄၀၀ ခန့် ကျယ်သောမြစ်ကြီးသည် နေရဉ္စရာမြစ်ခွဲဖြစ်သည်၊ ရေစပ်စပ်လေးသာရှိ၏၊ မြက်ပင်လေးများကတော့ စိမ်းလန်းစိုပြည်နေ၏၊ နေရဉ္စရာ မြစ်ခွဲ၏အရှေ့ဘက်လမ်း၊ တစ်လျှောက်တောင်မြောက်ရွာတန်းရှည်ကြီးသည် သုဇာတာနေရာ သေနနိဂုံးမှပြောင်းလာကြသော ဘက္ကရိုရွာသစ်ကြီးဖြစ်၏၊ ဘက္ကရိုရွာ၏မြောက်ဘက်စွန်းမှကုလားသူဌေး အိမ်ကုန်းရှိ၏၊ ကုလားသူဌေးအိမ်ကုန်းမှ အရှေ့ဘက်အတောင် ၈၀၀ ခန့်ကွာဝေးလောနေရာတွင် သုဇာတာ ယနာနို့ဆွမ်းတပ်သောနေရာဖြစ်၏၊ ထိုနေရာတွင် ညောင်ပင်ရှစ်ဒေါင့်ရေတွင်းအုတ်ကန်များရှိ၏၊ ယနာနို့ဆွမ်းကပ်သောနေရာမှအရှေ့မြောက်အတောင် ၂၀၀ လောက်ကွာသောနေရာသည် သုဇာတာအိမ်နေရာဖြစ်၏၊ ပန်းမာန်သစ်ပင်များနှင့် ဝေဆာနေသောဥယျာဉ်ကြီးဖြစ်၏၊ ၎င်းနေရာ၌ အုတ်တိုင်ငယ်၊ကျောက်နွားရုပ်၊ ညောင်ပင်များရှိ၏၊ သုဇာတာအိမ်နေရာမှ အရှေ့ဘက်ရေမြောင်းလေးတစ်ခုကိုကျော်၍အတောင် (၄၅၀) လောက်သွားခဲ့လျှင် ယနာနို့ဆွမ်းဘုဉ်းပေးသောနေရာရောက်၏၊ ၎င်းနေရာ၌ တိုက်ပျက်၊ ညောင်ပင်၊ မကျည်းပင်များရှိ၏၊ ဆွမ်းဘုဉ်းပေးသောနေရာမှ အရှေ့ဘက်အတောင် (၇၀) ခုနစ်ဆယ်ခန့်သွားလျှင် ရွှေခွက်မျှောသောနေရာ သုပ္ပတိဋ္ဌဆိပ်ရောက်၏၊ ထန်းပင်သုံးခွနှင့် ရေတွင်း အပျက်များအမှတ်အသားရှိ၏၊ ရွှေခွက်မျှောသောနေရာမှ အရှေ့ဘက်အတောင် (၅၀) ငါးဆယ်လောက်တွင် နေရဉ္စယာမြစ်ကြီးရှိ၏၊ အတောင် (၁၆၀) လောက်သာ ကျယ်တော့၏၊ ရေအနည်းငယ်မျှသာရှိတော့၏၊ ရွှေခွက်မျှောသောနေရာမြောက်ဘက်အတောင် (၄၀၀) ခန့်မှစ၍ မြစ်ကမ်း တစ်လျှောက်ရှိသရက်တောကြီးနေရာသည် သုဇာတာရွာသေနနိဂုံးဖြစ်၏၊ ထိုနိဂုံးရွာသည် မြစ်ကမ်းပြိုရာမှာပါသွား၍အရှေ့ဘက်တမိုင်ခန့်အကွာတွင် ဘက္ကရိုရွာဟုသမုတ်ပြီး ပြောင်းရွှေ့နေထိုင်ကြ၏၊ ရွှေခွက်မျှောသောနေရာမှ တောင်ဘက်အတောင် (၁၀၀၀) လောက် အကွာတွင်ဘုရားအလောင်း နေသန့်စင်သောနေရာဖြစ်၏၊ အမှတ်အသားများမှာကုလားဘုရားတိုက်ငါးလုံးခန့်နှင့် ရေတွင်းညောင်ပင်များရှိ၏၊ နေသန့်စင်ရာမှ အနောက်ဘက်လာလျှင် ဘက္ကရိုရွာတောင်ဘက်စွန်း နေရဉ္စယာမြစ်ခွဲကို ကူးလိုက်လျှင် မတန့်ရသေ့၏ အိမ်တိုက်တောင်ဘက်စွန်းကိုရောက်၏၊ ထိုတိုက်တောင်ဘက်မြစ်ကမ်း၊ တလျှောက်ရွာကလေးသည် သုဒ္ဓိယ မောင်စင်ရွာဖြစ်၏၊ မဟာဗောဓိကုန်းပြန်နှင့်လမ်းကလေးသည် သုဒ္ဓိယ မောင်စင်ရွာဖြစ်၏၊ မဟာဗောဓိကုန်းမြင် နှင့် လမ်းတလေးတစ်ခုသာခြားဝေ၏၊ တနေရာတွင် သုဂတောင်ငါးချွတ် သုံးပတ်စီစိပ်၏၊ ထို့ကြောင့်ညနေ - ၄ နာရီခွဲမှာ မြက်ထန်းသမားမောင်စင်ရွာရောက်၍ မြက်လှူသောနေရာမှန်းပြီး ပုတီး (၃) ပတ်စိတ်ပြီး မဟာဗောဓိ ဝင်ပြီးဖူး၊ ပုတီးစိပ် ညဘုရားတံခါးပိတ်မှ ဆရာတော်ဦးဥတ္တမကျောင်းပြန်လာပြီးအိပ်၏၊ နံနက် (၅) နာရီမှာ ထမျက်နှာသစ်၊ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေး၏။

၁၃၁၇ - ခု၊ ပြာသိုလဆန်း (၁၃)၊ ဗုဒ္ဓဟူးနေ့နံနက် (၆) နာရီခွဲတွင်အာရုံဆွမ်းစားပြီး ခရီးထွက်ပြန်၏၊ မဟာဗောဓိအရှေ့မြောက်ဖက် ကားလမ်းဘေးမှာရှိသော တံတိုင်းကာထားသည့် မဟန့်ရသေ့ယိမ္ဘု ဆရာကြီး တိုက်အိမ်ထဲဝင်ကြည့်၏၊ မသိုးမသန့်သောနေရာများမှာ ဘုရားရုပ်ပွားတော်ကျောက်ဆင်းတုများ (၆) လက်မ လောက်ကစပြီး ၃တောင်လောက်အထိအဆူရေ တစ်ထောင်ခန့် ပိုးလိုးပတ်လက် နှင့် ပစ်ထားတာများတွေ့မြင်

တနောက်တောင်ထောင့်နားမှာ ခဲ့ရ၍ စိတ်မကောင်းဖြစ်ပြီး၊ ပြန်ထွက်လာရာ မဟာနန္ဒရပေဟူသော တိုင်း အတွင်း အနောက်တောင်ထောင့်နားမှာ ခဲ့ရ၍ စိတ်မကောင်းဖြစ်ပြီး၊ ပြန်ထွက်လာရာ မဟာနန္ဒ ရပေဟူသော တိုင်း၊ အတွင်း ထားတာတွေ့ရ၍ဝင်ကြည့်လျှင် အကြီးတော် တုတ်တိုတ်ဝူနစ်ခု၊ ဘုရားစေတီလေးနစ်ဆူပေါ် ထီးတော်တင် ထားတာတွေ့ရ၍ဝင်ကြည့်လျှင် အကြီးတော် ကုသိုလ်တော် မှန်နန်းရှင်မင်းတရားကြီး၏ ကျောက်စာနှင့် နန်းမတော် မိဘုရားကြီးမယ်နုတို့၏ မဟာတောခိလျှုသော ကုသိုလ်တော် စာရင်းကျောက်စာများတွေ့ရ၍ သာခု အကြမ်ကြမ်ခေါ်ဖိ၏။ ထိုမှ ဝယာဖြို့ဆီကို လေးမိုင်ခန့်မြင်းလှည်း၊ စီးပြီး သွား၏၊ မြင်းလှည်းခ ၅/-ပေးရ၏၊ မြင်းလှည်းမှဆင်းပြီး အတောင် (၂၀၀၀) ခန့်ကျယ်သော နေရဥ္စယာမြစ်ကြီးကို ဖြတ်ကူးပြီး တရှေ့ဘက်တမ်းပေါ်တက်ကာ တောင်းတန်းညို့ညို့မှိုင်းမှိုင်းရှိရာ အရှေ့စူးစူးသို့ သွားလိုက်လျှင် ခြေလျှင် (၂) မိုင်ခန့်တစ်တိုင်ခန့်လျှောက်သွားသောအခါ ဗုဒ္ဓရုံတောင်ဂခြေသို့ရောက်၏၊ တောင်ခြေမှ တောင်ခု လတ်သို့ ခြေလှမ်းငါးရာလောက်တက်သွားသော် ဘုရားအလောင်း ဗုဒ္ဓရစမိယာကျင့်ခဲ့သော လိုဏ်ဂူသို့ ရောက်၏၊ လိုဏ်ဂူမှာဆယ်နှစ်တောင်လောက်ကျယ်၏။ ထိုလိုဏ်ဂူအနီးမှာ လိုဏ်ဂူသစ်တစ်ခုရှိ၏၊ (၇)တောင်ခန့်ကျယ်၏၊ လိုဏ်နားတွင် မန်းကျည်းပင်တစ်ပင်ရှိ၏၊ တောင်ထိပ်တက်ကြည့်သောအခါ စေတီပျက်များတွေ့ရ၏၊ စေတီ ပျက်ကြီးကြီးပေါ်မှာ တိဗ္ဗတ်ကွန်းဆောက်ထား၏၊ ထိုစေတီပျက်များကို မြိုးကန်တော့ပူဇော်စိပ်ပြီး ပြန်ဆင်း၍ ဗုဒ္ဓရစမိယာကျင့်သောလိုဏ်ဂူရှိသည့် ဗုဒ္ဓရုံတောင်၏ ပတ်ဝန်းကျင်မှ ပတ်ဝန်းကျင်လေ့လာကြည့်ရှု၏၊ ဗုဒ္ဓရုံတောင်၏ ပတ်ဝန်းကျင်မှ အနောက်တောင်ဘက် နှစ်မိုင်ခန့်ဝေးသော နေရဥ္စယာမြစ်တိုင်အောင် ထည်ရှိသော တောကြီးကို ဥရုဝေလတော ကြီးဟုခေါ်၏၊ တောတောင်ရှခင်းများ ယခုထက်တိုင်စိမ်းလန်းစိုပြေ သာယာရှုမောဖွယ်ဖြစ်နေပေ၏၊ ဥရုဝေလ တောကြီး၏ သာယာရှု မောဖွယ်များကို ကြည့်ပြီးနေ့လည်တွင် ဗုဒ္ဓရစမိယာကျင့်ခဲ့သော ဂူသို့ပြန်လာပြီး သုဝဏ္ဏ ငါးချုတ် (၁၀၈) ပတ် တနေ့တစ်ဋ္ဌာန်လိုဏ်ဂူထဲဝင်စိပ်နေတော့၏၊ ခရီးပန်းတာနှင့်လူကနွမ်းလာ သောကြောင့် ပုတီး (၆) ပတ်ရတောင် မနည်းကြိုးစားစိပ်ရ၏၊ နာရီကြည့်သောအခါ နေ့လည် (၂) နာရီထိုးနေ၍ အချိန်ရသေး တယ်၊ ညကျမှ ပိစိပ်မယ်ဆိုပြီး ခေတ္တထိုင်လျှက်မှေးအိပ်နေလိုက်သည်၊ အိပ်ပျော်မလို ဖြစ်လိုက်ရင်း၊ လူကိုဆွဲခါ သလိုဖြစ်လိုက်ရင်းနှင့် (၂) ကြိမ်လောက်ခံစားရလိုက်၍ မအိပ်တော့ဘဲ- ဗုဒ္ဓရစမိယာကျင့်သော ဂူရှေ့ရင်ပြင် လေးတွင် ထမ်းလျှောက်ပြီး စိပ်နေ၏၊ ပုတီးပတ်(၃၀)လောက်ရတော့ နေဝင်လုဆဲဆဲဖြစ်နေ၏ ဗုဒ္ဓရစမိယာ လိုဏ်ဂူထဲဝင်၍ပုတီးဆက်စိပ်နေ၏၊ ဒါပြင်ဘက်တွင် စိမ့်နေအောင်အေး၏၊ လိုဏ်ဂူအတွင်းက နွေး၏၊ မရောင်း တိုင်နှစ်ထုတ် အမွှေးတိုင်နှစ်ထုတ်ပါသွား၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရည်စူးပြီး (၃)တိုင်စီထွန်း ပြီးစိပ်နေ၏၊ ပုတီးသုံးပတ်ရသောအခါ ဂူအပြင်ဘက်တလူတစ်ယောက်လာထိုင်နေ၏၊ သူထိုင်နေသော အရပ်သည် ဝူထိပ်နှင့်တည်ဖြစ်နေ၏၊ လူတော့မဟုတ်တန်ရာဟု အောင့်မေ့ပြီး သူ့ကိုရည်စူး၍ မေတ္တာပို့ပေး၏၊ တောင်းမှ တပို့များကိုအမျှဝေပေး၏၊ ဆယ်မိနစ်လောက်မေတ္တာပို့ အမျှဝေပေးပြီး ပုတီးဆက်စိပ်နေ၏၊ ထိုသတ္တဝါကြီးသည် ဂူဝေါက်ပိတ်၍ ထိုင်နေရာမှ ထသွားပြီး အပြင်ဘက်ကလင်းလျှောက်နေ၏၊ ပုတီးနှစ်ပတ်ရသောအခါ တောင် အောက်ဆင်းသွားသော ခြေသံများကိုကြားလိုက်ရ၏၊ ဖယောင်းတိုင် ငြိမ်းသွားလျှင် တစ်တိုင်ပြီး တစ်တိုင်ဆက် ထွန်းပြီး ပုတီးစိပ်နေ၏၊ နံနက် (၄) နာရီခွဲလျှင် ပုတီး (၁၀၀)ပတ်တစ်နေ့အတွက် အဓိဋ္ဌာန်ပြီးသွား၏၊ ရတနာဂါထာ များ နှစ်ကျိပ်ရှစ်ဆူဂါထာများ ဆက်စိပ်၏၊ နံနက် (၅) နာရီခွဲလျှင် ပြီးသွား၏၊ အလင်းရောင်သဲလာ၍သပိတ်နှင့် ရေတော်ကာပ်ထားသောခရုကိုယူပြီး မျက်နှာသစ်ကိုယ်လက်သန့်ရှင်းကာ မှတ်ထမ်းရေးလိုက်၏။

၁၃၁၇ ခု၊ ပြာသိုလဆန်း (၀၄) ရက် ကြာသာပတေးနေ့ (၁၉၅၅၊ ဇန်နဝါရီ ၂၆ ရက်) တစ်ရက်တာ ပုတီးအစိပ်ငါးခန့်စောင်မြင့်၍ ရှေ့ခရီးဆက်ခဲ့၏၊ ဂါယာမြို့အနောက်တောင်ထောင့် တောင်ကုန်းကြီးသည် ဂါယာသီသခေါ်၏၊ ဂါယာမြို့၏ ဦးခေါင်းနှင့်တူသောကြောင့် ဂယာသီတခေါ်ကြ၏၊ ကျောင်းထိပ်၌ စေတီများရှိ၏၊ ပုတီးကိုးပတ်စိစိတ်၏၊ ၎င်းတောင်ကုန်းကို ဥပတာတောင်ဟုခေါ်ကြ၏၊ ဂါယာမြို့၏ အရှေ့တောင်ထောင့် နေရဥ္စယာမြစ်ကမ်းခြေ တောင်ကုန်းထိပ်၌ ဂူတံတိုင်းလေးများကာထားသည့် ကုလား၊ဘုရားကျောင်း အဆောက်အဦးငယ်များရှိသည်၊ ထိုနေရာကို နဒီကဿပ၏ နေရာဖြစ်၏၊ အဆောက်အဦးတစ်ခု၏ အလယ်မှာ ကွင်းငယ်လေးရှိ၏၊ ၎င်းတို့ ကုလားများအလွန်လေးစားကြ၏၊ မေးကြည့်သောအခါ ခြေတော်ရာရှိ သည်ပြောကြသည်၊ တထွာသာသာလောက်ခြေရာပုံကလေးတွေ့ခဲ့ရသည်၊ ၎င်းကိုပင် နဒီကဿပရသေ့၏ နေရာဖြစ်ရာအကြောင်းရှိ၏၊ ဂါယာမြို့တောင်ဘက်နှစ်မိုင်လောက်အကွာမဟာဗောဓိသို့ သွားရာလမ်း၏ လက်ယာဘက်တည်ရှိနေသည့်နေရာသည် ဘုရားရှင်နှင့် ဥပကတို့တွေ့သောနေရာဟုပြောကြသည်၊ ဂုတ်ဂူလေးရှိသည်၊ ၎င်းဂုတ်ဂူအတွင်းမှာပင် ဘုရားရှင်နှင့် ဥပကတို့ပုံရှိသည်ဟု အချို့မှတ်တမ်းများကရေးကြ၏၊ သခုတော့ ဂုတ်ဂူသာရှိ၏၊ ပုံများမရှိကြတော့ပါ၊ ထိုကနေ မဟာဗောဓိပြန်လာရာ နေ့ (၁၁) နာရီ (၁၀) မိနစ် ဆရာတော်ဦးဥတ္တမကျောင်းရောက်၏၊ ဆွမ်းစားပြီးရေချိုးပြီးလျှင် မဟာဗောဓိစေတီကို သွားရောက်ဖူး၍ ပုတီးစိပ်၏၊ ည (၉)နာရီထိုးမှ ကျောင်းပြန်အိပ်၏၊ မနက် (၄) နာရီထမျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီး ဖူးလို့မဝနိုင်သော ဗုဒ္ဓရှင်တော်ဘုရားပွင့်တော်မူရာ မဟာဗောဓိစေတီတော်သို့ သွားပြီးဖူးမျှော် ပုတီး (၀၈) ပတ်စိပ်ပြီး မှတ်တမ်းရေးသည်။

၁၃၁၇ ခု၊ ပြာသိုလဆန်း (၀၅) ရက်၊လပြည့် သောကြာနေ့ (၁၉၅၆၊ ဇန်နဝါရီ ၂၉ ရက်) ဆရာတော်ဦးဥတ္တမကျောင်းမှ မြင်းလှည်း စီးပြီး ဂါယာဘူတာသွား၏၊ လမ်းတလျှောက်လုံးလက်ဝဲလက်ယာများတွင် တုပ်မိုးနေပြီး နေပူကိုကာကွယ်ပေးနေကြသော သရက်ပင်မျိုး၊ ပင်တိုကြီးများ၊ တမာပင်ကြီးများ၊ ပကျည်းပင်ကြီးများဖြင့်မတ်တက်နေသော ထန်းပင်တန်းများတို့ဖြင့် စီတန်းပြီး ကြိုနေကြသလို သစ်ပင်ကြီး ငယ်တို့တလည်း မှိုင်းညို့စိမ်းစို နုပျိုအေးချမ်းလှသော နေရဥ္စရာမြစ်ကမ်းနှင့် မဝေးလှသော လမ်းတစ်လျှောက်တွင် ကုလားလေး များ၊ ကုလားကြီးများ ကျားမတို့သည် တစ်တုပ်ကြီး ရထားကို ဆွဲတိုင်ကြလျှက် တစ်မိုင် နှစ်မိုင်ခန့်အထိ လိုက်ပါလာကြပြီး ဝိုက်ဆံတောင်းကြလေသည်၊ ထူးခြားသည်ကတော့ မြင်းရထားပေါ်တွင် ဆံပင်ရှည်ဖြင့် ပါလာသော လူနှစ်ယောက်ကို ရာဇာ ရာဇာ ဟုခေါ်၍တောင်းရမ်းကြသဖြင့် ဘိုကေနှင့်လူများကို ဘာဘူ ဘာဘူ ဟုခေါ်၍ တောင်းရမ်းကြသဖြင့် ယောင်ထုံးရှိသူများကို မင်းမျိုး ကုလားများ အမှတ်ထားကြကြောင်းသိရှိရတော့၏၊ သို့ဖြင့် မြင်းရထားစီး၍လာခဲ့ရာ ဂါယာဘူတာ ရောက်တော့၏၊ ဝေဇာဂန်ဂျီဘူတာသို့လက်မှတ်ဝယ်ပြီး မီးရထားဖြင့် နေရဥ္စရာမြစ်ကိုကူးသော တံတားကြီးကို ဖြတ်ကျော်စီး လိုက်လာရသည်၊ ဂါယာဘူတာနှင့် ဝေဇာဂန်ဂျီဘူတာသည် တစ်ဆယ့်ငါးမိုင်ဝေး၏၊ လက်မှတ်ခငါးမူးပေးရ၏၊ ဝေဇာဂန်ဂျီဘူတာသို့ ရောက်သောအခါ မီးရထားမှ ဆင်း၍ ဘုရားသခင် ဆယ့်နှစ်ကြိမ်မြောက်ဝါဆိုရာ ရှေ့က ဝေဠုဝ ယနုတူရကီးရာ၊ရွာတိုမေးမြန်း၍ ခြေလျှင်သွားရာတွင်

ခရီးနှစ်ခိုင်လောက်ရောက်သောအခါ စိမ်းလန်းစိုပြေ ညို့မှိုင်း၊ မြစ်ချောင်းများလေးငါးခုလောက်ကျော်ဖြတ်၍ တုရတီးရာရွာအနီးသို့ရောက်လေသည်၊ ရွာအနီးတွင် ဝေဆာလျှက် သာယာကြည်နူးဖွယ်ကောင်းလှသော ရေကန်ကြီးတစ်ကန်ရှိ၏၊ ကန်ဘောင်နံ့ပေါ်၌ ဉာဏ်တော်အမြင့်လေးပေခန့်ရှိ တင်ပလ္လင်ခွေ ကျောက်ဆင်းတု ရုပ်ပွားတော်ကြီးမှာ အမိုးအကာမရှိဘဲ မြေကြီးပေါ်မှာတည်ရှိနေသည်ကို ဖူးမျှော်ရပေ၏၊ ၎င်းနေရာမှ ရွာကို ကျော်ဖြတ်၍ ရွာ၏ အရှေ့မြောက်ဒွန့်သို့ သွားလိုက်သောအခါ ကျောင်းတိုက်ပျက်ကြီးတစ်ခုပေါ်တွင် ထိန္ဒူဘုရားရှိုးကျောင်း တစ်ခုဆောက်လုပ်ထား တာတွေ့ရ၏၊ ၎င်းအနီးတွင် လုံးပတ်ပေ ၂၀ ကျော်လောက်ရှိသော တမာပင်ကြီးများ တန့်တပြား ပေါက်ရောက်နေကြသည်ကိုတွေ့မြင်ခဲ့ရပေ၏၊ ကျောင်းတိုက်ပျက်ကြီးပေါ်တွင် ဗုဒ္ဓဆင်းတုရုပ်ပွားတော် တင်ပလ္လင်ခွေပုံတော်များ၊မတ်တော်မူရုပ်ပွားတော်များ၊ ရဟန္တာများပုံတော်၊ ထေရ်ရိုမများ စုံတော်သည့် အကြီးအငယ်များစွာတို့ကိုတွေ့ရဖူးမျှော်ရပေ၏၊ ဧကျောင်းတော်ရာ ကုန်းတော်ပေါ်တွင် ထိန္ဒူလူမျိုးများ နေထိုင်ကြသော မြေတိုက်အိမ်နံဘေးရှေ့နောက်ဝဲယာပတ်လည် တို့မှာလည်း ဗုဒ္ဓရုပ်ပွားတော်များ ထောင်လျှက် ပက်လက်မှောက်ရက်ပြန့်ကြဲနေကြပေသည်၊ အချို့မှာ လယ်ကန်သင်းနံ့ပေါ်၌ ရုပ်ပွားတော်များကို မှောက်လျက်ပက်လက် တန်းစီ၍တံတားခင်းထားကြသည်၊ မြစ်တတ်ပျက်တတ်သော သင်္ခါရသဘောတရားများကို ရှုမှတ်ပြီးနေရတော့၏၊ ၎င်းရွာ၏အနောက်တောင်ဘက် မဝေးလှသောနေရာမှ သစ်ပင်တောခြုံများဖုံးအုပ် လျှက်ရှိသော စေတီများကိုလည်းတွေ့မြင်ဖူးရပေ၏၊ ကျောင်းတော်ရာနှင့်မလှမ်းမကမ်းနေရာတွင် ကျောက်တိုင်ကျိုးကြီးများကိုလည်း တွေ့ရ၏၊ မြတ်စွာဘုရားဥ္ပါဒိသမ (တယ်ဆယ့်နှစ်ကြိမ်မြောက်) ဝါဆိုတော်မူရာ ဝေဠုဝါပြည်ဌာန ရုပ်ပွား တော်များစေတီများကို ဖူးမျှော်ပြီး ၎င်းနေရာမှ အရှည်ပေပေါင်း (၂၀၀၀) ခန့်အကွာ သဲသောင်ပြင်ကြီး များ တန်ဆာဆင်လျှက် ငါးမြစ်ထဲသို့စီးဆင်းသော မြစ်တစ်ခုရှိရာ ၎င်းမြစ်ကို ဗာလာဝ္စမြစ်၏ အရင်းပိုင်း စမှာမြစ်ဟုခေါ်၏၊ လွန်ခဲ့သောငါးတမ္ဘာထက်က ဘုရားအလောင်းရွဲကုန်သည်ဘဝတွင် ဧဝေဝေတ် အလောင်းရန်ငြိုးဖွဲ့သောနေရာဟုဆို၏၊ ၎င်းနေရာသည် ရာဇဂြိုလ်မြို့နယ်အတွင်းတည်ရှိ၏၊ ဥ္ပါဒိသမဝေဠုဝါ ပြည်ဝါတော်ကပ်ပြီး ဝဲ့ကြွေးဆပ်ရတဲ့အကြောင်းကိုပေါ်ပြပေဦးအံ့၊

မြတ်စွာဘုရားသခင်သည် လူနတ်တို့အားတရားရေအေးတိုက်ကျွေးတော်မူလျှက် အစဉ်သဖြင့် ဝေဠုဝါပြည်သို့ ရောက်တော်မူ၍ ဝေဠုဝါပြည်၏အနီး နစ္စေရှမည်သော ဘီလူးစိုးတုပ်သည့် တမာပင် ကြီးအနီး၌ ဝုဏ်အားဖြင့် အရိယာဇာတ်မြင့်မြင့်ကြီးမား၍ အရေအတွက်အားဖြင့် ငါးရာရှိသောရဟန်းတို့နှင့်တကွ နေထိုင်တော်မူကြဆဲဖြစ်၏၊ ထိုအခါ ဝေရဥ္စပုဏ္ဏားသည် သတင်းကောင်းကြားသိလေ၏၊ "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် ရဟန်းဂေါတမသည် ငါတို့နေရာ၌ ဝေဠုဝါပြည်အနီးနစ္စေရှမည်သော ဘီလူးစိုးတုပ်သည့် တမာပင်၏အနီး၌များမြတ်သော ရဟန်းငါးရာနှင့်အတူနေထိုင်သီတင်းသုံးတော်မူ၏၊ ထိုအရှင်ဂေါတမ၏ ကောင်းသောကျော်စောသတင်းသည် ဤသို့တဝက်မဆဲ ပျံ့နှံ့၍တက်၏၊

ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောအကြောင်းကြောင့် အရဟံ မည်တော်မူ၏၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်ကန်စွာသိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်ဝိဇ္ဇာအကျင့်စာရဏနှင့်ပြည့်စုံတော်မူသောကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊

ကောင်းသော စကားကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်းသုဂတ မည်တော်မူ၏၊ လောကသုံးပါးကို ဝိုင်းခြားသိမြင်တော်မူသောအကြောင်းကြောင့်လည်း၊ လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတော်မူတတ်သည့် အတုမဲ့လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသောကြောင့်လည်း၊ အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသောအကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါး တရားတို့ကို ကိုယ်တိုင်သိ၍ သူတစ်ပါးတို့ကိုသိစေတော်မူသော အကြောင်းကြောင့် လည်း၊ ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတော်ခြောက်စုံကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏ဟု အဝင်မဆံ့ပြန့်နှံ့၍တတ်၏၊

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွမာရ်နတ်နှင့်တကွ ဗြဟ္မာနှင့်တကွသော ဤဩကာသလောကကို ရဟန်းရဟန်းပုဏ္ဏားနှင့်တကွ မင်းများလူများနှင့်တကွသော ဤသတ္တလောကကို ရင်းကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍မျက်မှောက် ပြုလျှတ်ဟောကြား တော်မူ၏၊ ထိုမြတ်စွာဘုရားသည် ပ၊လယ်၊ ဆုံး သုံးပါးသောတရားစကားကို ဟောကြားတော်မူ၏၊ အသစ်ပြည့်ရန်မလို အလုံးစုံပြည့်စုံသောဝယ်နှုတ်ရန်အဖြစ်မရှိ ထက်ဝန်းကျင် စင်ကြယ်မြင့်မြတ်သောအကျင့်ကိုပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမျှော်ရခြင်းသည် ကောင်းမြတ်သည်သာတည်းဟု သတင်းကောင်းစကားကြားသိလေ၏၊ ထိုအခါ ဝေရဉ္ဇာပုဏ္ဏားသည် မြတ်စွာဘုရား ထံသို့သွားပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်စကားပြောကြားလေ၏၊ ဝမ်းမြောက်စကားပြော ကြားပြီးနောက်အပြစ်ခြောက်ပါးကင်းလွတ်ရာနေရာ၌ ထိုင်နေသော ဝေရဉ္ဇာပုဏ္ဏားသည် မြတ်စွာဘုရားကို -

ကိုအရှင်ဂေါတမ ဤစကားကို ကျွန်ုပ်ကြားဖူးပါသည်၊ ရဟန်းဂေါတမသည် ကိုကုန်ကြီးကုန် ရင့်ကုန်ရွှေမီကုန် နောက်ဆုံးအရွယ်သို့ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်းမခိုး၊ ဦးလည်းမကြို ထိုင်ရန်နေရာဖြင့် လည်းမဖိတ်ဟု ကြားဘူးပါသည်၊ ကိုအရှင်ဂေါတမ ထိုကြားဖူးသည့်အတိုင်း မှန်နေပါသည်၊ ထိုရှိခိုးမှုသည်ကို မပြုလုပ်ခြင်းသည် လုံးဝမသင့်လျော်သည်သာတည်းဟု တဲ့ရဲ့၍တ်ချစကားပြောကြားလေသည်၊ ထိုအခါ မြတ်စွာဘုရားသည် မိမိကိုမြှောက်ပင့်ခြင်း၊ အတ္တုက္ကံသနဓေါသ၊ တစ်ပါးသူကိုနှိမ်ချခြင်း - ပရဝမ္ဘနဓေါသ ဤဓေါသနှစ်ပါးသို့မရောက်မူ၍ မဟာဂရုဏာသီတာရေဖျန်းတေးချမ်းသောနှလုံးတော်ဖြင့် ပုဏ္ဏား၏ ထိုမသိခြင်းမောဟကို ပယ်ဖျောက်၍သင့် လျော်သောအဖြစ်ကို ပြတော်မူလိုသည်ဖြစ်၍ ကိုပုဏ္ဏားနတ်နှင့် တကွသောဗြဟ္မာနှင့်တကွသောဩကာသလောက၌ရင်း၊ ရဟန်းပုဏ္ဏားနှင့်တကွ လူများမင်းများနှင့် တကွသောသတ္တလောက၌ရင်း ငါဘုရားရှိခိုးထိုက်သူ ခရီးဦးကြိုထိုက်သူနေရာဖြင့် ဖိတ်ထိုက်သူကိုတစ်စုံ တစ်ယောက်မျှမမြင်ရချေ၊ ကိုပုဏ္ဏားအမှတ်မထင် အကြင်သူကိုငါဘုရားသည် ရှိခိုးတဲ့၊ ခရီးဦးမှု လည်းကြိုခြားတဲ့၊ နေရာဖြင့်မှုလည်းဖိတ်ငြားအဲ့၊ ထိုသူ၏ ဦးခေါင်းသည် ထောင်းလောင်းပြတ်ကြွေမြေသို့ကျလေရာ၏ဟု မိန့် တော်မူလေသည်၊

ဤသို့မြတ်စွာဘုရားရှင်က မိန့်ကြားအပ်ပါသော်လည်း ဝေရဉ္ဇာပုဏ္ဏားသည် ပညာမဲ့သူ ဖြစ်သောကြောင့် မြတ်စွာဘုရား၏ လောကဝယ်အကြီးမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်းမရိပ်မိမသိနိုင်ဲ မြတ်စွာဘုရား၏ ထိုသို့ အမှန်အတိုင်းမိန့်ကြားအပ်သည့်စကားကိုပင် မခံမရပ်နိုင်ဖြစ်ကာ -

(၁) အရှင်ဂေါတမသည် အရသာကင်းသောသဘောရှိသူဖြစ်၏။
(၂) အရှင်ဂေါတမသည် အသုံးမရှိသူဖြစ်၏။
(၃) အရှင်ဂေါတမသည်မပြုထိုက်သောအယူ- အကိရိယဝါဒရှိသူဖြစ်သည်။
(၄) အရှင်ဂေါတမသည် ဖြတ်အပ်၏ဟူသောအယူ- ဥစ္ဆေဒဝါဒရှိသူဖြစ်သည်။
(၅) အရှင်ဂေါတမသည် စက်ဆုတ်ခြင်းသဘောရှိသူဖြစ်၏။
(၆) အရှင်ဂေါတမသည် ဖျက်ဆီးတတ်သူ- အဖျက်သမားကြီးဖြစ်၏။
(၇) အရှင်ဂေါတမသည် ပူပန်စေတတ်သူဖြစ်၏။
(၈) အရှင်ဂေါတမသည် နတ်ရွာပဋိသန္ဓေမှ တင်းသူဖြစ်၏။

ဟုတဲ့ရဲ့ရှုတ်ချစေတား ရှစ်ချက်တို့ဖြင့် ပြောကြားလေသည်။ ထိုအခါမြတ်စွာဘုရားသည် ဝေရဉ္စပုဏ္ဏား၏စိတ်နှလုံးကိုနူးညံ့လာစေရန် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဖက်အဖြေကို မပေးဘဲ အခြားတနည်းတစ်လမ်းဖြင့် ကိုယ်တော်မြတ်အား "အရသာကင်းသော သဘောရှိသူဟု" ပြောဆိုရန်နည်းပရိယာယ် အကြောင်းရှိသည်ကို ပြတော်မူလိုသည်ဖြစ်၍ ဗိုလ်ပုဏ္ဏား ငါဘုရားကို ရဟန်းဂေါတမသည် "အရသာ ကင်းသောသဘောရှိသူဖြစ်၏"ဟု ပြောဆိုနိုင်ရန် နည်းပရိယာယ်အကြောင်းရှိပေ၏။ ထိုအကြောင်းကား ဗိုလ်ပုဏ္ဏားရူပါရုံ၌သာယာခြင်း၊ သဒ္ဒါရုံ၌သာယာခြင်း၊ ဖောဋ္ဌဗ္ဗာရုံ၌သာယာခြင်း အရသာတို့ကို မြတ်စွာဘုရားသည် ပယ်အပ်ပြီးကုန်ပြီ။ ဗိုလ်ပုဏ္ဏား ဤနည်းပရိယာယ်အကြောင်းဖြင့် ငါဘုရားကို အရသာကင်းသော သဘောရှိသူဖြစ်၏ ဟုပြောဆိုမူပြောဆိုနိုင်ရာ၏။ သင်ပုဏ္ဏားရည်ရွယ်ပြောဆိုသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဘုရားတို့၌ လုံးဝမရှိချေဟု မိန့်တော်မူ၏။ ဤသို့လျှင်ပုဏ္ဏားသည် မိမိအလိုရှိအပ်သည်သာမဂ္ဂိရသကင်းခြင်းအဖြစ်ကိုတင်ခြင်းငှာမတတ်နိုင်ရကား တနည်းပြောင်း၍ အပြစ်တင်လိုသောကြောင့် နှစ်အချက်အပြစ်တင်ပြောပြန်လေသည်။

ထိုအခါမြတ်စွာဘုရားသည်တဲ့သို့ ပြောဆိုရန် အခြားနည်းပရိယာယ်အကြောင်းရှိသည်ကို ပြတော်မူလို၍ ဗိုလ်ပုဏ္ဏား ငါဘုရားကို ရဟန်းဂေါတမသည် "အသုံးမရှိသူဖြစ်၏"ဟု ပြောဆိုနိုင်ရန် နည်းပရိယာယ် အကြောင်းရှိပေသည်။ ထိုအကြောင်းကား ဗိုလ်ပုဏ္ဏား တကျောလောဘဖြင့် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ကို သုံးဆောင်ခြင်းပရိဘောဂအမှုတို့ကို မြတ်စွာဘုရားသည်ပယ်အပ်ကုန်ပြီ။ ဗိုလ်ပုဏ္ဏားအာရုံငါးပါးကို တကျောဖြင့် သုံးဆောင်မှုမရှိခြင်းတည်းဟူသော ဤအကြောင်းနည်းပရိယာယ်ဖြင့် ငါဘုရားကို "ရဟန်းဂေါတမသည် အသုံးမရှိသောသူဖြစ်၏"ဟု ပြောဆိုမူပြောဆိုနိုင်ရာ၏။ သင်ပုဏ္ဏားရည်ရွယ်ပြောဆိုသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဘုရားတွင်လုံးဝမရှိချေ ဟုမိန့်တော်မူ၏။

ဤနည်းဖြင့်လည်းမြတ်စွာဘုရားကို ဗိုလ်ပုဏ္ဏားသည် အပြစ်တင်ခြင်းငှာမတတ်နိုင်ရကား တနည်းပြောင်း၍ အပြစ်တင်ပြန်လိုသောကြောင့် "အရှင်ဂေါတမသည် မပြုထိုက်သူဟူသော အကိရိယ အယူဝါဒရှိသူဖြစ်သည်" ဟု ဆိုပြန်လေသည်။မြတ်စွာဘုရားသည်လည်းရှေးနည်းအတူပင် ဆိုကဲ့သို့ပြောဆိုရန် အခြားနည်းအကြောင်းရှိသည် ကိုပြတော်မူလို၍ ဗိုလ်ပုဏ္ဏား ငါဘုရားတို့ရဟန်းဂေါတမသည် မပြုထိုက်ဟုပြောဆိုလေ့ရှိသူ အကိရိယဝါဒရှိသူဖြစ်၏ ဟု ပြောဆိုနိုင်ရန် နည်းပရိယာယ် အကြောင်းရှိပေ၏၊ထိုအကြောင်းကား ဗိုလ်ပုဏ္ဏား ငါဘုရားသည် ကာယဒုစရိုက်

(၃) ပါ။ ဝစီဒုစရိုက် (၄) ပါ။ မနောဒုစရိုက် (၃) ပါး ထိုမှတပါး အခြားမကောင်းမှုများကို မပြုထိုက်၊ မပြုကောင်းဟူ၍ ဟောပေ၏။ ဗိုပုဏ္ဏား မကောင်းမှုဒုစရိုက်တို့ကို မပြုထိုက်မပြုကောင်းဟု ဟောခြင်း အကိရိယဝါဒ တည်းဟူသော ဤအကြောင်းနည်းပရိယာယ်ဖြင့် ငါဘုရားကို ရဟန်းဂေါတမသည် မပြုထိုက်ဟု ပြောဆိုလေ့ရှိသူ အကိရိယဝါဒ ရှိသူဖြစ်၏ဟု ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ သင်ပုဏ္ဏား ရည်ရွယ်ပြောဆိုသော နည်းပရိယာယ် အကြောင်းမျိုးကား ငါဘုရားတို့၌ လုံးဝမရှိခြေဟု မြွက်ကြားမိန့်တော်မူ၏။ ဤနည်းဖြင့်ပုဏ္ဏားသည် မြတ်စွာဘုရားကို အပြစ်မတင်နိုင်ရကား အခြားတစ်နည်းပြောင်း၍ လေးခုမြောက်အပြစ်တင်ပြန်လိုသောကြောင့် အရှင်ဂေါတမသည် မြတ်အပ်၏ဟူသော ဥစ္ဆေဒဝါဒရှိသူဖြစ်၏ဟု ဆိုပြန်လေသည်။

မြတ်စွာဘုရားသည်လည်း ပုဏ္ဏား၏စိတ်နှလုံးနူးညံ့စေရန် ရှေ့နည်းအတူပင် ထိုကဲ့သို့ပြောဆို ရန်အခြား ပရိယာယ်အကြောင်းရှိသည်ကို မြတော်မူလို၍ ဗိုပုဏ္ဏားငါဘုရားကို ရဟန်းဂေါတမသည်တား ဖြတ်တောက်ရန် ပြောဟောလေ့ရှိသူ ဥစ္ဆေဒဝါဒရှိသူဖြစ်၏ဟုပြောဆိုနိုင်ရန် နည်းပရိယာယ်အကြောင်းရှိပေသည်။ ထိုအကြောင်းကား ဗိုပုဏ္ဏားငါဘုရားသည် ရာဂ၊ ဒေါသ၊ မောဟတို့ကို ဖြတ်တောက်ရန် ထိုမှတပါးအခြားမကောင်းမှုများကို ဖြတ်တောက်ရန် တရားဟောကြားမှု ဥစ္ဆေဒဝါဒတည်းဟူသော အကြောင်းပရိယာယ်ဖြင့် ငါဘုရားကို ရဟန်းဂေါတမသည် ဖြတ်တောက်ရန်ပြောဟောလေ့ရှိသူ ဥစ္ဆေဒဝါဒရှိသူဖြစ်၏ဟု ပြောဆိုလိုမူပြောဆိုနိုင်ရာ၏။ သင်ပုဏ္ဏား ရည်ရွယ်ပြောဆိုသော နည်းပရိယာယ် အကြောင်းမျိုးကားငါဘုရားတို့၌လုံးဝမရှိချေဟု မြွက်ကြားမိန့်ဆိုတော်မူ၏။ တဖန်ပုဏ္ဏားသည် ဤနည်းဖြင့် မြတ်စွာဘုရားကို အပြစ်မတင်နိုင်ရကား အခြားတနည်းပြောင်း၍ အပြစ်တင်ပြန်လိုသောကြောင့် အရှင်ဂေါတမသည် စက်ဆုပ်ခြင်းသဘောရှိသူဖြစ်သည်ဟု ဆိုပြန်လေသည်။

ထိုအခါဘုရားရှင်သည် ရှေ့နည်းအတူပင်ထိုကဲ့သို့ပြောဆိုရန် အခြားနည်းပရိယာယ် အကြောင်းရှိသည်ကို ပြတော်မူလို၍ ဗိုပုဏ္ဏား ငါဘုရားကို စက်ဆုပ်တတ်သူဖြစ်၏ဟု ပြောဆိုနိုင်ရန် နည်းပရိယာယ်အကြောင်းရှိပေသည်။ ထိုအကြောင်းကား ဗိုပုဏ္ဏား ငါဘုရားသည် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး ထိုမှတပါးအခြားစရိုက်မကောင်းမှုများကို စက်ဆုပ်ရွံရှာ၏။ ဗိုပုဏ္ဏား ထိုစရိုက်မကောင်းမှုများကို စက်ဆုပ်ရွံရှာခြင်း ဟူသော ဤအကြောင်းနည်းပရိယာယ်ဖြင့် ငါဘုရားကို ရဟန်းဂေါတမသည် စက်ဆုပ်တတ်သူဖြစ်၏ဟု ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ သင်ပုဏ္ဏား ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဘုရားတို့၌ လုံးဝမရှိချေဟု မြွက်ကြားမိန့်ဆိုတော်မူ၏။

တဖန်ပုဏ္ဏားသည် ဤနည်းဖြင့်လည်း မြတ်စွာဘုရားကို အပြစ်မတင်နိုင်ရကား အခြားနည်းပြောင်း၍ အပြစ်တင်ပြန်လိုသောကြောင့် အရှင်ဂေါတမသည် ဖျက်ဆီးတတ်သူအဖျက်သမားကြီးဖြစ်၏ဟုဆိုပြန်လေသည်။ ထိုအခါမြတ်စွာဘုရားသည် ရှေးနည်းတူပင် ထိုကဲ့သို့ပြောဆိုရန် အခြားပရိယာယ်အကြောင်းရှိသည်ကို ပြလိုတော်မူ၍ -

"ဗိုပုဏ္ဏား ငါဘုရားကို ရဟန်းဂေါတမသည် ဖျက်ဆီးတတ်သူ အဖျက်သမားကြီးဖြစ်၏"ဟု ပြောဆိုနိုင်ရန် ပရိယာယ်အကြောင်းရှိပေသည်။ ထိုအကြောင်းကားဗိုပုဏ္ဏား ရာဂ၊ ဒေါသ၊ မောဟ နှင့်တကွအခြား မကောင်းမှုများကို ပယ်ဖျောက်ဖျက်ဆီးရန် တရားဟောပေ၏။ ဗိုပုဏ္ဏား ရာဂ၊ဒေါသ၊ မောဟနှင့်တကွအခြား

မတောင်းမှုများကို ဝယ်ရောက်ဖျက်ဆီးရန် တရားဟောခြင်းတည်း ဟူသော ဤအကြောင်းနည်းပရိယာယ်ဖြင့် ဂေါတမရဟန်းသည် ဖျက်ဆီးတတ်သူ • အဖျက် သမားကြီးဖြစ်၏ ဟု ပြောဆိုလိုမူပြောဆိုနိုင်၏၊ ငါဘုရားကို ရဟန်းဂေါတမသည် ဖျက်ဆီးတတ်သူ • အဖျက် သမားကြီးဖြစ်၏ ဟု သင်ပုဏ္ဏားရည်ရွယ်ပြောဆိုသော နည်းပရိယာယ် အကြောင်းမျိုးကား ငါဘုရားတို့၌ လုံးဝမရှိချေ" ဟု မြွက်ကြားမိန့်ဆိုတော်မူလေ၏၊

တဖန်ပုဏ္ဏားသည် ရှေ့နည်းအတူ အခြားနည်းတနည်းပြောင်း၍ အပြစ်တင်ပြန်လိုသောကြောင့် "အရှင်ဂေါတမသည် ပုပန်စေတတ်သူဖြစ်၏" ဟု ဆိုပြန်လေသည်၊ မြတ်စွာဘုရားရှင်သည်လည်း ရှေ့နည်းအတူပင် ထိုကဲ့သို့ ပြောဆိုရန် အခြားနည်းပရိယာယ် အကြောင်းရှိသည်ကို ပြတော်မူလို၍ "ဗိုလ်ပုဏ္ဏား ငါဘုရားကို ရဟန်းဂေါတမသည် တပသီပုဂ္ဂိုလ် • တပမည်သော တရားကို ပယ်ရှားတတ်သော ပုဂ္ဂိုလ်ဖြစ်၏" ဟု ပြောဆိုနိုင်ရန်နည်းပရိယာယ်အကြောင်းရှိပေ၏၊ ထိုအကြောင်းကား၊ ဗိုလ်ပုဏ္ဏား ငါဘုရားသည် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး ထိုမှကြွင်းသည့် အကုသိုလ်တရားများကို လူအပေါင်း၊ သတ္တဝါအပေါင်းကို ပုပန်စေတတ်သောကြောင့် တပနတရား • တပတရားများဟူ၍ဟောဆို၏၊ ပုဏ္ဏား ထိုတပမည်ပြား အကုသိုလ်တရားများကို ပယ်ရှားစွန့်လွှတ်ပြီးဖြစ်သောသူကို ငါဘုရားသည် တပသီပုဂ္ဂိုလ် • ပုပန်စေတတ်သည့်အကုသိုလ်တရားများကို ပယ်ရှားပြီးသောပုဂ္ဂိုလ်ဟူ၍ဟောဆို၏၊ ဗိုလ်ပုဏ္ဏား ရှေ့ဘုရားတို့ အလားတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် တပမည်ပြား အကုသိုလ်တရားများကို ပယ်ရှားစွန့်လွှတ်ပြီးဖြစ်လေသည်၊ ဗိုလ်ပုဏ္ဏား တပမည်ပြား အကုသိုလ်တရားတို့ကို ပယ်ရှားစွန့်လွှတ်ပြီးဖြစ်ခြင်းတည်းဟူသော) ဤအကြောင်းနည်းပရိယာယ်ဖြင့် ငါဘုရားကို "ရဟန်းဂေါတမသည် တပသီပုဂ္ဂိုလ် • တပမည်သော အကုသိုလ်တရားတို့ကို ပယ်ရှားစွန့်ပစ်ပြီးသော ပုဂ္ဂိုလ်ဖြစ်တုန်၏" ဟု ပြောဆိုလိုမူ ပြောဆိုနိုင်၏၊ သင်ပုဏ္ဏား ရည်ရွယ်ပြောဆိုနေသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဘုရားတို့၌ လုံးဝမရှိချေဟု မြွက်ကြားမိန့်ဆိုတော်မူ၏၊

ဝေရဉ္စပုဏ္ဏားကြီးသည် ဤနည်းဖြင့်လည်းမြတ်စွာဘုရားရှင်ကို အပြစ်မတင်နိုင်ရကား အခြားတနည်းပြောင်းကာ နောက်ဆုံးအပြစ်တင်သောအနေဖြင့် အပြစ်တင်ပြန်လိုသောကြောင့် "အရှင်ဂေါတမသည် နတ်ရွာပဋိသန္ဓေမှ ကင်းသူဖြစ်၏၊"ဟု အပြစ်တင်ဆိုလေသည်၊

ထိုအခါ မြတ်စွာဘုရားရှင်သည် ကိုယ်တော်မြတ်မှာ အနာဂတ်ပဋိသန္ဓေလေးမျိုးလုံးကိုပင် ပယ်ပြီးဖြစ်သောကြောင့် အပဂဗ္ဘ • ပဋိသန္ဓေ နေခြင်းကင်းသူဟု ဆိုနိုင်ကြောင်း၊ နည်းပရိယာယ်ပြောင်း၍ ပေါ်ပြလိုသောကြောင့် "ဗိုလ်ပုဏ္ဏား ငါဘုရားကို "ရဟန်းဂေါတမသည် အပဂဗ္ဘပုဂ္ဂိုလ် • ပဋိသန္ဓေနေခြင်းကင်းပြီးသော ပုဂ္ဂိုလ်ဖြစ်၏ ဟုပြောဆိုနိုင်ရန် နည်းပရိယာယ်အကြောင်းရှိပေ၏။ (ထိုအကြောင်းကား၊) ဗိုလ်ပုဏ္ဏား အနာဂတ်ကာလဝယ် ယောနိလေးတွေ ပဋိသန္ဓေတည်နေမှုကို ပယ်ရှားပြီးဖြစ်သည့် (ရဟန္တာ) ပုဂ္ဂိုလ် ကို ငါဘုရားသည် အပဂဗ္ဘပုဂ္ဂိုလ်ကို ငါဘုရားသည် အပဂဗ္ဘပုဂ္ဂိုလ်ဟုဟောဆို၏၊ ဗိုလ်ပုဏ္ဏား ရှေးဘုရားတို့ကဲ့သို့လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် အနာဂတ်ကာလဝယ် ယောနိလေးတွေ ပဋိသန္ဓေတည်နေရခြင်းလေးမျိုးလုံးကိုပင် အမြစ်ပြတ်ပယ်အပ်ပြီးဖြစ်မလသည်၊

ထိုပုဏ္ဏား အနာဂတ်ကာလ၌ ဝဋ်သံသရာတည်နေရခြင်း၊ အဖြစ်ကင်းပြီးဖြစ်မှုတည်းဟူသော ဤအကြောင်းနည်းမရိယာယ်ဖြင့် ငါဘုရားကို "ရဟန်းဂေါတမသည် အပဝတ္တ -ဝဋ်သံသရာတည်နေရခြင်း အဖြစ်ဖြတ်ကင်းပြီးသော ပုဂ္ဂိုလ်ဖြစ်၏ဟု " ပြောဆိုလိုမှုပြောဆိုနိုင်၏၊ သင်ပုဏ္ဏားရည်ရွယ်ပြောဆိုသော နည်းမရိယာယ်အကြောင်းမျိုးကား ငါဘုရားတို့၌ လုံးဝမရှိချေ ဟု မြွက်ကြားမိန့်ဆိုတော်မူလေ၏။

ဤသို့လျှင် ကိုယ်တော်မြတ်ထံ မှောက်သို့ရောက်သည့် အချိန်မှစ၍ "အရသာကင်းမဲ့ခြင်း" အစရှိသောဆဲရေးခြင်းရှစ်မျိုးတို့ဖြင့် ရှုပ်ချစွပ်စွဲဆဲရေးသော်လည်း ဝေရဉ္ဇပုဏ္ဏားကို မြတ်စွာဘုရားရှင်သည် လွန်စွာသနားတော်မူသဖြင့် အေးသော မျက်စိတော်အစုံတို့ဖြင့်သာ ကြည့်ရှုတော်မူလျှက် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်တော်မူရကား တိမ်တိုက်ကင်းစင်သော ကောင်းကင်ပြင်ထက်၌ ထက်ထွန်း နေသော နေမင်းကဲ့သို့ရင်း ပုဏ္ဏား၏စိတ်၌တည်သောအစဉ်စွာမောဟတိုက်မှောင်ကို ပယ်ရှားမှုတ်လွင့် တော်မူသည်ဖြစ်၍ ပုဏ္ဏား ပြောဆိုရှုတ်ချစွပ်စွဲဆဲရေးသည့် စကားများကို ထိုထိုနည်းမရိယာယ် အကြောင်းဖြင့် ဂုဏ်ပြုစကားများ ဖြစ်အောင် ဖြေဆိုမိန့်ကြားတော်မူခဲ့လေသည်။

တဖန်ယခုအခါ၌ ကိုယ်တော်မြတ်၏ မဟာကရုဏာတော်ကြီးမြတ်ပုံကို ၎င်း၊ ဖလာတစ်ရှစ်ပါးတို့ကြောင့် မတုန်မလှုပ်မြဲမြံနှင့်တူသော စိတ်ရှိတော်မူပုံကို၎င်း၊ သူတစ်ပါးတို့ဆဲရေးသောစကား မည်မျှပင်ပြောကြားသော်လည်း အမျက်မထွက် အေးမြသော စိတ်နှလုံးရှိတော်မူပုံကို၎င်း ထင်ရှားပြတော် မူလျှက်-

"ဤပုဏ္ဏားသည် စဉ်းစားဉာဏ်မဲ့၏၊ လောကသဘောတသက်သက်ဖြင့် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း၊ စသည်တို့ဖြင့် မိမိသာ (ငါဘုရားထက်)ကြီးသည်ဟု မှတ်ထင်နေ၏။ မိမိကိုယ်ကို ခေတ်အေးတပ်လှတ်လိုက်နေသည်ကို၊ ဇရာဘေးတတ်ဝန်းဝိုင်းထားအပ်သည်ကို၎င်း၊ ဗျာဓိဘေးက လွှမ်းမိုးနှိပ်စက်တတ်သည်ကို၎င်း၊ သံသရာသစ်ပင်ကြီးဖြစ်လျှက် သနေ့သော ပြီးလျှင်နတ်ဖန်၍ပက်လက်အိပ်ရသည့် (သေမင်းတမန်) ကလေးသူငယ်အဖြစ်သို့ ရောက်ရမည့်အရေးကို၎င်း၊ စိုးစဉ်းမျှမသိရှာချေ၊ စင်စစ်သော်ကား ကြီးစွာသော လုံ့လဖြင့် ငါဘုရားထံ မှောက်သို့လာရောက်ရှာခြင်းဖြစ်လေသည်၊ ထိုပုဏ္ဏား၏ ငါဘုရားထံမှောက်သို့ လာရောက်ခြင်းသည် အကျိုးရှိသော လာရောက်ခြင်းဖြစ်ပါစေသတည်း" ဟုကြံစည်ဆင်ခြင်တော်မူပြီးလျှင် ဤလောက၌ ကိုယ်တော်မြတ်အတုမရှိသော လက်ဦးစွာဖြစ်ထွားသည့် အကြီးဆုံးသောပုဂ္ဂိုလ်၏အဖြစ်ကို ထင်စွာ ပြတော်မူလိုသည်ဖြစ်၍ ဆိုလတ္တံ့သော အတိုင်းတရား ဒေသနာကိုချဲ့ထွင်တိုးပွား၍ ဟောကြားတော် မူလေသည်။

"ထိုပုဏ္ဏား ဥပမာအားဖြင့် ကြက်မ၏ ဥရှစ်လုံး (သို့) ဆယ်လုံး (သို့မဟုတ်) တစ်ဆယ့်နှစ်လုံး တို့ရှိကြသည်ဆိုကြစို့၊ ထိုဥများကို ကြက်မသည် ကောင်းစွာဝပ်ခြင်း၊ ကောင်းစွာအငွေ့ပေး ခြင်း၊ ကောင်းစွာကြက်နံ့ထုံစေခြင်းအလုပ်သုံးမျိုးတို့ကို ပြုအပ်ကုန်သည်ဆိုပါစို့၊ (ထိုသို့ ပြုသဖြင့် ကြက်ဥအတွင်း၌ တည်ရှိသော) ထိုကြက်ငယ်အပေါင်းတို့တွင် ခြေသည်းများ၊ နှုတ်သီးများ ဖြင့် ဥခွံကို ရှေးဦးစွာဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ဖွားလာသည်ကို ထိုကြက် ငယ်ကို အဘယ်သို့ခေါ်ဆိုအပ်သနည်း၊ အကြီးဟူ၍လည်း ခေါ်ဆိုအပ်သလော၊ အငယ်ထည်း

ဟုခေါ်ဆိုအပ်သလော " ဟု မြတ်စွာဘုရားရှင်က မေးမြန်းတော်မူလေလျှင် ပုဏ္ဏားကြီးသည် "အိုအရှင်ဂေါတမ အကြီးဟုဆိုအပ်ပါသည်။ ထိုကြက်ငယ်အပေါင်းတို့တွင် (ဥခွံကိုဖေါက်ခွဲ၍ ရှေးဦးစွာ ထွက်လာသော) ထိုကြက်ငယ်သည် (ရှေးဦးစွာ ဥခွံကို ဖေါက်ခွဲ၍ထွက်လာသောကြောင့်ပင်) အကြီးဆုံး ဖြစ်ပါသည်။ ဟုလျှောက်ဆို၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် "ပုဏ္ဏား ဤအတူပင် အဝိဇ္ဇာတည်းဟူသော ဥခွံအတွင်း၌ ရောက်ရှိတည်နေကြသော အဝိဇ္ဇာဥခွံဖြင့်ထက်ဝန်းကျင် ခြုံးယှက်အပ်သည့် သတ္တဝါ အပေါင်းတွင် အဝိဇ္ဇာဥခွံကို ဖောက်ခွဲ၍ ငါတစ်ဦးတည်း သဗ္ဗညုတဉာဏ်ကို ရှေးဦးစွာသိမြင်ဆိုက်ရောက် ပေါက်မြောက်အပ်လေပြီ။ ပုဏ္ဏား (သို့ရကား) ငါဘုရားသည် သတ္တလောကရှိသမျှ သတ္တဝါ အပေါင်းထက် အကြီးမြတ်ဆုံးဖြစ်၏" ဟု၍ဟောတော်မူလေသည်။

ဝေရဥ္စပုဏ္ဏားကြီးသရဏဂုံခံယူခြင်း

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ပုဏ္ဏားကို သနားကရုဏာကြီးမားတော်မူလှသဖြင့် ကိုယ် တော်မြတ်၏ အရိယာဇါတ်အားဖြင့် အကြီးဆုံးအမြတ်ဆုံးဖြစ်တော်မူပုံကို ပုဒ်၊အာ ဝိဇ္ဇာသုံးပါးထင်ရှား ဖေါ်ပြအပ်သည့် တရားဒေသနာဖြင့် ဟောတော်မူအပ်သည်ရှိသော် ဝေရဥ္စပုဏ္ဏားကြီးသည် ကိုယ်ရောစိတ်ပါ ပီတိတရားဖြင့် ပြည့်စုံကာ မြတ်စွာဘုရားရှင်၏ အရိယာဇာတ်အားဖြင့် အကြီးဆုံးအမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသည့် အကြောင်းကို ကောင်းစွာသိမြင်လျှက် "ငါသည် ဤသို့စဉ် လူသုံးပါး၌ အမြတ် ဆုံးဖြစ်လျှက် ခပ်သိမ်းသော ဂုဏ်ကျေးဇူးနှင့်ပြည့် စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို အသက်ကြီးသူတို့အား ရှိခိုးခြင်းသည့်တမှုမပြုအံ့" ဟု ပြောမှားခဲ့လေပြီ၊ အချင်းတို့မသိခြင်း မောဟတရားကား စက်ဆုပ်ရွံရှာဖွယ်ဖြစ်စွာတကားဟု မိမိကိုယ်ကို တဲ ရဲ့၍ "ဤအရှင် ဂေါတမသည် ယခုအခါ လောက၌ အရိယာဇာတ်အားဖြင့် ရှေးဦးစွာမွေးဖွားဖြစ်ပွားလာသူ ဖြစ်ခြင်းကြောင့် အကြီးဆုံးလည်းဖြစ်၏၊ ခပ်သိမ်းသောဂုဏ်တို့ဖြင့် အတုမရှိသော ကြောင့်အမြတ်ဆုံးလည်းဖြစ်၏၊" ဟုဆုံးဖြတ်ချက်ချမှတ်ပြီးလျှင် ဘုရားရှင်ကို -

"အရှင်ဂေါတမသည် လောက၌ အကြီးဆုံးဖြစ်ပါပေ၏၊ အရှင်ဂေါတမသည် လောက၌ အမြတ် ဆုံးဖြစ်ပါပေ၏၊ အိုအရှင်ဂေါတမ အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အိုအရှင်ဂေါတမ လောကဥပမာ အားဖြင့် မှောက်၍ထားအပ်သော ဝတ္ထုကို လှန်လိုက်သကဲ့သို့ငှင်၊ ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်လိုက်သကဲ့သို့ငှင်၊ မျက်စိလည်လမ်းမှားသောသူအားလမ်းမှန်ကို ပြောကြားလိုက်သကဲ့သို့ငှင်၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းအမျိုးမျိုးကိုမြင်ကြပေလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားသကဲ့သို့ငှင်၊ ထို့အတူပင် အရှင်ဂေါတမသည် အကျိုးနည်းအားများစွာသောအကြောင်းဖြင့် တရားတော်ကိုထင်ရှားစွာ ဟောပြတော်မူအပ်ပါပေပြီ၊ အိုအရှင်ဂေါတမ အကျွန်ုပ်သည် အရှင်ဂေါတမကိုငှင်၊ တရားတော်ကိုငှင်၊ ဘိုးကွယ်လဲလျောင်း ပုန်းအောင်းရာဟူ၍ ဆည်းကပ်သိမှတ်ပါ၏၊ အရှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့အစ၍ အသက်ရှည်သမျှကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့ဟု နှုတ်မြွက်ကာ သရဏဂုံခံယူပြီးလျှင် "အရှင်ဂေါတမသည်ရဟန်းသံဃာနှင့်တကွ ကျွန်ုပ်အားချီးမြှောက်ရန် ဝေရဥ္စာပြည်၌

ဝါဆိုခြင်းကို သည်းခံ ၊ လက်ခံတော်မူစေချင်ပါသည်။" ဟူ၍ တောင်းပန်စကားလျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် ပုဏ္ဏားလျှောက်ချက်အရ ဝေရဉ္စာပြည်၌ ဝါကပ်ရန်လက်ခံတော်မူသည်။ ထိုအခါ ဝေရဉ္စာပုဏ္ဏားကြီးသည်အကယ်၍ ရဟန်းဂေါတမသည် ငါ၏လျှောက်ထားချက်ကို လက်မခံလျှင် ကိုယ်ဖြင့်ဖြစ်စေနှုတ်ဖြင့်ဖြစ်စေ ပယ်လေရာ၏။ ယခုမူမပယ်ဖြစ်၍ အတွင်း၌ နှစ်သက်လက်ခံမှုကို ဆောင်ရုံကား ငါ၏လျှောက်ထားချက်ကို စိတ်ဖြင့်လက်ခံတော်မူ၏"ဟူ၍အချင်းအရာကို မှတ်သားမှု၌လိမ္မာသူဖြစ်သောကြောင့် မြတ်စွာဘုရားရှင်၏လက်ခံတော်မူမှုကို သိရှိပြီးလျှင်မိမိနေရာမှ ထ၍ ရှေ့နောက်ဝဲယာ လေးမျက်နှာအရပ်တို့၌ မြတ်စွာဘုရားရှင်ကို ရှိသေစွာရှိခိုးပြီးနောက် လက်ျာရစ်သုံးပတ်လှည့်လည်ပြီးလျှင် ဘုရားထံမှောက်ရောက်ချိန်တစ၍ အရွယ်ကြီးသောပုဏ္ဏားတို့အားရှိခိုးခြင်း၊ စသည့်အမှုမပြုဘိဟူ၍ ကဲ့ရဲ့ခဲ့ငြားသော်လည်း ယခုအခါမှာမူ မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးများကို ပိုင်းခြားသိမြင်တာ ကိုယ်၊နှုတ်၊နှလုံးသုံးဌါရတို့ဖြင့် အကြိမ်များစွာ ရှိခိုးရပါသော်လည်း တင်းတိမ် ရောင့်ရဲ ခြင်းအလျှင်းမရှိပဲ လက်အုပ်ကို ဦးခေါင်း၌ မြှောက်တင်ကာ ဘုရားရှင်ကို မြင်ရသလောက် ဘုရားရှင်ဖက်သို့ မျက်နှာမူနောက်ဆုပ်သွားခဲ့၍ မြင်လောက်သောဥပစာကို လွန်မှနောက်ဆုံးအားရစွာရှိခိုးပြီး ခဲ့ခွာသွားလေတော့သည်။ မြတ်စွာဘုရားရှင်သည်လည်း ထိုသို့ ဝေရဉ္စာပုဏ္ဏားလျှောက်ထားတောင်းပန်ချက်အရ ၁၂ ခုမြောက် ဒွါဒသမဝါကို ထိုဝေရဉ္စာပြည်၌ ရဟန်းငါးရာနှင့် ကပ်ဆိုတော်မူလေ၏။

## ဝေရဉ္စာပြည်၌ဒုဗ္ဘိက္ခဘေးရောက်ခြင်း

ထိုစဉ်အခါ ဝေရဉ္စာပြည်သည့် အစာခေါင်းပါး၏၊ အသက်မွေးရန်ခဲယဉ်း၏။ မွေးမွေးဖြူသောအရိုးရှိ၏၊ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏။ သို့ရကား ရဟန်းတော်များအဖို့ရာ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ။

ထိုအခါ ဥတ္တရပထတိုင်းသားမြင်းကုန်သည်များသည် မြင်းငါးရာတို့နှင့်အတူ ဝေရဉ္စာပြည်၌ မိုးခိုကြကုန်၏။ ထိုမြင်းကုန်သည်တို့သည် မြင်းဝိုင်းတို့၌ရဟန်းတို့အား တစလယ်စီရှိသော ရိက္ခာမုယောဆန်ကို ဝတ်တည်ကြကုန်၏ ။ ရဟန်းတို့သည် နံနက်အချိန်အခါ၌ ဝေရဉ္စာပြည်သို့ ဆွမ်းခံဝင်၍ ဆွမ်းမရကြကုန်သော မြင်းဝိုင်းတို့၌ ဆွမ်းခံလှည့်လည်၍ တစလယ်စီသောရိက္ခာမုယောဆန်ကို ရရှိကြတာအရံအတွင်းသို့ ယူဆောင်ခဲ့ပြီးလျှင် ဆုံဝယ်၌ထောင်း၍ သုံးဆောင်ကြကုန်၏။

မြတ်စွာဘုရားရှင်အတွက်ကား မြင်းကုန်သည်များသည် တစလယ်သောရိက္ခာမုယောဆန်နှင့် လျှော်သော ထောပတ်၊ ပျား၊ သကာ၁ တို့ကိုလှူဒါန်းကြလေသည်။ ထိုမုယောဆန်နှင့်ထောပတ်၊ ပျား၊သကာကို အရှင်အနန္ဒာမထေရ်သည် ယူဆောင်ခဲ့၍ ကျောက်ပျဉ်၌ကြိတ်လေသည်။ ဘုန်းကံရှိသူ ပညာရှင် ဝုဏ္ဏိုယ်ပြုလုပ်စီမံ တပ်သောအရာသည် နှစ်သက်ဖွယ်ရှိမြဲမမှတာတည်း။ မုယောဆန်ကိုကြိတ်ပြီးလျှင် ထောပတ်စသည်တို့နှင့် ရောစပ်၍ မြတ်စွာဘုရားရှင်အားဆက်ကပ်လေသည်။ ထိုအခါနတ်များသည် ထိုမုယောမုန့်အတွင်း၌ နတ်ဩဇာကို တည်ကြလေသည်။ ထိုမုယောမုန့်ကိုပင် မြတ်စွာဘုရားရှင်သည် ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ဖလသမာပတ်ကို ဝင်စား၍ အချိန်ကိုကုန်လွန်စေတော်မူသည်။ ထို ဒုဗ္ဘိက္ခဘေးဆိုက်ရောက်ချိန်တစ၍ ဆွမ်းခံကြွတော်မမူ

### စုဋ္ဌိကွဝင်တော်ပါခြင်းနောက်အကြောင်း

ဤကဲ့သို့ မြတ်စွာဘုရားရှင် ရဟန်းငါးရာနှင့်အတူ ဝေရဉ္စာပြည်၌ စုဘိကွဝင်တော်ပါရခြင်းမှာလည်း လွန်ခဲ့သောကိုးဆယ့်နှစ်ကမ္ဘာဝယ်ဖုဿဘုရားရှင်၏ သာသနာတော်ခေတ်အတွင်းအလောင်းတော် သုံးမြတ်မှာ မိတ်ဆွေမကောင်းတို့နှင့်ပေါင်းသင်းမိသည့်အတွက် လူဖျက်လူဆိုးတစ်ဦးဖြစ်ကာ ဖုဿမြတ်စွာဘုရားရှင်၏ တပည့်သာဝက ရဟန်းတော်တို့ကို "မုယောဆွမ်းကြမ်းကို ခဲကြကုန်လော့၊ စားကြကုန်လော့။ သလေးဆွမ်းကောင်းတို့ကို မစားကြကုန်လင့်" ဟု ရေရွတ်စကားပြောမှားခဲ့ဘူးလေသည်။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ယခု ဝေရဉ္စာပြည်၌ ဝါကပ်တော်မူသောအခါ စုဋ္ဌိကွဘေးနှင့် ရင်ဆိုင်တွေ့တော်မူရလေသည်။

### မြတ်စွာဘုရားရှင်ကောင်းကြီးပေးတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဆုံငယ်ထောင်းသံကို ကြားတော်မူလေပြီ။ မြတ်စွာဘုရားရှင်တို့သည် သိလျက်လည်းမေးတော်မူကုန်၏၊ သိလျက်လည်းမေးတော်မမူကုန်၊ မသိသောအရာတားမရှိပေ၊ အခါကိုသိ၍ မေးတော်မမူကုန်၊ မြတ်စွာ ဘုရားရှင်တို့သည် အကျိုးနှင့်စပ်သည်ကိုသာ မေးတော်မူကုန်၏၊ အကျိုးနှင့် မစပ်သည်ကိုကား မေးတော်မမူကုန်၊ အကျိုးရှိမည့်အရာကိုသာမေး၍ အကျိုးမရှိသည့်အရာကို မမေးဟုဆိုလိုသည်။ အကျိုးနှင့်မစပ်သောစကားအရာ၌ မြတ်စွာဘုရားရှင်တို့သည်မဂ်ဖြင့် ပယ်သတ်ခြင်းအမှုကို ပြုအပ်ပြီးဖြစ်ကုန်၏။

" တရားကိုဟောလည်း ဟောတုန်အံ့။ တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ဟောမူလည်း ပညတ်တုန်အံ့." ဟူသော အကြောင်းနှစ်မျိုးတို့ဖြင့် မြတ်စွာဘုရားရှင်တို့သည် ရဟန်းတို့ကိုမေးတော်မူကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာကို " ချစ်သားအာနန္ဒာ ယခုကြားရသော ဆုံငယ်သံသည် အဘယ်ပြုသော အသံနည်း" ဟု မေးတော်မူလျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်အား ရှေးပေါ်ပြရာပါအကြောင်းအရာကို ပြေကြားလျှောက်ထားလေသည်။ ထိုအခါမြတ်စွာဘုရား၊ ရှင်သည် -

"အာနန္ဒာ ကောင်းစွ . . . အာနန္ဒာသူတော်ကောင်းဖြစ်ကြသော သင်တို့သည် အစာခေါင်းပါးခြင်း။ လိုချင်ခြင်း၊ အလိုဆိုးသို့ လိုက်ပါခြင်း အလျှင်းပင်မပြုကြသဖြင့် သလေးဆန်ဖြင့်ချက်အပ်သည့်သားငြွမ်းဆွမ်း-ခဲပေါက်ဆွမ်းကို အောင်နိုင်အပ်ပြီဖြစ်သည် သလေးသားငြွမ်းဆွမ်း - ခဲပေါက်ဆွမ်းကို နောင်လာနောတ်သား များတအထင်သေးကြလိမ့်ဦးမည်" ဟုမိန့်ဆိုတော်မူလေ၏။

### အရှင်မဟာမောဂ္ဂလာန်၏ ရဲရဲတောက်လျှောက်ထားချက်

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကား ရဟန်းပြုပြီးနောက်ခုနှစ်ရက်မြောက်သော နေ့၌ သာဝကပါရမီဉာဏ်အထွတ်အထိပ်သို့ ရောက်တော်မူသော ပုဂ္ဂိုလ်မြတ်ဖြစ်ပေသည်၊ မြတ်စွာဘုရားရှင်ကလည်း တန်ခိုးကြီးသည်၏အဖြစ် - တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ထားတော်မူအပ်သည်။ ထိုအရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် မိမိ၏တန်ခိုးကြီးမြတ်မှုကို အမှီပြု၍ "ယခုအခါ ဤဝေရဉ္စာပြည်သည် အစာခေါင်းပါး၏၊ ရဟန်းတို့သည် ပင်ပန်းကုန်၏၊ ငါသည်မြေကြီးကိုလှန်၍ အောက်အပြင်ရှိ မြေဆီမြေလွှာမြေဩဇာကိုတွေ့ရမှုကောင်းလေစွ"

ဟု ကြံစီပြီးနောက်ဆတ်၍တဖန် "ငါသည် ဘုရားရှင်ထံ၌ နေသူဖြစ်လျက် မြတ်စွာဘုရားရှင် ကို မတောင်းပန်ပဲ ဤသို့ ပြုမူလျှင် ထိုပြုမူချက်သည် ငါ့အားမသင့်လျော်ချေ။ မြတ်စွာဘုရားရှင်နှင့် အပြိုင်ပြုမူသကဲ့သို့ ဖြစ်ပေလိမ့်မည်ဟု" အကြံဖြစ်ကာ မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ သွားရောက် ဝပ်လျိုးရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်ရာအရပ်၌ ထိုင်နေပြီးသော မြတ်စွာဘုရားရှင်ကို -

" ဘုန်းတော်ကြီးသောမြတ်စွာဘုရား ယခုအခါ ဝေရဥ္စာပြည်သည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသောအရိုးရှိ၏၊ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား .. ဤမြေကြီး၊ အောက်အပြင်သည် ပျားတောင်ပျားဥရှိသော ပျားရည်ကဲ့သို့ ချိုမြိန်ကောင်းမြတ်သောသာဖွယ်ရှိပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... တောင်းပန်ပါ၏၊ ကျွန်ုပ်သည် မဟာပထဝီဤမြေကြီးကို ထက်အောက်ပြောင်းပြန်လှန်ပါတဲ့၊ ရဟန်းတို့သည် အောက်အပြင်ရှိ မြေဆီမြေလွှာမြေဩဇာကို သုံးဆောင်ရပါလိမ့်မည်" ဟုလျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားရှင်က " ချစ်သားမောဂ္ဂလာန် မြေ ကြီးကို မှီနေထိုင်ကုန်သော သတ္တဝါတို့ကို အဘယ်သို့ပြုမည်နည်း" ဟု မေးတော်မူလေလျှင် အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ကျွန်ုပ်သည်လက်တစ်ဖက်ကို မြေကြီးကဲ့သို့ ဖန်ဆင်းပါမည်၊ မြေကြီးကိုမှီနေကုန်သော သတ္တဝါတို့ကို ထိုမြေကြီးကဲ့သို့ဖန်ဆင်းထားသောလက်ပေါ်၌ ပြောင်းရွှေ့ထားပါမည်၊ ကျန်သောလက်တစ်ဖက်ဖြင့် ဤမြေကြီးကို အထက်အောက်ပြောင်းပြန် လှန်ပါမည်" ဟုလျှောက် ထားလေ၏၊ ထိုအခါမြတ်စွာဘုရားရှင်က "ချစ်သားမောဂ္ဂလာန် .. မသင့်လျော်ပေ၊ မြေကြီးကို လှန်ရန် သင်ချစ်သားမနှစ်သက်မလိုလားပါလင့်၊ သတ္တဝါတို့သည် အထင်အမြင်လွဲမှားခြင်းသို့လည်း ရောက်ကုန်ရာသည်" ဟုပယ်မြစ်စကားမိန့်ကြားတော်မူလေသည်၊ သတ္တဝါတို့သည်အထင်အမြင်လွဲမှားခြင်းသို့ ရောက်ကုန်ရာသည် ဟူသော စကားရပ်ဝယ်မှတ်ဖွယ်တာ - ဤအစာခေါင်းပါးခြင်းသည် ယခုအခါ၌သာ ဖြစ်သည်မဟုတ်၊ နောင်အနာဂတ်ကာလ၌လည်းဖြစ်လိမ့်မည်၊ ထိုအခါရဟန်းတို့သည် သင်ချစ်သားကဲ့သို့ တန်ခိုးအာနုဘော်နှင့်ပြည့်စုံသော သီတင်းသုံးဖော်ကို အဘယ်မှာရလိမ့်မည်နည်း။ ထိုနောင်လာနောက်သား ရဟန်းများသည် သောတာပန်၊ သကဒါဂါမ်၊အနာဂမ်၊ သုက္ခဝိပဿကရဟန္တာချာန်မှုကိုသာရ၍ အဘိညာဉ်ကို မရသည့် ရဟန္တာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာများ ပင်ဖြစ်ကြသော်လည်း၊ တန်ခိုးစွမ်းအားမရှိခြင်းကြောင့် ဓါယတာတို့တိမ်သို့ ဆွမ်းခံကပ်ကြပေလိမ့်မည်၊ ထိုသို့ဖြစ်ရာ၌ လူတို့၏ စိတ်သန္တာန်ဝယ်" ဘုရားရှင်လက်ထက်တော်အခါက ရဟန်းတို့သည် သိက္ခာသုံးပုံပြည့်စုံစွာဖြင့် ကျင့်တော်မူကြကုန်၏၊ ထိုဘုရားလက်ထက်တော်က ရဟန်းတို့သည် အဘိညာဉ်ကျေးဇူးဂုဏ်တို့ကို ဖြစ်စေကြ၍အစာခေါင်းပါးသောအခါ မြေကြီးကိုအထက်အောက်လှန်၍ မြေဆီမြေလွှာမြေဩဇာကို ဘုန်းပေးသုံးဆောင်တော်မူကြကုန်ပြီ။ ယခုအခါကား သိက္ခာသုံးပုံအကျင့်ဂုဏ်ကို ပြည့်စုံစွာပြည့်ကျင့်ကြသောရဟန်းတို့မရှိကြကုန်၊ အကယ်၍ရှိကြလျှင် ထိုဘုရားရှင်လက်ထက်က နည်းတူပင် ပြုကြကုန် လေရာ၏၊ ငါတို့အား တစိမ်းအကျက် တစ်စုံတစ်ခုကိုမျှ စားခွင့်ပေးကြမည်မဟုတ်၊ မြေဩဇာကိုသာ ကျွေးကြလိမ့်မည်ဟုဆိုလိုသည်၊ "ဤကဲ့သို့ အကြံအစည်ဖြစ်ပြီးလျှင် ထိုအရိယာပုဂ္ဂိုလ်တို့၌ပင် " အရိယာပုဂ္ဂိုလ်များမရှိကြကုန်" ဟု အထင်အမြင်လွဲမှားခြင်းသို့ ရောက်ကုန်လေရာ၏၊ အထင်အမြင် လွဲမှားသဖြင့်

အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ရှုတ်ချစွပ်စွဲကြလျှင် အပါယ်ဘုံသို့ ကျရောက်ကုန်လေရာ၏၊ ထို့ကြောင့်"မြေကြီးကို လှန်ရန် သင်ချစ်သားမနှစ်သက် မလိုလားပါလင့်" ဟု ပယ်မြစ်တော်မိန့်ကြား တော်မူလေသည်၊

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဤတောင်းပန်ချက်ကို အခွင့်မရသည်ဖြစ်၍ အခြားတနည်းပြောင်း၍ တောင်းပန်လိုပြန်ရကား ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား . . . . တောင်းပန်ပါ၏၊ အားလုံးသောရဟန်းသံဃာသည် မြောက်ကျွန်းသို့ဆွမ်းခံကြွပါစေ" ဟုလျှောက်ထား လေသော် မြတ်ဘုရားရှင်သည် ဖွေနည်းအတူဝင် "ချစ်သား မောဂ္ဂလာန် . . . မသင့်လျော်ပေ၊ အားလုံးသော ရဟန်းသံဃာ၏ မြောက်ကျွန်းသို့ ဆွမ်းခံသွားခြင်းကို သင်ချစ်သား မနှစ်သက် - မလိုလားပါလင့်" ဟု ပယ်မြစ်တော် မိန့်ကြားတော်မူလေသည်၊

ဤ၌ "သတ္တဝါတို့သည် အထင်အမြင်လွဲမှားခြင်းသို့လည်းရောက်တုန်ရာသည်ဟု"တိုက်ရိုက် မဖော်အပ် သော်လည်း ဖွေ၌ဟောအပ်ပြီးဖြစ်သောကြောင့် ထိုအကြောင်းကြောင့်ပင်မြောက်ကျွန်းသို့ ဆွမ်းခံကြွခြင်း ကိုလည်း မြတ်စွာဘုရားက တားမြစ်တော်မူသည်ဟု သိအပ်၏၊ အဓိပ္ပါယ်မှတ်ဖွယ်ကိုလည်း ဖွေနည်းအတူဝင် မှတ်ယူရ၏၊

အကယ်၍မြတ်စွာဘုရားရှင်က ခွင့်ပြုလျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် အဘယ်သို့ပြုလေရာသနည်းဟူမူ မဟာသမုဒ္ဒရာကို ခြေတစ်လှမ်းဖြင့်ကျော်နိုင်လောက်သည့်မြောင်းငယ်မျှဖြစ် အောင်ဖန်ဆင်း တော်မူပြီးလျှင် နဒီ့ရူတမာပင်မှသည် ဥတ္တရကုရုမြောက်ကျွန်းတိုင်အောင် ရဟန်းတော်များ ဂေါစရပါဒ်ဆွမ်းခံ ဝင်နိုင်ထွက်နိုင်လောက်အောင် အသွားအပြန်လမ်းနှင့် ပြည့်စုံသောအရပ်၌ တန်ခိုးဖြင့်ထားလေရာ၏၊

ဤတား အရှင်မဟာမောဂ္ဂလာန်မှ မထေရ်သူမြတ်၏ ရဲရဲတောက်စကားလျှောက်ထားချက်တည်း၊ ရှေးဆရာများသည် ရာဇာဂြိုလ်ဝေဠုဝန်တို့အကြောင်းကို လေးချိုးတပုဒ်ဖြင့် ဖွဲ့ဆိုထားသည်မှာ -

လေးချိုး- "ရာဇဂြိုလ်၊ ဝေဠုဝရယ်လို့ ၊ တမာညို ရွှေပင်မှ တွင်မှ ထေရ်သယ်ရဲငါးရာ၊ တဂုဏ်ကြွား ပါတဲ့ ပုဏ္ဏားတိုပင့်လျှောက်ရေးငယ်ကြောင့် ၊ ထောက်တွေးခါ၊ ဓေသာစာချိုလို့၊ ရွှေဗိမ္ဗာအဆီမြိုက် ရေဖျန်းရန်တို့၊ မြိန်းကြွ၊ ဘဝဝါ။ ဒွါဒသာ ဝါအထပ်တွင်မှ ၊ မာရ်နတ်ယာ မသမာတဲ့အတတ်ကယ်ကြောင့်၊ အစာငတ်၊ ဝဋ်ကြွင်းမှာလွတ်မကင်းရှာတု၊ ထွန့်မြတ်ဖျား၊ လားတာလာ၊ ငါးကမ္ဘာ ဟိုအထက်ဆီက ဆိုခွတ်ခါ ကမ္ဘာရန်ဟု၊ မသမာဥာဏ်ဒေဝဒတ်တယ်မ၊ ခဲမကျေ၊ စွဲလေတဲ့အရပ်တယ်လို့တွယ် တျမ်းမြတ်ညွှန်ကြား"

ဘုရားအလောင်းတော် ဇေတာကျွင်သော တောနင့် ဂူကြီးသို့ ဤဝေဠုနေရာမှ ဘုတာရုံကို ပြန်လာခဲ့ပြီး ဝေဘာဂျီဘုတာမှ ခရီးဆယ့်နှစ်မိုင်ဝေးသော နဝဒဘုတာသို့ လက်မှတ်ဝယ်၍ မီးရထားဖြင့် လိုက်လာရာ နဝဒဘုတာသို့ရောက်လျှင် မီးရထားမှဆင်း၍၊ ရင်းနဝဒမြို့မှ အနောက်တောင်ဘက်ယွန်းယွန်း ခရီးဆယ့်နှစ်မိုင် ဝေးသောတာကိုလ ရေထဲခွန်ကြီးရှိရာသို့ ကားငှား၍သွား၏၊ တစ်ဆယ်ပေးရ၏၊ တောစပ်သို့ရောက်သောအခါ ကားထားခဲ့ပြီးခြေလျှင်လာခဲ့ရာ တောစပ်မှာရှိသောရွာကိုလည်း ဇေတာရရွာဟုခေါ်တွင်လျှက်ရှိသည်၊ တောထဲသို့ဝင်သွားသောအခါ အမျိုးမျိုးသောသစ်ပင်ကြီးငယ်တို့သည် တိုင်းချင်းယှက်ရွက်ခြင်းထပ်လျှက် နေပျောက်မတိုးဘဲ အေးချမ်းသာယာလှပေ၏၊ အေးမြသောရေအလျှင်တို့ တသွင်သွင် စီးဆင်းနေသောစမ်းချောင်း ကလေးများ စမ်းချောင်းကြီးများတို့လည်းတွေ့ခဲ့ရပေ၏၊ ဂမုန်းပန်းအမျိုးမျိုး ပင်စောက်ပန်းအမျိုးမျိုး များတန်ဆာဆင်လျှက် တောမြိုင်ကြီးအတွင်းသို့ ခရီးတစ်တိုင်ကျော်ကျော်လောက် ရောက်သွားသောအခါ

တဝေါဝေါဖြင့် မပြတ်မည်ဟီးစီးဆင်းနေသော ရေတံခွန်သံကြီးတိုကြားရလေ၏၊ ရှေ့တစ်မိုင်ခန့် ဆက်သွားသော အခါတောင်ခပန်းမှ ရေလုံးကြီးပန်းထွက်နေသော ဝေနစ်ဆယ်ပတ်လည်ခန့်ရှိ ကျောက်ဖျာကြီးပေါ်သို့ ရေလုံးများကျဆင်းလျှက် အောသုံးဘက်သို့ ရေပန်းကြီးများဖြာကြနေသောကြောင့် ကြည့်၍မငြီးနိုင်အောင် အဆန်းတကြယ်အံ့ဩဘွယ်သော ရေတံခွန်ကြီးဖြစ်ပေသည်၊ ၎င်းရေတံခွန်ကြီးအနီးတွင် ကျောက်လှိုဏ်ဂူကြီးရှိ၏၊ ဤဂူကြီးသည် ဘုရားအလောင်းတော် အပြင်းထန်ဆုံးတရားအားထုတ်သောဂူဖြစ်သည်၊ ဒုက္ကရစရိယကျင့်သော တောတန်းနှင့်တောင်တန်းကြီးများမှာ ရှည်လျားကျယ်ဝန်းသော်လည်း ဤစေတစာရတောတပိုက်မှာသာလျှင် နွေမိုးမပြတ်သစ်သီးသစ်ဥမှစ၍ စိမ်းစိုထွားကြိုင်းလျှတ် ရေမိုးကောင်းစွာလုံလောက်သောနေရာဖြစ်ပေ၏၊ ဘုရားအလောင်းတော် ဒုက္ကရစရိယခြောက်နှစ်တျင့်တော်မူစဉ်က တပါးတည်းအပြင်းအထန် ကျင့်တော်မူသောကြောင့် စေတစာရတောဟု အမည်တွင်ပေသည်၊ ဤစေတစာရဂူကြီးအကြောင်းကို ရှေးဆရာများက တေးထပ်ဖြင့် ရေဖွဲ့ထားသည်မှာ -

"မြတ်လောင်းတော်ဗုဒ္ဓံ၊ သုတ်သင်မှု ကိလေနတ်တွင်ပြု တိဗ္ဗေသည် ပဓာနတေအကျင့်၊ ဒုက္ကရစရိယာရယ်၊ ကသီကာ ၊ လောင်းထပ်တဆင့်ဝနိုင်ကျောတောနက်ညိုဝယ် ဇောမစ်ဗိုလ်တွင်ဖွင့်၊ လျှောသက်ယိုစဉ်မလင့်၊ တသွင်သွင်စမ်းရေ ရေတံခွန်တန်းသွယ်ဆင်း၊ ဆန်းကြယ်ခင်းထူးတင့်ပလေ၊ မှန်းရွယ်ခြင်း မှူရှင့်ပရမေကြို၊ ကျွှရှင့်ချေ့၊ မကာမရယ်နဲ့၊ သဉ္စါကြွတိုးတက်မောတ်လှိုင် မိုးလတ်ခြောက်ပြိုင်၊ တိမ္ဗုပြက်၍ မပျောက်နိုင်သည်၊ ကျောက်အဆိုင်ဂူကြီးမို့လေး၊"

အထက်ပါဂူကြီးမှ ပြန်လာပြီးလျှင် နဝါဒမြို့မှ ခမိုးဆယ့်နှစ်မိုင်ဝေးသော ဝီရိယိတ်ရွာသို့ တားစီး၍ လာခဲ့၏၊ ရောက်သောအခါ ဟိန္ဒူကုလားတစ်ဦး၏ မြေတိုက်ထဲတွင် တစ်ညအိပ်နားနေရသည်၊ နားခ နှစ်ကျပ် ပေးရ၏၊ နံနက်လင်းသောအခါ မှတ်တမ်းရေးလိုက်သည်၊

၁၃၁၇ ခုနှစ်၊ ပြာသိုလဆုပ် (၁) ရက်၊ စနေနေ့ နံနက် (၆) နာရီခွဲအချိန် (၁၉၅၆၊ ဇန်နဝါရီ ၂၈ ရက်) လမ်းပြကုလားတစ်ယောက်ခေါ်၍ ၎င်းရွာအလွန် ဝီရိယိတ် တောင်ခြေကို စီးဆင်းရစ်ပတ်နေသော ဖာလဂူမြစ်ကို ကူးမြတ်ကျော်၍ ဂိရိယိက်တောင်ပေါ်သို့တက်ပြီး တောင်ချင်းဆက်စပ်နေသော မကုလတောင်ပေါ်သို့တက်သွား၏၊ မကုလတောင်ထိပ်တွင် ဘုရားသခင်ခြောက်ကြိမ်မြောက် ဆဌမဝါဆိုတော်မူရာ အမှတ်အသားစေတီတစ်ဆူ တည်ထားလျှက်ရှိ၏၊ စေတီနှင့်မနီးမဝေး တောင်ခပန်းတွင် တောမြွေနွယ်များ ပိတ်ဖုံးနေသော ကျောက်ဆုတ်တံတိုင်းကြီးနှင့် ကျောင်းတော်ရာကြီးတစ်ခုလည်းရှိ၏၊ မကုလတောင်တွင် ဘုရားသခင် ဝါဆိုတော်မူစဉ်က သဗ္ဗမိတ္တရွာသား မဟာသာလစုသာလ ကုန်သည် ညီအစ်ကိုနှစ်ယောက်ရာဇဂြိုလ်မြို့သို့ ကုန်ရောင်းလာကြရာ ဘုရားသခင်အား ဖူးမြော်ကြရသဖြင့် ဘုရားသခင်တဆံတော်နှစ်ဆူပေးသနားတော်မူလိုက်သည်၊ ဂိရိယိ မကုလဟု ပဌတတောင် ခေါ်မှာင်တွင် ဘုန်းခေါ်သတ်ကျဆဌမဟု ဆိုထတစ်ဝါ ဟု ရှေးပညာရှိများ ရေးထားသော ဝါဆိုစဉ်စာတမ်းတစ်ခု ကို ဖတ်ရဖူးသည်၊ ထိုတောင်ပေါ်မှ မှန်းမျှော်လျှက် အရှေ့အနောက်တောင်မြောက်ဝဲယာတို့ကို ကြည့်လိုက်လျှင် လှမ်းစွေးကြတွဲ လှိုက်လုံ့ဖွယ်ရာ ရည်ပြာစိုလျှမ်း၊ ခင်းလွင်သစ်၊ လျှက် ထဲသောင်မြစ်ကမ်းများနှင့် တောင်မြင့်တောင်နိမ့်အဆင့်ဆင့်တို့ကို စွင့်စွင့်ဝွားဝွား ကြည့်မြင်ရလေ၏၊ တောင်ထိပ်ပတ်ဝန်းကျင်တို့မှာလည်း

သာရကာကြေးငှက်၊ တောကြက်၊ တောခါ၊ ဥဒေါင်း၊ လင်းပြာတို့မှစ၍ ငှက်ပေါင်းစုံပျော်မြူးလျှက် တွန်ကျူးတေးကျော်သံတို့ဖြင့် သာယာစွာ ရှိကြသောကြောင့် မကုလတောင်၏ကြည်နူးဖွယ်ရာများကို ခံစားရပေ၏။ ၎င်းမကုလစေတီတော်ကို ဖူးမျှော်ပြီး တောင်နိမ့်တောင်မြင့် အဆင့်ဆင့်တို့ကို ကျော်ဖြတ်၍လာခဲ့ရာ တောင်နှစ်လုံးအလွန်တွင် မောက်မို့မြင့်မားသောတောင်ကြီးတစ်လုံး၏ခုလတ်တွင် ဘုရားသခင်တစ်လပတ်လုံးသီတင်းသုံးတော်မူပြီး နတ်ဗြဟ္မာတို့အားသတ္တပညာသုတ်တော်ကိုဟောတော်မူသဖြင့် သိကြားမင်းသောတပန်တည်သော ကျောက်ဂူကြီးတိုရောက်ခဲ့ပေ၏။ ၎င်းဂူကြီးကို ဣန္ဒသာလဂူဟုခေါ်တွင်ပေ၏။ ၎င်းဣန္ဒသာလဂူ၌ဘုရားသခင်သီတင်းသုံးသောအခါ သိကြားလာ၍လျှောက်ထားပုံ ဘုရားရှင်ဟောကြားပုံတို့ကို ရာဇဂြိုလ်ခြွခန်းပြီးမှ ဖေ့ပြပေအံ့။ ၎င်းဂူထဲတွင် သုဂတောဂုဏ်တော်ကိုးပါတ်စိတ်ပြီး တောင်ခြေသို့ဆင်းလာခဲ့ရာ တောချုံ ပိတ်ပေါင်း၊ ဆူးနွယ်ဆူးပင်တို့ကို တိုးဝင် သွားလာရခြင်းကြောင့် ပင်ပန်းဆင်းရဲလှပေ၏။ ဘိနပ်များစီးပြီး သွားလာနိုင်သောနေရာများမဟုတ်။ ခြေထောက်များမှာ ဆူးစူးခြင်း၊ ကျောက်ငုတ်ကျောက်တုံးကြီး၊ ကျောက်ဆောင်ကြီးများတို့တွယ်တပ်ဖက်၍တက်ရဆင်းရသည်။ တောင်ခြေသို့ရောက်သောအခါ တသွင်သွင်စီးဆင်းနေသောစမ်းရေများကို တစသောက်၍ ရေချိုးလိုက်ရပေ၏။ ၎င်းနောက်ခရီးသုံးမိုင်ဝေးကွာသော ဝီရိယိတ်ရွာသို့ပြန်လာခဲ့ပေသည်။ ရှေးဆရာများက မကုလတောင်ဘွဲ့လေးချိုးရေးထားသည်မှာ -

မကုလတောင်ဘွဲ့လေးချိုး

"မကုလတွင်မှာ၊ သုဝတ စေတုန်းခေါင်၊ ခြောက်ကြိမ်မြောက်၊ တိန်တောက်ခါ၊ ဘုန်းရောင် လျှံဝါလို့၊ သာနိုးခါ ဝါဆိုကပ်တယ် ထုံးမြတ်သည့်တောင် ရောက်သူတွေ နောက်ဆုဝေးလောက်ပါရဲ့၊ ချောက်ဂူဘေးနရမ်းချောင်းမှာ စမ်းမျှောင်တစိမ့်ဖြာစီး၊ ယှက်ထွေးငယ်လျှံ၊ ငှက်ကျေးစုံ ရွှေဥဒေါင်းရယ်တို့ တွန်ကြောင်းခါသံချိုငြိမ့်ကြတယ်ကွယ် တောသိမ့်သိမ့်ဟီး"။

၎င်းဝီရိယိတ်ရွာမှ ကားဖြင့် (၈)မိုင်ခန့်ဝေးသော ရာဇဂြိုလ်မြို့သို့လာခဲ့၏။ ရာဇဂြိုဟ်ရကွန်းဇ်ခေါ်သော ရာဇဂြိုလ်မြို့ ရေပူကန်မှအနောက်မြောက်တစ်မိုင်ခန့်ကားလမ်း၏လက်ယာဘက်တောင်ကုန်းပေါ် ဘုန်းတော်ကြီးဦးစေယန္တ(မော်လမြိုင်သား)ကျောင်းသို့ ညနေ (၅) နာရီရောက်၏၊ ထိုကျောင်းမှာတည်း၍တစ်ညအိပ်၏။ ဆရာတော်ဦးစေယန္တနှင့် ဘုရားဖူးခရီးစဉ်များ အမိဌာန်နှင့်လာခဲ့ခြင်း အကြောင်းများလျှောက်သားပြီး ကျန်ပုတီးပတ်များစိတ်၍အိပ်တော်၏။ နံနက် (၃)နာရီ ခွဲထ ကိုယ်လက်သန့်ရှင်းပြီး မှတ်တမ်းရေး၏။

၁၃၁၇ ခု ပြာသိုလဆုပ် (၂) ရက်၊ တနင်္ဂနွေနေ့ နံနက် (၅) နာရီ (၁၉၅၆၊ ဇန်နဝါရီ ၂၉ ရက်) သုဝဏ္ဏတောင်ါးချက် အမိဌာန်ပုတီးစိပ်၏။ နံနက် (၆) နာရီမှာ ဆရာတော်တဆွမ်းစားရန် ကျောင်းသားလေးတစ်ယောက်လွှတ်၍ခေါ်သဖြင့် လိုက်သွားပြီး ဆွမ်းစား၏။ ပြီးလျှင် သူ့တပ္ပိယကုလားကြီးကို ရာဇဂြိုလ်မြို့တွင် နေရာတနှံ့အပြားလိုက်ပြရန်ထည့်လိုက်၏။ ကျွန်ုပ်သည် ကုလားကြီးနှင့် ရာဇဂြိုလ်မြို့တွင်း မြင်းလှည်းနှင့်ထွက်လာ ခဲ့ကြသည်။ ကုလားကြီးကဗမာစကား ရေရေလည်လည် ပြောတတ်၏။

ရာဇဂြိုလ်မြို့တွင်းသို့အရှေ့တောင်ခေါင် ပဏ္ဍဝတောင်ခြေမှဝင်ကြရသည်။ ကားလမ်းအသစ်ဖေါက်လုပ်ထားသည်။ ရာဇဂြိုလ်မြို့ဝိုင်းကြီးမှာ အရှေ့အနောက်သေးမိုင်၊ တောင်မြောက်မြောက်မိုင်သောက် ကျယ်ဝန်းသည်။

ဝေဗုလ္လ၊ ဝေဘာရ၊ ဂိဇ္ဈကုဋ်၊ ဣသိဂိလိ၊ ပဏ္ဍဝတည်းဟူသော တောင်ကြီးငါးလုံးဖြင့် ကာရံနေသည်။ ရှေးတလှည်းကြောင်းရာများ - ပဏ္ဍဝတောင်ခြေကားလမ်းဘေးမှာတည်ရှိ၍ ကျောက်ပြင်ထက်မှာ မျိုင်ခွက်ကြီးများ ထင်ရှားနေသောလှည်းကြောင်းရာကြီးများဖြစ်သည်။ အလောင်းတော်သိဒ္ဓတ္ထတောထွက်ခါစ ရာဇဂြိုလ်ပြည်တွင် ဆွမ်းခံပြီးဘုန်းပေးသောနေရာဖြစ်သည်။ ပဏ္ဍဝတောင်ထိပ်၌ စေတီလေးများရှိသည်။ ဂိဇ္ဈကုဋ်တောင် - ပဏ္ဍဝတောင်မှမြောက်ဘက်တစ်မိုင်ခွဲခန့်ဝေး၍ ကားဖြင့်သွားရသည်။တောင်တက်လှေခါးခြေရင်းမှာကား၊ ရထားယာဉ်များရပ်နားရန်အဝိုင်းကြီးရှိသည်။ ဆေးရုံကျောင်းတော်ရာ - ဒေဝဒတ်ကျောက်တုံးလှိမ့်ချ၍ရလာသော သွေးစိမ်းတည်သည့်ဘုရားရှင်၏အနာကို ဆေးကုသရာဖြစ်၏။ တောင်ခြေမှတက်ခါစ လက်ျာဘက်နားမှာ အုတ်ခုံနှင့် တွင်းဖြစ်တလေးဖြစ်ပေသည်။ ဗိမ္ဗိသာရမင်းကြီးပေါ်မှဆင်းသက်ရာ - ဆေးရုံကျောင်းတော်ရာမှတက်သွားလျှင် လက်ျာဘက်နားတစုတ်စုံနေရာလေးဖြစ်ပါသည်။ မင်းကြီးတရားနာသွားလျှင်ပေါ်ပေါ်မှဆင်းတက်ရာနေရာ၌ တည်ဆောက်ထားသောတိုက်တလေးဖြစ်ပါသည်။ ရှင်အာနန္ဒာတရားမှတ်သောနေရာ - တောင်ထိပ်ရောက်ခါနီးလမ်း၏ လက်ျာဘက်နားမှာရှိသည်။ ကျောက်ဂူနှစ်ခု ဖြစ်ရာအတွင်း၌ ရုပ်ပွားငယ်တစ်ဆူရှိသည်။ ဘုရားရှင်နေထိုင်ခဲ့သောကျောင်းတော်ရာ - တောင်ထိပ်ပေါ်၌ အုတ်ခုံငယ်များဖြစ်ရာ တံတမ်းတမှည်းများရေးထိုးထားသည်။ ဇီဝကသရက်ဥယျာဉ်ကျောင်း - တောင်ခြေမှအနောက်ဖက်သို့ ပြန်လာသည့်အခါလမ်း၏လက်ျာဘက်မှာတည်ရှိ၍ သံကြိုးများကာရံထားသည်။ ဗိမ္ဗိသာရမင်းကြီး၏အကျဉ်းထောင်-ဇီဝက၏ သရက်ဥယျာဉ်ကျောင်းမှအနောက်ဖက် မနီးမဝေးလမ်း၏ လက်ျာဘက်နားမှာတည်ပေသည်။ ဒေဝဒတ်ကျောက်တုံးလှိမ့်ချရာ၊ ဂိဇ္ဈကုဋ်တောင်ခြေကားဆိပ်မှ မြောက်ဘက်နှစ်မိုင်ခန့်ဝေးသည့်နေရာမှာရှိသည်။ မုလခါတ်တော်တိုက်ကြီး - ဂိဇ္ဈကုဋ်တောင်မှ အနောက်ဘက်သို့သွားလျှင် ဝေဘာရတောင်ခြေရောက်ခါနီးကားလမ်း၏ လက်ဝဲနားမှာတည်ရှိသည်။ ရှင်မဟာကဿပတို့ပထမသံဃာယနာတင်ပြီးဓါတ်တော်များကို သိုလှောင်ခဲ့သောတိုက်ကြီးဖြစ်သည်။ တလယ်၌တွင်းကြီးရှိသည်။ ဗိမ္ဗိသာရမင်းကြီး၏ ဘဏ္ဍာတိုက - ဓါတ်တော်တိုက်၏ အနောက်ဖက်နှစ်ဖါလုံခန့်ဝေး၍ ဝေဘာရတောင်၏ အရှေ့ဘက်နံရံမှာတည်ရှိသည်။ နှစ်ဆယ့်လေးတောင်ခန့်ကျယ်သည်။ လိုဏ်ဂူနှစ်လုံးဖြစ်သည်။ နံရံ၌ မန်းချိုကားများရှိသည်။ မှတ်ချက်-၎င်းတိုပထမသံဃာယနာတင်ရာလိုဏ်ဂူဟူ၍လည်းအဆိုရှိလေသည်။ ရာဇဂြိုလ်ပြည်တံခါး၊ ဓါတ်တော်တိုက်မှအနောက်မြောက်ဖက်တစ်မိုင်ခန့်ဝေး၍ ဝေဘာရ ဝေပုလ္လတောင်နှစ်လုံးတို့၏ဆုံရာအကြားမှာဖြစ်သည်။ ရေပူရေအေးကန်များ - မြို့တံခါးအထွက်တောင်ဘက်မြောက်ဘက်ညှပ်၍ ဝေဘာရဝေပုလ္လတောင်တို့၏ နံရံခြေမှာတည်ရှိသည်။ မှတ်ချက် - ရေပူကန်များမှာ ပထမတပေါ်ခါဖြစ်ခေါ်တွင်၍၊ တောင်ခေါင်းများထဲမှထွက်သောရေပူစမ်းများဖြစ်၏၊ ၎င်းတို့ကို အုတ်ကန်များဖြင့် ပြုပြင်ထားခါ နွားဦးခေါင်းထဲမှထွက်နေပုံ သပ်ရပ်စွာပြုပြင်ထားသည်။ အရပ်ရပ်မှလာရောက်ရေချိုးကြသည်။ မြန်မာဘုန်းတော်ကြီးကျောင်း - ရေပူကန် အနောက်မြောက်တစ်မိုင်ခန့်ကားလမ်းလက်ျာဘက်တောင်ကုန်းပေါ်မှာတည်ရှိသည်။ ဘုန်းတော်ကြီးတွဲ့မှာ ဦးဇေယျဖြစ်၍ ခေါ်လမြိုင်ဘက်မှဖြစ်သည်။ အဇာတသတ်မင်း၏နန်းတော်ရာ မြန်မာဘုန်းကြီးကျောင်း၏အနောက်ဘက်ကားလမ်းဘေး၌ တည်ရှိသည်။ ကျောက်စီမြို့ရိုးတံတိုင်းကြီးက တစ်မိုင်ပတ်လည်ခန့်ကျယ်ဝန်းသည်။ မှတ်ချက် ၎င်းကို ဝေဠုဝန်ကျောင်းတော်ရာ ဖြစ်သည်ဟုဆိုကြသည်။ အဇာတသတ်မင်း၏ ဓါတ်တော်တိုက် - ရေပူကန်မှ

မြန်မာဘုန်းတော်ကြီးကျောင်းကိုသွားလျှင် လမ်းတစ်ဝက်ခန့်ကားလမ်း၏အရှေ့ဖက်တုန်းမြင့် တလေးပေါ်မှာ တည်ရှိ၍ ကျောက်တိုင်များစိုက်ထူထားပြီး သံကြိုးများဖြင့်ကာရံထားသည်။ ဝေဠုဝန်ကျောင်းတော်ရာ - အဓေတသတ်မင်း၏ ဓါတ်တော်တိုက်အနောက်ဘက် ကိုက်တစ်ရာငါးဆယ်ခန့်အကွာ ချောင်းကလေးကို ကူး၍သွားရသည်။ တစ်မိုင်ပတ်လည်ခန့်ရှိ၍ သံကြိုးများဖြင့်ကာရံထားသည်။ အလယ်၌ရုပ်ပွားဆင်းတုတော်တစ်ဆူ၊ လေးဒေါင့်ရေကန်ကြီးတစ်ကန်နှင့် ပန်းခြံများရှိသည်။ တပေါဒါမြစ် - ရေပူကန်မှ စီးဆင်း၍ဝေဠုဝန်ကျောင်း၏ အရှေ့တောင်ဒေါင့်ရောက်သည့်အခါတောင်ဘက်မျက်နှာမှ အနောက်ဘက်သို့ချောင်းတသွယ်၊ အရှေ့ဖက်မျက်နှာမှ မြောက်ဘက်သို့ ချောင်းတစ်သွယ်ခွဲ၍စီးသွားသည်။ ပိပ္ပလိဝိုက်ဂူ - ရေပူရေ ကန်များမှ အထက်တောင်ဘက်ရှိ ဝေဘာရတောင်သို့သွားလျှင် လက်ျာဘက်အကွေ့ထဲ၌ လေးဒေါင့်ကျောက်တိုက်ကြီးဖြစ်၏။ အတွင်း၌ လိုဏ်ငယ်တလေးများရှိ၍ ကျောက်တုံးများစီထားသည်။ ထိုကျောက်တိုက်ကြီးတောင်ဘက်နားကပ်လျှက် လိုဏ်ဂူမှက်ကြီး တစ်ခုရှိသည်။ ပထမသင်္ဂါယနာတင်ရာစနိုးဝင်လိုဏ်ဂူကြီး - ဝေဘာရတောင်အထက်သို့ ဘုတ်လှေခါးအတိုင်း တက်သွားလျှင်နာရိုက်လောက်အကြာမှာ သွားလမ်းထိပ်တိုက်စေတီငယ်နှစ်ဆူရှိသည်။ လှေခါးထစ်ခပ်များများ ရှိသည်။ ၎င်း၏လက်ျာဘက်ကွေ့၍သွားလျှင်တောင်နံရံကိုပတ်၍ အနောက်ဘက်ကိုဆင်းရသည်။ စနိုးဝင် လိုဏ်ဂူများနှစ်ခုရှိ၍အနောက်ဘက်မျက်နှာလှည့်၏။ ထိပ်ဝအကျယ်ဆယ့်ငါးတောင်ခန့်၊ အလျားအတောင် တစ်ရာခန့်၊ မျက်နှာဝအကျယ်အတောင်နှစ်ဆယ်ခန့်အရှည်အတောင်တစ်ရာ နှစ်ဆယ်ခန့်ရှိသည်။ ပြပြင်ခြင်းမရှိ ပကတိအတိုင်းဖောက်ထားသော လိုဏ်ဂူကြီးများသာဖြစ်ပါသည်။ ဝေပုလ္လတောင် - ဝေဘာရတောင်၏ မြောက်ဘက်မှာတည်ရှိ၍ တောင်ခြေမှာရေပူကန်များနှင့် တောင်ထိပ်မှာစေတီများရှိသည်။ ဇဝဇတ်လိုဏ်ဝ- ဝေပုလ္လတောင်ခြေရှိ ရေပူကန်များ၏ အထက်နားမှာတည်ရှိ၍ ရှစ်တောင်ခန့်ဝတ်လည်ရှိ ဘုတ်နံရံပျက်နှင့် ကျောက်တိုင်ပျက်များရှိသည်။ ကမွည်းထိုးထားသည်။ ဣသိဂိလိတောင် - ဝေဘာရတောင်နှင့် ပဏ္ဍဝတောင်တို့ အကြားရှိ တောင်တန်းကြီးဟုပြောဆိုကြသည်။ တောင်ထိပ်၌စေတီများရှိ၏။ မှတ်ချက် - အချို့မှတ်တမ်းများ၌ ဝိဇ္ဈတုဋ်တောင်နှင့် ပဏ္ဍဝတောင်တို့အကြားမြို့၏အရှေ့မြောက်ထောင့် တောင်တန်းကြီးဖြစ်သည်ဟု အဆိုရှိ၏။ ပုဏ္ဏသာတိမင်း၏ အမိုးစေတီ - မြို့တွင်းဓါတ်တော်တိုက်ကြီး၏ အရှေ့မြောက်ဘက်မိုင်ဝက်ခန့်ကားလမ်း ဘေး၌တည်ရှိသည်။ စေတီပျက်အုပ်ခုံမျှသာရှိတော့သည်ဟု အချို့မှတ်တမ်းများတွင်အဆိုရှိ၏ နေ့ဆယ်တစ်နာရီခွဲ၍ ရာဇဂြိုလ်မြို့တွင်းက လတ်ဘက်ရည်ဆိုင်လေးမှာ ချပါတီနှင့်လက်ဘက်ရည်ချိုဝင်သောက်ပြီး ဆယ်နှစ်နာရီမှာကား ငှားပြီးရာဇဂြိုလ်မှ တိုးမိုင်ဝေးသောနာလန္ဒသို့ခရီးဆက်ခဲ့ကြ၏။ ဆယ်နှစ်နာရီခွဲလျှင် ရာဇဂြိုလ်မြောက်ဘက် တိုးမိုင်ဝေးကွာသည့် နာလန္ဒသို့ရောက်တော့၏။ နာလန္ဒသည် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့၏ မွေးဖွားရာဇာတိဖြစ်၏။ ရှေးကနာလကရွာဟုခေါ်ကြ၏။ နာလန္ဒကျောင်းတော်ကြီးသည် နာလကရွာ၏အနောက် တောင်ဘက်တစ်မိုင်ခန့်ကွာဝေး၏။ ၎င်းကျောင်းတော်ကြီးသည်ရှင်သာရိပုတ္တရာ၏ ဓယ်တော်ကြီးတစေတီ တည်ထောင်ခဲ့၍နောက်မှ သူဌေးသူကြွယ်များ တိုးချဲ့ဆောက်လုပ်ထားသောကြောင့် တစ်မိုင်ခွဲခန့်ကျယ်ပြန့်ပြီး အခန်းပေါင်းများစွာရှိ၏။ ရှင်သာရိပုတ္တရာ၏ မွေးဖွားရာတိုက်ခန်းသည်ကျောင်းတော်ကြီး၏အရှေ့တောင် ထောင့်မှာရှိသည်။ နာလန္ဒတက္ကသိုလ်ကျောင်းတော်ကြီးက လှေခါးထစ်ပေါင်းမြောက်ဆယ်လောက်တက်ရ၏။

အပေါ်မှာဆယ်တောင်ပတ်လည်တိုက်ခန်းနှင့် ပလ္လင်နေရာတစ်ခုရှိ၏၊ အခြေ၌ရုပ်လုံးဖော်ထားသော တံတိုင်းများပြုလုပ်ထား၏၊ ပြတိုက်ကြီးသည် ကျောင်းတော်၏ မြောက်ဖက်နားတွင်ရှိသည်၊ ရှေးဟောင်းပစ္စည်း မျိုးစုံပြသထားသည်။ တနစ်မြောက်ရာကျော်ကဆင်နှင့် ဆင်နွယ်မြေနင်းဘိနပ်များကိုပင် တွေ့ရ၏၊ ဝင်ကြေးနစ်ပဲ ပေးရ၏၊ ညနေလေးနာရီတွင် ထိုကျောင်းတော်မှပြန်၍ ရာဇဂြိုလ်ရှိတည်းခိုသောကျောင်းတို လေးနာရီခွဲမှာ ရောက်၏၊

## မြတ်စွာဘုရားသခင်ရာဇဂြိုလ်ပြည်သို့ ကြွရောက်တော်မူခြင်းအကြောင်း

ထိုအခါမြတ်စွာဘုရားသည် ဝေဿသိသအရပ်၌ ရသေ့ဖြစ်ခဲ့ဘူးသူ ရှင်တစ်ထောင်တို့အားအရဟတ္တဖိုလ် ပေါက်မြောက်ရန် အလိုတော်ဆန္ဒပြည့်ဝအောင်နေထိုင်သီတင်းသုံးတော်မူပြီးလျှင်တောထွက်လာခဲ့စဉ် ဘုရင် ဗိမ္ဗိသာရမင်းတရားနှင့်တွေ့ခဲ့စဉ်က "အရှင်ဘုရား တောင်းပန်ကား တပည့်တော်လျှောက်ထားပါသည်၊ ဘုရားအဖြစ်သို့ရောက်တော်မူပြီးသောအခါ ရှေဦးစွာတပည့်တော်၏ နိုင်ငံသို့ကြွချီတော်မူပါကုန်ဘုရား"ဟူ၍ လျှောက်ထားပါသည်၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါရှေးဦးစွာ တပည့်တော်တို့နိုင်ငံသို့ ကြွချီတော် မူပါကုန်ဘုရား"ဟူ၍လျှောက်ထားတောင်းပန်သော ဗိမ္ဗိသာရမင်းကြီး၏ စကားကိုပြေလည်စေနိုင်းတော်မြဲကာ ရသေ့ဖြစ်ခဲ့ဘူးသူ ရဟန္တာတစ်ထောင် ခြံရံလျှက် ရာဇဂြိုလ်ပြည်ဘက်သို့ခရီးဒေသစာရီ ကြွချီတော်မူ၍ ရာဇဂြိုလ် ပြည်အနီးကြီးစွာသော ထန်းပင်ပျိုစင်တောဥယျာဉ်သို့ ဆိုက်ရောက်တော်မူလေလျှင် ဥယျာဉ်အတွင်းဝယ် ပြန့်ကျယ်သောအရိပ်လည်းရှိ လူအပေါင်းတို့မြတ်နိုးကော်ရော်ဖွယ်ရာလည်းဖြစ်သည့် သုပ္ပတိဋ္ဌအမည်ရှိသော ပညောင်ပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူလေသည်၊

ဤသို့ မြတ်စွာဘုရားသည်ဘုရားဖြစ်ပြီးနောက်၊ ပဌမဝါကို ဣသိပတနမိဂဒါဝုန်တော၌ သီတင်းသုံးနေထိုင် တော်မူ၍ ဝါကျွတ်သတ်သော်ပဝါရဏာပြုပြီးလျှင် ဥရုဝေလတောတုပ်သို့ ကြွသွားတော်မူသည်၊ ထို ဥရုဝေလတော ဟုပ်၌ သုံးလပတ်လုံးသီတင်းသုံးနေထိုင်တော်မူလျက် ရသေ့ညီနောင်ရှင်တစ်ထောင်တို့ အရဟတ္တဖိုလ်ပေါက် မြောက်ဆုံးမတော်မူပြီးနောက် ရဟန္တာတစ်ထောင်တို့ကို ခြံရံလျှက် ပြာသိုလပြည့်နေ့တွင် ရာဇဂြိုလ်ပြည်သို့ ကြွရောက်တော်မူပြီးလျှင် နှစ်လပတ်လုံးရာဇဂြိုလ်ပြည်၌သီတင်းသုံးနေထိုင်တော်မူလေသည်၊

ထိုအခါ ဥယျာဉ်မှူး၏သံတော်ဦးတင်လျှောက်ချက်အရ ဗိမ္ဗိသာရမင်းတရားကြီးသည် မြတ်စွာဘုရားသခင် ရာဇဂြိုလ်ပြည်သို့ ဆိုက်ရောက်ကြွချီတော်မူလာကြောင်း သတင်းတောင်းစကား ကြားသိရလေသည်၊ ကြားသိပုံ အကျယ်မှာ -

တို အချင်းတို့ . . . အသင်္ခတသနွှယ်ဖွားသာကီဝင်မင်းသားဖြစ်၍ သာကီဝင်မင်းမျိုးမှ တောထွက်ကာ ရဟန်းပြုတော်မူတော်မူသော ဂေါတမနွယ်ဖွားမြတ်စွာဘုရားသည် ယခုအခါ ငါတို့နေရာ ရာဇဂြိုလ်ပြည်သို့ ဆိုက်ရောက်ကာ ရာဇဂြိုလ်ပြည်အနီး ထန်းပင်ပျိုဥယျာဉ်အတွင်း သုပ္ပတိဋ္ဌပညောင်ပင်ရင်း၌ သီတင်းသုံး နေထိုင်တော်မူ၏၊

ထိုဂေါတမနွယ်ဖွားမြတ်စွာဘုရား၏ ဂုဏ်သတင်းသည် ဤသို့လပ်သောအတိုင်း ထင်ရှားပေါ်နေ၏၊ ဤအကြောင်းများကြောင့် မြတ်စွာဘုရားသည် အရဟံအစရှိသောဂုဏ်အဆုံးကိုးပါးသော ဂုဏ်တော် တို့နှင့်ပြည့်စုံတော်

မူ၏၊ ထိုမြတ်စွာဘုရားသည် နတ်ဗြဟ္မာနှင့်တကွသော ဤသတ္တလောကကို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ သိရှိတော်မူပြီးလျှင် ဟောကြားထုတ်ဖော်သိစေတော်မူပေ၏၊

ထိုဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် အစအလယ်အဆုံး သုံးပါးအစုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံလျက် အနက်နှင့်လည်း ပြည့်စုံ သဒ္ဒါပါဌ် အက္ခရာ နှင့်လည်းပြည့်စုံသောတရားကို ဟောကြားတော်မူပေ၏၊ အပိုအလို မရှိ ထက်ဝန်းကျင်ပြည့်စုံသော ဒုစရိုက်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သီလသမာဓိ ပညာသုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို နတ်လူတို့အား ထင်ရှားပြတော်မူပေ၏၊

ထိုသို့ ကျေးဇူးဂုဏ်အထူးနှင့်ပြည့်စုံတော်မူကြသည့် တပူဇော်ခံသခင်အရှင်မြတ်တို့အား ဖူးသာလေမြတ် ဆည်းကပ်ဖူးမြင်ခြင်းသည် လွန်စွာထူးလတ်ကောင်းမြတ်သည်သာဖြစ်ပေ၏ဟူ၍ သတင်းတော်စကား ကြားသိရလေသည်၊

ထိုအခါ ဗိမ္ဗိသာရမင်းတရားသည် မဂဓတိုင်းသားပုဏ္ဏားသူဌေးပေါင်းတသိန်းနှစ်သောင်းခြံရံလျက် မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ချဉ်းကပ်၍ ရိုသေမြတ်နိုးရှိခိုးပြီးလျှင် ဝေးနီး၊ ရှေ့နောက်၊ မြင့်မောက်၊ လေထင် ဤအပြစ်ခြောက်ပါးကင်းစင်ရာအရပ်၌ ထိုင်နေလေ၏၊

ဗိမ္ဗိသာရမင်းကြီးနှင့်အတူပါလာသော ပုဏ္ဏားသူဌေးပေါင်းတစ်သိန်းနှစ်သောင်းတို့အနက် အချို့သော ပုဏ္ဏားသူဌေးတို့သည် မြတ်စွာဘုရားကို ရိုသေမြတ်နိုးရှိခိုးကြ၍ အပြစ်ခြောက်ပါးကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ အချို့သောသူဌေးပုဏ္ဏားတို့သည် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ တစ်သက်လုံးမမေ့ထိုက်သော စကားကိုပြောကြပြီးလျှင် အပြစ်ခြောက်ပါးကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ ဤပုဏ္ဏားနှစ်စုတို့ကား သမ္မာဒိဋ္ဌိ တစေတ်သတ်၌ ရှိကြသောသူတို့တည်း၊

အချို့သော ပုဏ္ဏားသူဌေးတို့သည် မြတ်စွာဘုရားရှိတော်မူရာအရပ်သို့ လက်အုပ်ကို ညွှတ်တိုင်း ပြီးလျှင် အပြစ်ခြောက်ပါးကင်းစင်ရာအရပ်၌ နေကြကုန်၏၊ ဤပုဏ္ဏားတို့ကား မိစ္ဆာဒိဋ္ဌိဘက် သမ္မာဒိဋ္ဌိဘက် လှေနှစ်ဘက် နင်းသူတို့တည်း၊ ထိုသူတို့၏စိတ်အကြံမှာ အကယ်၍ ငါတို့ကို မိစ္ဆာဒိဋ္ဌိအယူ ရှိသူတို့က အဘယ်ကြောင့်သင်တို့သည် ရဟန်းဂေါတမကို ရှိခိုးကြသနည်းဟု အပြစ်တင်စကားပြောကြားလေလျှင် ထိုသူတို့အား "လက်အုပ်ချီမြှောက်မှု ဖြစ်ကာမျှဖြင့် အဘယ်မှာလျှင် ရှိခိုးသည်မည်တော့နည်း" ဟု ပြောကုန်တော့၊ အကယ်၍ ငါတို့ကို သမ္မာဒိဋ္ဌိအယူရှိသူတို့က " အဘယ်ကြောင့်သင်တို့သည် မြတ်စွာဘုရားကို မရှိခိုးကြသနည်း" ဟု အပြစ်တင်စကား ပြောကြားလာလျှင် "အဘယ့်နယ်ဗျာ၊ ဦးခေါင်းဖြင့် မြေကြီးကိုတိုက်ခတ်မှ ရှိခိုးခြင်းမည်ရမှာလား၊ စင်စစ်မှာ လက်အုပ်ချီရှိခိုးမှုသည်လည်း ရှိခိုးခြင်းသာလျှင်ဖြစ်၏" ဟု ပြောကုန်တော့ဟူ၍ကြံစည်ကြကာ နှစ်ဘက်ရပြောဆိုနိုင်ရန် နေထိုင်ကြခြင်း ဖြစ်လေသည်၊

အချို့သော ပုဏ္ဏားသူဌေးတို့သည် "ကို အရှင်ဂေါတမ . . . ဤမည်သောသူ၏သား အကျွန်ုပ် မိတ္တသည် ဤအရှင်ထံမှောက်သို့ လာရောက်ပါသည်" စသည်ဖြင့် အမည်ကိုထုတ်ဖော်ပြောဆိုကြကာ အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ နေထိုင်ကြကုန်၏၊ အချို့သော သူဌေးတို့သည် " ကိုအရှင် ဂေါတမ . . ဝါသေဋ္ဌအနွယ်ရှိသော ကျွန်ုပ်တို့သည်၊ ကဿပအနွယ်ရှိသော အကျွန်ုပ်သည် ဤအရှင် ထံမှောက်သို့ လာရောက်ပါသည် " စသည်ဖြင့်

အနှယ်ကို ထုတ်ဖေါ်ပြောဆိုကြကာ တပြစ်ပြောက်ပါး ကင်းစင်ရာအရပ်၌ နေထိုင်ကြကုန်၏။ ဤပုဏ္ဏားတို့ကား ဆင်းရဲနွမ်းပါး မထင်ရှားသူများဖြစ်ကြ၏။ ထိုပုဏ္ဏားတို့သည် ပရိတ်သတ်အလယ်၌ အမည်နှယ်ကိုပြောကြား ခြင်းဖြင့် ထင်ရှားကြရကုန်လိမ့်မည်ဟု ကြံစည်ကာ ဤသို့ အမည်အနွယ်ကို ထုတ်ဖေါ်ပြောကြားကြခြင်း ဖြစ်လေ သည်။

တချို့သော ပုဏ္ဏားသူဌေးတို့ကား စကားမပြောတုဏှိဘာသာ ထိုင်နေကြကုန်၏။ ဤပုဏ္ဏားတို့စိတ် တွင်းကား အကောက်ကြံသူများ၊ မသိဆိုးဝါးမိုက်တန်းသူများ ဖြစ်ကြကုန်၏။ ထိုသူနှစ်မျိုးတို့တွင် စိတ်တွင်းအ အကောက်ကြံသူ ။ ကေရာဋိကသမားများကား "စကားတစ်ခွန်းနှစ်ခွန်းလောက်ပြောမိလျှင် အကျွမ်းဝင်မှုဖြစ်လိမ့် မည်။ အကျွမ်းဝင်လာလိမ့်မည်။ ဆွမ်းတစ်ခါနှစ်ခါမကျွေးကသင့်လျော်မည်မဟုတ်"ဟု ကြံစည်ကာအကျွမ်းဝင်ရမည့် ဆွမ်းကျွေးရမည်ကို တွေးတောကြောက်ရွံ့သဖြင့်စကားမပြော တုဏှိဘောထိုင်နေကြခြင်းဖြစ်သည်။ မသိဆိုးဝါး မိုက်တန်းသူများကား မသိသောကြောင့်ပင်မြေကြီးပေါ်၌ ချထားအပ်သော မြေဆိုင်ခဲကြီးများပမာ ထိုင်မိထိုင်ရာ နေရာ၌စကားမပြော တုဏှိဘောထိုင်နေကြခြင်းဖြစ်သည်။

## ထိုပုဏ္ဏားတို့ ယုံမှားသံသယရှိခြင်း

ထိုသို့နေထိုင်ကြပြီးသောအခါ တစ်သိန်းနှစ်သောင်းသော မဂဓတိုင်းသား ပုဏ္ဏားသူဌေးတို့၏စိတ်သန္တာန်၌ ဘယ့်နှယ်လဲ ရဟန်းကြီးဂေါတမ ဥရုဝေလကဿပဆရာကြီးထံ၌တပည့်ခံကာ မြတ်သောအကျင့်ကို ကျင့်လေ သလော၊ သို့မဟုတ် ဥရုဝေလကဿပဆရာကြီးကပင် ရဟန်းကြီး၏ထံ၌တပည့်ခံကာ မြတ်သောအကျင့်ကို ကျင့်လေ သလောဟု အကြံအစည်ဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုပုဏ္ဏားသူဌေးတစ်သိန်းနှစ်သောင်းတို့၏ စိတ်အကြံအစည်ကို ကိုယ်တော်မြတ်၏ စေတောပရိယဉာဏ်ဖြင့် သိမြင်တော်မူ၍ အရှင်ဥရုဝေလကဿပကို

ကိမေဝ ဒိသွာ ဥရုဝေလဝါသိ၊ ပဟာသိ အဂ္ဂိံ ကိသကောဝဒါနော။
ပုစ္ဆာမိ တံ ကဿပ ဧတမတ္ထံ ကထံ ပဟီနံ တဝ အဂ္ဂိဟုတ္တံ။

ဥရုဝေလတောအုပ်၌နေလေ့ရှိသော တိုချစ်သားကဿပ..... သင်သည် ရသေ့တို့၏ခေါင်းဝါး အကျင့်ဖြင့် ။ ကြုံလှီသောခန္ဓာကိုယ်ရှိကြသည့် ရသေ့တို့ကို ဆုံးမတတ်သူ ဆရာကြီးဖြစ်ပါလျက် အဘယ်အဖြစ်ကို မြင်၍ မီးပူဇော်မှုကိုပယ်ရှားစွန့်ပစ်သနည်း။ ချစ်သားကဿပ ... သင့်ကို ငါဘုရားသည် ထိုအကြောင်းကို မေးမြန်း၏။ အဘယ်အကြောင်းကြောင့် သင်သည်မီးပူဇော်ခြင်းအကျင့်ကို စွန့်ပယ်အပ်သနည်း - ဟူ၍ဂါထာဖြင့် မိန့်ကြားမေးမြန်းတော်မူလေ၏။ ထိုအခါ အရှင်ဥရုဝေလကဿပ မထေရ်သည် -

ရူပေ စ သဒ္ဒေ အထော ရသေ စ ကာမိတ္ထိယော စာဘိဝဒန္တိ ယညာ။
ဧတံ မလန္တိ ဥပဓီသု ဉတွာ၊ တသ္မာ န ယိဋ္ဌေ န ဟုတေ အရဉ္ဇိံ။

တုန်ခေါ်တော်ကြီးသော မြတ်စွာဘုရား.. ယဇ်ပူဇော်ခြင်းဟူသောအကြောင်းကြောင့် ကာမဂုဏ်ငါးပါး မိန်းမများတို့ ပြည့်စုံနိုင်ကုန်၏ဟူ၍ အဆင်း၊ အသံ၊ အနံ့၊ အရသာအတွေ့တည်းဟူသောငါးပြားအာရုံ ကာမဂုဏ်တို့ကို လည်းကောင်း၊ ထိုကာမဂုဏ်ငါးလက်သည်းအားဖြင့် ခုတ်စားတတ်သူ ကျားနှင့်တူသော မိန်းမများကိုလည်းကောင်း ယဇ်ဆရာကြီးများ ပြောကြားကြပါသည်။ ခန္ဓာငါးပါးဥပဓိတရားတို့၌ ထိုအာရုံငါးပါးမိန်းမများကို အညစ်အကြေး

များသာဖြစ်ကြောင်းကောင်းစွာသိမြင်သောကြောင့်တပည့်တော်သည် ယာဉ်ကြီးပွဲစော်မှု၌လည်း မမေ့မလျော့မနှစ်မြိုက် မပျော်ပိုက်တော့ပါ။ နေ့စဉ်နေ့တိုင်း မီးပွဲစော်မှု၌လည်း မမေ့လျော့မနှစ်မြိုက် မပျော်ပိုက်တော့ပါဘုရားဟု၍ မြတ်စွာဘုရားကိုဂါထာဖြင့် ပြန်လည်ဖြေကြားလျှောက်ထားလေသည်။ ထိုအခါမြတ်စွာဘုရားက -

ဧတ္ထ ဝတေ မနေ နရမိတ္တ (ကဿပ ဘာဂဝါ) ရူပေသု သဒ္ဒေသု အထော ရသေသု။

အထ ကောစရဟိဒေဝ မနုဿလောကေ၊ ရတော မနော ကဿပ ဗြူဟိ မေတံ။

ချစ်သားကဿပ . . . သင်ချစ်သား၏ စိတ်နှလုံးသည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ၁ည်းဟူသော ကာမဂုဏ်ငါးပါးနှင့် မိန်းမများ၌မမေ့လျော့မနှစ်မြိုက် မပျော်ပိုက်ပြားအံ့၊ အဘယ်အာရုံ၌ သင်ချစ်သား၏ စိတ်နှလုံးသည်မမေ့လျော့နှစ်မြိုက် ပျော်ပိုက်သနည်း၊ ဤအကြောင်းကို သင်ချစ်သားသည် ဘုရားအားဖြေကြားပြောဆိုလော့ဟု၍ ဥရုဝေလကဿပ အရှင်မြတ်ကို ဂါထာဖြင့်မေးမြန်းတော်မူသောအခါ ရှင်ဥရုဝေလကဿပ မထေရ်သည် -

ဒိသွာ ပဒံ သန္တမနုပဓိကံ၊ အကိဉ္စနံ ကာမဘဝေ အသတ္တံ။

အနညထာဘာဝိမနညနေယျံ၊ တသ္မာ နယိဋ္ဌေ နဟုတေ အရဉ္ဇိ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . အကျွန်ုပ်သည် ပဓာနအစရှိသောကြောင့်ကြခြင်း အလျှင်းမရှိသည် ဖြစ်၍ ကာမတရားတဝတရားမှလည်း အချင်းခပ်သိမ်း၊ မငြိကပ်လျက်လွတ်သော ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းကင်းသဖြင့် ဖောက်ပြန်ခြင်းအလျှင်းမရှိသော ကိုယ်တိုင်ပွားအပ်သောမဂ်ဖြင့်သာ ရောက်အပ်ရအပ်သဖြင့် တပါးသောသူသည် သိစေအပ်သည့်တရားမျိုးလည်းမဟုတ်သော ဥပဓိလေးတန်ဆိတ်ရာမှန်သည့် သန္တိ သဘောရှိသော နိဗ္ဗာန်တရားကို ပိုင်းခြားထင်ထင်သိမြင်ရပြီဖြစ်သောကြောင့် တပည့်တော်သည် ယဉ်ကြီး ပူဇော်မှု၌လည်း မမေ့လျော့မနှစ်မြိုက်မပျော်ပိုက်တော့ပါ၊ နေ့စဉ်တိုင်းမီးပူဇော်မှုလည်းမမေ့လျော့မနှစ်မြိုက် မပျော်ပိုက်တော့ပါဘုရားဟု၍ ဂါထာဖြင့်ပင်ဖြေကြားလျှောက်ထားပြီးလျှင် အရှင်ဥရုဝေလကဿပမထေရ်သည် မိမိကိုယ်တိုင်က မြတ်စွာဘုရား၏ တပည့်ဖြစ်ကြောင်းကောင်းစွာ ထင်ရှားစိမ့်သောငှာ နေရာမှထ၍ ကိုယ်ဝတ်စံပါယ် တင်ပြီးလျှင်မြတ်စွာဘုရား၏ခြေဖမိုး၌ ဦးခေါင်းကိုတင်ထား၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားဘုန်းတော်သခင် ရှင်ပင်ဘုရားသည် အကျွန်ုပ်၏ဆရာဖြစ်တော်မူပါ၏၊ အကျွန်ုပ်ကားအရှင်ဘုရား၏ တပည့်သာလျှင်ဖြစ်ပါ၏" ဟု လျှောက်ဆို၍ ပဌမအကြိမ်တန်းတစ်ဆင့်ခန့် ကောင်းကင်သို့ပျံတက်၍ သက်ဆင်းပြီးမှမြတ်စွာဘုရား ကိုရှိခိုးပြန်၏၊ ဒုတိယအကြိမ်တန်းနှစ်ဆင့်ခန့် တတိယအကြိမ် တန်းသုံးဆင့်ခန့် ဤသို့ စသည်ဖြင့် တန်းခုနစ်ဆင့်ခန့် တိုင်အောင် ခုနစ်ကြိမ်ပင်ကောင်းကင်သို့ပျံတက်၍ ဆင်းသက်ပြီးမှ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါး ကင်းလွတ်ရာအရပ်၌ထိုင်နေတော်မူ၏၊

ထိုတန်ခိုးပြာဋိဟာကို တွေ့မြင်ကြရ၍များစွာသော ပုဏ္ဏား၊ သူဌေးအပေါင်းသည် "အြ . . မြတ်စွာဘုရား သည် တန်ခိုးအာနုဘော်ကြီးမားတော်မူပါပေ၏၊ ထိုစဉ်တလောက်အားရှိနိုင်ခဲ့သော မိစ္ဆာဒိဋ္ဌိအယူရှိလျှက်မိမိ ကိုယ်ကို ရဟန္တာဟုမှတ်ထင်နေသော ဥရုဝေလကဿပရသေ့ဆရာကြီးတိုင်သော်လည်း ဒိဋ္ဌိကွန်ရက်ကို ချိုးဖျက် တော်မူကာ မြတ်စွာဘုရားသည် ယဉ်ကျေးအောင်ဆုံးမတော်မူအပ်ပေပြီ" ဟူ၍ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့်

စပ်သောစကားကိုသာလျှင် ချီးမွမ်းပြောဆိုကြလေ၏။

ထိုသူတို့၏ ချီးမွမ်းပြောဆိုသော စကားကိုကြားတော်မူ၍ မြတ်စွာဘုရားသည် "ပုဏ္ဏားသူဌေး အပေါင်းတို့ ယခုအခါ သဗ္ဗညုတ ရွှေဉာဏ်တော်သို့ ရောက်ရှိသည့်အခါ ငါဘုရားသည် ဤဥရုဝေလကဿပကို ယဉ်ကျေးအောင် ဆုံးမခြင်းမှာ မဆန်းပြလောက်သေးပါ၊ ငါဘုရားသည် ရှေးအခါရာဂမကင်းသေးသော အလောင်းတော်ဘဝ ဖြစ်စဉ် တလည်း နာရဒမည်သော ဗြဟ္မာမင်းဖြစ်၍ ဤဥရုဝေလကဿပအလောင်း အင်္ဂတိမင်းကြီး၏ မိစ္ဆာအယူ ဖွဲ့ယက်ကို ချိုးဖျက်ခဲ့ရလေပြီ" ဟုမိန့်တော်မူ၍ ထိုပုဏ္ဏားသူဌေးပရိတ်သတ် တောင်းပန်အပ်သဖြင့် မဟာနာရဒက ဿပဇာတ်ကို ဟောကြားတော်မူလေသည်။

မြတ်စွာဘုရားသည် အရှင်ဥရုဝေလကဿပ ဝန်ခံချက်ရသဖြင့် ထိုပုဏ္ဏားသူဌေးပေါင်းတသိန်းနှစ်သောင်း တို့" ဥရုဝေလကဿပဆရာကြီးကသာ တပည့်ခံ၍ ရဟန်းကြီးဝေါတမထံ၌ မြတ်သောအကျင့်ကိုကျင့်သုံးတာတကား ဟု၍ ယုံမှားသံသယကင်းစင်သောစိတ်တို့ ဖြစ်ကြသည်ကို စေတောပရိယ အသိဉာဏ်ဖြင့် ပိုင်းခြားသိမြင်တော်မူ၍ ဗိမ္ဗိသာရမင်းကြီးအမှူးပြုသော ထိုပုဏ္ဏားသူဌေးပေါင်း တစ်သိန်းနှစ်သောင်းတို့အား ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ၊ (၂) သီလကထာ၊ (၃) သဂ္ဂကထာ (၄) မဂ္ဂကထာ ကာမန် အာဒီဝနကထာ နေက္ခမ္မကနိ သံသကထာ ဒေသနာအစဉ်အလိုက် ဟောကြားတော်မူ၍ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ ပုဏ္ဏားသူဌေးပေါင်း တစ်သိန်းနှစ်သောင်းတို့ သည်းခံသောစိတ် နူးညံ့သောစိတ်၊ ပိတ်ပင်ခြင်း နီဝရဏကင်းသောစိတ်၊ တက်ကြွဝမ်းမြောက်သောစိတ်၊ ကြည်လင်သောစိတ်ရှိကြ သည်ကို သိတော်မူသောအခါမြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးအမှူးပြုသော ပုဏ္ဏားသူဌေးပေါင်းတသိန်း တသောင်းတို့သည် နေရာ၌ပင်သောတာပတ္တိဖိုလ်၌တည်ကြကုန်၏။ ကျန်သောပုဏ္ဏားသူဌေးအပေါင်းတို့ကား သရဏဂုံတည် ဥပါသကာများဖြစ်ကြလေကုန်၏။

ဗိမ္ဗိသာရမင်းကြီး၏ တောင့်တချက် ငါးပါး

ထိုအခါ သောတာပန်ဖြစ်ပြီးသော မဂဓတိုင်းရှင်ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် "တုန်းတော်ကြီးသော မြတ်စွာဘုရား. . အကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်ကပင် ငါးပါးသောတောင့်တချက်တို့သည် ဖြစ်ခဲ့ဖူးပါကုန်၏၊ ထိုတောင့်တချက်ငါးပါးတို့သည် အကျွန်ုပ်အားယခုအခါ ပြည့်စုံကြကုန်ပြီ။"

"တုန်းတော်ကြီးသောမြတ်စွာဘုရား။ အကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်က ငါ့ကိုမဂဓတိုင်းသူ လူ အပေါင်းတို့က ရာဇာဘိသိတ် သွန်းဖြန်းကြပါမူကောင်းလေစွဟု တောင့်တချက်ဖြစ်ခဲ့ပါသည်" "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . ဤကား၊အကျွန်ုပ်၏ ပဌမတောင့်တချက်ဖြစ်ပါ၏၊ အကျွန်ုပ်၏ ပထမတောင့်တချက်လည်း ပြည့်စုံပါပြီ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်က ငါမင်းဖြစ်သောအခါ ငါ၏နိုင်ငံတော်သို့ပွင့်တော်မူ၍တိုစံယူထိုက်သော မြတ်စွာဘုရားသည် ဆိုက်ရောက်လာပါမူ ကောင်းလေစွဟု တောင့်တချက်ဖြစ်ခဲ့ပါသည်၊ ကျွန်ုပ်၏ ဒုတိယတောင့်တချက်သည်လည်း ယခုပြည့်စုံပါပြီ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . ကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်က ငါ၏နိုင်ငံတော်သို့ ကြွရောက်

တော်မူလာသော ထိုမြတ်စွာဘုရားကို မှီထလေးမြတ်ဆည်းကပ်ရပါမူ ကောင်းလေစွဟုတောင့်တချက် ဖြစ်ခဲ့ပါသည်။ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . ဤသည်ကား ကျွန်ုပ်၏ တတိယတောင့်တချက်ဖြစ်ပါသည် အကျွန်ုပ်၏ ထိုတတိယတောင့်တချက်သည်လည်း ယခုအခါပြည့်စုံခဲ့ပါပြီ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . အကျွန်ုပ် ရှေးမင်းသားဖြစ်စဉ်က ငါ၏ နိုင်ငံတော်သို့ ကြွရောက်တော်မူလာသော ထိုမြတ်စွာဘုရားသည် ငါ့အားနိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားကို ဟောကြားတော်မူပါမူ ကောင်းလေစွဟု တောင့်တချက် ဖြစ်ခဲ့ပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . ဤသည်ကားအကျွန်ုပ်၏ စတုတ္ထတောင့်တချက်သည်လည်းယခုအခါ ပြည့်စုံခဲ့ပါပြီ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . အကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်က ငါသည် ထိုမြတ်စွာဘုရား ဟောကြားအပ်သော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ရပါမူ ကောင်းလေစွဟု တောင့်တချက်ဖြစ်ပါ၏၊ အကျွန်ုပ်၏ ထိုပဉ္စမ တောင့်တချက်သည်လည်း ယခုအခါ ပြည့်စုံခဲ့ပါပြီ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . အကျွန်ုပ်အား ရှေးမင်းသားဖြစ်စဉ်က ဤငါးပါးသော တောင့်တချက်တို့သည် ဖြစ်ခဲ့ဘူးပါကုန်၏၊ ထိုတောင့်တချက် ငါးပါးလုံးပင် အကျွန်ုပ်အား ယခုအခါ ပြည့်စုံကြပါကုန်ပြီ"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . အလွန်နှစ်သက်ဖွယ်ရှိပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . . မလောက္ကဥပမာအားဖြင့်မှောက်၍ထားအပ်သောဝတ္ထုကို လှန်ဘိလိုက်သကဲ့သို့လည်းကောင်း၊ ဖုံးသားသော အရာဝတ္ထုကို ဖွင့်လှစ်လိုက်ဘိသကဲ့သို့လည်းကောင်း၊ မျက်စိလည်လမ်းမှားသောသူအားလမ်းမှန်ကို ပြောကြားလိုက်ဘိသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းအမျိုးမျိုးကိုမြင်ကြပေလိမ့်မည်ဟု၊ အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားဘိသကဲ့သို့လည်းကောင်း ထို့အတူပင်မြတ်စွာဘုရားသည်အကျွန်ုပ်အား များစွာသော အကြောင်းတရားတော်ကို ထင်ရှားစွာဟောပြတော်မူအပ်ပါပြီ ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . . ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ရဟန်းသံဃာတော်ကို လည်းကောင်းကိုးကွယ်လည်းလျောင်း ဝုန်းဆောင်းရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်ကိုယနေ့ကစ၍ အသက်ရှည်သမျှကာလပတ်လုံး သရဏဂုံတည်သူဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားရှင်တော်ဘုရားသည် နက်ဖြန်ကောင်းမှုကုသိုလ်အလို့ငှာ ရဟန်းသံဃာတော်အပေါင်းနှင့်တကွ တပည့်တော်၏ဆွမ်းကိုလည်းခံ သာယာတော်မူပါဘုရား"ဟု လျှောက်ထား ပင့်ဖိတ်လေရာ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် ဗိမ္ဗိသာရမင်းတရား၏ဆွမ်းစားပင့်လျှောက်ချက်ကို လက်ခံသာယာတော်မူ၏၊ ထိုအခါမဂဓတိုင်း ဘုရင်ဗိမ္ဗိသာရမင်းတရားသည် မြတ်စွာဘုရားလက်ခံတော်မူကြောင်းတောင်းစွာသိသျက်ထိုင်ရာမှ မြတ်စွာဘုရားကိုရှိသေစွာရှိခိုးပြီးလျှင် လက်ျာရစ်လှည့်လည်ပြီး ရွှေနန်းတော်သို့ပြန်လေသည်၊

ဤ၌ဗိမ္ဗိသာရမင်းတရားသည် သောတာပန်တည်ပြီးမှ သရဏဂုံခံယူခြင်းဖြစ်သည်၊ ထိုဗိမ္ဗိသာရမင်း တရားအားသောတာပတ္တိမဂ်ကိုရလျှင်ပင် သရဏဂုံကိုစွပြီးစီးပြီးဖြစ်သော်လည်း ထိုမင်းကြ၌ မြတ်စွာဘုရားသည်

ကရားတော်သည်၊ သံဃာတော်သည်ကိုးကွယ်လည်းလျှောင်းပုန်းအောင်းမိုရာ စေကန်စင်စစ်မှန်၏ ဟူ၍စိတ်ထဲကသာဆုံးဖြတ်ချက်ချရုံအခြေအနေသို့ရောက်ခဲ့လေသည်၊ ယခုအခါ နှုတ်မြွက်၍အတ္တသန္နိယျာတနသရဏဂုံကို ဆောက်တည်ခြင်းဖြစ်သည်၊ ဤဗိမ္ဗိသာရမင်းတရားသည် သောတာပတ္တိမဂ်သို့ ရောက်သဖြင့်ပင် နိယတသရဏဂုံကို မပျက်စီးနိုင်သော လောကုတ္တရာသရဏဂုံ တည်ပြီးသူဖြစ်၏၊ ထိုနိယတသရဏဂုံတည်ပြီးသူဖြစ်ကြောင်းကို သူတပါးတို့အားနှုတ်ဖြင့်ထင်ရှားဖွင့်ပြဖော်ပြလို၍လည်းကောင်း၊ ပါဏုပေတသရဏဂုံ ခံယူလိုသည်ဖြစ်၍လည်းကောင်း၊ ဤသို့နှုတ်မြွက်၍လျှောက်ထားခြင်းဖြစ်သည်၊

မြတ်စွာဘုရားသခင် ရာဇဂြိုလ်ပြည်တွင်းသို့ ဆွမ်းစားကြွတော်မူခြင်း

ထိုအခါ မာဂဓတိုင်းရှင်ဘုရင် ဗိမ္ဗိသာရမင်းတရားသည် ညဉ့်လွန်မြောက် နောက်တနေ့နံနက် မိုးသောက်ရောက်လတ်သောအခါ မိမိနန်းတော်သို့ မွန်မြတ်သောခဲဖွယ်ဆွမ်းများကိုကောင်းစွာချက်ပြုတ်ပြင်ဆင်စီရင်စေပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍လည်း၊ ပြီးပါပြီ" ဟု မြတ်စွာဘုရားအား ဆွမ်းဘုန်းပေးကြွတော်မူရန် ပင့်လျှောက်စေ၏၊"

ပရိတ်သတ်ထူထပ်လှသဖြင့် သိကြားမင်းဆင်းလာခြင်း

ရာဇဂြိုလ်ပြည်အတွင်းသို့ မြတ်စွာဘုရားဆွမ်းစားကြွတော်မူခါနီးအချိန်၌ မြတ်စွာဘုရားကို ဖူးမြင်ဖူးသူ မဖူးမြင်ဘူးသူ ဖြစ်ကြသည့် တစ်ဆယ့်ရှစ်ကုဋေမျှသော ရာဇဂြိုလ်ပြည်သားလူအများတို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုကြသဖြင့် စောစောစီးစီးပင် ရာဇဂြိုလ်ပြည်မှထွက်၍ ထန်းပင်ပျိုနုတောဥယာဉ်သို့ အစုလိုက် အစုလိုက် အစီအရီသွားကြလေ၏၊ သုံးဂါဝုတ်မျှရှိသောလမ်းခရီးသည် မဆံ့နိုင်လောက်အောင်လူတို့ဖြင့် တင်းကြပ် ပြည့်လျှမ်းလျှက်ရှိ၏။ ထန်းပင်ပျိုနုတော ဥယာဉ်တခုလုံးအကြားမလပ်လူတို့ဖြင့် ပြည့်ကြပ်လျှက်ရှိ၏၊ လူများအပေါင်းသည် မြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ် ရောင်ခြည်တော် ခြောက်သွယ်ကိုဖြင့်တင့်တယ်ခြင်း၊ အသရေအစုသို့ရောက်သော ရူပကာယကိုယ်တော်ကို ဖူးမြင်ကြရာဝယ်အားရ တင်းတိမ်ရောင့်ရဲသည်ဟူ၍ မရှိနိုင်အောင်ဖြစ်လေသည်၊

ဥယျာဉ်တစ်ခုလုံး လမ်းတလျှောက်လုံးဘုရားဖူးသူ လူအပေါင်းဖြင့် ပြည့်ကျပ်လျှက်ရှိသောကြောင့် ရဟန်းတော်တစ်ပါး ထွက်နိုင်လောက်ရုံအရပ်ပင် မရှိသလောက်ဖြစ်နေ၏၊ ဤအတိုင်းသာဆိုလျှင် မြတ်စွာဘုရားမှာ ဆွမ်းပင်ပြတ်လေရာ၏၊ ထိုသို့ မြတ်စွာဘုရားအားဆွမ်းပြတ်မှု မဖြစ်ပါစေလင့်ဟုပြောဆိုသည့်အလား သိကြားမင်း၏ထိုင်နေရာပဏ္ဍုကမ္ဗလာမြကျောက်ဖြာသည် ပူနွေးသောအချင်းအရာကိုပြလေ၏၊ သိကြားမင်းသည် အကြောင်းအရာကိုဆင်ခြင်လတ်သော် ထိုအကြောင်းကိုကောင်းစွာသိမြင်လတ်၍ လုလင်ပျိုအသွင် ဖန်ဆင်းပြီးလျှင် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနှင့်စပ်သောချီးမွမ်းစကားများကို၊ မြတ်ကြားကျူးရင့်လျှက်မြတ်စွာဘုရား ရှေ့တော်မှောက်၌သွားကနဲပေါ် ပေါက် သက်ရောက်၍နတ်တန်ခိုးအာနုဘော်ဖြင့် ဘုရားအမှူးပြုသောသံဃာတော်တို့ ကြွချီ လောက်သောအရပ်ကို ပြုလုပ်ဖန်ဆင်း၍ခိုက်တွန့်ဆော် လုလင်ပျိုပမာ –

ဒန္တော ဒန္တေတိသဟစုရာဏေဟိဝိသောတိ ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ၊

သင်္ဂီ နိက္ခသုဝဏ္ဏော၊ ရာဇဂဟံပါဝိသိဘဂဝါ၊

ကရားတော်သည်၊ သံဃာတော်သည်ကိုးကွယ်လည်းလျောင်းဖုန်းတောင်းမှိုရာ စေကန်စင်စစ်မှန်၏ ဟူ၍စိတ်ထဲကသာဆုံးဖြတ်ချက်ချရုံအခြေအနေသို့ရောက်ခဲ့လေသည်၊ ယခုအခါ နှုတ်မြွက်၍အတ္တသန္နိယျာတနသရဏဂုံကို ဆောက်တည်ခြင်းဖြစ်သည်၊ ဤဗိမ္ဗိသာရမင်းတရားသည် သောတာပတ္တိမဂ်သို့ ရောက်သဖြင့်ပင် နိယတသရဏဂုံကို မပျက်စီးနိုင်သော လောကုတ္တရာသရဏဂုံ တည်ပြီးသူဖြစ်၏၊ ထိုနိယတသရဏဂုံတည်ပြီးသူဖြစ်ကြောင်းကို သူတပါးတို့အားနှုတ်ဖြင့်ထင်ရှားဖွင့်ပြဖော်ပလို၍လည်းကောင်း၊ ပါဏုပေတသရဏဂုံ ခံယူလိုသည်ဖြစ်၍ လည်းကောင်း၊ ဤသို့နှုတ်မြွက်၍လျှောက်ထားခြင်းဖြစ်သည်။

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းစားကြွတော်မူခြင်း

ထိုအခါ မာဂဓတိုင်းရှင်ဘုရင် ဗိမ္ဗိသာရမင်းတရားသည် ညဉ့်လွန်မြောက် နောက်တနေ့နံနက် မိုးသောက်ရောက်လတ်သောအခါ မိမိနန်းတော်သို့ မွန်မြတ်သောခဲဖွယ်ဆွမ်းများကိုကောင်းစွာချက်ပြုတ်ပြင်ဆင်စီရင်စေပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.. ဆွမ်းစားချိန်တန်ပါပြီ၊ ဆွမ်းပြင်၍လည်း ပြီးပါပြီ" ဟု မြတ်စွာဘုရားအား ဆွမ်းဘုန်းပေးကြွတော်မူရန် ပင့်လျှောက်စေ၏။"

ပရိတ်သတ်ထူထပ်လှသဖြင့် သိကြားမင်းဆင်းလာခြင်း

ရာဇဂြိုဟ်ပြည်အတွင်းသို့ မြတ်စွာဘုရားဆွမ်းစားကြွတော်မူခါနီးအချိန်၌ မြတ်စွာဘုရားကို ဖူးမြင်ဖူးသူ မဖူးမြင်ဘူးသူ ဖြစ်ကြသည့် တစ်ဆယ့်ရှစ်ကုဋေမျှသော ရာဇဂြိုဟ်ပြည်သားလူအများတို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုကြသဖြင့် စောစောစီးစီးပင် ရာဇဂြိုဟ်ပြည်မှထွက်၍ ထန်းပင်ပျိုနတောဥယျာဉ်သို့ အစုလိုက် အစုလိုက် အစီအရီသွားကြလေ၏၊ သုံးဂါဝုတ်မျှရှိသောလမ်းခရီးသည် မဆံ့နိုင်လောက်အောင်လူတို့ဖြင့် တင်းကြပ် ပြည့်လျှမ်းလျှက်ရှိ၏။ ထန်းပင်ပျိုနတော ဥယျာဉ်တခုလုံးအကြားမလပ်လူတို့ဖြင့် ပြည့်ကြပ်လျှက်ရှိ၏၊ လူများအပေါင်းသည် မြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့်တင့်တယ်ခြင်း၊ အသရေအစုသို့ရောက်သော ရူပကာယကိုယ်တော်ကို ဖူးမြင်ကြရာဝယ်အားရ တင်းတိမ်ရောင့်ရဲသည်ဟူ၍ မရှိနိုင်အောင်ဖြစ်လေသည်။

ဥယျာဉ်တစ်ခုလုံး လမ်းတလျှောက်လုံးဘုရားဖူးသူ လူအပေါင်းဖြင့် ပြည့်ကျပ်လျှက်ရှိသောကြောင့် ရဟန်းတော်တစ်ပါး ထွက်နိုင်လောက်ရုံအရပ်ပင် မရှိသလောက်ဖြစ်နေ၏၊ ဤအတိုင်းသာဆိုလျှင် မြတ်စွာဘုရားမှာ ဆွမ်းပင်ပြတ်လေရာ၏၊ ထိုသို့ မြတ်စွာဘုရားအားဆွမ်းပြတ်မှု မဖြစ်ပါစေလင့်ဟုပြောဆိုသည့်အလား၊ သိကြားမင်း၏ထိုင်နေရာပဏ္ဍုကမ္ဗလာမြကျောက်ဖြာသည် ပူနွေးသောအချင်းအရာကိုပြလေ၏၊ သိကြားမင်းသည် အကြောင်းအရာကိုဆင်ခြင်လတ်သော် ထိုအကြောင်းကိုကောင်းစွာသိမြင်လတ်၍ လုလင်ပျိုအသွင် ဖန်ဆင်းပြီးလျှင် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနှင့်စပ်သောချီးမွမ်းစကားများကို၊ မြွက်ကြားကျူးရင့်လျှက်မြတ်စွာဘုရား ရှေ့တော်မှောက်၌သွားကနဲပေါ် ပေါ်တက် သတ်ရောက်၍နတ်တန်ခိုးအာနုဘော်ဖြင့် ဘုရားအမှူးပြုသောသံဃာတော်တို့ ကြွချီလောက်သောအရပ်ကို ပြုလုပ်ဖန်ဆင်း၍နိမ္မာန်ဆော် လုလင်ပျိုပမာ –

ဒန္တော ဒန္တေဟိသဟပုရာဏဇဋိလေဟိ ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သင်္ဂီ နိက္ခသုဝဏ္ဏော၊ ရာဇဂဟံပါဝိသိဘဂဝါ။

ဘောဓိ္မွော - တိုင်းသားပြည်သူ တိုလူတပေါင်းတို့ သိဂ်ိနိကွသုဝဏ္ဏော - သိဂ်ိနိကွ စသည်အပြား ရွှေရုပ်ပါးတွင် ခေါင်ဖျားအငှမ ဖြတ်ထွတ်လှသား၊ တနကွတချိန်ငိုသည် သင်္ဂ ရွှေပြား ပမာဝါရွှေမှုည့်ဝင်းသည့် အဆင်းရှိတော်မူထသော၊ ဘဂဝါ- ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ခန္ဓော- ကိုယ်ကိုတိုင်ပင် ယဉ်ကျေးတော်မူပြီးဖြစ်၍၊ ဒန္တေဟိ- ကိုယ်တော်တိုက်ကျွေး တပြိုက်ဆေးဖြင့် ယဉ်ကျေးကြကုန်ပြီး သောဝိပ္ပမုတ္တော- ရွှေဆောင်ပဂ်ဝကိုယ်တိုင်ကပင် တဝသုံးထပ်ဝဋ်တရပ်မှကျွတ်လွတ်တော် မူပြီးဖြစ်၍၊ ဝိပ္ပမုတ္တေဟိ- ကိုယ်တော် လုစ်ပြမွေ့ဓဖြင့် ဘဝသုံးထပ်ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူကြကုန်ပြီးသော၊ ပုရာဏဇဋိလေဟိ- ရသေ့ဖြစ်တောင်း ရဟန္တာပေါင်းတစ်ထောင်းတို့နှင့်။ သဟ-တကွတကွ ရာဇဂဟံ- ရာဇဂြိုလ်မည်လျှင်း ပြည်အတွင်းတို့ ပါဝိသိ-မဝဓတိုင်း ရှင်ဘုရင်- ဥဏ္ဍုဓတောင်းဝန်လတ်၍စက်ဖြတ်နှစ်ပြင်၊ နေလသွင်သို့ကြွဝင်ချီးမြန်းတော် မူခဲ့လေပြီ၊

မုတ္တောမု တ္တေဟိသဟ ပုရာဏဇဋိလေဟိ ဝိပ္ပမုတ္တောဝိပ္ပမုတ္တေဟိ၊
သိင်္ဂီနိကွ သုဝဏ္ဏော၊ ရာဇဂဟံပါဝိသိဘဂဝါ၊

ဘောဓိ္မွော - တိုင်းသားပြည်သူ တို လူတပေါင်းတို့ ၊ သိင်္ဂီနိကွသုဝဏ္ဏော-ယုတ္တိတတစသည့်အပြား ရွှေရုပ်ပါးတွင် ခေါင်ဖျားအငှမဖြတ်ထွတ်လှသား၊ တိတိကွ တချိန်မိသည့် သင်္ဂမြေ့ာအမာဝါရွှေမှုည့်ဝင်းသည့် အဆင်းရှိတော်မူထသော၊ ဘဂဝါ- ရွှေကုန်းတော်သခင်ဘုရားရှင် ကိုယ်တော်မြတ်သည်၊ မုတ္တော- ကိုယ်တော်တိုင် သာထောင့်ငါးရာသောကိလေသာ ဝဋ်မရှိမင်းလက်မှကျွတ်လွတ်တော်မူပြီးဖြစ်၍ မုတ္တေတိကိုယ်တော် ပြည့်နှိမ်းမျှပဒေသဖြင့်ကိလေသာ ဝဋ်မရှိမင်းညွှတ်မှ ကျွတ်လွတ်တော်မူကြပြီးကုန်သော၊ ဝိပ္ပ-မုတ္တော- ရွှေဆောင် ပဂ်ဝကိုယ်တိုင်ကပင်ဘဝသုံးထပ် ဝဋ်သုံးရပ်မှကျွတ်လွတ်တော်မူပြီးဖြစ်၍ ဝိပ္ပမုတ္တေယိ - ကိုယ်တော်ညွှန်ပြ ဓမ္မာဖြင့် ဘဝသုံးရပ်ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူကြပြီးသော၊ ပုရာဏဇဋိလေဟိ - ရသေ့ဖြစ်ဟောင်း ရဟန္တာပေါင်း တထောင်တို့နှင့် သဟ - အတူတကွ၊ ရာဇဂဟံ-ရာဇဂြိုလ်မည်လျှင်ပြည်အတွင်းသို့ ပါဝိသိ မာဂဓတိုင်း ရှင်ဘုရင်ဥဏ္ဍုဓတောင်းပန်လတ်၍ စက်ဖြတ်နှစ်ပြင်နေလတသွင်သို့ ကြွဝင်ချီမြန်းတော်မူခဲ့လေပြီ. . .

တိဏ္ဏောတိ ဏ္ဏေဟိသဟပုရာဏဇဋိလေတိ၊ ဝိပ္ပမုတ္တောဝိပ္ပမုတ္တေဟိ၊
သိင်္ဂီနိကွသုဝဏ္ဏော ရာဇဂဟံပါဝိသိဘဂဝါ၊

ဘောဓိ္မွော - တိုင်းသားပြည်သူ တိုလူတပေါင်းတို့၊သိဂ်ိနိကွသဝဏ္ဏော-သိဂ်ိနိကွစသည် အပြားရွှေရုပ်ပါးတွင် ခေါင်ဖျားအငှမ ဖြတ်ထွတ်လှသား တနိတွတချိန်မိုသည် သင်္ဂီရွှေပြားပမာ ဝါရွှေမှုည့်ဝင်းသည့် အဆင်းရှိတော်မူထ သော၊ ဘဂဝါ - ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ တိဏ္ဏော- ဩဃလေးဂ၏ ချေပြင်ကြမ်းတို ကူးသန်းလွန်မြောက်ကိုယ်တော်တိုင် တဘက်ကမ်းသို့ရောက်တော်မူပြီးဖြစ်၍ တိဏ္ဏေဟိ - ကိုယ်တော်သခင် ပေးအစ်နှင်းသား အဌင်္ဂကစက်ယျဉ်လှဖြင့် ဩဃလေးခ၏ချေပြင်ကြမ်းကို ကူးသန်းလွန်မြောက်တဘက်ကမ်းသို ရောက်တော်မူကြကုန်ပြီးသော ဝိပ္ပမုတ္တော - ရွှေဆောင်ပုဂ်ဝ ကိုယ်တိုင်ကပင် ဘဝသုံးထပ်ဝဋ်သုံးရပ်မှ ကျွတ်လွတ် တော်မူပြီးဖြစ်၍ ဝိပ္ပမုတ္တေဟိ - ကိုယ်တော်ညွှန်ပြ ဓမ္မာဖြင့်ဘဝသုံးထပ်ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူကြ ကုန်ပြီးသော ပုရာဏဇဋိလေဟိ - ရသေ့ဖြစ်ဟောင်းရဟန္တာပေါင်း တထောင်တို့နှင့်၊ သဟ - အတူတကွ၊

သန္တောသဗ္ဗေဟိသဟဟုရာကာဇမ္မိလေဟိ ဝိဗ္ဗမုတ္တော ပိဗ္ဗမုတေဟိ၊
သိင်္ဂီနိက္ခသုဝဏ္ဏော၊ ရာဇဂဟံပါဝိသိဘဂဝါ၊

တောန္တော - တိုင်းသူပြည်သား ပြည်သူ တိုလူ အပေါင်းတို့ . . . . သိင်္ဂီနိက္ခ သုဝဏ္ဏော - သိင်္ဂီနိက္ခ ခေသည်အပြား ရွှေရှစ်ပါးတွင် ခေါင်များဝှမ ဖြတ်ထွတ်လှသား တနိက္ခအချိန်ရှိသည့် သိင်္ဂီရွှေပြားပမာ ဝါရွှေမှည့်ဝင်းပမာရွှေမှည့်ဝင်းသက်တဆင်းရှိတော်မူထသော၊ ဘဂဝါ- ရွှေဘုန်းတော်သခင်ဘုရားရှင်ကိုယ်တော်မြတ်သည်၊ သန္တော- ကိလေသာဟူ အပူခပ်သိမ်း ကိုယ်တော်တိုင် ငြိမ်းအေးတော်မူပြီးဖြစ်၍ သန္တေဟိ-ကိုယ်တော်မှုခေတမြိုက်ရေဖြင့် ကိလေသာဟူ အပူခပ်သိမ်းငြိမ်းအေးလျက်ကိုယ်တိုင်ကဝင် ဘဝသုံးထပ်ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော်မူပြီးဖြစ်၍ ဝိပ္ပမုတ္တေဟိ- ကိုယ်တော်ညွှန်ပြ ဓမ္မောဇဖြင့်ဘဝသုံးစပ် ဝဋ်သုံးရပ်မှ ကျွတ်လွတ်တော် မူကြကုန်ပြီးသော၊ ပုရာဏဇဋိလေဟိရသေ့ဖြစ်ကြောင်း၊ ရဟန္တာပေါင်း တစ်ထောင်တို့နှင့်၊ သဟ-အတူတကွ၊ ရာဇဂဟံ- ရာဇဂြိုလ်မည်လျှင်း ပြည်အတွင်းသို့၊ ပါဝိသ-မာဃမေတိုင်း ရှုပ်ဘုရင်ဥယျာဉ် တောင်းဝန်လတ်၍ စော်မြတ်နှစ်ပြင် နေလသွင်သို့ကြွဝင်ချီမြန်းတော်မူခဲ့လေပြီ၊

ဒသဝါသော ဒသဗလော၊ ဒသဓမ္မဝိဒူ ဒသဘိစပေတော၊
သောဒသသတ ပရိဝါရော၊ ရာဇဂဟံ ပါဝိသိဘဂဝါ၊

တောန္တော- တိုင်းသူပြည်သား ပြည်သူ တိုလူအပေါင်းတို့ ဒသဝါသော-အရိယာဝါသဓမ္မအပြားဆယ်ပါးတို့နှင့် ပြည့်စုံတော်မူထသောဒသဗလော - ကာယဗလဆယ်ပါး၊ ဉာဏဗလဆယ်ပါးတို့နှင့်လည်း ပြည့်စုံတော်မူထသော ဒသဓမ္မဝိဒူ - ကမ္မပထတရား ဆယ်ပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူထသော၊ ဒသဘိဝ-လောကုတ္တရာတရား ဆယ်ပါးတို့နှင့်၊ ဥပေတာ-လောက်ကော်လုံပြည့်စုံတော်မူထသော၊ သောဘဂဝါ- ထိုရွှေဘုန်းတော်သခင်ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ဒသတပရိဝါရော-ရသေ့ဖြစ်ဟောင်းရဟန္တာအပေါင်းတထောင်အခြံအရံရှိသည်ဖြစ်၍၊ ရာဇဂဟံ-ရာဇဂြိုလ်မည်လျှင်းပြည်အတွင်းသို့၊ ပါဝိသိ - မဃတိုင်းရှင်ဘုရင်ဥယျာဉ်တောင်းပန်လတ်၍ စော်မြတ်နှစ်ပြင်နေလသွင်သို့ ကြွဝင်ချီမြန်းတော်မူခဲ့လေပြီ၊ ဤဘုန်းတော်ဘွဲ့ဂါထာတို့ကို သာယာနာပျော်ဘွယ်သီဆိုကျူးရင့်လျှက်ဘုရားအမှူးရှိသော ရဟန်းအပေါင်း၏ရှေ့တူရူမှ လူအပေါင်းတို့ဦးဆော်ကာသွားလေ၏၊

ထိုအခါ ရာဇဂြိုလ်ပြည်သူပြည်သားလူအများတို့သည် လုလင်ပျိုအသွင်ဖန်ဆင်းသည့်နတ်တို့သနင်း သိကြားမင်းကို မြင်ကြလျှင် -

အချင်းတို့ . . ဤလုလင်ပျိုသည် အလွန်ပင်အဆင်းသင့်လှပါပေစွတကား၊ ဤလုလင်ပျိုသည် ကြည်ညိုရှုဖွယ်ရှိပါပေစွတကား၊ ဤလုလင်ပျိုသည်အဘယ်သူ၏ အလုပ်အကျွေးများ. ဖြစ်ပါလိမ့်မည်နည်း၊

ရာဇဂဟံ - ရာဇဂြိုလ်မည်လျှင်း ပြည်အတွင်းသို့၊ ပါဝိသိ- မာဂဓတိုင်းရှင်ဘုရင်ဥယျာဉ် တောင်းပန်လတ်၍ စော်မြတ်နှစ်ပြင် နေလသွင်သို့ ကြွဝင်ချီးမြန်းတော်မူခဲ့လေပြီဟူ၍ အချင်းချင်းပြောကြားကြကုန်သည်ရှိသော် နတ်တို့သနင်း သိကြားမင်းသည် -

ယောဓီရောသဗ္ဗဓိဒန္တော၊ သုဒ္ဓေါအပ္ပဋိပုဂ္ဂလော။
အရဟံသုဂတော လောကေ တဿာဟံပရိစာရကော၊

ဘောဓေ္တာ - တိုင်းသူပြည်သူ တိုလူအပေါင်းတို့ . . . . ။ လောကေ- လောကဝယ်၌။ ယော- အကြင်မြတ်စွာဘုရားသည်၊ ဗိရော - သဗ္ဗညုတဉာဏ်သခင်ပညာရှင်ကြီးအဆူဖြစ်တော်မူပေ၏၊ သဗ္ဗမိ- ဤမြေခြောက်ပါး တံခါးကြီးခြောက်ပေါက်လုံးတို့၌၊ ဝဏ္ဏော - အကုသိုလ်ညစ် အပြစ်ကင်းဝေး ယဉ်ကျေးတော်မူပြီးလည်း ဖြစ်ပါပေ၏၊ ထုဓွါ- အထောင့်ငါးရာ တိလေသာဟူမြူမငြိတွယ် စင်ကြယ်တော်မူပြီးလည်း ဖြစ်ပေ၏၊ အပ္ပမို - ဗုဒ္ဓလောလောအစါတ်ဘုံသုံးဆယ်ဝယ်နှန်းပြိုင်အပ်သူ တစ်ယောက်လူမျှ မပြု မရှိအပ်ပေ၊ အရဟံ - လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်သောအထူးကိုလည်း ခံယူတော်မမူထိုက်ပေ၏၊ သုဂတော လုံ့လျှင် နာလို မနာလိုလည်း မင်းဖိုသ် တိုင်ထိ အကျိုးရှိသည့် အစီပရိုသံမှန်သော စကားဤနှစ်ပါးကို ဟောကြားပြောဆိုတော်မူပေ၏၊ အဟံ- လုလင် ဖို့တန် သဗ္ဗာန်သွင်ရှပ် အကျွန်ုပ်သည်၊ တသာ ထိုအံ့ဖွယ်အထူးဂုဏ်ကျေးဇူးဟိုနှင့် ခိုးကျူးလောက်လုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ ပရိတ္တရကော - အလုပ်အကျွေး ဒါယကာကလေးပါပေတည်း၊ ဟူ၍ ထိုလူအပေါင်းတို့ကို ဂါထာစကားဖြင့် ပြန်ကြားပြောဆိုလေ၏။

ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းခြင်း

မြတ်စွာဘုရားသည် နတ်တို့သနင်း သိကြားမင်းသွားခွင့်ရရန် စီမံအပ်သော ခရီးသို့ ကြွတော်မူ၍ ရဟန်းတစ်ထောင်ခြံရံလျက် ရာဇဂြိုလ်ပြည်သို့ ဝင်တော်မူလေသည်၊ ဗိမ္ဗိသာရမင်းတရားသည် ဘုရားအမှူးရှိသော သံဃာတို့ ရွှေနန်းတော်သို့ ဝင့်၍ မွန်မြတ်သော ဆွမ်းခဲဖွယ်၊ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ကိုယ်တျ သာဟတ္ထိက သဏ္ဍုန္ဒ ခြောက်လက်ရောက်ကြည်ဖြူ ကပ်လှူကျွေးမွေးပြီးလျှင် အပြစ်ခြောက်ပါး ကင်းလွတ်ရာအရပ်၌ ထိုင်နေလေ၏၊ ထိုသို့ ထိုင်နေပြီးသောအခါ ဗိမ္ဗိသာရမင်းတရားအား မြို့ရွာနှင့်မဝေးလွန်းခြင်း၊ မြို့ရွာနှင့် မနီးကပ်လွန်းခြင်း၊ သွားလမ်း၊ လာလမ်းနှင့် ပြည့်စုံခြင်း၊ လူတိုင်း လူတိုင်း အလိုရှိသောအခါ သွားလာနိုင်ဖို့ရာ လွယ်ကူခြင်း၊ ငါးပါးနှင့် ပြည့်စုံသည့် အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးစံနေတော်မူပါမည်နည်းဟု အကြံအစည်ဖြစ်လတ်၍ မိမိပိုင်သော ဝေဠုဝန်ဥယျာဉ်သည် ဖော်ပြရာအင်္ဂါငါးပါးနှင့် ပြည့်စုံသဖြင့် ထိုဝေဠုဝန်ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းတို့အားလှူဒါန်းမှ ကောင်းလေစွဟု ဆင်ခြင်စဉ်းစားပြီးလျှင် မြတ်စွာဘုရားကို

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . အကျွန်ုပ်သည် ရတနာသုံးပါးနှင့် ကင်းကွာ၍ မနေနိုင်ပါ၊ အခါဟုတ်ဟုတ် မဟုတ်ဟုတ် ဘုရားထံမှောက်သို့သာ လာရောက်လိုပါ၏၊ ယခု ရှင်တော်ဘုရား သီတင်းသုံးတော်မူရာ ထန်းပင်ပျိုနုတောဥယျာဉ်သည်ကား မြို့နှင့်အလွန်ဝေးကွာလှပါသည်၊ ဤတပည့်တော်တို့၏ ဝေဠုဝန်ဥယျာဉ်မှာမူ မြို့နှင့် ဝေးလည်းမဝေးလွန်း၊ နီးလည်းမနီးလွန်းလှပါ၊ သွားလမ်းလာလမ်းနှင့်လည်း ပြည့်စုံပါ၏၊ မြတ်စွာဘုရားတို့နှင့် ထိုက်တန်သောနေရာလည်းဖြစ်ပါ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဝေဠုဝန်ဥယျာဉ်ကို အလှူခံတော်မူစေချင်ပါသည်" ဟုလျှောက်ထားကာ ရွှေတရားဖြင့် ပန်းရနံ့ထုံအပ်သော ရေကြည်ကို ထည့်ပြီးလျှင် ဝေဠုဝန် ဥယျာဉ်တော်ကို စွန့်လှူလိုရကား -

"ဧတာဟံဘန္တေ ဝေဠုဝနံဥယျာနံ ဗုဒ္ဓပ္ပမုခဿဘိက္ခု သံဃဿဒမ္မိ - ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အကျွန်ုပ်သည် ဤဝေဠုဝန်ဥယျာဉ်ကို မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းပါ၏"

ဟု နုတ်မြွက်လျှောက်ပြီးလျှင် မြတ်စွာဘုရား၏ လက်ထက်တော်၌ ရေစက်တိုသွန်းချလေသည်။ ငှိုဝေဠုဝန် ဥယျာဉ်အရံကို အလှူခံသောအခါ၌ "မြတ်စွာဘုရား၏ သာသနာတော်တမြစ်ကား တွယ်လေပြီ" ဟု ပြောဆိုတော ပ်တိ၏အလိုနိုင်ငံသို့ လိုက်ပါတစုန်သော အမျိုးသမီးပမာ ဤမဟာပထဝီ မြေကြီးသည် ယိမ်းယိမ်းနွဲ့နွဲ့ တုန်လှုပ် လေ၏။ အထူးမှတ်ရန်မှာ ဗမ္ဗိုဒိပ်ကျွန်းအပြင်၌ဝေဠုဝန် ကျောင်းတိုက် အရံကိုထား၍ အခြားတပါးသော မြေကြီးကိုတုန်လှုပ်စေ၍ အလှူခံအပ်သော ကျောင်းတိုက် အရံဟူ၍မရှိ။

ဗုဒ္ဓဝံသအဋ္ဌကထာ ကျမ်းလာ ဝိဟာရနုမောဒနာဆယ်ဂါထာ

ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဝန်အရံကို အလှူခံတော်မူပြီးလျှင် မဂဓတိုင်းအရှင် ဗိမ္ဗိသာရ မင်းကြီးအား ကျောင်းအလှူအနုမောဒနာတရား ဟောကြားတော်မူလေသည်မှာ -

(၁) အာဝါသဒါနသမာနာနိသံသံ၊ ကောနာမဝတ္တုံပုရိသောသမတ္ထော၊

အညတြဗုဒ္ဓါပနလောကနာထာ၊ ယုတ္တောမုခါနံနဟုတေနမာပိ။

မဟာရာဇ - မြတ်သောမင်းကြီး. . .။ လောက နာထာ- လူသုံးပါးတို့၏၊ ကိုးစားမှီခိုရာ ဖြစ်တော်မူသော ဗုဒ္ဓါ-သဗ္ဗညုတွတ်ထား မြတ်စွာဘုရားကို၊ အညတြ-ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍။ အာဝါသဒါနသာ- အနိသံအာဝါသကျောင်း အလှူဒါန၏၊ အာနိသံသံ- အကျိုးများဖြင့် အာနိသင်ကို၊ မုခါနံ- ခံတွင်းတို့၏၊ နဟု- တေန-တသောင်းနှင့်၊ ဝါ-မုခါနံနဟုတေန- ခံတွင်းပေါင်း တသောင်းနှင့်၊ ယုတ္တောအပိ မဖြစ်စေဦး အလုံးတည် ယှဉ်သည်မူလည်းဖြစ်သော ကောနာမပုရိသော - အဘယ်အမည်သော ယောက်ျားသည်၊ ဝတ္တုံ - အပြည့်အစုံ အလုံအင ထုတ်ပြမ္မှင်းလင်း ဟောကြားခြင်းငှာ သမတ္ထော - စွမ်းနိုင်ချိမ့်မည်နည်း၊ နသမတ္ထောစေ - ဘုရားကိုချန်၍ လူထံဝယ် ထာမာန်လူများ အယ်နည်း၊အားမျှဟောကြားခြင်းငှာ မစွမ်းနိုင်သည်သာတည်း။

(၂) အာယုဉ္စ ဝဏ္ဏဉ္စ၊ သုခံဗလဉ္စ၊ ဝရံပသတ္ထံ၊ ပဋိဘာနမေဝ။

ဒေါတိ နာမာတိ ပဝုစ္စတေသော၊ ယောဒေတိ သံဃဿ၊ နရောဝိဟာရံ။

မဟာရာဇ - မြတ်သောမင်းကြီး၊ ယောနရော- အမှတ်မထင်အကြင်လူသည်၊ သံဃဿ- သံဃာတော်အား၊ ဝိဟာရံ- နေထိုင်ဖို့ရန် ကျောင်းဝိဟာန်ကို ဒေတိသဒ္ဓါရွှင်လန်း၊ ဆောက်လုပ်လှူဒါန်း၏ သောနရော-သဒ္ဓါကြည်ဖြူ၍ ကျောင်းလှူသောသူကို အာယုဉ္စ-အသက်ကိုလည်းကောင်း၊ ဝဏ္ဏဉ္စ- အဆင်းကိုလည်းကောင်း၊ သုခဉ္စ- ချမ်းသာကိုလည်းကောင်း၊ ဗလဉ္စ- ခွန်အားကိုလည်းကောင်း၊ ဝရံပသတ္ထံ- သာလွန်မြင့်မြတ် ချီးမွမ်းအပ်သော ပဋိဘာနမေဝစ- ဉာဏ်ပညာ ပဋိဘာန်ကိုလည်းကောင်း ဒေါတိ နာမာတိ- သဒ္ဓါရွှင်လန်း ပေးလှူသူမည်၏ဟူ၍ ပဝုစ္စတေ - အထူးရှုမှု အကြောင်းပြု၍ သမုတိ ဝေါဟာရ - နုတ်ကမြွက်ဆို ခေါ်ဆိုအပ်ပေသည်။

(၃) ဒါတာနိဝါသဿ နိဝါရကဿ၊ သီတာဒိနောဝိဝိတုပဒ္ဒဝဿ။

ဝါလေတိအာယုပနတဿ၊ အာယုပ္ပဒေါဟောတိတမာဟုသန္တော။

မဟာရာဇ - မြတ်သောမင်းကြီး. . .။ သီတာဒိ-နော- အချမ်းအပူအစရှိသော ဝိဝိတုပဒ္ဒဝဿ- အသက်၏ အန္တရာယ်အသွယ်သွယ်ကို၊ နိဝါရကဿ ပြောက်လွင့်ပယ်ရှားမြစ်တားနိုင်သော နိဝါသဿ- နေထိုင်ဖို့ရန် ကျောင်း

ဝိမ္ပာန်ကို၊ ဒါတာယ = သစ္စါရှင်လန်း ဆောက်လုပ်လှူဒါန်းသော၊ယော = အကြင် သူသည်။ ယသ္မာ = အကြင်ကြောင့်၊ တသ = ထိုကျောင်း၌ကိန်းတောင်း ရဟန်းသံဃာ အပေါင်း၏၊ အာယုံ = အသက်ကို၊ ပါလေတိအေားရန်မရောက်အောင် တောင်းမှာ စောင့်ရှောက်သည်မည်၏၊ တသ္မာ = ထို့ကြောင့်၊ တံ = ထိုသစ္စါကြည်ဖြူ ကျောင်းလှူသောသူကို၊ အာယုပ္ပဒေါ ဒေါတာတိ = အသက်အလှူ ပေးလှူသောသူဟူ၍။ သန္တော = ဘုရားအဝများလှဘိတောင်း သူတော်တောင်းတို့သည်၊ အာဟု = နှိုးမွမ်းစကား ပြောကြားနှုတ်မိန့် ဆိုတော်မူကြလေတုန်ပြီ။

(၄) အစ္စုကျသ တေဝသတောနိဝါဒေသ၊ ဗလဥ္စဝဏ္ဏောပဋိဘာနမေတတိ

တသ္မာဟိသော ဒေတိဝိဟာရဒါတာ၊ ဗလဥ္စ ဝဏ္ဏံပဋိဘာနမေဝ၊

မဟာရာဇ = မြတ်သောမင်းကြီး. . .၊ အစ္စုကျသတေ=အလွန်ပူပြင်း၊အလွန့်အလွန် အေးလွန်းသော၊ နိဝါဒေသ= ဟင်းလင်းပြင်လွင်တီးခေါင်သော နေရာ၌၊ ဝသတော=ဥတုဝဏ်ဖျက် နှိပ်စက် ပြင်းထန်ခံ နေရသော ရဟန်း၏၊ ဗလဥ္စ=ခွန်အားသည်လည်းတောင်း၊ ဝဏ္ဏော= အဆင်းသည်လည်း တောင်း။ ပဋိဘာ= အသိဉာဏ်ပညာ သည် လည်းတောင်း။ နဟောယတိ= ဥပနိသျှည်း၊ ပစ္စည်းဆောက်ပံ့ လျော့ယုတ်ညှဲ၍ ကြံကြံခိုင်ခိုင် မဖြစ်နိုင်၊ လုံခြုံသောကျောင်းတွင်း၌ နေရမှသာလျှင်၊ ဝိဟာရဒါဘာ= နေထိုင်ဖို့ရန်ကျောင်းဝိမာန်ကို လှူဒါန်းသော၊ သောထိုသူသည်၊ ဗလာ-မာန်အားကိုလည်းတောင်း၊ ဝဏ္ဏဥ္စ အဆင်းကိုလည်းတောင်း၊ ပဋိဘာနမေဝ= အသိဉာဏ်ပညာကို လည်းတောင်း၊ ဒေတိ= သစ္စါရှင်လန်း လှူဒါန်းသူမည်ပါ၏၊

(၅) ဝုတ္တသသိတုကျသရိသပါ၊ ဝါတာကပါဒိပ္ပတဝသလောကေ၊

နိဝါရဏာနေကဝိဓေသနိစ္စံ၊ သုခပ္ပဒေါတောဟိဝိဟာမှဒဝါ၊

မဟာရာဇ= မြတ်သောမင်းကြီး. . .၊ ဝိဟာရဒါ- နေထိုင်ဖို့ရန် ကျောင်းဝိမာန်ကို လှူဒါန်းသောသူသည်၊ လောကေ=ဘေးရန်ပြောက လူ့လောက၌၊ သိတုဏှာသရိသပါ= အချမ်း၊အပူ မြွေတင်းသန်၊ တည်းဟူသော ရန်သူကြောင့်၊ ဥပ္ပန္နသာ= ဖြစ်သော၊ ဝုတ္တသဝ=ဆင်းရဲဒုက္ခအဝဝကိုလည်းတောင်း၊ ဝါတာတပါဒိ ဝိပ္ပတဝသ= လေကြမ်းနေကြမ်း စသည်တို့ကြောင့်ဖြစ်သော၊ အနေကဝိဓေသ= အပါးမက များပြားလှသော၊ ဝုတ္တသာဝ= ဆင်းရဲဒုက္ခအဝဝကိုလည်းတောင်း၊ နိစ္စံ=အမြဲ၊ နိဝါရဏာ= ကျောင်းမြင့်ဟန့်တားမဖြစ်ပွားစေအောင် ပယ်ရှား တားမြစ်ခြင်းကြောင့်၊ သုခပ္ပဒေ- ချမ်းသာသုခ အလှူဒါနကို ပေးသောသူ မည်သည်။ ဟောတိ= ဖြစ်ပေ၏၊

(၆) သိတုကျဝါတာ ပပဉ္စသရည္ဒိ၊ သရိသပါဝါဠ မိဂါဒိဝုတ္တံ၊

ယသ္မာနိဝါရေတိဝိဟာရဒါတာ၊ တသ္မာ သုခံ ဝိန္ဒတိ သောဝရုတ္တ၊

မဟာရာဇ = မြတ်သောမင်းကြီး. . .၊ ဝိဟာရဒါတာ = နေထိုင်ဖို့ရန် ကျောင်းဝိမာန်ကို လှူဒါန်းသော သူသည်၊ ယသ္မာ= အကြင်ကြောင့်၊ သိတုကျဝါတာ ပဉ္စသဝုဋ္ဌိသရိသပါဝါဠမိဂါဒိဝုတ္တံ= အချမ်း၊ အပူ၊ လေ၊ နေပူမှက်၊ မြစ်၊ အခါမဲ့မိုး၊ မြွေဆိုးကင်းသန်းကြမ်းသော သားတောင်စသည်တို့ကြောင့်ဖြစ်သော ဆင်းရဲဒုက္ခကို။ နိဝါရေတိ= ကျောင်းမြင့် ဟန့်တားမဖြစ်ပွားစေအောင်ပယ်ရှား တားမြစ်ပေ၏၊ တသ္မာ= ထို့ကြောင့်ထိုနေထိုင်ဖို့ရန် ကျောင်းဝိမာန်ကို လှူဒါန်းသောသူသည်၊ ပရတ္တ= မြေလတ်တော်နံ မလွဲပိုင်ပိုင် ရယူနိုင်ပေ၏။

(၇) သသန္တစိတ္တော ဘဝဘောဂဟေတုံ၊ မနောဘိရာမံ မုနိတောဝိဟာရံ။
သော ဒေတိ သီလာဒိဂုဏောဝိတာနံ၊ သဗ္ဗဒေါ်နာမ ပဝုစ္စတေ သော။

မဟာရာဇ = မြတ်သောမင်းကြီး. . .။ ယော- အကြင်သူသည် ပသန္နစိတ္တော- သဒ္ဓါရွှန်းစို ဖို့ရန် ကျောင်း ဝိဟာရ်ကို၊ သီလာဒိဂုဏောဝိတာနံ- သီလကွန္ဒာသည် ဝါးပါးကျေးဇူးတရားတို့ကို ပွားစည်စေရန် ရဟန်းတော် အရှင်သူမြတ်တို့အား၊ ဒေတိ- သဒ္ဓါရွှင်လန်း ဆောက်လုပ်လှူဒါန်း၏၊ သော- ထိုကျောင်းဝိဟာရ် တလှူပေးလှူသော သူတို့ သဗ္ဗဒေါ်နာမ = ဗလ,ဝဏ္ဏ,သုခ,ပဋိဘာနလေးခု ဥသုံတလုံးစုံကို ပေးလှူသည်မည်၏ ဟူ၍ ပဝုစ္စတေ- အဆူဆူသောဘုရားတို့ဟောကြားချီးမွမ်းတော်မူ၏ = (သော စ သဗ္ဗဒ ဒေါ်ဟောတိ သော ဒဒါတိ ဥပဿယံ) ဟူသော သံယုတ်ပါဠိတော်ကို ရည်ညွှန်းသည်။

(၈) ပတာယမစ္ဆေရမလံသလောဘံ၊ ဂုဏာလယာနံ နိလယံ ဒဒါတိ။
နိစ္စော ဇသောတတ္ထပ ဧရတိသဂ္ဂေ၊ ယထာဘတံ တာယတိဝိတသော စေတာ။

မဟာရာဇ = မြတ်သောမင်းကြီး. . .။ ယော-အကြင်သူသည်၊ သလောဘံ-ခံမင်တက်မက် စွဲနှစ်ရက်ခြင်း တည်းဟူသော လောဘတရားနှင့်တကွသော မစ္ဆေရမလံ-ဝန်တိုစေးနှဲခြင်းမစ္ဆရိယ အညစ်အကြေးကို၊ ပဟာယ- ပယ်စွန့်၍၊ ဂုဏာလယာနံ-သီလအစရှိသော ဂုဏ်ကျေးဇူးတို့၏ တည်ရာရဟန်း အရှင်သူမြတ်တို့အား၊ နိလယံ- နေထိုင်ဖို့ရန် ကျောင်းဝိဟာရ်ကို၊ ဒဒါတိ-သဒ္ဓါရွှင်လန်းဆောက်လုပ်လှူဒါန်း၏၊ ဓိတ္တံ့ယထာ-လိုရာဌာနသို့မပင် ချအပ်သကဲ့သို့၊ တထာ - ထို့အတူ၊ သော-ထိုသဒ္ဓါမှင်လန်း ကျောင်းလှူဒါန်းသောသူတို့ (ဝါ) သဒ္ဓါရွှင်လန်း ကျောင်းလှူဒါန်းသောသူသည်၊ ပရေဟိ = ဝန်ထမ်းသမားကံသင်္ခါရတရားတို့က၊ နိစ္စော ဇ-သုဂတိရောက်အောင် ပို့ချအပ်သည်ဖြစ်၍ သာလျှင် တတ္ထသဂ္ဂေ- ထိုတင့်တယ်လျောက်ပတ်ကောင်းမြတ်သည့် အာရုံငါးပါးသော အစုအပုံ တို့ရှိရာ နတ်တို့ရွာ၌၊ ဝိဘသောစေတာ- တားဝတ်နေရေးပူဆွေးစိုးရိမ်ခြင်းအလျှင်း ကင်းမဲ့သည်ဖြစ်၍ တာယတိ- အဝပြည့်သနေ့တပ်ရောက် ဖြစ်ပွားရလေ၏။

(၉) ဝဇေရစာရ ရှုပေဝိဟာရေဥဋ္ဌာပေ့ရ နရောကာရယေ၊ ဝါသ ယေတတ္ထဘိက္ခူ
ဒဒေ ထန္နပါနဉ္စနေသံ၊ ပသန္နေန စိတ္တေနသတ္တစ္စနိစ္စံ။

မဟာရာဇ = မြတ်သောမင်းကြီး. . .။ တသ္မာ ထို့ကြောင့်၊ နရော = ကိုယ်တိုးစီးပွား ထောက်ထား မျှော်မြင် ပညာရှင်ယောက်ျားသည်၊ ဝဇေ -ချီးမွမ်းအပ် မြတ်ကုန်သသော၊ တချွန်ပေ-နှစ်သက်ဖွယ်တင့် တယ်ခြင်း သဘောရှိကုန်သော ဥဋ္ဌာရဖြေပြန့်ပြောကြီး ကျယ်ကုန်သော ဝိဟာရေ- နေထိုင်ဖို့ရန် ကျောင်းဝိဟာရ်တို့ကို၊ ကာရယေ ကာရေယျ၊ လက္ခဏ ကျွေးတန်ဖိုးပေး၍ ဆောက်လုပ်စေရာ၏၊ တတ္ထ- ထိုတည်ဆောက်ပြီးသော ကျောင်းဝိဟာရ်၌ ဘိက္ခူ - ဗဟုသုတပြည့်ဝစုံလင် ရဟန်းတော်အရှင်မြတ်တို့ကို၊ ဝါသယေ-ဝါသေယျ- ကျောင်းထိုင်ပြုရန် တောင်းပန်စကား လျှောက်ထားပန်ထွာ နေထိုင်စေရာ၏၊ နေသံ - ကျောင်းနေခေါ်တွင် ထိုအရှင်တို့အား ပသန္နေန- သဒ္ဓါရွှန်းစို ကြည်ညိုစွာသော၊ စိတ္တေန = စိတ်ဖြင့်အမြဲ၊ သတ္တစ္စ-ရိုသေသမှု အလေးပြု၍၊ အန္နပါနဉ္စ- စားဖွယ် သောက်ဖွယ်အသွယ်သွယ်တို့ကို လည်းကောင်း၊ ဝတ္ထဉ္စ = အဝတ်သင်္ကန်းကိုလည်းကောင်း၊ ဒဒေယျ = သဒ္ဓါရွှင်လန်း လှူဒါန်းထောက်ပံ့ရာ၏။

(၁၀) တဿ မဟာရာဇ - မနောရမ္မ၊ ပဉ္စနဘုယျသိယော၊

ဝိဟာရဒ္ဓါနဿ ဗလေန ဘဝေသု၊ သုစံအသောက်သန္တ၊ အဝိဂ္ဂ ။ ။

ဝိဟာရဒ္ဓါနဿ။ မဟာရာဇ- မြတ်သောမင်းကြီး. . .၊ တဿ-ထိုကြောင့်၊ တုစံ- သင်မင်းကြီးသည်၊ ဝိဟာရဒ္ဓါနဿ- သဉ္ဇါကြည်ဖြူယ၄ လှူအပ်သော ကျောင်းအလှူ၏၊ ဗလေန-အကျိုးအားဖြင့်၊ ဘဝေသု- သုဂတိဘေါ် ဆိုရာ ဘဝ ထိုထိုတို့၌၊ မနောရမ္မ - စိတ်နှလုံးရွှင်ပြုံးမွေ့လျော်ရာ ဖြစ်ကုန်သော၊ ဘောဂေ- စည်းစိမ်များမြောင် အသုံးအဆောင်တို့ကို၊ တိယော-ဆထပ်းပိုးတိုး၍၊ ပဉ္စနဘုယျ-ကြိမ်ကြိမ်ဖန်ဖန် ခံစားသုံးဆောင်ပြီး၍၊ ပစ္ဆာ-နောက် ကာလ၌၊ အသောက်-စိုးရိမ်ရခြင်းအလျှဉ်းမရှိသော၊ သန္တ-သန္တိလက္ခဏာ တေးငြိမ်းစွာသော၊ သုခံ-နိဗ္ဗာန် ချမ်းသာသို့၊ အဝိဂ္ဂ-အဓိဂမိဿသိ- လေးပါးသော မဂ်ဉာဏ်၊ လေးပါးသော ဖိုလ်ဉာဏ်တို့ဖြင့် တောန်-ဆိုက်ရောက် ရျတ်မျောက်ပြုရပေလတ္တံ့။

ဤသို့လျှင် မြတ်စွာဘုရားသည် ဗိမ္ဗိသာရ မင်းတရားအားဝိဟာရအနုမောဒနာ ကျောင်းလျှုတရား ဟောကြားချီးမြှောက်တော်မူပြီးလျှင် နေရာမှထတော်မူကာ နောက်ပါရဟန်းတထောင် ခြံရံလျက် ဝေဠုဝန်ကျောင်း အရံသို့ကြွ၍ သီတင်းသုံးတော်မူလေ၏၊ ဤ၌ ဗိမ္ဗိသာရမင်းကြီးဝေဠုဝန်ဥယျာဉ်အရံကိုဘုရား အမှူးရှိသော ရဟန်း ဘ်ယာအားလှူဒါန်းသည်ဆိုရာ၌ မဆနနည်း ဥဒ္ဒေသနည်းအားဖြင့်ဥယျာဉ် အရံကိုလှူဒါန်းသည်ဟု ရေးသားဖွင့်ဆို ခြင်းဖြစ်သည်၊ ငင်စစ်သော်ကား ကိုဝေဠုဝန်ဥယျာဉ်အတွင်း၀ယ်၊ ရမဏီယဝါသာ၊ တဗ္ဗိယံစမာနဝိဟာရ ယောဂ မဏ္ဍပါဒပဋိမဏ္ဍိတံ-မွေ့လျော်ဖွယ်ကောင်းသော အထွတ်ကပ်သည့် ပြသာဒ်အထွတ်မပါသော ပြသာဒ် ဦးပြည်၊ ဝိမာန်၊ လေးဘက်မိုးကျောင်း၊ နှစ်ဖက်မိုးကျောင်း၊ မဏ္ဍပ်ကနားဖျဉ်းတို့ဖြင့် တန်ဆာဆင်အပ်သော ဝေဠုဝန်ဥယျာဉ် ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ဖွင့်ဆိုသောကြောင့်ရဟန်းတော်များ သီတင်းသုံးနေထိုင်ဖွယ်ရာ ကျောင်းပြသာဒ်အဆောက် အဦးများလည်း ပါရှိပြီးဖြစ်သည်ဟူ၍ မှတ်ယူရာ၏။

အရံဥယျာဉ်ကို ခံယူရန် ခွင့်ပြုတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဗိမ္ဗိသာရ မင်းကြီးဝေဠုဝန်ဥယာဉ်အရံကို လှူဒါန်းသော အကြောင်း ဝတ္ထု၌ တရားစကား ဟောကြားတော်မူပြီးလျှင် အနုဇာနာမိဘိက္ခဝေအာရာမံ - ရဟန်းတို့. . အရံဥယျာဉ်ကို ခံယူရန် ငါဘုရားခွင့်ပြု၏ဟု ရဟန်းတို့ကို မိန့်ကြား၍ ကျောင်းအရံဥယာဉ်ကို ခံယူရန် ခွင့်ပြုတော်မူလေသည်။

တိရောကုဋ္ဋ သုတ္တန်ကို ဟောကြားတော်မူခြင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းအရံကို အလှူခံတော်မူပြီးသည်မှ နောက်တနေ့၌ တိရောကုဋ္ဋ သုတ္တန်ကို ဟောကြားတော်မူသည် အကြောင်းအရာ အကျယ်သော်ကား . . .

ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကာသိတိုင်းပြည်ဝယ် ဇယသေနမင်းကြီး ထီးနန်းစိုးအုပ် မင်းပြုလုပ်တော်မူဆဲဖြစ်၏၊ ဓမ္မပဒအဋ္ဌကထာ ယမကဝဂ်အရှင်သာရိပုတ္တရာ ဝတ္ထုအဖွင့်နှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကတနိပါတ်ဧကဒဂ္ဂဝဂ် ဥရုဝေလ ကဿပဝတ္ထုအဖွင့်တို့၌ မဟိန္ဒမင်းကြီး ဟူ၍ဖွင့်ဆိုသည်၊ ထိုဇယသေနမင်းကြီး၏ သိရိမာတမည်ရှိ သားတော်တို့ဖွားမြင်ခဲ့၍ အစဉ်သဖြင့် ဖုဿဘုရား

အလောင်းဘုရားအဖြစ်သို့ ရောက်တော်မူလေသော် ဝေဿန္တရာမင်းကြီးသည် "ငါ၏ သားကြီးသည် တောထွက်တာ ရဟန်းပြု၍ ဘုရားဖြစ်ခဲ့လေပြီ၊ သို့ရကား၊ ငါ့ဘုရား၊ ငါ့တရား၊ ငါ့သံဃာဟု မြတ်နိုးမှုကို ဖြစ်စေပြီးလျှင် ဘုရားအမှူးရှိသော သံဃာကိုပြုစုလုပ်ကျွေးဆည်းကပ်၍ သူတပါးတို့အား ဆည်းကပ်ခွင့် လုပ်ကျွေးပူဇော်ရန် အခွင့်ကိုမပေးဘဲ ကျောင်းတော်တံခါးမုခ်မှသည် မိမိ၏ရွှေနန်းထက်၌ ရွှေကြယ်စီကာ နံ့သာပန်းဆိုင်းများ တွဲလျားကျသော မျက်နှာကျက် ကျက်စေပြီးလျှင် အောက်၌ငွေရောင်အသွေး မြူဖွေးသောသဲများကို ဖြန့်ခင်းစေပြီးမှ ထိုနေရာ၏အထက်၌ ပန်းအမျိုးမျိုးတို့ကို ကြဲဖြန့်ခင်းစေ၍ ထိုခရီးဖြင့်သာ မြတ်စွာဘုရား ကြွလာတော်မူရန် စီမံ ပြုလုပ်လေသည်။

ဖုဿ မြတ်စွာဘုရားသည် ကျောင်းတော်၌ပင် သက်နှံကိုရုံ၍ ရဟန်းအပေါင်းခြံရံကာ တင်းတိမ် ကန့်လန့်ကာအတွင်းကပင် ရွှေနန်းတော်အရောက် ကြွရောက်ဆွမ်းဘုန်းပေးပြီးလျှင် ထိုတင်းတိမ် ကန့်လန့်ကာ အတွင်းကပင် ကျောင်းသို့တဖန် ပြန်ကြွတော်မူရ၏။ မြို့သူမြို့သားတစ်ဦးတစ်ယောက်တချို့ ဆွမ်းလောင်းလှူခွင့် မရချေ။ ထိုအခါ မြို့သူမြို့သား လူတများတို့သည် -

"လောက၌ မြတ်စွာဘုရားထင်ရှားပွင့်ထွန်းတော်မူလျက် ငါတို့မှာ ကုသိုလ်ပြုခွင့် မရကြကုန်၊ လ နေတို့သည် လူအားလုံးတို့အား အလင်းရောင်ပေးတို့ရန်ဖြစ်ပေါ်လာကုန်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည်လည်း ခပ်သိမ်းသောသတ္တဝါတို့၏ စီးပွားချမ်းသာ ဖြစ်ထွန်းရန် ပွင့်တော်မူလာကြကုန်၏၊ မင်းကြီးသည်ကား၊ သူခပ်သိမ်းတို့၏ ကောင်းမှုလယ်မြေကြီးကို မိမိတစ်ဦးတည်းသာ သိမ်းပိုက်ထားဘိ၏" ဟုတဲ့ရဲ့ ရှုတ်ချစကား ပြောကြားကုန်၏။

ထိုအခါ ဖုဿမြတ်စွာဘုရား၏ ဇတုမိကွဲဖြစ်သော ညီတော် မင်းသားသုံးယောက်သည်လည်း -

"ဘုရားတို့မည်သည်မှာ အလုံးစုံသောလောက၏ အစီးအပွားအလို့ငှာ ပွင့်ထွန်းတော်မူကြခြင်းဖြစ်၏။ တစ်ဦးတစ်ယောက်တည်း စီးပွားချမ်းသာ ဖြစ်ထွန်းရန် ပွင့်ထွန်းတော်မူကြခြင်း မဟုတ်ချေ၊ ငါတို့၏ ခမည်းတော် မင်းကြီးသည်ကား သူတပါးတို့အား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးပူဇော်ရန် အခွင့်မပေးချေ၊ ငါတို့သည် ဘယ်လိုနည်းဖြင့် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခွင့်ကို ရကြပါလိမ့်မည်နည်း။" ဟု ကြံစည်ကြလေကုန်၏၊ မြို့သူမြို့သားတို့သည် မင်းသားတို့နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ကြပြီးလျှင် "ဥပါယ်တမျဉ်ကို ပြုလုပ်ကြကုန်အံ့၊" ဟု တိုင်ပင်ညီညွတ်ကြ၍ မြို့စွန်ပြည်ဖျား၌ သူပုန်ထသကဲ့သို့ ပြုလုပ်စေကြကုန်၏။

ထိုအခါ မင်းကြီးသည် "မြို့စွန်နယ်များ ဖောက်ပြားနေသည်ဟူသော သတင်းကို ကြားသိရ၍ သားတော် မင်းသားသုံးဦးတို့ကို သူပုန်နှိမ်နင်းရန် စေလွှတ်လိုက်သည်၊ မင်းသားတို့သည် မြို့စွန်နယ်များကို သူပုန်ရန်ငြိမ်းအောင် ပြုလုပ်ပြီးလျှင်၊ ခမည်းတော် မင်းကြီးထံ ပြန်လာကြကုန်သည် ရှိသော် ခမည်းတော် ဝေဿန္တရာ မင်းကြီးသည် နှစ်သက်အားရတော်မူလှသဖြင့် "သားတော်များ၊ အလိုရှိကြသော ဆုတို့ကို ယူကုန်လော့"ဟု ဆုပေးစကား ပြောကြားလေ၏၊ မင်းသားသုံးဦး တို့သည် "ခမည်းတော်မင်းကြီး အကျွန်ုပ်တို့အား တခြားဆုကို အလိုမရှိကြပါကုန်၊ မြတ်စွာဘုရားကို နှိုးသမြတ်နိုး ဆည်းကပ်လုပ်ကျွေးရမှု ဆုကိုသာ အလိုရှိပါကုန်၏၊" ဟူ၍ လျှောက်ထားကြလေကုန်၏။

ခမည်းတော်မင်းကြီးသည် "သားတော်တို့ ထိုသို့ ဖြစ်ခဲ့လျှင် ယူကြကုန်လော့ဟု မင်းကြီးဆိုလတ်သည်တွင်

မင်းသားတို့သည် ခုနစ်နှစ်အချိန်ပိုင်း တောင်းခံကြကုန်၏၊ ခမည်းတော်မင်းကြီးသည် ခုနစ်နှစ်တချိန်တို ကြာမြင့်သည်ဟူ၍ မပေးပဲရှိလေသော် ဤနည်းဖြင့်လျှော့၍ ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်၊ ခုနစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလတိုင်အောင် လျှော့၍ တောင်းကြပြန်ပါသော်လည်း ခမည်းတော် မင်းကြီးက မပေးနိုင်ဘဲရှိသဖြင့် သုံးလမျှ ပြုစုလုပ်ကျွေးခွင့်ဆုကို တောင်းကြသည်တွင် မင်းကြီးသည် "တောင်းပြီယူ ကြလော့" ဟု ခွင့်ပြုလေ၏၊ မင်းသားညီနောင်သုံးဦးတို့သည် ခမည်းတော်မင်းကြီးထံမှ မြတ်စွာဘုရားကို ဝါတွင်း သုံးလပတ်လုံး ပြုစုလုပ်ကျွေးနိုင်ခွင့်ဆုကိုရရှိကြ၍ လွန်စွာနှစ်သက် ဝမ်းမြောက်ကြကုန်လျက် ဖုဿမြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား… အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ဝါတွင်း သုံးလပတ်လုံး ပြုစုလုပ်ကျွေးကြပါကုန်အံ့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တပည့်တော်တို့၏၊ နေရာဇနပုဒ်၌ ဤဝါတွင်းသုံးလပါတ်လုံး သီတင်းသုံးနေထိုင်တော်မူရန် လက်ခံတော်မူပါဘုရား" ဟူ၍ လျှောက်ဆို ကြကုန်၏၊ မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူလေ၏၊

ထိုအခါ မင်းသားညီနောင်သုံးဦးတို့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိရှိကြ၍ မိမိတို့၏ဇနပုဒ်၌ အတွင်းဝန်အမတ်ထံသို့ - "အတွင်းဝန်အမတ် ငါတို့သည် ဝါတွင်းသုံးလပတ်လုံး နောင်တော် ဖုဿမြတ်စွာဘုရား အမှူးရှိသောရဟန်း တိုးသောင်းတို့ကို ပစ္စည်းလေးပါးဖြင့် ဆည်းကပ်ခစား လုပ်ကျွေးပူဇော်လိုကြပါကုန်၏၊ ရဟန်းအပေါင်းနှင့်တကွ မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူရန် ကျောင်းစသော အဆောက်အဦးများကို အလျှင်အမြန် ပြီးစီး ပြည့်စုံအောင် စီမံဆောက်လုပ်ရမည်" ဟု အမိန့်တော်အမှာစာကို ရေးသား ပေးပို့ကြလေကုန်၏၊

အတွင်းဝန်အမတ်သည် မင်းသားတို့ မိန့်မှာသည့် အမိန့်စာပါအတိုင်း အလုံးစုံကို ပြီးပြည့်စုံအောင် အလျင်အမြန် စီမံဆောက်လုပ်ပြီးလျှင် အမိန့်တော် အမှာစာအတိုင်း၊ တောင်းသော အဆောက်အဦးများ အလုံးစုံပြီးပြည့်စုံပါပြီဟု သတင်းစကားပြန်ကြားတင်လျှောက်လေ၏၊ အတူတကွ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကြကုန်လျက် နှစ်ထောင့်ငါးရာသော ယောကျာ်းစုအမှု ပြုလုပ်ကြသော သူအပေါင်း တို့ကို ဘုရားအမှူးရှိသော သံဃာတော်အား၊ ပစ္စည်းလေးပါး ချမ်းသာစေမှု ပြုစုလုပ်ကျွေးစေကုန်လျက် မိမိတို့နေရာ ဇနပုဒ်သို့ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်ဆောင်ကြပြီးလျှင် အသင့်ဆောက်လုပ်ပြီးဖြစ်သော ကျောင်းအစရှိ အဆောက်အဦးများကို ဘုရားအမှူးရှိသောသံဃာတော်အား ဆောင်နှင်းလှူကြလျက် ထိုကျောင်းအရံ၌ သီတင်းသုံး နေထိုင်စေကြလေကုန်၏၊

သဒ္ဓါတရားရှိသော ဘဏ္ဍာစိုး ဇနီးမောင်နှံ

ထိုမင်းသားသုံးဦးတို့၏ ဘဏ္ဍာစိုးဖြစ်သူ သူဌေးသားသည်ကား သူဌေးကတော်လေးနှင့်တကွ ရတနာ သုံးပါး၌ သဘ်ဝင်ကြည်ညိုသော သဒ္ဓါတရားနှင့်ပြည့်စုံသူဖြစ်ပေ၏၊ ထိုဘဏ္ဍာစိုးသူဌေးသည် မင်းသားတို့၏ကိုယ်စား ပြုလာ မင်းသားသုံးဦးတို့၏ ဘဏ္ဍာတိုက်မှတစ်လည့်စီ တလှည့်စီအားဖြင့် ဘုရားအမှူးရှိသော ရဟန်းတော်များ အတွက် လှူဒါန်းရန် ဝတ္ထုတို့ကို သဒ္ဓါကြည်ဖြူစွာပင် အတွင်းဝန် အမတ်အားပေးအပ်လေ၏၊ အတွင်းဝန်အမတ်သည် ထိုဘဏ္ဍာစိုးပေးအပ်သည့် လှူဒါန်းဖွယ် ဝတ္ထုများကိုယူဆောင်၍ ဇနပုဒ်နယ်သို့ လူအပေါင်း တစ်သောင်း တစ်ထောင်နှင့်အတူ စောင်းမွန်သည်ထက်တောင်းမွန်အောင် စီမံပြုလုပ်ချက်ပြုတ်ကြပြီးလျှင် ဘုရားအမှူးရှိသော

ရဟန်းတော်အပေါင်းအား နေ့စဉ်မပြတ် ဆက်ကပ်လှူဒါန်းလေ၏။ မင်းသားသုံးဦးတို့သည်တား ရဲမက်၊ ယယ်ကျွန်၊ စေ်သည်တော် တစ်ထောင်တို့နှင့်တကွ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကြကုန်လျက် သီတင်းသီလ ဆောက်တည်ကြကုန်၏၊ ကျောင်းတော်မှာလည်း ဘုရားအမှူးရှိသော သံဃာတော်တို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် တို့ကို ဖြည့်တင်းပြုလုပ်ကြကာ တရားနာယူလျက် နေကြကုန်၏။

## စိတ်ထားဆိုးသော အတွင်းဝန်၏ ဆွေမျိုးများ

အတွင်းဝန်မင်းစေခိုင်းသည် ဝေယျာဝစ္စ ဆောင်ရွက်သောလူပေါင်း တစ်သောင်းတစ်ထောင် တို့အနက် အချို့သော အတွင်းဝန်ဆွေမျိုးများသည် ကောက်ကျစ်ထိပါးဆိုးဝါးသော စိတ်ထားရှိကြကုန်သဖြင့် အလှူဒါနတ်၏ အစ္စရာယ် အနှောက်အယှက်တို့ အမျိုးမျိုးပြုလုပ်ကြကာ ဘုရားနှင့်အတူ၊ သံဃာတော် တို့အတွက် ချက်ပြုတ်စီမံ၍ထားသော လှူဖွယ်ဝတ္ထုများကို ကိုယ်တိုင်လည်း လုယတ် ခိုးဝှက်စားသောက်ကြသည့်အပြင် သားသမီးများတို့လည်း ကျွေးမွေးကြကုန်၏၊ အလှူထင်းတုတ် မဏ္ဍပ်များကိုလည်း မီးတိုက် ကြကုန်၏။

## မြတ်စွာဘုရားကို ခမည်းတော်ထံပြန်ပို့ခြင်း

မင်းသားသုံးဦးတို့သည် ဝါကျွတ်၍ သံဃာတော်တို့ ဝဝါရဏာ ပြုပြီးလတ်သော်မြတ်စွာဘုရားအား ကြီးမားသော ပူဇော်သဘင်ပွဲကြီးဆင်ယင်ပြီး၍ ခမည်းတော်မင်းတရားနှင့် မူလစကားတတိအတိုင်း မြတ်စွာဘုရားကို ရှေ့သွားပြုကြကာ ခမည်းတော်မင်းတရားကြီး၏ နိုင်ငံတော်သို့ တဖန်ပို့ဆောင် ကြလေသည်။ ခမည်းတော် ဧေယျသေနမင်းကြီး ဝံရာကာသိနေပြည်တော်သို့ ကြွရောက်ပြီးမကြာမီပင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံ ယူတော်မူလေ၏။(သံယုတ်အဋ္ဌကထာအလိုအားဖြင့် ဖုဿမြတ်စွာဘုရားသည် မင်းသားတို့ထံမှာပင် ပရိနိဗ္ဗာန်စံတော်မူကြောင်းလာ၏။ ခမည်းတော်ဇေယျသေန မင်းကြီးသည်လည်းကောင်း၊ မင်းသားညီနောင် သုံးဦးတို့သည်လည်းကောင်း။ မင်းသားတို့၏ အတွင်းဝန်အမတ်သည်လည်းကောင်း။ ဘဏ္ဍာထိန်းသူဌေးသည်လည်းကောင်း၊ အစဉ်အတိုင်းသေဆုံးကြ၍ အခြံအရံပရိသတ်များနှင့်တကွ နတ်ရွာသုဝတိသို့လားရောက်ကြကုန်၏၊ ကောက်ကျစ်ထိပါးစိတ်ဆိုးဝါးကြသည့် အတွင်းဝန်အမတ်၏ ဆွေမျိုးများတို့ကားငရဲသို့ လားရောက်ကြရလေကုန်၏။

ဤသို့လျှင် ငရဲပြည်တစ်ပြည်တစ်ပြည်သို့ လှည့်လှည်ဖြစ်ပွား ကျက်စားကြရကုန်စဉ် ကိုးဆယ့်နှစ်ကမ္ဘာတို့ ကားလွန်ခဲ့လေကုန်၏၊ ထို့နောက်ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား ပွင့်ထွန်းတော်မူသောအခါ အတွင်းဝန်အမတ်၏ ဆွေမျိုးများထဲမှတစ်ယောက်သည် ပြိတ္တာ များအတွက်အလှူဒါနပေးလှူ၍ "ဤဒါနမှာတွင်ညတကာနယောတုံ့ ဤကောင်းမှုသည်သည် ငါတို့၏ ဆွေမျိုးပြိတ္တာတို့အတွက်ဖြစ်ပါစေ" ဟု မြွက်ဆိုရည်ညွှန်းအမျှအတမ်း ပေးဝေကြလေသော် ထိုသူတို့၏ ဆွေမျိုးပြိတ္တာတို့သည်ရှင်း အခြားပြိတ္တာများသည်ရှင်း၊ စည်းစိမ်ချမ်းသာတို့ ရကြပေလိမ်မည်" ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူလေ၏။

ထိုကဿပမြတ်စွာဘုရား မိန့်ကြားတော်မူသည်ရှိသော် ထိုပြိတ္တာများအဖို့ ထိုကဿပ မြတ်စွာဘုရား မိန့်ကြားတော် မူလိုက်သော စကားသည် "နတ်ဖြန်ခါရကြလိမ့်မည်" ဟု မိန့်ကြားတော် မူအပ်သကဲ့သို့ လွန်စွာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်၍နေလေ၏။

ထို့နောက် ဘုရားတဆူနှင့် တဆူကြား (ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားတို့၏ အကြား) ရှည်လျားလှသောကာလ ▪ အနန္တရကတစ်သာသာ ဗုဒ္ဓန္တရအာသင်္ချေယျကာစေတ်၊ ထို လွန်မြောက်လတ်သော် ငါတို့၏ မြတ်စွာဘုရားသည် လောကသို့ထင်ရှားဖြစ် ပွင့်တော်မူလေ၏၊ ထိုမင်းသားသုံးဦးတို့သည် နောင်အမြဲအရံ ထလောင်တို့နှင့် အတူတကွနတ်ပြည်မှ စုတေခဲ့၍ မဂဓတိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်ကြ၍ အစဉ်သဖြင့် ရသုရတန်းပြု ကြပြီးလျှင် ဂယာသီသအရပ်၌ ရသည့်နောင် ရှင်တယောင် ဖြစ်ကြလေတုန်၏၊ ထိုစဉ်အခါ မင်းသားသုံးဦးတို့၏ အတွင်းဝန်အမတ်သည် ယခုအခါ မဂဓတိုင်းရှင်ဘုရင် ဗိမ္ဗိသာရမင်းကြီး ဖြစ်လာ၏၊ ထိုစဉ်က သူဌေးကတော်သည် ယခုအခါဝိသာခါ ဒုတိယသူဌေးဖြစ်လာ၏၊ ထိုစဉ်က ကြွင်းကျန်သော ပရိတ်သတ်သည် ယခုအခါ ဗိမ္ဗိသာရမင်းကြီး၏ ပရိတ်သတ် အခြံအရံများ ဖြစ်လာကြ၏၊

တစ်နေ့ယူ သုံးလောကထွတ်ထား ငါတို့ မြတ်စွာဘုရားသည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ရာဇဂြိုလ်ပြည်သို့ ရောက်သည့်နေ့၌ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ အခြံအရံပုဏ္ဏား သူဌေးပေါင်း တသိန်းနှစ်သောင်းတို့ကို သောတာ ပတ္တိဖိုလ်၌တည်စေပြီးလျှင် နောက်တနေ့၌ သိကြားမင်းနိဗ္ဗာန်ဆော် ရှေ့ဆောင်၍ ဗိမ္ဗိသာရမင်းကြီး၏ ရွှေနန်းတော် ၌ ကြီးစွာသောအလှူကို ခံယူတော်မူ၏၊

ထိုအခါ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် "ငါတို့၏ ဆွေမျိုးဟောင်း ဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် ယခုပင်လျှင် ငါတို့အား ဒါနကောင်းမှု တသိုလ်အမျှခွန်းညွှန်း ပေးလိမ့်မည်၊ ယခုပင်လျှင် ညွှန်းဝေလိမ့်မည်" ဟု တောင့်တမျှော်ခေါ်လျှက် ဝန်းရန်ရပ်တည်လာကြကုန်၏၊ဗိမ္ဗိသာရမင်းကြီးသည်ကား အလှူကြီးကို ပေးလှူပြီးလျှင် မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေတော်မူပါမည်နည်း"

ဟု မြတ်စွာဘုရားအတွက် ကျောင်းတော်နေရာတိုသာ ကြံစည် စဉ်းစားနေသည့်အတွက် အလှူဒါန ကောင်းမှုအဖို့ကို တစုံတယောက်သောသူအား အမျှခွန်းမညွှန်းမြွက်မိချေ၊ မင်းကြီး၏ ဆွေမျိုးဟောင်း ပြိတ္တာ အပေါင်းတို့သည် မျှော်လင့်ချက် ကင်းမဲ့တ်ကြကာ အကာလည၌အခါ၌ မင်းကြီး၏ နန်းတော်ဝယ်အလွန် ကြောက်မက်ဖွယ်ကောင်းသော ထစ်စော်ကြပြီးညည်းညူသော အသံကို ပြုကြလေကုန်၏၊

ဗိမ္ဗိသာရမင်းကြီးသည် ထိုအသံကိုကြား၍ ပြင်းစွာကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ပြီးလျှင် နံနက်မိုးသောက် ရောက်သောအခါ မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက် ချဉ်းကပ်လျှက် ရိုသေမြတ်နိုး၊ ရှိခိုးပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.. အကျွန်ုပ်သည် ယမန်နေ့ညဉ့်အခါဝယ် ဤသို့ ကြောက်မက်ဖွယ်သော အသံကို ကြားရပါပြီ.. အပည့်တော်တို့ အသံအတွက် မည်တဲ့သို့ အကျိုးအပြစ် ဖြစ်ပေါ်လိမ့်မည်နည်း"

ဟု မြတ်စွာဘုရားတို့လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားက

" မြတ်သောမင်းကြီး.. မကြောက်လင့်၊ ထိုအသံအတွက် သင့်အား တစုံတခုသော မကောင်းကျိုးမှု ဖြစ်လိမ့်မည် မဟုတ်ချေ၊ စင်စစ်သော်ကား သင့်၏ ဆွေမျိုးဟောင်းများ ပြိတ္တာဘုံ၌ ဖြစ်ပွားလျှက် ရှိကြသည်၊ ထိုသင့်ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် ဗုဒ္ဓန္တရအာသင်္ချေတပ် တကပ်ပတ်လုံး မြတ်စွာဘုရားအား ပေးပြီးလျှင် ငါတို့အား အမျှခွန်းညွှန်းဝေပေးလိမ့်မည်ဟု သင်မင်းကြီးတိုသာ မျှော်ခေါ်တောင့်တကြလျှက် လှည့်လည်သွား လာနေကြကုန်၏၊ သင်မင်းကြီးသည် ယမန်နေ့က ထိုဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့အား ကောင်းမှု

ကုသိုလ်တရားဓမ္မ‌ဒွန်တို့ မညွန်းပြတ်ဖိစေ၊ ထို့ကြောင့် သင့်ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် မျှော်လင့်ချက်ကင်းကြကာ ထိုသို့သော ကြောက်မက်ဖွယ်အသံကို ပြုကြခြင်းဖြစ်သည်"

ဟု မြေကြားတော်မူလေလျှင် ဗိမ္ဗိသာရမင်းကြီးသည်

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.. ယခုတဖန်လှူဒါန်း၍ အမျှခွန်းညွှန်လျှင် ရကြပါဦးမည်လော"

ဟု ထပ်မံမေးလျှောက်ပြန်ရာ မြတ်စွာဘုရားက

"တိမ်း.. ရနိုင်ကြ၏ မြတ်သောမင်းကြီး" ဟု မြေကြားတော် မူလတ်သော် ဗိမ္ဗိသာရမင်းကြီးသည်

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.. သို့ဖြစ်ပါက မြတ်စွာဘုရားသည် ယနေ့ကောင်းမှုကုသိုလ်အလို့ငှာ ဆွမ်းတော်၏ အလှူဒါနကို ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့အား ကောင်းမှုကုသိုလ် အမျှခွန်းညွှန်းပါတဲ့" ဟု မြတ်စွာဘုရားကိုလျှောက်လေသော် မြတ်စွာဘုရားသည် ထိုဗိမ္ဗိသာရမင်းကြီး၏ ဝင့်လျှောက်ချက်ကို ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူလေ၏။

မင်းကြီးသည် နန်းတော်သို့ ပြန်သွား၍ကြီးစွာသော အလှူဒါနကို စီမံပြီးလျှင် မြတ်စွာဘုရားအား အလှူခံကြွရန် အချိန်တန်ကြောင်း ကြားလျှောက်စေလေ၏၊ မြတ်စွာဘုရားသည် နန်းတော်သို့ ကြွတော်မူ၍ ခင်းထားအပ်သော မြတ်သောနေရာ၌ ရဟန်းသံဃာအပေါင်းနှင့် အတူတကွထိုင်နေတော်မူလေ၏၊ထိုဆွေမျိုး ဟောင်းပြိတ္တာအပေါင်းတို့သည်လည်း "ယနေ့တော့ ကုသိုလ်အမျှစကန်ပင် ရကြတော့မည်" ဟု နန်းတော်သို့ လာရောက်ကြကာ နံရံတဘက်စသည်၌ စောင့်မျှော်ရပ်တည်နေကြတုန်၏။

မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ထိုခုကရောက်နေကြသည့် ဆွေမျိုးဟောင်း ပြိတ္တာအပေါင်း တို့ကို မင်းကြီးမြင်နိုင်ရန် စီမံဖန်ဆင်းတော်မူလေသည်၊ မင်းကြီးသည် မြတ်စွာဘုရားလက်တော်သို့ ရေစက် လောင်းလှူရင်း "ဤခံမေဥာတိနံဟောတု- ဤရေကြည်ရေတ်အလှူသည် အကျွန်ုပ်၏ဆွေမျိုးများအတွက် ဖြစ်ပါစေ သတည်း" ဟု အမျှခွန်းညွှန်းလေသော် ထိုခဏ၌ပင် ဆွေမျိုးပြိတ္တာတို့ ကုသိုလ်အဖို့ဘာဝ ရရှိကြသဖြင့် ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့ သုံးဆောင်ရန် ကြာမျိုးငါးပါးတို့ဖြင့် အပြည့်ဖုံးအပ်သော ရေကန်များ ထွားထနဲ ဖြစ်ပေါ်လာကြလေသည်၊ ထိုဆွေမျိုး ပြိတ္တာတို့သည် ထိုရေကန်တို့၌ သောက်ကြ ချိုးကြ၍ ပူပန်ခြင်း၊ ပင်ပန်းခြင်း ရေငတ်ခြင်း ကင်းကြကာ ရွှေရောင်အဆင်းဝါဝင်းသောကိုယ်အဆင်း ရှိကြလေကုန်၏၊ ဗိမ္ဗိသာရ မင်းတရားကြီးသည် တဖန် ယာဂုဆွမ်းခဲဖွယ် ဘောဇဉ်ဆွမ်းတို့ကို အစဉ်အတိုင်း ဘုရားအမှူးရှိသော ရဟန်း သံဃာအား လှူဒါန်း ဆက်ကပ်၍ အမျှခွန်းဈေးနည်းအတူ ညွှန်းလေသော် ထိုခဏ၌ပင် ထိုဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့ သုံးဆောင်ရန် နတ်၌ဖြစ်သော ယာဂုခဲဖွယ်ဘောဇဉ်တို့ ထင်ရှားဖြစ်ပေါ်လာကြလေသည်၊ ထိုဆွေမျိုး ပြိတ္တာတို့သည် ထိုဒိဗ္ဗယာဂုခဲဖွယ်ဘောဇဉ်တို့ကို ရှေးက စတ်ခဲ့သမျှ ကတိုးချ၍ အားပါးတရ သုံးဆောင်စားသောက်ကြရ၍ ပြည့်ဖြိုးစိုပြေသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဣန္ဒြေနှင့် ပြည့်စုံခြင်းသို့ ရောက်ကြလေကုန်၏၊

ထို့နောက် မင်းကြီးသည် တဝတ်သက်န်း ထိပ်ရာ နေရာများကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းဆက်ကပ်၍ အမျှခွန်း ဈေးနည်း အတူ ညွှန်းလေသော် ထိုခဏ၌ပင် ထိုဆွေမျိုးပြိတ္တာတို့ သုံးဆောင်ရန် နတ်၌ဖြစ်သောသင်္ကန်းများ၊ နတ်၌ဖြစ်သော ဘုံဗိမာန်များ ပြသာဒ်များ နတ်၌ဖြစ်သော အခင်းအပြ ထိပ်ရာနေရာ

အဆင်တန်ဆာ တံမြှင်မျိုးတို့သည် မြစ်ထွန်း၊ ပေါ်ပေါက်၍ လာကြကုန်၏။ ထိုစည်းစိမ် ချမ်းသာများအလုံးစုံကို ဗိမ္ဗိသာရမင်းကြီး မြင်နိုင်အောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန်တော်မူလေ၏။ ထိုသို့ အဓိဋ္ဌာန်မူချက်အရ ထိုစည်းစိမ် အလုံးစုံကို ဗိမ္ဗိသာရမင်းကြီးသည် ကောင်းစွာမျက်ဝါးထင်ထင် တွေ့မြင်ရကား အလွန်လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဆွမ်းတုန်းပေးခြင်းကိစ္စပြီးစီးလတ်လျှင် မာဂဓတိုင်းရှင်ဘုရင် ဗိမ္ဗိသာရမင်းကြီးအား တနုမောဒနာတရားဟောကြားတော်မူသောငှာ- တိရောကုဋ္ဋေသုတိဋ္ဌန္တိ၊ သန္ဓိသိင်္ဃာဋကေသု စ- ဗိမ္ဗိသာရမင်းကြီးအား အနုမောဒနာတရားဟောကြားတော်မူသောငှာ- တိရောကုဋ္ဋေသုတိဋ္ဌန္တိ၊ ဒွါရဗာဟာသုတိဋ္ဌန္တိ အာဂန္တွာန သကံ ဃရံ - အစရှိသော (၁၂) တဆယ့်နှစ်ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သည့် ဤတိရောကုဋ္ဋသုတ္တန် ဒေသနာကို ဟောကြားတော် မူလေ၏။

ဤတိရောကုဋ္ဋသုတ္တန်ဒေသနာ နိဂုံးဆုံးလတ်သောအခါ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၏ အပြစ်ဒေါသကို မြင် သောတ်အောင်ကြောက်လောက်အောင် မြတ်စွာဘုရား ဟောကြားဖွင့်ပြတော်မူချက်အရ ထိတ်လန့် သံဝေဂရ၍ ကြကာ အသင့်အားဖြင့် တားထုတ်ကျင့်ဆောင်ကြသည့် သတ္တဝါအပေါင်း ရှစ်သောင်း၊လေးထောင်တို့သည် သစ္စာလေးပါး တရားသိမြင်ကျွတ်တန်းဝင်ကြလေသည်။

ဒုတိယနေ့၌လည်း မြတ်စွာဘုရားသည် နတ်လူတို့အား ဤတိရောကုဋ္ဋသုတ္တန်ကိုပင် ဟောကြားတော် မူသေး၏၊ ခုနစ်ရက်မြောက်နေ့တိုင်အောင် ဤနည်းအတူပင် ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ မပြတ် သမယ ကျွတ်တန်းဝင်ကြလေသည်။

သေရိဝါဏိဇဇာတ် ရွှံကုန်သည်မိုက်အကြောင်း

ဘုရားအလောင်းရွှံကုန်သည် (သေရိဝါဏိဇ ရွှံကုန်သည်သည် ရွှံကုန်သည်မိုက်တဦးနှင့်အတူ မြစ်ကိုကူးပြီး "အန္ဓပုရ"ပြည်သို့သွား၍ မြို့ကို နှစ်ပိုင်းခွဲဝေပြီး မိမိရသောအပိုင်း၌ လှည့်လည်ကာ ရွှံများကို ရောင်း၏၊ ထိုမြို့၌ ဥစ္စာဆွေမျိုးအားလုံးပျက်စီးသွားသော သူဌေးအမျိုးမှ ကျန်ရစ်သည့် သူငယ်မနှင့်အဖွားနှစ်ဦးတို့သည် အစေခံလုပ်၍ အသက်မွေးကြ၏၊ သူတို့၏အိမ်၌ စွန့်ပစ်ထား၍ အညစ်အကြေးတက်နေသည့် ရွှေခွက်တစ်လုံးရှိ၏။ရွှံကုန်သည် မိုက်သည် ထိုအိမ်တံခါးသို့ ရောက်လာ၏၊ မြေးငယ်က ရွှံတန်ဆာကို ဝယ်နိုင်းသဖြင့် အဖွားသည် ရွှံကုန်သည်အား ထိုရွှေခွက်ကို ပေး၍ ရွှံတန်ဆာကို တောင်း၏၊ ရွှံကုန်သည်မိုက်သည် ရွှေခွက်ဖြစ်သည်ကို သိသော်လည်း ရွှံတစ်ခုမျှ မပေးဘဲ ရယူလိုသဖြင့် "ဤခွက်သည် ပဲဝက်မျှ မထိုက်" ဟုဆိုပြီး ရွှေခွက်ကိုလွှင့်ပစ်သွားလေ၏၊

ထို့နောက်ဘုရားအလောင်းသည် ထိုအိမ်တံခါးသို့ ရောက်သော် အဖွားသည် ရှေးနည်းတူ ထိုရွှေခွက်ကို ပေး၍ ရွှံတန်ဆာကို တောင်း၏၊ ဘုရားအလောင်းသည် ရွှေခွက်ဖြစ်သည်ကိုသိ၍ "ဤရွှေခွက်တားအဖိုးတစ်သိန်း ထိုက်၏၊ အတွန်ပ်မှာ အဖိုးတသိန်းတန်သော ဥစ္စာမရှိ"ဟု ဆို၏၊ အဖွားက "ဤရွှေခွက်ကိုယူ၍ တစုံတခုမျှကိုသာ ပေးခဲ့" ဟု ဆို၏၊ ဘုရားအလောင်းသည် သူ့မှာရှိသည့် ငွေငါးရာနှင့် ငါးရာတန် ဥစ္စာတို့ကိုပေးပြီး အမြန်သွား၍ လှေကိုငှားပြီးမြစ်ကို ကူးသွား၏၊ ရွှံကုန်သည်မိုက်သည် ထိုမြေးအဖွားအိမ်သို့ ပြန်သွား၏၊ အကြောင်းစုံကို သိရသော် လောဘမီး ဟောက်လောင်၍ သူ့လက်ထဲရှိ ငွေဥစ္စာအားလုံးကို လွှင့်ပစ်ခဲ့ပြီးချိန်ခွင်ကို တိုင်တာ ဘုရားအလောင်း နောက်သို့လိုက်လေ၏၊ သူသည် မြစ်ကမ်းနားသို့ရောက်၍ ဘုရားလောင်းစီးသည့် လှေကိုလှမ်းခေါ်၏၊ခေါ်မရသော်

သူသည် လောကဓံကြောင့် နှလုံးပူ၍ခံဖွယ်မှ ဒွေးအန်ပြီး ဘုရားအလောင်းကို ပထမဦးဆုံး ရန်ငြိုးဖွဲ့လျှက် ထိုဖြစ်၌သေလေ၏။

စိတ်ကောင်းရှိသူသည် သတိနှင့်ကြိုးစားလျှင် ဘေးကင်း၍ ချမ်းသာမည်။ မြတ်စွာဘုရားသည် ဓေတာဝန် ကျောင်း၌နေစဉ် ဝီရိယလျှော့သော ရဟန်းတပါးတို့ အကြောင်းပြု၍ ဤဂါထာကို ဟော၏။ (ဇာတ်ပေါင်း၊ ဒေဝဒတ် ရွှေကုန်သည်ဗိုက်၊ ဘုရား ပညာရှိရွှေကုန်သည်)

ဥပတိဿနှင့် ကောလိတ (အဂ္ဂသာဝကအလောင်းပရိဗိုဇ်နှစ်ဦးတို့ မြတ်စွာဘုရားထံသို့ ရောက်ရှိကြခြင်း)

အချိန်ကား မြတ်စွာဘုရားသခင် ရာဇဂြိုလ်ပြည်သို့ ရောက်ရှိပြီးလဝတ်ခန့်အကြာ တပို့တွဲလဆန်း (၁) ရက်နေ့ မိုးသောက်အချိန်ဖြစ်သည်။ ထိုအခါ သိဉ္စည်းပရိဗိုဇ် ဆရာကြီးသည် ပရိဗိုဇ်တပည့်အခြံအရံ (၂၅၀) နှစ်ရာ့ငါးဆယ်တို့နှင့်အတူတကွ ရာဇဂြိုလ်ပြည်၌ နေထိုင်ဆဲရှိနေသည်။ ထိုအချိန်၌ အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿပရိဗိုဇ်နှင့် အရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတပရိဗိုဇ် တို့သည် သိဉ္စည်းဗိုဇ်ဆရာကြီး၏ တပည့် ခံ၍ပရိဗိုဇ်တို့၏ အကျင့်ကို ကျင့်ကြနေဆဲ ဖြစ်၏။

ဥပတိဿပရိဗိုဇ်နှင့် ကောလိတရိဗိုဇ် သူငယ်ချင်းနှစ်ဦးတို့သည် သိဉ္စည်း ဆရာကြီးထံသို့ ရောက်ရှိပြီးနှစ်ရက် သုံးရက် အတွင်းမှာပင် ထိုဆရာကြီး၏ အယူဝါဒ အကျင့်လမ်းစဉ် အဆုံးရောက် သင်ကြားတတ်မြောက်ကြပြီးရာ ထိုသိဉ္စည်းဆရာကြီး၏ အယူဝါဒ အကျင့်လမ်းစဉ် အမြိုက်နိဗ္ဗာန်တရားကို မတွေ့မြင်ကြကုန်သည်ဖြစ်၍ "ငါ့ရှင် . . ဤသိဉ္စည်းဆရာကြီး၏ အကျင့်ဝါဒ လမ်းစဉ်သည် အချည်းနှီး သာဖြစ်၏ အနှစ်သာရမရှိ၊ ယခုကစ၍ ငါတို့နှစ်ဦးတွင် အမြိုက်နိဗ္ဗာန်ကို အလျင်လက်ဦးရရှိ သိမြင်သောသူက မရရှိမသိမြင်ရသေးသောသူအား ပြောကြားကြစတမ်းဟူ၍ ကတိကဝတ် ထားရှိခဲ့ကြ ပြီးဖြစ်ကုန်၏။

မြတ်စွာဘုရားသခင် ရာဇဂြိုလ်ပြည်သို့ ရောက်ရှိပြီး လဝတ်ခန့်အကြာ တပို့တွဲလဆန်း (၁) ရက်နေ့လောက် ရောက်လတ်သောအခါ ပဉ္စဝဂ္ဂီမထေရ်ငါးပါး ။ ပါအဝင် အရှင်အဿဇိ မထေရ်သည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်ပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင် ဝတ်ရုံတော်မူကာ ကြည်ညိုဖွယ်ရှိသော၊ ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ လက်ကိုကွေးခြင်း၊ ဆန့်ခြင်းတို့ဖြင့် လေးတောင်ခန့်မျှ ချအပ်သော မျက်လွှာရှိလျှက် ကြည်ညိုဖွယ်သော ဣရိယာပုတ်ဖြင့် ရာဇဂြိုလ်ပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူလေ၏။

အရှင်သာရိပုတ္တရာအလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်သည် ရာဇဂြိုလ်ပြည်အတွင်းသို့ ကြည်ညို ဖွယ်သော ဣရိယာပုတ်ဖြင့် ဆွမ်းခံကြွဝင်တော်မူလာသော အရှင်အဿဇိ မထေရ်ကို မြင်လေလျှင် ဥပတိဿ ပရိဗိုဇ်၏ စိတ်သန္တာန်၌ -

"ဤရဟန်းသည် လောက၌အရဟတ္တမဂ်အရဟတ္တဖိုလ်သို့ရောက်ရှိပြီးကြသော ပုဂ္ဂိုလ်တို့တွင် တပါး အပါအဝင် ဧကန်ဖြစ်ပေလိမ့်မည်၊ ငါသည်ဤရဟန်းထံသို့ချဉ်းကပ်၍ "ငါ့ရှင် . . . သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့သနည်း၊ သင်သည် အဘယ်ဆရာ၏ တရားကို နှစ်သက်ပါသနည်းဟု မေးရမူကောင်းလေစွ" ဟု အကြံဖြစ်လေ၏။ ထို့နောက်တဖန် ဆက်၍ဥပတိဿ ပရိဗိုဇ်သည် ဤရဟန်းအား မေးမြန်းဖို့ရန် အချိန်အခါ

မဟုတ်သေး၊ မြို့တွင်းသို့ဝင်ကာ ဆွမ်းခံနေဆဲ ဖြစ်၏။ မသေရာမှန်နိဗ္ဗာန်တရားကို လိုလားကြသည့် ငါတို့သူငယ်ချင်း နှစ်ဦးသာ "သေခြင်းတရားရှိလျှင် မသေရာ နိဗ္ဗာန်တရားလည်း ရှိရမည်ဟု အနုမာနဉာဏ်ဖြင့် မှန်းဆအပ်သော နိဗ္ဗာန်တရားကို မျက်မှောက်ထင်ထင် တွေ့ရှိသိမြင်ရန် ရှာကြနေသောငါသည် ဤရဟန်းနောက်သို့ ဖဝါးခြေထပ် ထပ်ကြပ်မကွာ လိုက်ပါရပါမှ ကောင်းလေစွ" ဟု ကြံစည်ကာ အရှင်အဿဇိ၏ နောက်သို့မျက်ခြေမပြတ် လိုက်ပါခဲ့လေသည်၊

ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိမထေရ်သူမြတ် ဆွမ်းခံပြီးလျှင် နေရာတရပ်တစ်ခု၌ ထိုင်နေတော်မူလိုသော အရိပ်အကဲကို သိရှိကာ မိမိ၌ပါလာသော ပရိဗိုဇ်၏ အသုံးအဆောင် အင်ဖျဉ်ငယ်၊ လေးထောင့်ခုံငယ် အလေးကို ခင်း၍ပေးပြီးလျှင် မထေရ်မြတ်ဆွမ်းစားပြီးသောအခါ၌လည်း မိမိ၏ ရေကရားဖြင့် ရေကပ်လှူပြန်လေသည်၊ ဤသို့ဆရာအပေါ်၌ ပြုရန်ဝတ္တရားကို ပြုပြီးမှ ဆွမ်းစားပြီးသော မထေရ်မြတ်နှင့် ချိုပြိန်သော အစေ့အစပ်စကား ပြောကြားပြီးလျှင် -

"ငါ့ရှင်. . . သင်၏ မျက်စိ၊ နား၊ နှာ စသော ဣန္ဒြေတို့သည် ကြည်လင်လှကုန်၏၊ အရေအဆင်းသည် သန့်ရှင်းကြည်လင် အပြစ်ကင်းစင်လှပေ၏၊ ငါ့ရှင်. . . သင်သည် အဘယ်ဆရာကို မှန်း၍ ရဟန်းပြုခဲ့ပါသနည်း၊ သင်၏ဆရာသည် အဘယ်သူပါနည်း၊ သင်သည် အဘယ်ဆရာ၏တရားကို နှစ်သက်ပါသနည်း။" ဟူ၍ မေးမြန်းလေ၏၊ ထိုအခါ အရှင်အဿဇိ မထေရ်သူမြတ်က

"ငါ့ရှင်. . ငါသည် အသင့်နှုသကျနွယ်ဖွားသာကီဝင်မင်းမျိုးမှ တောထွက်ကာ ရဟန်းပြုသော မြတ်စွာဘုရားကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသည်၊ ထိုမြတ်စွာဘုရားသည် ငါ၏ ဆရာဖြစ်ပါသည်၊ ငါသည် မြတ်စွာဘုရား၏တရားတော်ကို နှစ်သက်သူ ဖြစ်ပေ၏၊" ဟု မိန့်ဆိုတော်မူလေသော် ဥပတိဿပရိဗိုဇ်သည် "အရှင်၏ဆရာဘုရားသည် အဘယ်အယူဝါဒ ရှိပါသနည်း၊ အဘယ်တရားကို ဟောကြားလေ့ ရှိပါသနည်း"

ဟု တဖန်ထပ်လျှောက် မေးလျှောက်ပြန်လေ၏၊ ထိုအခါ အရှင်အဿဇိ မထေရ်သူမြတ်သည် ဤပရိဗိုဇ်တို့သည်ကား သာသနာတော်၏ ဆန့်ကျင်ဘက်အယူဝါဒ ရှိကြသူများ ဖြစ်ကုန်၏၊ ဤဥပတိဿပရိဗိုဇ်အား ငါသည် သာသနာတော်၏ နက်နဲသိမ်မွေ့သောအဖြစ်ကို ထင်ပြပေအံ့ဟု ကြံစည်ပြီးလျှင် မိမိကိုယ်တိုင်က သီတင်းငယ်ဖြစ်နေသည့်အတွက် ကျယ်ကျယ်ဝန်းဝန်း မညွှန်းပြနိုင် သောကြောင်းဖော်ပြလိုသည်ဖြစ်၍

"ငါ့ရှင်. . ငါသည် သီတင်းငယ်မျှသာ ဖြစ်ပါသေး၏၊ ရဟန်းဖြစ်ခဲ့သည်မှာ၊ မကြာသေးပါ၊ ဤသာသနာတော်သို့ ယခုမှရောက်သစ်စဖြစ်ပါသေးသည်၊ သို့ဖြစ်၍ငါသည် သင့်အားအကျယ်အားဖြင့် တော့တရားကို ဟောခြင်းငှာမစွမ်းနိုင်ပေ၊ သို့သော်ငါသည် သင့်အား အနက်အဓိပ္ပါယ်လိုရင်း ကိုကား အကျဉ်းအားဖြင့်ဟောပြနိုင်ပါလိမ့်မည်" ဟု မိန့်ဆိုတော်မူလေ၏၊

ထိုအခါ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်က "အကျွန်ုပ်သည် ဥပတိဿအမည်ရှိသော ပရိဗိုဇ်ပညာရှင်တစ်ဦးဖြစ်ပါသည်၊ အရှင်သည် အစွမ်း ရှိသရလောက်သာ အနည်းငယ်ကိုဖြစ်စေ၊ များစွာကိုဖြစ်စေ ဟောတော်မူပါ၊ ထိုအရှင်မြတ် ဟောအပ်သော တရားကို နည်းပေါင်းထောင်အဆောင်ဖြင့် ချဲ့ထွင်၍ သိမြင်ရန်မှာ အကျွန်ုပ်၏ တာဝန်သာဖြစ်ပါသည်" ဟု ကြံစည်ပြီးလျှင် အရှင်မထေရ်ကို

"ရှိပါစေတော့ရှင်..၊ တနည်းငယ်တိုဖြစ်စေ၊ များစွာကိုဖြစ်စေ ဟောတော်မူပါ၊ ထိုသို့ ဟောရာမှာလည်း အနက်အဓိပ္ပါယ်လိုရင်းကိုသာ နာယူလိုပါသည်၊ များပြားသော ဗျဉ္ဇနာပုဒ်ပါ၌ အကျယ်ရာသခွါတွေကို ဟောနေသဖြင့် အကျွန်ုပ်ဖို့ရာ အဘယ်မှုစတဲ့နည်း"

ဟု ပြောဆိုလျှောက်ထားလေသော် အရှင်အဿဇိ မထေရ်သူမြတ်သည် ဥပတိဿပရိဗိုဇ်ကို -

ယေဓမ္မာဟေတုပ္ပဘဝါ တေသံ ဟေတုံတထာဂတောအာဟ

တေသဉ္စ ယောနိရောဓော ဧဝံဝါဒီမဟာသမဏော ။

ငါ့ရှင်...။ ယေဓမ္မာ-ခန္ဓာငါးပါးအကြင်ဒုက္ခသစ္စာတရားတို့သည်၊ ဟေတုပ္ပဘဝါ- သမုဒယသစ္စာအကျော သောအလျှင် အစွန်အစ အခြေခံအကြောင်းရင်း ရှိကြကုန်၏၊ တေသံ - ထိုခန္ဓာ ငါးပါး ဒုက္ခသစ္စာတရားတို့ကို လည်းကောင်း၊ တေသံ ထိုခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏ ဟေတုံစ - အကြောင်းသမုဒယသစ္စာ နှစ်ပါးတို့၏၊ ယောနိရောဓော အကြင်ချုပ်ရာချုပ်ကြောင်းဖြစ်သော နိရောဓသစ္စာ မဂ္ဂသစ္စာနှစ်ပါးသည် အထင်ရှိ၏၊ တဉ္စ- ထိုနိရောဓသစ္စာ မဂ္ဂသစ္စာ နှစ်ပါးကိုလည်းကောင်း၊ တထာဂတော-ငါတို့ဆရာ မြတ်စွာဘုရားသည်၊ အာဟ-စိတ်ဖြင့် ခွဲခြား ဟောကြားတော်မူပေ၏၊ မဟာသမဏော- သုံးလူ့ဥက္ကဋ္ဌ ရဟန်းဖြစ်တော်မူပါသော ငါတို့ဆရာ မြတ်စွာဘုရား သည် ဧဝံဝါဒီ-ဤသို့ သစ္စာလေးပါး အမြတ်တရားကို ခွဲခြားဖော်ပြ ဝိဘဇ္ဇဟု ဝါဒဝေဖြို အယူရှိတော်မူပေ၏၊ ဟူ၍သစ္စာလေးပါးတရားအချက်အနက် အဓိပ္ပါယ်ပြည့်စေသည့် ဓမ္မဒေသနာကို ဟောကြားတော် မူလေ၏၊

ဥပတိဿပရိဗိုဇ်သည် ဖော်ပြပါတရားဒေသနာဂါထာရှေ့ထက်ဝက်ကို ကြားနာရလျှင်ပင် သောတာ ပတ္တိဖိုလ်၌တည်လေ၏၊ ဂါထာနောက်ထက်ဝက်ကိုကား သောတပန်ဖြစ်ပြီးသောအခါ နာယူမှု ပြီးဆုံးလေသည်၊ ထိုအခါ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်သည် -

ဧသေဝဓမ္မော ယဒိတာဝဒေဝ ပစ္စဗျထပဒမသောကံ၊

အဒိဋ္ဌံ အဗ္ဘတီတံ၊ ဗဟုကေဟိကပ္ပနဟုတေဟိ၊

တပည့်အရှင်ဘုရား...၊ ဧသေဝ- ထိုအာဝိဝဋ္ဋမ သောတာပတ္တိဖိုလ်မျှသို့လျှင်၊ ပစ္စဗျထ- ကိုယ်တိုင်မျက်မှောက်ဉာဏ်ဖြင့် ဆိုက်ရောက်အပ်သည်၊ ယဒိဟောတိ-အကယ်၍ ဖြစ်စေကာမူ၊ ဓမ္မော-အကျွန်ုပ်တို့ သူငယ်ချင်း နှစ်ဦးသားမှေ့ရှာ၍ နေသောတရားသည်ကား၊ ဧသော- ဤတရားပင် လျှင်တည်း၊ တာဝဒေဝ- အရှင်ဘုရားတို့သည်၊ အသောကံ- စိုးရိမ်ခြင်းကင်းရာဖြစ်သော၊ ပဒံ-နိဗ္ဗာန်တရားကို၊ ပစ္စဗျထ - မျက်မှောက်ထင်ထင် သိမြင်ကြကုန်၏၊ အမှေဟိ-အကျွန်ုပ်တို့သည် ကုဋေပေါင်း-ဤနိဗ္ဗာန်တရားကို၊ အဒိဋ္ဌံမျက်မှောက် ထင်ထင် မသိမြင်အပ်သည်ဖြစ်၍ ဗဟုကေဟိကပ္ပနဟုတေဟိ-တသင်္ချေ ကမ္ဘာပေါင်းများစွာတို့ ပါတ်လုံး၊ အဗ္ဘတီတံ- အချိန်တွေကုန်လွန်ပျက်ပြုန်း အဆုံးကြီး ရှုံးခဲ့ရလေပြီ" ဟူ၍ ဤဂါထာကို ရွတ်ဆိုကာမိမိ၏ အရှိန်ကြာမြင့်စွာ ဆုံးရှုံးနစ်နာခဲ့ရပုံကို လျှောက်ထားပြောဆိုပြီးလျှင် ဥပတိဿ ပရိဗိုဇ်သည် အထက်မဂ်ဖိုလ်သို့ မရောက်သေးမီပင် "ဤလောကုတ္တရာတရားအရာ၌ အကြောင်းထူးရှိဦးမည်" ဟုကြံစည်စဉ်းစားပြီးလျှင် အရှင်အဿဇိ မထေရ်ကို "အရှင်ဘုရား... ဤမျှသာရှိပါစေဦး၊ အထက်သို့ဆက်၍ တရားဒေသနာကို မဟောကြား ပါနှင့် ဦး၊ အကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံးနေထိုင်တော် မူပါသနည်း"

ဟုလျှောက်ထားမေးမြန်းလေသော် အရှင်အဿဇိ မထေရ်သူမြတ်က -

"ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် သီတင်းသုံးနေထိုင်တော်မူပါသည်ငါ့ရှင်.." ဟု မြေကြားတော်မူသည်တွင်

"အရှင်ဘုရား... သို့ဖြစ်ခဲ့လျှင် အရှင်ဘုရားတို့သည် ရှေ့ကအလျှင် ကြွသွားတော်မူနှင့်ပါကုန်၊ တပည့်တော်၏ သူငယ်ချင်းတယောက် ကျန်ရှိနေပါသေးသည်၊ အကျွန်ုပ်တို့သည်လည်း "အမြိုက်နိဗ္ဗာန်ကို အလျှင်လက်ဦးသိသူက ကျန်တဦးအား ပြောကြစေတမ်း"ဟု အချင်းချင်း ကတိကဝတ် ပြုထားပ်ကြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အကျွန်ုပ်သည် ထိုကတိကဝတ် ဝန်ခံချက်ကို ပြေလည်အောင် ပြုလုပ်ပြီးမှ အကျွန်ုပ်၏ သူငယ်ချင်းကိုခေါ်ဆောင်ခဲ့၍ အရှင်ဘုရားတို့ကြွသွားသော လမ်းအတိုင်း မြတ်စွာဘုရားထံတော်သို့ လိုက်ပါလာခဲ့ပါမည်။" ဟု လျှောက်ဆိုကာ ထိုခြင်းဝါးမျိုးဖြင့် မထေရ်၏ ခြေတော်ရင်း၌ ဝပ်စင်းရှိကျိုးရှိခိုးပြီးလျှင် လက်ျာရစ်သုံးပတ်လှည့်လည်၍ အရှင်အဿဇိ မထေရ်ကို အလျှင်လက်ဦးလွှတ်ပြီးနောက်ပရိဗိုဇ် ကျောင်းတရံသို့ ရှေးရှုသွားလေ၏။

တောလိတပရိဗိုဇ် သောတာပန်တည်ခြင်း

ထိုအခါ ကောလိတပရိဗိုဇ်သည် ဥပတိဿပရိဗိုဇ်လာနေသည်ကို အဝေးကမြင်လတ်၍ "ယနေ့ ငါ့သူငယ်ချင်း၏မျက်နှာအဆင်းသည် အခြားနေ့များနှင့် လားလားမျှမတူ၊ စာနပင်ငါ့သူငယ်ချင်းသည် မသေရာမှန် နိဗ္ဗာန်တရားကိုရရှိသိမြင်ခဲ့လိမ့်မည်"ဟု ကြံစည်ထင်မြင်ကာ ဥပတိဿပရိဗိုဇ်ကို

"ငါ့ရှင်သင်၏ မျက်စိ၊ နား၊ နှာစသော ဣန္ဒြေတို့သည် ကြည်လင်လှကုန်၏၊ အရေအဆင်းသည် သန့်ရှင်းကြည်လင် အပြစ်ကင်းစင်လှပေ၏။ ငါ့ရှင်.. အသို့နည်း။ သင်သည် မသေရာအမှန် နိဗ္ဗာန်တရားကို ရအပ်ခဲ့ပြီလော" ဟု မေးမြန်း၍ ဥပတိဿပရိဗိုဇ်က

"ဟိမ်၊.. ငါ့ရှင် ငါတာ၊မသေရမှန် နိဗ္ဗာန်တရားကို ရအပ်ခဲ့လေပြီ" ဟုမြေကြားလတ်သော် တဖန်ထပ်၍ ကောလိကပရိဗိုဇ်က -

"ငါ့ရှင်.. သင်သည်အဘယ်သို့သော အချင်းအရာဖြင့် မသေရာမှန် နိဗ္ဗာန်တရားကို ရရှိခဲ့ပါ သနည်း"

ဟု မေးမြန်းလေ၏။ ထိုအခါ ဥပတိဿ ပရိဗိုဇ်သည် မိမိအရှင် အဿဇိ မထေရ်သူမြတ်နှင့် တွေ့ရှိခဲ့ရသည့် အကြောင်းအရာကို အကျယ်တဝင့် ပြန်ကြားပြောဆိုပြီးလျှင် ယေဓမ္မာဟေတုပ္ပဘဝါ အစရှိသော ဂါထာတို့ပင် ကောလိတပရိဗိုဇ်အား ဟောကြားလေ၏၊ ဂါထာဆုံးသောအခါ ကောလိတပရိဗိုဇ်သည် သောတာပတ္တိဖိုလ်၌ တည်ပြီး၍ ဥပတိဿပရိဗိုဇ်ကို -

"အဆွေတော် ဥပတိဿ ငါတို့ဆရာ မြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံး နေထိုင်တော်မူသနည်း၊" ဟုမေး၍ ဥပတိဿ ပရိဗိုဇ်က -

"အဆွေတော် ကောလိတ.. ငါတို့ဆရာ မြတ်စွာဘုရားသည် ယခုအခါ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူလျက်ရှိကြောင်း ငါတို့ဆရာ အဿဇိ မထေရ်သူမြတ်က မိန့်ကြားတော် မူအပ်ခဲ့ပါသည်"ဟု မြန်ကြားပြောဆိုလတ်သော် ကောလိတပရိဗိုဇ်သည် စိတ်ဆတ်သူ စိတ်မြန်သူပီပီ"

"ငါ့ရှင် ထိုသို့ ဖြစ်ခဲ့လျှင် မြတ်စွာဘုရားထံတော်သို့ သွားကြစို့၊ ထိုရွှေဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည် ငါတို့၏ ဆရာသခင် ကျေးဇူးရှင်ကြီး ဖြစ်ပေသည်"ဟု ပြောဆိုလေသည်၊

## တပည့် ပရိဗိုဇ်များနှင့် သိဉ္စည်းဆရာကြီးတို့ထံ သွားရောက်ကြခြင်း

ထိုအခါ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်သည် အောက်လူများကို ထောက်ထား ငဲ့ညှာတတ်သူပီပီ "ငါ့ရှင်.. ဤပရိဗိုဇ် (၂၅၀) တို့သည် ငါတို့ကို အမှီပြုကာငါတို့၏ အကဲတို့သာ အမြဲကြည့်၍ ကြတာ ဤပရိဗိုဇ်အရပ်တို့၌ နေကြသူများဖြစ်ကြကုန်သည်။ ထိုပရိဗိုဇ် (၂၅၀) တို့ကိုလည်း ပန်ကြားဦးစို့၊ ထိုသို့ ပန်ကြားပြောဆိုမှသာ သူတို့ သဘောကျသည့်အတိုင်း ပြုလုပ်နိုင်ကြ ပေလိမ့်မည်" ဟု စိတ်ရှည်၊ လက်ရှည် ထောက်ထား ဟောကြားသည့်အပြင် အခါခပ်သိမ်း ဆရာသမားကို လေးစားတော်ရော် ပူဇော်သူဖြစ်သည့်အားလျော်စွာ "အဆွေတော်ကောလိတ.. ငါတို့သိအပ်ပြီးသော မသေရာမှန် အမြိုက်နိဗ္ဗာန်တရား၊ ငါတို့၏ ဆရာကြီး သိဉ္စည်းပရိဗိုဇ်အားလည်း ပြောကြားဦးစို့ ဉာဏ်ရှိသူဖြစ်လျှင် ထိုဆရာကြီးသည်လည်း ငါတို့ကို ယုံကြည်၍ မြတ်စွာဘုရားထံတော်သို့ လိုက်ပါလာလိမ့်မည်၊ မြတ်စွာဘုရားရှင်တို့ တရားဒေသနာ တော်သို့ လိုက်ပါလာလိမ့်မည်၊ မြတ်စွာဘုရားရှင်တို့ကို တရားဒေသနာကို ကြားနာရလျှင် မဂ်ဖိုလ်ကို ထိုးထွင်းသိမြင်ပေလိမ့်မည်" ဟု ပြောဆိုပြီးလျှင် သူငယ်ချင်းနှစ်ဦးသားတို့သည် တပည့်ပရိဗိုဇ်များထံသို့ ရှေးဦးစွာ သွားရောက်ကြ၍ ထိုတပည့်ပရိဗိုဇ် (၂၅၀) နှစ်ရာငါးဆယ်တို့ကို

"ငါ့ရှင်တို့ ငါတို့သည် မြတ်စွာဘုရားအထံတော်သို့ သွားကြကုန်အံ့၊ ထိုရွှေဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည် ငါတို့၏ ဆရာသခင် ကျေးဇူးရှင်ကြီး ဖြစ်တော်မူပေသည်" ဟူ၍ ပြောဆိုကြကုန်၏။

"တပည့်ပရိဗိုဇ် (၂၅၀) တို့သည်လည်း အရှင်တို့ အကျွန်ုပ်တို့သည် အရှင်တို့ကို အမှီပြုကြကာ အရှင်တို့၏ အကဲတို့သာ အမြဲကြည့်ရှုကြကာ ဤပရိဗိုဇ်အရပ်၌ နေကြသူများ ဖြစ်ပါကုန်သည်၊ အရှင်တို့နှစ်ပါး ကမြတ်စွာဘုရားတံတော်၌ မြတ်သောအကျင့်တို့ကျင့်ကြပါလျှင်၊ အကျွန်ုပ်တို့အားလုံးလည်း မြတ်စွာဘုရားအထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးကြပါကုန်အံ့"

ဟူ၍ ပြန်ကြားလျှောက်ထားကြလေသည်။ ထိုအခါ သူငယ်ချင်းနှစ်ဦးသားတို့သည် သိဉ္စည်း ဆရာကြီးထံသို့ သွားရောက်ကြ၍ သိဉ္စည်းဆရာကြီးကို မြတ်စွာဘုရားထံသို့ အတူတကွ သွားရောက်ကြရန် သုံးကြိမ်တိုင်တိုင် ခေါ်ဆောင်ပါသော်လည်း မရရှိပဲ နောက်ဆုံးတွင် သိဉ္စည်း ဆရာကြီးက -

"အမောင်တို့.. ဤလောက၌ ပညာမဲ့သူက များသလော၊ ပညာရှိသူက များသလော" ဟူ၍ မေးမြန်းသဖြင့် "ဆရာကြီး... ဤလောက၌ ပညာမဲ့သူကသာများ၍ ပညာရှိသူကား နည်းပါးလှပါသည်" ဟု ဖြေဆိုကြလေသော် သိဉ္စည်းဆရာကြီးက "အမောင်တို့.. ထိုသို့ဖြစ်ခဲ့လျှင် ပညာရှိသူများသည် ပညာရှိသည့် ရဟန်းဂေါတမထံသို့ သွားကြလိမ့်မည်၊ ပညာမဲ့သောသူများသည် ပညာမဲ့သော ငါ၏အထံသို့ လာကြလိမ့်မည်၊ အမောင်တို့သာ သွားကြလော့၊ ငါကား ဘယ်နည်းနှင့်မှ မလိုက်နိုင်" ဟု ဆုံးသတ်စကားပြတ် ပြောဆိုသဖြင့် သူငယ်ချင်း နှစ်ဦးတို့သည် မိမိတို့၏ တပည့် ပရိဗိုဇ် (၂၅၀) နှစ်ရာငါးဆယ်တို့ကို ခေါ်ဆောင်ကြ၍ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတိုက်သို့ သွားကြလေကုန်၏။

ဥပတိဿ ပရိဗိုဇ်နှင့် ကောလိတပရိဗိုဇ်သူငယ်ချင်း နှစ်ဦးတို့ ခေါ်ဆောင်ရှေ့သွားပြု၍ တပည့် ပရိဗိုဇ် (၂၅၀) နှစ်ရာငါးဆယ်တို့နှင့်တကွ ဝေဠုဝန်ကျောင်းတိုက်သို့ သွားကြလေသော် သိဉ္စည်းဆရာကြီး၏ ပရိတ်သတ်အား

ကွဲပြားခဲ့လေပြီး ပရိုဟိတ်အခါကြီးတစ်ခုလုံး ဆိတ်သုန်းလေပြီ၊ သိဥ္စည်းဆရာကြီးမှာ ဆိတ်သုဉ်းသော မိမိ၏ ပရိုဟိတ်အခါ ကျောင်းတိုက်ကြီးကို ကြည့်၍ သောကအတွင်းမီး တောက်လောင်တာ ကျိုက်ကျိုက်ဆူသောသွေး ခံတွင်းမှ တပွတ်ပွတ် အံထွက်လာလေတော့၏။ ထိုအချိန်၌ မြတ်စွာဘုရားသည် ပရိသတ်တို့၏ အလယ်၌ တင့်တယ်စွာထိုင်နေတော်မူ၍ တရားဟောနေခိုက် မြစ်ရကား ဥပတိဿပရိုဗိုဇ်နှင့် ကောလိတပရိဗိုဇ် သူငယ်ချင်းနှစ်ဦးသားတို့ တပည့်ပရိဗိုဇ် (၂၅၀)တို့နှင့်အတူတကွ ဝေဠုဝန်ကျောင်းတိုက်သို့ ရှေးရှုလာနေကြသည်ကို အဝေးက မြင်တော်မူလတ်၍ တိုယ်တော်ထံပါး၌ တရားနာနေဆဲ ရှိကြသော ရဟန်းများကို ·

"ရဟန်းတို့.. (ဟောဟိုမှာ) ကောလိတနှင့် ဥပတိဿသူငယ်ချင်းနှစ်ဦးသားတို့ ငါဘုရားထံသို့ လာနေကြသည်၊ ထိုသူနှစ်ဦးသည် ငါဘုရား၏ လက်ဝဲရံ လက်ယာရံ တဂ္ဂသာဝက အစုံဖြစ်ကြလိမ့်မည်"ဟု၍ မိန့်ကြားတော်မူလေ၏၊ ထိုအခါ ဘူငယ်ချင်း နှစ်ဦးသားတို့သည် တပည့်ပရိဗိုဇ် (၂၅၀) တို့နှင့် အတူ မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ချဉ်းကပ်ကြ၍ မြတ်စွာဘုရား၏ ခြေတော်အစုံ တို့၌ ဦးခေါင်းဝတ်လျှိုး ရှိနိုးဦးညွှတ်ကြတုန်၏။

## ဧဟိဘိက္ခုရဟန်းချည်းဖြစ်ကြခြင်း

ထိုသို့ မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးကြပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.. အကျွန်ုပ် တို့သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်သို့ ရ ရပါစေ..." ဟု ရှင်ရဟန်းအဖြစ်ကို တောင်းပန်ကြ လေသော် မြတ်စွာဘုရားသည် ရှေးနည်းအတူပင် "ဧထဘိက္ခဝေါ အစရှိသည်ဖြင့် ရဟန်းတို့.. လာကြလော့၊ သင်ချစ်သားတို့ တောင်းပန်အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်လေပြီ သင်ချစ်သားတို့သည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို တျင့်ကြအိုးကုတ်အားထုတ်ကြလော့" ဟု ရွှေလက်တော်ကို ဆန့်တန်း၍ ဧဟိဘိက္ခုခေါ် တော်မူလိုက်သည်နှင့် တပြိုင်နက် ထိုသူငယ်ချင်း နှစ်ဦးနှင့်တကွ တပည့် ပရိုဗိုဇ် (၂၅၀) တို့သည် ဣဒ္ဓိမယပရိက္ခရာတို့ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသားဖြစ်ကြလျှက် ဝါတော်-၆၀ ရသော မထေရ်ကြီးများ ပမာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြလျှက် ရဟန်းပြုပြီးသား ဖြစ်ကြလေတော့သည်၊ အံ့ဩဘွယ်ရာ လူ့အသွင် ထွယ်ပျောက်၍ ရဟန်းအသွင်သို့ ကူးပြောင်းသွားကြလေတော့သည် မဟိဘိက္ခုဝေါ- ဟူ၍ မြတ်စွာဘုရားက ရွှေနှုတ်တော်မြွက်၍ ခေါ်တော်မူလိုက်ခြင်းပင် ထိုသူငယ်ချင်းနှစ်ဦးတို့နှင့်တကွ တပည့်ပရိဗိုဇ် (၂၅၀) တို့ အဖို့ရာ ဧဟိဘိက္ခုရဟန်းခံခြင်းပင်ဖြစ်လေသည်၊ သိမ်ဝင်ဖွယ်ရာကိစ္စလုံးဝ မရှိတော့ပြီ။

## တပည့်ရဟန်း(၂၅၀) တို့ ရဟန္တာဖြစ်ကြခြင်း

ထိုသို့ ဧဟိဘိက္ခုရဟန်းပြုကြပြီးသောအခါ မြတ်စွာဘုရားသည် ထိုသူငယ်ချင်း နှစ်ဦးတို့၏ ပရိတ်သတ်ဖြစ် ကြသော ရဟန်း (၂၅၀) တို့၏ စရိုက်ကို ကြည့်ရှုတော်မူကာ ထိုသူတို့နှင့် သင့်လျော်လျောက်ပတ်သော တရားတို့ကို ထိုးခွဲ့ဟောကြားတော်မူလေ၏၊ အဂ္ဂသာဝကနှစ်ပါးကို ချန်ထား၍ကြွင်းသော တပည့်ရဟန်း (၂၅၀) တို့သည် အရဟတ္တဖိုလ်သို့ တထိုင်တည်းမှာပင် ရောက်ကြလေကုန်၏။

အဂ္ဂသာဝက နှစ်ပါးတို့အတွက်ကား အထက်မဂ်သုံးပါးကိစ္စသည် မပြီးဆုံးသေးဘဲရှိ၏၊ အကြောင်းကား

သာဝကပါရမီဉာဏ်သည် (၁) အဂ္ဂသာဝကပါရမီဉာဏ် (၂) မဟာသာဝကပါရမီဉာဏ် (၃) ပကတိသာဝကပါရမီဉာဏ်ဟူ၍ သုံးပါးရှိသည့်အနက် အရှင်မြတ်နှစ်ပါးတို့၏ အဂ္ဂသာဝက ပါရမီဉာဏ်တ ကြီးမားကျယ်ပြန့် လှသော ကြောင့်တည်း။

## အရှင်မဟာမောဂ္ဂလန် ရဟန္တာဖြစ်ခြင်း

ထို့နောက် အရှင်မဟာမောဂ္ဂလာန် ရဟန်းဖြစ်သည့်နေ့မှ ခုနစ်ရက်မြောက်သော နေ့၌ မဂဓတိုင်း ကာလ ပုတ္တဂ္ဂရွာငယ်ကို ဝေါစရဂါမ ပြု၍ တောအုပ်တစ်ခု၌ ရဟန်းတရားပွားများအားထုတ်တော်မူလတ်သည် ရှိသော် ခုနစ်ရက်ပတ်လုံး စကြံ့ကြွကာ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်တော်မူသဖြင့် ကိုယ်တော် ပင်ပန်းနွမ်းနယ်လှသည်ဖြစ်၍ စကြံ့ စွန်းဝယ် ထိုင်လျက်သား ငိုက်မျဉ်း၍နေတော်မူ၏၊ ထိုယို့ ငိုက်မျဉ်း၍ နေစဉ် မြတ်စွာဘုရားက ဈာပိတ်လန့်စေရကား ထိနမိဒ္ဓကို ပယ်မြောက်၍မြတ်စွာဘုရား နည်းပေးအပ်သည့် ဓါတ်ကမ္မဋ္ဌာန်းကို နာကြားရလျှင် အထက်မဂ်သုံးပါးကို ပြီးစေ၍ သာဝက ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူ လေသည်။

## အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ခြင်း

အရှင်သာရိပုတ္တရာ မထေရ်သည်လည်း ရဟန်းဖြစ်သောနေ့မှ (၁၅) ရက်လွန်သောနေ့ - တပို့တွဲ လပြည့်နေ့၌ မြတ်စွာဘုရားနှင့်အတူတကွ ရာဇဂြိုလ်ပြည် ဂိဇ္ဈကုဋ်တောင် သူကရခတလိုဏ် - ဝက်တူးလိုဏ်၌ နေတော်မူစဉ် မိမိ၏ တူဖြစ်သော ဒီဃနခပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟ သုတ္တန်ခေါ်သည့် မဇ္ဈိမ - နိကာယ၊ ပဏ္ဏာသ၊ ၃-ပရိဗ္ဗာဇကဝဂ်၊ ၄-ဒီဃနခသုတ်ကို မြတ်စွာဘုရား ဟောကြားတော် မူအပ်သည်ရှိသော် သုတ္တန်ကို အစဉ်လျှောက်သဖြင့် နှလုံးသွင်းတော်မူ၍ သူတစ်ပါးအတွက်ခူးထားသော ထမင်းပွဲကို သုံးဆောင်စားသောက်သော သူကဲ့သို့ သာဝကပါရမီဉာဏ် အထွတ်အထိပ်ပေါက်ရဟန္တာ အဖြစ်သို့ ရောက်တော်မူလေသည်၊ တဆယ့်ခြောက်ပါး သော ဉာဏ်ပညာတို့ကိုလည်း ထိုးထွင်းရမိ သိမြင်လေသည်၊ တူဖြစ်သော ဒီဃနခပရိဗိုဇ်ကား သောတာပတ္တိဖိုလ်သို့ ရောက်၍ သရဏဂုံတည်သူ ဖြစ်လေသည်။

## အင်္ဂါလေးပါးရှိသော သာဝကသန္နိပါတကြီး တကြိမ်ဖြစ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဤ "ဝေဒနာပရိဂ္ဂဟသုတ္တန်" ခေါ်သည့်ဒီဃနခသုတ္တန်ကို နေမဝင်မီဝင် ပြီးဆုံးအောင်ဟောတော်မူ၍ ဂိဇ္ဈကုဋ်တောင်မှ ဆင်းတော်မူခဲ့၍ ဝေဠုဝန်ကျောင်းတော်သို့ သွားရောက် ပြီးလျှင်

(၁) တပို့တွဲလပြည့်နေ့ဖြစ်ခြင်း။

(၂) မည်သူတစ်ဦးတယောက်မျှ ပင့်ဖိတ်အပ်သည်မဟုတ်ပဲ မိမိတို့ဆန္ဒအတိုင်း ရဟန်းပေါင်း (၁,၂၅၀) ဥရုဝေလကဿပ ညီနောင်ရဟန်းတထောင်နှင့် အဂ္ဂသာဝကကြီးနှစ်ပါးတို့ အဖွဲ့မှ နှစ်ရာငါးကိုပ်တို့ စုဝေးမိခြင်း။

(၃) ထို တထောင့်နှစ်ရာ ငါးကိုပ်သော ရဟန်းအားလုံးပင် ဧဟိဘိက္ခုရဟန်းချည်းဖြစ်ခြင်း။

(၄) ထိုရဟန်းအားလုံးပင် ဆဠဘိညာ၊ အသိဉာဏ်ခြောက်ပါးရရှိကြသည့် ရဟန္တာချည်းဖြစ်ခြင်း၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော သာဝကသန္နိပါတ၊ သာဝကအစည်းအဝေးကြီးကို

ပြုတော်မူပြီးလျှင် အရှင်သာရိပုတ္တရာ မထေရ်နှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီး နှစ်ပါးတို့အား အဂ္ဂသာဝက ရာထူးကို အပ်နှင်းပေးသနားတော်မူ၍ ထိုနေ့မှာပင် ဘုရားတကာမစွန့်ရာသော ဩဝါဒ ပါတိမောက်ကို ပြတော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

ရှေးပထမတွဲလာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်အခန်း၌ ဘုရားရှင်တို့၏ ဓမ္မာဘိသမယခေါ်သောတရားပွဲကြီးများ သုံးကြိမ်ဖြစ်သကဲ့သို့ ဤအကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားမှာလည်း အထူး မှတ်တမ်းတင်ယူအပ်သည့် ဓမ္မာဘိသယခေါ်သော တရားပွဲကြီးများ သုံးကြိမ်ပင် ဖြစ်ခဲ့လေသည်။ သုံးကြိမ် ဟူသော်ကား-

(၁) ရှေး၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ဘုရားဖြစ်ပြီးနောက် မိဂဒါဝုန်တောသို့ ကြွရောက်၍ ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ဟောကြားတော်မူသောအခါ အရှင်ကောဏ္ဍည မထေရ်သည် ဗြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေတို့နှင့် တကွသော တာဝတ္တိံသိုလ်၌ ဟည်လေသည်။

(ဤကား ရှေးဦးစွာ လူနတ်ဗြဟ္မာ သတ္တဝါတို့အား၊ သစ္စာလေးပါးတရားကို သိစေခြင်းဟု ဆိုအပ်သော ပဌမ ဓမ္မာ ဘိသမယ - နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။)

(၂) နောက်အခါ မဟာမင်္ဂလာအခါတော် နေ့၌စကြဝဠာပေါင်း တိုက်တသောင်းမှ စည်ဝေး ဆိုက်ရောက် လာကြသော နတ်လူအပေါင်းတို့၏ အလယ်၌ မင်္ဂလသုတ္တန်ကို ဟောကြားပြီးဆုံးသော အခါ မရေမတွက်နိုင်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တန်းဝင်ကြ ကုန်လတ္တံ့။

(ဤကားနှစ်ကြိမ်မြောက် လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါးတရားကို သိစေခြင်းဟု ဆိုအပ်သော ဒုတိယဓမ္မာဘိသမယ-နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။

(၃) တဖန်နောက်တခါ အရှင်ရာဟုလာကို စူဠရာဟုလောဝါဒ သုတ္တန်ကို ဟောတော်မူသောအခါ အရှင်ရာဟုလာ နှင့်တကွ ထောင်ပေါင်းများစွာ နတ်ဗြဟ္မာတို့ သစ္စာလေးပါးတရားသိမြင်၍ ကျွတ်တန်းဝင် ကြကုန်လတ္တံ့။

(ဤကားသုံးကြိမ်မြောက် လူနတ်ဗြဟ္မာ၊သတ္တဝါတို့အား သစ္စာလေးပါးတရားကို သိစေခြင်းဟု ဆိုအပ်သော တတိယ ဓမ္မာဘိသမယ သုံးကြိမ်မြောက် တရားပွဲကြီးတည်း)

## သာဝကသန္နိပါတ တတိယအကြိမ်

အကျွန်ုပ်တို့၏ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားမှ ရှေး၌ ဖော်ပြအပ်ပြီးသည့်အတိုင်း အင်္ဂါ လေးပါးရှိသော သာဝက အစည်းအဝေးကြီး တစ်ကြိမ်သာဖြစ်လေသည်။

ထိုအစည်းအဝေး၌ပင် မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပဌမဆုံးအကြိမ် ဝေဠုဝန်ကျောင်းတော် ၌ ပြတော်မူသည်။

(၁) ခန္တီပရမံတပေါတီတိက္ခာ နိဗ္ဗာနံ ပရမံဝဒန္တိဗုဒ္ဓါ၊
နဟိပဗ္ဗဇိတောပရူပဃာတီ၊
နသမဏောဟောတိ ပရံဝိဟေဌယန္တော၊

တိတိက္ခာ = တိတိက္ခာဟူ ဆိုအပ်သော၊ ခန္တီ = အဓိဝါသနာ၊ ခန္တီတရားသည် = သူတပါးတို့ စွပ်စွဲခြင်း၊ ပြစ်မှားခြင်းအမျိုးမျိုး အစရှိသည်ကို မျက်နှာမပျက် ခံနိုင်စွမ်းရှိမှုတည်းဟူသော ဝီရိယ၊ (တနည်း-ဝီရိယ ခေါင်းဆောင်သော စိတ္တုပ္ပါဒ်ကို အဓိဝါသနခန္တီဟူ၍ ခေါ်သည်) ပရမံ မြတ်သော၊ တပေါ -အကျင့်တည်း၊ နိဗ္ဗာနံ- တဏှာမှထွက်မြောက်ရာ နိဗ္ဗာန်တရားကို၊ ပရမံ မြတ်၏ဟူ၍၊ ဗုဒ္ဓါ- ဘုရားရှင်တို့သည် ဝဒန္တိ-ဟော တော်မူကုန်၏၊ ပရူပဃာတီ- သူတပါးတို့ သတ်ဖြတ်လေ့ရှိသောသူသည်၊ နဟောတိ = ရဟန်းမဖြစ်၊ ပရံ- သူတပါးတို့ကို၊ ဝိဟေဌယန္တော- ညှဉ်းပန်းနှိပ်စက်သောသူသည်၊ သမဏော- ကိလေသာခပ်သိမ်းတို့ ငြိမ်းအေးစေတတ်သော ရဟန်းမြတ်သည်၊ နဟောတိ = မဖြစ်၊

(၂) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ -အပြစ်ရှိကြောင်း ခပ်သိမ်းသော အကုသိုလ်တရားတို့၏၊ အကရဏံ-မပြုလုပ်ခြင်း (ဝါ)မဖြစ်စေခြင်း လည်းကောင်း၊ ကုသလဿ အပြစ်မဲ့ကြောင်းကောင်းမြတ်သော ကုသိုလ်တရားတို့၏၊ ဥပသမ္ပဒါ-ပြည့်စုံခြင်း လည်းကောင်း၊ သစိတ္တပရိယောဒပနံ-နီဝရဏ-တစ်ငါးပါးညစ်ကြေးကြောင်း တရားတို့ကို ပယ်ရှားသုတ်သင် မိမိစိတ်ကို ဖြူစင်စေခြင်းလည်းကောင်း၊ ဧတံ-ဤတရားသုံးပါးသည်၊ ဗုဒ္ဓါနံ- အဆူဆူသော ဘုရားရှင်တို့၏၊ သာသနံ-အဆုံးအမဩဝါဒ အနုသာသနီ ပေတည်း၊ (သီလသံဝရဖြင့် ခပ်သိမ်းသော အကုသိုလ်တရားကို ပယ်ရှား၍ လောကီလောကုတ္တရာ သမထဝိပဿနာ ဘာဝနာဖြင့် ကုသိုလ် တရားတို့ ပြည့်စုံစေပြီးလျှင် အရဟတ္တဖိုလ်ဖြင့် မိမိစိတ်ကို အပြီးတိုင် ဖြူစင်စေရမည်၊ ဤတရား ဘုရားရှင်တိုင်း၏ အဆုံးအမဩဝါဒ အနုသာသနီ ဖြစ်ပေသည်ဟု ဆိုလိုသည်၊)

(၃) အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေစ သံဝရော။
မတ္တညုတာစ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေစ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

အနုပဝါဒေါ-သူတပါးတို့ကိုလည်း မစွပ်စွဲခြင်း၊ သူ့တို့လည်း မစွပ်စွဲစေခြင်း လည်းကောင်း၊ (ဝါစသီတသီလကို ဟောတော်မူသည်) အနုပဃာတော သူတပါးတို့ကို ကိုယ်တိုင်လည်း မညှဉ်းပန်းမနှိပ်စက်၊ မသတ်ဖြတ်ခြင်း၊ သူ့တို့လည်း မညှဉ်းပန်းစေ မနှိပ်စက်စေ သတ်ဖြတ်စေခြင်းလည်းကောင်း (ကာယိကသီလကို ဟောတော်မူသည်)၊ ပါတိမောက္ခေစ၊ အကြီးအကဲပါတိမောက္ခ မြတ်သောသီလ၌၊ သံဝရောစ အပြစ်မရှိအောင်ထိန်းသိမ်း စောင့်စည်းခြင်း လည်းကောင်း၊ (ပါတိမောက္ခသံဝရသီလနှင့် ဣန္ဒြိယ သံဝရသီလနှစ်ပါးတို့ကို ဟောတော်မူသည်)၊ အဓိစိတ္တေ ဝိပဿနာဉာဏ်၏ အခြေခံပါဒက ဖြစ်သောသမာပတ်အဓိစိတ္တသိက္ခာမြတ်၌၊ အာယောဂေါ မပြတ်ကြိုးကုတ်အားထုတ်ခြင်းလည်းကောင်း၊ ဧတံ-ဤသည်ခြောက်ပါး-တရားအစုသည်၊ ဗုဒ္ဓါနံ-အဆူဆူသော ဘုရားရှင်တို့၏၊ သာသနံ အဆုံးအမဩဝါဒ အနုသာသနီပေတည်း၊ (ဤဂါထာဖြင့် သိက္ခာသုံးပါးတို့ကို အကျဉ်းချုပ် ဟောကြားတော်မူသည်၊)

## ဣန္ဒသာလာဂူ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ်အကြောင်းအရာ

ထိုသို့ ပဉ္စသိခ နတ်သား၏ စောင်းသံ၊ သီချင်းသံဖြင့် နတ်အများစုဝေးပြီးသောအခါသိကြား နတ်မင်းသည် တာဝတိံသာနတ်ပြည်ရှိအပ်လျှက် ပဉ္စသိခ်ဂန္ဓဗ္ဗ နတ်သားကို ရှေ့ဆောင်ပြု၍ခွန်အား ကြီးသော ယောကျ်ားသည် တွေးသောလက်ကို ဆန့်သကဲ့သို့လည်းကောင်း၊ ဆန့်သောလက်ကို တွေးသကဲ့သို့လည်းကောင်း၊ ဤအတူပင် တာဝတိံသာနတ်ပြည်မှကွယ်၍ မဂဓတိုင်းရာဇဂြိုလ်ပြည်၏ အရှေ့အရပ်ရှိ သမ္ဗသဏ္ဍာမည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင်၌ ထင်ရှားပေါ်လာလေသည်။

ထိုစဉ်အခါ ဝေဒိယက တောင်နှင့် အမ္ဗသဏ္ဍာပုဏ္ဏားရွာသည် နတ်တို့၏ အရောင်ဖြင့် တပြောင်ပြောင် တောက်ပလျှက်ရှိ၏။ သို့ရကား ထက်ဝန်းကျင်ရွာတို့၌ နေကုန်သောလူတို့သည် "ယနေ့ဝေဒိယကတောင်သည် လောင်စလိလိရှိလှချည်တကား၊ ယနေ့ ဝေဒိ-ယကတောင်သည် တောက်လှချည်တကား၊ ယနေ့ ဝေဒိ-ယကတောင်နှင့် အမ္ဗသဏ္ဍပုဏ္ဏားရွာသည် အဘယ်ကြောင့် အလွန့်အလွန် တောက်ပြောင်ပါဘိသနည်း"ဟု ပြောဆိုတုန်လျှက် ထိတ်လန့်ကြ ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်းထလျှက်ရှိကြကုန်၏။

လူများပကတိညစာစားပြီးစအချိန် ရွာအလယ်၌ ကလေးများကစားနေကြစဉ် သိကြားမင်းသည်ဝေဒိယက တောင်သို့ ရောက်ရှိလေသည်၊ ထို့ကြောင့်လူအများမြင်ကြ၍ ရှေး၌ ဆိုအပ်သည့်အတိုင်း ပြောဆိုကြလေသည်။ နတ်ပြဟ္မာတို့သည် သန်းခေါင်ယံ၌ မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ကြပ်ကြမြဲ ဓမ္မတာဖြစ်သော်လည်း သိကြားနတ်မင်းသည် သေဘေးမှ ထိတ်လန့်ကြောက်ရွံ့လှသောကြောင့် ပထမ ညဉ့်ဦးယံ၏ ရှေ့ပိုင်းအချိန်မှာပင် လာရောက်ခြင်းဖြစ်လေသည်။

ထိုအခါ သိကြားနတ်မင်းသည် ပဉ္စသိခ်နတ်သားကို "အမောင်ပဉ္စသိခ်. . မြတ်စွာဘုရားတို့သည် ဈာန် ဝင်စားလေ့ ရှိကုန်၏။ ဈာန်၌ မွေ့လျော်တော်မူကုန်၏၊ သို့ရကား ငါတို့ကဲ့သို့သော လောဘ၊ဒေါသ၊မောဟ မကင်းသူသည် ချဉ်းကပ်ရန် မလွယ်ကူလှချေ။ အမောင်ပဉ္စသိခ်. . သင်သည် မြတ်စွာဘုရားကို ရှေးဦးစွာခွင့်ပန် လော့၊ အမောင်ခွင့်ပန်ပြီးသည့် နောက်မှ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရပါမှ ကောင်းလေစွ" ဟု ပြောဆိုလေလျှင် ပဉ္စသိခ်နတ်သားသည် "ကောင်းပါပြီအရှင်သိကြားမင်း . ." ဟု ဝန်ခံစကား ပြောကြား၍ မွှေးမိုးသွားစဉ် ပဲနုံလွှယ်အပ်သော ဗေလုဝပဏ္ဍုနတ်စောင်းကို တီးခတ်ရန်လက်ဝဲလက်၌ ထားကာ ယူဆောင်၍ ဣန္ဒသာလလိုဏ်ဂူရှိရာသို့ ချဉ်းကပ်ပြီးလျှင် "ဤမျှလောက်ဆိုက မြတ်စွာဘုရားသည် ငါနှင့် မဝေးလွန်း မနီးလွန်းဖြစ်၍ ငါ၏ စောင်းသံကို ကြားတော်မူလိမ့်မည်" ဟု နှလုံးသွင်းကာ တစ်ခုသော နေရာ၌ ရပ်တည်လေ၏။

### ပဉ္စသိခ်နတ်သား၏ စောင်းချင်းဂါထာများ

ယင်းသို့ ရပ်တည်ပြီးသော် ပဉ္စသိခ်နတ်သားသည် ဗေလုဝ-ပဏ္ဍုနတ်စောင်းကို တီးလေ၏၊ ဘုရားနှင့် စပ်သော တရားနှင့်စပ်သော၊ သံဃာနှင့်စပ်သော၊ ရဟန္တာနှင့်စပ်သော၊ ကာမဂုဏ်နှင့်စပ်သော ဤဆိုလတ္တံ့သော ဂါထာကိုလည်း သီဆိုလေ၏။

မှတ်ချက်။ ။ ဤပဉ္စသိခ်စောင်းချင်းဂါထာများအနက်ကို (၁) နာဂရိန္ဒာဘိဿိရီသဒ္ဓမ္မရာဇာဓိရာဇဂုရု (၂) နရိန္ဒာဘိ

ရသဥ္စမ္မ ဓောတိပါလဓမဟာဓမ္မရာဓာဝိရာဇဂုရု (မင်းတုန်းမင်းတရားလျှေါက်ါန်းသည့် တံဆိပ်မတော်- ၂ရပ်နှင့်) (၃) ပဝရမဟာဓမ္မရာဇ ဝိရာဇဂုရု(သီပေါမင်းတရားလျှေါက်ါန်းသည့် တံဆိပ်တော်) ဤတံဆိပ်တော်သုံးထပ်ရ ပဥ္စမသံယာယနာအမှူးဖြစ်တော်မူသော ဆီးဘန်းနိ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သည့်အတိုင်း ကမ္ဘမဏ္ဍာနမေဒနီကျမ်းမှ ထုတ်ဆောင်၍ ဤကျမ်း၌ ဖော်ပြအပ်ပေသည်။

(၁) ဝဓနွေတေပိဘရဲ့ဘဇွေတိမ္ဗရူသုရိယဝဏ္ဏသေ။
ယေနဓာတာသိတလျှာဂါ၊ ဘနန္တစနနိမမ။

သုရိယဝဏ္ဏသေ-နေလုလင်ဝင်းတက်သစ်ဆင်းနှင့် ယှဉ်းထပ်တူကို ရောင်ယုသော။ ဘဒ္ဒေ- တိုဘချင်မ။ ယေနတိမ္ဗ ရူဓေဝရာဓေန-အကြင်တိမ္ဗရူအမည်ရှိသော ဓမည်းတော် နတ်မင်းကြောင့်။ တို့- သင်ချစ်နမသည် ကလျာဂါ - နာဂရ၊ မသ၊ သရ၊ အဋ္ဌ၊ ပရိက္ခာလ--ဝါ။ဝကလျာ ကိုယ်တင်္ဂါနှင့် ပြည့်စုံသည်။ ဟုထွာ-ဖြစ်၍။ ဓာတာ-ဖြစ်လာသည်၊ အသိ- ထင်ရှား၏။ မမ-ဝါမှည့်ရောင်ထပ် ဝါဓောင်းရှင်၏။ ဘနန္တ-ဓနနီနှစ်သက်ကြင် ကျွမ်းပိုက်ယမ်းငွေ့ဖက် နွဲ့ယုက်ခင်မင်ခြင်းကို ဖြစ်စေတတ်သည်လည်း။ အသိ-ဖြစ်ပေတုံ၏။ တေ-ရှင်မသုရိုဝဏ္ဏသာ ၏၊ ပိတရဲ-ခမည်းတော်ဖြစ်သော၊ တံတိမ္ဗရူ- ထိုတိမ်ရူဓေဝဂန္ဓဗ္ဗ နတ်မင်းတို့။ အဟံ - ဝေလုဝဓောင်းရှင် ငါလုလင်သည်တား ဂုဏာ-သင့်ကိုလိုခြင်ချင်းဟူသော အကြောင်းကြောင့် ဝန္ဒေ-ရှိခိုး၏။

(၂) ဝါတော ဝဓသဓတ်ကန္တော၊ ပါနီယဝပိပါသဓသာ
အင်္ဂီရသိဝိယာမေသိ၊ ဓမ္မောအရဟတာမိဝ။

(၃) အတုရဿဝ ဓဘသဇ္ဇံ၊ ဘောဇနံဝဇိယစ္ဆတော။
ပရိနိဗ္ဗာယမံဘဒ္ဒေ၊ ဇလန္တမိဝဝါရိနာ။

အင်္ဂီရသိ- ကိုယ်ရောင်ထွန်းဝ ရွှန်းရွှန်းလှသောသုရိယဝဏ္ဏသာ.. ။-သေဒတ်-သေဓန္တာနံ- ကိုယ်၏အညစ် အကြေးယိုကုန်သောလူတို့သည်၊ ဝါတော-ဓဓဆော်သွင်၊ လေဖြည်းညှင်းကို။ ကန္တောကွာဝ- တောင့်တလင့်ဆိုလို ဘိ၏။ သိပိပါသ-ကော ဝိပါသန္တသာ- ပန်းလူးဓွေလိပ် ရေမွတ်သိပ်သောသူသည်၊ ပါနီ- သန့်ဖြန်စချိုသောက်ရေကို လျှင်။ ကန္တက္ကာဝ- တောင့်တလင့်လိုသိ၏သို့။ အရဟတော- သံသရာရဟတ် ကန့်ကွပ်ဖျက်ဖြိုဖြိုတပုဂ္ဂိုလ်သည်။ ဓမ္မော- လောကုတ္တရာကိုးပြာကို- ကန္တောကွာဝ တောင့်တလင့်ဆိုလိုဘိ၏သို့။

အတာတုရသာ-ပန်းလျှည့်နွမ်း၊ ကိုယ်မကျန်းသောသူသည် ဘေသဇ္ဇ-ရောဂါစဲပြတ် ဆေးကောင်း မြတ်ကို။ ကန္တက္ကာဝ- တောင့်တလင့်ဆိုလိုဘိ၏သို့။ ဇိဃစ္ဆတော- တေဓောပြောင်ပြောင် ဝါတ်မီးလောင်၍ ဝမ်းဓေါင်ဟင်းလင်း ဖွာမယွင်းကို၊ ကန္တက္ကာဝ-တောင့်တလင့်ဆိုလိုတိ၏သို့။ မေ-မယာ- ဝါပဥ္စသိ နတ် ဓဝိန်သည်၊ တံ-ရှင်မသုရိယ ဝဏ္ဏာကို။ ပီယာ-တမ္ဘာသတ်ဆက်စုံမက်မြတ်နိုးလိုသည်၊ အသိ-ဖြစ်၏။ ဘဒ္ဒေ နိုးရေကိုယ်သားနုးညှံ့ထွားလှ တို့ရှင်မ..။ ဇလန္တ-အလျှံဝင်းရှိန် လိန်တပြောင်ပြောင်၊ ခွဲညီလောင်သည် ရောင်ညီးညီး မီးပုံကြီးကို ဝါရိနာ-သီတာရေလှ ရေချမ်းမြဖြင့်။ ပရိနိဗ္ဗာ ပေသိက္ကာဝ- ငြိမ်းစေဘိ၏သို့။ တဝ- ရှင်မ၏ ကာရကာ-မာယာ ဆွယ်ဆွယ် ဖြိုးရယ်ခြင်း ဓသောအကြောင်းကြောင့်၊ ဥပ္ပန္န-ဖြစ်သော၊ ကာမရာဂပရိဠာဟံ- တေဓေဘသံဝဋ္ဋတူ မမ္ဗာသည် ရာဂကည်းဟူသော ပူပန်ခြင်းကို၊ ပရိနိဗ္ဗာပယ- ရာဂကင်းတွေ ငြိမ်းပါစေလော့။

(၄) သီတောဇထံပေါက္ခတံပေါက္ခဏ်၊ ယုတ္တံကိဥ္စတ္တရေကုနာ။

နာဝေါသမ္မာတိတ တ္ထောဝ၊ ပြဂ်ါပေယတေတနူဒရံ။

သမ္မတိတတ္ထော• နေမင်းတန်ဆောင်ဝင်းဝင်းပြောင်၍ ပုလောင်ခြင်းဖြင့် နှိပ်စက်အပ်သော ကိုယ်ရှိသော၊ နာဝေါ•ဆင်ပြောင်သည်၊ တိဥ္စတ္တရေကုနာ• ဝဒုမ္မာခုံ ကြာဝတ်မှုံဖြင့်၊ ယုတ္တံ ပြည့်တသော၊ သီတောဇတံ• ရေနောက်ပြန်ည တင်းထေးတည်လျှက် ချမ်းကြည်စွာသီ ရေသန့်ရှိသော၊ ပေါက္ခရဏီ •တာအပြန်ပြန်လေးစေါင့်ကဲ သို့၊ သီဝါယောဏ္ဏာဝ သတ်ဆင်းလိုဘိ၏သို့၊ တေ• ရှင်မဟုရိယာဝစ္စာ၏၊ တနူဒရံ • နတ်ပန်းရနံ့ မွှေးပျံ့သင်းပုံ အစုံနှစ်ပါး ရင်ခွင်ကြားသို့၊ ပြဂ်ါပေယ• မွှေ့ရှသက်ဝင်ချင်စွာတတကား။

(၅) အစ္စုတိသောဝနာဝေါဝ၊ ငိတ်မေတ္တေဓာတုတ္တံတောဓရံ

တာရဏံနပ္ပဇာနာမိ၊ သမ္မတ္တော္တာသကူကုရမ္မယာ။

အဇ္ဇေ•တိုရှင်မဟုရိယဝစ္စသာ၊ အစ္စုတိသော ချွန်းကို လွန်ထသော (ဝါ) ချွန်းဖြင့်ချိန်လည်း နှိပ်ခြင်းငှာ မတတ်နိုင်ထသော၊ နာဝေါ•ဆင်ပြောင်သည်၊ မဒမ္မေနေ• နာဒ မုတ်စီ၊ တိုယ်သုံးရပ်တို့၌ ပီတိသုန်သုန် ဗာယစ်မုန် ကြောင့် ကုဏ္ဍတောမရုံ•ခမိုးဦးတင်းနားရင်းမင်းတိုင်ချိတ်ကိုင်ရွှေမှ စိတ်သန်မြားလှံချွန်တောင်းကို၊ ခိတ်•တျင်နာ ဆောင်အောင်ဖြင်ပြီးသည်ဖြစ်၍၊ ကာရုံဏာတာ ရဏံ •. အကောင်း မကောင်းကျိုးအကြောင်းတို၊ နပ္ပဇာနာ တိက္ခတေ•မသိနိုင်သကဲ့သို့၊ စ၀်•ပမာတို့ကူ အယံ • စောင်းမင်းသခင် ငါသုလင်သည်၊ တေ•ရှင်မ၏၊ လက္ခဏာရှုပတာ• လက္ခဏာပြည့်စုံသောပေါင်ရှိသည် အဖြစ်ကြောင့်၊ သမ္မတ္တော•ရာဂဖြင့် ယစ်သည်ဖြစ်၍၊ တာရဏာကာရဏံ• အကောင်း၊ မကောင်း၊ တျိုးအကြောင်းတို၊ နပ္ပဇာနာမိ• မသိနိုင်ပြီ။

(၆) တယိဓဝမီတစိတ္တောသို့၊ စိတ္တံဝိပရိဏာမိတံ။

ပဋိဂန္တုံနသက္ကောမိ၊ ဝဝ်ယဒေ္တာဝတမ္မဓော။

သုရိယဝစ္စသေ• နေလုလင်တမျှ ထွန်းဝင်းပသည့် သုရိယဝစ္စသာ၊ အဟံ•စောင်းမင်းသခင် ငါလုသင်သည်၊ တယိ•သင်နတ်အမိ၌ ဝေမိတစိတ္တော• မက်မောတပ်ပြေလွှမ်းမိုးနှိပ်စွေ့လျှက် တောက်မေ့သော စိတ်ရှိသည်၊ ဆသို့•ဖြစ်သည်ကတဖုံ၊ ဟိမိဝ•အတန္တုကား၊ ဝတ်ယဒ္တော • သံမှူးချိတ်ကို အစာလို၍ မျိုမိသော၊ အမ္ဗုဇော• ငါးဖယ်ငါးသိုင်း ငါးရံ့တိုင်းသည်၊ ပဋိဂန္တုံ• တွေ့ဖြစ်တဖန် နှစ်သက်ခြင်းငှာ၊ နသက္ကော•တိက္ခဝ• မစွမ်းနိုင်ဝလေ နေရာ၏၊ စ၀်ကထာ• ပမာတို့တူ၊ မေ• ဝေလုဝ စောင်းရှင် ငါလုလင်၏၊ စိတ္တံ• မက်မောတပ်ပြေ့လွှမ်းမိုးနှိပ်စွေ့လျှက် တောက်မေ့သောစိတ်သည် ဝိပရိ•ဏာမိတံ•တန့်ရပ်မတည် ချာချာလည်၏၊ အဟံ•မတ္တော•သခင် ငါလုလင်သည်၊ ပဋိဂန္တုံ• တဖန်ဆုတ်နစ် တံမြစ်ခြင်းငှာ၊ နသက္ကောမိ • ဆည်းတပိုင်ပိုင် မတတ်နိုင်။

(၇) ဝါမူရူသစံမံဘဒ္ဒေ့ဂိဒါဓေသလောစနေ။

ပရိသဇမံကလျာဏီ၊ ဧတံမေအာသိဝတ္တတိ။

ဆယ်မီးတိုရှောင်း လွန်ပျော့ပြောင်းသည့် ရွှေချောင်းနှန်းဘိ ပေါင်လုံးရှိသော၊ ဘိုသူရိယာဝစ္စသာ၊ ဦးစွန်း ငါးမြာ နတ်သားငါကို၊ နှံမက်နှစ်သက် လည်တိုဖက်လော့၊ ပြည်းပြည်းညင်းညင်း မြော်တင်းရှုလေ့ရှိသော၊ တိုအရှင်မ၊ ဦးစွန်းငါးမြာ နတ်သားငါကို၊ ယုယပိုက်ထွေ့ ရွှေရင်ငွေ့ဖြင့် သိမ့်မွေ့ပြမ်သက် လည်ဖက်လော့အညီငါးပါးမြောက်ဆယ်

စွန်းကယ်လေးခု စေတုသဠိမှတ်ကြောင်းရှိသော သုရိယဝဏ္ဏသာ၊ ဦးစွန်းငါးဖြာ နတ်သားငါကို၊ တလုံးစုံသော တဖို့အားဖြင့် လည်ကိုဖက်လော့၊ ထိုသို့ ဖြည်းဖြည်း ညွှင်း ညွှတ်၊ လည်ဖက်ခြင်းတို့၊ ငါပဥ္စသီ နတ်ဧဝိန်သည်၊ တကြိမ်များစွာ တောင့်တပါ၏၊

(၈) အပွကောဝတ မေသန္တော၊ တာမောဧဠေ်တ ကောသိယာ၊

အနေကဘာ ဝေသမုပ္ပါဒိ၊ အရဟန္တေဝဇပ္ပိတာ၊

ဗေလုဝစောင်းရှင် ငါလုလင်၏၊ ကာမရာဝသည်၊ ရှင်ဘေုန်းတော မတွေ့ခင်ဝယ် အနည်းဝယ်သာလျှင်၊ ဖြစ်ပါလျက် ညွှန့်ညွှန့်ရှည်သွယ် နွယ်သော ဆံနှိသော ရှင်မကြောင့်၊ ရဟန္တာသခင် အရှင်မြတ်၌၊ သဒ္ဓါကြည်ဖြူ မြတ်သောအလှူတဲ့သို့၊ စေတည်တဲ့နိုင်ခွေပိုင်တုန်ဆန်း တိမ်းမတ်သော သဘောရှိသည်၊ ခါခါဖန်ဖန် ဖြစ်လာပြန်၍ ဖြစ်လေတိ၏၊

(၉) ယံမေအတ္တိတတံပုည၊ အရဟန္တေသုတာဒိသု၊

တံမေသဗ်ဗတလျာဏံ၊ တယာသဒ္ဓိံ ဝိပစ္စတံ၊

တညီငါးပြာလတ္ထဏာနှင့် ပြည့်စုံသော သုရိယဝဏ္ဏသာ . . . ညီစုနှစ်ချောင်း ရွှေစောင်းတော်ရှင် ငါသခင်သည်၊ လာဘာလာဘဗေသည့် ရှစ်တန် လောကဓံ၌သည်းခံကျော်လူ အထူးရှိလှပေတုန်သော ရဟန္တာသခင် အရှင်မြတ်တို့၌ ဝစ္စည်းလေးခုဝ် တစ်လှူကြည်နူးမြူခဲ့ဘူးသော သန့်ရှင်းဖြူစင် အကြင် ကောင်းမှုသည်ရှိ၏၊ ညီ့စုနှစ်ချောင်း ရွှေစောင်းတော်ရှင် ငါသခင်၏၊ သန့်ရှင်းဖြူစု ပွတ်သစ်ခရ ထိုကောင်းမှုသည်၊ တလျာစုံ လတ်သင်မိနတ်နှင့် တွာလေသီ ယခုမျက်မှောက်စံစားလောတ်ဖောင် တိုးရောက်မသွေပေစေလို၏တည်း၊

(၁၀) ယံမေအတ္တိတတံပုည၊ အသ္မိံပထဝီမဏ္ဍလေ၊

တံမေသဗ္ဗံတလျာဏံ၊ တယာသဒ္ဓိံ ဝိပစ္စတံ၊

လုံးစုံလတ္တဏာပြည့်စုံလှသော သုရိယဝဏ္ဏသာ၊ မြေမှုတ်နှာစပ်၊ ဤတပြင်၌ ဥဘ္ဘစ်မှည့်ဝင်းစောင်းမင်း ဆရာလုလင် ငါသည်ပစ္စည်းလေးရပ် တစ်လှူကြည်နူးမြူခဲ့ဘူးသော၊ သန့်ရှင်းဖြူစင်အကြင်ကောင်းမှုသည် ရှိသည်တမှု၊ ဥဘ္ဘစ်မှည့်ဝင်းစောင်းမင်းဆရာလုလင် ငါ၏၊ သံသရာအဟိုကြည်ညိုဖြူလစ်ပွတ်သစ်ခရုထိုကောင်းမှုသည်၊ တင်္ဂါစုံလတ်သင်မိမြတ်နှင့် မကွာပေါင်းဖြစ် ယခုမျက်မှောက်ခံစားသောတ်ဖောင် တိုးရောက်မသွေပေးရလို၏တည်း၊

(၁၁) သက္ကပုတ္တော၀ရောနေန၊ ဓကောဒိနိပတောသတော၊

အမတံမုနိဗိဂီသာနေ၊ တမဟံသုရိယဝဏ္ဏသေ၊

နေလုလင်အတုကိုယ်ရောင်လှသော သုရိယဝဏ္ဏသာ၊ ခဲညီးတော်သုဒ္ဓေါဒန၊ မယ်တော်မဟာသာကီဝင် မင်း၏သားဖြစ်တော်မူထသော၊ နိဝရဏာသကြိလ်တို့ကို ရှာန်မြတ်ဖြင့်၊ မနှိုအရကိုယ်တော်ချည်းသာ ဣရိယာသိမ်မွေ့ နေလတ်လေ့ရှိထသော၊ ပညာဥသုံပြည့်စုံထသော မမေ့မလျော့မပေါ့ သတိရှိတော်မူထသော၊ တစမ္မရာစ်သေဌ်နင်း မြတ်စွာသည်၊ တိုနာသေနေ တင်းလွတ်ကြွေသားဘုံရွှေသာထွန့်အမိုမဗ်တို ဆန္ဒတော်ရှိရှာလေဘိသို့၊ တိမ္မရှုသည်း ပွတ်သင်မိမြတ်ကို ဝန္နမူနတ်ငါစောင်းတတ်သည် ပတ်ပတ်ရှာမှ္မနေ့တိုင်း မွေ၏၊

(၁၂) သထာဂိမုနိနန္ဒေယျ၊ ပတ္တာသမ္ဗောဓိ ဓုတ္တမံ။

စဝံနန္ဒေယျံကလျာဓိ၊ မိသိဘာဝံဂတောတယာ။

သားနိုးရွယ်ဆဲရေ ဝါးတန်ဖြင့် ကြွန်စုံလှသော သုရိယဝံသာရဟန်းများထွင်တမွတ်ဘုန်းရှိမြတ်မုနိသည်၊ အကဲရှိသော၊ ဝဇိရိန်ရွှင်းအက်ညာဏစက်သို့၊ ဝိသုဒ္ဓိခုနှစ်ပါး တရားစဉ်သင့်ရောက်သဖြင့်လျှင်အားရန်း အင်ပြည့် နှစ်သက်၏၊ သို့ပမာတူ၊ ကိမ္ဗရသည်ပွတ်သင်မိနတ်နှင့်၊ မကွာပေါင်းဖက်ရောရှက်လည်၏ တဖြစ်သို့ရောက်ပါတမူ အား အဆထရာဝမ်းမြောက်ပါ၏။

(၁၃) သဗ္ဗောဓိစေဝရံဖွား၊ တာဝတိံသာနမိသာရော

တာဟံတဒွေဝရေယျာပော၊ ဧဝံတာမောဒဗျော မမ။

တိုသုရိယဝံသာဝတိံသာ နတ်များစွာတို့ကို၊ အစိုးရသော၊ ဆင်းရဲချမ်းသာဝေးငှာ ပိုင်ပိုင်စွမ်းနိုင်လေပြား နတ်သိကြားသည်၊ ပေလုဝဓောင်းရှင် ပါလုလင်အား၊ နတ်ဒေဝရိန်မင်းစည်းစိမ်နှင့် ဂုက်ရှိန်ကြီးမြတ်သင်မိနတ်ဟု နှစ်ရပ်အပြားဆုမြတ်များ နှစ်သက်ရာမှုအဓောင်ယူဟုကြည်ဖြူဆောက်နှင်း အကြွင်းမထားတတ်ပေပြားတဲ့၊ ဤသို့ ပိုင်စားပေးသနားသည်ရှိသော်၊ ဦးစွန်းငါးဖြာနတ်သားဝါသည် သင်နတ်သမီးရှုမင်းကို၊ ဆုမြတ်တဆုယူပေထ၏၊ နတ်ဒေဝရာဇ်မင်းအဖြစ်ကို ဆုမြတ်တဆုငါမယူပေရာ၊ နေရောင်တမျှထွန်းလင်းပသည့် သုရိယဝံသာဝန္ဒပွဲနတ် ငါဓောင်းတတ်၏၊ သင်နတ်သမီးရှုမင်းကိုလိုကြီးလိုလျှက် တပ်မက်တမြင်းစွဲလန်းခြင်းသည် ဤသို့နိုင်လျှက် မည်သူ ဖျောက်သည်းမဖျောက်နိုင်ပဲ သံမှိုစွဲသို့မြဲပလေ၏တည်း။

(၁၄) သာလံဝနာခိရံမှုလ္လံ၊ ပိတာရံတေသုမေဓသော၊

ဝန္ဒမာနေသနမသာဓိ၊ တသာသေတာဒိသိပဇာ။

ပညာဆန်းကြွယ်အဝန်းကျယ်သည့် အဘယ်သုရိယဝံသာ တကြိမ်တိမ္ဗရုဓေဝတမနတ်မင်း၏ ထိုသို့သဘောရှိသော၊ သမီးချောသည် ဗဒ္ဓိသန်ဥပပတ်ဖြစ်လာလတ်၏၊ မကြာမြင့်မို၊ ရင်းများမလွှတ်ပင်လုံးကျွတ် ဖွင့်သော၊ သန္တာတသွင်အင်ကြင်းပင်ကဲ့သို့၊ အသရေခေါင်ထွင်ရ သင်မိနတ်၏ ထိုတိမ္ဗရုဓေဝ အဖခမည်းတော်ကို အလေးအမေ့ အလျှော့အတင်း၊ အပြင်းအသာအညံ့ဝါသည့်၊ ခုနှစ်ဖြာသော စောင်းသံသခင်ပါလုလင်သည် နှိုးသည်ဖြစ်၍ သင့်ကိုရလို့မှ ဦးညွတ်ခြင်းကိုပြု၏။

ဤကား ပဉ္စသိခနတ်သားစောင်းတီး၍ သီချင်းဆိုလတ်သော် မြတ်စွာဘုရားရှင်သည် ပဉ္စသိခ နတ်သားကို ပဉ္စသိခ် . . သင်၏စောင်းသံသည် သီချင်းသံနှင့်ကိုက်ညီပေ၏၊ သီချင်းသံသည်လည်း စောင်းသံနှင့် ကိုက်ညီပေ၏၊ သင်၏စောင်းသံသည် သီချင်းသံကို မလွန်ပေ၊ ဤကဲ့သို့ချီးမွမ်းစကား မိန့်ကြွားတော်မူ၏။

ဤ၌၊ ။အဘယ်ကြောင့် မြတ်စွာဘုရားသည် သီချင်းသံနှင့် စောင်းသံကို ချီးမွမ်းတော်မူသနည်း၊ ထိုသီချင်းသံနှင့် စောင်းသံ၌ မြတ်စွာဘုရားရှင်၏ အဖို့ရာသာယာတပ်မက်ခြင်းရှိသလောဟု မေးမြန်းဖွယ်ရှိ၏၊ အဖြေကား အလျှင်းမရှိပါ၊ ဆဋ္ဌဂုံကျော၊ အင်္ဂါခြောက်ပါးရှိသော ဥပေက္ခာဖြင့် မုန်းချစ်မဟုလျစ်လျူရှုတော်မူသော မြတ်စွာဘုရားသည် ဤသို့သောအရာမျိုး၌ အလိုရှိတပ်သော အာရုံဟူ၍ ၁၁ သိမှတ်တော်မူ၏၊ ထိုအာရုံအပေါ်၌ တပ်မက်ခြင်း အလျှင်းမရှိချေ၊ (ထိုအကြောင်းကို သဠာယတနဝဂ္ဂသံယုတ်ကောဌိတသုတ်၊ ၌ ၂၀၁မျက်နှာ ၃၇၂

ကိုထောက်၍သိရာ၏။

အကယ်၍ မြတ်စွာဘုရားသည် သီချင်းသံနှင့်စောင်းသံကို ချီးမွမ်းမှုတော်မမူခဲ့သော် ဝဿသိခနတ်သားသည် ငါ့အားမြတ်စွာဘုရားသည် ခွင့်ပြုအပ်ပြီဟူ၍ မသိနိုင်လေရာ၊ ထိုသို့ဖြစ်ခဲ့သော် သိကြားမင်းသည် ပဉ္စသိခ်နတ်သားအား မြတ်စွာဘုရားသည် ခွင့်မပြုအပ်ချေဟု အောက်မေ့ကာ နတ်တို့ကိုခေါ်ဆောင်၍ ထိုနေရာမှပင်ပြန်နှင့်လေရာ၏။ ထိုသို့ပြန်နှင့်သည်ရှိသော် ကြီးစွာသောဆုံးရှုံးနစ်နာမှုဖြစ်လေရာ၏။ ချီးမွမ်းစကားမိန့်ကြားတော်မူအပ်သော်ကား ပဉ္စသိခ်နတ်သားအား မြတ်စွာဘုရားသည် ခွင့်ပြုတော်မူအပ်ပြီဟု အောက်မေ့ကာ သိကြားမင်းသည် နတ်တို့နှင့်အတူတကွ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ပြဿနာကို မေးလျှောက်ပြီးလျှင် တရားစကားမိန့်ကြားတော်မူသည့်အဆုံး၌ နတ်ပေါင်းရှစ်သောင်းတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လိမ့်မည်တုပိုင်းခြားထင်ထင်သိမြင်တော်မူသောကြောင့် မြတ်စွာဘုရားရှင်သည် သီချင်းသံနှင့်စောင်းသံကို ချီးမွမ်းတော်မူလေသည်။

ဤကဲ့သို့ ချီးမွမ်းတော်မူပြီးလျှင် မြတ်စွာဘုရားရှင်သည် တဖန်ဆက်၍ပဉ္စသိခ်နတ်သားကို "ပဉ္စသိခ်. . သင်သည် ဘုရားနှင့် စပ်သော၊ တရားနှင့်စပ်သော ကာမဂုဏ်နှင့်စပ်သော ဤစောင်းချင်း ဂါထာတို့ကို အဘယ်အခါက သီကုံးဖွဲ့၍ ထားသနည်း" ဟု မေးတော်မူ၏။ ထိုအခါ ပဉ္စသိခ်နတ်သားသည် မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရား. . . အခါတပါး၌ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီစ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းပါးအနီး အဇပါလအမည်ရှိသော ညောင်ပင်၌-ဘုရားဖြစ်ပြီးနောက် ရှစ်ခုမြောက်သတ္တာဟဝယ် စံဝယ် မွေ့လျော်နေတော်မူလျှက် ရှိပါ၏ မြတ်စွာဘုရား၊ ထိုအခါအကျွန်ုပ်သည် တိမ္ဗရု နတ်မင်းကြီး၏သမီး အစ္ဆါမည်သော သူရိယဝစ္ဆသာကို မေတ္တာသက်ဝင် ချစ်ကြင်နေပါ၏ မြတ်စွာဘုရား၊ ထိုသူငယ်မသည်ကား ရထားထိန်း မာတလိ၏သား သိခဏ္ဍိမည်သောအခြားသူကို မေတ္တာသက်ဝင် ချစ်ကြင်နေပါ၏။"

"မြတ်စွာဘုရား . . . အကျွန်ုပ်သည် သူရိယဝစ္ဆသာကို မည်သည့်နည်းနှင့်မှ မရနိုင်သောအခါ ဗေလုဝပဏ္ဍုနတ်စောင်းကိုယူ၍ တိမ္ဗရုနတ်မင်းကြီး၏ ဗိမ္မာန်သို့ ချဉ်းကပ်လျက် ဗေလုဝပဏ္ဍုနတ်စောင်းကို တီးခဲ့ပါ၏။ ဘုရားနှင့်စပ်သော၊ တရားနှင့်စပ်သော၊ သံဃာနှင့်စပ်သော၊ ကာမဂုဏ်နှင့်စပ်သော ဤဂါထာကိုလည်း သီဆိုခဲ့ ပါသည်၊"

မြတ်စွာဘုရား ဤသို့ ဆိုအပ်သည်ရှိသော အစ္ဆါမည်သော သူရိယဝစ္ဆသာနတ်သမီးသည် အကျွန်ုပ်ကို -

"အရှင်. . အကျွန်ုပ်သည် မြတ်စွာဘုရားကို မျက်မှောက်ထင်ထင် မဖူးမြင်ရဘူးပါ၊ သို့သော်လည်း တာဝတိံသာနတ်တို့ သုဓမ္မာဆတင်၌ အကျွန်ုပ်က- နေ့စဉ် ထိုမြတ်စွာဘုရားအကြောင်းကိုကြားခဲ့ရပါသည်၊ အရှင်သင်သည် ထိုမြတ်စွာဘုရားအကြောင်း ပြောဆိုချီးကျူးသည့်အတွက် ယနေ့ အကျွန်ုပ်တို့၏ ပေါင်းဆုံရခြင်းသည် ဖြစ်စေသော" ဟူ၍ ပြောဆိုပါသည်၊ မြတ်စွာဘုရား. . အကျွန်ုပ်သည် ထိုသူငယ်မနှင့်အတူ ထိုမျှသာ ပေါင်းဆုံခဲ့ရပါသည်၊ ထိုမှနောက် ယခုတိုင်အောင် မပေါင်းဆုံရတော့ပါ" ဟူ၍ လျှောက်ထားပါသည်။

မြတ်စွာဘုရားထံသို့ သိကြားမင်းဆည်းကပ်ခြင်း

ထိုအခါ သိကြားမင်း၏ စိတ်သန္တာန်ဝယ် "ပဉ္စသိခ် နတ်သားသည် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုလျက်ရှိ၏။ မြတ်စွာဘုရားကသည်လည်း ပဉ္စသိခ်နတ်သားနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုလျက်ရှိ၏"ဟု

တကြိမ်ပြီးလျှင် သိကြားမင်းသည် "အမောင် ပဉ္စသိခ. . သင်သည် ငါ၏ကိုယ်စား မြတ်စွာဘုရားကို၊ မြတ်စွာဘုရား နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံပရိတ်သတ်နှင့် မြတ်စွာဘုရား ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏ဟု လျှောက်ထားပေးပါလော့" ဟု မိန့်ဆိုလေသည်။ ပဉ္စသိခ နတ်သားသည် -

"ကောင်းပါပြီ အရှင်သိကြားမင်း" ဟု သိကြားမင်းစကားကို ဝန်ခံပြီးလျှင် မြတ်စွာဘုရားရှင်ကို

"မြတ်စွာဘုရား နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံ ပရိတ်သတ်နှင့် တကွ မြတ်စွာဘုရား၏ ခြေတော်တို့ကို ခေါင်းဖြင့် ရှိခိုးပါ၏" ဟု လျှောက်ဆိုလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "ကောင်းပြီ ပဉ္စသိခ နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့် တကွ အခြံအရံပရိတ်သတ် နှင့်တကွ ချမ်းသာစေသတည်း၊ နတ်၊ လူ၊ အသုရာ၊ နဂါး ဂန္ဓဗ္ဗ နတ်တို့သည် လည်းကောင်း အခြားသော သတ္တဝါများတို့သည်လည်းကောင်း ချမ်းသာသုခကို အလိုရှိကြသည်ချည်းသာ ဖြစ်ကုန်၏" ဟု မိန့်တော်မူလေကုန်၏။

ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူသည်ရှိသော် သိကြားနတ်မင်းသည် ဣန္ဒသာလဂူသို့ ဝင်၍ မြတ်စွာဘုရားကို မှီသေစွာ ရှိခိုးပြီးလျှင် အပြစ်လွတ်ရာတစ်ခုသော နေရာ၌ ရပ်တည်လေ၏။ ပဉ္စသိခနတ်သားပါ အခြားတာဝတိံသာ နတ်တို့သည်လည်း ဣန္ဒသာလလိုဏ်ဂူသို့ ဝင်၍ မြတ်စွာဘုရားကို မှီသေစွာ ရှိခိုးပြီးလျှင် အပြစ်လွတ်ရာ တခုသောတနေရာ၌ရပ်တည်ကြလေ၏။

ထိုစဉ်အခါ ဣန္ဒသာလ လိုဏ်ဂူသည်ပင်မညီမညာမသာယာပါလျှက် ညီညာလာ၏။ ကျဉ်းမြောင်းသည် ဖြစ်ပါလျက်ကျယ်ဝန်းလာ၏။ နတ်တို့၏အရောင်ဖြင့် (မြတ်စွာဘုရားရှင်၏ ထက်ဝန်းကျင် အတောင်နှစ်ဆယ်၏ အပြင်ပဂုအတွင်း၌ အမိုက်မှောင်ကွယ်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရား၏ ထက်ဝန်းကျင် အတောင်နှစ်ဆယ်အရပ်၌ကား မြတ်စွာဘုရား၏ အရောင်တော်ကြောင့် အမိုက်မှောင်ကွယ်ပျောက်၏။ နတ်တို့၏ အရောင်က မြတ်စွာဘုရားရှင်၏ အရောင်ကိုမလွှမ်းမိုးနိုင်ချေ။

ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြားနတ်မင်းငို "ပြုဖွယ်တွေ အလွန်များလှပါလျှက် ကောသိယ အနွယ်ဖြစ်သော အရှင်သိကြားထိုအရပ်သို့ လာနိုင်ခြင်းသည် တုံ့ဖွယ်ဖြစ်ပေ၏။ မဖြစ်စဖူး အထူးဖြစ်လှပါ၏" ဟူ၍ မိန့်ဆိုတော်မူလေလျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကို

"မြတ်စွာဘုရား. . အကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်လိုသည်မှာ ကာလကြာမြင့်ပါပြီ၊ သို့သော်လည်း တာဝတိံသာနတ်ကို အချို့အချို့သောပြုဖွယ်ကိစ္စတို့ကြောင့်ကြ စိုက်နေရပါသောကြောင့် မြတ်စွာဘုရားကို ဖူးမြော်ရန်မချဉ်းကပ်နိုင်ပဲ ရှိခဲ့ရပါသည်ဟု လျှောက်ထား၏၊ ဤ "တာဝတိံသာနတ်တို့၏ အချို့ချို့သော ပြုဖွယ်ကိစ္စ" ဟု ဆိုသည်မှာ နတ်တို့အဖို့ရာ နတ်သားဖြစ်သောနတ်တို့သည် ရင်ခွင်၌ ဥပပတ် ထင်ရှား ဘွားတန် ဖြစ်ပေါ်လာကြကုန်၏၊ အလုပ်အကျွေး နတ်မိဖုရားဖြစ်သည် နတ်မိန်းမတို့သည် အိပ်ရာပေါ်၌ အထင်အရှား ဖြစ်ပေါ်လာကြကုန်၏၊ ထိုနတ်မိဖုရားတို့အား အဆင်တန်ဆာ ပြုပြင်ဆင်ယင်ပေးမည့် ရံရွေမောင်းမ နတ်မိန်းမ တို့သည် အိပ်ရာကို ဝန်းရံ၍ ဖြစ်ပေါ်လာကြကုန်၏၊ ဝေယျာဝစ္စဆောင်ရွက်ကြရမည့် အစေအပါး နတ်များသည် ဗိမာန်အတွင်း၌ ဖြစ်ပေါ်ကြကုန်၏၊ ဖော်ပြပါ ထိုနတ်တို့အတွက် သူပိုင်သည် ငါဆိုင်သည်ဟူ၍ တရားဖြစ်၍

တကြိမ်ဖြစ်ပြီးလျှင် သိကြားမင်းသည် "အမောင် ပဉ္စသိခ . . သင်သည် ငါ၏ကိုယ်စား မြတ်စွာဘုရားကို၊ မြတ်စွာဘုရား နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံပရိတ်သတ်နှင့် မြတ်စွာဘုရား ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏ဟု လျှောက်ထားပေးပါလော့" ဟု မိန့်ဆိုလေသည်။ ပဉ္စသိခ နတ်သားသည် -

"ကောင်းပါပြီ အရှင်သိကြားမင်း" ဟု သိကြားမင်းစကားကို ဝန်ခံပြီးလျှင် မြတ်စွာဘုရားရှင်ကို

"မြတ်စွာဘုရား နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံ ပရိတ်သတ်နှင့် တကွ မြတ်စွာဘုရား၏ ခြေတော်တို့ကို ခေါင်းဖြင့် ရှိခိုးပါ၏" ဟု လျှောက်ဆိုလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "ကောင်းပြီ ပဉ္စသိခ နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့် တကွ အခြံအရံပရိတ်သတ် နှင့်တကွ ချမ်းသာစေသတည်း၊ နတ်၊ လူ၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗ နဟ်တို့သည် လည်းကောင်း အခြားသော သတ္တဝါများတို့သည်လည်းကောင်း ချမ်းသာသုခကို အလိုရှိကြသည်ချည်းသာ ဖြစ်ကုန်၏" ဟု မိန့်တော်မူလေကုန်၏။

ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူသည်ရှိသော် သိကြားနတ်မင်းသည် ဣန္ဒသာလဂူသို့ ဝင်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် အဖြစ်လွတ်ရာတစ်ခုသော နေရာ၌ ရပ်တည်လေ၏။ ပဉ္စသိခနတ်သားပါ အခြားတာဝတိံသာ နတ်တို့သည်လည်း ဣန္ဒသာလလိုဏ်ဂူသို့ ဝင်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် အဖြစ်လွတ်ရာ တခုသောတနေရာ၌ရပ်တည်ကြလေ၏။

ထိုစဉ်အခါ ဣန္ဒသာလ လိုဏ်ဂူသည်ပင်မညီမညာမသာယာပါလျက် ညီညာလာ၏၊ ကျဉ်းမြောင်းသည် ဖြစ်ပါလျက် ကျယ်ဝန်းလာ၏၊ နတ်တို့၏အရောင်ဖြင့် (မြတ်စွာဘုရားရှင်၏ ထက်ဝန်းကျင် အတောင်နှစ်ဆယ်၏ အပြင်ပဂုအတွင်း၌ အမိုက်မှောင်ကွယ်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်လာ၏၊ မြတ်စွာဘုရား၏ ထက်ဝန်းကျင် အတောင်နှစ်ဆယ်အရပ်၌ကား မြတ်စွာဘုရား၏ အရောင်တော်ကြောင့် အမိုက်မှောင်ကွယ်ပျောက်၏၊ နတ်တို့၏ အရောင်က မြတ်စွာဘုရားရှင်၏ အရောင်ကိုမလွှမ်းမိုးနိုင်ချေ။

ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြားနတ်မင်းအား "ပြုဖွယ်တွေ အလွန်များလှပါလျက် ကောသိယ အနွယ်ဖြစ်သော အရှင်သိကြားထိုအရပ်သို့ လာနိုင်ခြင်းသည် အံ့ဖွယ်ဖြစ်ပေ၏၊ မဖြစ်စဖူး အထူးဖြစ်လှပါ၏" ဟူ၍ မိန့်ဆိုတော်မူလေလျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကို

"မြတ်စွာဘုရား . . အကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်လိုသည်မှာ ကာလကြာမြင့်ပါပြီ၊ သို့သော်လည်း တာဝတိံသာနတ်ကို အချို့အချို့သောပြုဖွယ်ကိစ္စတို့ကြောင့်ကြ စိုက်နေရပါသောကြောင့် မြတ်စွာဘုရားကို ဖူးမြော်ရန်မချဉ်းကပ်နိုင်ပဲ ရှိခဲ့ရပါသည်ဟု လျှောက်ထား၏၊ ဤ "တာဝတိံသာနတ်တို့၏ အချို့ချို့သော ပြုဖွယ်ကိစ္စ" ဟု ဆိုသည်မှာ နတ်တို့အဖို့ရာ နတ်သားဖြစ်သောနတ်တို့သည် ရင်ခွင်၌ ဥပပတ် ထင်ရှား ဘွားတက် ဖြစ်ပေါ်လာကြကုန်၏၊ အလုပ်အကျွေး နတ်မိဖုရားဖြစ်သည့် နတ်မိန်းမတို့သည် အိပ်ရာပေါ်၌ အထင်အရှား ဖြစ်ပေါ်လာကြကုန်၏၊ ထိုနတ်မိဖုရားတို့အား အဆင်တန်ဆာ ပြုပြင်ဆင်ယင်ပေးမည့် ရံရွေမောင်းမ နတ်မိန်းမ တို့သည် အိပ်ရာကို ဝန်းရံ၍ ဖြစ်ပေါ်လာကြကုန်၏၊ ဝေယျာဝစ္စဆောင်ရွက်ကြရမည့် အစေအပါး နတ်များသည် ဗိမာန်အတွင်း၌ ဖြစ်ပေါ်ကြကုန်၏၊ ဖော်ပြပါ ထိုနတ်တို့အတွက် သူပိုင်သည် ငါဆိုင်သည်ဟူ၍ တရားဖြစ်ဒွ

လုံးဝမရှိကြချေ၊ နတ်မင်းနှစ်ဦးတို့၏ ဘုံဗိမာန်နယ်စပ်၌ ဖြစ်ပေါ်လာသော နတ်တို့အတွက်သာလျှင် သူပိုင်သည်၊ ငါပိုင်သည်ဟူ၍ အငြင်းအခုံတရားဖြစ်ပွားကြကာ သိကြားမင်းထံ ကပ်ရောက်၍ အဆုံးအဖြတ်ခံကြလေသည်၊

သိကြားနတ်မင်းသည် အနီးကပ်ဆုံးသော ဗိမာန်ရှင် နတ်မင်း၏ ဥစ္စာအဖြစ်ဆုံးဖြတ်ချက်ချမှတ်ပေး၏၊ အကယ်၍ အသစ်ဖြစ်သော နတ်သည် ဗိမာန်နှစ်ခုနှင့် အနီးအဝေးခြင်း တူမျှနေလျှင်" အကြင်နတ်မင်း၏ ဗိမာန်ကို ကြည့်လျက်တည်၏၊ ထိုနတ်မင်း၏ ဥစ္စာဖြစ်စေ"ဟု ဆုံးဖြတ်ချက်ချမှတ်ပေး၏၊ အကယ်၍ အသစ်ဖြစ်သော နတ်တို့သည် ဗိမာန်နှစ်ခုနှင့် အနီးအဝေးခြင်းလည်းတူမျှ၍ မည်သည့် ဗိမာန်ကိုမျှ မကြည့်ပဲ ဖြစ်ပေါ်ခဲ့သော် ထိုနတ်ကို ဗိမာန်ရှင် နတ်မင်းနှစ်ဦးတို့၏ ငိုက်ရန်ငြင်းခုန်မှု ငြိမ်းစဲပြတ်တောက်ရန် မိမိပိုင်အဖြစ် ဆုံးဖြတ်ချက် ချမှတ်ပေး၏။ ဤကားပြဿနာဖြေပုံကိစ္စတည်း။ ထိုမှတပါး မြူတုံးမျှပေါ်ငါး ကစားမှု သည်လည်း နတ်တို့၏ ပြဿနာကိစ္စပင် ဖြစ်သည်၊ ဤပြဿနာကိစ္စများကို ရည်၍ သိကြားမင်း လျှောက်ထားခြင်းဖြစ်လေသည်၊

တဖန်ဆက်၍ သိကြားမင်းသည် "မြတ်စွာဘုရား.. တခါတပါး • လွန်ခဲ့သော သုံးရက်ခန့် ကသည်၌ ရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်တော်အတွင်း၊ ပသေနဒီကော သလမင်းကောင်းမှု ဖြစ်သောသလဠဝန္တကုဋိ • နတ်ထင်းသားတို့ဖြင့် ဆောက်လုပ်အပ်သော ကျောင်းတော်၌ သီတင်းသုံးနေတော်မူလျှက် ရှိပါ၏။ . မြတ်စွာဘုရား ထိုအခါ တကျွန်ုပ်သည် ရှင်တော်ဘုရားကို ဖူးမြော်ရန်သာဝတ္ထိပြည်သို့ သွားရောက်ခဲ့ပါပြီ၊ မြတ်စွာဘုရား.. ထိုစဉ်အခါ၌ ရှင်တော်ဘုရားသည် တခုသော ဖလသမာပတ် တိုဝင်စားနေတော်မူဆဲဖြစ်ပါ၏၊ ဝေဿဝဏ် နတ်မင်းကြီး၏မိဖုရား၊ "ဘုဇတိ" မည်သော နတ်သမီးသည် ရှင်တော်ဘုရားကို လက်စုပ်ချီမှုတ်ခိုး ရှိတည်လျှက် ဝတ်ပြုနေပါ၏၊ မြတ်စွာဘုရား.. ထိုအခါ ဘုဇတိနတ်သမီးသည် အကျွန်ုပ်ကို

"အရှင်သိကြားမင်း... မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် အခါမဟုတ်ပါ၊ မြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းလျက်ရှိပါသည်" ဟု ပြန်ကြားပြောဆိုပါသည်၊ ထိုအခါ အကျွန်ုပ်သည် "နှမ ထိုသို့ဖြစ်လျှင် မြတ်စွာဘုရားကို ထိုဖလသမာပတ်မှ ထတော်မူသောအခါ ငါ၏စကားဖြင့် မြတ်စွာဘုရားကို မြတ်စွာဘုရား.. နတ်တို့သနင်းသိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံ ပရိသတ်နှင့်တကွ မြတ်စွာဘုရား၏ ခြေတော်ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏ဟူ၍ လျှောက်ထားပေးလော့"ဟု မှာတမ်းခဲ့ပါသည်၊ မြတ်စွာဘုရား.. အသို့နည်း၊ ထိုဘုဇတိ နတ်သမီးသည် ရှင်တော်ဘုရားကို အကျွန်ုပ်၏ကိုယ်စား၊ လျှောက်ထားပါ၏လော ရှင်တော်ဘုရားသည် ထိုနတ်သမီး၏ စကားကို သတိရတော်မူပါ၏လော" ဟု လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် သိကြားမင်းကို "နတ်တို့သနင်းသိကြားမင်း၊ ထိုနတ်သမီးသည် ငါဘုရားကိုလျှောက်ပေ၏၊ ထိုနတ်သမီးစကားကို ငါဘုရားသည် သိကြားမင်း၏ ရထားဘီးသံနှင့် ပြိုင်လျက်ပင် ထိုသမာပတ်မှထပေ၏" ဟု မိန့်တော်မူ၏၊

"မြတ်စွာဘုရား.. အကျွန်ုပ်တို့ထက် အလျင်စောစွာ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြသော နတ်တို့၏ မျက်မှောက် အမှုံဟံဂုဏ်ရှင် မြတ်စွာဘုရားသခင်တို့ ပွင့်တော်မူကြသောအခါ အသုရာနတ်အပေါင်းတို့ ဆုတ်ယုတ်ကြ လျှက် နတ်အပေါင်းတို့ ပြည့်နှက်စည်ကား နေကြောင်းကို ကျွန်ုပ်ကိုယ်တိုင် မျက်မှောက်ထင်ထင် တွေ့မြင်နေရပါပြီ ဘုရား၊

## ဂေါပကနတ်သားဝတ္ထု

မြတ်စွာဘုရား . . ဤကပိလဝတ်ပြည်၌ဝင်လျှင် ဘုရား၊ တရား၊ သံဃာ၌ ကြည်ညို၍ ငါးပါးသီလကို စောင့်ထိန်းလေ့ရှိသည့် ဂေါပိကာမည်သော သာကီဝင်မင်းသမီးသည် ရှိခဲ့၏ ထိုမင်းသမီးသည် မိန်းမဖြစ်ကြောင်းကို စက်ဆုတ်လျှက် ယောက်ျားဖြစ်ကြောင်းကို ဖြည့်ကျင့်၍ ကိုယ်ခန္ဓာပျက်ကြွေစုတေသည်မှ နောက်၌ ကောင်းသော လားရာ တာဝတိံသာနတ်ပြည်ဝယ် အကျွန်ုပ်တို့၏ သားအဖြစ်သို့ ရောက်လာပါ၏၊ ထိုတာဝတိံသာနတ်ပြည်၌လည်း ထိုနတ်သားကို "ဂေါပကနတ်သား" ဟူ၍ခေါ်ကြပါကုန်၏။

မြတ်စွာဘုရား . . အခြားရဟန်းသုံးပါးတို့သည်ကား ရှင်တော်ဘုရားအထံ၌ မြတ်သော အကျင့်ကို ကျင့်ကြပါလျှက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်-ကချေသည်နတ်မျိုး၌ ဖြစ်လာပါကုန် ထိုနတ်တို့သည် ကာမဂုဏ်ငါးပါးတို့ဖြင့် တုံ့လုံ့ပြည့်စုံစွာပျော်ရွှင်လျှက် အကျွန်ုပ်တို့အား ခစားဖျော်ဖြေရန် သုဓမ္မာ နတ်သဘင်သို့ လာရောက်ကြပါကုန်သည်။ အကျွန်ုပ်တို့အား ခစားဖျော်ဖြေရန်လာရောက်ကြသော ထိုနတ်တို့ကို ဂေါပကနတ်သားသည်၊

"အရှင်တို့ . . သင်တို့သည် အဘယ်သို့ ဉာဏ်ဦးလှည့်၍ ထိုမြတ်စွာဘုရား၏ တရားတော်ကို နာခဲ့ကြပါသနည်း၊ အကျွန်ုပ်သည်ကား ဘုရား၊ တရား၊ သံဃာ၌ ကြည်ညို၍ ငါးပါးသီလမျှကို စောင့်ထိန်းလေ့ရှိသော မိန်းမငယ်ဖြစ်လင့်ကစား မိန်းမဖြစ်ကြောင်းကို စက်ဆုပ်လျှက် ယောက်ျားဖြစ် ကြောင်းကို ဖြည့်ကျင့်သဖြင့် ကိုယ်ခန္ဓာပျက်ကြွေစုတေသည်မှနောက်၌ ကောင်းသောလားရာတာဝတိံသာနတ်ပြည်လည်း အကျွန်ုပ်ကို "ဂေါပကနတ်သား ဟူ၍ ခေါ်ကြပါကုန်၏"

"အရှင်တို့ . . သင်တို့သည်ကား မြတ်စွာဘုရားအထံတော်၌ မြတ်သောအကျင့်ကို ကျင့်ခဲ့ကြပါလျှက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာရကုန်၏၊ အရှင်တို့ . . . တရားကျင့်ဖက် ပုဂ္ဂိုလ်တို့ ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုးတို့၌ ဖြစ်နေကြသည်တို့ကို မြင်ရကုန်လေစွတကား၊"ဟုသတိပေးစကားပြောကြားပါသည်။ မြတ်စွာဘုရား . . . ဂေါပကနတ်သား သတိပေးစကားပြောကြားအပ်ကုန်သော ထိုနတ်သားသုံးယောက်တို့အနက် နတ်သားနှစ်ယောက်တို့သည် မျက်မှောက်ဘဝ၌ပင် ပဠမဈာန်သတိကို ရကြလျှက် ဗြဟ္မာပရောဟိတဘုံသို့ရောက်ကြပါကုန်သည်၊ နတ်သားတစ်ယောက်သည် ကာမဘုံ၌ပင် ပျော်၍ နေပါ၏" ဟူ၍ လျှောက်ထားလေသည်။

နတ်တို့သနင်းသိကြားမင်းသည် ရှေ့၌ ဆိုအပ်ပြီးသောအတိုင်း ဂေါပကနတ်သားတို့၏ အကြောင်းအရာ ဝတ္ထုကိုစကားပြေ • စုဏ္ဏိယဖြင့် မြတ်စွာဘုရားအား လျှောက်ထားပြီးလျှင် ထိုအကြောင်းအရာကို တဖန်ထပ်၍ ဂါထာကြီး(၁၅)ဂါထာတို့ဖြင့် လျှောက်ထား၍ တဖန်ဆက်ကာ သုံးဂါထာ တို့ဖြင့် ဤသာသနာနှင့် မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးများကိုလည်းကောင်း မိမိတို့ ယည်လည်း ထိုဗြဟ္မာ နှစ်ဦးမှရရှိသော လောကုတ္တရာ မဂ်ဖိုလ်ကို ရရှိရန် မြတ်စွာဘုရားရှင် ထံတော်မှောက် သို့ယခုရောက်ရှိလာပါကြောင်းကိုလည်းကောင်း မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူပါလျှင် အမေးပုစ္ဆာ ပြဿနာ လျှောက်ထားလိုပါကြောင်းကိုလည်းကောင်း လျှောက်ထားပြန်လေသည်၊ ထိုဂါထာပါဠိနှင့် ပိဋကတ်မြန်မာပြန်မှ ထုတ်ယူမှတ်သားကုန်ရာ၏၊ ထို (၁၈) ဂါထာတို့တွင် နောက်ဆုံး လျှောက်သည့် ဂါထာကိုသာ ဖော်ပြပါတော့အံ့-

တသာ စမ္မသ ပဏ္ဍိယာ၊ ဘာဝတာမှာသိမာရိသာ။

ကတာဝကာသာဘဝတာ၊ ပဉ္စပုစ္ဆေမှမာရိသာ။

မာရိသဝကျွစပ်သိမ်၊ ငြိမ်းတော်မူသော မြတ်စွာဘုရား၊ မယ်-အကျွန်ုပ်တို့သည်။ တသာစမ္မသ ထိုဖြဟွာနက်ဦးရရှိသောလောကုတ္တရာ တရားထူးသို့၊ ပဏ္ဍိယာ- မရောက်ကြရပါခြင်းငှာ၊ ဘာဝတာ- ရှင်တော်ထံမှောက် ယခုလာရောက်ကြကုန်သည် ဖြစ်ပါကုန်၏။ မာရိသ-ဝုကွာစပ်သိမ်၊ ငြိမ်းတော်မူသော မြတ်စွာဘုရား။ မယ်-အကျွန်ုပ်သည်၊ တဝဝတာ-ဘုန်းတော်သခင်ရှင်ပင်ဘုရား ကတဝတာသာ-တရုဏာရှေ့မှ ခွင့်ပြုအပ်သည်ရှိသော် ပဉ္စပြဿနာကို၊ ပုစ္ဆေမှ-သံသယကင်းဝေး သိလိုရေးဖြင့် မေးလျှောက်ကြပါကုန်သည်ဘုရား-. ဟူ၍ ပြဿနာ မေးလျှောက်ရန်ခွင့်ပန် လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်၏ စိတ်သန္တာန်၌ "ဤသိကြားမင်းသည် ရှည်စွာသော နေ့ညဉ့်ပတ်လုံး စင်ကြယ်သော အကျင့်ရှိခဲ့၏။ မည်သည့်ပြဿနာကို မေးသည်ဖြစ်စေအကြောင်းနှင့် စပ်သောပြဿနာ- အကျိုး ဖြစ်ထွန်းမည့် ပြဿနာကိုသာ မေးပေလိမ့်မည်။ အကြောင်းနှင့်မစပ်သော ပြဿနာ- အကျိုး မဖြစ်ထွန်းသည့် ပြဿနာကို မေးလိမ့်မည်မဟုတ်၊ ထိုသိကြားမင်းမေး၍ ငါဘုရားဖြေဆိုလတ်သော် ထိုအဖြေကို လျှင်မြန်စွာပင် သိပေလိမ့်မည်" ဟူ၍ အကြံတော်ဖြစ်ရှိလေသည်။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် စမလစ္ဆာယေ၌မာဃ လုလင်ဖြစ်သောအခါမှစ၍ သိကြားမင်း၏ စင်ကြယ်သော အကျင့်ရှိသည်အဖြစ်ကို ကောင်းစွာ သိမြင်တော်မူသည်ဖြစ်၍ ဤသိကြားမင်းသည် ရှည်စွာသော နေ့ညဉ့်ပတ်လုံးစင်ကြယ်သောအကျင့်ရှိခဲ့၏၊ မည်သည့် ပြဿနာကို မေးသည်ဖြစ်စေ အကြောင်းနှင့်စပ်သော ပြဿနာ- အကျိုးဖြစ်ထွန်းမည့် ပြဿနာကိုသာ မေးပေလိမ့်မည်၊အကြောင်းနှင့်မစပ်သောပြဿနာ အကျိုးမဖြစ်ထွန်းသည့် ပြဿနာကို မေးလိမ့်မည်မဟုတ် ထိုသိကြားမင်းမေး၍ ငါဘုရားဖြေဆိုလတ်သော် ထိုအဖြေကို လျှင်မြန်စွာပင် သိပေလိမ့်မည်ဟု ကြံစည်ဆင်ခြင်တော် မူလေသည်၊

ထို့နောက်ဘုရားရှင်သည် သိကြားမင်းကို - ပုစ္ဆဝါသဝမံ ပဉှံ၊ ယက်ဉ္စိမနသိစ္ဆသိ။

နတ်တို့သနင်း သိကြားမင်း၊ သင်သိကြားမင်းသည် အမှတ်မထင် အကြင်တစုံတခုသော ပြဿနာကို သင်၏စိတ်၌ တောင့်တလင့်ဆိုမေးလိုလျှောက်လို၏၊ ကိုသင်မေးလိုရာ ပြဿနာကို လူသုံးပါးတို့ဆရာ ဘုရားငါကို၊ ယုံမှားပြောက်စေ သင်မေးပေလော့၊ လူသုံးပါးတို့ဆရာ ဘုရားငါသည်၊ နတ်တို့သနင်း သိကြားမင်းအား၊ ထိုထိုအသင်မေးအပ်၊ ပြဿနာအရပ်ရပ်အတွက် သန္တာန်ဝယ် အဖန်ဖန်ပွား၊ ဝိစိကိစ္ဆာ တရားကို ပယ်ရှားခုတ်ချိုင် အဆုံးတိုင်ပြေကင်းအောင် ဖြေရှင်းသုတ်သင်ပေအံ့၊

ဟူသော ဤဂါထာဖြင့် သဗ္ဗညုမြတ်စွာဘုရားတို့၏ ဖိတ်မန်ဝကားကို မြွက်ကြားတော် မူလေ၏။

သိကြားမင်းပြဿနာမေးလျှောက်၍ မြတ်စွာဘုရားရှင်ဖြေတော်မူခြင်း

(၁) ပထမအမေးအဖြေ

မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူလတ်ရကား၊ သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရား. . . ရန်ငြိုးကင်းကုန်လျှက်၊ ရန်သူကင်းကုန်လျှက်၊ စိတ်ဆင်းရဲခြင်း ကင်းကုန်လျက်၊

တမျက်ထွက်ခြင်းကင်းကုန်လျက်၊ ငါတို့နေလိုပါကုန်၏ နေကြရပါစေဟု နတ်၊ လူ၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်တို့နှင့် တကွ များစွာသော သတ္တဝါတို့ သန္တာန်ဝယ် တောင့်တခြင်းပြင်းစွာ ဖြစ်ရှိကြပါသည်။ ယင်းသို့ ဖြစ်ရှိသော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ရန်သူရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်း ရှိကုန်လျက်၊ တမျက်ထွက်ခြင်းရှိကုန်လျက် နေထိုင်ရပါကုန်၏။ ဤသို့ နေကြရခြင်းသည် အဘယ်သံယောဇဉ်အနှောင်အဖွဲ့ကြောင့်ပါနည်း မြတ်စွာဘုရား" ဟူသော ပြဿနာကို ရှေးဦးစွာ မေးလျှောက်လေ၏။

ထိုသို့ သိကြားမင်းက မေးလျှောက်တင်လေသော် မြတ်စွာဘုရားရှင်သည် "နတ်တို့သနင်း သိကြားမင်း. . ရန်ငြိုးကင်းကုန်လျက်၊ ရန်သူကင်းကုန်လျက်၊ စိတ်ဆင်းရဲခြင်း ကင်းကုန်လျက် တမျက်ထွက်ခြင်း၊ ကင်းကုန်လျက် ငါတို့ နေလိုပါကုန်၏။ နေကြရပါစေဟု နတ်၊ လူ ၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်တို့နှင့်တကွ အခြားများစွာသော သတ္တဝါတို့ သန္တာန်ဝယ် တောင့်တခြင်း၊ ပြင်းစွာ ဖြစ်ရှိပေ၏။ ယင်းသို့ ဖြစ်ရှိသော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ရန်သူရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်းရှိကုန်လျက်၊ တမျက်ထွက်မှု ရှိကုန်လျက် နေထိုင်ကြရကုန်၏၊ ဤသို့ နေရခြင်းသည် ဣဿာမစ္ဆရိယ-သံယောဇဉ် - အနှောင်အဖွဲ့ နှစ်ပါးကြောင့်ဖြစ်၏" ဟူ၍ ပဌမ ပြဿနာကို ဖြေကြားတော်မူ၏။

ဤသို့မြတ်စွာဘုရားရှင်က ဖြေကြားတော်မူသောအခါ သိကြားနတ်မင်းသည် နှစ်လိုအားရစွာ မြတ်စွာဘုရား၏ တရားတော်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ကောင်းသော စကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်းမှန်လှပါ၏၊ ရှင်တော်ဘုရား၏ ဖြေကြားချက်ကို ကြားနာရသောကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းကို လွန်မြောက်အပ်ပါပြီ၊ အကျွန်ုပ်၏ သို့လော သို့လော တွေးတောခြင်းသည် ကင်းကွာသွားပါပြီ" ဟု ဝမ်းမြောက်စွာ ခံယူလေ၏။

## (၂) ဒုတိယအမေးအဖြေ

ဤသို့လျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရား. . ဣဿာမစ္ဆရိယဟူသည်ကား အဘယ်တရားလျှင် အခြေခံဖြစ်ရာ (နိဒါန) အကြောင်း၊ တိုးတက်ဖြစ်ပွားရာ (သမုဒယ) အကြောင်း၊ ထင်ရှားဖြစ်ပေါ်ရာ (ဇာတိ) အကြောင်း၊ အမွန်အစ ဖြစ်ပွားရာ (ဘဝ) အကြောင်းရှိပါသနည်း၊- အဘယ်တရားကြောင့် ဣဿာ၊ မစ္ဆရိယ ဖြစ်သနည်း၊" ဟု မေးလိုရင်းဖြစ်သည်၊ အဘယ်တရားရှိသော် ဣဿာမစ္ဆရိယဖြစ်၍ အဘယ်တရားမရှိသော် ဣဿာမစ္ဆရိယ မဖြစ်ပါသနည်း၊" ဟု နောက်ထပ် ထပ်၍ ပြဿနာကို မေးလျှောက်ပြန်၏။ ထိုသို့ သိကြားမင်းက မေးလျှောက် အပ်လေသော် မြတ်စွာဘုရားရှင်သည်

"နတ်တို့သနင်းသိကြားမင်းဣဿာ၊ မစ္ဆရိယတရားနှစ်ပါးသည် ချစ်အပ်သောသတ္တဝါ၊ သင်္ခါရ မုန်းအပ်သော သတ္တဝါ၊ သင်္ခါရသာလျှင် အခြေခံဖြစ်ရာ (နိဒါန) အကြောင်း တိုးတက်ဖြစ်ပွားရာ (ဘဝ) အကြောင်းရှိပေ၏၊ ချစ်အပ်သောသတ္တဝါ၊ သင်္ခါရ- ဤနှစ်ပါးကြောင့် ဣဿာ၊ မစ္ဆရိယ - သံယောဇဉ်ဖြစ်၏" ဟု ဖြေလိုရင်းဖြစ်သည်၊

"ချစ်အပ်သောသတ္တဝါ၊ သင်္ခါရ မုန်းအပ်သော သတ္တဝါ၊ သင်္ခါရရှိသော ဣဿာမစ္ဆရိယ ဖြစ်၏၊ ချစ်

ထင်သောသင်္ခါရ သင်္ခါရ မှုန်းတင်သော သင်္ခါရ၊ သင်္ခါရ မရှိသော် ကြာသား မရှိလ မဖြစ်" ဟူ၍ ဖြေကြားတော်မူ၏။

(၃) တတိယအမေးအဖြေ

ထို့နောက် သိကြားမင်းသည် ရှေးနည်းတူ မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရား.. ချစ်ခြင်း မုန်းခြင်းသည်ကား အဘယ်တရားလျှင် အခြေခံဖြစ်ရာ (နိဒါန) အကြောင်း၊ တိုးတက်ဖြစ်ပွားရာ သမုဒယအကြောင်း၊ ထင်ရှားဖြစ်ပေါ်ရာ ဇာတိအကြောင်း၊ အမှန်တစ ဖြစ်ပွားရာဘာဝ အကြောင်း ရှိပါသနည်း (အဘယ်တရားကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ ဖြစ်ပါသနည်း ဟု မေးလိုရင်းဖြစ်သည်) အဘယ်တရားရှိသော် ချစ်ခြင်း၊ မုန်းခြင်းဖြစ်၍ အဘယ်တရားမရှိသော် ချစ်ခြင်း မုန်းခြင်း မဖြစ်ပါသနည်း" ဟုနောက်ထပ်တစ်ဖန် ပြဿနာကိုမေးလျှောက်ပြန်၏။ ထိုသို့ သိကြားမင်းကမေးလျှောက်အပ်လသော် မြတ်စွာဘုရားရှင်သည် "နတ်တို့သနင်း သိကြားမင်း.. ချစ်ခြင်း၊ မုန်းခြင်းသည် လိုချင်ခြင်း-ဆန္ဒတဏှာဟူသော အခြေခံဖြစ်ရာ (နိဒါန) အကြောင်း၊ တိုးတက်ဖြစ်ပွားရာ (သမုဒယ) အကြောင်း၊ ထင်ရှားဖြစ်ပေါ်ရာ (ဇာတိ) အကြောင်း၊ အမှန်တစ ဖြစ်ပွားရာ (ဘာဝ) အကြောင်း ရှိပေ၏၊ (လိုချင်ခြင်း- ဆန္ဒတဏှာကြောင့်၊ ချစ်ခြင်း၊ မုန်းခြင်းဖြစ်သည်ဟု ဖြေလိုရင်းဖြစ်သည်) လိုချင်ခြင်း- ဆန္ဒတဏှာမရှိသော်၊ ချစ်ခြင်း၊ မုန်းခြင်း၊ မဖြစ်" ဟူ၍ ဖြေကြားတော်မူ၏။

(၄) စတုတ္ထအမေးအဖြေ

ထို့နောက် သိကြားနတ်မင်းသည် ရှေးနည်းအတူ မြတ်စွာဘုရား၏ တရားတော်ကို နှစ်လို ဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား.. လိုချင်ခြင်း - တဏှာဆန္ဒသည်ကား အဘယ်တရားလျှင် အခြေခံဖြစ်ရာ (နိဒါန) အကြောင်း တိုးတက်ဖြစ်ပွားရာ (သမုဒယ) အကြောင်း၊ ထင်ရှားဖြစ်ပေါ်ရာ (ဇာတိ) အကြောင်း၊ အမှန်တစဖြစ်ပွားရာ (ဘာဝ) အကြောင်း ရှိပါသနည်း- အဘယ်တရားကြောင့် လိုချင်ခြင်းတဏှာဆန္ဒ ဖြစ်ပါသနည်း" ဟု မေးလိုရင်းဖြစ်သည်၊ အဘယ်အရာရှိသော် လိုချင်ခြင်း-တဏှာဆန္ဒဖြစ်၍ အဘယ်တရား မရှိသော် - တဏှာဆန္ဒ မဖြစ်ပါသနည်းဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်၏၊ ထိုသိကြားမင်း က မေးလျှောက်အပ်သည်ရှိသော် မြတ်စွာဘုရားရှင်သည် -

"နတ်တို့သနင်းသိကြားမင်း.. လိုချင်ခြင်းတဏှာဆန္ဒသည် ဆုံးဆုံးဖြတ်ဖြတ်ကြံစည်ခြင်းဟူသော ဝိနိစ္ဆယ ဝိတက်လျှင် အခြေခံဖြစ်ရာနိဒါနကြောင်း တိုးတက်ဖြစ်ပွားရာသမုဒယအကြောင်း၊ ထင်ရှားဖြစ်ပေါ်ရာ ဇာတိ အကြောင်း၊ အမှန်တစဖြစ်ပွားရာ၊ ဘာဝအကြောင်းရှိပေ၏ (ဆုံးဆုံးဖြတ်ဖြတ်ခြင်း- ဝိနိစ္ဆယဝိတက်ကြောင့် လိုချင်ခြင်းတဏှာဆန္ဒဖြစ်ရသည်ဟု ဖြေဆိုလိုရင်းဖြစ်သည်၊ ဆုံးဖြတ်ကြံစည်ခြင်း- ဝိနိစ္ဆယဝိတက်ရှိသော် လိုချင်ခြင်း - တဏှာဆန္ဒဖြစ်၏၊ ကြံစည်ခြင်း- ဝိနိစ္ဆယဝိတက်ရှိသော် လိုချင်ခြင်း- တဏှာဆန္ဒဖြစ်၏၊ ဆုံးဖြတ်ကြံစည်ခြင်း - ဝိနိစ္ဆယဝိတက် မရှိသော်လာချင်ခြင်းတဏှာဆန္ဒမဖြစ်ဟူ၍ ဖြေကြားတော်မူ၏။

(၅) ပဥ္စမအမေးအဖြေ

ထို့နောက် သိကြားမင်းသည် ရှေးနည်းအတူ မြတ်စွာဘုရား၏ တရားတော်ကို နှစ်လို ဝမ်းမြောက်စွာခံယူပြီး မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရား ကြွစည်ခြင်း - ဝိနိစ္ဆယဝိတတ်သည် အဘယ်အကြောင်း တရားသာလျှင် အခြေခံဖြစ်ရာ နိဒါနအကြောင်း၊ တိုးတက်ဖြစ်ပွားရာ သမုဒယအကြောင်း ထင်ရှားဖြစ်ပေါ်ရာ ဇာတိအကြောင်း၊ အမွန်အစ ဖြစ်ပွားရာ ဘာဝအကြောင်း ဖြစ်ပါသနည်း။ ဝိနိစ္ဆယဝိတတ်သည် အဘယ်တရားကြောင့် ဖြစ်ပါသနည်းဟု မေး လိုရင်းဖြစ်သည်။ အဘယ်တရားရှိသော် ဝိနိစ္ဆယဝိတတ်ဖြစ်၍ အဘယ်တရားမရှိသော် ဝိနိစ္ဆယဝိတတ်မဖြစ်ပါ သနည်း" ဟု နောက်ထပ်တဖန်ပြဿနာကို မေးလျှောက်ပြန်၏။ ထိုသို့ သိကြားမင်းက မေးလျှောက် အပ်လေသော် မြတ်စွာဘုရားရှင်သည် -

"နတ်တို့သနင်း သိကြားမင်း ကြွစည်ခြင်း - ဝိနိစ္ဆယ ဝိတတ်သည် သံသရာကို ချဲ့တွင်သည့် သဥ္စတရားနှင့် ယှဉ်သော သညာတရားအစုလျှင် အခြေခံဖြစ်ရာ နိဒါနအကြောင်း၊ တိုးတက်ဖြစ်ပွားရာ သမုဒယအကြောင်း၊ ထင်ရှားဖြစ်ပေါ်သာရာ ဇာတိအကြောင်း၊ အမွန်အစ ဖြစ်ပွားရာ ဘဝအကြောင်း ရှိပေ၏။ ပပဉ္စသညာ တရား အစုကြောင့် ဝိနိစ္ဆယဝိတတ်ဖြစ်ရသည်ဟု ဖြေလိုရင်း ဖြစ်သည်၊ ပပဉ္စသညာ တရားအစုမရှိသော် ဝိနိစ္ဆယ ဝိတတ်မဖြစ်" ဟူ၍ ဖြေကြားတော်မူ၏။

(၆) ဆဌ သတ္တမ၊ အဋ္ဌမ အမေးအဖြေ

ထိုနောက်သိကြားမင်းသည် ရှေးနည်းအတူ မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာခံယူ ပြီးလျှင် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား.. အဘယ်သို့ကျင့်သော ရဟန်းသည် သံသရာ၌ ချဲ့တွင်တတ်သည် ပပဥ္စတရားနှင့် ယှဉ်သော သညာတရားစု၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်ပါသနည်း" ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်၏။

ဝေဒနာတစ္စဌာန်း

(က) နတ်တို့သနင်းသိကြားမင်း.. ဝမ်းမြောက်ခြင်း - သောမနဿဝေဒနာကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း နှစ်ပါးဟူ၍ အများအားဖြင့် ငါဘုရားဟော၏။

(ခ) နတ်တို့သနင်းသိကြားမင်း.. နှလုံးမသာယာခြင်း - ဒေါမနဿဝေဒနာကိုလည်း မှီဝဲအပ်သော နှလုံးမသာယာခြင်း၊ မမှီဝဲအပ်သော နှလုံးမသာယာခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏။

(ဂ) နတ်တို့သနင်းသိကြားမင်း လျစ်လျူရှုခြင်း- ဥပေက္ခာဝေဒနာကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း၊ မမှီဝဲအပ်သော လျစ်လျူရှုခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့်ငါဘုရားဟော၏။

(ဃ) နတ်တို့သနင်းသိကြားမင်း ဝမ်းမြောက်ခြင်း- သောမနဿဝေဒနာကိုလည်း မှီဝဲအပ်သောဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏ဟူသော ဤစကားကို ငါဘုရား မိန့်ဆိုခဲ့၏။ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ငါဘုရားမိန့်ဆိုခဲ့သနည်းဟူမူ ထိုဝမ်းမြောက်ခြင်း နှစ်ပါးတို့တွင် ဝမ်းမြောက်ခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့တိုးပွား၍ ကုသိုလ် တရားတို့ ဆုတ်ယုတ်ကုန်၏ဟု အကြင် ဝမ်းမြောက်ခြင်းကိုသိအံ့၊ ဤသို့သဘောရှိသော ဝမ်းမြောက် ခြင်းကို မမှီဝဲအပ်၊ (အကုသိုလ်တရား တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်မည့်ဝမ်းမြောက်ခြင်း - သောမနဿ ဝေဒနာမျိုးကို မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း- သောမနဿဝေဒနာဟု ခေါ်၏" ဟု ဆိုလိုသည်။ နောက်နှစ်ပါး၌လည်း ဤနည်းတူ ဆိုလိုရင်းကို

မှတ်ယူရာ၏။

ထိုဝမ်းမြောက်ခြင်းနှစ်ပါးတို့တွင် ဤဝမ်းမြောက်ခြင်းကိုမှီဝဲသောငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ ပွားများကုန်၏" ဟု အကြင်ဝမ်းမြောက်ခြင်းကိုသိငြားအံ့ ဤသို့ သဘောရှိသော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏။ (အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့တိုးပွားမည့် ဝမ်းမြောက်ခြင်း၊ သောမနဿဝေဒနာမျိုးကိုမှီဝဲအပ်သောဝမ်းမြောက်ခြင်း၊ သောမနဿဝေဒနာဓေါ်၏ ဟု ဆိုလိုသည်။ နောက်ဒေါမနဿ ဥပေက္ခာတို့လည်း ဤနည်းအတူ ဆိုလိုရင်းကို မှတ်ယူရာ၏)

ထိုသို့ မှီဝဲအပ်သော ဝမ်းမြောက်ခြင်း = သောမနဿဝေဒနာ၌ အကြင်ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်း- ဝိတက်နှင့်တကွဖြစ်၏၊ သုံးသပ်ခြင်း- ဝိစာရနှင့်လည်း တကွဖြစ်၏ (သဝိတက္ကသဝိစာရ သောမနဿဓေါ်သည်)၊ အကြင်ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်း = နှစ်ပါးတို့တွင် ကြံစည်ခြင်း- ဝိတက်လည်းမရှိ သုံးသပ်ခြင်း-ဝိစာရ လည်းမရှိသော ဝမ်းမြောက်ခြင်း (အဝိတက္က အဝိစာရ သောမနဿ)သည် သာလွန်မြင့်မြတ်၏။ (က-စကားရပ် အကျယ်)

"နတ်တို့သနင်း သိကြားမင်း၊ ဝမ်းမြောက်ခြင်း = သောမနဿ ဝေဒနာကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏။" ဟူသောစကားကို ငါဘုရား မိန့်ဆိုခဲ့၏၊ (က) စကားရပ်၏ နိဂုံး (ခ)"နတ်တို့သနင်းသိကြားမင်း . . နှလုံးမသာယာခြင်း ဒေါမနဿ ဝေဒနာတို့လည်း မမှီဝဲအပ်သော နှလုံးမသာခြင်း၊ မှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏" ဟူသော စကားကို ငါဘုရားမိန့်ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ငါဘုရား မိန့်ဆိုခဲ့သနည်းဟူမူ ထိုနှလုံးမသာခြင်း နှစ်ပါးတို့တွင် ဤနှလုံးမသာခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ကို တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏၊ အကြင်နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့ သဘောရှိသော နှလုံးမသာခြင်းကို မမှီဝဲအပ်၊

ထိုနှလုံးမသာခြင်းနှစ်ပါးတို့တွင် အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏ဟု အကြင်နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော နှလုံးမသာခြင်းကို မှီဝဲအပ်၏၊

ထိုမှီဝဲအပ်သော နှလုံးမသာခြင်း = ဒေါမနဿဝေဒနာ၌ အကြင်နှလုံးမသာခြင်းသည် ကြံစည်ခြင်း ဝိတက်နှင့်လည်း တကွဖြစ်၏၊ သုံးသပ်ခြင်း- ဝိစာရနှင့်တကွဖြစ်၏၊ (သဝိတက္ကသဝိစာရ ဒေါမနဿဓေါ်သည်)၊ အကြင်နှလုံးမသာခြင်းသည် ကြံစည်ခြင်း- ဝိတက်လည်းမရှိ သုံးသပ်ခြင်း၊ ဝိစာရလည်းမရှိ အဝိတက္က အဝိစာရ ဒေါမနဿ ဓေါ်သည် ထိုနှလုံးမသာခြင်းနှစ်ပါးတို့တွင် ကြံစည် ခြင်း-သည် သာလွန်မြင့်မြတ်၏၊ (ခ- စကားရပ်အကျယ်) နတ်တို့သနင်း သိကြားမင်း. . နှလုံးမသာခြင်း-ဒေါမနဿဝေဒနာကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း၊ မမှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟောတော်မူ၏ ဟူသော စကားတို့ကို ဆိုခဲ့သောအကြောင်းကိုစွဲ၍ ငါဘုရားမိန့်ဆိုခဲ့၏၊ (ခ-စကားရပ်၏ နိဂုံး)

(ဂ) နတ်တို့သနင်း သိကြားမင်း. . (လျစ်လျူရှုခြင်း-ဥပေက္ခာဝေဒနာကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း၊ မမှီဝဲအပ်သော လျစ်လျူရှုခြင်းဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဘုရားဟော၏ဟူသော ဤစကားကို ငါဘုရား

မိန့်ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကိုငါဘုရား မိန့်ဆိုခဲ့သနည်းဟူကား ထိုလျှစ်လျူရှုခြင်း နှစ်ပါးတို့တွင် ဤလျှစ်လျူရှုခြင်းကို မှီဝဲသောငါအား အကုသိုလ် တရားတို့ကိုပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟု အကြင်လျှစ်လျူရှုခြင်းကို သိကြတုံ၊ ဤသို့သဘောရှိသော လျှစ်လျူရှုခြင်းကို မမှီဝဲအပ်။

ထိုလျှစ်လျူရှုခြင်း နှစ်ပါးတို့တွင် ဤလျှစ်လျူရှုခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ ပွားကုန်၏ဟု အကြင်လျှစ်လျူရှုခြင်းကို သိငြားတုံ ဤသို့သောသဘောရှိသော လျှစ်လျူရှုခြင်းကို မှီဝဲအပ်၏။

ထိုမှီဝဲအပ်သော လျှစ်လျူရှုခြင်း၊ ဥပေက္ခာဝေဒနာ၌ အကြင်လျှစ်လျူရှုခြင်းသည် ကြံစည်ခြင်း= ဝိတက်နှင့်လည်းတကွဖြစ်၏၊ သုံးသပ်ခြင်း ဝိစာရနှင့်လည်းတကွဖြစ်၏၊ (သဝိတက္က သဝိစာရ ဥပေက္ခာ ခေါ်သည်) အကြင်လျှစ်လျူရှုခြင်းသည် ဝိတက်လည်းမရှိ ဝိစာရလည်းမရှိ (အဝိတက္က အဝိစာရ) လျှစ်လျူရှုခြင်းသည် သာလွန်မြင့်မြတ်၏၊ (ဂ) (စကားအကျယ်) နတ်တို့သနင်း၊ သိကြားမင်း ဥပေက္ခာဝေဒနာကိုလည်း၊ မှီဝဲအပ်သော လျှစ်လျူရှုခြင်း မမှီဝဲအပ်သောလျှစ်လျူရှုခြင်းဟူ၍ နှစ်ပါးအပြားဖြင့် ငါဘုရားဟောတော်မူ၏ဟူသော ဤစကားကို ထိုဆိုခဲ့ပြီးသော အကြောင်းကိုစွဲ၍ ငါဘုရား မိန့်ဆိုခဲ့၏၊ (ဃ) (စကားရပ်နိဂုံး)၊ နတ်တို့သနင်းသိကြားမင်း ဤသို့သော ရဟန်းသည် သံသရာ၌ ချဲ့ထွင်တတ်သည့် ပပဉ္စတရားနှင့်ယှဉ်သော သညာတရားအစု၏ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်သို့ရောက်သော အကျင့်ကိုကျင့်သည်မည်ပေ၏" ဟူ၍ မြတ်စွာဘုရားရှင်သည် ဝေဒနာတမ္ဗဋ္ဌာန်းကိုခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူလေသည်၊ ဤသို့ မြတ်စွာဘုရားသခင်က ပြဿနာတို့ ဖြေကြားတော်မူလတ်သော် သိကြားမင်းသည် နှစ်လိုအားရစွာ မြတ်စွာဘုရား၏ . တရားတော်ကို -

"တုန်းတော်ကြီးသော မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း၊ မှန်လှပါသည် ရှင်တော်ဘုရား၏ဖြေကြားချက်ကို ကြားနာရခြင်းကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းကို လွန်မြောက်အပ်ပါသည်၊ အကျွန်ုပ်၏ သို့လော သို့လော တွေးတောခြင်းသည် ကင်းကွာသွားပါပြီဟု ဝမ်းမြောက်စွာ လျှောက်ထားလေ၏၊

## (၇) နဝမ၊ ဒသမ၊ ဧကာဒသမ၊ အမေးအဖြေ

ထို့နောက် သိကြားမင်းသည် မြတ်စွာဘုရား ငါ့အား သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ကို ဖြေဆို၍ ပြီးဆုံးရာ သုံးဌာနတို့၌ ထောပတ်ခိုင် ထောပတ်ခဲမှထောပတ်အကြည်စို့ကို ထုတ်ယူအပ်သည့်အလား အကြောင်းဖြစ်သော ပဋိပါတ်မြင့်မြတ်စေ အပ်ရောက်ဆိုက်အပ်သော လောကုတ္တရာ မဂ်ဖိုလ် တရားတို့ကို သာလျှင်ဟောကြားတော်မူအပ်လေသည်၊ ဤလောကုတ္တရာ မဂ်ဖိုလ်တရားကိုလည်း၊ ငုတ်ကဲ့သို့မှုံတတ်၍ ရယူခြင်းငှာ စွမ်းနိုင်မည်မဟုတ်ချေ၊ ဤလောကုတ္တရာ မဂ်ဖိုလ်တရားတစု၏ ရရှိရန် အကြောင်းဖြစ်သော ရှေ့အဖို့ဝယ် လိုက်နာကျင့်သုံးရမည့် အကျင့် ပဋိပါတ်သည် အထင်အရှား ရှိ၏၊ ငါသည် ယခုအခါ၌ အထက်ရဟန္တာပုဂ္ဂိုလ်၏ (အရဟတ္တဖိုလ်) ရှေ့အဖို့ဝယ် လိုက်နာကျင့်သုံးရမည့် အကျင့်ပဋိပါတ်ကို မေးမြန်းပေတော့အံ့ဟူ၍ ကြံစည်စဉ်းစားပြီးနောက်ရဟန္တာဖြစ်ကြောင်း ရှေ့ဦးပုဗ္ဗဘာဂအကျင့် ပဋိပါတ်ကိုမေးမြန်း လိုရကား . . . .

"မြတ်စွာဘုရား၊ အဘယ်သို့ကျင့်အပ်သောရဟန်းသည် ပါတိမောက္ခ သံဝရသီလကိုကျင့်သည်မည်ပါသနည်း" ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်လေ၏။

ထိုသို့သိကြားမင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည် "နတ်တို့သနင်း၊ သိကြားမင်း ထိုအကျင့်၊ ကာယ သမာစာရကိုလည်း၊ မှီဝဲအပ်သော ကိုယ်အကျင့်၊ မမှီဝဲအပ်သော ကိုယ်အကျင့်ဟူ၍ နှစ်ပါးအပြားဖြင့် ငါဘုရားဟော၏၊ နတ်တို့သနင်းသိကြားမင်း နှုတ်အကျင့် ဝစီသမာစာရကိုလည်း မှီဝဲအပ်သော နှုတ်အကျင့် မမှီဝဲအပ်သော နှုတ်အကျင့်ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏၊နတ်တို့သနင်းသိကြားမင်း ရှာမှီးခြင်း ပရိယေသနကိုလည်း မှီဝဲအပ်သော ရှာမှီးခြင်း၊ မမှီဝဲအပ်သော ရှာမှီးခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏။ နတ်တို့သနင်းသကြားမင်း။ ကိုယ်အကျင့် ကာယသမာစာရကိုလည်းမှီဝဲ အပ်သောကိုယ်အကျင့်၊ မမှီဝဲအပ်သောကိုယ်အကျင့်ဟူ၍ နှစ်ပါးအပြားအားဖြင့်ငါဘုရားဟော၏ ဟူသောစကားကို ငါဘုရားမိန့်ဆိုခဲ့၏၊ အဘယ်အကြောင်းတို့စွဲ၍ ဤစကားကို ငါဘုရားမိန့်ဆိုခဲ့သနည်းဟူမူ ထိုကိုယ်အကျင့် ကာယသမာစာရ နှစ်ပါးတို့တွင် ဤကိုယ်အကျင့်ကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟူ၍ အကြင်ကာယသမာစာရကို သိပြီးအံ့၊ ဤသို့သဘောရှိသော ကိုယ်အကျင့် ကာယသမာစာရကို မမှီဝဲအပ်၊ အကုသိုလ်တရားတို့ ပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်မည့် ကိုယ်အကျင့်မျိုးကို မမှီဝဲအပ်သော အကျင့် ကာယသမာစာရဟုဆိုလိုသည်၊ နောက်နှစ်ပါး၌လည်း ဤနည်းတူ ဆိုလိုရင်းကို မှတ်ယူရာ၏၊ ထိုကိုယ်ကျင့် ကာယသမာစာရနှစ်ပါး တို့တွင် ဤကိုယ်အကျင့်ကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ ပွားကုန်၏ဟု အကြင်ကာယသမာစာရကို သိကြအံ့၊ ဤသို့သဘောရှိသော ထိုအကျင့် ကာယသမာစာရကို မှီဝဲအပ်၏၊ အကုသိုလ်တရားကို ဆုတ်ယုတ်၍ ကုသိုလ်တရားတို့တိုးပွားမည့် ကိုယ်အကျင့်မျိုးကို မှီဝဲအပ်သောကိုယ်အကျင့် ကာယသမာစာရဟုခေါ်ဆိုလိုသည်၊ နောက်နှစ်ပါး၌လည်း ဤနည်းတူ ဆိုလိုရင်းကို မှတ်ယူရာ၏"

"နတ်တို့သနင်း သိကြားမင်း၊ ကိုယ်အကျင့် ကာယသမာစာရကိုလည်းမှီဝဲအပ်သော ကိုယ်အကျင့် မမှီဝဲအပ်သော ကိုယ်အကျင့်ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏ဟူသော ဤစကားကို ဆိုခဲ့သော အကြောင်းကို စွဲ၍ ငါဘုရားမိန့်ဆိုခဲ့၏၊ နတ်တို့သနင်းသိကြားမင်း၊ နှုတ်အကျင့် ဝစီသမာစာရကိုလည်း မှီဝဲအပ်သော နှုတ်အကျင့် မမှီဝဲအပ်သော နှုတ်အကျင့်ဟူသော ဤစကားကို ငါဘုရား မိန့်ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ငါဘုရားမိန့်ဆိုခဲ့သနည်းဟူမူ ထိုနှုတ်အကျင့်ဝစီသမာစာရ နှစ်ပါးတို့တွင် ဤနှုတ်အကျင့်ကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟု အကြင်ဝစီသမာစာရကိုသိပြီးအံ့၊ဤသို့ သဘောရှိသော ဝစီသမာစာရကို မမှီဝဲအပ်၊

ထိုနှုတ်အကျင့် ဝစီသမာစာရ နှစ်ပါးတို့တွင် ဤနှုတ်အကျင့်ကိုမှီဝဲသောငါ့အား အကုသိုလ်တရား တို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏ဟု အကြင်ဝစီသမာစာရကို သိပြီးအံ့၊ ဤသို့ သဘောရှိသောနှုတ်အကျင့် ဝစီသမာစာရကို မှီဝဲအပ်၏၊" "နတ်တို့သနင်းသိကြားမင်း၊ နှုတ်အကျင့် ဝစီသမာစာရကိုလည်း

နှိုဝဲအပ်သော နှုတ်အကျင့် မနှိုဝဲအပ်သော နှုတ်အကျင့်ဟူ၍ နှစ်ပါးအပြားဖြင့် ငါဘုရားဟော၏ဟူသော ဤစကားကိုထိုဆိုခဲ့ပြီးသော အကြောင်းကိုစွဲ၍ ငါဘုရားမိန့်ဆိုခဲ့၏။"

"နတ်တို့သနင်းသိကြားမင်း ရှာမှီးခြင်း ပရိယေသနကိုလည်း မှီဝဲအပ်သော ရှာမှီးခြင်း၊ မမှီဝဲအပ်သော ရှာမှီးခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏ဟူသော စကားကို ငါဘုရား မိန့်ဆိုခဲ့၏ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ငါဘုရားမိန့်ဆိုခဲ့သနည်းမူ ထိုရှာမှီးခြင်းပရိယေသန နှစ်ပါးတို့တွင် ဤရှာမှီးခြင်းကို မှီဝဲသောငါအား၊ အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟု အကြင်ရှာမှီးခြင်း ပရိယေသနကို သိပြီးအံ့၊ ဤသို့သဘောရှိသော ရှာမှီးခြင်းပရိယေသနကို မမှီဝဲအပ်။ ထိုရှာမှီးခြင်းပရိယေသနတို့တွင် ထိုရှာမှီးခြင်းကို မှီဝဲသောငါ့အား ကုသိုလ်တရားတို့ တိုးပွား၍ အကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟု အကြင်ရှာမှီးခြင်းကို သိပြီးအံ့၊ ဤသို့ သဘောရှိသော ရှာမှီးခြင်းပရိယေသနကို မှီဝဲအပ်၏။"
"နတ်တို့သနင်းသိကြားမင်း ရှာမှီးခြင်း ပရိယေသနကိုလည်း မှီဝဲအပ်သော ရှာမှီးခြင်း၊ မမှီဝဲအပ်သော ရှာမှီးခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏ဟူသော စကားကို ဆိုခဲ့ပြီးသော အကြောင်းကိုစွဲ၍ငါဘုရား မိန့်ဆိုခဲ့၏။" "နတ်တို့သနင်းသိကြားမင်း ဤသို့ကျင့်သော ရဟန်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည် မည်၏" ဟု ဖြေကြားတော်မူလေ၏ ဤသို့မြတ်စွာဘုရားရှင်က ပြဿနာကို ဖြေကြားတော်မူလတ်သော် သိကြားမင်းသည် နှစ်လိုအားရစွာ မြတ်စွာဘုရား၏ တရားတော်ကို -

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ရှင်တော်ဘုရား၏ ဖြေကြားချက်ကို ကြားနာရခြင်းကြောင့် ဤပြဿနာ၌အကျွန်ုပ်သည် ယုံမှားခြင်းကို လွန်မြောက်ရပါပြီ၊ ထွေနုပ် သို့လောသို့လော တွေးတောခြင်းသည် ကင်းကွာသွားပါပြီဟု ဝမ်းမြောက်စွာ ခံယူလေ၏။"

## ဣန္ဒြိယသံဝရအမေးအဖြေ

ဤသို့လျှင် သိကြားမင်း သည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင်မြတ်စွာဘုရားရှင်သို့ -

"မြတ်စွာဘုရား . . အဘယ်သို့ ကျင့်သောရဟန်းသည် ဣန္ဒြိယသံဝရ - ဣန္ဒြေစောင့်စည်းခြင်း သီလကို ကျင့်သည်မည်ပါသနည်း" ဟု နောက်တဖန် ပြဿနာကို ပေးလျှောက် ပြန်လေ၏၊ ထိုသို့ သိကြားနတ်မင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်-

"နတ်တို့သနင်း သိကြားမင်း . . . မျက်စိဖြင့်ထိအပ်သော အဆင်းမျိုးစုံ ရူပါရုံကိုလည်း မှီဝဲအပ်သော ရူပါရုံ မမှီဝဲအပ်သော ရူပါရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏။"

"နတ်တို့သနင်း သိကြားမင်း . . . နားဖြင့်သိအပ်သော အသံမျိုးစုံသဒ္ဒါရုံကိုလည်း မှီဝဲအပ်သော သဒ္ဒါရုံ မမှီဝဲအပ်သော သဒ္ဒါရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏။"

"နတ်တို့သနင်း သိကြားမင်း . . . နှာခေါင်းဖြင့် သိအပ်သော အနံ့မျိုးစုံ ဂန္ဓာရုံကိုလည်း မှီဝဲအပ်သော

ဝန္ဒာရုံ မမှီဝဲအပ်သော ဝန္ဒာရုံဟူ၍ နှစ်ပါး အပြား အားဖြင့် ငါဘုရားဟော၏။"

"နတ်တို့သနင်း သိကြားမင်း ... ကိုယ်ဖြင့်သိအပ်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာအာရုံတိုလည်း မှီဝဲအပ်သော ဖောဋ္ဌဗ္ဗာအာရုံ၊ မမှီဝဲအပ်သော ဖောဋ္ဌဗ္ဗာအာရုံဟူ၍ - နှစ်ပါး အပြားအားဖြင့် ငါဘုရားဟော၏"

"နတ်တို့သနင်း သိကြားမင်း ... စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတိုလည်း မှီဝဲအပ်သော ဓမ္မာရုံ၊ မမှီဝဲအပ်သောဓမ္မာရုံဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဘုရားဟော၏" ဟူ၍ အကျဉ်း ဥဒ္ဒေသ ဖြေစကားကို ဟောကြားတော်မူအပ်လျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကို -

"မြတ်စွာဘုရား ... ရှင်တော်ဘုရားအကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဤတရားတော်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အကျွန်ုပ် ဤသို့သိပါ၏။"

"မြတ်စွာဘုရား.. မျက်စိဖြင့် သိအပ်သော အကြင်သို့သဘောရှိသော အဆင်းမျိုးစုံ ရူပါရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်ကြအံ့၊ ဤသို့သဘောရှိသော မျက်စိဖြင့် သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကို မမှီဝဲအပ် မမှီဝဲကောင်း။ အကြင်သို့ သဘောရှိသော မျက်စိဖြင့်သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်ကြအံ့၊ ဤသို့သဘောရှိသော မျက်စိဖြင့်သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကို မှီဝဲအပ် မှီဝဲကောင်း၏။"

"မြတ်စွာဘုရား၊ နားဖြင့်သိအပ်သော အကြင်သို့သဘောရှိသော အသံမျိုးစုံ သဒ္ဒါရုံတို့ကို မှီဝဲသောသူအား၊ နှာခေါင်းဖြင့်သိအပ်သော အကြင်သို့သဘောရှိသော အနံ့မျိုးစုံ ဂန္ဓာရုံကို မှီဝဲသောသူအား၊ လျှာဖြင့်သိအပ်သော အကြင်သို့သဘောရှိသော အရသာမျိုးစုံ ရသာရုံကို မှီဝဲသော သူအား၊ ကိုယ်ဖြင့်သိအပ်သော၊ အကြင်သို့ သဘောရှိသောအတွေ့မျိုးစုံဖောဋ္ဌဗ္ဗာရုံကို မှီဝဲသော သူအား၊ စိတ်ဖြင့်သိအပ်သော အကြင်သို့သဘောရှိသော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကိုမှီဝဲသောသူအား အကုသိုလ်တရား တို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်ကြအံ့ ဤသို့ သဘောရှိသော စိတ်ဖြင့် သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို မမှီဝဲအပ် မမှီဝဲကောင်း၊ အကြင်သို့သဘောရှိသော စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်ကြအံ့၊ ဤသို့သဘောရှိသော စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို မှီဝဲအပ် မှီဝဲကောင်း၏"

"မြတ်စွာဘုရား ရှင်တော်ဘုရား၊ အကျဉ်းအားဖြင့် ဟောကြားတော် မူအပ်သော ဤတရားတော်၏ အနက်အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် ဤသို့သိသော အကျွန်ုပ်သည် ရှင်တော်ဘုရား၏ ဖြေကြားချက်အကျဉ်းကို ကြားနာရခြင်းကြောင့် ဤပြဿနာ၌ ယုံမှားခြင်းကို လွန်မြောက် အပ်ပါပြီ ကျွန်ုပ် သို့လောသို့လော တွေးတောခြင်းသည် ကင်းကွာသွားပါပြီ" ဟု လျှောက်၏။

## အနေတခါတု အမေးအဖြေ

ဤသို့လျှင် သိကြားမင်းသည် မြတ်စွာဘုရားတရားတော်ကို နှစ်လို ဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား.. အလုံးစုံသော သမဏ ဗြာဟ္မဏတို့သည် တူသောအဆုံးအမ၊ တူသောအကျင့်တူသော အယူ၊ တူသောပြီးဆုံးရာ၊ ရှိပါကုန်သလော" ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက် ပြန်လေ၏။ ထိုသို့သိကြားမင်းက မေးလျှောက်အပ်လေသော် ဘုရားရှင်သည် -

"နတ်တို့သနင်း သိကြားမင်း အလုံးစုံသော သမဏ ဗြာဟ္မဏတို့သည် တူသောအယူ၊ တူသော အဆုံးအမ၊ တူသော ပြီးဆုံးရာ မရှိကြကုန်" ဟု ဖြေကြားတော်မူ၏၊ တဖန် သိကြားမင်းသည် ဆက်၍ မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား အလုံးစုံသော သမဏ ဗြာဟ္မဏတို့သည်၊ အဘယ်ကြောင့် တူသော အဆုံးအမ၊ တူသောအယူ၊ တူသောပြီးဆုံးရာ မရှိကြပါသနည်း" ဟုမေးလျှောက်၏၊

မြတ်စွာဘုရားရှင်သည်လည်း သိကြားမင်းကို "နတ်တို့သနင်း သိကြားမင်း များစွာသော သတ္တဝါအပေါင်း တည်းဟူသော ဤသတ္တလောကကြီးသည် အဇ္ဈာသယဓါတ်အမျိုးမျိုးသော နှလုံးသွင်း၊ အဇ္ဈာသယဓါတ်ရှိပေ၏၊ သတ္တဝါအပေါင်းသည် တစ်ယောက်နှင့် တစ်ယောက် နှလုံးသွင်းအလို အဇ္ဈာသယဓါတ်ခြင်း မတူညီကြဟု ဆိုလိုသည်၊ မတူထူးခြား များသောနှလုံးသွင်းအလို အဇ္ဈာသယဓါတ်ရှိသောသတ္တလောက၌ သတ္တဝါတို့သည် အကြင် အကြင် အဇ္ဈာသယဓါတ်ကို စွဲလန်းကုန်၏၊ ထိုသို့ အဇ္ဈာသယဓါတ်ကိုသာလျှင် မြဲစွာထန်စွာမြဲစွဲလန်းကြ၏၊ ဤငါ၏ အယူသာမှန်၏၊ တပါးသောသူတို့၏ အယူသည် အချည်းနှီးသာတည်းဟု ပြောဆိုကုန်၏၊ ထို့ကြောင့် အလုံးစုံသော သမဏဗြာဟ္မဏတို့သည် တူသော အဆုံးအမ၊ တူသောအကျင့်၊ တူသောအယူ၊ တူသောပြီးဆုံးရာ မရှိကြကုန်" ဟု ဖြေကြားတော်မူ၏၊

အစ္စန္တနိဋ္ဌာ အမေးအဖြေ

တဖန်ဆက်၍ သိကြားမင်းသည် မြတ်စွာဘုရားရှင်ကို မြတ်စွာဘုရား အလုံးစုံသော သမဏ ဗြာဟ္မဏ တို့သည်ပင် ဖျက်ဆီးခြင်းကိုလွန်မြောက်သော မိုမိုအားထားရာ နိဗ္ဗာန်တရား ရှိကြပါသလော ဖျက်ဆီးခြင်းကို လွန်မြောက်သော ယောဂတုန်ရာ နိဗ္ဗာန်တရားရှိကြပါသလော၊ ဖျက်ဆီးခြင်းကို လွန်မြောက်သော နိဗ္ဗာန်တရား အလို့ငှာ အရိယာမဂ်တည်းဟူသော မြတ်သော အကျင့်မှန်ကို ကျင့်ကြကြပါကုန်သလော၊ ဖျက်ဆီးခြင်းကို လွန်မြောက်သော ပြီးဆုံးရာ နိဗ္ဗာန်တရားရှိကြပါသလောဟု မေးလျှောက်၏၊ (လောက၌ သမဏ ဗြာဟ္မဏ)အမည်ခံ ဝါဒရှင်အားလုံးတို့သည်ပင် ပရမတ္ထ နိဗ္ဗာန်ကို ရရှိကြပါကုန်သလော ထိုဝါဒရှင် အားလုံးတို့သည်ပင် နိဗ္ဗာန်ကို ရရှိရန် အရိယမဂ် အကျင့်မှန်ကို ကျင့်ကြကြသူတို့ ဖြစ်ပါသလော" ဟု မေးလျှောက်လိုရင်းဖြစ်သည်၊ ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြားမင်းကို

"နတ်တို့သနင်းသိကြားမင်း အလုံးစုံသော သမဏ ဗြာဟ္မဏတို့သည်ပင် ဖျက်ဆီးခြင်းကို လွန်မြောက်သော မိုမိုအားထားရာ နိဗ္ဗာန်ကရားမရှိကြကုန်၊ ဖျက်ဆီးခြင်းကို လွန်မြောက်သော ယောဂတုန်ရာ နိဗ္ဗာန်တရား မရှိကြကုန် ဖျက်ဆီးခြင်းကိုလွန်မြောက်သော နိဗ္ဗာန်တရားအလို့ငှာ အရိယာမဂ်တည်းဟူသော မြတ်သောအကျင့်မှန်ကို ကျင့်ကြကြသည် မဟုတ်ကုန်၊ ဖျက်ဆီးခြင်းကို လွန်မြောက်သော ပြီးဆုံးရာ နိဗ္ဗာန်တရားမရှိကြကုန်ဟု ဖြေကြားတော်မူ၏၊ လောက၌ သမဏ ဗြာဟ္မဏအမည်ခံ ဝါဒရှင် အားလုံးတို့သည် အလိုအဇ္ဈာသယဓါတ်ခြင်း မတူညီကြသောကြောင့် အဆုံးအမ အကျင့်သီလ အယူပြီးဆုံးရာခြင်း မတူညီဘဲ ရှိကြသည် ထိုသို့မတူကြသော ဝါဒရှင်အားလုံးတို့သည် အဘယ်မှာဝင် ပရမတ္ထနိဗ္ဗာန်သို့ အတူအညီရရှိနိုင်ကြကုန်တံ့နည်း၊ မရနိုင်သည်သာ၊" ထို့ကြောင့် မြတ်စွာဘုရားသည် သိကြားမင်းအား-

"ဒါယတာသိကြားမင်း၊ သမဏ ဗြာဟ္မဏအမည်ခံ ဝါဒရှင်အားလုံး အတူအညီ ပရမတ္ထနိဗ္ဗာန်ကို

မရရှိကြကုန်၊ နိဗ္ဗာန်ရောက်ကြောင်း အရိယမဂ်အကျင့်မှန်ကို ကျင့်ကြံကြသူတို့သာ ပရမတ္ထနိဗ္ဗာန်ကို ရရှိကြသည်ဟု" ဖြေတော်မူလိုရင်းဖြစ်သည်။

ထို့နောက် သိကြာမင်းသည် မြတ်စွာဘုရားရှင်ကို နောက်ဆုံးပြဿနာ မေးလျှောက်သောအားဖြင့် "မြတ်စွာဘုရား အဘယ်ကြောင့် အလုံးစုံသော သမဏ ဗြာဟ္မဏတို့သည် ဖျက်စီးခြင်းကို လွန်မြောက်သော ဒိဋ္ဌိအားထားရာ နိဗ္ဗာန်တရား မရှိကြပါကုန်သနည်း၊ ဖျက်စီးခြင်းကိုလွန်မြောက်သော ယောဂကုန်ရာ နိဗ္ဗာန်တရား မရှိကြပါကုန်သနည်း၊ ဖျက်စီးခြင်းကို လွန်မြောက်သော နိဗ္ဗာန်တရား၊ အလို့ငှာ အရိယမဂ်တည်းဟူသော မြတ်သောအကျင့်မှန်ကို ကျင့်ကြံကြသည် မဟုတ်ပါကုန်သနည်း၊ ဖျက်စီးခြင်းကို လွန်မြောက်သော ပြီးဆုံးသော နိဗ္ဗာန်တရား မရှိကြပါကုန်သနည်း၊"ဟု မေးလျှောက်၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြားမင်းကို

"နတ်တို့သနင်း သိကြားမင်း၊ တဏှာကို ကုန်ခမ်းစေတတ်သော အရိယမဂ်ဖြင့် ကိလေသာမှ လွတ်ကုန်သော ရဟန်းတို့သည် (တစ်နည်း -တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ အရိယမဂ်ဖြင့် ညွတ်ကုန်သော ရဟန်းတို့သည်) ဖျက်စီးခြင်းကို လွန်မြောက်သော အားထားမှီခိုရာ နိဗ္ဗာန်တရား ရှိကြကုန်၏ ဖျက်စီးခြင်းကို လွန်မြောက်သော ယောဂကုန်ရာ နိဗ္ဗာန်တရားရှိကြကုန်၏၊ ဖျက်စီးခြင်းကို လွန်မြောက်သော နိဗ္ဗာန်တရားအလို့ငှာ အရိယာမဂ်တည်းဟူသော မြတ်သောအကျင့်မှန်ကို ကျင့်ကြံကြသည်မည်ကုန်၏၊ ဖျက်စီးခြင်းကိုလွန်မြောက်သော ပြီးဆုံးရာ နိဗ္ဗာန်တရားရှိကြကုန်၏၊ ထို့ကြောင့် အလုံးစုံ သော သမဏ ဗြာဟ္မဏတို့သည် ဖျက်စီးခြင်းကို လွန်မြောက်သော မှီခိုအားထားရာနိဗ္ဗာန်တရားမရှိကြကုန် ဖျက်စီးခြင်းကို လွန်မြောက်သော ယောဂကုန်ရာ နိဗ္ဗာန်တရားမရှိကြကုန်၊ ဖျက်စီးခြင်းကို လွန်မြောက်သော နိဗ္ဗာန်တရားအလို့ငှာ အရိယာမဂ်တည်းဟူသော မြတ်သောအကျင့်မှန်ကိုကျင့်ကြံကြသည်မဟုတ်ကုန် ဖျက်စီးခြင်းကို လွန်မြောက်သောပြီးဆုံးရာ နိဗ္ဗာန်တရားမရှိကြကုန်ဟု ဖြေကြားတော်မူ၏၊ အမြတ်ဆုံးအရိယာဖြစ်သော မြတ်စွာဘုရားရှင်နှင့် အရိယာဖြစ်သော သိကြားမင်းတို့ ပရမတ္ထနိဗ္ဗာန်သို့ ဆိုက်ရောက်မှုနှင့်စပ်၍ အရိယာဝေါဟာရ အရိယာဘာသာဖြင့် မေးကြဖြေကြသောအရာဖြစ်၍ ဝင်လုံးကျွတ်ပွင့်သော အင်္ဂြင်းဝင်ကြီးအလား ပြည့်ပြည့်စုံစုံ ပြိုင်ပြိုင်ဆိုင်ဆိုင် ရှိလှ၏၊ အရိယာမဟုတ်သေးသည့် ငါတို့ပုထုဇဉ်များ နားမျက်စိဖြင့် နားမလည်နိုင်အောင် ရှိကြပါ၏၊ ဆိုလိုရင်းမှာ သိကြားမင်း ကုန်ခမ်းစေတတ်သည့် အရိယာ၊ မဂ်ဖြင့် ကိလေသာခပ်သိမ်းတို့မှ အပြီးတိုင်လွတ်မြောက်ကြသည့် (တဏှာ၊ သံယ၊ ဒိဋ္ဌိ) ရဟန္တာရဟန်းတို့ သာလျှင် ကေ်စစ်စေ ပရမတ္ထနိဗ္ဗာန်ကိုရရှိကြသောကြောင့် သမဏဗြာဟ္မဏ အမည်ခံဝါဒရှင်တိုင်း နိဗ္ဗာန်ကိုမရနိုင်ကြပါ" ဟု ငါဘုရားဖြေဆိုခြင်းဖြစ်သည်ဟု ဆိုလိုရင်းဖြစ်၏၊ ဘုရားရှင်၏ သာသနာတော်သည် ပရမတ္ထနိဗ္ဗာန်လျှင် အပြီးအဆုံးရှိသောကြောင့် အမေးအဖြေနှင့်စပ်၍ ပရမတ္ထနိဗ္ဗာန် အမေးအဖြေ ပြီးဆုံးက ပြဿနာအားလုံး ပြီးဆုံးလေတော့၏၊ ဤသို့ မြတ်စွာဘုရားရှင်က ဖြေကြားတော်မူသောအခါ သိကြားမင်းသည်၊ နှစ်လိုအားရစွာ မြတ်စွာဘုရားရှင်၏ တရားတော်ကို -

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ကောင်းသော စကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း မှန်လှပါ၏ ရှင်တော် ဘုရား၏ ဖြေကြားချက်ကို ကြားနာရသောကြောင့် ဤပြဿနာ၌ ကျွန်ုပ်သည် ယုံမှားခြင်းကို လွန်မြောက် အပ်ပါသည်၊ ကျွန်ုပ် သို့သို့သော

ဘွားတော်ခြင်းသည် ကင်းကွာသွားပါပြီ" ဟုဝမ်းမြောက်စွာ ခံယူလေ၏။

ဤသို့ နတ်တို့သနင်း သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လို ဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို ဤသို့လျှောက်ထားလေ၏။

"မြတ်စွာဘုရား တဏှာသည် ရောဂါလည်းမည်ပါ၏။ တိုင်းအမာလည်းမည်ပါ၏၊ ညှောင့် ကသင်းလည်း မည်ပါ၏၊ တဏှာသည် ဤသတ္တဝါအပေါင်းတို့ကို ထိုဘဝ၌ ဖြစ်စေရန် ဆွဲငင်ပါ၏။ ထို့ကြောင့် ဤသတ္တဝါအပေါင်းသည် မြတ်သောဘဝ၊ ယုတ်သောဘဝသို့ ရောက်ရပါ၏။"

"မြတ်စွာဘုရား ဤသာသနာတော်မှအပ အခြားသောသမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့ ထံ၌ ကျွန်ုပ်မေးခွင့်ကိုမျှမရခဲ့သော ပြဿနာတို့ကို ရှင်တော်ဘုရားသည် ကျွန်ုပ်အားဖြေကြားတော် မူပါပေ၏၊ ကျွန်ုပ်၏သန္တာန်ဝယ် ရှည်မြင့်စွာသောကာလပတ်လုံး ကိန်းအောင်း၍လာခဲ့သော သို့လော သို့လော တွေးတောယုံမှားခြင်း ညှောင့်ကသင်းတိုလည်း ရှင်တော်ဘုရားသည် နှုတ်ပယ်တော် မူအပ်ပါပြီဟု လျှောက်ထားလေ၏၊ ထို့နောက် မြတ်စွာဘုရားရှင်နှင့် သိကြားမင်းတို့ အပြန်အလှန် မိန့်ဆို လျှောက်ထားကြသည်မှာ -

(ဘုရား) "နတ်တို့သနင်းသိကြားမင်း သင်သည် ဤပြဿနာများကို အခြားသော သမဏဗြာဟ္မဏ တို့ကို မေးဖူးသည်ကို မှတ်မိပါ၏လော"

(သိကြား) "မှတ်မိပါသည်ဘုရား"

(ဘုရား) "နတ်တို့သနင်းသကြားမင်း ထိုသမဏဗြာဟ္မဏတို့က အဘယ်သို့ဖြေကြားကြသနည်း၊ အကယ်၍ သင့်အဖို့ရာဝန်မလေးပါမူ ဖြေကြားစေချင်၏"

(သိကြား) "မြတ်စွာဘုရားဖြစ်စေ မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်စေ ထိုင်နေရာအရပ်၌ ကျွန်ုပ်၏ အဖို့ရာ လျှောက်ထားပြောကြားရန် ဝန်မလေးပါဘုရား"

(ဘုရား) "နတ်တို့သနင်းသိကြားမင်း၊ ထိုသို့ဖြစ်လျှင်ပြောကြားလော့"

(သိကြား) "မြတ်စွာဘုရား စိတ်ငြိမ်ရာ တောကျောင်းနေ ပုဂ္ဂိုလ်တို့ဟူ၍ အကျွန်ုပ်မှတ်ထင် ယုံကြည်ရသော သမဏဗြာဟ္မဏတို့ထံ ချဉ်းကပ်၍ ဤပြဿနာတို့ကို အကျွန်ုပ်မေးဖူးပါ၏ အကျွန်ုပ် မေးအပ်သော် ထိုသမဏဗြာဟ္မဏတို့သည် မဖြေကြားနိုင်ကြသည့်အပြင် အကျွန်ုပ်ကိုပင် တဖန်ပြန်၍ အရှင်သည်အဘယ်အမည် ရှိသူပါနည်းဟု မေးကြပါသည်၊ ထိုသမဏဗြာဟ္မဏတို့က မေးအပ်သည်ဖြစ်၍ အကျွန်ုပ်ကား သိကြားမင်းပင်ဖြစ်ပည်ဟု ဖြေကြားပါသည်။ ထိုအခါ သမဏဗြာဟ္မဏ တို့သည် ကျွန်ုပ်ကိုပင် နတ်တို့သနင်းသိကြားမင်း အရှင်သည် အဘယ်သို့သော ကံကိုပြု၍ သိကြားနေရာကိုရောက်ပါသနည်းဟု ထပ်၍ မေးကြပြန်၏၊ ထိုအခါ မိမိကြားဖူးသိဖူးသည့်အတိုင်းသိကြားဖြစ်ကြောင်း၊ အကျင့်ကောင်း တရား (၇) ပါးတို့ကို ထိုသမဏဗြာဟ္မဏတို့အားကျွန်ုပ်ဟောပါ၏၊ ထိုသူတို့သည် ထိုမျှပင်လျှင် ငါတို့သည် သိကြားနတ်မင်းကိုလည်း မြင်ရပေပြီ ငါတို့မေးမြန်းအပ်သော ပြဿနာကိုလည်း သိကြားမင်းသည် ရှင်းလင်းဖြေကြားခဲ့လေပြီဟု ထိုသမဏဗြာဟ္မဏတို့သည် အားရဝမ်းသာ ဖြစ်ကြကုန်၏။ စင်စစ်

အားဖြင့် ထိုသမဏဗြာဟ္မဏ တို့သည် ကျွန်ုပ်၏တပည့်သာလျှင် ဖြစ်ကြပါကုန်၏။ ကျွန်ုပ်သည်ကား ထိုသူတို့၏ တပည့်မဖြစ်ပါ မြတ်စွာဘုရား။ ကျွန်ုပ်သည်ကား အပါယ်လေးပါးကိုကျရောက်ခြင်းသဘောမရှိသော ကြိမ်းသေမြဲသော အထက်မဂ်သုံးပါးလျှင်လားရာရှိသော မြတ်စွာဘုရား၏ တပည့်သာဝက သောတာပန် အရိယာဖြစ်ပါသည်" ဟူ၍ လျှောက်ထားလေ၏။

## ဝမ်းမြောက်မှု ရရှိခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြား နတ်မင်းကို "နတ်တို့သနင်း သိကြားမင်း . . သင်သည် ယခုမှ ရှေးအခါက ဤသို့ သဘောရှိသော နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို မှတ်မိနေပါ၏လော" ဟု မေးတော်မူ၏။ သိကြားနတ်မင်းက "မြတ်စွာဘုရား . . ကျွန်ုပ်သည် ဤယခုမှ ရှေးအခါက ဤသို့ သဘောရှိသော နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို မှတ်မိပါ၏။" ဟုလျှောက်ထားလျှင် မြတ်စွာဘုရားရှင်သည်

"သိကြားနတ်မင်း ဤယခုမှ ရှေးအခါက ဤသို့ သဘောရှိသော နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို သင်အဘယ်သို့ မှတ်မိပါသနည်း" ဟု မေးမြန်းလတ်သော် သိကြားနတ်မင်းသည်

"အရှင်ဘုရား . . ရှေး၌ဖြစ်ဘူးသည်ကား တာဝတိံသာ နတ်တို့နှင့် အသူရာနတ်တို့ စစ်ပွဲကြီး ဖြစ်ပါသည် မြတ်စွာဘုရား။ ထိုစစ်ပွဲ၌ တာဝတိံသာ နတ်တို့ အောင်နိုင်၍ အသူရာနတ်တို့က ရှုံးကြပါသည် မြတ်စွာဘုရား။ ထိုစစ်ကိုအောင်နိုင်သော အကျွန်ုပ်၏ စိတ်သန္တာန်မှာ "ယခုအခါ တာဝတိံသာနတ်တို့၏ အစာအဟာရ၊ အသူရာနတ်တို့၏ အစာအဟာရဟူ၍ နှစ်မျိုးရှိရာ ဤနှစ်မျိုးလုံးကိုပင် တာဝတိံသာ နတ်တို့ချည်းသာ သုံးဆောင်ကြရကုန်တော့မည်ဟု နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ရှိပါ၏ မြတ်စွာဘုရား။ "အကျွန်ုပ်၏ ထိုနှစ်သက်ဝမ်းမြောက်မှုကို ရရှိခြင်းသည် တုတ်၊ ဓါး၊ လက်နက်တိုင်ဆောင်ရသော ချမ်းသာမျိုးဖြစ်ပါ၏။ သံသရာဝဋ်၌ ငြီးငွေ့ရန် တက်မက်ခြင်းကင်းရန်၊ ဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန် ရာဂစသည်ငြိမ်းရန် ထူးသောဉာဏ်မြင့်သိရန် သစ္စာလေးပါးကို သိရန်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် မဖြစ်နိုင်ပါ။"

"မြတ်စွာဘုရား ရှင်တော်ဘုရား၏ တရားတော်ကို ကြားနာရ၍ အကျွန်ုပ် ယခုအခါ ရရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးကသာ တုတ်၊ ဓါး၊ လက်နက် မတိုင်ဆောင်ရသော ချမ်းသာခြင်းမျိုး ဖြစ်ပါ၏။ စင်စစ် သံသရာဝဋ်၌ ငြီးငွေ့ရန် တက်မက်ခြင်းကင်းရန်၊ ဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန် ရာဂစသည် ငြိမ်းရန်ထူးသော ဉာဏ်မြင့် သိရန်၊ သစ္စာလေးပါးကိုသိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်ပါသည်" ဟု လျှောက်ထားလေ၏။

တဖန်ဆက်၍ မြတ်စွာဘုရားရှင်က "နတ်တို့သနင်း သိကြားမင်း . . သင်သည် အဘယ်အကျိုး ထူးကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါသနည်း" ဟု မေးမြန်းတော်မူသဖြင့် သိကြားနတ်မင်းသည် ဤဆိုလတ္တံ့သော အတိုင်း ပြန်ကြားလျှောက်ထားလေ၏။

"မြတ်စွာဘုရား . . အကျွန်ုပ်သည် ခြောက်ပါးသောအကျိုးထူးကို မြင်၍ ဤသို့ သဘောရှိသော နှစ်သက်ဝမ်းမြောက်မှုမျိုးရခြင်းကို ချီးကျူးပြောဆိုပါ၏။ အကျိုးထူးခြောက်ပါးတို့မှာ -

(၁) ဣဓေဝ တိဋ္ဌမာနဿ၊ ဒေဝဘူတဿ မေ သတော
ပုနရာယုစ မေ လဒ္ဓေါ၊ ဧဝံ ဇာနာဟိ မာရိသ။

"ခုကွဲခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား၊ မဃဝဟုနာမသမုတ် အကျွန်ုပ်သည်၊ ဤကွာ့နှုသာလ လိုက်ဌာနှုပင်၊ သောကငြိမ်းကြောင်း တရားကောင်းကို နှစ်ထောင်းကြည်ဖြူ နာယူတည် နေလျှက်၊ နတ်တို့သနင်း သိကြားမင်းဖြစ်၍ ဖြစ်သည်ဖြစ်သော မဃဝဟုနာမသမုတ် အကျွန်ုပ်သည် ဘဝအသစ် အဖြစ်တဖန်၊ လူနှစ်အနေ သုံးကုဋေ ခြောက်သန်းဝဏန်းပွားထက်တာဝတိံ သာ နတ်သက်ကိုလည်း၊ ကံတပါးကြောင့် ခံစားဘို့ရန် လျှော်ကန် သင့်မြတ် ရရှိအပ်ပါပြီ၊ (ဤစကားရပ်ဖြင့် သိကြားမင်းသည် မိမိ၏နတ်သက်ကြွေစုတေပြီး နောက်တဖန် သိကြားနတ်မင်း ဖြစ်လာပြန်သည်ကို ထင်စွာဖော်ပြသည်။) ခုကွဲခပ်သိမ်းငြိမ်းတော်မူသော မြတ်စွာဘုရား. . အရှင်ဘုရားသည် ဤသို့ သတိ စွဲချုပ်သိမှတ်တော်မူပါ ဘုရား။"

"မြတ်စွာဘုရား. . အကျွန်ုပ်သည် ရှေးဦးစွာစသော အကျိုးထူးကို မြင်ရ၍ ဤသို့ သဘောရှိသောနှစ်သက် ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

(၂) စုတာဟံ ဒိဗ္ဗာကာယာ၊ အာယုံ ဟိတွာ အမာနုသံ။
အမူဠှော ဂဗ္ဘမေဿာမိ၊ ယတ္ထ မေ ရမတီ မနော။

ခုကွဲခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား မဃဝ-ဟုနာမသမုတ် အကျွန်ုပ်သည်၊ နတ်၌ဖြစ်သော ခန္ဓာကိုယ် အတ္တဘောမှ နတ်သက်လျောကြွေစုတေလတ်သည်ရှိသော လူနှစ်အနေ သုံးကုဋေခြောက်သိန်း ဝဏန်း ပြည့်နတ် တာဝတိံသာနတ်သက်ကို စွန့်လွှတ်ပြီးလျှင်း မတွေ့သော် သက်ရှိလျှက် အကြင်မင်းနှင့် ပုဏ္ဏားသူကြွယ် အားဖြင့် ကြီးမားဖွံ့ဖြိုးမြင့်မြတ်သော အမျိုး၌ အကျွန်ုပ်၏ စိတ်သည်မွေ့လျော်နှစ်မြိုက်ပျော်ပိုက်ပါ၏၊ ထိုအကျွန်ုပ်၏ စိတ်နှလုံးရွှင်ပြုံးမွေ့လျော်ရာ မဟာကုလ မင်းမျိုးစသည်တို့၌ ပဋိသန္ဓေတည်နေရခြင်းသို့ ဆင်းရဲကင်းစွာ ရောက်ရ ပါအံ့၊ မြတ်စွာဘုရား. . အကျွန်ုပ်သည် နှစ်ခုမြောက်ဖြစ်သော ဤအကျိုးထူးကို မြင်၍ ဤသို့သော သဘောရှိ သော နှစ်သက်ဝမ်းမြောက်မှုမျိုး ရခြင်းကိုချီးကျူးပြောဆိုပါ၏၊

(၃) သွာဟံ အမူဠှ ပညဿ၊ ဝိဟရံ သာသနေ ရတော။
ဉာယေန ဝိဟရိဿာမိ၊ သမ္ပဇာနော ပဋိဿတော။

ခုကွဲခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား မတွေဝေဘဲ သဗ္ဗညုတဉာဏ်ပညာရှိတော် မူသော မြတ်ဘုရား၏ သုံးပါးသိက္ခာ သာသနာတော်၌ မွေ့လျော်နှစ်ချိုက် ပျော်ပိုက်သည်ဖြစ်၍ ဣရိယာပထမျှတ ကြံခိုင် နေထိုင်ပါသော၊ မဃဝဟုနာမတွင်ခေါ်တပည့်တော်သည် ကောင်းစွာမျှော်မြင် သမ္ပဇဉ်ရှိသည်ဖြစ်၍ မမေ့မလျော့ မပေါ့မတန် ထက်သန်သော သတိရှိသည်ဖြစ်၍ အရိယာအဖြစ်နှင့် စင်စစ်လျော်ညီစွာ မွေ့လျော်နေစံ ပျော်ရပါ လတ်အံ့မြတ်စွာဘုရား။ အကျွန်ုပ်သည် သုံးခုမြောက်ဖြစ်သော ဤအကျိုးထူးကိုမြင်၍ ဤသို့သဘောရှိသော နှစ်သက်ဝမ်းမြောက်မှုမျိုးရခြင်းကို ချီးကျူးပြောဆိုပါသည်။

(၄) ဉာယေန မေ စရတော စ၊ သမ္ဗောဓိ ဘဝိဿတိ။
အညာတာ ဝိဟရိဿာမိ၊ သွေဝ အန္တော ဘဝိဿတိ။

ခုကွဲခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား. . အရိယာအဖြစ်နှင့် စင်စစ်လျော်ညီစွာတရား အလုပ် အားထုတ်ကျင့်ကြံသော၊ မဃဝဟုနာမသမုတ် အကျွန်ုပ်၏သန္တာန်၌ သကဒါဂါမိ မည်ရှိခေါ်တွင် အထက်မဂ်

ဉာဏ်အမြင်သည် အကယ်၍တိ ဖြစ်ရှိတုံပြားအံ့၊ အနာဂါမိမဂ်ဉာဏ် အရဟတ္တ မဂ်ဉာဏ်ကိုသိရန်စိတ်ထား လိုလားသည်ဖြစ်၍ တရားအလုပ် အားထုတ်ကြိုးနိုင်နေထိုင်ရပါအံ့၊ ထိုသခါဝါမိ မဂ်ဉာဏ်ကိုရသည့် လူ့ဘဝသည်မင် လူ့အဖြစ်တို့ရ နောက်ဆုံးဘဝသည် ကောန်စင်စစ်ဖြစ်ပါလိမ့်မည်ဘုရား။

မြတ်စွာဘုရား. . အကျွန်ုပ်သည် လေးခုမြောက်ဖြစ်သော ဤအကျိုးထူးကိုမြင်၍ ဤသို့သော သဘောရှိသော နှစ်သက်ဝမ်းမြောက်မှုမျိုးရခြင်းကို ချီးကျူးပြောဆိုပါ၏။

(၅) စုတာဟံမာနုသာကာယာ၊ အာယုံဟိတ္ဝာ နမာနုသံ

ပုနဒေဝေါဘဝိဿာမိ၊ ဒေဝလောကမှိဥတ္တမော။

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား၊ မယဝတုနာမသမုတ် အကျွန်ုပ်သည်၊ လူ၌ ဖြစ်သောခန္ဓာကိုယ် အတ္တဘောမှလျှောကျပြတ်ကြွေ စုတေလတ်သည်ရှိသော် လူ၌ဖြစ်သော အသက်ကို စွန့်လွှတ် ပြီးလျှင် တာဝတိံသာနတ်တို့ရွာ၌ နတ်တကာထက်မြတ် သိကြားနတ်မင်းသည် တဲကောင်းထောက်မဖြစ်ရပါလတ်အံ့၊ မြတ်စွာဘုရား. . . အကျွန်ုပ်သည် ငါးခုမြောက်ဖြစ်သော ဤအကျိုးထူးကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

(၆) တေဝဏ်ကတ်တရာ ဒေဝါ၊ အကနိဋ္ဌာယသသိနော။

အန္တိမေဝတ္တမာနမှိ၊ သောနိဝါသောဘဝိဿတိ။

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား. . ဘဝခေါ်ပြားတုံသားဖြစ်တုန်သော၊ မိုးနတ် အရိယာထိုပြဟ္မာတို့သည် အသက်ပညာ အဝဖြာသားသမျှာများပြား ကျေးဇူးအားဖြင့် အခြားသော နတ်ဗြဟ္မာ တို့ထက်ဆထက်ကဲချွန်သာလွန်မြင့်မြတ်ကြကုန်၏၊ များသောအခြံအရံ ရှိကြကုန်၏။ မယဝတုနာမသမုတ် အကျွန်ုပ်၏ နောက်ဆုံးကြုံရာ ဘုံဘဝသည်၊ ဖြစ်လတ်သော ထိုအကနိဋ္ဌ ဗြဟ္မာဘုံသည်နေရာသည်၊ စကဲစင်စစ် ဖြစ်ပါလိမ့်မည်ဘုရား။

မြတ်စွာဘုရား . . အကျွန်ုပ်သည် ခြောက်ခုမြောက်ဖြစ်သော ဤအကျိုးထူးကို မြင်၍ ဤသို့ သဘောရှိသော နှစ်လက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

မြတ်စွာဘုရား. . . အကျွန်ုပ်သည် ဤအကျိုးထူးခြောက်ပါးကိုမြင်၍ ဤသို့ သဘောရှိသော နှစ်သတ်ဝမ်းမြောက်မှုမျိုး ရခြင်းများကို ချီးကျူးပြောဆိုပါ၏။

ဤကဲ့သို့ သိကြားမင်းသည် အကျိုးထူး ခြောက်ပါး တို့ကို မြင်၍ နှစ်သက်ဝမ်းမြောက် မှုရခြင်းကို ချီးကျူးစကား လျှောက်ထားပြောဆိုပြီးနောက် ဂါထာ(၆)ဂါထာတို့ဖြင့် "မိမိသည်ရှေးက ဆိတ်ငြိမ်ရာ တောတောင်း နေ သမဏ၊ ဗြဟ္မဏအမည်ခံပုဂ္ဂိုလ်တို့ထံ ဤပြဿနာတို့ကို လျှောက်ထားပါသော်လည်း မဖြေကြားနိုင်ကြ၍မိမိ တသာ သိကြားဖြစ်ကြောင်း၊ အကျင့်ကောင်း ခုနစ်ပါး တို့ကို ဟောကြားခဲ့ရကြောင်း." ရှေး၌ ဆိုအပ်ပြီးသောအတိုင်း) လျှောက်ထားပြီးနောက် -

တဏှာသလ္လသလ္လဟန္တာရံ ဗုဒ္ဓံအပ္ပဋိ ပုဂ္ဂလံ။

အဟံဝန္ဒေမဟာဝီရံ ဗုဒ္ဓမာ ဒိစ္စဗန္ဓုနံ။

ထကျာလေခေါ်လျှင်း ပြောင့်တံသင်းကို၊ ဓမ္မဒေသနာ ဂါထာမန်းမှုတ် မန္တာန်ရွတ်၍ ပယ်နုတ်တော်မူတတ်ပေထသော၊ သစ္စာလေးပါး မြတ်ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိမြင်၍ လူရှင်တို့အား ဟောကြားတော်မူထသော အတုမဲ့ခေါ် ဆိုပုဂ္ဂိုလ်သူမြတ် ဖြစ်တော်မူထသော၊ ကြီးမားမြင့်မြတ်သည့် ဝီရိယစေတ် ရှိတော်မူထသော နေနတ်သားလည်း ဂေါတမအနွယ်မြတ်စွာဘုရားလည်း၊ ဂေါတမဖြစ်၍ နွယ်တော်ဝံသတူညီမှု၍ အာဒိစ္စမည်လျှင်း နေနတ်မင်း၏ ဆွေမျိုးရင်းချာ ဖြစ်ပါထသော၊ နေနတ်သား၏ ဖဖွားနတ်ကျော်လောကဟူဘရာ ခမည်းတော်ဖြစ်တော်မူထသော၊ သဗ္ဗညုဗုဒ္ဓ အမည်ရသည့်၊ လောက ထွတ်ထား မြတ်ဘုရားကို မယာဝဟုနာသမုတ်၊ အကျွန်ုပ်သည်၊ လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ယံ တရောမသိဗြဟ္မနော၊ သမ်ဓေဓေဝတိမာရိသ။

တာဒွတုယှံဒသာမ၊ ထန္နသာမံကရောမဟေ။

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်တို့သည် ရှေးအခါ၌ အပေါင်းများစွာ နတ်တကာတို့နှင့် အတူတကွ၊ ဗြဟ္မာမင်းအား အကြင်ရှိသေမြတ်နိုး ရှိခိုးခြင်းကို ပြုခဲ့ပါကုန်၏၊ ထိုရှိသေမြတ်နိုး ရှိခိုးခြင်းကို ယနေ့မှ နောက်တာလ၌၊ အရှင်ဘုရားအား၊ သဒ္ဓါရှေ့ရှု ပေးလှူကြပါကုန်အံ့၊ ယခု ရှင်တော်ဘုရားအား ကိုယ်တိုင် ပြုစုရှိခိုးခြင်း၊ လုံ့လမှုကို သဒ္ဓါလှလှ ပြုကြပါကုန်၏ဘုရား။

ဘုမေဝအသိသမ္ဗုဒ္ဓေါ၊ တုဝံသတ္ထာအနုတ္တရော။

သဒေဝတသ္မိံ လောကသ္မိံ၊ နတ္ထိတေပဋိပုဂ္ဂလော။

ဒုက္ခခပ်သိမ်းငြိမ်းတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည်သာလျှင်၊ ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားသိမြင် ဘုရားရှင်သည်ဖြစ်တော်မူပါ၏၊ အရှင်ဘုရားသည် သာလွန်မြင့်မြတ် လူနတ်တို့၏ ဆရာဖြစ်တော်မူပါ၏၊ နတ်ဗြဟ္မာနှင့်တကွသော သတ္တလောက၌၊ အရှင်ဘုရားနှင့် သီလဂုဏ် ဓမ္မဂုဏ်ဖြင့် နှိုင်းပုံစံယူ တူသူဖြစ်သော ပုဂ္ဂိုလ်သည် တစုံတစ်မျှ မရှိပါဘုရား။

သိကြားမင်းသည်ဤဖော်ပြပါသုံးဂါထာတို့ဖြင့် မြတ်စွာဘုရားအား ရှိခိုးမှု ချီးမွမ်းထောပနာမှု ပြုလုပ်ပြီးလျှင် ပဉ္စသိခဂန္ဓဗ္ဗနတ်သားကို -

“အမောင်ပဉ္စသိခ . . အမောင်သည် မြတ်စွာဘုရားကို ရှေးဦးစွာ ခွင့်ပန်ပေးသည့်အတွက် ငါတို့သည် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်ကို ဖူးမြင်ရန် ချဉ်းကပ်ကြရပါကုန်၏၊ သို့ရကား အမောင်သည် ငါ့အပေါ်မှာ ကျေးဇူးဥပကာရ များလှသူဖြစ်ပါပေ၏၊ ငါသည်သင့်အား သင့်အဖရာထူး ဂန္ဓဗ္ဗနတ်မင်းရာထူး၌လည်း ထားပေအံ့၊ သင်သည် ဂန္ဓဗ္ဗနတ်မင်း ဖြစ်ရပေတော့မည်၊ ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသော သင်အလွန် တောင့်တအပ်သည့် သူရိယဝစ္ဆသာ နတ်သမီးကိုလည်း သင့်အား ငါပေးအံ့ဟူ၍ ကျေးဇူးတင်စကား ဆုပေးစကား ပြောကြားလေ၏၊

ထို့နောက် သိကြားနတ်မင်းသည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက် သူငယ်ချင်း တစ်ယောက်က သူငယ်ချင်းတစ်ယောက်ကို မိမိလက်ဖြင့် သူငယ်ချင်း၏လက်၌ ပုတ်ခတ်သကဲ့သို့ မိမိလက်ဖြင့် မြေကိုပုတ်၍ “နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ” ဟု သုံးကြိမ်ဥဒါန်း ကျူးရင့်နေ၏။

ဤ၌ ၊ ၊ သိကြားမင်းသည် "ငါတား ဤမြေကြီး၌ တည်နေလျှက် ဤအံ့ချီးထိုက်သော လောကုတ္တရာတရားကို ရအပ်ပေပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လှသောကြောင့်လည်းကောင်း၊ ဤမဟာ ပထဝီမြေကြီး၌ ဤမျှလောက် အံ့ချီးမွမ်းဖွယ်ရာ ဘုရားရတနာ ဖြစ်ပွင့်တော်မူပါတကားဟု အံ့ဩ ချီးမွမ်းစိတ်ပြင်းစွာ ဖြစ်လှသောကြောင့် လည်းကောင်း၊ မြေကြီးကို မိမိလက်ဖြင့်ပုတ်ခတ်လေသည်၊ ဤအမေးအဖြေနှင့်တကွဖြစ်သော တရားဒေသနာကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်ရှိသော် ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘော ရှိ၏"ဟု သိကြားနတ်မင်း၏ သန္တာန်ဝယ် ကိလေသာမြူအညစ်အကြေးကင်းသော တရားမျက်စိ သောတာ ပတ္တိမဂ်ဉာဏ်သည် ထင်ရှားစွာဖြစ်ပေါ်လေ၏၊ တပါးသောရှစ်သောင်းတသော နတ်တို့၏ သန္တာန်၌လည်းတရား မျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာလေ၏၊

ဤသို့ နတ်တို့သနင်း၊ သိကြားမင်း တောင်းပန်အပ်သော ပြဿနာတို့ကို မြတ်စွာဘုရား ဖြေကြား တော်မူအပ်သောကြောင့် ဤတရားဒေသနာတော်၏ အမည်သည် သက္ကပဉှာဟူ၍ သာလျှင် တွင်လေသတည်း၊

ဝိဠုကုဋ်တောင်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ဖြစ်ရပ်အကြောင်းအရာများ

တစ်နေ့သ၌ မြတ်စွာဘုရားရှင်သည် များစွာသော ပရိတ်သတ်ခြံရံလျှက် မင်းနှင့်တကွသော ပရိတ်သတ်၌ တရားဟောလျှက် ထိုင်နေတော်မူသောအခါ ရှင်ဒေဝဒတ်သည် နေရာမှထ၍ လက်ဝဲပုခုံးထက်၌ ကေစ္ခ သင်္ကန်းကို စံပါယ်တင်လျှက် (လက်ကန်တော့ထိုးလျှက်) မြတ်စွာဘုရားရှင် ရှိတော်မူရာသို့ လက်အုပ်ချီကာ မြတ်စွာဘုရားရှင် ကို - "ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . ယခုအခါ ရှင်ပင်ဘုရားသည် အိုမင်းပါပြီ၊ ကြီးပါပြီ၊ ရင့်ပါပြီ၊ အချိန်လွန်ပါပြီ၊ ပစ္ဆိမဝယ (အဆုံးစွန်သောအရွယ်) သို့ ရောက်ပါပြီ မြတ်စွာဘုရား . . ရှင်ပင်ဘုရားသည် ယခုမျက်မှောက် ချမ်းသာစွာ နေထိုင်ရေးကို အားထုတ်လျှက် ကြောင့်ကြမဲ့ နေတော် မူပါလော့၊ အကျွန်ုပ်အား ရဟန်းသံဃာထို့ကို လွှဲအပ်ပါလော့ အကျွန်ုပ်သည် ရဟန်းသံဃာကို ထိန်းသိမ်း စောင့်ရှောက် ရှေ့ဆောင်ပါအံ့" ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် ဒေဝဒတ်ကို -

"မလျှော်ဘူးဒေဝဒတ် . . သင်သည် ရဟန်းသံဃာတို့ကို ထိန်းသိမ်းစောင့်ရှောက် ပို့ဆောင်ရန် မနှစ်သက် သင့်" ဟု မိန့်တော်မူ၏၊

နှစ်ကြိမ်မြောက်လည်း၊ ရှင်ဒေဝဒတ်သည် ထိုအတူပင် လျှောက်ထားသဖြင့် မြတ်စွာဘုရားကလည်း ထိုအတူပင် ပယ်မြစ်တော်မူ၏၊ သုံးကြိမ်မြောက် ရှင်ဒေဝဒတ်က ဇွဲနည်းတူ လျှောက်ထားသောအခါ မြတ်စွာ ဘုရားရှင်သည် ဒေဝဒတ်ကို -

"ဒေဝဒတ် ငါဘုရားသည် သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့အားသော်မှလည်း ရဟန်း၊ သံဃာကို လွှဲအပ်သည် မဟုတ်ရာ၊ တံတွေးနှင့်တူသည့် ပစ္စည်းများကို သုံးစားသော ယုတ်မာသောသင့်အား အဘယ်ကြောင့် လွှဲအပ်ရာ အံ့နည်း" - ဟု မိန့်တော်မူ၏၊

ထိုအခါ ရှင်ဒေဝဒတ်သည် "မြတ်စွာဘုရားသည် ငါ့ကို မင်းနှင့်တကွသော ပရိသတ်အလယ်၌ ခေဠာသက - တံတွေးစား တံတွေးနှင့်တူသော မစင်ကြယ်သော ပစ္စည်းလေးပါးကို စားသုံးသူဟူသော စကားဖြင့် မောင်းမဲ၏၊ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန် တို့ကိုသာ မြှောက်စား၏၊" ဟု အမျက်ထွက်ကာ နလုံးမသာပဲ မြတ်စွာဘုရားကိုရှိခိုး

ပြီးလျှင် အရိုအသေပြုကာ ခဲသွားလေ၏၊ ဤကား မြတ်စွာဘုရားရှင်၏ ဒေဝဒတ်၏ ဂုဏ်ပုဒ် ရန်ငြိုးဖွဲ့ခြင်းတည်း။

## ပကာသနီယကံ ပြုစေတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို ဒေဝဒတ်အား (ဉတ္တိဒုတိယ ကမ္မဝါစာဖြင့်) ရာဇဂြိုလ်ပြည်၌ ပကာသနီယ ကံကို ပြုစေတော်မူ၏၊ သံဃာတော်က ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ပကာသနီယကံပြုပြီးသောအခါ အရှင်သာရိပုတ္တရာကို ဉတ္တိဒုတိယကမ္မဝါစာဖြင့်ပင် သမ္မုတိပေး၍ ရာဇဂြိုလ်ပြည်၌ ရှင်ဒေဝဒတ်ကို ထင်ရှားအောင် ပြစေ ပြောကြားစေတော်မူ၏၊ အရှင်သာရိပုတ္တရာလည်း ဘုရားရှင်အမိန့်တော်အတိုင်း သံဃာက ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမ္မုတိအပေးခံရ၍ ရှင်ဒေဝဒတ်ကို ရာဇဂြိုလ်ပြည်၌ ထင်ရှားအောင် ပြတော်မူ ပြောဆိုတော်မူ၏၊

ထိုသို့ပြုရာ ပြောဆိုရာ၌ သဒ္ဓါ ပညာမရှိကြသော သူတို့က ဤသာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကြသောရဟန်းတို့သည် ငြူစူကြကုန်၏၊ မနာလိုကြကုန်ဟူ၍ ကဲ့ရဲ့စကား ပြောကြားကုန်၏ သဒ္ဓါပညာရှိကြသော လူတို့ကမူ "မြတ်စွာဘုရားရှင်က ရှင်ဒေဝဒတ်ကို ရာဇဂြိုလ်ပြည်၌ ထင်ရှားအောင်ပြစေခြင်းသည် ယုတ်ညံ့လိမ့်မည် မဟုတ်"ဟုပြောဆိုကြကုန်၏။

ဤ၌ ။ ။ ပကာသနီယကံ ပြုမှုဟူသည်မှာ ဝိနည်းကံစုဖြစ်သည်၊ ကံအပြုခံရသော ပုဂ္ဂိုလ် ရဟန်း၏ပြုမှု သမ္မာ ပြောဆိုသမျှသည် ဘုရား၊ တရား၊ သံဃာနှင့် မသက်ဆိုင်ပဲ ထိုကံပြုခံရသော ရဟန်း၏ သဘောအတိုင်းပြုမှု ပြောဆိုမှုသာဖြစ်ကြောင်း ထင်ရှားအောင်ပြခြင်းကိုဆိုလိုသည်။

ရှင်ဒေဝဒတ်အား ပကာသနီယကံ ပြုပုံမှာ "ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တစ်မျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တစ်မျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည်ကိုယ်ဖြင့်လည်းကောင်း နှုတ်ဖြင့်လည်း ကောင်းပြုရာ၏၊ ထိုအမှုဖြင့် ဘုရားဟူ၍လည်းကောင်း၊ တရားဟူ၍ လည်းကောင်း၊ သံဃာဟူ၍ လည်းကောင်း မမှတ်ယူအပ် ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာမှတ်ယူရမည်"ဟူသော အနက်အဓိပ္ပါယ်ကို သံဃာက ဉတ္တိ-ဒုတိယ ကမ္မဝါစာဖတ်၍ ပကာသနီယကံ ပြုလေသည်၊ ထိုနောင်မှ သံဃာက ဘုရားရှင်အမိန့်တော်အရ အရှင်သာ ရိပုတ္တရာကို ရာဇဂြိုလ်ပြည်၌ ရှင်ဒေဝဒတ် အကြောင်းကိုထင်စွာပြမည် ပြောဆိုမည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် သမုတ်ရသည်၊ ထိုသို့ သမုတ်ပြီးသောအခါ အရှင်သာရိပုတ္တရာသည် ရဟန်းများစွာခြံရံလျက် ရာဇဂြိုလ် ပြည်တွင်းသို့ ဝင်ရောက်ပြီးလျှင် "ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တစ်မျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ လည်းကောင်း၊ တရားတော်ဟူ၍လည်းကောင်း၊ မမှတ်ယူအပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာ မှတ်ယူရမည်" ဟု ဒေဝဒတ်ကို ရာဇဂြိုလ်ပြည်၌ ထင်ရှားအောင်ပြတော်မူ၏၊ ပြောဆိုတော်မူလေ၏၊ ဤကား ပကာသနီယကံ ပြုမှုနှင့် စပ်၍ အကျဉ်းမှတ်ဖွယ်တည်း။

## အဇာတသတ် မင်းသားအကြောင်း

ထိုသို့ ပကာသနီယကံ အပြည့်အစုံပြုအပ်ပြီးသောအခါ ရှင်ဒေဝဒတ်သည် "ယခုအခါ ငါ့ကို ရဟန်း ဂေါတမသည် စွန့်ပယ်အပ်လေပြီ ယခုပင်ကိုရဟန်း ဂေါတမ၏ အကျိုးမဲ့ကို ငါပြုတော့အံ့ဟု ကြံစည်ကာ အဇာတသတ်မင်းသားထံ သွားရောက်ချဉ်းကပ်ပြီးလျှင် "မင်းသား.. ရှေးခေတ်လူများသည် အသက်ရှည်ကြ၍

ယခုစေတ်လူများသည် အသက်ထိုကြကုန်၏။ သင်သည် မင်းသားဘဝနှင့် သေမည်ဆိုလျှင်သေနိုင်သော အကြောင်း ရှိ၏၊ ထို့ကြောင့်သင်သည် အဖကိုသတ်၍ မင်းဖြစ်လော့၊ ငါသည် မြတ်စွာဘုရားကိုသတ်၍ ဘုရားဖြစ်အံ့" ဟုပြောဆိုလေသည်။ ထိုအခါ အဇာတသတ်မင်းသားသည် "အရှင်ဒေဝဒတ်ကား တန်ခိုးအာနုဘော် ကြီးသူဖြစ်သည်၊ အရှင်ဒေဝဒတ်သည် အကြောင်းကိုသိ၍ ပြောသည်ဖြစ်လိမ့်မည်" ဟု ကြံစည်ကာ ပေါင်၌ ဓါးမြှောင်ကို ဖွဲ့ချည်၍ နေ့ခင်းကြောင်တောင် ကြောက်ထိတ်ခြင်းရှိ တုန်လှုပ်လျက် အဆောတလျင် နန်းတွင်းသို့ ဝင်လေသော် သက်တော်စောင့် အမတ်ကြီးများက မင်းသားကိုဖမ်း၍ ရှာဖွေကြသည်တွင် မင်းသားပေါင်၌ ဖွဲ့ချည်ထားသော ဓါးမြှောင်ကိုတွေ့ကြ၍ မင်းသားကို -

"မင်းသား သင်သည် အဘယ်အရာကို ပြုလိုသနည်း" ဟု မေးကြကုန်၏။ "ခမည်းတော်ကို သတ်လို၏" ဟု မင်းသားက ဆိုလတ်သော် အမတ်တို့က သင့်ကို အဘယ်သူက တိုက်တွန်း၊ အားပေး၊ အားမြှောက်ပြုသနည်းဟုမေးကြ၍ မင်းသားကလည်း "အရှင်ဒေဝဒတ်ကတိုက်တွန်း၊ အားပေးအား မြှောက်ပြု၏"ဟု အဖြောင့်ပင်ဝန်ခံလေသည်၊ ထိုအခါ အချို့အမတ်တို့က "မင်းသားနှင့်ဒေဝဒတ်ကိုရင်းရဟန်းအားလုံးတို့ရင်း သတ်ထိုက်၏"ဟု အယူရှိကြ ကုန်၏၊

အချို့သောအမတ်တို့က "ရဟန်းတို့ကို မသတ်ထိုက်၊ ရဟန်းတို့သည် တစ်စုံတစ်ခုကိုမျှ မပြစ် မှားကြကုန်၊ မင်းသားနှင့်ဒေဝဒတ်ကို သာသတ်ထိုက်၏" ဟု အယူရှိကြကုန်၏၊

အချို့သောအမတ်တို့က "မင်းသားနှင့် ဒေဝဒတ်ကိုလည်း မသတ်ထိုက်၊ ရဟန်းတို့ကိုလည်း မသတ်ထိုက်၊ မင်းကြီးအားလျှောက်ထားသင့်၏၊ မင်းကြီးပြောဆိုအမိန့်ရှိသည့်အတိုင်း ပြုလုပ်ကြ ကုန်အံ့" ဟု အယူရှိကြကုန်၏၊

ထို့နောက်အမတ်တို့သည် မင်းသားကိုဖမ်းကြ၍ ခမည်းတော်ဗိမ္ဗိသာရမင်းကြီးထံသို့ သွားရောက်ကြကာ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားကြလေကုန်၏၊ မင်းကြီးက ဖချင်းတို့ အမတ်ကြီးတို့သည် အဘယ် အယူရှိကြသနည်း ဟုမေး၍ အမတ်တို့က အယူအဆသုံးမျိုး သုံးစုကွဲ ပြားလျက်ရှိကြောင်း ပြန်ကြားလျှောက်ထား ကြလေသော် မင်းကြီးသည် -

အချင်းတို့ မြတ်စွာဘုရားသည်ရင်း၊ တရားတော်သည်ရင်း၊ သံဃာတော်သည်ရင်း အဘယ် အပြစ်ကိုပြု ထိမ်မည်နည်း မပြုအံ့သည်သာတည်း၊ မြတ်စွာဘုရားသည် စောစောကပင် ရာဇဂြိုလ်မြို့၌ "ရှေးအခါက ဒေဝဒတ်၏အမူအကျင့်သည် တစ်မျိုးဖြစ်၏၊ ယခုအမူအကျင့်သည်တစ်မျိုးဖြစ်၏" စသည်ဖြင့် ဒေဝဒတ်ကို ထင်ရှားစေခြင်းပြုပြီး ပကာသနီယကံပြုပြီး မဟုတ်လော" ဟုမိန့်ဆိုပြီးလျှင်ပဌမ အမတ်တို့ကိုရာထူးမှ လုံးဝနုတ်ပယ်ချထားလေ၏၊ ဒုတိယအမတ်တို့ကို နိမ့်သောရာထူး၌ လျှော့ချထားပြီးလျှင် တတိယအမတ်တို့ကိုကား ရာထူးတိုးမြှင့်ခန့်ထားလေ၏။

ထို့နောက်မှမင်းကြီးသည် သားတော်ကို "မင်းသား သင်သည် အဘယ်ကြောင့်ငါ့ကို သတ်လိုသနည်း"ဟု မေးတော်မူ၍ "ခမည်းတော် အကျွန်ုပ် သားတော်သည် မင်းအဖြစ်ကိုအလိုရှိပါ၏" ဟု မင်းသားက လျှောက်ထားလေလျှင် ဗိမ္ဗိသာရမင်းကြီးသည် သားတော်ကို "မင်းသား သင်သည် မင်းအဖြစ် ကိုအလိုရှိမူ ဤမင်းစည်းစိမ်သည် သင်ချစ်သား၏ မင်းစည်းစိမ်တည်း"ဟုပြော၍ အဇာတသတ်မင်းသားအား ထီးနန်းစည်းစိမ် မင်းအဖြစ်ကို

အပြီးအပိုင်လွဲအပ်တော်မူလေ၏။

ဓေဝဒတ်၏ရက်စက်သော အကြံပေးချက်

အဇာတသတ်မင်းသားသည် "ငါ၏စိတ်နှလုံးအလိုကား ပြည့်ဝလေပြီ ဟု အားရဝမ်းသာစွာ ထိုအကြောင်းကို ဒေဝဒတ်အားပြန်ကြားပြောဆိုလေ၏။ ထိုအခါဒေဝဒတ်သည် မင်းသားကို "သင်သည် မြေခွေးကို အတွင်းက ထား၍ချည်ထုံးသော ယောက်ျားကဲ့သို့ "ငါကိစ္စအောင်မြင်ပြီ" ဟုထင်မှတ်နေ၏၊ သင့်ခမည်းတော်သည် နှစ်ရက် သုံးရက်လောက်ရှိလျှင် သင်ပြုခဲ့သည့်မထိမဲ့မြင်မှုကို ကြံစည်စဉ်းစား၍ ကိုယ်တိုင်ပင် မင်းပြုလုပ်လိမ့်မည်"ဟု ရန်တိုက်စကား ပြောကြားလေ၏။

မင်းသားက "အရှင်ဘုရား. . . ထိုသို့ဖြစ်လျှင် အဘယ်အမှုကို တပည့်တော်ပြုရမည်နည်း" ဟု မေးလတ်သော် ဒေဝဒတ်သည်"သင့်ခမည်းတော်ကို အမြစ်ပြတ်သတ်လော့" ဟု ရက်စက်စွာ အကြံပေးစကား ပြောကြားလေ၏၊ "အရှင်ဘုရား. . တပည့်တော်၏ ခမည်းတော်သည် ရာဇသွေးဖြစ်၍ လက်နက်ဖြင့် မသတ်ထိုက်သူ မဟုတ်ပါလော" ဟု မင်းသားက လျှောက်ထားသောအခါ ဒေဝဒတ်သည် "သင့်ခမည်းတော်ကို အာဟာရ ပြတ်သော အစာတော်ထား၍ သတ်ပါလော့" ဟုနှိုင်းပြရက်စက်စွာ အားပေးစကားပြောကြားလေ၏။

အဇာတသတ်မင်း ခမည်းတော်ကို သတ်ခြင်း

အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းတရားကို လွန်စွာပူပြင်းလှသော အခိုးခြောင်းခြောင်း ထွက်သော သံလှောင်အိမ်၌ အကျဉ်းချထားစေလေ၏၊ "ငါ၏ မယ်တော်မှတပါး အခြားမည်သူ တစ်ဦး တစ်ယောက် ကိုမျှဖူးမြော်ခွင့်မပေးရ" ဟူ၍လည်း အမိန့်ထုတ်လေ၏၊

ထိုအခါ ဝေဒေဟီမိဖုရားကြီးသည် စားတော်ခွက်၌ ပွဲတော်စာကိုထည့်ပြီးလျှင် ရင်ခွင်ဖြင့်ပိုက်၍ သံလှောင် အိမ်ကိုဝင်လေသည်၊ မင်းကြီးသည် ထိုပွဲတော်စာကိုစားသုံး၍ မျှတတော်မူလေ၏၊ အဇာတသတ်မင်းသည်"ဘယ်လို နည်းနှင့်ငါ့ခမည်းတော်မျှတနေသနည်း" ဟုမေး၍ ထိုအကြောင်းကို ကြားသိရလေလျှင် "ငါ့မယ်တော်အား ပွဲတော် စာကို ရင်ခွင်ပိုက်၍ ဝင်ခွင့်မပေးကြကုန်လင့်" ဟူ၍ထပ်ဆင့် အမိန့်ထုတ်ပြန်လေသည်၊

ထိုအခါ ဝေဒေဟီမိဖုရားကြီးသည် ရွှေခြေနင်းတို့၌ ပွဲတော်စာကိုထည့်၍ပိတ်ပြီးလျှင် ခြေနင်းတို့ကို စီးလျှက်ဝင်လေ၏၊ မင်းကြီးသည် မိဖုရားကြီး ရွှေခြေနင်းအတွင်းထည့်သွင်းယူဆောင်လာသော ပွဲတော်စာဖြင့် မျှတတော်မူရရှာလေသည်၊ အဇာတသတ်မင်းကတဖန် "ဘယ်လိုနည်းဖြင့် ငါ့ခမည်းတော်သည် မျှတနေသနည်း" ဟုမေး၍အကြောင်းကိုကြားသိရပြန်လေလျှင် "ငါ့မယ်တော်အား ခြေနင်းစီး၍ ဝင်ခွင့်မပေးကြကုန်လင့်" ဟူ၍ ထပ်ဆင့်အမိန့်ထုတ်ပြန်လေသည်၊

ထိုအခါမှစ၍ ဝေဒေဟီမိဖုရားသည် နံ့သာရေမိုးချိုးပြီးလျှင် မိမိကိုယ်ကို စတုမဓုဖြင့်လိမ်းသုတ် ၍အပေါ်ရုံ ခြုံလျှက် သံလှောင်အိမ်သို့ဝင်လေ၏၊ မင်းကြီးသည် မိဖုရားကြီးကိုယ်ကို လျှာဖြင့်လျှက်၍ မျှတတော်မူရရှာ၏၊ အဇာတသတ်မင်းမိုက်သည် တဖန်မေး၍ အကြောင်းကိုသိပြန်လျှင် "အချိန်မှစ၍ ငါ့မယ်တော်အား လှောင်အိမ် အတွင်းသို့ဝင်ခွင့်မပေးကြကုန်လင့်"ဟူ၍ တစ်ချက်လွှတ်အမိန့် ထုတ်ဆင့်ပြန်လေသည်၊

ဝေဝေဟိမိဖုရားကြီးသည် အတွင်းသို့ ဝင်ခွင့်မရရှာသဖြင့် သံလောင်အိမ်တံခါးအနီး၌ ရပ်တည် ပြီးလျှင် "ဟို အရှင်သခင်ဗိမ္ဗိသာရ . . အရှင်သည်ပင် ထိုအဇာတသတ်သားမိုက်ကို ဝယ်စဉ်အခါ သတ်ခွင့်မပေးခဲ့ချေ၊ မိမိ၏ ရန်သူကို မိမိသည်ပင် မွေးမြူခဲ့၏၊ ယခုအခါ အရှင်အား ဖူးမြော်ရခြင်းသည် နောက်ဆုံးဖူးမြော်ရခြင်းဖြစ်ပါသည်၊ ကျွန်တော်မသည် ဤအချိန်မှစ၍ အရှင်မင်းကြီးကို ဖူးမြော်ခွင့်မရတော့ပါ၊ ကျွန်တော်မ၏ တစ်စုံတစ်ရာ အပြစ်များရှိခဲ့လျှင်လည်း သည်းခံတော်မူပါ အရှင်သခင် ဗိမ္ဗိသာရမင်းတရား" ဟု ပြောဆိုငိုကြွေးမြည်တမ်းကာ အိမ်တော်သို့ ပြန်သွားရှာလေ၏။

ဗိမ္ဗိသာရမင်းကြီးနတ်ရွာစံခြင်း

ထိုအခါမှစ၍ မင်းကြီးအား အစာအဟာရဟူ၍ မရှိတော့ပြီ မင်းကြီးသည် လူးလာတုံ့ခေါက် စကြ်န်လျှောက်လျက် ဗိမိရရှိပြီးသော သောတာပတ္တိဖလသမာပါတ် ချမ်းသာဖြင့်မျှတတော်မူရရှာ၏၊ ထိုသို့ ဖလသမာပတ်ကို မပြတ်ဝင်စားနေသောကြောင့် မင်းကြီး၏ကိုယ်ခန္ဓာအဆင်္ဂဘောသည် အလွန်တင့်တယ်နေ၍ နေလေ၏။

အဇာတသတ် မင်းမိုက်သည် "အချင်းတို့ . . ငါ့ခမည်းတော်သည် အဘယ်သို့နည်းဖြင့် မျှတနေသနည်း" ဟု မေး၍ "အရှင်မင်းမြတ် ခမည်းတော်မင်းတရားကြီးသည် လူးလာခေါက်ပြန် စကြ်န်သွားခြင်းဖြင့် မျှတတော်မူနေပါသည်၊ ထိုခမည်းတော်မင်းတရားကြီး၏ ခန္ဓာကိုယ်အဆင်္ဂဘောသည်လည်း ရှေးကထက် သာလွန်၍ တင့်တယ်နေပါသည်" ဟု မင်းချင်းများ၏ လျှောက်ထားချက်ကို ကြားသိရ၍ "ယခုအခါ ထိုခမည်းတော်၏ လူးလာခေါက်ပြန် စကြ်န်သွားခြင်းကို ပယ်ရှားစေတော့ဟု ကြံစည်ပြီးလျှင် "ငါ့ခမည်းတော်၏ ခြေဖဝါးတို့ကို သင်ဓုန်းဓါးဖြင့် ခွန်းကြ၍ ဆီနှင့်ဆားဖြင့် လိမ်းသုတ်နယ်ပြီးလျှင် အလျှံတင်းမဲ ရဲရဲညီးညီး ရှားမီးကျီးတို့ဖြင့် ကင်ကြကုန်လော့" ဟု ဆတ္တာသည်တို့ကို စေခိုင်းလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် ဆတ္တာသည်တို့ကို မြင်ရလျှင် "စကန်ပင် ငါ့သားတော်ကို တစ်ဦးတစ်ယောက်က အမြင်မှန်ရစေအောင် ပြုလုပ်အပ်သည် ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့်ပင် ဤဆတ္တာသည်တို့သည် ငါ၏ ဆံမုတ်ဆိပ်များကို ပယ်ရိတ်ပြုပြင်ရန် လာရောက်ကြကုန်၏" ဟု ကြံစည်စဉ်းစားတော်မူလေ၏၊ ဆတ္တာသည်တို့သည် မင်းကြီးအနီးသို့ သွားရောက်ရှိခိုး ရပ်တည်ကြလေကုန်၏၊ မင်းကြီးက "အဘယ်ကြောင့် လာကြကုန်သနည်း" ဟု မေးအပ်ကုန်ရကား အကြောင်းကို လျှောက်ထားကြလေကုန်၏၊ ထိုအခါ မင်းကြီးက "မောင်မင်းတို့ စိတ်အလိုအတိုင်း ပြုကြလော့" ဟု ခွင့်ပြုစကား မိန့်ကြား လတ်သော် ဆတ္တာသည်တို့သည်

"အရှင်မင်းကြီး . . . ထိုင်တော်မူပါလော့" ဟုလျှောက်ထားကြ၍ မင်းကြီးအား ရှိခိုး ပြီးလျှင်

"ဆိုအရှင်မင်းကြီး . . အကျွန်ုပ်တို့သည် အဇာတသတ်မင်း၏ အာဏာအတိုင်းပြုကြပါကုန်အံ့၊ အကျွန်ုပ်တို့အား အမျက်ထွက်တော် မမူကြပါလင့်၊ ဤအမှုသည်ကား အရှင်မင်းကြီးတို့ကဲ့သို့ တရားမင်းတို့အား လားလားမျှ မလျှောက်ပတ်ပါ" ဟု လျှောက်ဆိုကြလျက် လက်ဝဲလက်ဖြင့် ဖဝါးတို့ကို မြဲစွာဆုတ်ကိုင်ကြလျက် လက်ယာလက်ဖြင့် သင်ဓုန်းထက်ထက်ကို ကိုင်ကြပြီးလျှင် မင်းကြီး၏ ခြေဖဝါးပြင်တို့ကို ခွန်းကြ၍ ဆီနှင့်ဆားဖြင့် လိမ်းသုတ်နယ်ကြလေကုန်ပြီး အလျှံတင်းတင်း ရဲရဲညီးညီး ရှားမီးကျီးတို့ဖြင့် ကင်ကြလေကုန်၏။

မင်းကြီးသည်ကား ရှေးအတိတ်တခုသောဘဝ၀ယ် စေတီတော်ရင်ပြင်၌ အိနပ်စီးလျှက်သွားခဲ့သည်၊ ထိုင်နေရန် ခင်းထားအပ်သော ဖျာသင်ဖြူးကိုလည်း မဆေးကြောအပ်သော ခြေတို့ဖြင့်နင်းခဲ့ဖူးလေပြီ၊ ဤယခု စါးဖြင့်မွှန်း၍ ဆီဆားသိပ်ကာ ရှာမီးကျိုးခဲဖြင့် အကင်ခံရခြင်းသည် ထိုမကောင်းမှု၏ အကျိုးဆက်တည်းဟု ဆရာတို့ ဆိုတော်မူကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးအား သည်းစွာသော ဝေဒနာတို့ ဖြစ်ကြကုန်၏၊ ဗိမ္ဗိသာရသာရ မင်းကြီးသည် "မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်သည် ဩ. . . . အံ့ဖွယ် ရှိပါပေစွ၊ တရားတော်၏ ဂုဏ်ကျေးဇူးမတော်သည် ဩ. . . . အံ့ဖွယ်ရှိပါပေစွ၊ သံဃာတော်၏ ဂုဏ်ကျေးဇူးတော်သည် ဩ. . . . အံ့ဖွယ် ရှိပါပေစ၊ ဟု (လုံးဝအမျက် မထား) ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသာ အောက်မေ့ တော်မူလျှက် ရင်ပြင်ဝယ် စွန့်ပစ်အပ်သော ပန်းကဲ့သို့ ညှိုးနွမ်းခြောက်သွေ့ကာ စတုမဟာရာဇ်နတ်ပြည် ဝေသဝဏ်နတ်မင်းကြီး၏ အခြွေအရံ အလုပ်အကျွေး "ဇနဝသဘ မည်သော နတ်ဘီလူးစစ်မှူးကြီး" ဖြစ်လေတော့၏။

ဤ၌ ။ ။ ဗိမ္ဗိသာရ မင်းတရားဘဝဝယ် ပုဏ္ဏားပေါင်း တစ်သိန်းတစ်သောင်းတို့၏ အကြီးအကဲ ဖြစ်လာသောသောတာပန် အရိယာဖြစ်ခဲ့သောကြောင့် နတ်ဘီလူး၏ အမည်မှာ"ဇနဝသဘ"ဟူ၍တွင်လေသည်၊ဇန- တသိန်းတသောင်း၊ ပုဏ္ဏားသူဋ္ဌေးအပေါင်း၏ ဝသဘ- အကြီးအကဲဟု ဆိုလိုသည်။

"ထိုသို့သော သောတပန်အရိယာ ဖြစ်ပါလျှက် အဘယ့်ကြောင့် အောက်တန်းကျသည့် စတုမဟာရာဇ် နတ်ဘီလူးမျိုး၌ ဖြစ်ရသနည်း" ဟူ၍ မေးဖွယ်ရှိ၏၊ ထိုအမေးအဖြေကို ထိုဇနဝသဘ နတ်ဘီလူးသည်ပင် ဖြေကြားအပ်ပြီးဖြစ်လေသည်။

ဖြေကြားပုံမှာ - သူသည် စတုမဟာရာဇ် နတ်ပြည် စုတေ၍ လူ့ပြည်၌ မင်းအဖြစ် ခုနစ်ဘဝ လူ့ပြည်မှ စုတေ၍ စတုမဟာရာဇ်နတ်ပြည်၌ ခုနစ်ဘဝ သံသရာ သည်ဖူးခဲ့ရလေပြီ ဤရှေးက ခုနစ်ဘဝဆက်အာ ထိုစတုမဟာရာဇ် နတ်ပြည်၌နေသူဖြစ်ဖူးလေသောကြောင့်ပင် ယခုအခါ သောတာပန် အရိယာဖြစ်၍ ရတနာ သုံးပါးတို့၌ များစွာသော တုသိုလ်ကောင်းမှုတို့ ပြုလုပ်ကာ ထိုကောင်းမှု အာနုဘော်ကြောင့် ထက်နတ်ပြည်တို့၌ ဖြစ်ခြင်းငှာ စွမ်းဆောင်နိုင်ပါသော်လည်း "ဘဝများစွာက ကာလရှည်ကြာဖြစ်ခဲ့ဘူး နေခဲ့ဘူးသည့်အတွက် စတုမဟာရာဇ်နတ်ပြည်၌ ဘဝနိကန္တိ အားကြီးခဲ့လေသည်၊ ထိုသို့ စတုမဟာရာဇ်နတ်ပြည်၌ ဘဝနိကန္တိ ဘဝ၌ တက်မက်သော တဏှာအားကြီးသောကြောင့်" ထိုစတုမဟာရာဇ်နတ်ပြည်၌ပင် ယခုအခါ ဖြစ်ရလေသည်ဟု ၎င်း ဇနဝသဘနတ်ဘီလူးကိုယ်တိုင်ပင် သုတ်မဟာဝါပါဠိတော် ဇနဝသဘသုတ်၌ -

ဣတော သတ္တ ဟ တော သတ္တ၊ သံသရာနိ စတုဗ္ဗသ၊

နိဝါသမဘိဇာနာမိ၊ ယတ္ထမေ ဝုသိတံ ပုရေ . . . ဟူ၍ ထုတ်မဖော်ဝန်ခံဖြေကြားထားလေသည်။

### လူမိုက်နောက်မှ နောင်တရ

ခမည်းတော် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံသော ထိုနေ့မှာပင် အဇာတသတ်မင်းမိုက်၏ မိဖုရားမှ ဥဒယဘဒ္ဒ မည်သော သားတော်တို့ဖွားမြင်လေ၏၊ သားတော်ဖွားမြင်ကြောင်းနှင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီး နတ်ရွာ စံကြောင်း လျှောက်ကြားလွှာနှစ်စောင်တို့ သက်ဆိုင်ရာ အိမ်တော်ဝန် ထောင်ဝန်တို့ထံမှ နန်းတော်သို့ တချိန်တည်း

ပင်ရောက်ရှိလာလေ၏။

အပါးတော်မြဲ အမတ်တို့သည် "သားတော်ဖွားမြင်ကြောင်း လျှောက်ကြားလွှာကို ရှေးဦးစွာ ဆက်သမှု သင့်လျှော်မည်" ဟု တိုင်ပင်ညီညွတ်ကြ၍ ထိုလျှောက်ကြားလွှာကို ဖတ်ကြားသော ကောမှာပင် အဇာတသတ် မင်းအား သား၌ ချစ်ခြင်းပြင်းစွာ ဖြစ်ရှိတာ တကိုယ်လုံးချောက်ခြားစေလျက် မိုးတွင်းခြင်ဆီကို ခိုက်တည် လေ၏။ ထိုခဏမှာပင် "ငါဖွားမြင်သော အခါကလည်း ငါ့ခမည်းတော်၏ စိတ်သန္တာန်ဝယ် ဤနည်းအတိုင်းပင် သား၌ ချစ်ခြင်းပြင်းစွာ ဖြစ်ရှိပေလိမ့်မည်" ဟု တောက်မေ့တာ ခမည်းတော်၏ ကျေးဇူးကို သတိရ သိရှိလာလေ၏။

အဇာတသတ်မင်းသည် "အချင်းတို့.. သွားကြလော့ ငါ့ခမည်းတော်ကို လွှတ်လိုက်ကြလော့" ဟု အရေးတကြီး အမိန့်တော်ထုတ်ဆင့်လေလည်း၊ ထိုအခါ အမတ်များသည် "အရှင်မင်းကြီး... အဘယ်မှာလျှင် လွှတ်တော့နိုင်တော့နည်း" ဟုပြောဆိုကာ အခြား ခမည်းတော် နတ်ရွာစံကြောင်း လျှောက်လွှာကို မင်း၏လက်သို့ ဆက်သကြလေကုန်၏။ အဇာတသတ်မင်းသည် ခမည်းတော် နတ်ရွာစံကြောင်း ကြားသိရလေလျှင် သည်းစွာ ငိုကြွေးလျှက် မယ်တော်ဝေဒေဟီမိဖုရားကြီး အနီးသို့ သွားရောက်၍ -

"အို.. မယ်တော်အတွန့်ပ် ဖွားမြင်သောအခါက အတွန့်ပ်ခမည်းတော်၏ စိတ်သန္တာန် ၌ သား၌ချစ်ခြင်း ဖြစ်ရပါသလော" ဟု မေးလေ၏၊ ဝေဒေဟီမိဖုရားကြီးက

"သားမိုက်... ဘယ့်နှယ့် ပြောပါလိမ့် သင်ငယ်ရွယ်စဉ်အခါက သင်၏လက်ချောင်းမှာ ခူနာ ပေါက်ခဲ့ လေသည်၊ ထိုအခါ အထိန်းတော်တို့သည် မောင့်ကို အငိုတိတ်အောင် မချော့နိုင်ကြလေတော့သည့်အဆုံး၌ မောင့်ကိုပွေ့ချီကြလာ တရားလွှတ်ရုံး အဆုံးအဖြတ်ပေးရာဌာန၌ ထိုင်နေသောမောင့်ခမည်းတော်ထံသို့ သွားရောက် အပ်နှံကြရလေသည်၊ မောင့်ခမည်းတော်သည် ခူနာပေါက်နေသော မောင့်လက်ကို မိမိခံတွင်း၌ ငုံ၍ထားလေသည်၊ အာငွေ့ရသဖြင့်ခူနာသည် မောင့်ခမည်းတော်၏ ခံတွင်းထဲမှာပင် ပြည်ပေါက်ခဲ့လေသည်၊ ထိုအခါ မောင့်ခမည်း တော်သည် မောင့်အပေါ်မှာ လွန်စွာ ချစ်မြတ်နိုးလှသောကြောင့် သွေးပုတ်နှင့် ရောနှောသော ထိုပြည်ကို ထွေးမြစ် လိုက်လျှင် မောင်နိုးမည်စိုးသဖြင့် ထွေးအန်ပစ်တော် မမူဘဲမြို၍ချလေသည် မောင့်ခမည်းတော်သည် မောင့်အပေါ် မှာ ဤမျှပင် ချစ်ခင်ရှာတော်မူလေသည်" ဟု အကျယ်ဘဝင့် ဖြေကြားပြောဆိုသောအခါ အဇာတသတ်မင်းသည် သည်းစွာငိုကြွေးမည်တမ်း၍ ခမည်းတော်၏ ဈာပနကိစ္စကို ပြုလုပ်ရှာလေသည်၊

ရှင်ဒေဝဒတ်သည် လူသတ်သမားတို့ကို စေလွှတ်ခြင်း

ထို့နောက် ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားထံသို့ သွားရောက်ပြီးလျှင် အဇာတသတ်မင်းသားကို "မင်းမြတ်... ရဟန်းဂေါတမကို သတ်မည့် မင်းချင်းယောက်ျားတို့ကို စေလွှတ်လော့" ဟု ပြောဆိုလေ၏၊ အဇာတသတ်မင်းသားသည် မင်းချင်းယောက်ျားတို့ကို "အချင်းတို့... အရှင်ဒေဝဒတ် ပြောသည့်အတိုင်း ပြုလုပ်ကြကုန်လော့" ဟု ပြောဆိုမှာထား၍ ရှင်ဒေဝဒတ်ထံသို့ စေလွှတ်လိုက်လေ၏၊

ထိုအခါ ရှင်ဒေဝဒတ်သည် ပဌမယောက်ျားတစ်ယောက်ကို "ဒါယိကာ သွားလော့၊ ဤမည်သော အရပ်၌ ရဟန်းဂေါတမကိုသတ်ပြီးလျှင် ဤမည်သောလမ်းဖြင့်ပြန်လာခဲ့လော့" ဟုစေခိုင်းလေ၏၊

ထိုယောက်ျားပြန်လာမည့်လမ်း၌ ဒုတိယအသုတ် ယောက်ျားနှစ်ယောက်တို့ကို "ဤလမ်းမှ လာသော ယောက်ျားတစ်ယောက်ကို သတ်ပြီးလျှင် ဤမည်သောလမ်းဖြင့် ပြန်လာခဲ့ကြလော့" ဟုပြောဆို မှာကြားချထားလေ၏၊ ထိုယောက်ျားပြန်လာမည့်လမ်း၌ တတိယအသုတ် ယောက်ျားလေးယောက်တို့ကို "ဤလမ်းမှ လာကြသော ယောက်ျားနှစ်ယောက်တို့ကို သတ်ပြီးလျှင် ဤမည်သောလမ်းဖြင့် ပြန်လာခဲ့ကြလော့ဟု ပြောဆိုမှာကြား ချထားလေ၏၊ ထိုယောက်ျားလေးယောက်ပြန်လာမည့် စတုတ္ထအသုတ် ယောက်ျားရှစ်ယောက်တို့ကို "ဤလမ်းမှလာကြသော ယောက်ျားလေးယောက်တို့ကိုသတ်ပြီးလျှင် ဤမည်သောလမ်းဖြင့်ပြန်လာခဲ့ ကြလော့ဟု" ပြောဆိုမှာကြားချထားလေ၏၊ ထိုယောက်ျားရှစ်ယောက်ပြန်လာမည့်လမ်း၌ ပဉ္စမအသုတ် ယောက်ျားရှစ်ယောက်တို့ကို သတ်ပြီးလျှင် ဤမည်သောလမ်းဖြင့်ပြန်လာခဲ့ကြလော့" ဟုပြောဆိုမှာကြား၊ချထား၊လေ၏၊

လူသတ်သမားတို့ သောတပန်တည်ကြခြင်း

ထိုအခါ ပဉ္စမယောက်ျားသည် သန်လျှက်နှင့် ကာကိုယူကာ လေးနှင့်ထောင့် မြားကျည်တောက်တို့လွယ်၍ မြတ်စွာဘုရားထံသို့ သွားရောက်ပြီးနောက် မြတ်စွာဘုရားရှင်၏ အနီး၌ ကြောက်ရွံ့ ထိတ်လန့်၊ ခွဲရှာ၊ တုန်လှုပ် ချောက်ချားလျှက် တောင့်တင်းသောကိုယ်ဖြင့် ရပ်နေလေ၏၊ မြတ်စွာဘုရားရှင်သည် ထိုယောက်ျားကို မြင်တော်မူ၍ -

"ဒါယကာ... လာလော့ မကြောက်လင့်" ဟုမိန့်ခေါ်တော်မူလေ၏၊ ထိုအခါ ပဉ္စမ ယောက်ျားသည် အကြောက်ပြေကာ သန်လျှက်နှင့်ကာကို သင့်ရာ၌ ထား၍ လေးနှင့်ထောင့် မြားကျည်တောက် တို့ချ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရား၏ခြေတော်တို့၌ ဦးတိုက်ပြီးလျှင် မိမိအပြစ်ကို ဝန်ခံတောင်းပန်တန်တော့လေ၏၊ မြတ်စွာဘုရားရှင်သည်လည်း ထိုဒါယကာ၏ အပြစ်ကို သည်းခံတော်မူကြောင်း မိန့်ကြားတော်မူပြီးလျှင် ထိုယောက်ျားအား မဂ်ဖိုလ် ရောက်ကြောင်း၊ ဒါနကထာ၊ သီလကထာအစရှိသော တရားဒေသနာအစဉ်ကို ဟောကြားတော်မူသဖြင့် ပဉ္စမယောက်ျားသည် သောတပန်အရိယာ ဖြစ်ပြီးနောက် လောကုတ္တရာ သရဏဂုံ ထတိုင်တည်းမှာပင် ခံယူလေတော့၏၊

ထိုအခါ မြတ်စွာဘုရားသည် ထိုပဉ္စမယောက်ျားကို "ဒါယကာ.. သင်သည် ဤလမ်းဖြင့် မသွားလင့်၊ ဤမည်သောလမ်းဖြင့်သွားလော့ဟု မိန့်တော်မူကာ အခြားလမ်းတို့ဖြင့် လွှတ်တော်မူလိုက်၏၊

ထိုအခါ ဒုတိယအသုတ် ယောက်ျားနှစ်ယောက်တို့သည် "အသို့နည်း-ဘယ့်နှယ့်လဲ၊ ထိုယောက်ျား တစ်ယောက်သည် လာခဲလှဘိတကား" ဟု ခရီးရင်ဆိုင်သွား ကြလေသော်-ရှေ့နည်းအတူပင် မြတ်စွာဘုရားရှင်တို့ သစ်တပင်၏ အရင်း၌ ထိုင်နေတော်မူသည်ကို ဖူးမြင်ကြရ၍ မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ဝပ်ကျိုးရှိခိုးကြပြီး လျှင် အပြစ်လွတ်ရာအရပ်၌ ထိုင်နေကြလေကုန်၏၊ မြတ်စွာဘုရားသည် ဒုတိယအသုတ် - ယောက်ျားနှစ်ယောက်တို့အား အစဉ်အတိုင်းသော တရားဒေသနာကိုဟောကြား သစ္စာလေးပါးကိုပြ၍ သောတာပတ္တိဖိုလ်၌ တည်စေတော်မူပြန်လေ၏၊ ထိုယောက်ျား နှစ်ယောက်တို့သည်လည်း ပဉ္စမယောက်ျားတစ်ယောက်နည်းတူ သောတပန်အရိယာဖြစ်ပြီးနောက် လောကုတ္တရာသရဏဂုံတို့ ခံယူဆောက်တည်ကြလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဒုတိယအသုတ် ယောက်ျားနှစ်ယောက်တို့ကို "ဒကာတို့.. သင်တို့သည် ဤလမ်းဖြင့်

မသွားကြလင့်၊ ဤမည်သောလမ်းဖြင့် သွားကြကုန်လော့" ဟု မိန့်တော်မူကာ အခြားလမ်းဖြင့် လွှတ်တော်မူလိုက်၏။ ထိုအခါ တတိယအသုတ် ယောကျ်ားလေးယောက်တို့သည် ပေယျာလ။ ထိုအခါ စတုတ္ထအသုတ် ယောကျ်ား ရှစ်ယောက်တို့သည်၊ ပေယျာလ။

ထိုအခါ (ပဥ္စမအသုတ်) ယောကျ်ား တစ်ဆယ့်ခြောက်ယောက်တို့သည် "အသို့နည်း-ဘယ်နှယ်လဲ ယောကျ်ားရှစ်ယောက်တို့သည်လာခဲကုန်ဘိတကား" ဟု ခရီးရှင်ဆိုင် သွားကြလေသော် ရှေ့နည်းအတူပင် မြတ်စွာဘုရားရှင်ကို ဖူးမြင်ကြရ၍ မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက် ဝပ်လျှိုး ရှိခိုးကြပြီးလျှင် အပြစ်လွတ်ရာ အရပ်၌ ထိုင်နေကြလေကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုပဥ္စမအသုတ် ယောကျ်ား တစ်ဆယ့်ခြောက်ယောက်တို့အားလည်း အစဉ်အတိုင်းသော တရားဒေသနာတော်ကိုဟောကြား သစ္စာလေးပါးကိုပြ၍ သောတာပတ္တိဖိုလ်၌ တည်စေတော် မူပြန်လေ၏။ ထိုယောကျ်ား တကျိပ်ခြောက်ယောက်တို့ ရှေ့နည်းအတူ လောကုတ္တရာ သရဏဂုံခံယူ ဆောက်တည်ပြီးကြသောအခါ ထိုယောကျ်ား တကျိပ်ခြောက်ယောက်တို့ကိုလည်း "ဒကာတို့.. သင်တို့သည် ဤလမ်း-ဒေဝဒတ်ညွှတ်လိုက်သည့်လမ်းဖြင့် မသွားကြလင့်၊ ဤမည်သောလမ်းဖြင့် သွားကြလော့" ဟု မိန့်တော်မူကာ အခြားလမ်းဖြင့် လွှတ်တော်မူလိုက်၏။

ထိုအခါ ပဌမယောကျ်ား တစ်ယောက်သည် ရှင်ဒေဝဒတ်ထံသို့ ချဉ်းကပ်ပြီးနောက် ရှင်ဒေဝဒတ်ကို "အရှင်ဘုရား အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို မသတ်နိုင်ပါ၊ ထိုမြတ်စွာဘုရားရှင်သည် တန်ခိုး အာနုဘော် ကြီးမြတ်တော်မူလှပါပေ၏" ဟု ပြောဆိုလတ်သော် ရှင်ဒေဝဒတ်သည် "ဒါယကာ တန်ပြီ-တော်ပြီ၊ သင်သည် ရဟန်းဂေါတမကို မသတ်နှင့်တော့၊ ငါသည်ပင်- ရဟန်း ဂေါတမကို သတ်ပေအံ့" ဟု ပြောဆိုလေ၏။

## မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း

လူသတ်သမားများကို သောတာပတ္တိဖိုလ်ရောက်အောင်ချွတ်တော်မူပြီးနောက် တနေ့သ၌ မြတ်စွာဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်ထိပ်၌ လူးလာခေါက်ပြန် စင်္ကြံကြွနေတော်မူဆဲဖြစ်၏။ ထိုအခါ ရှင်ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်သို့ တက်၍ "ဤကျောက်တုံးဖြင့် ရဟန်းဂေါတမကိုသတ်အံ့" ဟု ကြံစည်ကာ ကြီးစွာသော ကျောက်တုံးကို လှိမ့်ချလိုက်လေ၏။ ထိုအခါ တောင်ထွဋ်နှစ်ခုတို့သည် အလိုလိုလာလတ်၍ ထိုလိမ့်ကျလာသော ကျောက်တုံးကို ခံလင့်ကုန်၏။ ထိုကျောက်တုံးကျောက်လွှာစင်၍ မြတ်စွာဘုရားရှင်၏ ခြေတော်၌သွေးစိမ်းတို ဖြစ်တည်စေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် အထက်သို့မော့ကြည့်ပြီးလျှင် ရှင်ဒေဝဒတ်ကို "မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ား.. သင်သည် ပြစ်မှားလိုသောစိတ်၊ သတ်လိုသောစိတ်ရှိလျှက် ငါဘုရားအား သွေးစိမ်းတို ဖြစ်တည်စေ၏၊ သို့ရကား သင်သည် များစွာသော မကောင်းမှုကို ပွားစေအပ်လေပြီ" ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့.. ဒေဝဒတ်သည် ပြစ်မှားသတ်ဖြတ်လိုသော စိတ်ရှိလျှက် ငါဘုရားအား သွေးစိမ်းကို ဖြစ်တည်စေရကား ရှေးဦးစွာသော ဤအနန္တရိယကံ ကိုဆည်းပူး အပ်လေပြီ" ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို မဒ္ဒကုစ္ဆိဥယျာဉ်ကျောင်းတိုက်သို့ ပင့်ဆောင်ထားလေ၏၊ မြတ်စွာဘုရားရှင်သည် ထိုမဒ္ဒကုစ္ဆိကျောင်းတိုက်မှလည်း "ငါဘုရားသည် ဇီဝကဏ် သရက်ဥယျာဉ်ကျောင်း တိုက်သို့ ငါဘုရားကို ဆောင်ကြကုန်လော့" ဟု မိန့်တော်မူ၏၊ ရဟန်းတို့သည် မြတ်စွာဘုရား အမိန့်ရှိတော် မူသည့်အတိုင်း ဇီဝကဏ် သရက်ဥယျာဉ် ကျောင်းတိုက်သို့ မြတ်စွာဘုရားကိုပင့်ဆောင်ကြလေ၏၊

ဆရာကြီးဇီဝကသည် ထိုအကြောင်းကိုကြား၍ မြတ်စွာဘုရားထံတော်သို့ သွားရောက်ပြီးလျှင် အနာကို ဆေးကုရန်အတွက် အလွန်ထက်သော ဆေးကိုတင်၍ အနာကိုအဝတ်-ပတ်တီးစည်းပြီးလျှင် မြတ်စွာဘုရားရှင်ကို

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.. အကျွန်ုပ်သည် မြို့တွင်း၌ လူတစ်ယောက်အား ဆေးပေးထားပါသည် ထိုလူနာထံသို့ သွားပြီးလျှင် တဖန်ပြန်၍ လာပါမည်၊ ဤဆေးကို အကျွန်ုပ်ပြန်လာသည့်တိုင်အောင် အဝတ် - ပတ်တီးအစည်းကိုမဖြေပဲ စည်းမြဲတိုင်းသာ ထားရှိစေလိုပါသည်" ဟုလျှောက်ထား၍ ဆရာဇီဝကသည် မြို့တွင်းလူနာထံ သွားရောက်၍ ထိုလူနာအတွက် ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ပြီးလျှင် မြို့တော်တံခါးပိတ်ချိန်နီးလတ်မှ ပြန်လာသည်ရှိသော တံခါးအရောက် အမှီမလာနိုင်ပဲရှိလေသည်၊

ထိုအခါ ဆရာဇီဝကဏ် စိတ်သန္တာန်ဝယ် "ငါသည်သာမာန်လူတစ်ယောက်အပေါ် မှာကဲ့သို့ မြတ်စွာဘုရားရှင်၏ ခြေတော်၌ ထက်မြက်သောဆေးကိုတင်၍ အနာကိုအဝတ်- ပတ်တီးစည်းခဲ့လေပြီ၊ သို့ရကား ငါသည် ဝန်လေးသော အမှုကိုပြုမိခဲ့လေပြီတကား။ ဤအချိန်ကား ထိုဆေးအဝတ်ကို ဖြေရမည့်အချိန်ဖြစ်သည်၊ ထိုဆေးအဝတ်ပတ်တီးကို မဖြေမိသော် တညဉ့်လုံး မြတ်စွာဘုရားရှင်ကိုယ်တော် ပြင်းစွာပူလောင်မှု ဖြစ်ရှေတော့မည်" ဟု ပူပန်မှုဖြစ်လေ၏၊ ထိုကောင်း မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ.. ဆရာဇီဝကသည် မိုးချုပ်မှပြန်လာသည်ဖြစ်၍ တံခါးအရောက် အမှီမလာနိုင်ပဲ ရှိလေသည်၊ ဤအချိန်သည် အနာကိုအဝတ်ပတ်တီးဖြေရမည့် အချိန်တည်းဟု ကြံစည်ပူပန်နေသည်၊ ချစ်သားအာနန္ဒာ.. ထိုအဝတ်ပတ်တီးကို ဖြေလော့" ဟု မိန့်ဆိုတော်မူ၏၊ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင် အမိန့်တော်ရှိသည့်အတိုင်း ပတ်တီးကိုဖြေလိုက်သည်၊ အနာသည် သစ်ပင်မှား၊ သစ်ခွံမှာ ထင်းကွာပျောက်ရှင်း၍ သွားလေ၏၊

ဆရာဇီဝကသည် မြို့တံခါးဖွင့်လျှင်ဖွင့်ခြင်း အရုဏ်လင်းမှာပင် မြတ်စွာဘုရားထံတော်သို့ လျှင်မြန်စွာ လာရောက်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား အသို့နည်း- ဘယ်နှယ့်လဲ အရှင်ဘုရား ကိုယ်တော်၌ ပူလောင်မှုများဖြစ်ပါသေးသလား" ဟု မေးလျှောက်လေ၏၊ မြတ်စွာဘုရားရှင်သည်၊

"ဇီဝက.. ငါဘုရား၏အဖို့ရာ မဟာဗောဓိပလ္လင်တုံးကပင် ပူလောင်မှုခပ်သိမ်း အေးငြိမ်းပြီး ဖြစ်သေသည်" ဟု မိန့်တော်မူ၍ စကားအနုသန္ဓေဆက်စပ်ပြီးလျှင် တရားဟောတော်မူလိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာကို ဟောကြားတော်မူလေ၏၊

ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ၊
သဗ္ဗဂန္ထပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ၊
ကျောင်းတိုက်ကော ဆရာဇီဝက.. သံသရာခရီးကုန်ပြောက်ပြီးဖြစ်လေသော စိုးရိမ်မှုကင်း ထင်းပြီးထ

သော၊ နှောစသော၊ ခပ်သိမ်းသောတရားတို့၌ သံယောဇဉ်အဖွဲ့ခပင်းမှ ရှင်းရှင်းလွတ်ပြီးသော ဘာလုံးစုံသော ယောဂတရားတို့ ပယ်ရှားပြီးလတ် ရဟန္တာပုဂ္ဂိုလ်မြတ်၏ သန္တာန်၌ မရှင်ညှိုးချုံး စိတ်နှလုံး ပူပန်ခြင်းသည်တစုံး တစ်မျှ မရှိချေ။

ပူပန်မှု-ပူလောင်မှုသည် (၁) ကာယိကပရိဠာဟ-ကိုယ်၌ဖြစ်သော ပူလောင်မှု (၂) စေတသိကပရိဠာဟ-စိတ်၌ဖြစ်သော ပူလောင်မှုတို့၌ နှစ်မျိုးရှိရာ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ အချမ်းအပူစသည်နှင့်စပ်၍ ကိုယ်စိတ် ဝင်ဝန်းမှု ဖြစ်သောကြောင့် ကာယိကပရိဠာဟ-ကိုယ်ပူလောင်ဆင်းရဲမှု မငြိမ်းချေ။ ထိုကာယိကပရိဠာဟ-ကိုယ်ပူလောင်ဆင်းရဲမှုတို့ရည်၍ ဆရာဇီဝကက မေးမြန်းခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်သည်ကား မေ့ရာစ်ဖြစ် တော်မူသည့်ပြင် တရားဟောမှုအစီအရင်၌ သုမတူအောင် ကျွမ်းကျင်လိမ္မာတော် မူလှသောကြောင့် စေတသိက ပရိဠာဟ စိတ်ပူလောင်ဆင်းရဲမှုနှင့် စပ်၍ဒေသနာကို ပြန်နပ်စေတော်မူလိုရကား -

"ဇီဝက.. ဖော်ပြရာပါ ဘေးလူးဂုဏ်နှင့် ပြည့်စုံသော ရဟန္တာအရှင်သူမြတ်အား ပူလောင်ဆင်းရဲမှု လုံးဝမရှိဟု ဖြေဆိုတော်မူသည်။ ဇီဝကက ကာယိပရိဠာဟ ရှိမရှိမေး၍ မြတ်စွာဘုရားရှင်က စေတသိကပရိဠာဟ မရှိကြောင်းဖြေတော်မူသည်ဟုဆိုလိုသည်။ ဒေသနာနိဂုံးဆုံးလတ်သောအခါ များလှစွာသော သတ္တဝါတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။

မြတ်စွာဘုရားကို ရဟန်းတို့က အထူးသဖြင့် စောင့်ရှောက်ကြခြင်း

ထိုအခါ "ဒေဝဒတ်က မြတ်စွာဘုရားအား သတ်ဖြတ်ရန် အားထုတ်သည်ဟူသော စကားကို ကြားသိကြ ရသော ရဟန်းများစွာတို့သည် မြတ်စွာဘုရားသီတင်းသုံးတော်မူရာကျောင်းတော်၏ ပတ်ဝန်းကျင် အရပ်မှ အထပ်ထပ် ခုံကြကုန်၍ မြတ်စွာဘုရားအတွက် စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံစေမှု ပြုလုပ်ကြရန် လှည့်လာ ခေါက်ပြန်ကြေသွားလျက်နေကုန်၏။

မြတ်စွာဘုရားရှင်သည် ထိုအသံကိုကြား၍ သိတော်မူလျက်ပင် အရှင်အာနန္ဒာက ထိုအကြောင်းကို ပြန်ကြားလျှောက်ထားလေလျှင် ထိုရဟန်းတို့ကို ရှေ့တော်မှောက်သို့ ခေါ်စေတော်မူပြီးလျှင် -

"အဋ္ဌာနမေတံဘိက္ခဝေ အနဝကာသော၊ ယံပရူပက္ကမေန တထာဂတံဇီဝိတာဝေါရောပေယျ၊ အနုပက္ကမေန၊ ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ - ရဟန်းတို့.. သူတပါးလှုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်ရာသောအကြောင်း အခွင့် လုံးဝမရှိဖြစ်သည်။ ရဟန်းတို့.. မြတ်စွာဘုရားတို့သည် သူတစ်ပါးက လှုံ့လမပြုဘဲ ပရိနိဗ္ဗာန်စံတော်မူကုန်၏ ဟု မိန့်တော်မူပြီးလျှင် လောက၌ ဆရာ(၅)မျိုးရှိကြောင်း၊ ထိုဆရာငါးမျိုးတို့ကိုသာလျှင် တပည့်တို့က စောင့်ရှောက် ရန် လိုကြောင်းကို ထိုဆရာ(၅) မျိုးတို့သည်သာလျှင် တပည့်တို့၏ အစောင့်အရှောက်ကို လိုလားတောင့်တကြောင်း နှင့် ကိုယ်တော်မြတ်မှာမူ အမှန်တကယ်ပင် စင်ကြယ်သောသီလ၊ စင်ကြယ်သောအသက်မွေးမှု၊ စင်ကြယ်သော တရားဟောခြင်း၊ စင်ကြယ်သောပြောဆိုခြင်း၊ စင်ကြယ်သော ဉာဏ်အမြင်ရှိတော်မူခြင်းကြောင့် စင်ကြယ်သော သီလရှိ၏ဟု ဝန်ခံတော်မူကြောင်း၊ စင်ကြယ်သော အသက်မွေးမှု၊ စင်ကြယ်သော ဉာဏ်အမြင်ရှိ၏ဟု ဝန်ခံတော်မူကြောင်းတို့ကြောင့် တပည့်တို့ကစောင့်ရှောက်ရန် မလိုကြောင်း၊ ကိုယ်တော်မြတ်ကလည်း၊ တပည့်တို့၏

စောင့်ရှောက်ရန် လိုသားတောင့်တတော်မမူကြောင်း၊ သူတပါးလုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်သော အကြောင်းအခွင့် လုံးဝမရှိကြောင်း၊ သူတပါး လုံ့လမပြုပဲ မြတ်စွာဘုရားတို့သည် ပရိနိဗ္ဗာန် စံတော်မူရကြောင်းတို့ မိန့်တော်မူ၍ ထိုရဟန်း တို့ကို "ရဟန်းတို့ သင်တို့သည် နေမြဲကျောင်းကိုသာ သွားကြကုန်လော့ မြတ်စွာဘုရား တို့သည် သူတစ်ပါးစောင့်ရှောက်မှု အသက်အေးလုံခြုံသည့် ပုဂ္ဂိုလ်များ မဟုတ်ကြကုန်" ဟု မိန့်တော်မူလေ၏၊

နာဠာဂီရိ ဆင်ကို စေလွှတ်ခြင်း

မြတ်စွာဘုရားရှင်သည် ဆရာဇီဝက ဆေးကုပေးသဖြင့် ပကတိ ကျန်းမာတော်မူတာ မကြာမြင့်မီ အတူသာ လျှင် ရဟန်းအပေါင်းတို့ခြံရံလျှက် ကြီးမြတ်သော ဘုရား၏တင့်တယ်စံပယ်တော်မူခြင်းဖြင့် လှည့်လည် စံနေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၍ ရှင်ဒေဝဒတ်သည် "ရဟန်းဂေါတမ၏ ရူပကာတင့်တယ်ခြင်းအထွတ် အထိပ်သို့ရောက်သော ကိုယ်တော်ကို မြင်ရလျှင် လူဖြစ်သူတစ်ဦးမှ ဖျက်ဆီးသတ်ဖြတ်ခြင်းအတွက် ချဉ်းကပ်ခြင်းငှာ မစွမ်းနိုင်ချေ၊ အဇာတသတ်မင်း၏ နာဠာဂီရိဆင်သည်ကား ရှန့်ရင်းကြမ်းတမ်း၍ လူတိုသတ်၏၊ ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်ကျေးဇူးဂုဏ်ကို မသိတတ်၊ ထိုနာဠာဂီရိဆင်ကြမ်းမှသာ ရဟန်းဂေါတမကို သတ်နိုင်လိမ့်မည်" ဟု ကြံစည်၍ အဇာတသတ်မင်းထံသို့ သွားရောက်ပြီးလျှင် ထိုအကြောင်းကိုအား ပြောကြားလေ၏၊

အဇာတသတ်မင်းသည် သဘောတူ လက်ခံ၍ ဆင်ဆရာကိုခေါ်စေပြီးလျှင် "အချင်း.. သင်သည် နက်ဖြန်ခါ နာဠာဂီရိ ဆင်ကြမ်းကို မူးယစ်အောင်ပြု၍ နံနက်စောစောကပင် ရဟန်းဂေါတမ ကြွလာသော ခရီး၌ လွှတ်ရမည်ဟု အမိန့်ထုတ်ဆင့်လေ၏၊ ဒေဝဒတ်သည်လည်း ဆင်ဆရာကို "အခြားနေ့များ၌ နာဠာဂီရိဆင် သည် အရက်မည်မျှသောက်သနည်း" ဟုမေး၍ ဆင်ဆရာက "ရှစ်အိုးသောက်ပါသည်ဘုရား"ဟု ပြန်ကြား ပြောဆိုလေလျှင် "ထိုသို့ဖြစ်လျှင်သင်သည် နက်ဖြန်ခါ နာဠာဂီရိဆင်ကို အရက်တစ်ဆယ့်ခြောက်အိုး တိုက်၍ ရဟန်းဂေါတမ ကြွလာသော ခရီး၌ မျက်နှာချင်းဆိုင် လွှတ်လိုက်လော့" ဟု တပ်၍ပြောဆိုလေ၏၊ ဆင်ဆရာသည်း "ကောင်းပါပြီ" ဟု ဝန်ခံလေသည်၊

အဇာတသတ်မင်းသည် "နက်ဖြန်ခါ နာဠာဂီရိဆင်ကို မူးယစ်အောင်ပြုလုပ်ပြီးလျှင် မြို့တွင်း၌ လွှတ်ထိမ့်မည်၊ မြို့သူမြို့သား လူအများသည် စောစောပင် ပြုဖွယ်ကိစ္စအဝဝကို ပြုလုပ်ကြ၍ မြို့တွင်းလမ်းသို့ အသွားအလာမရှိကြစေရ" ဟု မြို့တော်အတွင်း၌ စည်လည်ကြွေးကြော်စေလေ၏၊

ရှင်ဒေဝဒတ်သည်လည်း နန်းတော်မှ ဆင်းသက်ခဲ့၍ ဆင်တင်းကုတ်သို့ သွားရောက်ပြီးလျှင်ဆင်ထိန်းတို့ကို ခေါ်ယူ၍ "အချင်းတို့ ငါတို့ကား ရာထူးနိမ့်သူကို ရာထူးကြီးမြင့်အောင်လည်းကောင်း၊ ရာထူးကြီးမြင့်သူကိုလည်း ရာထူးနိမ့်အောင်လည်းကောင်း၊ ပြုလုပ်နိုင်သည့် မင်းဆရာတို့ ဖြစ်ကြသည်၊ အမောင်တို့သည် ရာထူးဌာနန္တရ တိုးတက်လိုကြလျှင် နက်ဖြန်ခါစောစောပင် နာဠာဂီရိဆင်ကို အလွန်ထက်သော အရက် (၁၆) အိုးတိုက်ပြီးလျှင် ရဟန်းဂေါတမ မြို့တွင်းသို့ ကြွဝင်လာသောအချိန်၌ နာရင်းတုတ် လုံမတို့ဖြင့် ထိုးဆွကာ အမျက်ထွက်စေပြီးလျှင် ဆင်တင်းကုတ်ကို ချိုးဖောက်စေ၍ ရဟန်းဂေါတမကြွသော ခရီး၌ မျက်နှာချင်းဆိုင်လွှတ်၍ ရဟန်းဂေါတမကို သတ်ကြကုန်လော့" ဟု ပြောဆိုလေ၏၊ ဆင်ထိန်းတို့ကလည်း "ကောင်းပြီ" ဟု ဝန်ခံကြလေသည်၊

ထိုသတင်းသည် တစ်မြို့လုံးပျံ့နှံ့သွားလေသည်။ ရတနာသုံးပါး၌ မြတ်နိုးကြသော ဗုဒ္ဓဘာသာဝင် ဥပါသကာတို့သည် ထိုသတင်းကိုကြားကြ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် "မြတ်စွာဘုရား . . ရှင်ဝေဝေတ်သည် မင်းနှင့်တစ်စိတ်တသဘောတည်းဖြစ်တာ နက်ဖြန်ခါ အရှင်ဘုရားတို့ ကြွတော်မူရာ လမ်း၌ နာဠာဂီရိဆင်ကြမ်းကို လွှတ်စေပါလိမ့်မည်၊ နက်ဖြန်ခါ မြို့တွင်းသို့ ဆွမ်းခံဝင်တော် မမူကြဘဲ ဤဝေဠုဝန်ကျောင်းတိုက်၌ပင် သီတင်းသုံးနေစေချင်ပါသည်၊ တပည့်တော်တို့သည် ကျောင်းတိုက်အတွင်းမှာပင် ဘုရားအမှူးပြုသော ရဟန်းသံဃာအား ဆွမ်းလှူကြပါကုန်တဲ့" ဟု လျှောက်ထားကြလေကုန်၏၊ မြတ်စွာဘုရားရှင်လည်း "နက်ဖြန်ဆွမ်းခံမဝင်ဘူး" ဟု မိန့်ကြားတော်မမူပဲ၊ "ငါဘုရားသည် နက်ဖြန်ခါ၌ နာဠာဂီရိ ဆင်ကြမ်းကို ဆုံးမ၍ အဆုံးအမပြေငြိတာကိုပြုလျှက် တိတ္ထိတို့ကို နှိမ်နင်းပြီးလျှင် ရာဇဂြိုလ်ပြည်၌ ဆွမ်းခံမလှည့်လည်ပဲ ရဟန်းအပေါင်း ခြံရံလျှက် မြို့မှထွက်၍ ဝေဠုဝန်ကျောင်းသို့ပင် ပြန်လာပေတော့၊ ထိုအခါ ရာဇဂြိုလ်ပြည်သား စေတာ စေတာမများသည်လည်း ဆွမ်းအုပ် ဆွမ်းအိုးများကို ယူဆောင်ကြ၍ ဝေဠုဝန်ကျောင်းတိုက်သို့သာ လာကြလိမ့်မည်၊ နက်ဖြန်ခါ ကျောင်းတိုက်၌ပင် ဆွမ်းစားခြင်းဖြစ်ပေလိမ့်မည်" ဟု ဆင်ခြင်သိမြင်တော်မူကာ ဤဖော်ပြရာပါ အကြောင်း ကြောင့်ပင် ထိုဥပါသကာ ဒါယကာတို့၏ မိတ်မာန်ချက်ကို လက်ခံတော်မူလေ၏။ .

ထိုဥပါသကာတို့သည် မြတ်စွာဘုရားရှင် လက်ခံတော်မူကြောင်း ကောင်းစွာ သိရှိကြ၍ "ဆွမ်းအိုး ဆွမ်းအုပ်များကို ယူဆောင်ကြကာ ကျောင်းတိုက်၌ပင် ငါတို့သည် ဆွမ်းအလှူကို လှူကြကုန်အံ့ဟု" ဟု ပြောဆိုတိုင်ပင်ကြကာ ခဲ့သွားကြလေကုန်၏။

မြတ်စွာဘုရားရှင်သည်လည်း ပဌမယံ-ညဥ့်ဦးယံအချိန်၌ ရဟန်းတို့အား တရားဟောတော်မူပြီး၍ ဒုတိယယံ-သန်းခေါင်ယံအချိန်၌ နတ်ဗြဟ္မာတို့ မေးလျှောက်ကြသည့် ပြဿနာကို ဖြေဆိုတော် မူပြီးနောက် ပစ္ဆိမယံ - မိုးသောက်ယံအချိန်ကို သုံးပုံသုံးစုပြု၍ ပဌမအပုံအစုအချိန်၌ ခြင်္သေ့မင်းဝေဘ၊ လက်ျာနံတောင်းဖြင့်လျောင်းစက်မူ ပြုတော်မူပြီးလျှင် ဒုတိယအပုံအစုအချိန်၌ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားတော်မူကာ ထိုသမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သော သတ္တဝါကို ကြည့်တော်မူလေလျှင် နာဠာဂီရိဆင်ကို ဆုံးမရာ၌ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည်ကို လင်းလင်းမြင်တော်မူပြီးလျှင် နေအာရုဏ်ကျင်း လင်းသောအခါ ကိုယ်လက်သုတ်သင်မှု ပြုတော်မူပြီးနောက် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ . . ယနေ့ ရာဇဂြိုလ်ပြည် ပတ်ဝန်းကျင်ရှိ ကျောင်းဟိုက်ကြီး တဆယ့်ရှစ်တိုက်တို့၌ နေထိုင်ကြသည့် ရဟန်းအားလုံးတို့အား ငါဘုရားနှင့်တကွ ရာဇဂြိုလ်ပြည်တွင်းသို့ ဝင်ရောက်ကြရန် ပြောကြားလော့"ဟု၍ မိန့်ကြားတော်မူလေ၏။

အရှင်အာနန္ဒာ မထေရ်သည်မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ပြုလုပ်ဆောင်ရွက်တော် မူလေသည်၊ ရဟန်းအားလုံးတို့သည်လည်း ဝေဠုဝန်ကျောင်းတိုက်၌ စည်းဝေးကြလေသည်၊ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျှက် ရာဇဂြိုလ်ပြည်တွင်းသို့ ဝင်တော်မူလေသည်။

ထိုအခါ ဆင်ထိန်းတို့သည် အဇာတသတ်မင်းနှင့် ဒေဝဒတ်တို့ ပြောကြားထားသည့်အတိုင်း စီမံကြလေသည်၊ အလွန်များပြားသော လူထုအစည်းအဝေးကြီးဖြစ်လေသည်၊ ထိုအစည်းအဝေး၌ သဒ္ဓါတရားရှိကြသူ

လူတို့သည် "ယနေ့ ဘုရားတည်းဟူသော ဆင်ပြောင်ကြီးနှင့် နာဠာဂီရိတည်းဟူသော တိရစ္ဆာန်ဆင်ပြောင်ကြီးတို့ စစ်ထိုးခြင်း ဖြစ်ပေတော့မည်၊ ငါတို့သည် ဗုဒ္ဓဆင်ပြောင်ကြီး၏ အတုမရှိသောဘုရား၏ တင့်တယ်ခြင်းဖြင့် နာဠာဂီရိ တိရစ္ဆာန်ဆင်ပြောင်အား ဆုံးမတော်မူပုံကို လှလှကြီး ဖူးတွေ့ကြရပေတော့မည်" ဟု ပြောဆိုကာ အထွတ်တင်သော ပြာသာဒ်၊ အထွတ်မတင်သောပြာသာဒ် အိမ်ခေါင်မိုးစသည်တို့ သို့ တက်ရောက်ကြ၍ အသင့် စောင့်ဆိုင်းနေကြလေကုန်၏၊ သဒ္ဓါတရားမရှိသော မိစ္ဆာဒိဋ္ဌိတို့သည်ကား ဤနာဠာဂီရိဆင်သည် ရုန့်ရင်း ကြမ်းတမ်း၍ လူတို့သတ်၏ ဘုရား၊ တရား၊ သံဃာ၏ ကျေးဇူးဂုဏ်ကို မသိတတ်၊ ထိုနာဠာဂီရိဆင်သည်၊ ယနေ့ ရထန်းခေါ်တမ၏ ရွှေရောင်အဆင်း ဝါဝင်းသော ကိုယ်တော်ကို ဖျက်ဆီး၍ အသက်ဆုံးစေပေတော့မည်၊ ယနေ့ ရန်သူ၏ ကျောတ်ကုန်းလှလှကြီးကို မြင်တွေ့ကြရပေတော့မည်" ဟု ပြောဆိုကြကာ အထွတ်တင်သော ပြာသာဒ် စသည်တို့၌ အသင့်စောင့်ဆိုင်း တည်နေကြကုန်၏၊

နာဠာဂီရိ ဆင်ပြောင်သည်လည်း မြတ်စွာဘုရားရှင် ကြွတော်မူလာသည်ကို မြင်လတ်လျှင်လူများတို့ ထိတ်လန့်စေလျက် အိမ်များကို ချိုးဖဲ့ဖျက်ဆီးလျက် လှည်းများတို့သည်၊ မှုန့်မှုန့်ညက်ညက် နင်းဖျက်လျက် နှာမောင်းကို ပြောက်ချီကာ မြူးသောနားပြီးထူးရှိလျက် နားရွက် ပြီးတူးတို့ကို ထောင်လျက် တောင်ကြီးတဲ့သို့လွှမ်းမိုး ရှိတတ်ထော မြတ်စွာဘုရားရှင်ရှိရာသို့ ရှေးရှု ပြေးသွားလေ၏၊

နာဠာဂီရိဆင် ပြေးလာသည်ကို မြင်ကြရ၍ ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရုန့်ရင်းကြမ်းတမ်းလျက် လူကိုသတ်သော ဤနာဠာဂီရိ ဆင်ကြီးသည် ဤခရီးသို့လာနေပါသည်၊ ဤဆင်သည် ဘုရား၊ တရား၊ သံဃာ၏ ကျေးဇူးဂုဏ်ကို လုံးဝမသိတတ်ပါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဖယ်ရှားတော်မူစေချင်ပါသည်၊ ကောင်းသောစကား မိန့်ကြားတော်မူသော မြတ်စွာဘုရားသည် ဖယ်ရှားတော် မူစေချင်ပါသည်" ဟု၍ လျှောက်ထားကြလေကုန်၏၊ ထိုအခါ မြတ်စွာဘုရားရှင်က "ရဟန်းတို့. . . မကြောက် ကြလင့် ငါဘုရားသည် နာဠာဂီရိဆင်ကို ဆုံးမနိုင်စွမ်းရှိပေ၏" ဟု မိန့်တော်မူလေ၏၊

ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . ခမည်းတော်ဖြစ်ပေါ်လာသော တိစ္စမည်သည် သားကြီး၏ တာဝန်သာ ဖြစ်ပါသည်၊ အကျွန်ုပ်သည်ပင် ထိုနာဠာဂီရိ ဆင်ကို ဆုံးမပါရစေ"ဟု တောင်းပန်စကား လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်က အရှင်သာရိ ပုတ္တရာကို "ချစ်သားသာရိပုတ္တရာ. . မြတ်စွာဘုရား၏ အားအစွမ်းသည် တစ်ပါးခြားစေ၏၊ သင်ချစ်သားသည် အသာနေလော့ဟု မိန့်ဆိုတော်မူကာ" တားမြစ်လေ၏၊ ဤနည်းအတူပင် များသောအားဖြင့် မဟာသာဝက ကြီးရှစ်ကျိပ်တို့သည် တောင်းပန်ကြကုန်၏၊ မြတ်စွာဘုရားရှင်သည် အားလုံးကိုပင် အခွင့်မပြု တားမြစ်တော် မူလေသည်၊

## အရှင်အာနန္ဒာ၏ အသက်စွန့်ရဲသော မေတ္တာ

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၌ အားကြီးသော ချစ်ခြင်းကြောင့် သည်းခံ၍ မနေနိုင်တော့ပဲ ဤနာဠာဂီရိဆင်သည် ရှေဦးစွာ ငါ့အား နင်းသတ်စေတော့ဟု အောက်မေ့ဆင်ခြင်ကာ မြတ်စွာဘုရားအတွက် မိမိအသက်ကို စွန့်လွှတ်၍ ရှေ့သို့တက်ကာ မြတ်စွာဘုရား၏ ရှေ့မှရပ်တည်လာလေ၏၊ ထိုအခါ မြတ်စွာဘုရား


စာအုပ်လင့်ပေါင်းစုံ
09 789 422 340